www.foreverspace.com.mm

# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း
No. 175,FEBRUARY, 2010




Pe Thit Ti




# မြန်မာ့စီးပွား
# စတုတ္ထလှိုင်း

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

# LIVING COLOR

HOLLYWOOD
SINGAPORE
YANGON

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မူရင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂။ ဤစာအုပ်၏ မြန်မာစီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

## Editorial

# စနစ်ပြောင်းချိန်

ယနေ့မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံရေးနှင့်ပတ်သက်၍ ပြောဆိုဝေဖန်မှုအမျိုးမျိုးသည် ရွေးကောက်ပွဲဆိုင်ရာများနှင့် နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ရချိန် လာမည့်လအနည်းငယ်တွင် လမ်းကြောင်းပြောင်းသွားတော့မည်ဖြစ်သည်။ ထိုအချိန်တွင် Rule of the game ပြောင်းသွားသောကြောင့် ဆွေးနွေးမှုများ ထိုလမ်းကြောင်းပေါ် ရောက်ရှိသွားတော့မည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထိုကာလတွင် ရောက်ရှိနေသောနေရာမှ နောက်ကြောင်းပြန်ကြည့်လျှင် ဖြစ်ခဲ့သော အငြင်းအခုံများ၊ ပုဂ္ဂိုလ်ရေးများနှင့် ပြောခဲ့သော အကောင်းဆုံးစံများကိုစွသည် ပြုန်းတီးမှုသက်သက်သာဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် Rule of the game အသစ်ကို ခန့်မှန်းနိုင်ပါလျှင် ထိုနေ့ ထိုအချိန်တွင် နဖူးတွေ့ဒူးတွေ့ကြုံကြိုက်ရသည့်အခါမှ ခေါင်းစဉ်ပြောင်း၍ပြောကြမည့်အစား ယနေ့ကပင် ပြင်ဆင်မှုများပြုလုပ်လျှင် ပိုကောင်းလိမ့်မည်ဟု အဆိုပြုလိုခြင်းဖြစ်ပါသည်။

နောက်ဖြစ်ပေါ်မည့် ပြောဆိုဝေဖန်မှုအမျိုးမျိုးသည် ရွေးကောက်ပွဲသာ ပတ်သက်တော့မည်ဆိုသည်မှာ ရှင်းပါသည်။ ဘေးပြောသက်သက်ထက်မပိုသူများက ရွေးကောက်ပွဲသည် တရားမျှတလိမ့်မည်မဟုတ်ဟူသော စကားကို တွင်တွင်ပြောလျက် အခြားဘာမှမလုပ်ဘဲ နေကြပါလိမ့်မည်။ ပြောရလျှင် ကျွန်ုပ်တို့အားလုံး ထိုထက်ပို၍ လုပ်ဖို့လိုပြီး ထိုသို့လုပ်မည်ကြံလျှင် လုပ်စရာများစွာရှိနေပါသည်။

အထူးသဖြင့် First Past The Post ဟုခေါ်သည့် ရွေးကောက်ပွဲစနစ်တွင် အားသာချက်၊ အားနည်းချက် အမျိုးမျိုးရှိရာ အားနည်းချက်များကို နားလည်သဘောပေါက်၍ ပြင်ဆင်သင့်သည်များကို စနစ်ကျနစွာ ပြင်ဆင်ဖို့လိုအပ်ပါသည်။ ရွေးကောက်ပွဲများ၏ ကုန်ကျစရိတ်သည် ဈေးမပေါပါ။ ကျွန်ုပ်တို့၏ လူလတ်တန်းစားများသည် တောင့်တင်းကြသည်မဟုတ်ပါ။ ရွေးကောက်ပွဲ နည်းစနစ်သည် အဓိကနစ်ပါတီကို ဖြစ်ပေါ်စေတတ်သည်ဖြစ်ရာ ကျန်ပါတီများ၏ ကုန်ကျစရိတ်များ လေလွင့်သွားခြင်းမျိုး မဖြစ်စေရန် မည်သို့သော ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည်ကို အလေးအနက်စဉ်းစားကြရမည့်အချိန်အခါ ဖြစ်ပါသည်။

များစွာသောနိုင်ငံသားများက စိတ်ခံစားမှုနှင့် ပြောဆိုနေကြသော လိုလားချက်အများစု (Micro) ကို တစ်ခုချင်းဖြေရှင်းပေးနိုင်ရန် မဖြစ်နိုင်သည့်အားလျော်စွာ ကျွန်ုပ်တို့အားလုံး စနစ်ပြောင်းသည့်ကိစ္စ (Macro) ကို ဝိုင်းဝန်း၍ ဝါယမစိုက်လိုက်ကြရမည်ဖြစ်သည်။ ယနေ့အချိန်သည် ၄၇ နှစ်တာကာလအတွင်း Check and balance နှင့် Political Process ပြုလုပ်မည့် နိုင်ငံရေးအင်အားစုများကို ရပ်တည်ခွင့် တစ်နည်းအားဖြင့် စနစ်ပြောင်းရေးကိစ္စအတွက် ပထမဆုံးအခွင့်အရေးဖြစ်ရာ Micro ကိစ္စ မကျေလည်မှုများနှင့် ပုဂ္ဂိုလ်ရေးယှဉ်ပြိုင်မှုများကို ကျော်လွန်၍ စနစ်ပြောင်းကိစ္စကို ကိုယ်စီအားထည့်လုပ်ဆောင်ကြပါမည့်အကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

**အယ်ဒီတာ**

**၁၄-၁-၂၀၁၀**

# LIVING COLOR

LIVING COLOR. No.175, FEBRUARY. 2010.

www.foreverspace.com.mm


1 အယ်ဒီတာ့အာဘော်

5 ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

6 ယခုလအကြိုက်ဆုံးကြော်ငြာ

8 မြန်မာ့စီးပွားရေးသတင်း

16 မျက်နှာဖုံးဆောင်းပါး

မြန်မာ့စီးပွားစတုတ္ထလှိုင်း

တင်ညွန့်၊ ကျော်ဆန်းမင်း

24 မြန်မာ့စီးပွားရေးမြင်ကွင်း

တိတ်ဆိတ်သောပွဲတင်သံတစ်ခု

တင်အောင်ကျော်

32 တိုကျိုမြို့မှ စက်ရုပ်ဆန်သောဘဝများ

မြနှင်းအေး

40 အကျိုးတူစိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍမျှော်လင့်ချက်

နိုင်မင်းဝေ

46 ပီပြင်ရန်လိုအပ်နေသေးသည့်မြို့ပြ၏သင်္ကေတအချို့

ခင်ဌေးကြွယ်

54 တစ်မိနစ်၊ တစ်စက္ကန့်

ကျော်ကျော်မင်း၊ ခင်ဌေးကြွယ်

60 . . . . ဆိုလျှင်

ဇင်ဇင်သော်

66 ရန်ကုန်ကုန်စည်ဈေးကွက်

နိုင်မင်းဝေ၊ ဇာလီကျော်

74 ရက်စွဲမှတ်တမ်း

78 မြန်မာ့စီးပွားရေးအမြင်

ဈေးကွက်မဟာဗျူဟာနှင့် ဖောက်သည်ဝန်ဆောင်မှု

မှူးခန့်စံ

82 သီးနှံသိုလှောင်မှုအနုပညာနှင့် လူ့စွမ်းအားအရင်းအမြစ်

မောင်မောင်အေး(ကုန်သွယ်ရေး)

88 တွေ့ဆုံဆွေးနွေးမှုများ

90 ထင်ရှားကျော်ကြား မြန်မာ့စီးပွား

94 ဈေးဝယ်လမ်းညွှန်

96 ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ စိုးသော်တာ








LIVING COLOR. No.175, FEBRUARY. 2010.

112 မြန်မာပြည်တွင်လုပ်သည်

114 ဘယ့်ပစ္စည်းဘာကြောင့်

118 တစ်ဦးတည်းကိုယ်စားလှယ်

119 ကုန်စျေးနှုန်း

124 အတွေးအမြင်

ဦးသိန်းဖေမြင့်၊ ဗိုလ်ရဲထွဋ်(ရဲဘော်သုံးကျိပ်) နှင့် ဆီဒိုးနားဟိုတယ်

သခင်တင်မြ

130 လူနှင့်သဘာဝပတ်ဝန်းကျင်ပျက်စီးမှု

ကိုဝမ်း

138 UNGA ၊ G 20 အရှေ့သွား အနောက်ရောက် (၄)

ရဲမင်းဦး

146 အဖေ့ရွာသို့ ကျန်းမာရေးအလှူ

မောင်မောင်တင်

152 အတွင်းသံ


မြသန်းသန်းနု

158 ဆူဟာတိုပြောသည့် သူ့သမိုင်း (၇)

တင်ညွန့်

162 သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၂၉)

ဦးလှဝင်း(လေသူရဲတစ်ဦး)







# Contents

www.foreverspace.com.mm


## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – ဇေယျာသူ

**Editor In Charge (Production)** – မင်းဇင်

**Managing Editor** – ကျော်နိုင်

**Senior Executive Editor** – ရဲမင်းဦး

**Research & Development Editor** – နွေးအိငြိမ့်

**Executive Editors** – ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ သီရိဇော်

**News Editor** – ကျော်ဆန်းမင်း

**Editors** – လှိုင်းသစ်ဇင်ဝေ၊ မြနှင်းအေး

**Photo Editor** – မိုးကျော်လွင်

**Chief Reporter** – ကျော်ကျော်မင်း

**Senior Reporters** – တင်လင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်၊ စိုးယုဝေ

**Editorial Assistant** – ဆွေငြိမ်းအေး

**Staff Reporters** – အောင်စိုး၊ ကျော်ဇေယျာထွန်း၊ ကျော်ဇေယျာဝင်း ခင်ငွေးကြွယ်၊ အိမွန်ကျော်၊ ကျော်မျိုးထွန်း၊ ဇာဏီထွဏ်း၊ ကြူကြူသင်း(မိုးမြေ)

**Freelance Reporters** – မင်းမျိုး၊ ဖြိုးဝေစိုး၊ မိုးခိုင်၊ နွယ်နွယ်

## DTP Department

**Manager** – မခိုင်

**Assistant Manager** – ငုဝါခိုင်

**Senior Operator** – အေးမို့မို့အောင်

**Staff Operators** – ခင်မာလွင်၊ ချိုချိုဇင်

## Finance Department

**General Manager** – ဖေအောင်ဇင်

**Manager (Admin and Finance)** – စန်းသီတာ

**Deputy Manager (Account)** – ထက်ထက်ငြိမ်း

**Assistant Manager** – နဝါဝင်း

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Deputy Manager** – ဖြူဖြူသီ

**Assistant Manager** – စန္ဒာလှိုင်

**Marketing Supervisors** – မင်းအောင်၊ ပြည့်ဖြိုးအောင်

**Marketing Assistant** – လှဲ့ရည်ဦး

**Designer** – သိန်းအောင်ထွဋ်

**Receptionist** – ဆုအိမြေဦး

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**General Manager** – မင်းဇင်

**Manager** – ထက်ခေါင်

**Deputy Manager** – ခင်မျိုးချစ်

**Distribution Assistants** – ဂျက်တူးတူး၊ ထက်အောင်

## Creation Department

**Art Director** – စိုးသော်တာ

**Cover Idea / Design** – ဖေသစ်တည်

**Cover Logo** – အောင်မင်း၊ ဘငွေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – ဖေသစ်တည်



## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်-၁၁၅၉)
အမှတ် ၁၄၈-B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်

နဝဒေးရုပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ဖက်စ်– ၂၄၂၄၂၄၊ ၃၉၃၁၉၂၊
Marketing – ၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၀၉-၅၁၇၆၈၃၅
Distribution –၀၉-၅၁၇၆၈၃၁

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site Link - www. foreverspace.com.mm

Photographer – မိုးကျော်လွင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၁၂၁၇၁၂၀၉
Circulation – ၁၀၀၀
Distribution Price – ၁၃၅၀ ကျပ်

Copyright – Living Color ( ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် )

### ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ကန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm



## PRODUCT OF THE MONTH

# ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

ယခုလအကြိုက်ဆုံးကုန်ပစ္စည်းအဖြစ် အမျိုးသမီးတေးသံရှင်တစ်ဦးဖြစ်သူ အေသင်ချိုဆွေ၏ 'ပေါက်တဲ့အိုး' တေးစီးရီးကို ရွေးချယ်လိုက်ပါသည်။ ဂီတအနုပညာလောကသို့ ပထမဆုံးအကြိမ်စတင်ဝင်ရောက်လာခဲ့သော အေသင်ချိုဆွေ၏ ပေါက်တဲ့အိုး တေးစီးရီးကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလနှောင်းပိုင်းတွင် စတင်ဖြန့်ဝေခဲ့ပြီး တစ်နှစ်ပြည့်မြောက်သည့် ကာလတိုင် အောင်မြင်မှုရရှိနေခြင်း၊ ရန်ကုန်–မန္တလေး စသောမြို့များသာမက လေဘေးသင့်မြစ်ဝကျွန်းပေါ်ဒေသနှင့်ကျေးလက်ဒေသများအထိ ပျံ့နှံ့ခဲ့ခြင်း၊ အေသင်ချိုဆွေနှင့်အတူ အခြားသရုပ်ဆောင်များ၏ ပါဝင်ကူညီအားဖြည့်မှု လိုက်ဖက်ညီခြင်း၊ တေးသီချင်းစာသားများနှင့် သံစဉ်မှာ သီဆိုရန်လွယ်ကူခြင်းတို့ကြောင့် ယခုကဲ့သို့ရွေးချယ်ဖော်ပြခြင်းဖြစ်ပါသည်။ အဆိုပါတေးစီးရီးတွင် တေးသီချင်း ၁၂ ပုဒ်ပါဝင်ပြီး တေးရေးဆရာများမှာ ရဲလေး၊ ဩရသ၊ ကြက်ဖ၊ ဇဝါနှင့် နောင်နောင် (S.F) တို့ဖြစ်သည်။

ဗီဒီယိုဆင်ဆာအဖွဲ့ခွင့်ပြုချက်အမှတ် – ၈၆၁/၀၉ (၂၁–၁၀–၀၉)

ဖြန့်ချိသူ – ထင်းရှူးရိပ်တေးသံသွင်း

**အယ်ဒီတာ**



www.foreverspace.com.mm

## ADVERTISEMENT OF THE MONTH

# ယခုလအကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် ဇန်နဝါရီလ ၈ ရက်နေ့ထုတ် Health Care Journal အတွဲ (၁) အမှတ် (၁) တွင်ဖော်ပြထားသော အချိုရည်နှင့်ပတ်သက်၍ တစ်မျက်နှာအပြည့်ရေးဆွဲထားသည့် ကာတွန်းအော်ပီကျယ်၏ အသိပညာပေးကာတွန်းကိုရွေးချယ်လိုက်ပါသည်။ အချိုရည်ဟူသောအမည်ဖြင့်ရေးဆွဲထားသော အဆိုပါကာတွန်း သရုပ်ဖော်၌ အချိုရည်တွင် အာဟာရအနည်းငယ်သာပါဝင်သည့်အပြင် ကျန်းမာရေးကိုထိခိုက်စေသည့်အရာ များစွာ ပါဝင်ခြင်း၊ ထိုပါဝင်သောအရာများက မည်သို့ထိခိုက်စေသည်ဆိုခြင်း၊ အချိုရည်တွင်ပါဝင်သော လူတို့ကို အပေါ်ယံ ဆွဲဆောင်မှုရှိစေသောအရာများက မည်သို့ဆိုးကျိုးသက်ရောက်စေသည်ဆိုခြင်းတို့ကို အပြည့်အစုံထည့်သွင်းဖော်ပြ ထားသည့်အပြင် အချိုရည်အလွန်အကျွံသောက်ပါက အရက်သောက်သကဲ့သို့ အသည်းခြောက်တတ်ကြောင်းနှင့် လက် ဆတ်သောအသီးကို တိုက်ရိုက်စားသုံးခြင်းကသာ အကောင်းဆုံးဖြစ်ကြောင်းတို့ကို ကောင်းမွန်ပီပြင်သော သရုပ်ဖော်ပုံ များဖြင့် ဖော်ပြထားရာ သောက်သုံးသူများကို လွယ်ကူစွာ သတိပြုမှတ်သားမိစေသော ပညာပေးကာတွန်းဖြစ်သဖြင့် ယခုကဲ့သို့ရွေးချယ်ရခြင်း ဖြစ်သည်။

**အယ်ဒီတာ**



www.foreverspace.com.mm



# ADVERTISEMENT OF THE MONTH

# ယခုလအကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် ရန်ကုန်မြို့ အချက်အချာကျသည့် လမ်းဆုံများတွင်စိုက်ထူထားသော TOTAL Learning Academy ၏ Billboard ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ ယင်းကြော်ငြာတွင် ကျောင်းသူကလေးတစ်ဦးက သစ်ပင်စိုက်ပျိုးရန် ပျိုးပင်ငယ်တစ်ပင်ကို ပိုက်ထားပြီး အသက်ရှူရန် လေကောင်းလေသန့်ကိုထုတ်လုပ်ပေးသော၊ မိုးရေကိုယူဆောင်ပေးသော၊ မြေဆီဩဇာကိုထိန်းသိမ်းပေးသော၊ နွေဦးကိုသာယာစေသော၊ ကမ္ဘာမြေကိုအားသစ်လောင်းပေးသော၊ ရိက္ခာသီးနှံများဖြည့်ဆည်းပေးသော၊ ပန်းများကိုပွင့်စေသော၊ ငြိမ်းချမ်းရေးကိုဖော်ဆောင်သော၊ နေထိုင်စရာနေအိမ်များသာမက ပရိဘောဂများနှင့်အိပ်ရာများကို ဖန်တီးပေးသော၊ စက်မှုလုပ်ငန်းများကြောင့်ဖြစ်သော အညစ်အကြေးများကို မငြိုမငြင်ခွင့်လွှတ်ပေးသော၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူသန့်စင်ပေးသော၊ ကျွန်ုပ်တို့၏ဘဝနှင့် အနာဂတ်လည်းဖြစ်သည့် သစ်ပင်များကို ကျေးဇူးတင်ကြောင်း ကဗျာလေးကို ဖော်ကျူးထားပါသည်။

သစ်ပင်၊ သစ်တောများကို မဆင်မခြင်ခုတ်ထွင်မှုကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုတို့ကို ရင်ဆိုင်ကြုံတွေ့လာရသည့် ယနေ့ကာလတွင် ကလေးဘဝအရွယ်ကတည်းက သစ်ပင်၏အရေးပါပုံနှင့် ကျေးဇူးတရားကိုသိရှိပြီး စိုက်ပျိုးပြုစုပျိုးထောင်စေလိုသည့် ရည်ရွယ်ချက်ကို ပေါ်လွင်စေသဖြင့် ယခုကဲ့သို့ရွေးချယ်ဖော်ပြရခြင်းဖြစ်ပါသည်။ ကြော်ငြာတွင်ပါရှိသော ကျောင်းသူကလေးက ပြောကြားနေဟန်ဖြင့် ရေးသားထားသည့်စာသားကို မြန်မာပြန်ဆိုရလျှင် 'လောကကောင်းကျိုးအတွက် ကျွန်ုပ်သိရှိပါသည်။ ကျွန်ုပ်သည် ကမ္ဘာကြီး၏ပြဿနာကို ဝိုင်းဝန်းဖြေရှင်းမည့်သူလည်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သစ်ပင်စိုက်ပါသည်'ဟူ၍ဖြစ်ရာ မျိုးဆက်သစ်လူငယ်လေးများ၏အနာဂတ်နှင့် ရေရှည်ဖွံ့ဖြိုးရေးကို ယှဉ်တွဲတွေ့မြင်နိုင်ခြင်းကြောင့် ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် ရွေးချယ်လိုက်ရခြင်းဖြစ်သည်။

**အယ်ဒီတာ**



www.foreverspace.com.mm

မြန်မာ့စီးပွားရေးသတင်း

# မြန်မာ့စီးပွားရေးသတင်း

BUSINESS NEWS

အမှတ် ၁၇၅ ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ

## သက်တမ်း ၂ နှစ်ရှိ အစိုးရငွေတိုက်စာချုပ်များ ဇန်နဝါရီ ၁ ရက်မှ စတင်ထုတ်ဝေရောင်းချ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရကိုယ်စား လက်ရှိထုတ်ဝေရောင်းချလျက်ရှိသော သက်တမ်းသုံးနှစ်နှင့် ငါးနှစ်ရှိ အစိုးရငွေတိုက်စာချုပ်များအပြင် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ သက်တမ်း ၂ နှစ်ရှိသည့် အစိုးရငွေတိုက်စာချုပ်များကိုပါ ထုတ်ဝေရောင်းချပေးသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၂၅ ရက်နေ့က နိုင်ငံပိုင်မီဒီယာများတွင် တရားဝင်ထုတ်ပြန်ကြေညာချက်များအရ သိရှိရသည်။

အဆိုပါငွေတိုက်စာချုပ်များကို အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း လွတ်လပ်စွာဝယ်ယူနိုင်ပြီး စာချုပ်များကို လွှဲပြောင်းရောင်းချခွင့်ရှိမည် ဖြစ်သည်။

အတိုးနှုန်းများအနေဖြင့် သက်တမ်း ၂ နှစ်ရှိငွေတိုက်စာချုပ်များမှာ ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀ သန်းအတွက်အတိုးနှုန်း ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ သက်တမ်းသုံးနှစ်ရှိ ငွေတိုက်စာချုပ်မှာ ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀ သန်းအတွက် အတိုးနှုန်း ၁၁ ဒသမ ၀၀ ရာခိုင်နှုန်း၊ ငါးနှစ်သက်တမ်းရှိ ငွေတိုက်စာချုပ်မှာ ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀ သန်းအတွက် အတိုးနှုန်းမှာ ၁၁ ဒသမ ၅ ရာခိုင်နှုန်း စသည်ဖြင့် ရရှိမည်ဖြစ်ပြီး အဆိုပါအတိုးငွေများကို နှစ်ဝက်ပြည့်တိုင်း တစ်ကြိမ်ထုတ်ပေးမည်ဖြစ်သည့်အတွက် နှစ်စဉ်မတ်လ ၁၅ ရက်နှင့်စက်တင်ဘာလ ၁၅ ရက်တို့တွင် ထုတ်ယူနိုင်မည်ဖြစ်သည်။



ယင်းစာချုပ်များကို နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) (နေပြည်တော်) ဘဏ်များဇုန်၊ မြတ်ပန်းသဇင်လမ်းတွင်လည်းကောင်း၊ ရန်ကုန်မြို့၌ မြန်မာ့ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အမှတ် (၂၁/၂၅)၊ ဆူးလေဘုရားလမ်းနှင့် မြန်မာ့စီးပွားရေးဘဏ်ငွေစုဘဏ်ခွဲ (၁၊ ၂၊ ၃၊ ၄) တို့တွင်လည်းကောင်း၊ မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၁၊ ၂၊ ၃) တို့တွင်လည်းကောင်း တိုက်ရိုက်ဝယ်ယူနိုင်ကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြေညာထားသည်။

www.foreverspace.com.mm



## ရွှေတိဂုံစေတီတော် ကန်ထရိုက်လုပ်ငန်းများ ကျပ်သိန်း ၇,၄၀၀ ကျော်ဖြင့် စံချိန်တင်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၃**



လာမည့် ၂၀၁၀ ပြည့်နှစ်အတွက် ရွှေတိဂုံစေတီတော်ရှိ လုပ်ငန်းအမျိုးအစား ၁၄ မျိုး၊ လုပ်ငန်းပေါင်း ၅၃ ခုကို ဈေးပြိုင်တင်ဒါခေါ်ယူရာတွင် နှစ်ပေါင်းများစွာအတွင်း စံချိန်တင်ဈေးနှုန်းအဖြစ် စုစုပေါင်း ကျပ်သိန်း ၇,၄၀၀ ကျော် ရရှိခဲ့ကြောင်း စေတီတော်ဂေါပကအဖွဲ့၏ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ယင်းလုပ်ငန်း ၅၃ ခုကို တင်ဒါခေါ်ယူရာတွင် သတ်မှတ်ကြမ်းခင်းဈေးမပြည့်မီသောလုပ်ငန်းငါးခုနှင့် တင်ဒါသွင်းသူမရှိသောလုပ်ငန်းငါးခုရှိခဲ့ပြီး လုပ်ငန်း ၄၃ မျိုးသာ တင်ဒါအောင်ခဲ့သော်လည်း လုပ်ငန်းအချို့မှာ ဈေးအမြင့်ဖြင့် တင်ဒါအောင်ခဲ့သောကြောင့် စံချိန်တင်ဝင်ငွေရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို ၂၀၀၉ ခုနှစ်အတွက် တင်ဒါခေါ်ယူခဲ့ရာတွင် ကျပ်သိန်း ၆၅၁၁ သိန်းကျော်ရရှိခဲ့ကြောင်း စေတီတော်အုပ်ချုပ်ရေးဌာနမှူးက ရှင်းပြသည်။

ယင်းလုပ်ငန်းများ၏ ကြမ်းခင်းဈေးအများစုမှာ ယမန်နှစ်က လေလံအောင်ခဲ့သောဈေးနှုန်းများကို ကြမ်းခင်းဈေးအဖြစ်သတ်မှတ်ထားခြင်းဖြစ်ပြီး ဈေးနှုန်းမြင့်ကြောင်း၊ သို့သော်လည်း ယမန်နှစ်တွင် လုပ်ငန်းအများစု အမြတ်အစွန်းရရှိခဲ့သည့်အတွက် ယခုနှစ်တွင် အပြိုင်အဆိုင်ဈေးနှုန်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ လေလံဈေးနှုန်းမြင့်သော်လည်း ယခင်သတ်မှတ်နှုန်းထားများအတိုင်းသာ ရောင်းချကောက်ခံခွင့်ပြုထားကြောင်း ကိုယ်တိုင်တင်ဒါဆွဲခဲ့သူ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အဆိုပါလုပ်ငန်းအမျိုးအစား ၁၄ မျိုးမှာ ယာဉ်ရပ်နားကွင်းလုပ်ငန်း၊ ဖိနပ်အပ်လုပ်ငန်း၊ သန့်စင်ခန်းလုပ်ငန်း၊ ပန်းဆိုင်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ လက်ဆောင်ပစ္စည်းရောင်းချခြင်းလုပ်ငန်း၊ ရွှေဆိုင်းရောင်းချခြင်းလုပ်ငန်း၊ ဓာတ်ပုံလုပ်ငန်း၊ နိဗ္ဗာန်ကုန်ရောင်းချခြင်းလုပ်ငန်း၊ လိပ်စာ၊ ငါးစာရောင်းချခြင်းလုပ်ငန်း၊ အုန်းပွဲ၊ ငှက်ပျောပွဲရောင်းချခြင်းလုပ်ငန်း၊ ထီကားရောင်းချခြင်းလုပ်ငန်း၊ အုန်းသီး၊ ထန်းသီးရူးဆွတ်ရောင်းချခြင်းလုပ်ငန်းနှင့် ကုန်မျိုးစုံဆိုင်ခန်းလုပ်ငန်းတို့ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းအမျိုးအစား ၁၄ မျိုးကို နေရာအလိုက် လုပ်ငန်းတစ်ခုချင်းစီခွဲ၍ လုပ်ငန်းပေါင်း ၅၃ ခုအဖြစ် တင်ဒါခေါ်ယူခြင်းဖြစ်ကြောင်း စေတီတော်အုပ်ချုပ်ရေးရုံးမှ ဝန်ထမ်းတစ်ဦးက ရှင်းပြသည်။

အဆိုပါလုပ်ငန်းများမှ ဈေးနှုန်းအမြင့်ဆုံးအဖြစ် ရွှေဆိုင်းရောင်းချခြင်းလုပ်ငန်းမှ ကျပ် ၂၁၄၂ သိန်း၊ ဓာတ်ပုံလုပ်ငန်းမှ ကျပ် ၆၁၅ သိန်း၊ အုန်းပွဲ၊ ငှက်ပျောပွဲရောင်းချခြင်းလုပ်ငန်းနှစ်ခုမှ တစ်ခုလျှင် ကျပ်သိန်း ၆၁၃ သိန်းကျော်စီ၊ အရှေ့ဘက်ဓာတ်လှေကား ဖိနပ်အပ်လုပ်ငန်းမှ ကျပ်သိန်း ၃၃၀၊ မြောက်ဘက်ယာဉ်ရပ်နားကွင်းမှ ကျပ် ၃၆၆ သိန်းတို့ဖြစ်ကြောင်း ဂေါပကအဖွဲ့၏ထုတ်ပြန်ကြေညာချက်အရ သိရသည်။

**မင်းမျိုး**

## မြစ်ဝကျွန်းပေါ်ရေလမ်းခရီး ပုဂ္ဂလိကအမြန်ရေယာဉ်များကြောင့် အဆင်ပြေ

**သတင်းဆောင်းပါး– ကျော်ဇေယျာထွန်း (၅–၁–၂၀၁၀)**

**ဧရာဝတီတိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသအချို့ရှိ ရေလမ်းခရီးစဉ်များတွင် ပုဂ္ဂလိက အမြန်ရေယာဉ်များ ဝင်ရောက်ပြေးဆွဲလာခြင်းကြောင့် ခရီးသွားလာရေးအတွက် ပိုမိုလွယ်ကူအဆင်ပြေလာကြောင်း မြစ်ဝကျွန်းပေါ်ဒေသခံများက ပြောကြားသည်။**

၂၀၀၈ ခုနှစ် နာဂစ်မတိုင်မီကာလတွင် မြစ်ဝကျွန်းပေါ်ဒေသ၌ ပုဂ္ဂလိကနှစ်ထပ်သင်္ဘောနှင့် ပြည်တွင်းရေကြောင်းပိုင်နှစ်ထပ်ခွဲသင်္ဘောများသာ အဓိကပြေးဆွဲပေးလျက်ရှိပြီး ပုဂ္ဂလိကအမြန်ရုပ်ပြေးရေယာဉ်များ ယခုလောက် အစီးရေမများသေးကြောင်း၊ ထိုအချိန်က ရန်ကုန်မှ မြစ်ဝကျွန်းပေါ်ဒေသများသို့ သင်္ဘောဖြင့် ခရီးသွားမည်ဆိုပါက သင်္ဘောကို ကျပ်တည်း

www.foreverspace.com.mm

ခရီးခ်စွာ စီးခဲ့ကြရကြောင်း၊ ရန်ကုန်မြို့နှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မည်ဆိုပါကလည်း ကုန်ပစ္စည်းသယ်ရန် နေရာမရှိသဖြင့် ပစ္စည်းများကို မသယ်ရဘဲ အချိန်ကုန်ခံကြရကြောင်း ရေကြောင်းခရီးလမ်းတစ်ခုတည်းသာသွား၍ရသောဒေသများသည် ယခင်က ခရီးစဉ်တစ်ကြောင်းအတွက် အချိန်များစွာပေးရကြောင်း မော်လမြိုင်ကျွန်းမြို့ရှိ ဆောက်လုပ်ရေးပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

“နာဂစ်မတိုင်ခင်က ပုသိမ်–ဟိုင်းကြီး ရေလမ်းခရီးနဲ့ ရန်ကုန်–မော်ကျွန်းရေလမ်းခရီးနှစ်ခုတည်းမှာပဲ အမြန်ရှပ်ပြေးရေယာဉ်တွေ ပြေးဆွဲခဲ့တာ။ ရန်ကုန်–မော်ကျွန်းဆိုရင် အမြန်ရေယာဉ်တစ်စီးတည်းနဲ့ ရက်ခြားပြေးဆွဲခဲ့တာ။ အခုဆိုရင် နေ့စဉ် အနည်းဆုံး အမြန်ရေယာဉ်နှစ်စီးလောက် ပြေးဆွဲပေးတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပုသိမ်သူ့ရှပ်ပြေးအမြန်ရေယာဉ်သည် ရန်ကုန်–မြင်းကကုန်း–ကျိုက်လတ်–ဘိုကလေး–မော်လမြိုင်ကျွန်းမြို့နှင့် ပုသိမ်–ငပုတော–ဟိုင်းကြီးမြို့တို့တွင် စတင်ပြေးဆွဲခဲ့ခြင်းဖြစ်ပြီး နာဂစ်အလွန်ကာလများ၌လည်း သယ်ယူပို့ဆောင်ရေးအတွက်များစွာအသုံးဝင်ခဲ့ကြောင်း၊ ယင်းနောက်ပိုင်းတွင် တစ်နာရီမိုင် ၂၀ ခန့် ပုံမှန်သွားနှုန်းရှိသော ပုဂ္ဂလိက ရွှေပြည်တန်ရှပ်ပြေးအမြန်ရေယာဉ်ကို ထပ်မံပြေးဆွဲပေးခဲ့ကြောင်း၊ အဆိုပါရေယာဉ်သည် ရန်ကုန်–ကျိုက်လတ်–ဘိုကလေး–မော်လမြိုင်ကျွန်းမြို့တို့သို့ပြေးဆွဲနေရာမှ ယခုနှစ် ဇန်နဝါရီလ ၃ ရက်မှစ၍ ရန်ကုန်–ကျုံမငေး–ကံဘဲ့–ဘီတွတ်–လပွတ္တာလမ်းကြောင်းအတိုင်း ထပ်မံတိုးချဲ့ပြေးဆွဲပေးခဲ့ကြောင်း၊ အဆိုပါ အမြန်ရေယာဉ်များကြောင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ငပုတော၊ ဟိုင်းကြီး၊ မြင်းကကုန်း၊ ကျိုက်လတ်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ကျုံမငေး၊ ကံဘဲ့ ၊ ဘီတွတ်၊ လပွတ္တာ စသည့်ဒေသများသို့ ရေလမ်းခရီးဖြင့် သွားလာရာတွင် များစွာအဆင်ပြေလာကြောင်း မြစ်ဝကျွန်းပေါ်ဒေသခံများက ပြောကြားသည်။

“အရင်က ရန်ကုန်ကနေ မော်ကျွန်းကို သင်္ဘောနဲ့သွားရင် ၁၅ နာရီလောက်ကြာတယ်။ အမြန်ရေယာဉ်တွေပေါ်လာတော့ ခရီးအချိန်က ခြောက်နာရီကနေ ကိုးနာရီလောက်ပဲ ကြာတော့တယ်။ ပြည်တွင်းရေကြောင်းပိုင်ရေယာဉ်တွေ၊ ပုဂ္ဂလိကနှစ်ထပ်ရေယာဉ်နဲ့ ရှပ်ပြေးရေယာဉ်တွေအပြိုင်အဆိုင်ပေါ်လာတော့ ကုန်ပစ္စည်းသယ်ရတာလည်း အဆင်ပြေလာတယ်။ နောက်ပြီး အရင် ဘိလပ်မြေတစ်အိတ်ကို ၁၂၀ ကျပ်ဈေးရှိနေတာကနေ အခု ၈၀ ကျပ်ဖြစ်ပြီး ကုန်ပစ္စည်းတွေလည်း ဈေးကျသွားတယ်”





ပုဂ္ဂလိကရှပ်ပြေးရေယာဉ်များပေါ်ပေါက်လာသဖြင့် ခရီးကြာမြင့်ချိန်ကျုံ့သွားသည်

ဟု မော်လမြိုင်ကျွန်းမြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသရှိ ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ မအူပင်၊ လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံ စသည့်မြို့များသည် မော်တော်ကားလမ်းများရှိလာသည့်အတွက် ရေလမ်းခရီးအသုံးပြုသူ လျော့နည်းသွားသည်ဟု ဆိုနိုင်သော်လည်း ရေလမ်းခရီးစဉ်မှာ ဆက်၍အသုံးပြုနေရဆဲဖြစ်ကြောင်း၊ လက်ရှိတွင် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ၌ ငပုတောမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့သာ ရေလမ်းခရီးတစ်ခုတည်း အားထားနေရခြင်းဖြစ်

www.foreverspace.com.mm



## မြစ်ဝကျွန်းပေါ်ဒေသ၌ ပုဂ္ဂလိက အမြန်ရှပ်ပြေးရေယာဉ်များပြေးဆွဲပေးသည့် ခရီးစဉ်ဇယား

| စဉ် | ရေယာဉ်အမျိုးအစား | မိုင် | ခရီးစဉ် မှ   သို့ | ရေယာဉ်စီးခနှုန်းထား(ကျပ်) ရိုးရိုး | ရေယာဉ်စီးခနှုန်းထား(ကျပ်) အထက်တန်း | ပြည်တွင်းရေကြောင်းနှုန်းထား(ကျပ်) ရိုးရိုး | ပြည်တွင်းရေကြောင်းနှုန်းထား(ကျပ်) အထက်တန်း |
|---|---|---|---|---|---|---|---|
| ၁။ | ပုသိမ်သူရှပ်ပြေး (နံနက် ၆ နာရီ) | ၁၀၀မိုင် | ရန်ကုန် –မော်လမြိုင်ကျွန်း | ၂၅၀၀ | ၅၅၀၀ | ၅၀၀ | ၁၈၀၀ |
| ၂။ | ရွှေပြည်တန်ရှပ်ပြေး (နေ့စဉ်နံနက် ၆ နာရီ) | ၁၀၀မိုင် | ရန်ကုန်–မော်လမြိုင်ကျွန်း | ၃၅၀၀ | ၅၅၀၀ | – | – |
| ၃။ | ရွှေပြည်တန်ရှပ်ပြေး (တစ်ရက်ခြား နံနက်၆နာရီ) | ၁၁၈ မိုင် | ရန်ကုန် – ကျုံမငေး | ၄၅၀၀ | ၆၅၀၀ | ၅၉၀ | ၂၁၃၀ |
| ၄။ | ရွှေပြည်တန်ရှပ်ပြေး (တစ်ရက်ခြား နံနက်၆နာရီ) | ၁၄၃ မိုင် | ရန်ကုန် – ကံဘဲ့ | ၅၅၀၀ | ၇၅၀၀ | ၇၂၀ | ၂၅၈၀ |
| ၅။ | ရွှေပြည်တန်ရှပ်ပြေး (တစ်ရက်ခြား နံနက်၆နာရီ) | ၁၆၁ မိုင် | ရန်ကုန် – ဘိုကလေး | ၆၅၀၀ | ၉၅၀၀ | ၈၂၀ | ၂၉၀၀ |
| ၆။ | ရွှေပြည်တန်ရှပ်ပြေး (တစ်ရက်ခြား နံနက်၆နာရီ) | ၁၇၁ မိုင် | ရန်ကုန် – လပွတ္တာ | ၆၅၀၀ | ၉၅၀၀ | ၈၆၀ | ၃၀၀၀ |
| ၇။ | ပုသိမ်သူရှပ်ပြေး | – | ပုသိမ် – ဟိုင်းကြီးကျွန်း | – | – | – | – |

ကြောင်း၊ နောက်ပိုင်းတွင် ဧရာဝတီတိုင်း၌ မော်တော်ကားလမ်း ကွန်ရက်များရှိလာမည်ဖြစ်သောကြောင့် မော်တော်ယာဉ်များနှင့်အပြိုင် ရေလမ်းခရီးစဉ်၌လည်း ကုန်တင်ရေယာဉ်နှင့် ခရီးသည်စီးသီးသန့်ရေယာဉ်ဟူ၍ နှစ်မျိုးကွဲသွားနိုင်ကြောင်း၊ ကုန်းလမ်းခရီးသည် ကားလမ်းအခြေအနေကြောင့် ကုန်ပစ္စည်းသယ်ဆောင်ရာတွင် ပျက်စီးမှုရှိခြင်း၊ ခရီးသည်ပင်ပန်းရခြင်းများရှိပြီး အချိန်မှာလည်း ကြာမြင့်တတ်ကြောင်း မော်လမြိုင်ကျွန်းမြို့ရှိ ပုဂ္ဂလိကရေယာဉ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"ရေယာဉ်ကြီးတွေက ကုန်ပစ္စည်းတွေ တင်လို့ရတယ်။ အမြန်ရှပ်ပြေးရေယာဉ်ကျတော့ ခရီးသည် သီးသန့်ပဲတင်တယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ ရေလမ်းခရီးက အားထားနေရတုန်းပဲ။ ကားလမ်းတွေပေါက်လာလို့ ရေယာဉ်တွေပျောက်သွားနိုင်တယ်ဆိုတာ လက်တွေ့မှာလုံးဝမဟုတ်ပါဘူး။ အဓိက သစ်သားခွံတစ်ထပ်ရေယာဉ်တွေနေရာမှာ အမြန်ရှပ်ပြေးရေယာဉ်တွေ အစားထိုးဖို့ပဲ။ ခရီးသည်တွေ ခရီးသွားရတာလည်း သက်သောင့်သက်သာရှိသလို ခရီးရောက်တဲ့အချိန်လည်း ကားထက်တောင် ပိုမြန်သေးတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပုသိမ်သူရှပ်ပြေးရေယာဉ်သည် နှစ်ထပ်ခွဲရေယာဉ်ဖြစ်ပြီး ခရီးသည် ၃၀၀ ခန့်စီးနိုင်ကြောင်း၊ ရေယာဉ်ပေါ်တွင်ခေါင်းအုံး၊ ဖျာတို့အဆင်သင့်ပါရှိပြီး LCD TV များလည်းပြသထားကြောင်း၊ ဆက်သွယ်ရေးအတွက်လည်း တယ်လီဖုန်းတပ်ဆင်သေး





မြစ်ဝကျွန်းပေါ်ဒေသအတွက် ရေကြောင်းပို့ဆောင်ရေးကို အားထားနေရဆဲဖြစ်သည်

www.foreverspace.com.mm

ထားကြောင်း၊ ပုသိမ်သူရုပ်ပြေးရေယာဉ်ကို ရန်ကုန်–မော်လမြိုင်ကျွန်းနှင့် ပုသိမ်–ဟိုင်းကြီးရေလမ်းခရီးများတွင် ပြေးဆွဲပေးလျက်ရှိကြောင်း၊ ဆက်လက်တိုးချဲ့ပြေးဆွဲရန်အတွက်လည်း ပုသိမ်မြို့တွင် အမြန်ရေယာဉ်သစ်များ တည်ဆောက်လျက်ရှိကြောင်း ပုသိမ်သူအမြန်ရုပ်ပြေးရေယာဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ပုဂ္ဂလိက အမြန်ရေယာဉ်တွေပေါ်လာတော့ ခရီးသွားရတာ သက်သောင့်သက်သာဖြစ်ပါတယ်။ အချိန်လည်း သိပ်မကြာတော့ အလုပ်မပျက်ဘူး။ ဒါပေမဲ့ သင်္ဘောရဲ့ဝန်ဆောင်မှုတွေကိုတော့ ကျသွားလို့မရဘူး။ အစပိုင်းကောင်းပြီး နောက်ပိုင်းညံ့သွားတာမျိုးမဖြစ်အောင် ရေရှည်ထိန်းသိမ်းထားပေးရမယ်။ နောက်ပြီး လိုအပ်တဲ့ဝန်ဆောင်မှုတွေကိုထပ်ပြီးဖြည့်ပေးရမယ်။ ဥပမာ – သင်္ဘောပေါ်မှာ အမှိုက်ပစ်စရာအမှိုက်ပုံးမရှိတာမျိုးပေါ့။ နောက်ပိုင်း ပုဂ္ဂလိကရေယာဉ်တွေ အပြိုင်အဆိုင်ဖြစ်လာပြီး ဈေးနှုန်းသက်သက်သာသာနဲ့ ဝန်ဆောင်မှုကောင်းကောင်းပေးလာနိုင်ဖို့အတွက်တော့ လိုအပ်နေသေးတယ်” ဟု ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသခံများက ပြောကြားသည်။

# ရန်ကုန်ဟိုတယ်ဇုန်အမှုဆောင် မဲစနစ်ဖြင့်ရွေးချယ်သော်လည်း လျှောက်ထားသူ ၂၅ ဦးသာရှိဟုဆို

ရန်ကုန်၊ ဒီဇင်ဘာ ၂၂

**မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်း ရှင်များအသင်း (ရန်ကုန်ဇုန်) ၏ အလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်ပွဲအတွက် အများဆန္ဒမဲစနစ်ဖြင့်ရွေးချယ်မည်ကို ကြိုတင်အကြောင်းကြားမှုများရှိခဲ့သော်လည်း အဖွဲ့ဝင် ၁၄၂ ဦးအနက် ၂၅ ဦးသာ အဆိုပြုသူရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားသည်။**

ရန်ကုန်မြို့တော် Asia Plaza Hotel ၌ ဒီဇင်ဘာလ ၁၈ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) ၏နှစ်ပတ်လည် အခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

လျှောက်ထားသူအရေအတွက်သည် အဖွဲ့ဝင်အင်အားနှင့်ယှဉ်ပါက အလွန်ပင်နည်းပါးကြောင်း၊ လုပ်ငန်းရှင်များကို မိမိတို့လုပ်ငန်းအပေါ် အာရုံစိုက်စေလိုပြီး ဖြစ်နိုင်ပါက ပိုမိုလျှောက်ထားစေလိုကြောင်းလည်း ၎င်းက ထည့်သွင်းပြောကြားသည်။

အလုပ်အမှုဆောင်အဖွဲ့ဝင် ၃၀ ဦးအထိ လက်ခံရန်ရှိသော်လည်း လက်ရှိလျှောက်ထားသူမှာ ၂၅ ဦးသာရှိ၍ လျှောက်ထားသူဦးရေအားလုံးကို အလုပ်အမှုဆောင်အဖြစ် သတ်မှတ်ပြီးဖြစ်သည်ဟု အသင်းဥက္ကဋ္ဌ ဦးခင်ရွှေက ပြောကြားသည်။ အဖွဲ့ဝင်များကို လွန်ခဲ့သည့်နှစ်လခန့်က ကြိုတင်အကြောင်းကြားပေးခဲ့သည်ဟုလည်း ၎င်းက ထပ်မံပြောကြားသည်။



ရန်ကုန်ဟိုတယ်ဇုန်တွင် အသင်းဝင်ဟိုတယ် ၁၄၂ လုံးရှိကြောင်း၊ အလုပ်အမှုဆောင်အဖြစ် ဟိုတယ်ပိုင်ရှင် သို့မဟုတ် ဟိုတယ်၏ အနည်းဆုံးရာထူး မန်နေဂျာအဆင့်ရှိသူများ လျှောက်ထားနိုင်ကြောင်း ၎င်းတို့ထံ ဖုန်းဖြင့် လွန်ခဲ့သည့်လကအကြောင်းကြားခဲ့ကြောင်း၊ ၎င်းအနေဖြင့် ယခင်နှစ်က လျှောက်ထားမှုမရှိခဲ့ကြောင်း ရန်ကုန်မြို့တွင်းအခြေစိုက် တည်းခိုခန်းလုပ်ငန်းရှင်တစ်ဦးက အခမ်းအနားတက်ရောက်စဉ် ပြောကြားသည်။

အမှုဆောင်အဖွဲ့သစ်တွင် အဖွဲ့ဝင် ၂၅ ဦး ပါဝင်ပြီး ဥက္ကဋ္ဌမှာ ယခင်ဥက္ကဋ္ဌ ဦးမောင်မောင် (Asia Plaza Hotel) ဖြစ်ကြောင်း အခမ်းအနားမှူးက အထက်ပါအခမ်းအနား၌ ကြေညာသည်။ ယခုအလုပ်အမှုဆောင်အများစုမှာလည်း ယခင်အလုပ်အမှုဆောင်အဖွဲ့ဝင်ဟောင်းများသာဖြစ်သည်ဟု အခမ်းအနားတက်ရောက်လာသည့် ဟိုတယ်လုပ်ငန်းရှင်အချို့၏အဆိုအရ သိရသည်။ ■

www.foreverspace.com.mm

# MFF ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ လေးနှစ်အတွင်း အကြိမ် (၉၀) ကျင်းပခဲ့ဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ပညာဆည်းပူးနေသူများအတွက် အရည်အသွေးကို မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (MFF) နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်အသင်းတို့က စီးပွားရေးနှင့် ဘာသာရပ်ဆိုင်ရာပညာရှင်များကိုဖိတ်ခေါ်ပြီး ဘာသာရပ်ဆိုင်ရာပညာရှင်များ ဟောပြောဆွေးနွေးပွဲကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၇ ရက်မှစတင်၍ နှစ်ပတ်လျှင်တစ်ကြိမ်ကျစီ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ခန်းမ၌ ကျင်းပခဲ့ရာ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၉ ရက်အထိ ဟောပြောဆွေးနွေးပွဲအကြိမ် (၉၀) အထိ ကျင်းပခဲ့ပြီးဖြစ်ကြောင်း အဆိုပါအဖွဲ့ချုပ်အတွင်းရေးမှူး ဦးနှင်းဦးက ပြောကြားသည်။



MFF အနေဖြင့် လေးနှစ်တာအတွင်း စကားဝိုင်းဆွေးနွေးပွဲ (Forum) လေးခုအပါအဝင် ဟောပြောဆွေးနွေးပွဲအကြိမ်ရေ ၉၀ ကျင်းပခဲ့ပြီး ခေါင်းစဉ်ပေါင်း ၉၅ ခုကို ပညာရှင်နှင့် ကျွမ်းကျင်သူ ၅၈ ဦးတို့က ဟောပြောဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခြင်း (၁၂) နှစ်ပြည့်နှင့် ဘာသာရပ်ဆိုင်ရာပညာရှင်များဟောပြောဆွေးနွေးပွဲများကျင်းပခြင်း လေးနှစ်ပြည့် အထိမ်းအမှတ် 'ရာသီဥတုပြောင်းလဲခြင်းနှင့် လူသားတိုင်း၏တာဝန် (Global Climate Change & Our Responsibilities)' ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ (Forum) ကို ဇန်နဝါရီလ ၉ ရက်နေ့တွင်ကျင်းပခဲ့ရာ Eco.Dev. အဖွဲ့အစည်းမှ အုပ်ချုပ်မှုဒါရိုက်တာဦးဝင်းမျိုးသူ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်၊ သစ်တောသယံဇာတနှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) ဒုတိယဥက္ကဋ္ဌ ဦးအုန်းနှင့် စာရေးဆရာမဂျူးတို့က ပါဝင်ဆွေးနွေးခဲ့ကြပြီး သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူလူငယ်အများစုအပါအဝင် ပရိသတ် ၄၀၀ ဦးကျော် တက်ရောက်ခဲ့ကြသည်။

# ရာသီဥတုပြောင်းလဲမှုဒဏ်ခံစားရမည့် နိုင်ငံ ၂၀ တွင် မြန်မာပါဝင်

**သတင်းဆောင်းပါး – ကျော်နိုင် (၁၁–၁–၂၀၁၀)**

**ကမ္ဘာတစ်ဝန်း၌ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုတို့ကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှု (Climate Change ) ၏အကျိုးဆက်ကို ဆိုးဆိုးရွားရွားခံစားရမည့် နိုင်ငံပေါင်း ၂၀ တွင် မြန်မာနိုင်ငံပါဝင်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က ဇန်နဝါရီလ ၉ ရက်တွင် သတိပေးပြောကြားသည်။**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုနှင့် ယုဇနကုမ္ပဏီ၏ပံ့ပိုးမှုတို့ဖြင့် ထိုနေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ခန်းမတွင် ကျင်းပသော 'Climate Change and Our Responsibilities' Forum' (ရာသီဥတုပြောင်းလဲမှုနှင့် လူသားတိုင်း၏တာဝန်) စကားဝိုင်းတွင် ၎င်းက အထက်ပါအတိုင်း သတိပေးပြောကြားခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၌ ယမန်နှစ်က တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည်

www.foreverspace.com.mm



ရာသီဥတုပြောင်းလဲခြင်း၏ သိသာသော အကျိုးဆက်တစ်ခုပင်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဧပြီလ ၂၂ ရက်တွင် ဘင်္ဂလားပင်လယ်အော်အတွင်း စတင်သန္ဓေတည်ခဲ့ပြီး မေလ ၄ ရက်နေ့အထိ ဖြတ်သန်းတိုက်ခတ်ခဲ့သည့် အဆိုပါမုန်တိုင်း၏မူလလားရာလမ်းကြောင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရခိုင်ပြည်နယ်သို့ဖြစ်သော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် မူလလမ်းကြောင်းမှ သွေဖည်ပြောင်းလဲကာ သဘာဝအကာအရံအတားအဆီးမရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသို့ ဝင်ရောက်ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းလမ်းကြောင်းများသည် ယခင်က မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ဦးတည်ခဲ့ရာမှ တဖြည်းဖြည်း တောင်ဘက်သို့ ရွေ့ဆင်းလာကြောင်း၊ သုတေသနပြုလုပ်ချက်များအရ ၁၉၇၈ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်ချိန်နှင့် ထွက်ခွာချိန်တို့မှာ မမှန်တော့ကြောင်း၊ ၁၉၇၈ ခုနှစ်မတိုင်မီက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအတွင်းသို့ မေလ ၁၅ ရက်တွင် စတင်ဝင်ရောက်ပြီး အောက်တိုဘာလ ၁၅ ရက်တွင် ဆုတ်ခွာခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း၌ မေလကုန်တွင် ဝင်ရောက်ပြီး စက်တင်ဘာလလယ်တွင် ဆုတ်ခွာနေပြီဖြစ်ကြောင်း၊ မိုးရွာသွန်းသည့်ကာလ တိုတောင်းလာသော်လည်း မိုးရေချိန်ပမာဏမှာမူ များပြားကြောင်း ၎င်းက ရှင်းပြသည်။



ရာသီဥတုပြောင်းလဲမှု၏အဓိကတရားခံသည် သစ်တောများ ပြုန်းတီးမှုပင်ဖြစ်သည်

"သိသာတဲ့သာဓကတွေကတော့ ၂၀၀၆ ခုနှစ် မေလတုန်းက ရခိုင်ပြည်နယ်ကိုဖြတ်သန်းတိုက်ခတ်ခဲ့တဲ့ မာလာ (Mala) မုန်တိုင်း၊ ၂၀၀၇ ခုနှစ် မေလမှာ ရခိုင်ပြည်နယ်ကိုဖြတ်သန်းတိုက်ခတ်ခဲ့တဲ့ Akash မုန်တိုင်းနဲ့ အခုပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ် မေလမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ကို ဖြတ်သန်းတိုက်ခတ်ခဲ့တဲ့ နာဂစ် (Nargis ) မုန်တိုင်းကြီးတွေပဲ။ မိုးကြိုနဲ့ မိုးလွန်ကာလတွေမှာ မုန်တိုင်းမဖြစ်ရင်တောင်မှ Towering Cloud လို့ခေါ်တဲ့ မိုးတိမ်တောင်တစ်မျိုးကြောင့် ရာသီဥတုအမျိုးအစား ၁၀ မျိုးကို ဖြစ်စေနိုင်တယ်။ အဲဒီမိုးတိမ်တောင်ကြောင့် အခုနောက်ပိုင်း မြန်မာနိုင်ငံမှာ လေဆင်နှာမောင်းတိုက်ခတ်မှုနဲ့ မိုးကြိုးပစ်ခံရမှုတွေပိုများလာတာကို တွေ့ရတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှု၏အဓိကတရားခံသည် သစ်တောများပြုန်းတီးမှုပင်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ ထင်း၊ မီးသွေးလောင်စာအတွက် ခုတ်ယူအသုံးပြုခြင်းနှင့် မြို့ရွာများတည်ထောင်ခြင်းတို့ကြောင့် သစ်တောများတစ်စတစ်စ ပြုန်းတီးလာကြောင်း၊ မြန်မာနိုင်ငံ၌ သစ်တောပြုန်းတီးမှုအများဆုံးဒေသသည် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်ပင်ဖြစ်ကြောင်း၊ ယင်းဒေသရှိ ဒီရေတောများမှ ထွက်ရှိသော ထင်း၊ မီးသွေးများကို လောင်စာအဖြစ် တစ်နိုင်ငံလုံးက အသုံးပြုခဲ့ကြကြောင်း ၎င်းက ထောက်ပြပြောဆိုသည်။

"အခု ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ရာသီဥတုပြောင်းလဲမှုဟာ မိုးလေဝသနဲ့ ဇလဗေဒပညာလို Pure Science မဟုတ်ပါဘူး။ Social Science ပါ။ Social နဲ့ Science ပေါင်းစပ်ထားတာပါ။ ပြည်သူလူထုအားလုံးနဲ့ဆိုင်ပါတယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်တစ်ဦးလည်းဖြစ်သူ ဦးထွန်းလွင်က ဆိုသည်။

ကမ္ဘာ့နိုင်ငံများအနက် ဘရာဇီး၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံတို့သည် သစ်တောများကို ပိုင်ဆိုင်ထားကြကြောင်း၊

www.foreverspace.com.mm

ယင်းနိုင်ငံလေးနိုင်ငံအနက် သုံးနိုင်ငံသည် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်ကို ရင်ဆိုင်နေရသည့် အရှေ့တောင်အာရှဒေသအတွင်းတည်ရှိကြောင်း၊ အရှေ့တောင်အာရှဒေသသည် ကမ္ဘာ့ပေါ်၌ ရာသီဥတုပြောင်းလဲမှုအန္တရာယ်ကို အများဆုံးရင်ဆိုင်ရသည့် ဒေသဖြစ်ကြောင်း၊ လာမည့် ၂၁၀၀ ပြည့်နှစ်တွင် အပူချိန်သည် ၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်လာနိုင်ပြီး လာမည့် နှစ် ၂၀ အတွင်း မိုးကာလ၌မိုးနည်းခြင်း၊ မိုးခေါင်ခြင်း စသည်တို့ကိုကြုံတွေ့ရမည့် ခြောက်သွေ့သောရာသီဥတုကိုရင်ဆိုင်လာရမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသုတေသီတစ်ဦးဖြစ်သော သစ်တောသယံဇာတ သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA)ဒုတိယဥက္ကဋ္ဌ ဦးအုန်းက နိုင်ငံတကာမှ သုတေသနစစ်တမ်းများကိုကိုးကား၍ သတိပေးပြောကြားသည်။

"စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေကို တရားခံလို့သွားပြောမနေပါနဲ့။ သစ်တောတွေခုတ်နေတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကြောင့်လည်းပါတယ်" ဟု ၎င်းက ဆိုသည်။

"နာဂစ်မုန်တိုင်းတိုက်တုန်းက သစ်တောတွေရှိတဲ့နေရာမှာ အသေအပျောက်နည်းပြီး သစ်တောမရှိတဲ့ လယ်မြေတွေမှာ အစုလိုက်အပြုံလိုက် သေကျေကုန်ကြတယ်။ သစ်တောက သဘာဝခံစစ်ပဲ။ မုန်တိုင်းတိုက်ပြီးနောက်ပိုင်းမှာ အဲဒီသစ်တောတွေ တော်တော်ပြုန်းတီးသွားပြီ" ဟု မြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောများ၏ အရေးပါပုံကို ၎င်းက ထောက်ပြရှင်းလင်းသွားသည်။

FREDA အနေဖြင့် ဂျာမနီနှင့်ဂျပန်နိုင်ငံတို့မှ အဖွဲ့အစည်းအချို့နှင့် ပူးပေါင်းပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဒီရေတောပင်များကို ဧက ၁၀၀ အထိ ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခင်ရှိရင်းစွဲ ဒီရေတောပင်မျိုးစိတ်များထက် မျိုးစိတ်စုံလင်အောင် ဖြည့်ဆည်းစိုက်ပျိုးပြီး ဒီရေတောဥယျာဉ် (Mangrove Park) အသွင်ဖန်တီးသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဧရိယာ ၃၄ ဟက်တာ သန်းခန့်ကျယ်ဝန်းနေသေးသည့် မြန်မာ့သစ်တောများ၏ဧရိယာထက်ဝက်ခန့်ကို မခုတ်ဘဲ ထိန်းသိမ်းထားရှိပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာရောက်ပြီး နောင်တွင် နှစ်စဉ် သန်း ၂၀၀၀ ခန့်အထိ ဝင်ငွေရရှိနိုင်ပါကြောင်း သစ်တောပညာရှင်တစ်ဦးလည်းဖြစ်သူ ဦးအုန်းက အကြံပြုပြောကြားသွားသည်။

"Climate Change က စက်မှုထွန်းကားတဲ့နိုင်ငံတွေကြောင့်ပဲမဟုတ်ဘူး။ စက်မှုမထွန်းကားသေးတဲ့ မြန်မာနိုင်ငံတို့လိုနိုင်ငံတွေရဲ့ သစ်တောပြုန်းတီးမှုတွေကလည်း Climate Change ကို အထောက်အကူပြုစေပါတယ်။ ကျွန်မတို့ရဲ့ နောင်မျိုးဆက်တွေအတွက် စဉ်းစားရတော့မယ်။ အဲဒီအတွက် လူတိုင်းလူတိုင်းမှာ တာဝန်ရှိနေပြီ" ဟု စာရေးဆရာမဂျူးက ဆိုသည်။

ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်များအတွက် ကြိုတင်စဉ်းစားပြင်ဆင်ထားသည့်အရာများမှာ ကမ်းခြေဒေသများ

## တပ်ကုန်းဆင်သေချောင်း သီးနှံမျိုးစုံ နေပြည်တော်မြို့မ သပြေကုန်းဈေးနှင့် အာဟာရသုခဈေးတို့သို့ တင်ပို့

**နေပြည်တော်တပ်ကုန်း၊ ဒီဇင်ဘာ ၃၀**

နေပြည်တော်တပ်ကုန်းမြို့၏အနောက်ဘက်တွင်ရှိသော ဆင်သေချောင်း မြေနုကျွန်းပေါ်ဒေသမှထွက်ရှိသည့် ဟင်းသီးဟင်းရွက်နှင့် သီးနှံမျိုးစုံကို နေပြည်တော်မြို့မ သပြေကုန်းဈေးနှင့် အာဟာရသုခဈေးတို့သို့ ဒေသခံများက နေ့စဉ်တင်ပို့ရောင်းချလျက်ရှိပြီး ရှမ်းပြည်နယ်ထွက်သီးနှံများနှင့် အပြိုင်ဈေးကောင်းရလျက်ရှိကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရှိရသည်။

အဆိုပါဆင်သေချောင်း မြေနုကျွန်းပေါ်ဒေသ၏ အရှေ့ဘက်နှင့်အနောက်ဘက်ရှိကျေးရွာ ၁၉ ရွာမှ ရာသီအလိုက် အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ မုန်ညင်းမျိုးစုံ၊ မုန်လာထုပ်၊ ပန်းမုန်လာ၊ နှမ်း၊ နေကြာနှင့် ဆီထွက်သီးနှံမျိုးစုံကို ယခင်က နေပြည်တော်တပ်ကုန်းဈေးနှင့် အနီးပတ်ဝန်းကျင် မြို့၊ ရွာသို့သာ တင်ပို့ရောင်းချလေ့ရှိသော်လည်း ယခုအခါ နေပြည်တော်မြို့မ သပြေကုန်းဈေးနှင့် အာဟာရသုခဈေးတို့သို့တင်ပို့ရောင်းချနေရပြီး ဝယ်ယူသူများကြိုက်နှစ်သက်သော အရည်အသွေးရရှိသည်နှင့်အညီ ဈေးကောင်းရရှိကြောင်း ဒဟတ်ကုန်းရွာ တောင်သူနှင့် ဆန်စက်လုပ်ငန်းရှင် ဦးလှအောင်က ပြောကြားသည်။

ဆင်သေချောင်း မြေနုကျွန်းပေါ်ဒေသမှာ မြေဩဇာကောင်းမွန်ပြီး ဟင်းစားသီးနှံအစုံကို ရာသီအချိန်အခါအလိုက် စိုက်ပျိုးရရှိနိုင်ကြောင်း၊ မြေသာမက ရေချိုရရှိမှုအနေအထားပါ ကောင်းမွန်သောကြောင့် ကြံအမျိုးအစားအစုံကိုလည်း စိုက်ပျိုးအောင်မြင်ကြောင်း၊ ယင်း မြေနုကျွန်းပေါ်ဒေသတွင် ဇေင်အုပ်စုကုမ္ပဏီက ဒဟတ်ကုန်းသကြားစက်ကို တည်ထောင်ထားရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်သေချောင်းသည် ပဲခူးရိုးမတောင်ကြော ဒေသအခေါ် မုဆိုးမတောင်နှင့် ဖိုးစောင်တောင်တန်းများ၏ အနောက်မှအရှေ့သို့ဖြတ်ကာ နေပြည်တော်တပ်ကုန်းမြို့သို့ အရှေ့မှတောင်သို့ ဖြတ်သန်းစီးဆင်းကြောင်း၊ ပထမ နေပြည်တော်ပျဉ်းမနား ငလိုက်ချောင်းနှင့်ပေါင်းစုံ၍ ဒုတိယ ပေါင်းလောင်းမြစ်သို့စီးဝင်ကာ တတိယ စစ်တောင်းမြစ်နှင့်ပေါင်းပြီး မုတ္တမပင်လယ်ကွေ့ထဲသို့ စီးဝင်သည်။

**အေးကျော့ခိုင်**

www.foreverspace.com.mm




ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအတွက် ပထမဦးဆုံးကျင်းပ သည့် Forum ပင်ဖြစ်သည်

ကြောင့် ထိခိုက်ပျက်ယွင်းလာနိုင်သည့် ကဏ္ဍငါးခုမှာ (၁) လယ်ယာစိုက်ပျိုးရေး၊ (၂) ကျန်းမာရေး၊ (၃) သဘာဝဘေးအန္တရာယ်များ၊ (၄) သစ်တောပြုန်းတီးမှုနှင့် ဇီဝမျိုးတုံးပျောက်ကွယ်ခြင်းနှင့် (၅) ရေရရှိမှုခက်ခဲခြင်းတို့ပင်ဖြစ်ကြောင်း ၎င်းကဖြည့်စွက်သတိပေး ဆွေးနွေးသွားသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တည်ထောင်သည့် (၁၂) နှစ်ပြည့်အထိမ်းအမှတ်နှင့် ဘာသာရပ်ဆိုင်ရာဟောပြောပွဲများ၏ လေးနှစ်ပြည့်အထိမ်းအမှတ် ကျင်းပပြုလုပ်သည့် အဆိုပါစကားဝိုင်းဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၌ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအတွက် ပထမဦးဆုံးကျင်းပ



သည့် Forum ပင်ဖြစ်ပြီး ဦးဆောင်ဆွေးနွေးသူ (Moderater) အဖြစ် မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သုတေသနလုပ်ငန်းများဆောင်ရွက်နေသည့် Eco Dev. အဖွဲ့အစည်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမျိုးသူ၊ ပါဝင်ဆွေးနွေးသူများ (Panelists) အဖြစ် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် နှစ် ၄၀ ကျော်တာဝန်ထမ်းဆောင်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်တာဝန်မှ အငြိမ်းစားယူခဲ့သည့် မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်၊ မြန်မာနိုင်ငံအလယ်ပိုင်းမိုးနည်းဒေသ ပုပ္ပားတောင်စိမ်းလန်းစိုပြည်ရေးနှင့်

ရှိ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးလွယ်သောဒေသများ၊ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသများ၊ ရေခဲတောင်များအရည်ပျော်စီးဝင်နိုင်သော ဧရာဝတီကဲ့သို့ မြစ်များ၊ စားနပ်ရိက္ခာနှင့် ရောဂါဘယတားဆီးရေးတို့ပင်ဖြစ်ကြောင်း သူမက ပြောကြားသည်။

"မြန်မာနိုင်ငံက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုနည်းနေပေမယ့် သစ်တောပြုန်းတီးမှုက ကမ္ဘာ့အဆင့် (၄) မှာ ရှိနေတယ်" ဟု အဆိုပါ Forum ကို ဦးဆောင်ဆွေးနွေးသူ (Moderater) ဦးဝင်းမျိုးသူက ဆိုသည်။ ရာသီဥတုပြောင်းလဲမှု



သစ်တောပြုန်းတီးမှုမှာ ကမ္ဘာ့အဆင့်(၄)တွင်ရှိနေသည်

www.foreverspace.com.mm

မြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောများပြုစုပျိုးထောင်ရေးတို့ကိုဆောင်ရွက်ခဲ့သဖြင့် ဂျပန်နိုင်ငံက ရွေးချယ်ချီးမြှင့်သော ကမ္ဘာ့မြေကိုချစ်သောသူ ၁၀၀ စာရင်းတွင်ပါဝင်ခဲ့သူ သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းဒုတိယဥက္ကဋ္ဌ သစ်တောပညာရှင် ဦးအုန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှဆောင်ရွက်လျက်ရှိပြီး ယင်းနှင့်စပ်လျဉ်းသည့် စာပေနှင့်ဆောင်းပါးများ ရေးသားလျက်ရှိသူ စာရေးဆရာမဂျူးတို့က ဆောင်ရွက်ခဲ့ကြသည်။

“ရာသီဥတုပြောင်းလဲလို့ ကျွန်တော်တို့နေထိုင်မှုအလေ့အထနဲ့ Habitat တွေပါ ပြောင်းကုန်ပြီ။ ဒီကိစ္စက လူတန်းစားအလွှာအားလုံးနဲ့ဆိုင်လာပြီ” ဟု ဦးအုန်းက သုံးသပ်ပြောကြားသည်။


နာဂစ်မုန်တိုင်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ရလဒ်တစ်ခုဖြစ်သည်



# မြန်မာ-အိန္ဒိယ ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မည်ဟုဆို

**ကိုလ်ကတ္တား၊ ဒီဇင်ဘာ ၄**

နှစ်နိုင်ငံ နှစ်စဉ်ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၁၀၀၀ နှင့် အထက်ရှိလာနိုင်သည့် မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းတည်ဆောက်ရေး ဆွေးနွေးမှုများပြုလုပ်လျက်ရှိရာ လာမည့် ၂ နှစ်၊ သုံးနှစ်အတွင်း မြန်မာ–အိန္ဒိယ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေးစီမံကိန်း စတင်အကောင်အထည်ဖော်နိုင်ဖွယ်ရှိကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၏ ပြောကြားမှုကို ကိုးကား၍ IANS သတင်းမီဒီယာက ဖော်ပြသည်။



အိန္ဒိယနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီများဖြစ်သော GAIL ၊ ESSAR ၊ ONGC နှင့် IOC တို့သည် မြန်မာနိုင်ငံ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ရှိ စွမ်းအင်လုပ်ကွက်ကြီးများမှ ထွက်ရှိလာမည့် ဓာတ်ငွေ့များကို အိန္ဒိယနိုင်ငံသို့ ပိုက်လိုင်းများမှတစ်ဆင့် တင်ပို့မည်ဆိုပါက အဆိုပါဓာတ်ငွေ့ပိုက်လိုင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ဖြတ်ကျော်တည်ဆောက်ရမည်ဖြစ်ကြောင်း ဦးကြည်သိန်းကဆိုသည်။ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကိုလ်ကတ္တားမြို့၌ အိန္ဒိယကုန်သည်ကြီးများအသင်း၏ ကြီးမှူးစီစဉ်မှုဖြင့်ကျင်းပသော ဆွေးနွေးပွဲတစ်ခု၌ အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။ အိန္ဒိယ–မြန်မာ နှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးနေမည်ဟု မျှော်လင့်ထားကြောင်း ဦးကြည်သိန်းက ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံသည် ယခုနှစ်အတွင်း ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှ တရုတ်နိုင်ငံ ရွှေလီမြို့အထိ ကီလိုမီတာ ၁၁၀၀ အရှည်ရှိ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေးစီမံကိန်းကို သဘောတူခွင့်ပြုထားပြီးဖြစ်ရာ ယခုအခါ အဆိုပါ မြန်မာ–တရုတ် ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို တရုတ်နိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီများက စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်သည်။

■

www.foreverspace.com.mm

# သာမဏေကျန်းမာရေးဝန်ဆောင်မှုအဖွဲ့ သာမဏေ ၂၅၀၀ ကျော် ဆေးဝါးကုသခဲ့ပြီးဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၁၁**



စေတနာ့ဝန်ထမ်းလူငယ်များဖြင့် ဖွဲ့စည်းထားသော ရှင်သာမဏေကျန်းမာရေး ဝန်ဆောင်မှုအထောက်အကူပြုအဖွဲ့သည် ဘုန်းတော်ကြီးကျောင်းအသီးသီးမှ ရှင်သာမဏေစုစုပေါင်းအပါးရေ ၂၅၀၀ ကျော်ကို ဆေးဝါးကုသကျန်းမာရေးစောင့်ရှောက်ခဲ့ပြီးဖြစ်ကြောင်း အဆိုပါအဖွဲ့မှ တာဝန်ခံ ဦးမင်းလွင်က Living Color သို့ ပြောကြားသည်။

အဆိုပါအဖွဲ့ကို စေတနာ့ဝန်ထမ်းဆရာဝန်၊ သူနာပြုနှင့် လူငယ်များ စုစည်း၍ ၂၀၀၈ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင် သာကေတမြို့နယ် အောင်မြေဘုံစံကျောင်းတိုက်မှ သာမဏေများကို ပထမဦးဆုံးအကြိမ်ဆေးဝါးကုသကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြကြောင်း၊ ၂၀၀၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလဆန်းအထိ ဘုန်းတော်ကြီးကျောင်းပေါင်း ၆၀ ကျော်ရှိ သာမဏေ ၂၅၀၀ ပါးကျော်ကို ပဏာမကျန်းမာရေးစစ်ဆေးခြင်း၊ ပွေး၊ ဝဲ၊ ယားနာများ ကုသပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အခြေခံကျန်းမာရေးအသိပညာပေးခြင်း၊ သက်န်းများလျှော်ဖွပ်ပေးခြင်း၊ ကျောင်းတိုက်များအတွင်း သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ဆံရိတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် စာသင်တိုက်များတွင် ဗလာစာအုပ်၊ ဘောပင်နှင့် ခဲတံများကိုလည်း လှူဒါန်းခဲ့ကြကြောင်း ၎င်းကရှင်းပြသည်။

"အဓိကရည်ရွယ်ချက်က ကိုရင်လေးတွေ ကိုယ်ကျန်းမာစိတ်ချမ်းချမ်းသာသာနဲ့ တရားအားထုတ်နိုင်စေဖို့ပါ။ ဆရာတော်၊ ဦးပဥ္စင်းတွေနဲ့ ကိုရင်ကြီးတွေက ကိုရင်လေးတွေရဲ့ကျန်းမာရေးကို မိဘတွေလောက် အသေးစိတ် ဂရုမစိုက်နိုင်ကြဘူးလေ။ တချို့ကျောင်းတွေမှာက နေရာအခက်အခဲကြောင့် ပူးကပ်အိပ်ရတော့ ကိုရင်တွေရဲ့ ပွေး၊ ဝဲ၊ ယားနာတွေက တစ်ပါးနဲ့တစ်ပါး ကူးလွယ်ကြတယ်။ လုံးဝပျောက်ကင်းအောင် ကုသနိုင်ဖို့ဆိုရင် အနည်းဆုံး နှစ်ခေါက်သုံးခေါက်သွားမှရမယ်။ စေတနာရှင်တွေရဲ့ အကူအညီတွေ အများကြီးလိုပါတယ်" ဟု အဖွဲ့ဝင်တစ်ဦးက သုံးသပ်ပြောကြားသည်။

# မျက်စိအတွင်းတိမ်ဖြစ်မှု ၆၀ ရာခိုင်နှုန်းကျော် အမျိုးသမီးများဟုဆို

**သတင်းဆောင်းပါး– ခင်ဌေးကြွယ် (၁၀–၁–၂၀၁၀)**

**မျက်စိနှင့်ပတ်သက်သောရောဂါများအနက် ဖြစ်ပွားမှုအများဆုံးဟုဆိုသော မျက်စိအတွင်းတိမ်ဖြစ်ပွားသူဝေဒနာရှင်တစ်ရာလျှင် ၆၀ ရာခိုင်နှုန်းကျော်သည် အမျိုးသမီးများဖြစ်ကြောင်း မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကံညွန့်က Living Color သို့ ပြောကြားသည်။**

"အတွင်းတိမ်ဖြစ်သူတွေရဲ့ ၆၅ ရာခိုင်နှုန်းလောက်ဟာ အမျိုးသမီးတွေပါ" ဟု ၎င်းကဆိုသည်။ အထူးသဖြင့် နယ်ဒေသများတွင်တွေ့ရကြောင်း၊ ရခိုင်ပြည်နယ်၏ မြို့နယ်အများအပြားတွင် အတွင်းတိမ်ဖြစ်ပွားနေသည့်အမျိုးသမီးအများစုကို တွေ့ရကြောင်း ဒေါက်တာကံညွန့်က ဆိုသည်။

အမျိုးသမီးများ အတွင်းတိမ်ဖြစ်ပွားမှုများပြားလာရခြင်းမှာ မီးဖိုချောင်အဝင်များ၍ အပူနှင့်အမြဲထိတွေ့နေခြင်းကြောင့် ဟုလည်းဆိုသည်။ ထို့အပြင် နေပူဒဏ်ခံရခြင်း၊ လေတိုက်ခြင်းတို့ကြောင့်လည်းဖြစ်

www.foreverspace.com.mm

ပွားတတ်ပြီး ပင်လယ်ရေပြင်နှင့်နီးစပ်ပါက လည်း အတွင်းတိမ်ဖြစ်ပွားတတ်ကြောင်း ၎င်းက ရှင်းပြသည်။

အတွင်းတိမ်ဖြစ်ပွားမှုနှုန်းသည် ကျေးလက်တွင်သာမက မြို့ပြဒေသများ တွင်ပါ ဖြစ်ပွားလာကြကြောင်း၊ ဖြစ်ပွား မှုတွင် လူကြီးပိုင်းများအပြင် လူလတ်ပိုင်း၊ လူငယ်ပိုင်းအချို့ကိုပါ တွေ့မြင်လာရ ကြောင်း၊ အတွင်းတိမ်ဖြစ်ပွားပါက ချက် ချင်းကုသသင့်ပြီး ကုသခြင်းမပြုဘဲထားပါ က ကွယ်သွားနိုင်သည်အထိ အန္တရာယ်များ ကြောင်း၊ မျက်စိဝေဒနာခံစားရပါက ပြင်ပ ဆေးဆိုင်များမှ အလွယ်တကူရရှိသည့် ဆေးများ၊ ဆေးရည်များကို အသုံးမပြုဘဲ နားလည်တတ်ကျွမ်းသည့် ဆရာဝန်များ ဖြင့် တိုင်ပင်ဆွေးနွေးပြသသင့်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ မျက်စိ ဆရာဝန်တစ်ဦးက ပြောကြားသည်။

အမျိုးသမီးများအနေဖြင့် ချက်ပြုတ် ကြော်လှော်မှုနေ့စဉ်ပြုလုပ်ရသော်လည်း မီး ဖိုနှင့်နီးကပ်စွာမနေသင့်ကြောင်း၊ ကြော် လှော်နေချိန်၌လည်း မီးအပူနားတွင် အချိန် ကြာကြာမနေသင့်ကြောင်း၊ ဖြစ်နိုင်ပါက အတားအဆီးအကာအကွယ်ပြုလုပ်၍ ချက် ပြုတ်သင့်ကြောင်း ၎င်းက ဆက်လက်ဆို သည်။

"မြင်တဲ့အတိုင်းပါပဲကွယ်။ မီးတရဲရဲ နဲ့ ဒီလိုမျိုး နေ့တိုင်းမကြော်လည်း ထမင်း ငတ်သွားမှာပေါ့" ဟု ရန်ကုန်မြို့တော်၊ ဆူးလေအနီး၌ အကြော်စုံရောင်းချနေသည့် အမျိုးသမီးကြီးတစ်ဦးက ပြောကြားသည်။ အမျိုးသမီးများသည် မိန်းမသဘာဝအရ ကြော်လှော်ချက်ပြုတ်ရခြင်း၊ မီးဖိုချောင်ဝင် ရခြင်းကို အများစုက သဘောကျကြသည် ဟုလည်း ဆက်လက်ဆိုသည်။


မျက်စိဝေဒနာရှင်များအနေဖြင့် မြို့ပြဒေသတွင် ပြသကုသရန်လွယ်ကူသော် လည်း ကျေးလက်ဒေသများ၌ မလွယ်ကူ ကြောင်း၊ ထို့ကြောင့်ပင် တိမ်စွဲခြင်း၊ မျက်စိ ကွယ်ခြင်းတို့ကို ကျေးလက်ဒေသများ၌ပိုမို တွေ့လာရကြောင်း မျက်စိဆရာဝန်တစ်ဦး က ပြောကြားသည်။

"အဘွားမျက်စိတစ်ဖက်နဲ့ ဈေးဗန်း ထမ်းရောင်းလာတာ နှစ် ၂၀ နီးပါးရှိပြီ" ဟု ပဲခူးမြို့၊ မြို့သစ်ရပ်ကွက်မှ အသက် ၈၁ နှစ် အရွယ်ရှိ အဘွားတစ်ဦးကပြောကြားသည်။

စေတနာ့အလှူရှင်အချို့၏ ကုသိုလ် ပြုမှုကြောင့် အခမဲ့လာရောက်ကုသရခြင်း ဖြစ်ကြောင်း၊ မျက်စိကွယ်စကပင်ကုသလို သော်လည်း ငွေကြေးအခက်အခဲကြောင့် မကုသခဲ့ရကြောင်း၊ ဈေးရောင်းရသည့်ငွေမှာ လည်းပိုလျှံခြင်းမရှိဘဲ စားဝတ်နေရေး ပြေ လည်ရုံသာရှိကြောင်း၊ ကျောထောက် နောက်ခံသားသမီးနှစ်ဦးမှာလည်း အဝေး၌ ရောက်ရှိနေ၍ မြေးငယ်တစ်ဦးနှင့်အတူ ဈေးရောင်း စားသောက်နေရကြောင်း အဆို ပါအဘွားက ရှင်းပြသည်။ မျက်စိသည် လူသားတစ်ဦးအတွက် အရေးပါဆုံးဖြစ်၍ အခမဲ့ကုသပေးနိုင်ရန်အတွက် အလှူရှင် များများပေါ်ပေါက်လာစေရန် ဆန္ဒပြုပါ ကြောင်း ၎င်းက ပြောဆိုသည်။

အတွင်းတိမ်ဖြစ်ခြင်း၊ မျက်သား တက်ခြင်း၊ မျက်စိတိမ်စွဲခြင်း စသည့်ဝေဒနာ များဖြစ်ပါက ချက်ချင်းကုသသင့်ပြီး ကာကွယ်ရန်မှာမူ အစားအသောက် မျှမျှတ တစားရန်လိုကြောင်း၊ အဓိကအားဖြင့်

ရန်ကုန်မြို့ နတ်မောက်လမ်းရှိ မျက်စိအထူးကုဆေးရုံကြီး





www.foreverspace.com.mm

အသီးအရွက်များများစားခြင်း၊ ဝင်းဝါသည့် အသီးစားခြင်း၊ စိမ်းလန်းလတ်ဆတ်သည့်ဟင်းသီးဟင်းရွက်စားခြင်း၊ ဗီတာမင်အေဓာတ်များသည့် အသီးအနှံစားခြင်း၊ နွားနို့နေ့စဉ်မှန်မှန်သောက်ဖို့လိုခြင်း စသည့် အချက်များကို အလေးထားဆောင်ရွက်ရန် အရေးကြီးကြောင်း ဒေါက်တာကံညွန့်က အကြံပြုတိုက်တွန်းသည်။ ထို့ပြင် နေပူထဲထွက်ပါက နေကာမျက်မှန်တပ်ဆင်ရေးသည် အဓိကကျကြောင်းလည်း ၎င်းကဆိုသည်။


မြို့ပြတွင် ပြသကုသရန်လွယ်ကူသော်လည်း ကျေးလက်ဒေသတွင် မလွယ်ကူပေ



အမျိုးသမီးများသည် အမျိုးသားများထက် ကိုယ်ခံစွမ်းအားနည်းပါး၍ ကျန်းမာရေးဂရုစိုက်ရန်အရေးကြီးကြောင်း၊ အထူးသဖြင့် အမျိုးသမီးအများစုမှာ အသက် ၄၀ ကျော်ပါက အလိုအလျောက် မျက်စိမှုန်ခြင်း၊ မျက်ရိုးကိုက်ခြင်းတို့ဖြစ်ပွားတတ်ကြောင်း၊ အခြားအရေးကြီးသော အချက်မှာ အမျိုးသမီးများ ကလေးမွေးဖွားချိန်နှင့် ဓမ္မတာသွေးဆုံးချိန်တွင် ကြီးမားသည့်ဝေဒနာဖြစ်ပါက မျက်စိကွယ်သည်အထိ ဆုံးရှုံးမှုဖြစ်တတ်၍ အသက် ၄၀ ကျော်သည်နှင့် နေထိုင်စားသောက်မှု အထူးဂရုပြုရန်လိုကြောင်း တောင်ဥက္ကလာပမှ အထွေထွေရောဂါကုအမျိုးသမီးဆရာဝန်တစ်ဦးက ပြောကြားသည်။

ပြည်သူများသည် မျက်စိဝေဒနာအပြင် အခြားသောရောဂါအမျိုးမျိုးကိုလည်း ပိုမိုခံစားလာကြရကြောင်း၊ ထို့ကြောင့် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်သည်ဆိုသကဲ့သို့ မပြတ်သောသတိဖြင့် ကြိုတင်ကာကွယ်မှုပြုကြရန် အရေးကြီးကြောင်း၊ မြို့ပြဒေသများကဲ့သို့ ကျေးလက်ဒေသများတွင်ပါ ကျန်းမာရေးစောင့်ရှောက်မှုပိုမိုလုပ်ဆောင်နိုင်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့် ဆေးဝါးလုံလောက်မှုနှင့် ဆေးဝန်ထမ်းလုံလောက်မှု အားနည်းသေးသည်ကိုတွေ့ရကြောင်း၊ အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုအပြင် ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှု၊ ပုဂ္ဂလိကအလှူရှင်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုရန် အရေးကြီးနေကြောင်း အထူးကုဆရာဝန်ကြီးတစ်ဦးက သုံးသပ်ပြောကြားသည်။

# နွေစပါးစိုက်ရန် စိန်ကျွန်းရတနာကုမ္ပဏီ မြေဩဇာထုတ်ပေး

**ရန်ကုန်၊ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်း လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်အခြေစိုက် ဆန်စပါးအထူးပြုကုမ္ပဏီဖြစ်သည့် စိန်ကျွန်းရတနာကုမ္ပဏီသည် နွေစပါးစိုက်တောင်သူများကို တစ်ဧကလျှင် နှစ်အိတ် (ကျပ်လေးသောင်း) နှုန်းဖြင့် ဓာတ်မြေဩဇာများ ထုတ်ပေးနေကြောင်း ကုမ္ပဏီအဖွဲ့ဝင်ဦးတုတ်က ပြောကြားသည်။

မော်ကျွန်းတွင် ကျေးရွာအုပ်စု ၁၀၀ ကျော်ခန့်ရှိပြီး လယ်ဧကသုံးသိန်းကျော်ရှိကာ နွေစပါးဧကတစ်သိန်းခွဲခန့် စိုက်ပျိုးပြီး ကျန်လယ်များမှာ ပဲနှင့် အခြားသီးနှံ

များစိုက်ပျိုးကြောင်း၊ ယခုနှစ်တွင် စပါးဈေးကောင်းသဖြင့် နွေစပါး အစိုက်များကြောင်း၊ ကုမ္ပဏီအနေဖြင့် ဧကသုံးသောင်းကျော်အတွက် ကျပ်သိန်းသုံးထောင်ကျော်ဖိုး ထုတ်ချေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



စိန်ကျွန်းရတနာကုမ္ပဏီအနေဖြင့် မိုးစပါးစိုက်ချိန်က လယ်ဧက ၁၆,၀၀၀ ခန့်အတွက် ကျပ်သိန်း ၃၀၀၀ ကျော်ကို ၂ ရာခိုင်နှုန်းအတိုးဖြင့် ထုတ်ချေးခဲ့ကြောင်း၊ ယခုအခါ သုံးပုံတစ်ပုံခန့် ပြန်ဆပ်ပေးပြီး ဇန်နဝါရီလ ၁၅ ရက်နေ့ အပြီးဆပ်ရမည်ဖြစ်ကြောင်းနှင့် နွေစပါးအတွက် ဧပြီလ အပြီးပြန်ဆပ်ရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယခုနှစ်တွင် စပါးဈေး ကျပ် လေးသိန်းနီးပါးရသဖြင့် နွေစပါးစိုက်လိုသူများပြားပြီး တစ်ဧကလျှင် အသီးအားတိုး၊ အပင်အားတိုးဓာတ်မြေဩဇာ ငါးအိတ်ခန့်ကျွေးရကြောင်း၊ လယ်အနိမ့်အမြင့်အနေအထားအလိုက် ရေ ငါးကြိမ်ခန့်တင်ရပြီး စက်သုံးဆီစရိတ် အပါအဝင်စရိတ် နှစ်သိန်းနီးပါး ကုန်ကျကြောင်း၊ နွေစပါးအများစုမှာ သုံးလခွဲ သက်တမ်းရှိပြီး မိုးလွတ်ရန် ဧပြီလ အပြီးရိတ်သိမ်းရကြောင်း ကွင်းချောင်းကျေးရွာမှ လယ်သမားတစ်ဦးက ပြောကြားသည်။

၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ ဆန်နှင့်ပဲ အထူးပြုကုမ္ပဏီများက တောင်သူများကို ၂ ရာခိုင်နှုန်းအတိုးဖြင့် စိုက်စရိတ်ပံ့ပိုးငွေများထုတ်ပေးလျက်ရှိပြီး ယခုအခါ ကုမ္ပဏီ ၄၀ ခန့်ရှိပြီဖြစ်သည်။

# ငွေဆောင်ကမ်းခြေ လက်ဆောင်ပစ္စည်းဆိုင်များ ရောင်းချမှုပုံစံပြောင်း

**သတင်းဆောင်းပါး–အိမွန်ကျော်၊ ၁၁–၁၂–၂၀၀၉**

**နာမည်ကျော် ငွေဆောင်ပင်လယ်ကမ်းခြေသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှု လျော့နည်းလာမှုကြောင့် ယခုနှစ်ခရီးသွားရာသီအတွင်း လက်ဆောင်ပစ္စည်းအရောင်းဆိုင်များ ပုံစံပြောင်းလဲ၍ရောင်းချလာကြောင်း ငွေဆောင်မြို့အတွင်းရှိ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များထံမှ စုံစမ်းသိရှိရသည်။**



အဆိုပါ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များသည် ဝင်ရောက်လာသောဧည့်သည်ပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲရောင်းချခြင်း၊ ပင်လယ်မှရရှိသော ခရု၊ ကမာ စသောပစ္စည်းများကို ခေတ်ပေါ်ပစ္စည်းများ ပုံစံတူတီထွင်ပြုလုပ်ခြင်းနှင့် ဒေသထွက်လက်ဆောင်ပစ္စည်းများနှင့် ဖန်စီပစ္စည်းများ တွဲဖက်ရောင်းချခြင်းများ ပြုလုပ်ခြင်းဖြင့် ဝယ်လိုအားကောင်းမွန်လာစေရန် ပြောင်းလဲရောင်းချလာကြကြောင်း ငွေဆောင်မြို့အတွင်းရှိ စကားဝါလက်ဆောင်ပစ္စည်းအရောင်းဆိုင်မှ အသက် ၃၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောကြား



www.foreverspace.com.mm

www.foreverspace.com.mm



သည်။

"ဈေးနှုန်းလျှော့ပြီး ရောင်းတာတော့ မဟုတ်ဘူး။ ဧည့်သည်ပေါ်ကြည့်ပြီး ဈေးပြောင်းရောင်းတာပေါ့နော်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်တို့ကလာတဲ့ ဧည့်သည်တွေဆို ငွေဖြုန်းနိုင်တယ်လေ။ အချို့မြို့တွေကျတော့ ငွေသိပ်မဖြုန်းနိုင်တော့ လာတဲ့ဧည့်သည် ပစ္စည်းဝယ်သွားနိုင်ဖို့ ဒီလိုဧည့်သည်တွေ ပေါ်လိုက်ပြီး ရောင်းနေရတာ" ဟု ၎င်းက ဆိုသည်။

ပင်လယ်ဒေသထွက် ခရု၊ ကမာ ပစ္စည်းများဖြင့် ခေတ်ပေါ်လူသုံးကုန်ပစ္စည်းများပြုလုပ်ရောင်းချခြင်းအပြင် ဖန်စီပစ္စည်းများပါ ရောနှောရောင်းချလျက်ရှိကြောင်း၊ အဆိုပါပစ္စည်းများကို ရောင်းချမှုပုံစံပြောင်းလဲ၍ ဝယ်လိုအားတိုးအောင် ပြုလုပ်ခြင်းဖြစ်ကြောင်း ဒေသထွက်လက်ဆောင်ပစ္စည်းနှင့် ငါးခြောက်ရောင်းဝယ်ရေးလုပ်ကိုင်သူ ရခိုင်အမျိုးသား ဦးထွန်းရှိန်က ပြောကြားသည်။

"မနှစ်ကတော့ ဧည့်သည်အဝင် မဆိုးဘူးပြောရမယ်။ ဒီနှစ်တော့ နည်းတယ်။ ဒါပေမဲ့လည်း Local တွေ တစ်အုပ်ပြီးတစ်အုပ်တော့ ဝင်လာကြပါတယ်။ ဒီအဖွဲ့ပြန်ပြီး နောက်အဖွဲ့တန်းဝင်ဖို့ရှိတယ်" ဟု ငွေဆောင်ကမ်းခြေရှိ Silver View ဟိုတယ် မန်နေဂျာက ဆိုသည်။

အလျားကိုးမိုင်ခန့်ရှည်လျားသော ငွေဆောင်ကမ်းခြေသို့ ပြည်ပမှ ဧည့်သည်နှင့် ပြည်တွင်းမှဧည့်သည် ဝင်ရောက်မှုသည် ယခင်နှစ်ထက်စာလျှင် လျော့နည်းနေသော်လည်း ဝင်ရောက်လာသော ဧည့်သည်များအနေဖြင့် အဆိုပါဒေသထွက်ပစ္စည်းများဝယ်ယူမှု လျော့နည်းလာကြောင်း၊ အဆိုပါ ဝင်ရောက်လာသော ဧည့်သည်တိုင်း ဒေသထွက်ပစ္စည်းများကို ဝယ်ယူနိုင်ရန် ဈေးနှုန်းပြောင်းလဲရောင်းချခြင်းအပြင် ဒီဇိုင်းဆန်းများ ပုံဖော်ပြုလုပ်ရောင်းချကြကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

"တချို့လက်ဆောင်ပစ္စည်းတွေကို ချောင်းသာကနေ လုပ်ပြီးသားမှာရင် ဈေးကြီးတော့ မမှာတော့ဘဲ ကုန်ကြမ်းယူပြီး ငွေဆောင်မှာတင် လုပ်ရောင်းတော့တယ်။ အရေအတွက်များများရောင်းရမှ မြတ်တာ။ အရင်ကလို ပစ္စည်းတစ်ခုကို အမြတ်များများတင်လို့မရတော့ဘူး" ဟု လက်ဆောင်ပစ္စည်းအရောင်းဆိုင်မှ ဒေါ်မိုးမိုးအေးက ဆိုသည်။

ငွေဆောင်ကမ်းခြေသို့ လာရောက်အပန်းဖြေသော အမေရိကန်အမျိုးသမီးတစ်ဦးက "ကမ်းခြေကိုကြိုက်တယ်။ ပင်လယ်ကထွက်တဲ့ သဘာဝသယံဇာတကို တန်ဖိုးထားတယ်။ အမှတ်တရ တစ်ခုခုဝယ်ရမယ်ဆိုရင် ပင်လယ်ထဲကထွက်တဲ့ ပစ္စည်းလေးပဲဝယ်မှာပေါ့။ တခြားမှာ လွယ်လွယ်ဝယ်နိုင်တာ ဒီမှာဘာလို့ဝယ်မှာလဲ" ဟု ပင်လယ်ထွက်ခရုဖြင့် ပြုလုပ်ထားသော လက်ဆောင်ပစ္စည်းများကို ဝယ်ယူနေရင်း ပြောကြားသည်။



ဧည့်သည်ဝင်ရောက်မှု လျော့နည်းလာသဖြင့် ဒေသထွက်ပစ္စည်းရောင်းချသည့်ပုံစံပြောင်းလဲလာသည်

အဆိုပါ အသွင်ဆန်းသစ်ရောင်းချရာတွင်လည်း ဧည့်သည်အဝင်နည်းသဖြင့် ဝယ်လိုအားကောင်းမလာကြောင်း၊ မာလာမုန်တိုင်းတိုက်ခိုက်ပြီး နောက်ပိုင်းမှစတင်ပြီး ဧည့်သည်အဝင်နည်းလာခဲ့ကြောင်း ဦးထွန်းရှိန်က ပြောကြားသည်။ ■

www.foreverspace.com.mm



# မြန်မာ့မီးရထားက ထုတ်ပြန်သည့်စည်းကမ်းများ မလိုက်နာ၍ ၂၀၀၉ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရရှိသေဆုံးသူတိုး

**ရန်ကုန်၊ ဒီဇင်ဘာ ၂၃**



မြန်မာ့မီးရထားက ခရီးသွားပြည်သူများအတွက် စည်းကမ်းချက်များထုတ်ပြန်ထားသော်လည်း ခရီးသည်များနှင့် အများပြည်သူများ လိုက်နာမှုအားနည်းသောကြောင့် ယခင်နှစ်ထက် ယခုနှစ် ၂၀၀၉ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူဦးရေ တိုးလာခဲ့ကြောင်း မြန်မာ့မီးရထားဝန်ထမ်းများ၏ ပြောကြားချက် အရသိရသည်။

"အခုဆို ဘူတာတွေရပ်ခါနီးမှာ ဟွန်းသံကို အဆက်မပြတ်တီးရမယ်လို့ ညွှန်ကြားထားပါတယ်" ဟု မြို့ပတ်ရထားမောင်းသူဝန်ထမ်းတစ်ဦးက ဆိုသည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ရန်ကုန်တိုင်း နယ်မြေအတွင်း ရထားဖြင့် ထိခိုက်ဒဏ်ရာရသူ ၁၄ ဦး၊ သေဆုံးသူ ခြောက်ဦးရှိခဲ့ရာမှ ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ စည်းကမ်းမလိုက်နာခြင်း၊ သတိမမူခြင်း၊ ပေါ့လျော့ခြင်းများကြောင့် ထိခိုက်ဒဏ်ရာရသူ ၂၈ ဦး၊ သေဆုံးသူ ၁၂ ဦးရှိခဲ့ကြောင်း မြန်မာ့မီးရထားဝန်ထမ်းများ၏ ပြောကြားချက်နှင့် သတိပေးကြေညာချက်အရ သိရသည်။

"ဒါတွေဟာ ရှေးကတည်းက အသိပေးထားတယ်။ ရထားသွားနေတုန်း ဖြတ်မကူးရတို့၊ ရထားလမ်းနဲ့မလွတ်တဲ့နေရာမှာမထိုင်ရတို့ ဆိုတာတွေ။ ဒါပေမဲ့ လူတွေရဲ့ မထေမဲ့မြင်ပြုမှုတွေကြောင့် ဒီလိုအဖြစ်တွေ တိုးလာရတာပါ" ဟု မြို့ပတ်ရထားစီးနင်းသူ အငြိမ်းစားဝန်ထမ်းတစ်ဦးက သုံးသပ်ပြောဆိုသည်။

**မင်းမျိုး**

# ဟိုတယ်လုပ်ငန်းများ ၂၀၁၀ နောက်ပိုင်း အကျိုးအမြတ်ပြန်ရနိုင်ဟုဆို

**သတင်းဆောင်းပါး–ခင်ဌေးကြွယ် (၂၁–၁၂–၂၀၀၉)**

**နှစ်အတော်ကြာ အရှုံးပေါ်နေခဲ့သည့် ဟိုတယ်လုပ်ငန်းများအနေဖြင့် မကြာမီရောက်ရှိလာတော့မည့် ၂၀၁၀ ပြည့်နှစ်နှင့် နောက်ပိုင်းတွင် အကျိုးအမြတ်များပြန်လည်ရရှိနိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်ရွှေက ပြောကြားသည်။**

ဒီဇင်ဘာလ ၁၈ ရက်နေ့က ရန်ကုန်မြို့ Asia Plaza Hotel ၌ ပြုလုပ်ခဲ့သော မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) ၏ နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

ဟိုတယ်အချို့သည် ၁၉၉၀–၉၁ ခုနှစ်တို့တွင် အလုပ်ဖြစ်ခဲ့သော်လည်း ၁၉၉၆ ခုနှစ်မှစ၍ အရှုံးပေါ်ခဲ့ကြကြောင်း၊ ယခုနှစ် သုံးလေးနှစ်အတွင်း လုပ်ကိုင်ခဲ့ကြသည့် ဟိုတယ်အများစုမှာ မျှော်မှန်းဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းဝန်းကျင်ဖြင့် ရပ်တည်လာခဲ့ကြကြောင်း၊ သို့သော် လာမည့်နှစ် ၂၀၁၀ ပြည့်နှစ်တွင် ပြည်ပဧည့်သည် တစ်သန်းအထိလာရောက်စေရန် မျှော်မှန်းထား

www.foreverspace.com.mm

ကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံလိုသည့် ဟိုတယ်လုပ်ငန်းရှင်များအတွက်လည်း အခွင့်အခါကောင်းဖြစ်လာနိုင်ကြောင်း ဦးခင်ရွှေက ဆိုသည်။

ဟိုတယ်လုပ်ငန်းများ အရှုံးပေါ်နေခြင်းမှာ ပြည်ပခရီးသွား ဆက်တိုက်လျော့ကျမှုကြောင့်ဟု ၎င်း၏အဆိုအရ သိရသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများနှင့်ဆက်စပ်နေသည့် ဟိုတယ်လုပ်ငန်းအများစုမှာ အရှုံးပေါ်နေခဲ့သော်လည်း ရန်ကုန်ရှိ ဟိုတယ်အများစုမှာမူ ယခုအခါ ပြည်ပခရီးသွားအများအပြား ဝင်ရောက်လည်ပတ်နေခြင်းကြောင့် အခန်းများ ပြည့်လုနီးပါးရှိသည်ဟု အစည်းအဝေးတက်ရောက်လာသည့် ကျောက်တံတားမြို့နယ်တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက Living Color သို့ ပြောကြားသည်။

သို့သော် ပြည်ပဧည့်သည်အများစုလာရောက်လည်ပတ်မှုသည် လွန်ခဲ့သည့်နှစ်လခန့်ကသာဖြစ်၍ ရရှိသည့်ဝင်ငွေသည် ရင်းနှီးမြှုပ်နှံထားသည်နှင့်ယှဉ်ပါက ရာခိုင်နှုန်းအလွန်နည်းပါးသည်ဟုလည်း ၎င်းက ထပ်မံပြောကြားသည်။


မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားလာရောက်မှုသည် အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်ပါက အလွန်နည်းပါးနေကြောင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ တစ်နှစ်လျှင် ဧည့်သည် နှစ်သန်းရောက်နေချိန်တွင် မြန်မာနိုင်ငံသို့ တစ်နှစ်လျှင် နှစ်သိန်းဝန်းကျင်သာ လာရောက်ခဲ့သည်ကို တွေ့ရကြောင်း၊ အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ခရီးသည်ဝင်ရောက်မှုမှာလည်း တစ်နှစ်လျှင် ၁၀ သန်းကျော်ရှိကြောင်း ဦးခင်ရွှေက ဆိုသည်။

ယင်းသို့ပြည်ပခရီးသွားလာရောက်လည်ပတ်မှုနည်းပါးရခြင်းမှာ ပြည်ဝင်ခွင့် (ဗီဇာ) ခက်ခဲခြင်း၊ သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်ခြင်း၊ လေကြောင်းလိုင်းများနည်းပါးခြင်း စသည့်အချက်များသည် အဓိကကျကြောင်း၊ ယင်းအခက်အခဲများသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ဖြေလျှော့လာနိုင်ခြင်းကြောင့် ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများလည်း တိုးတက်ဖွံ့ဖြိုးလာမည်မှာ သေချာကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံရှိ ဟိုတယ်အများစု၌ တည်းခိုခနှုန်းသည် ပြည်ပနိုင်ငံများနှင့်ယှဉ်ပါက ၅၀ ရာခိုင်နှုန်းနီးပါးထိ သက်သာကြောင်း၊ ဟိုတယ်အချို့မှာ ခရီးသွားအဝင်နည်းပါးခြင်းကြောင့် ဝန်ဆောင်ခလျှော့ချမှုကို ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ နှစ်ဆန်းပိုင်းတို့တွင် ပြုလုပ်ခဲ့ကြကြောင်း ရန်ကုန်အခြေစိုက် ကြယ်လေးပွင့်အဆင့်ရှိ ဟိုတယ်ဖွင့်လှစ်ထားသူ လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



ပြည်ပဧည့်သည်သန်းချီဝင်ရောက်ပါက ဟိုတယ်အခန်းအခက်အခဲနှင့် ကြုံတွေ့နိုင်သည်



ဧည့်သည်ဝင်ရောက်မှုမှာအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးနေသည်

"အခန်းအားလုံး ပြည့်တယ်ဆိုတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ အရင်ထက်အဝင်များတာတော့အမှန်ပဲ" ဟု ဆိုသည်။ ဧည့်သည်အဝင်များသော်လည်း အခွန်အခ၊ ဝန်ထမ်းစရိတ်၊ လောင်စာဆီ စသည့် အထွေထွေစရိတ်များကို အပြည့်အဝ မကာမိနိုင်သေးဟုလည်း ၎င်းက ရှင်းပြသည်။ ယခုနှစ်အတွက် ခရီးသွားတစ်သန်းခွဲမှန်းထားသော်လည်း ပြည့်မီမည်ဟုမထင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောဆိုသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ဟိုတယ်

www.foreverspace.com.mm



ပေါင်း ၆၂၁ လုံးရှိပြီး အခန်းပေါင်း ၂၀,၃၅၇ ခန့် ရှိကြောင်း၊ ယင်းဟိုတယ်နှင့် အခန်းများသည် ဧည့်သည် ငါးသိန်းဝန်းကျင်ကိုသာ ကောင်းမွန်စွာလက်ခံနိုင်မည်ဖြစ်၍ ပြည်ပဧည့်သည် သန်းချီဝင်ရောက်လာပါက ဟိုတယ်အခန်း အခက်အခဲများနှင့်ကြုံတွေ့ရနိုင်ကြောင်း၊ ထို့ကြောင့် ဟိုတယ်အသေးစားများ၊ မိုတယ်များ၊ တည်းခိုရိပ်သာများလည်း ဧည့်သည်များပြည့်လာနိုင်၍ စနစ်တကျကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် အရေးကြီးကြောင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်နှင့် ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက အသိပေးပြောကြားသည်။




ဧည့်သည်ဝင်ရောက်မှုမှာအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးနေသည်

ဟိုတယ်ဝန်ထမ်းများကိုလည်း အကောင်းဆုံးဝန်ဆောင်မှုများပေးနိုင်အောင် လေ့ကျင့်ထားသင့်သည်ဟု ၎င်းက ထပ်မံအကြံပြုပြောကြားသည်။

မြန်မာနိုင်ငံရှိ ဟိုတယ်များအနက် ရန်ကုန်မြို့တော်ရှိ ဟိုတယ်ကြီးအချို့နှင့် မန္တလေး၊ ပုဂံ-ညောင်ဦး၊ တောင်ကြီး၊ ချောင်းသာ စသည့် ကမ္ဘာလှည့်ခရီးသွားအများစု သွားရောက်လည်ပတ်ရာနေရာများမှ ဟိုတယ်များမှာ အခန်းပြည့်နေသော်လည်း မြန်မာနိုင်ငံ၏ သာယာလှပမှုအရှိဆုံးဟု လူသိများထင်ရှားကျော်ကြားသော ငပလီကမ်းခြေရှိဟိုတယ်အများစုမှာ ဧည့်သည်ဝင်ရောက်မှုနည်းပါးဆဲဖြစ်ကြောင်း ငပလီဟိုတယ်ဇုန်မှ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အလားတူနာမည်ကျော် ငွေဆောင်အပန်းဖြေစခန်းမှ ဟိုတယ်များမှာလည်း စနေ၊ တနင်္ဂနွေ စသည့် ရုံးပိတ်ရက်များမှလွဲ၍ အခြားသောရက်များတွင် ဧည့်သည်အဝင်နည်းပါးသေးကြောင်း ယင်းဒေသရှိ ဟိုတယ်တစ်ခု၏မန်နေဂျာကပြောကြားသည်။

မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဝင်ရောက်မှုသည် ၂၀၀၆ တွင် ၂၆၃,၃၁၄ ဦး၊ ၂၀၀၇ တွင် ၂၄၈,၀၇၆ ဦး၊ ၂၀၀၈ တွင် ၁၇၇,၀၀၀ ဦး လာရောက်လည်ပတ်ခဲ့ပြီး ယခုနှစ် ၂၀၀၉ ခုနှစ်တွင် ခရီးသွား တစ်သန်းကျော်အထိ မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ စာရင်းဇယားများအရ သိရသည်။

ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာရေးကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများကို သက်ဆိုင်ရာဌာနများကလည်း ချုပ်ကိုင်မထားကြောင်း၊ ခရီးသွားလုပ်ငန်းများကို ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံတွင်မဆို အစိုးရက ချုပ်ကိုင်မထားကြောင်း၊ ခရီးသွားနှင့် ဟိုတယ်လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးထားကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အတတ်နိုင်ဆုံးဖြေလျှော့မှုများ ပြုလုပ်ပေးနေကြောင်း၊ ၂၀၁၀ နောက်ပိုင်းတွင် အပြောင်းအလဲများဖြစ်လာမည်ဖြစ်၍ ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများကို ယခုထက် ပိုမိုလွတ်လပ်စွာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်မြင့်က ဒီဇင်ဘာလ ၁၈ ရက် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) နှစ်ပတ်လည်အခမ်းအနား၌ ထည့်သွင်းပြောကြားသည်။

www.foreverspace.com.mm

မြန်မာနိုင်ငံ၏ ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများကို အခြားနိုင်ငံများကဲ့သို့ တိုးတက်စေလိုပါက အခြားတိုင်းပြည်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာ၍ ကျင့်သုံးသင့်သည်ကို ကျင့်သုံး၍ လက်တွေ့အသုံးချရန်လိုကြောင်း၊ ပြည်ပဧည့်သည်များကို ပြည်ဝင်ခွင့်ဗီဇာလွယ်ကူရေးဆောင်ရွက်ခြင်း၊ သွားရောက်လိုသည့် ဒေသများကို လွတ်လပ်စွာသွားရောက်လည်ပတ်ခွင့်ပြုခြင်း၊ တိုင်းရင်းသားဓလေ့များကို လွတ်လပ်စွာလေ့လာခွင့်ပြုခြင်း၊ သွားရောက်လည်ပတ်ဖွယ်ရာနှင့် စိတ်ဝင်စားစရာနေရာများ ဖန်တီးပေးခြင်း၊ ယင်းတို့မှ ကျသင့်သလောက် အခွန်အခကောက်ခံခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်း၊ ဆက်သွယ်ရေးလွယ်ကူရန်ဖန်တီးပေးခြင်း စသည့် အရေးပါသည့်အရာများကို ဆောင်ရွက်ပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ပေးသင့်ကြောင်း နိုင်ငံတကာအတွေ့အကြုံရှိ ခရီးသွားလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။



နိုင်ငံခြားတိုင်းပြည်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာကျင့်သုံးသင့်သည်

# သုံးစုံတွဲအမှိုက်ပုံး ရန်ကုန်ကျောင်းများသို့ ဖြန့်ဖြူး

**ရန်ကုန်၊ ဒီဇင်ဘာ ၁၁**

အမှိုက်အမျိုးအစား သုံးမျိုးခွဲထည့်နိုင်သည့် သုံးစုံတွဲအမှိုက်ပုံးများကို ရန်ကုန်မြို့တော်ရှိ အခြေခံပညာကျောင်းများသို့ ပလတ်စတစ်လုပ်ငန်းရှင်များက ဒီဇင်ဘာလအတွင်း ပထမအကြိမ် လှူဒါန်းဖြန့်ဖြူးခဲ့ပြီးဖြစ်ကြောင်း ဒဂုံဆိပ်ကမ်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးလွင်က ပြောကြားသည်။

ယင်းသို့ လုပ်ဆောင်ခြင်းသည် လက်ရှိသိမ်းဆည်းလျက်ရှိသော အမှိုက်သိမ်းစနစ်ကို ပိုမိုကောင်းမွန်သည့်စနစ်အဖြစ် မြှင့်တင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်သည့် ပထမအဆင့်လုပ်ငန်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"အဓိက,ကတော့ ကျောင်းတွေမှာ စနစ်တကျအမှိုက်ပစ်တတ်တဲ့ အလေ့အထ ရစေဖို့ပါ" ဟု ဦးအေးလွင်ကဆိုသည်။



ယင်းသို့လှူဒါန်းရာတွင် အနီရောင်၊ အပြာရောင်၊ အစိမ်းရောင် အမှိုက်ပုံးသုံးစုံကို အစုံပေါင်း ၁၀၀ စတင်လှူဒါန်းခဲ့ပြီး အနီရောင်အမှိုက်ပုံးတွင် ပြန်လည်သန့်စင်ထုတ်လုပ်နိုင်သည့် ပလတ်စတစ်အိတ်များထည့်ရန်၊ အပြာရောင်အမှိုက်ပုံးတွင် အခြားပလတ်စတစ်နှင့် သတ္တုဘူးခွံများထည့်ရန်နှင့် အစိမ်းရောင်အမှိုက်ပုံးတွင် စားကြွင်းစားကျန်များထည့်ရန် သတ်မှတ်ပေးထားကြောင်း၊ ထိုစနစ်သည် စင်ကာပူနှင့် ဂျပန်နိုင်ငံတို့တွင် အသုံးပြုသည့် အမှိုက်ပစ်စနစ်အတိုင်း အသုံးပြုထားခြင်းဖြစ်ကြောင်းနှင့် ယင်းသို့လုပ်ခြင်းဖြင့် ပြန်လည်ပြုပြင်လုပ်နိုင်သောအိတ်များကိုစုဆောင်းရာတွင် လွယ်ကူစေမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ရှင်းပြသည်။

**မင်းမျိုး**

www.foreverspace.com.mm



# ရန်ကုန်-မော်ကျွန်းသင်္ဘောတန်ဆာခ သဒ္ဒါကြေးသာရဟုဆို

ရန်ကုန်၊ ဒီဇင်ဘာ ၂၂

ရန်ကုန်-မော်ကျွန်းထွက်သည့် သင်္ဘောစင်းရေများပြီး ကုန်ရရှိမှု နည်းလာသဖြင့် ကုန်တန်ဆာခ သဒ္ဒါသရွေ့ ပေးသည်ကို ရယူနေရကြောင်း ဂါမဏိသင်္ဘောမှ ဦးကျော်မြင့်က ပြောကြားသည်။

ရန်ကုန်-မော်လမြိုင်ကျွန်းသင်္ဘော ခရီးစဉ်တွင် လူစီးသီးသန့်နှစ်စင်း၊ လူစီးကုန်တင်သုံးစင်း စုစုပေါင်း နေ့စဉ် ငါးစင်း ပြေးဆွဲရုံသာမက ဆန်အိတ်တစ်သောင်း (တန် ၅၀၀) တင်နိုင်သည့် ကုန်သင်္ဘော တစ်စင်းပါ အပြိုင်အဆိုင် ပြေးဆွဲလာသဖြင့် လူစီးကုန်တင် နှစ်ထပ်သင်္ဘောများ ကုန်မရတော့၍ ကုန်တင်မည့်ကုန်သည်များကို ကုန်တင်ခသဒ္ဒါသရွေ့ပေးရန် ပြောဆိုနေရကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ယခင်က ဘိလပ်မြေတစ်အိတ် တန်ဆာခ ၁၅၀ ကျပ် ရရှိသော်လည်း ယခု ၁၀၀ ကျပ်သာရရှိကြောင်း၊ ယင်း ၁၀၀ ကျပ်တွင် ကော်မရှင် ၁၀ ကျပ်ပေးရသဖြင့် သင်္ဘောအနေဖြင့် ၉၀ ကျပ်သာ ခံစားခွင့်ရှိကြောင်း သင်္ဘောစာရေးတစ်ဦးက ဆိုသည်။

ယခင်က ကုန်သည်များသည် ခရီးစရိတ်တန်ဆာခများ ဈေးမြင့်သည်ဆိုသည့်အကြောင်းပြချက်ဖြင့် ကုန်ပစ္စည်းများကို ဈေးတင်ရောင်းလေ့ရှိကြောင်း၊ ယခုတန်ဆာခများ သိသိသာသာကျလာသော်လည်း ကုန်ဈေးနှုန်းများ ကျဆင်းခြင်းမရှိသေးကြောင်း ကုန်အဝယ်ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။



# နိုင်ငံတကာရတနာတန်းဝင် အင်ကြင်းကျောက် အချောကိုင်တင်ပို့သင့်

**သတင်းဆောင်းပါး-နိုင်မင်းဝေ (၃၁-၁၂-၂၀၀၉)**

**မြန်မာ့သဘာဝသယံဇာတ အင်ကြင်းကျောက်များသည် သိသာစွာဈေးကွက်ကျယ်ပြန့်လာပြီး နိုင်ငံတကာ ရတနာတန်းဝင်လာရာ ပြည်တွင်း၌ပင် တစ်ဆင့်တက် (အချောကိုင်) ၍ ပြည်ပသို့တရားဝင်တင်ပို့ရောင်းချနိုင်လျှင် နိုင်ငံခြားဝင်ငွေရရှိရုံသာမက အလုပ်အကိုင်အခွင့်အလမ်းသစ်များလည်းပေါ်ပေါက်လာနိုင်ကြောင်း အင်ကြင်းကျောက်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ရှုမြင်သုံးသပ်လာကြသည်။**

ရေးနှစ်သန်းပေါင်းများစွာက ကမ္ဘာဦးသစ်တောကြီးများ ပျက်စီးသေဆုံးခဲ့ပြီး ရေအောက်တွင် နစ်မြုပ်ခဲ့ကာ ဖိအားနှင့် အပူကြောင့် မူလဓာတ်ပစ္စည်းများနေရာတွင် ဆီလီကွန်ဒိုင်အောက်ဆိုဒ်၊ ဆီလီကာနှင့် အခြားဓာတ်သတ္တုများ ဓာတ်ပြုပြောင်းလဲရာမှ လုပသောအရောင်အသွေးနှင့် ဖွဲ့စည်းမှုများရှိလာခဲ့သည်။ ယင်းတွင် သံအောက်ဆိုဒ်ပါဝင်မှုများလျှင် အနီ၊ အညို၊ အဝါနှင့် မြေကြီးရောင်ကော့ပါးနှင့် ခရုမ့်အောက်ဆိုဒ်ပါဝင်မှုများလျှင် အနက်ရောင်ကျောက်များ အဖြစ်သို့ပြောင်းလဲသွားကြောင်း (Fossil Wood) အင်ကြင်းကျောက်များဖြစ်လာကြောင်း၊ အင်ကြင်းကျောက်ဟုခေါ်နေကြသော်လည်း ထန်းပင်ရုပ်ကြွင်းမှဖြစ်သောကျောက်များ၊ ထင်းရှူးပင်မှဖြစ်သောကျောက်များလည်းတွေ့ရှိရတတ်ကြောင်း၊ ဖြစ်တည်လာသည့်အပင်ပေါ်မူတည်၍ အသွင်သဏ္ဍာန်နှင့် လုပမှုကွာခြားကြောင်း၊ မည်သည့်အပင်မှမဆိုဖြစ်နိုင်ကြောင်း ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘာသာရပ်သင်

www.foreverspace.com.mm

ကြားသူ ဆရာတစ်ဦးက ပြောကြားသည်။

အင်ကြင်းကျောက်အများအပြားကို မန္တလေးတိုင်း နွားထိုးကြီးမြို့နယ်တွင် တူးဖော်ရောင်းချကြပြီး အစောပိုင်းက အပေါ်ယံမြေလွှာ လေး၊ ငါးပေအထိ စူးထိုးရှာဖွေတူးဖော်ရောင်းချကြပြီးနောက်ပိုင်းတွင် အင်ကြင်းကျောက်ရှာဖွေတွေ့ရှိမှုလျော့နည်းလာသဖြင့် ပေ ၂၀ မှ ၃၀ အထိ တူးဖော်ရှာဖွေသည့်အခါ ကျောက်စိမ်းကဲ့သို့ အရည်ကောင်း အင်ကြင်းကျောက်များတွေ့ရှိလာခဲ့သည်။ ယင်း၏မာကျောမှု (Hardness) နှင့် အရည်အသွေးသည် ကျောက်စိမ်းကို ကောင်းစွာယှဉ်ပြိုင်နိုင်ပြီး အရည်ကောင်းကျောက်စိမ်းတစ်ပွင့်နှင့် နောက်ထပ်အရည်တူကျောက်စိမ်းတစ်ပွင့်ကို ထပ်မံရှာဖွေနိုင်သော်လည်း အင်ကြင်းကျောက်ကိုမူ ပုံစံတူရှာတွေ့ရန် မလွယ်ကူ၍ ရှားပါးရတနာအဖြစ် ဈေးကွက်ဝင်လာကြောင်း၊ ယခင်က အင်ကြင်းကျောက်များကို မြေယာဥယျာဉ်အလှဆင်ခြင်းများ၌ အသုံးပြုခဲ့သော်လည်း ယခုအခါအချောကိုင်၍ ရောင်းချသည့်ဈေးကွက် တွင်ကျယ်လာကြောင်း ခိုင်လုံအင်ကြင်းကျောက်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဦးသန်းဝင်းက ပြောကြားသည်။

အင်ကြင်းကျောက်တွင် ကျောက်စိမ်း



**တရုတ်လူမျိုးတို့က ကံကောင်းသည်ဟု ယူဆကာ အဆောင်အဖြစ်ထားရှိကြသည်**

နှင့်မတူသည့် ထူးခြားမှုအချို့ရှိခြင်းကြောင့် တရုတ်လူမျိုးတို့က ကံကောင်းသည့်ကျောက်ဟု ယူဆ၍ နေအိမ်များတွင် အဆောင်အဖြစ်ထားလေ့ရှိကြောင်း၊ အထူးသဖြင့် အနီရောင်ကို မင်္ဂလာရှိသည့်အရောင်အဖြစ်တန်ဖိုးထားသည့် တရုတ်လူမျိုးတို့သည် ကျောက်စိမ်းကို အရည်အသွေးမီသော်လည်း အရောင်စုံရှိသည့် အင်ကြင်းကျောက်များထဲမှ အနီရောင်ကိုမူ နှစ်သက်ကြကြောင်း ၎င်း၏အဆိုအရ သိရသည်။

၂၀၀၈ ခုနှစ် ပီကင်းအိုလံပစ်မတိုင်ခင် အကြိုပြင်ဆင်မှုကာလကတည်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာအင်ကြင်းကျောက် အရိုင်းတုံးများကို နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဝယ်ယူတင်သွင်းပြီး အချောကိုင်ကာ နိုင်ငံတကာကျောက်ဈေးကွက်သို့ ရောင်းချခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာနိုင်ငံအစိုးရက အင်ကြင်းကျောက်ရောင်းဝယ်မှုကို ကန့်သတ်မှုများပြုလုပ်လာသဖြင့် အင်ကြင်းကျောက်များ ရှားပါးလာပြီး တန်ဖိုးမြင့်သဘာဝတွင်းထွက်ရတနာ ဖြစ်လာသည်။ အင်ကြင်းကျောက်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် တွေ့ရှိရသည်။ တရုတ်နိုင်ငံသည် အင်တာနက် Website ပေါ်တွင် Myanmar Fossil Wood ကို ကြော်ငြာရောင်းချနေရာ အင်ကြင်းကျောက်သည် အိမ်၊ ဥယျာဉ်ခြံ၊ မြေအလှဆင်ကျောက်အဆင့်မှ တစ်စတစ်စ တန်ဖိုးမြင့်လာသည်ကို တွေ့မြင်ရသည်။

တရုတ်နိုင်ငံတွင် လုံးပတ်တစ်ပေခွဲ၊ အမြင့်လေးပေခန့်ရှိပြီး အချောကိုင်ထားသည့် အရည်ကောင်းအင်ကြင်းကျောက်တစ်တုံးသည် ယွမ်ကိုးသန်းခန့်ပေါက်ဈေးရှိပြီး မြန်မာကျပ်ငွေနှင့်ဆိုလျှင် ကျပ်သိန်းပေါင်း တစ်သောင်းခွဲခန့်ရှိကြောင်း၊ မြန်မာအင်ကြင်းကျောက်သည် အရောင်အသွေးစုံလင်ပြီး အရည်အသွေးကောင်းမွန်ကာ ပုံသဏ္ဌာန်ထူးခြားမှုရှိ၍ ရတနာတန်းဝင်ဖြစ်လာကြောင်း၊ ကျောက်ပိုးပါသည့် အင်ကြင်းကျောက်ဆန်းများသည် တရုတ်ယွမ်ငွေ သိန်းဂဏန်းခန့်တန်ဖိုးရှိကြောင်း ၎င်းက ရှင်းပြသည်။

သစ်ပင်များတွင် တွယ်ကပ်ရှင်သန်ပြီး လဲကျသွားသည့်နောက် ကျောက်ဖြစ်ရုပ်ကြွင်းသစ်ပင်များ၌ပါဝင်သည့်ပိုးကောင်များ၊ ပိုးအိမ်များ၊ သစ်ရွက်များ၊ နွယ်ပင်များသည် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သွားကြောင်း၊ အင်ကြင်းကျောက်များကို တရုတ်



အင်ကြင်းကျောက်အချောကိုင်ရောင်းချသည့်ဈေးကွက်
တွင်ကျယ်လာသည်

www.foreverspace.com.mm



ဖန်စီအလှဆင်ပစ္စည်းများအဖြစ်ပါအသုံးပြုလာကြသည်

နယ်စပ် ကုန်သွယ်ရေးမှရောင်းချခွင့်ပိတ်ပင်ပြီးနောက်ပိုင်း ယင်းအင်ကြင်းကျောက်ဆန်းများသည် တန်ဖိုးကြီးဈေးကွက်ဝင်လာသဖြင့် ကျောက်ပိုးကို အင်ကြင်းကျောက်များကို ထုခွဲရှာဖွေပြီး နယ်စပ်မှ တစ်ဆင့် တင်ပို့ရောင်းချရကြောင်း၊ ကျောက်ပိုးမှာ အင်ကြင်းကျောက်ထက်ဈေးနှုန်းသုံးဆခန့်မြင့်ကြောင်း၊ ယင်းတို့ကို မကွေးတိုင်း ပခုက္ကူခရိုင်၊ မန္တလေးတိုင်း နွားထိုးကြီးမြို့နယ်၊ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်တို့တွင်လည်းတွေ့ရကြောင်း၊ တရားမဝင်အင်ကြင်းကျောက်တင်ပို့ရောင်းချသူများသည် ဈေးကောင်းရပြီး သယ်ဆောင်ရလွယ်ကူသည့်ကျောက်ပိုးများကို အင်ကြင်းကျောက်တုံးကြီးများတွင် ထုခွဲ၍ ရှာဖွေကြကြောင်း ဦးသန်းဝင်းက ရှင်းပြသည်။

မြန်မာနိုင်ငံမှ တရားမဝင်လာရောက်ရောင်းချသော အင်ကြင်းကျောက်များကို တရုတ်ကုန်သည်များက တစ်ကီလို ယွမ် ၅၀ ခန့်ဖြင့်ပေးဝယ်ပြီး အပေါ်ယံအခွံအကာများဖဲ့၍ မျက်နှာပြင်ချောမွေ့လာအောင် လက်ကိုင်မော်တာငယ်ဖြင့် တစ်ဆင့်ပြီး တစ်ဆင့် ချောမွေ့တောက်ပြောင်လာစေရန် အချောကိုင်ထုတ်လုပ်ကြသည်။ ယင်းသို့ပြုလုပ်ရာတွင် ကျောက်ကော်ပတ် ငါးမျိုးခန့်ပြောင်းလဲသုံးလျှင် အရောင်အသွေးကောင်းသည့် အင်ကြင်းကျောက်များဖြစ်လာကြောင်း၊ နဂိုမူလကတည်းက ထူးခြားသည့်ပုံသဏ္ဌာန်ရှိနေသဖြင့် အထူးပုံဖော်ရန်မလိုကြောင်း၊ အနုပညာအမြင်ရှိလျှင် ရှိသလို လှပသောပုံသဏ္ဌာန်များဖော်၍ရကြောင်း ဦးသန်းဝင်းက ဆိုသည်။

အင်ကြင်းကျောက်ဆင့်တက်ခြင်းလုပ်ငန်း (အချောကိုင်) နည်းပညာသည် ရိုးစင်းလွယ်ကူကြောင်း၊ အရင်းအနှီးမှာလည်း ကျပ်သိန်း ၂၀၊ ၃၀ ခန့်ဖြင့် စတင်နိုင်ပြီး တစ်နိုင်တစ်ပိုင် မိသားစုလုပ်ငန်းအဖြစ်လုပ်ကိုင်၍ရကြောင်း၊ အရည်ကောင်းအင်ကြင်းကျောက်တုံးကြီးများမှ ပဲ့ထွက်လာသည့် ကျောက်တုံးငယ်များကို ကျောက်ဖြတ်စက်များသုံး၍ ပန်းပုရုပ်များ၊ ပုတီးများ၊ လက်ကောက်များ၊ လည်ဆွဲ၊ လက်စွပ်များ၊ ဖန်စီအလှဆင်ပစ္စည်းများအဖြစ် ကျောက်စိမ်းကဲ့သို့ပင် ပြုလုပ်၍ရကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

အင်ကြင်းကျောက်တူးဖော်ရေးလုပ်ငန်းဖွံ့ဖြိုးလာပါက မိုင်းရှူး၊ ဖားကန့်ကျောက်တွင်းကျောက်မှော်များကဲ့သို့ အညာဒေသ၏ စီးပွားရေး၊ လူမှုရေးဘဝများလည်း ဖွံ့ဖြိုးလာနိုင်သည်ဟုလည်း ၎င်းက သုံးသပ်ပြောကြားသည်။

အင်ကြင်းကျောက်ကို မြေကြီးအနက် ၁၀ ပေမှ ပေ ၃၀ အထိ တူးဖော်၍ယူရကြောင်း၊ အစောပိုင်းတွင် စူးထိုးပြီးရှာဖွေတူးဖော်သဖြင့် တွင်းများ များစွာမနက်ဘဲ နောက်ပိုင်းတွင်မူ အရည်ကျောက်ရှာဖွေသူများသည် ပေ ၃၀ အထိလူများငှား၍ တူးဖော်ကြကြောင်း၊ ပထမပိုင်းတွင် အိမ်ခြံဝိုင်းနှင့် ကိုယ်ပိုင်လယ်ကွက်များတွင်သာ တူးဖော်ကြသော်လည်း နောက်ပိုင်းတွင် တူးဖော်သည့်ဧရိယာကျယ်ပြန့်လာကြောင်း၊ သို့ဖြစ်ရာ မြေတွင်းအောင်းသတ္တဝါများလည်း ပျက်စီးရသကဲ့သို့ စိုက်ပျိုးမြေနှင့် သဘာဝပတ်ဝန်းကျင်လည်းပျက်စီးရကြောင်း၊ အကယ်၍ အင်ကြင်းကျောက်တူးဖော်ရောင်းချခွင့်ကို ကျောက်စိမ်းတွင်းများ၊ ပတ္တမြားတွင်းများကဲ့သို့ လိုင်စင်ဖြင့်တူးဖော်ခွင့်ပြုလျှင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့နည်းစေနိုင်ကြောင်း၊ တူးဖော်ခွင့်မှရရှိသည့် အခွန်၊ အခများကိုလည်း ဒေသဖွံ့ဖြိုးရေးအတွက် ပြန်လည်အသုံးပြုနိုင်ကြောင်း ယင်းဒေသသို့ရောက်ရှိခဲ့သူ သဘာဝထိန်းသိမ်းရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

အင်ကြင်းကျောက်ကို မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင်သာမက ယခုအခါ နေပြည်တော်၊ ပျဉ်းမနား၊ နေပြည်တော်အနီးတစ်ဝိုက်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့တွင်ပါ ရှာဖွေတွေ့ရှိလာခဲ့သည်။ အင်ကြင်းကျောက်မှာ သဘာဝဖြစ်ခြင်း၊ ရှားပါးခြင်း၊ အရောင်အသွေးစုံလင်ခြင်း၊ မာကျောခြင်းတို့ကြောင့် ရတနာတန်းဝင်လာပြီး ဈေးကွက်သိသာစွာကျယ်ပြန့်လာခဲ့ရာ အင်ကြင်းကျောက်များကို နယ်စပ်မှ တရားမဝင်အရိုင်းအတိုင်းရောင်းချနေမည့်အစား ပြည်တွင်းမှာပင် အဆင့်မြင့် အချောကိုင်၍ ပုံမှန်ကုန်သွယ်ရေးကပါ တင်ပို့ရောင်းချလျှင် အခွန်ဘဏ္ဍာငွေများ စီးဝင်လာနိုင်ကြောင်း၊ တစ်ဖက်တွင်လည်း တရားဝင်လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်များကြောင့် စနစ်တကျတူးဖော်မှုများရှိလာပြီး အင်ကြင်းကျောက်ထွက်ရှိမှုပမာဏနှင့် ရောင်းချမှုပမာဏကို စာရင်းဇယားများပြု

www.foreverspace.com.mm

စုဆောင်းနိုင်ကြောင်း၊ စနစ်တကျတူးဖော်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း လျော့နည်းသက်သာလာနိုင်ကြောင်း အင်ကြင်းကျောက်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ပြောဆိုသည်။

အင်ကြင်းကျောက်သည် သဘာဝက လူသားတို့အတွက် ပေးအပ်လာသော ရှေးဟောင်းရတနာဖြစ်ပြီး ဈေးကွက်မူဝါဒ အချို့ပြုပြင်ပြောင်းလဲလိုက်ရုံနှင့် ဖွံ့ဖြိုးလာမည့်လုပ်ငန်းတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံက ဈေးကွက်ရှာဖွေသကဲ့သို့ Website ကဲ့သို့သော နိုင်ငံတကာကိုသိစေနိုင်သည့် ကြော်ငြာနည်းလမ်းဖြင့် လုပ်ဆောင်သွားသင့်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။



# နေပြည်တော် ၂၀၀၉ ခုနှစ် ဆိုင်ကယ်မတော်တဆမှု ၄၄ ဦးသေဆုံး၊ အငှားယာဉ်အဖြစ်အသုံးပြုခွင့်မပြုဟုဆို

**နေပြည်တော်၊ ဒီဇင်ဘာ ၂၉**

အစိုးရရုံးစိုက်ရာ နေပြည်တော်နှင့် နေပြည်တော်ဒေသမြို့နယ်များတွင် ၂၀၀၉ ခုနှစ်အတွင်း မော်တော်ဆိုင်ကယ် မတော်တဆတိုက်မှုပေါင်း ၁၁၂ မှု ဖြစ်ပွားခဲ့ရာ ဒဏ်ရာရသူစုစုပေါင်း ၁၅၄ ဦးနှင့် သေဆုံးသူစုစုပေါင်း ၄၄ ဦးရှိကြောင်း နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ဒီဇင်ဘာလအတွင်း သတင်းထုတ်ပြန်သည်။



နေပြည်တော်နှင့် နေပြည်တော်ဒေသ မြို့နယ်များ (ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်) အတွင်း မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင် မတော်တဆယာဉ်တိုက်မှု၊ ဒဏ်ရာရသူသေဆုံးမှုများထိုကဲ့သို့ များပြားလာခြင်းကြောင့် နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက မော်တော်ဆိုင်ကယ်ကို ကိုယ်ပိုင်ယာဉ်အဖြစ်သာ မောင်းနှင်သုံးစွဲခွင့်ပြုပြီး အငှားယာဉ်အဖြစ် မှတ်ပုံတင်ပြောင်းလဲခွင့်မပြုကြောင်း (၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေအခန်း (၂) အပိုဒ် (၁၀) အပိုဒ်ခွဲဇအရ) သတင်းထုတ်ပြန်သည်။

မော်တော်ဆိုင်ကယ်များကို လုပ်ငန်းလိုင်စင်ခွင့်ပြုထုတ်ပေးထားခြင်းမရှိသည့်အတွက် အငှားယာဉ်အဖြစ် အသုံးပြုပါက တည်ဆဲဥပဒေအရ အရေးယူခြင်း

www.foreverspace.com.mm

ခံရမည်ဖြစ်သလို စီမံခန့်ခွဲမှုနည်းလမ်းဖြင့်လည်း ထိရောက်စွာအရေးယူခံရမည်ဖြစ်ကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် မော်တော်ဆိုင်ကယ်နောက်တွင် လိုက်ပါစီးနင်းသူ ဒဏ်ရာရသေဆုံးမှုဖြစ်ပါက ဥပဒေပုဒ်မ ၂၇၉/၃၃၇/ ၃၀၄–က တို့အရ ပြစ်ဒဏ်ချမှတ်အရေးယူခံရမည်ဖြစ်ကြောင်း ကြေညာထားသည်။

နေပြည်တော်၌ မော်တော်ဆိုင်ကယ်မောင်းနှင်စီးနင်းသူများ စည်းကမ်းလိုက်နာရန်အတွက် မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်စဉ် ဆိုင်ကယ်ဦးတက်နှင့် ယာဉ်မောင်းလိုင်စင် တစ်ပါတည်းပါရှိရန်၊ ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးတပ်ရန်၊ နှစ်ဦးထက်ပိုမစီးရန်၊ မူးယစ်သောက်စားပြီး မမောင်းရန်၊ အရှိန်ပြင်းမမောင်းရန်နှင့် လမ်း၏လက်ယာဘက်ယာဉ်ကြောမှ မောင်းနှင်ရန် စသည့်အချက်အလက်များကို အသိပညာပေး ထုတ်ပြန်ထားပြီးဖြစ်ကြောင်း ယင်းကော်မတီမှ တာဝန်ရှိသူတစ်ဦး၏အဆိုအရ သိရှိရသည်။

ယခုအခါ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်၍ နေပြည်တော်နှင့် နေပြည်တော်ဒေသမြို့နယ်များအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၁၇ယ–အကွာရာနံပါတ်များနှင့် မော်တော်ဆိုင်ကယ်

## ၂၀၀၉ ခုနှစ် နေပြည်တော် ယာဉ်မတော်တဆမှုများမှ မော်တော်ဆိုင်ကယ်ပါဝင်ပတ်သက်မှု

| စဉ် | အမှုဖြစ်စဉ် | အမှု | ဒဏ်ရာရ | | သေဆုံး | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁။ | ဆိုင်ကယ်ချင်းတိုက် | ၁၉ | ၃၇ | ၆ | ၁ | – |
| ၂။ | ဆိုင်ကယ်မှကားတိုက် | ၉ | ၅ | ၁ | ၇ | – |
| ၃။ | ဆိုင်ကယ်မှ လူကိုတိုက် | ၂၅ | ၂၄ | ၈ | ၃ | ၃ |
| ၄။ | ဆိုင်ကယ်ပေါ်မှပြုတ်ကျ | ၄ | – | – | – | ၄ |
| ၅။ | ဆိုင်ကယ်မှ ထော်လာဂျီတိုက် | ၂ | ၂ | – | – | ၄ |
| ၆။ | ဆိုင်ကယ်မှ အခြားတိုက် | ၈ | ၈ | – | ၄ | – |
| ၇။ | ဆိုင်ကယ်မှ စက်ဘီးတိုက် | ၃ | ၄ | ၁ | – | – |
| ၈။ | ကားမှ ဆိုင်ကယ်တိုက် | ၃၆ | ၃၈ | ၁၃ | ၁၆ | ၃ |
| ၉။ | ထော်လာဂျီမှ ဆိုင်ကယ်တိုက် | ၂ | – | ၁ | ၁ | – |
| ၁၀။ | စက်ဘီးမှ ဆိုင်ကယ်တိုက် | ၁ | ၂ | – | – | – |
| ၁၁။ | ဆိုင်ကယ်နှင့် နွားလှည်းတိုက် | ၁ | – | – | ၁ | – |
| ၁၂။ | ဆိုင်ကယ်နှင့် မြင်းလှည်းတိုက် | ၁ | ၂ | – | – | – |
| ၁၃။ | ဆိုင်ကယ်နှင့် ထွန်စက်တိုက် | ၁ | ၂ | – | ၁ | – |
| | စုစုပေါင်း | ၁၁၂ | ၁၂၄ | ၃၀ | ၃၄ | ၁၀ |

## ၂၀၀၉ ခုနှစ် ယာဉ်မတော်တဆမှုများတွင် ဆိုင်ကယ်အငှားယာဉ်ပါဝင်ပတ်သက်မှုစာရင်း

| စဉ် | အမှုဖြစ်စဉ် | အမှု | ဒဏ်ရာရ | | သေဆုံး | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁။ | နေပြည်တော် | ၅ | ၆ | ၁ | ၁ | – |
| ၂။ | နေပြည်တော် ပျဉ်းမနား | ၅ | ၇ | ၃ | – | ၁ |
| ၃။ | နေပြည်တော် လယ်ဝေး | ၃ | ၇ | ၃ | – | – |
| ၄။ | နေပြည်တော် တပ်ကုန်း | ၅ | ၁ | ၁ | ၂ | ၂ |
| | စုစုပေါင်း | ၁၈ | ၂၁ | ၈ | ၃ | ၃ |

(Source: နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ)

လိုင်စင်များ ထပ်မံပြုလုပ်ပေးလျက်ရှိသည်။

နေပြည်တော်နှင့် နေပြည်တော်ဒေသမြို့နယ်များ (ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း) တွင် ၂၀၀၉ ခုနှစ်၌ ယာဉ်မတော်တဆဖြစ်မှုများမှ မော်တော်ဆိုင်ကယ်ပါဝင်ပတ်သက်မှုနှင့် ဆိုင်ကယ်အငှားယာဉ်ပါဝင်ပတ်သက်မှုအခြေအနေများကို အောက်ပါစာရင်းထုတ်ပြန်ချက်အရသိရသည်။

**မင်းသုခိုင်**

■

www.foreverspace.com.mm



# ဘေသဇ္ဇဒါနအခမဲ့ဆေးခန်း တစ်နှစ်ခွဲအတွင်း လူနာလေးသောင်းနီးပါးကုသ

**ရန်ကုန်၊ ဒီဇင်ဘာ ၃၁**

မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက်၏ ဘေသဇ္ဇဒါန အခမဲ့ဆေးခန်းသည် တစ်နှစ်ခွဲခန့်ကာလအတွင်း လူနာလေးသောင်းနီးပါး ကုသပေးနိုင်ခဲ့ကြောင်း တိုက်အုပ်ဆရာတော်အရှင်ရေဝတာလင်္ကာရက မိန့်ကြားသည်။

လတ်တလောတွင် အထွေထွေရောဂါကုလူနာများကို ကုသပေးလျက်ရှိပြီး ရုံဖန်ရုံခါသွားရောဂါဝေဒနာရှင်များကိုလည်း ကုသပေးလျက်ရှိကြောင်း၊ ဆေးခန်းတစ်ခန်းလျှင် တစ်လပျမ်းမျှ လူနာ ၂၅၀ မှ ၃၀၀ ဦးကြား ကုသပေးလျက်ရှိကြောင်း၊ နယ်ဆေးခန်း သုံးခုနှင့်ပေါင်းလျှင် တစ်လကို လူနာပျမ်းမျှ ၂၀၀၀ ခန့် ကုသပေးနိုင်ကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ပစ္ဆိမာရုံစာသင်တိုက်သို့ နာဂစ်လေဘေးဒဏ်ခံရသူများ လာ



ရောက်ခိုလှုံစဉ် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ခဲ့ပြီး မေလ ၂၇ ရက်နေ့တွင် ဆေးခန်းကို စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ဆေးခန်း စတင်ဖွင့်လှစ်စဉ်က တစ်ရက်လျှင် လူနာ ၃၀၀ ကျော်အထိ လာရောက်ခဲ့၍ နောက်ပိုင်းတွင် ၅၀ ဦးသတ်မှတ်ခဲ့ပြီး လူနာများကို လျှော့ချခဲ့ရကြောင်း၊ စေတနာ့ဝန်ထမ်းဆရာဝန်များက အလှည့်ကျကုသပေးပြီး ECG စက်၊ Ultrasound စက်၊ ဓာတ်ခွဲခန်းနှင့် မျက်စိကုသပေးရန်ပါ တိုးချဲ့ဖွင့်လှစ်ရန်စီစဉ်ကြောင်း ဆရာတော်ကမိန့်ကြားသည်။

၂၀၀၈ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ပစ္ဆိမာရုံကျောင်းတိုက်၌ ဘေသဇ္ဇဒါနဆေးခန်းကို ဖွင့်လှစ်ခဲ့ပြီးနောက် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့်ကျေးရွာများဖြစ်သည့် ဘိုကလေးမြို့နယ် ငွေတောင်သံကျေးရွာတွင် ဆေးခန်းခွဲအမှတ် (၁) ကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလ၌လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် အထက်ကျုံလတာရွာတွင် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့၌ ဆေးခန်းခွဲအမှတ် (၂) ကိုလည်းကောင်း၊ ကွင်းချောင်းကျေးရွာတွင် ဇူလိုင်လ၌ ဆေးခန်းအမှတ် (၃) ကိုလည်းကောင်း ဖွင့်လှစ်ထားပြီး ပြည်တွင်းပြည်ပ အလှူရှင်များ၏လှူဒါန်းမှုဖြင့် လူနာများကို ကုသလျက်ရှိကြောင်း ဆရာတော်က မိန့်ကြားသည်။

ပစ္ဆိမာရုံစာသင်တိုက်၏ဆေးခန်းသည် အခမဲ့ကုသပေးရုံသာမက ရောဂါပျောက်ကင်းမှုလျင်မြန်သက်သာပြီး ငှက်ဖျားကဲ့သို့ရောဂါမျိုးကို သွေးစစ်စမ်းသပ်ရာ၌ တိကျမြန်ဆန်ကြောင်း မော်လမြိုင်ကျွန်းမြို့ (၁၄) လမ်းနေ သွားရောက်ကုသခဲ့သူတစ်ဦးက ပြောကြားသည်။

# MNL မှ နာမည်ကြီးကစားသမားအချို့ ဝန်ကြီးဌာနပြန်မည်ဖြစ်၍ လူငယ်ကစားသမားများ နေရာရလာနိုင်

**သတင်းဆောင်းပါး– ကျော်မျိုးထွန်း (၁၃–၁–၂၀၁၀)**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းရှစ်သင်းမှ နာမည်ကြီးကစားသမားအချို့ အပါအဝင် ကစားသမား ၃၂ ဦးတို့သည် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပြန်မည်ဖြစ်၍ အသင်းများမှ လူငယ်ကစားသမားများ ပိုမိုနေရာရလာနိုင်ကြောင်း မြန်မာဘောလုံးအသိုင်းအဝိုင်းနယ်ပယ်မှ ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

ဒုတိယအကြိမ် မြန်မာနေရှင်နယ်လိဂ်၏ ဒုတိယအကျော့ပြိုင်ပွဲများ ကျင်းပနေစဉ်အတွင်း ကလပ်အသင်းများမှ ဝန်ကြီးဌာနကစားသမားများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကလပ်အသင်းနှင့် ဝန်ကြီးဌာနအလုပ်တို့အနက် တစ်ခုကို ရွေးချယ်၍ ဝန်ကြီးဌာနပြန်မည်ဆိုပါက ဒီဇင်ဘာလ ၂၈ ရက် နောက်ဆုံးထား၍ အကြောင်းပြန်ရန် သတင်းထုတ်ပြန်ခဲ့ရာ မကွေးအသင်းမှ ကစားသမားရှစ်ဦး၊

www.foreverspace.com.mm

ရတနာပုံအသင်းမှ ရှစ်ဦး၊ ကမ္ဘောဇအသင်းမှ ငါးဦး၊ ဆောက်သမ်းမြန်မာအသင်းမှ လေးဦး၊ ရန်ကုန်ယူနိုက်တက်အသင်းမှ သုံးဦး၊ ဒယ်လ်တာယူနိုက်တက်အသင်းမှ နှစ်ဦး၊ ဇေယျာရွှေမြေအသင်းမှ တစ်ဦးနှင့် ဉသာယူနိုက်တက်အသင်းမှတစ်ဦးတို့ ဝန်ကြီးဌာနသို့ပြန်လည်တာဝန်ထမ်းဆောင်ရန် အကြောင်းပြန်ခဲ့ကြသည်။ အဆိုပါဌာနပြန်မည့်ကစားသမား ၃၂ ဦးတွင် စွမ်းအင်ဝန်ကြီးဌာနသို့ပြန်မည့် ကစားသမား ၁၃ ဦး နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ ပြန်မည့်ကစားသမား ၁၁ ဦး၊ မြို့တော်စည်ပင်မှသုံးဦး၊ သစ်တောရေးရာဝန်ကြီးဌာနမှ နှစ်ဦး၊ ပို့ဆောင်ရေး၊ ကာကွယ်ရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ တစ်ဦးစီ ပါဝင်နေသည်။

ဝန်ကြီးဌာနပြန်မည့်ကစားသမားများတွင် သက်ဆိုင်ရာကလပ်အသင်းများမှ အဓိကကစားသမားအချို့ပါဝင်နေပြီး အများစုမှာ အရန်ကစားသမားများနှင့် အသက်အရွယ်အရ ခြေစွမ်းအကျပိုင်းသို့ ရောက်နေသည့်ကစားသမားများ ပါဝင်နေသည်ကို တွေ့ရသည်။

ပထမအကြိမ် မြန်မာနေရှင်လိဂ်ပြိုင်ပွဲတွင် ကလပ်အသင်းများမှ ဝန်ကြီးဌာနလက်ရွေးစင်ကစားသမားများကိုခေါ်ယူ၍ ဖွဲ့စည်းတည်ထောင်ခဲ့ကြကြောင်း၊ ယင်းကစားသမားများသည် အသင်းတွင် ပါဝင်ကစားနေရင်း ၂ နှစ်အတွင်း မိခင်ဝန်ကြီးဌာနသို့ ပြန်၊ မပြန်ဆုံးဖြတ်ရမည်ဖြစ်သော်လည်း ယခုအခါ တစ်နှစ်မပြည့်မီအချိန်မှာပင် ဆုံးဖြတ်ခဲ့ရပြီး အသင်း၏ အဓိကကစားသမားအချို့မှ ဝန်ကြီးဌာနသို့ ပြန်မည်ဖြစ်သဖြင့် အသင်းအတွက် များစွာထိခိုက်နစ်နာမှုရှိကြောင်း၊ ဌာနပြန်မည့်ကစားသမားများကို ၂၀၁၀ ပြည့်နှစ်ကုန်သည်အထိ ဆိုင်းငံ့ထားပေးရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတစ်ဆင့် သက်ဆိုင်ရာသို့ အသနားခံစာတင်သွားမည်ဖြစ်ကြောင်း ရတနာပုံအသင်းဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ပြောကြားသည်။

မိမိတို့အသင်းတွင် ဝန်ကြီးဌာန ပြန်မည့်ကစားသမား တစ်ဦးတည်းသာရှိပြီး အသင်းစတင်ဖွဲ့စည်းစဉ်ကတည်းက ဝန်ကြီးဌာနများမှ နာမည်ကြီးကစားသမားများထက် မျိုးဆက်သစ်လူငယ်ကစားသမားများကိုအဓိကထား၍ အသင်းကိုတည်ထောင်ခဲ့ကြောင်း၊ ကစားသမားအချို့ ဌာနပြန်သည့်ကိစ္စတွင် အကောင်းဘက်မှကြည့်လျှင် ၎င်းတို့ထွက်သွားသဖြင့် လူငယ်ကစားသမားများအတွက် အခွင့်အရေးကောင်းတစ်ရပ်ရရှိသွားခြင်းလည်းဖြစ်ကြောင်း ဉသာယူနိုက်တက်အသင်းအုပ်ချုပ်သူ ဦးထွန်းထွန်းလင်းက ဆိုသည်။

"ကျွန်တော်က ဘောလုံးကလွဲပြီး ဘာမှမလုပ်တတ်ပါဘူး။ အဲဒါကြောင့် ဝန်ကြီးဌာနကို မပြန်ဖြစ်တာပါ" ဟု ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ လက်ထောက်မန်နေဂျာရာထူးအဆင့်ရှိသည့် ရန်ကုန်ယူနိုက်တက်အသင်းခေါင်းဆောင် မြန်မာ့လက်ရွေးစင်ကစားသမား မျိုးမင်းထွန်းက ၎င်းဝန်ကြီးဌာနသို့ မပြန်ဖြစ်သည့်အကြောင်းကို ရှင်းလင်းပြောဆိုသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်က ရှေ့လဆို မင်္ဂလာဆောင်တော့မှာပါ။ ကိုယ့်ရဲ့မိသားစုနဲ့ ဘဝရှေ့ရေးအတွက်လည်း ကြည့်ရဦးမယ်လေ။ ကျွန်တော့်အသက်အရွယ်အရဆိုရင် နောက်ထပ်



သုံးလေးနှစ်လောက်ပဲ ဘောလုံးဆက်ကစားနိုင်တော့မှာပါ။ ဒီကြားထဲမှာ ဒဏ်ရာတွေဘာတွေများရသွားခဲ့ရင် ပိုပြီးကစားချိန်နည်းသွားပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့ ဘောလုံးကို တကယ်ကစားချင်တာပါ။ အခုချိန်ထိ ကိုယ့်ရဲ့ဆုံးဖြတ်ချက်အတွက် မှန်လား၊ မှားလားဆိုတာ မဝေခွဲနိုင်သေးပါဘူး" ဟု မကွေးအသင်းမှ ကွင်းလယ်ကစားသမား ဇော်ထက်အောင်က ၎င်းဝန်ကြီးဌာနသို့ပြန်ရန် ရွေးချယ်ခဲ့ခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့ကြောင်း ပြည်တွင်းဘောလုံးသတင်း Website တစ်ခုဖြစ်သည့် www.soccermyanmar. com တွင် ဖော်ပြထားသည်။

ယခုဌာနပြန်မည့်ကစားသမားများနေရာတွင် အသင်းအစားထိုးနိုင်မည့် အရန်ကစားသမားများ မည်သည့်အသင်းတွင်မှမရှိသေးကြောင်း၊ ယင်းကစားသမား



ဌာနပြန်မည့်ကစားသမားများနေရာတွင် အစားထိုးနိုင်မည့် ကစားသမားများ လိုအပ်နေသည်

www.foreverspace.com.mm

များမပါဝင်တော့ပါက အသင်းကို နည်းစနစ်ပိုင်းကအစ အသစ်ပြန်လည်တည်ဆောက်ရမည်ဖြစ်ကြောင်း မကွေးအသင်းနည်းပြချုပ် ဦးကြည်လွင်က ဆိုသည်။

ဝန်ကြီးဌာနသို့ ပြန်မည့်ကစားသမားသုံးဦးရှိနေသော်လည်း အသင်းအနေဖြင့် ၎င်းတို့နေရာတွင် လူငယ်ကစားသမားများကို အစားထိုးသွားမည်ဖြစ်၍ အခက်အခဲမရှိကြောင်း၊ အသင်းကို ယခင် Air Bagan မှ လူငယ်ကစားသမားများအခြေခံ၍ ဖွဲ့စည်းထားကြောင်း၊ ယခုလိုနာမည်ကြီးကစားသမားအချို့ ဝန်ကြီးဌာနသို့ပြန်၍ လူငယ်ကစားသမားများနေရာရလာနိုင်ကြောင်း၊ သို့သော်လည်း အချို့ကစားသမားများမှာ အသက်ငယ်ရွယ်ပြီး ကစားအားရှိနေချိန်တွင် ဌာနသို့ပြန်၍ လုပ်ငန်းခွင်ဝင်ရောက်ခြင်းဖြစ်ရာ နိုင်ငံအတွက် ကစားသမားကောင်းတစ်ဦးဆုံးရှုံးသွားခြင်းဖြစ်ပြီး ပရိသတ်နှင့် သက်ဆိုင်ရာကလပ်အသင်းအတွက်လည်း နစ်နာမှုရှိကြောင်း ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက ပြောကြားသည်။

ဝန်ကြီးဌာနသို့ နာမည်ကြီးကစားသမားများအပါအဝင် ကစားသမားအချို့ ပြန်သွားခြင်းကြောင့် မြန်မာနေရှင်နယ်လိဂ်ကို အနည်းနှင့်အများ ထိခိုက်နိုင်ပြီး ပရိသတ်စိတ်ဝင်စားမှု လျော့နည်းသွားနိုင်ကြောင်း၊ လူငယ်ကစားသမားများအတွက်မူ အသင်းတွင် နေရာရရှိလာနိုင်သည့်အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ဒယ်လ်တာယူနိုက်တက်အသင်းမန်နေဂျာ ဦးတင်မြင့်အောင်က ၎င်း၏အမြင်ကို ပြောကြားသည်။

ဝန်ကြီးဌာနကစားသမားများ ပြန်၊ မပြန် ဆုံးဖြတ်ရမည့်အစီအစဉ်သည် MNL စတင်ကျင်းပချိန်နှင့် ချိန်ထိုးကြည့်လျှင် စောလွန်းသေးသည်ဟုထင်ကြောင်း၊ ကလပ်အသင်းများ၏ အရန်အသင်းများ၊ ဘောလုံးအကယ်ဒမီများမှ ထူးချွန်သည့်ကစားသမားကောင်းများထွက်ပေါ်လာချိန်မှ ယင်းအစီအစဉ်ကို ပြုလုပ်သင့်ကြောင်း ဘောလုံးကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

လက်ရှိတွင် မြန်မာနေရှင်နယ်လိဂ်အသင်းများမှ ဝန်ကြီးဌာနလက်ရွေးစင်ကစားသမားများသည် ကလပ်အသင်းမှလစာနှင့် ဝန်ကြီးဌာနမှလစာတို့ကို ပူးတွဲရရှိလျက်ရှိသည်။ ယခု ဝန်ကြီးဌာနသို့ပြန်မည်ဟုဆိုထားသည့်ကစားသမားများကို လာမည့် မတ်လ ၁ ရက်တွင် ဝန်ကြီးဌာနသို့ ပြန်၊ မပြန် အမှန်တကယ်ဆုံးဖြတ်ရမည်ဖြစ်ပြီး အကြောင်းကြောင်းကြောင့် ကလပ်အသင်းတွင် ဆက်လက်ကစားမည်ဆိုပါကလည်း ကစားနိုင်မည်ဖြစ်သည်။



နာမည်ကြီးအားကစားသမားများ ဝန်ကြီးဌာနသို့ပြန်သွားပါက မြန်မာနေရှင်နယ်လိဂ်ကို အနည်းနှင့်အများ ထိခိုက်နိုင်စေသည်

# မန္တလေးတိုင်း ချောင်းကြီးကြိုးဝိုင်း ပုဂ္ဂလိက ကျွန်းစိုက်ခင်း ၁၅၀ ဧက စိုက်ပြီး

**မန္တလေး၊ ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် ချောင်းကြီးသစ်တောကြိုးဝိုင်း အကွက်အမှတ် (၂၉) တွင် ၂၀၀၈-၂၀၀၉ နှင့် ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ပုဂ္ဂလိက ကျွန်းစိုက်ခင်းဧက ၁၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း ယင်းကြိုးဝိုင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကြိုးဝိုင်းသည် သစ်တောဦးစီးဌာနထံမှ ဧက ၅၀၀ စိုက်ပျိုးတည်ထောင်ထုတ်လုပ်ရောင်းချခွင့်ရရှိပြီး ဧက ၅၀၀ တွင် တစ်ဧကကျွန်းပင် ၅၄၀ နှုန်းဖြင့် စိုက်ပျိုးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့မှ ပုဂ္ဂလိကကျွန်းစိုက်ပျိုးရေးလုပ်ငန်းရှင် ဦးအောင်စံက ရှင်းပြသည်။

"နှစ် ၃၀ လုပ်ကိုင်ခွင့်ဖြစ်ပါတယ်။ အခုမှ စိုက်တာဆိုတော့ ရောင်းချခွင့်နဲ့ ပတ်သက်ပြီး ပြောလို့မရသေးပါဘူး" ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကျွန်းစိုက်ခင်း ဧက ၈၀၀၀ ခန့်ရှိကြောင်း သစ်တောဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိသည်။

ကျွန်းစိုက်ခင်းများကို တည်ထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လေထုညစ်ညမ်းမှုကို ကာကွယ်ပေးနိုင်ပြီး မြန်မာတွင် သစ်တောစိုက်ပျိုးခြင်းဖြင့် အစိမ်းရောင်ဘဏ်တည်ထောင်လိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

Mdy News

www.foreverspace.com.mm



# တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အဖွဲ့ တောင်ငါးလုံးဆက်တိုက်တက်ရောက်

**ရန်ကုန်၊ ဇန်နဝါရီ ၁၁**



မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည့် နှစ် (၅၀) ပြည့်အထိမ်းအမှတ် တက္ကသိုလ်အသီးသီးမှ အုပ်ချုပ်သူဆရာ၊ ဆရာမနှင့် အဖွဲ့ဝင်ကျောင်းသူ၊ ကျောင်းသားစုစုပေါင်း ၃၇ ဦးပါဝင်သော ဆောင်းရာသီလက်ရွေးစင် ခြေလျင်နှင့်တောင်တက်အဖွဲ့သည် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်မှ ၂၀၁၀ ပြည့် နှစ် ဇန်နဝါရီလ ၁၅ ရက်နေ့အတွင်း ချင်းပြည်နယ်၏ အမြင့်ဆုံးတောင်ထိပ်ဖြစ်သော နတ်မတောင် (ခ) ဝိတိုရိယတောင် အပါအဝင် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့အတွင်းရှိ တောင်ငါးလုံးကို အောင်မြင်စွာ ဆက်တိုက်တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက် အသင်းနာယက အထွေထွေရောဂါအထူးကုသမားတော်ကြီး ပါမောက္ခ ဒေါက်တာခင်မေအုန်း၊ အသင်းနာယက မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေစိုးမောင် (ပြည်သူ့ကျန်းမာရေးတက္ကသိုလ်) နှင့် အသင်းဥက္ကဋ္ဌ တွဲဖက်ပါမောက္ခ ဦးမျိုးသန့် (မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်) တို့ ဦးဆောင်၍ အဖွဲ့ဝင် ၃၇ ဦးပါဝင်သော ဆောင်းရာသီလက်ရွေးစင် တောင်တက်အဖွဲ့သည် ချင်းပြည်နယ် မင်းတပ်မြို့ အခြေစိုက်စခန်းမှ အသွားအပြန် မိုင် ၅၀ ကွာဝေးသော နတ်မတောင် (ခ) ဝိတိုရိယ (ပေ ၁၀၅၀၀) တောင်ထိပ်သို့ ဇန်နဝါရီ ၁ ရက်တွင်လည်းကောင်း၊ မတူပီမြို့နယ်အတွင်းရှိ ဘုံတလာရေတံခွန်တောင် (ပေ ၄၅၀၀) သို့ ဇန်နဝါရီ ၄ ရက်ကလည်းကောင်း၊ ၈၄၂၂ ပေအမြင့်ရှိ လုံတိန်းတောင်ထိပ်သို့ ဇန်နဝါရီ ၅ ရက်ကလည်းကောင်း၊ ၉၁၂၀ ပေအမြင့်ရှိ မောပိတောင်ထိပ်သို့ ဇန်နဝါရီ ၆ ရက်နေ့ကလည်းကောင်း၊ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်အတွင်း ၄၉၈၁ ပေ အမြင့်ရှိ ပုပ္ပားတောင်ထိပ်သို့ ဇန်နဝါရီ ၈ ရက်နေ့ကလည်းကောင်း အောင်မြင်စွာတက်ရောက်၍ နိုင်ငံတော်အလံနှင့် တောင်တက်အဖွဲ့အလံတို့ကို လွှင့်ထူခဲ့ကြသည်။

တောင်တက်အဖွဲ့သည် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားကျေးရွာများတွင် ဒေသခံပြည်သူလူထုကို ဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေးဌာနများသို့ ဆေးဝါးများလှူဒါန်းခြင်း၊ ပရဟိတဂေဟာများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေများ၊ အဝတ်အထည်များ၊ စာအုပ်စာတမ်း၊ စာရေးကိရိယာများလှူဒါန်းခြင်း၊ စာကြည့်တိုက်များအတွက် စာအုပ်နှင့် ဂျာနယ်မျိုးစုံ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

# အအေးပိုင်းငါးမွေးမြူရေး ဗီယက်နမ် လာရောက်လုပ်ကိုင်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၃**

ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံ၌ အအေးပိုင်းငါးမွေးမြူရေးလုပ်ငန်းများ လာရောက်လုပ်ကိုင်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသည့် သားငါးကဏ္ဍဆိုင်ရာ အစည်းအဝေးတွင် ပြောကြားသည်။ ၎င်း၏ အဆိုအရ ဗီယက်နမ်နိုင်ငံ ငါးလုပ်ငန်းဗဟိုအဖွဲ့အစည်း (VCFS) ၏ဖိတ်ကြားချက်အရ နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလ ၆ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံအအေးပိုင်းငါးမွေးမြူရေးလုပ်ငန်းနှင့် ငါးတန်မွေးမြူရေးလုပ်ငန်းများကို မြန်မာ့ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့်အတူ သွားရောက်လေ့

www.foreverspace.com.mm



လာခဲ့ကြောင်း၊ အဆိုပါခရီးစဉ်တွင် ဗီယက်နမ်နိုင်ငံ၌ လက်ရှိ အအေးပိုင်းငါးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီတစ်ခုနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တာဝန်ရှိသူများ မြန်မာနိုင်ငံတွင် အအေးပိုင်းငါးမွေးမြူရေးလုပ်ငန်းများ လာရောက်လုပ်ကိုင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ စတင်လုပ်ကိုင်မည့်အချိန်ကိုမူ မသတ်မှတ်ရသေးကြောင်း ၎င်းက ဆိုသည်။

အအေးပိုင်းငါးမျိုးများဖြစ်သည့် စတာဂျင်းငါးမျိုးနှင့် ဆော်လမွန်ငါးမျိုးများကို ယူဆောင်၍ ကျွမ်းကျင်ဝန်ထမ်းမှစ၍ ငွေအင်အားအထိ မြန်မာနိုင်ငံအအေးပိုင်းဒေသများတွင်လာရောက်လုပ်ကိုင်မည်ဖြစ်ကြောင်း၊ နေရာရွေးချယ်မှုအတွက်ကိုမူ ၎င်းတို့ လာရောက်လေ့လာဦးမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ လာရောက်လုပ်ကိုင်ခြင်းဖြင့် မြန်မာလုပ်ငန်းရှင်များအနေဖြင့် တိုးတက်သည့်ငါးမွေးမြူရေးနည်းပညာများကိုရရှိလာနိုင်ကြောင်း ၎င်းကရှင်းပြသည်။

လက်ရှိဗီယက်နမ်နိုင်ငံတွင်မွေးမြူလုပ်ကိုင်လျက်ရှိသည့် စတာဂျင်းငါးမျိုးမှာ အအေးပိုင်းဒေသ၌မွေးမြူသည့် ငါးမျိုးစိတ်ဖြစ်၍ ကြီးထွားနှုန်းမကောင်းသော်လည်း ကမ္ဘာ့ဈေးကွက်၌တန်ဖိုးမြင့် ဈေးရသည့်ငါးတစ်မျိုးဖြစ်ကြောင်း၊ အဆိုပါငါး၏အသားကိုလွှာရောင်းချနိုင်သလို ဥအနေဖြင့်လည်း ရောင်းချလျက်ရှိကြောင်း၊ စတာဂျင်းငါးဥတစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ မှ ၅၀၀၀ ဝန်းကျင်ခန့်အထိ ဈေးရှိကြောင်း၊ မြန်မာနိုင်ငံတွင် အဆိုပါငါးကိုမွေးမြူနိုင်သည့် ဒေသများမှာ ဗီယက်နမ်နိုင်ငံထက်ပို၍များကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးဟန်ထွန်းက ပြောကြားသည်။

# ကိုကိုးကျွန်းတွင် သီးခြားသုတေသနများပြုလုပ်နိုင်ရန်စီစဉ်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၄**

ရန်ကုန်မြို့၏ အနောက်တောင်ဘက် မိုင် ၂၆၀ အကွာ ဘင်္ဂလားပင်လယ်အော်တွင်တည်ရှိသည့် ကိုကိုးကျွန်းမြို့နယ်တွင် သုတေသနဆိုင်ရာလုပ်ငန်းများကိုပြုလုပ်နိုင်ရန် သီးခြားအစီအစဉ်တစ်ရပ်အနေဖြင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"သုတေသနလုပ်ဖို့ကျန်နေသေးတဲ့ နေရာတစ်ခုလည်းဖြစ်တဲ့အတွက် ပညာရှင်တွေအနေနဲ့ သီးခြားသုတေသနအစီအစဉ်တွေ ပြုလုပ်နိုင်ဖို့ စီစဉ်ပေးသွားဖို့ ရှိပါတယ်" ဟု ၎င်းက ဆိုသည်။

ကိုကိုးကျွန်းမြို့နယ်သည် သဘာဝသယံဇာတအရင်းအမြစ်များကို သဘာဝအတိုင်းမပျက်မစီးဘဲတွေ့ရှိနိုင်သည့် သီးခြားမြို့နယ်တစ်ခုကဲ့သို့ဖြစ်သည့်အတွက် ရက္ခဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း စသည့် အသင်းများနှင့် သုတေသနဆိုင်ရာလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုကိုးကျွန်းမြို့နယ်သို့ ဒီဇင်ဘာ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ သွားရောက်သည့် လေ့လာရေးခရီးစဉ်တွင်လည်း မြဝတီရုပ်မြင်သံကြား၏ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြန်မာ့ကြယ်ငါးပွင့်သဘော်ာလုပ်ငန်းက ရေအောက်ရှုခင်းသဘာဝသယံဇာတအရင်းအမြစ်များကို ရိုက်ကူးတင်ပြသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"Eco - tourism အနေနဲ့လည်း မျှော်မှန်းတဲ့အတွက် သုတေသနလုပ်ငန်းတွေလုပ်နိုင်ဖို့ ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူတစ်ဦး ကပြောကြားသည်။

သဘာဝအခြေခံကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုရှိသည့် ကိုကိုးကျွန်းမြို့နယ်စုတွင် ကျွန်းပေါင်း ၁၂ ကျွန်း ပါဝင်ပြီး ကိုကိုးကျွန်းကြီး၊ ကိုကိုးကျွန်းကလေး၊ မင်္ဂလာကျွန်း၊ ဂျယ်ရီကျွန်းနှင့် ရက်ကျွန်းတို့မှာ ထင်ရှားသည့်ကျွန်းများဖြစ်သည်။

ကိုကိုးကျွန်းကမ်းခြေသည် အစိမ်းရောင်လိပ်များ ဥချလေ့ရှိသည့်မြင်ကွင်းကို သဘာဝအတိုင်း မပျက်စီးဘဲမြင်တွေ့နိုင်သည့် နေရာတစ်ခု ဖြစ်သည်။

NN

www.foreverspace.com.mm



# ကိုကိုးကျွန်းလေ့လာရေးခရီးစဉ် ဓာတ်ပုံပြိုင်ပွဲပြုလုပ်သွားမည်ဟုဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၂၄**

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်ပံ့ပိုးမှုနှင့် မြန်မာ့ကြယ်ငါးပွင့်သဘော်ာလုပ်ငန်းက တာဝန်ယူပို့ဆောင်ပေးနေသည့် ရန်ကုန်–ကိုကိုးကျွန်းလေ့လာရေးခရီးစဉ်အတွက် ဓာတ်ပုံပြိုင်ပွဲ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**



အဆိုပါဓာတ်ပုံပြိုင်ပွဲကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့က ပူးပေါင်းကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ပြီး ဇန်နဝါရီလအတွင်းသွားရောက်မည့် ရန်ကုန်–ကိုကိုးကျွန်းလေ့လာရေးခရီးစဉ် တတိယအကြိမ်နောက်ပိုင်းတွင် ကျင်းပပြုလုပ်ရန်ရည်ရွယ်ထားကြောင်း၊ အပျော်တမ်းအဆင့်နှင့် ဝါသနာရှင်အဆင့် နှစ်မျိုးသတ်မှတ်ထားပြီး မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

ရန်ကုန်–ကိုကိုးကျွန်းလေ့လာရေး ပထမအကြိမ်ခရီးစဉ်ကို နိုဝင်ဘာလ ၂၀ ရက်မှ ၂၃ ရက်အထိ ပို့ဆောင်ပေးခဲ့ပြီး ဒုတိယအကြိမ်ခရီးစဉ်ကို ဒီဇင်ဘာလ ၂၄ ရက်နေ့ မှ ၂၈ ရက်နေ့အထိ ပို့ဆောင်ပေးခဲ့သည်။

# ရွှေမန်းသူ ရန်ကုန်-မကွေး-မင်းဘူး-ပခုက္ကူ တိုးချဲ့ပြေးဆွဲ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၅**

ဇန္နုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်ကပြေးဆွဲလျက်ရှိသော ရွှေမန်းသူ အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းသည် ရန်ကုန်–မန္တလေး–မင်းဘူး –ပခုက္ကူယာဉ်လိုင်းသစ်ကို ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် စတင်၍ နေ့စဉ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှ တရားဝင်ကြေညာချက်အရ သိရှိရသည်။

ရန်ကုန်မှ ပခုက္ကူသို့နေစဉ်ယာဉ်တစ်စီးထွက်ရှိမည်ဖြစ်ပြီး ယာဉ်စီးခနှုန်းထားမှာ လက်မှတ်တစ်စောင်လျှင် ကျပ် ၁၁,၁၀၀ ကျပ်ဖြစ်ကြောင်း၊ ရန်ကုန်မှ နေ့စဉ် နံနက် ၁၁ နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး ပခုက္ကူမြို့ပေါ်သို့ နံနက် ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်းနှင့် ပခုက္ကူမှလည်း ရန်ကုန်မှထွက်ခွာသည့်အချိန်အတိုင်းပင် ရန်ကုန်သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း ရွှေမန်းသူယာဉ်ရပ်နားစခန်းဝင်းသို့ ဆက်သွယ်မေးမြန်းရာတွင် တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယခင်က ရန်ကုန်မြို့သို့သွားလိုသူများအနေဖြင့် ပခုက္ကူမှ ညောင်ဦးအထိ သွားရောက်ပြီးမှသာ ကားစီးကြရလေ့ရှိသည့်အပြင် ကားများမှာလည်း အဆင့်မီကားသန့်များမရှိကြောင်း၊ ရန်ကုန်သို့ နှစ်ရက်ခန့်ကြာ လာရောက်ရသည့် ဤခရီးစဉ်အတွက် ယခုကဲ့သို့ ပခုက္ကူမှ ကားတိုက်ရိုက်ပြေးဆွဲသည့်အပြင် သက်သောင့်သက်သာရှိသည့် အဆင့်မြင့်မှန်လုံလေအိတ်ကားများဖြစ်ခြင်းကြောင့် အဆင်ပြေသွားကြောင်း ပခုက္ကူနှင့် ရန်ကုန် သွားလာသူ ခရီးသည်တစ်ဦးက ပြောပြသည်။

အဆိုပါယာဉ်လိုင်းသည် ယခင်ပြေးဆွဲလျက်ရှိသည့် ရန်ကုန်မှမကွေး၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ပုဂံ၊ ညောင်ဦး၊ လက်ပံခြေပေါ် (ပခုက္ကူတစ်ဖက်ကမ်း) သို့လည်း မူလအတိုင်း နေ့စဉ်ပြေးဆွဲပေးမည်ဖြစ်ပြီး ယခုအခါ ရန်ကုန်မှ ဧရာဝတီမြစ် အနောက်ဘက်လမ်းကြောင်းအတိုင်း မကွေး၊ မင်းဘူး၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ဆိပ်ဖြူ၊ လမ်းရွာ၊ ကျွန်းချောင်း၊ မြစ်ချေ၊ ပခုက္ကူတို့သို့ တိုးချဲ့ပြေးဆွဲမည် ဖြစ်သည်။ ■

www.foreverspace.com.mm



# ပရိယတ္တိသာသနာ့လက်ာရအသင်း သာမဏေကျော် စာအောင်စာရင်းထုတ်ပြန်

ရန်ကုန်၊ ဇန်နဝါရီ ၂

**ဧရာဝတီတိုင်း မော်လမြိုင်ကျွန်း မြို့ ပရိယတ္တိသာသနာ့လက်ာရအသင်း သာမဏေကျော် စာပြန်ပွဲအောင်စာရင်း ကို ဒီဇင်ဘာလ ၃၁ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ကြောင်း ပစ္ဆိမာရုံစာသင်တိုက် တိုက်အုပ်ဆရာတော် အရှင်ရေဝတာလင်္ကာရ ကမိန့်ကြားသည်။**

အဆိုပါအသင်း၏ သာမဏေကျော် စာမေးပွဲကို နှစ်စဉ်တန်ဆောင်မုန်းလဆုတ် ၁၀ ရက် အမျိုးသားနေ့၌ကျင်းပလေ့ရှိပြီး ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် အဆင့်သုံးဆင့်ခွဲခြားထားကြောင်း၊ ရှေ့နှစ်ဆင့်အောင်မြင်ပြီးနောက် နောက်ဆုံးအဆင့်ဖြစ်သည့် တတိယဆင့်ကို အောင်မြင်ပြီးမှသာ သာမဏေကျော်အဖြစ် အသိအမှတ်ပြုကြောင်း၊ ယခု အကြိမ် (၂၀) မြောက်တွင် ပထမအဆင့် တွင် ၃၄၂ ပါး ဖြေဆိုပြီး ၁၅၈ ပါး၊ ဒုတိယအဆင့်တွင် ၁၁၉ ပါး ဖြေဆိုပြီး ၅၆ ပါး၊ တတိယအဆင့်တွင် ၉၂ ပါး ဖြေဆိုပြီး ၂၄ ပါး အောင်မြင်ကြောင်း ဆရာတော်၏မိန့်ကြားချက်အရ သိရသည်။

"အကြိမ် (၂၀) မြောက်အထိ သာမဏေကျော် ၁၉၉ ပါး အသင်းအနေနဲ့ ဖြေဆိုအောင်မြင်ခဲ့တယ်" ဟု ဆရာတော်က မိန့်ကြားသည်။

မော်လမြိုင်ကျွန်းမြို့ ပရိယတ္တိသာသနာ့လင်္ကာရအသင်းကြီးအနေဖြင့် ပထမအဆင့်တွင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ သာမဏေများကိုသာ ဝင်ရောက်ဖြေဆိုခွင့်ပြုခဲ့သော်လည်း နောက်ပိုင်းတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ဝင်ရောက်ဖြေဆိုနိုင်ခဲ့ကြောင်း အဆိုပါအသင်းထံမှ သိရှိရသည်။

ယင်းသို့ စာပြန်ပွဲကျင်းပပေးသည့် အသင်း ခြောက်သင်းရှိပြီး ပရိယတ္တိသာသနာ့ဟိတအသင်းကြီး၊ ပရိယတ္တိသဒ္ဓမ္မရက္ခိတအသင်းကြီး၊ မင်္ဂလာဗျူဟာအသင်းကြီး၊ ပရိယတ္တိသာသနာ့လင်္ကာရအသင်းကြီး၊ ကမ္ဘောဇသာမဏေကျော်အသင်းကြီး၊ ပခုက္ကူသာမဏေကျော်အသင်းကြီးတို့ ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့ ပရိယတ္တိသာသနာ့ လင်္ကာရအသင်း စာပြန်ပွဲကို မြန်မာသက္ကရာဇ် ၁၃၅၂ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။

# ပင်လယ်ကမ်းခြေတွင် ရေနစ်သေဆုံးမှုမရှိစေရန် အသက်ကယ်ဘောဖြင့်သာ ရေကူးသင့်ဟုဆို

ရန်ကုန်၊ဒီဇင်ဘာ ၁၇



ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများတွင် ရေနစ်သေဆုံးမှုအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ရေနစ်သေဆုံးမှုများကိုကာကွယ်နိုင်ရန်အတွက် အသက်ကယ်ဘောကွင်းများဖြင့်သာ ရေကစားသင့်ကြောင်း ငွေဆောင်ကမ်းခြေအနီးနေထိုင်သူ ရေလုပ်သားများနှင့် ငွေဆောင်ကမ်းခြေဟိုတယ်အချို့တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသူ ဝန်ထမ်းများက ပြောကြားသည်။

ပွင့်လင်းရာသီသို့ ဝင်ရောက်လာပြီဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းခြေများတွင် ပြည်တွင်းပြည်ပ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလာပြီဖြစ်ကြောင်း၊ ကမ်းခြေတွင် အပန်းဖြေသူများ ပင်လယ်ပြင်တွင် ရေနစ်သေဆုံးမှုများ၊ အမူးလွန်ရေနစ်သေဆုံးမှုများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ရေနစ်သေဆုံးမှုများ ကြုံတွေ့ရလေ့ရှိကြောင်း၊ ထိုသို့ ရေ

www.foreverspace.com.mm

နစ်သေဆုံးမှုများ ရှောင်ကြဉ်ရန် ရေကူးတတ်သည်ဖြစ်စေ၊ ရေမကူးသည်ဖြစ်စေ အသက်ကယ်အင်္ကျီ၊ ဘောကွင်းများဖြင့်သာ ရေကူးသင့်သည်ဟု ငွေဆောင်ကမ်းခြေတွင်နေထိုင်သူများက အကြံပြုပြောကြားသည်။

"ပင်လယ်ကမ်းခြေဆိုပေမယ့် ခါးလောက်ရှိတဲ့ ရေထဲမှာလည်း အမူးလွန်ရေနစ်သေတာတွေရှိတယ်။ ဒါကြောင့် ရေကူးတတ်သည်ဖြစ်စေ၊ ရေမကူးတတ်သည်ဖြစ်စေ ဘောကွင်း ဒါမှမဟုတ် အသက်ကယ်အင်္ကျီနဲ့ပဲ ရေကူးသင့်တယ်" ဟု ငွေဆောင်ကမ်းခြေအနီးကျေးရွာတွင်နေထိုင်သူ အသက် ၄၅ နှစ်အရွယ် ရေလုပ်သားတစ်ဦးက ပြောကြားသည်။

"ဘောကွင်းနဲ့ရေကူးတာက စိတ်အချရဆုံးပဲ။ ဘယ်လောက်ပဲ ရေကူးတတ်သည်ဖြစ်ပါစေ ပင်လယ်ရဲ့သဘော၊ ဒီရေရဲ့အထာကို နားမလည်ရင် ခါးလယ်လောက်ရှိတဲ့ရေမှာလည်း ရေနစ်သေတတ်တယ်" ဟု အဆိုပါရေလုပ်သားများက ပြောကြားသည်။

ထို့ပြင် ပင်လယ်ကမ်းခြေတွင် လာရောက်အပန်းဖြေသူများအနေဖြင့် ဒေသခံများ၏သတိပေးချက်များကိုလည်း လိုက်နာသင့်သည်ဟု ငွေဆောင်ဒေသခံများက ပြောဆိုသည်။

"အချို့လူတွေက တော်တော်ပြောရခက်တယ်။ ဒီကမ်းခြေနားမှာ ချောက်ရှိတယ်။ ရေမကူးပါနဲ့ ပြောလည်းမရဘူး။ ရေကူးတတ်တယ်ဆိုပြီးကူးတယ်။ ဖြစ်လာတော့ အသက်သေဆုံးတဲ့အထိ ဖြစ်တယ်။ ပင်လယ်နဲ့ဒီရေအကြောင်း သိတဲ့ဒေသခံတွေရဲ့စကားကိုလိုက်နာဖို့ အရေးကြီးပါတယ်" ဟု ငွေဆောင်ကမ်းခြေ Silver View ဟိုတယ်အနီးတွင် ဆိုင်ကယ်ကယ်ရီ အငှားလိုက်သူတစ်ဦးက ရှင်းပြသည်။

ငွေဆောင်ကမ်းခြေ ချစ်သူများကျွန်းအနီးတွင် ဒီဇင်ဘာလ ၅ ရက်နေ့က အမျိုးသမီးနှစ်ဦးရေနစ်သေဆုံးခဲ့ရသည်ဟု ဒေသခံများ၏ပြောကြားချက်အရ သိရှိရသည်။ ■



# မော်လမြိုင်ကျွန်း ကိုယ်ထူကိုယ်ထကျောင်းပြင်ပပညာရေးစနစ် အကောင်အထည်ဖော်မည်

**မော်လမြိုင်ကျွန်း၊ ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့တွင် ပညာရေးဝန်ကြီးဌာန ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ဒေသခံဆရာ၊ ဆရာမများပူးပေါင်း၍ ကျောင်းပြင်ပပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လာမည့်နှစ်များတွင် ကိုယ်ထူကိုယ်ထ ကျောင်းပြင်ပပညာရေးစနစ်ကိုပါ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကျောင်းပြင်ပပညာရေးစနစ်ကြီးကြပ်ရေးမှူး ဦးခင်မောင်သိန်းက ပြောကြားသည်။

ကျောင်းပြင်ပပညာရေးစနစ်ကို ယခုနှစ်ဩဂုတ်လမှစတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်ကြားရေးစခန်းကိုးခုကို မြို့ပေါ်တွင် သုံးခုနှင့် ကျေးရွာများတွင် ခြောက်ခုဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အသက် ၁၀ နှစ်မှ ၁၄ နှစ်အရွယ် ကျောင်းထွက်ခဲ့ရသော ကလေး ၂၃၆ ဦးကို ပညာသင်ကြားပေးနေကြောင်း ၎င်းက ဆိုသည်။

"အခု UNICEF နဲ့လုပ်နေတဲ့စီမံကိန်းက ၂၀၁၁ ဆိုရင်ပြီးပြီ။ ၂ နှစ်စီမံကိန်းပေါ့။ ဒါပေမဲ့ ကျွန်တော်တို့က ဒေသခံတွေဆီမှာအလှူခံပြီး ဒီစီမံကိန်းကို ကိုယ်ထူကိုယ်ထဆက်ပြီးအကောင်အထည်ဖော်သွားမှာပါ" ဟု ဦးခင်မောင်သိန်းက ပြောကြားသည်။

လက်ရှိသင်ကြားနေသော ကျောင်းပြင်ပပညာရေးစနစ်ပါ သင်ရိုးညွှန်းတမ်းသည် UNICEF က သီးသန့်ထုတ်ဝေထားသည့် သင်ရိုးညွှန်းတမ်းဖြစ်ကြောင်း၊ ဖြေဆိုအောင်မြင်ပါက အလယ်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားနိုင်ကြောင်း၊ ကျောင်းပြင်ပပညာသင်စနစ်စီမံကိန်းကို မော်လမြိုင်ကျွန်းမြို့အပြင် ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်နှင့် ဘိုကလေးမြို့တို့တွင်ပါ အကောင်အထည်ဖော်လျက်ရှိကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

"တချို့မိသားစုတွေက စီးပွားရေးအဆင်မပြေတော့ သားသမီးကို ကျောင်းမထားနိုင်ဘူး။ အလုပ်လုပ်ခိုင်းတယ်။ အဲဒီတော့ ကျောင်းမနေရတဲ့ကလေးက များလာတာပေါ့။ ဒီလို ကျောင်းပြင်ပပညာသင်စနစ်ပေါ်လာတော့ မိသားစုစားဝတ်နေရေးအတွက် အလုပ်လည်းမပျက်ဘူး။ သားသမီးလည်း ပညာသင်ရတယ်။ ဒီစီမံကိန်းက ဒီဒေသအတွက်တော့ အများကြီး အကျိုးဖြစ်ပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ■

www.foreverspace.com.mm



# မြန်မာ့စီးပွား စတုတ္ထလှိုင်း

**တင်ညွန့်၊ ကျော်ဆန်းမင်း**

မြန်မာ့စီးပွားရေးကဏ္ဍကို လေ့လာကြည့်မည်ဆိုလျှင် လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံ ဖြတ်သန်းခဲ့ရသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်မျိုး၊ အုပ်ချုပ်မှုစနစ်သုံးမျိုးအောက်တွင် မတူကွဲပြားသည့် ပုံစံသုံးမျိုးဖြင့် ဖြစ်တည်ခဲ့ရသည်။ ယင်းကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံမှာ နိုင်ငံရေးစနစ် အပြောင်းအလဲပေါ်တွင် စီးပွားရေးစနစ်များပါ လိုက်ပါပြောင်းလဲလေ့ရှိသည့် သဘောအရ ၂၀၁၀ တွင် အသက်ဝင်လာဖွယ်ရှိသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံတွင် စီးပွားရေးစနစ်သစ်တစ်ရပ်ဖြစ်ထွန်းလာမည်ဖြစ်သည်။ ယင်းပေါ်ထွန်းလာမည့်စီးပွားရေးစနစ်သစ်မှာ မြန်မာ့စီးပွားရေးကဏ္ဍ၏ စတုတ္ထမြောက်စီးပွားရေး သို့မဟုတ် စတုတ္ထလှိုင်း ဖြစ်လာမည်ဖြစ်သည်။

www.foreverspace.com.mm



## ခေတ်ဟုံခေတ်၊ လှိုင်းသုံးလှိုင်း

မြန်မာ့စီးပွားရေးသမိုင်းကို ပြန်ပြောင်းလေ့လာလျှင် လွတ်လပ်ရေးရသည်မှ ယနေ့အထိ မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်မျိုး၊ အုပ်ချုပ်မှုပုံစံသုံးမျိုးကိုတွေ့ကြုံခဲ့ပြီး စီးပွားရေးစနစ်သုံးမျိုး(ခေတ်သုံးခေတ်) ကိုဖြတ်သန်းခဲ့ရသည်။

ကနဦးဖြတ်သန်းခဲ့ရသည့် စီးပွားရေးစနစ်မှာ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံနှင့် အံဝင်မည်ဟုယူဆရသော ဆိုရှယ်လစ်တစ်ပိုင်းဈေးကွက်စီးပွားရေးစနစ် တစ်နည်းအားဖြင့် ရောပြွန်းစီးပွားရေးစနစ်နှင့်ဆင်တူသောစနစ်တစ်မျိုးဖြင့် ဖြတ်သန်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော စီးပွားရေးစနစ်မှာ ယင်းကာလက ဒေသတွင်းနိုင်ငံများတွင်ကျင့်သုံးနေသော ရောပြွန်းစီးပွားရေးစနစ်ဖြစ်သည်။ ယင်းစနစ်အရ ပုဂ္ဂလိကကဏ္ဍကို လုပ်ပိုင်ခွင့်အချို့ပေးခဲ့သော်လည်း အဓိကမောင်းနှင်အားကို အစိုးရက ရယူထားခဲ့သည်။

သွင်းကုန်လိုင်စင်ကို အကာနဲ့အသတ်ဖြင့်သာ ထုတ်ပေးသဖြင့် သွင်းကုန်လိုင်စင်ရသူများမှာ လုပ်ငန်းမလုပ်တတ်သူများဖြစ်ကြသဖြင့် လုပ်ငန်းလုပ်တတ်သူများကို လိုင်စင်ပြန်ရောင်းသည့်ဈေးကွက် ပေါ်ပေါက်လာခဲ့ပြီး သွင်းကုန်များ ဈေးနှုန်းမြင့်တက်လာသည်။

သို့သော် မထင်မှတ်ဘဲရသည့် ကောင်းကျိုးတစ်ရပ်မှာ သွင်းကုန်များဈေးမြင့်၍ သွင်းကုန်အစားထိုးကုန်စည်များထုတ်လုပ်ရန် စက်မှုလုပ်ငန်းများ ထူထောင်လာကြသဖြင့် ၁၉၅၅ ခုနှစ်ဝန်းကျင်တွင် လူသုံးကုန်စည်များ ထုတ်လုပ်သည့်လုပ်ငန်းများ အများအပြားပေါ် ပေါက်လာခဲ့သည်။



ပုဂ္ဂလိကစီးပွားရေးကဏ္ဍများအနက် ရေထွက်ပစ္စည်းလုပ်ငန်းနယ်ပယ်သည်
နိုင်ငံခြားဝင်ငွေကိုအဓိကရှာဖွေပေးလျက်ရှိသည်

၁၉၅၆ ခုနှစ် ပြည်ထောင်သာစီမံကိန်းရှည်ဆိုင်းပြီးနောက်တွင် ပုဂ္ဂလိကကဏ္ဍမပါဝင်ဘဲ စီးပွားရေးဖွံ့ဖြိုးစေရန် မဆောင်ရွက်နိုင်ကြောင်း တွေ့ရှိလာသည်။ ယင်း၏နောက်ဆက်တွဲကောင်းကျိုးအနေဖြင့် ၁၉၅၇ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းကို

## "လက်တစ်ဆုပ်လောက်ပဲ ချမ်းသာမယ့် Privatization ကို ရှောင်ဖို့လိုအပ်တယ်"

**ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာန အငြိမ်းစားပါမောက္ခ ဒေါက်တာမောင်မောင်စိုးနှင့်တွေ့ဆုံခြင်း**



**L.C** ။ ။ ပုဂ္ဂလိကကဏ္ဍ ကူးပြောင်းရေးအပေါ် ဆရာ့အနေနဲ့ ဘယ်လိုမြင်ပါသလဲ။

**Dr.MMS** ။ ။ တော်လှန်ရေးအစိုးရတက်လာတုန်းက Nationalization လုပ်တယ်ဆိုပြီး ကုန်စုံဆိုင်ပါမကျန် ပြည်သူပိုင်သိမ်းတယ်။ SOE (နိုင်ငံပိုင်လုပ်ငန်း) ကနေ Small Business အထိ အကုန်နိုင်ငံပိုင်သိမ်းတယ်။ နောက် အခု မအောင်မြင်တော့ Privatization ပြန်လုပ်ရတယ်။ အဲတော့ ဒီမှာမေးရမှာက ဘာ့ကြောင့်ပြည်သူပိုင်သိမ်းသလဲ၊ ဘာ့ကြောင့်ပုဂ္ဂလိကပိုင်ပြန်လုပ်တာလဲပေါ့။ သေချာတာတစ်ခုကတော့ အကျိုးဖြစ်နေတာတွေလို့ ပြည်သူပိုင်သိမ်းတာ၊ ကိုယ့်လက်ထဲကျမှ မအောင်

www.foreverspace.com.mm





ပုဂ္ဂလိက ပဲဆီသန့်စက်ရုံတစ်ခု

၁၉၆၂ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သည့် မြန်မာ့နိုင်ငံရေးစနစ် အပြောင်းအလဲနှင့်အတူ စီးပွားရေးစနစ်မှာလည်း ဆိုရှယ်လစ်စီးပွားရေးစနစ်သို့ ပြောင်းလဲသွား၍ ခေတ်ဦးမြန်မာ့စီးပွားရေးစနစ် တစ်ခန်းရပ်ကာ ဒုတိယခေတ်ဖြစ်သော ဆိုရှယ်လစ်စီးပွားရေးစနစ်ကို စတင်ဖြတ် သန်းခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖွဲ့စည်းပုံစည်းမျဉ်း အခန်း (၁)၊ ပုဒ်မ (၁၄) တွင် "ဆိုရှယ်လစ်စီးပွားရေးသည် လူတစ်ဦး၊ လူတစ်စု၊ လူတစ်ဖွဲ့၊ လူတန်းစားတစ်ရပ်နှင့် ပါတီဝင်လူတန်းစားတစ်သိုက်၏ ကျဉ်းမြောင်းသောကိုယ်ကျိုးများအတွက် မလုပ်ဆောင်ဘဲ တိုင်းသူပြည်သားများ၏ လူနေမှုဘဝနှင့်ဆိုင်သော လိုအပ်ချက်များကို ဖြည့်စွမ်းပေးရန်အတွက်သာလျှင် ရည်ရွယ်ချက်ထားပြီးဆောင်ရွက်သည်" ဟုဆိုထားသည်။

ယင်းအပြင် ပုဒ်မ(၁၇)တွင်လည်း ကုန်ထုတ်လုပ်ငန်း၊ ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးလုပ်ငန်းမှန်သမျှ နိုင်ငံပိုင်လုပ်ရမည်ဟု ဖော်ပြထားသည်။

ယင်းဆိုရှယ်လစ်စီးပွားရေးသဘောတရားကို အခြေခံပြီး ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံပိုင်သိမ်းခြင်း၊ နိုင်ငံပိုင်လုပ်ငန်း ထူထောင်ခြင်း စသည့် နည်းလမ်းတို့ကြောင့် ဗဟိုမှဦးစီးထိန်းချုပ်သော စီမံကိန်းစီးပွားရေးစနစ် ပေါ်ထွန်းခဲ့သည်။

ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ကသာပြုလုပ်ခဲ့ပြီး ပုဂ္ဂလိက အခန်းကဏ္ဍကို နှိပ်ကွပ်ချိုးနှိမ်ခဲ့သဖြင့် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ၏အခန်းကဏ္ဍ ပျောက်ဆုံးခဲ့သည်။

စီးပွားရေးနှင့် လူမှုရေးဘုတ်အဖွဲ့က အတည်ပြုပေးခဲ့သည်။

ယင်းသို့ဖြင့် မြန်မာ့စီးပွားရေးမှာ ၁၉၅၀ ပြည့်နှစ် ဝန်းကျင်တွင် ပွင့်လင်းသောအရင်းရှင်စီးပွားရေးစနစ် (ဈေးကွက်စီးပွားရေးစနစ်)သို့ ဦးတည်ရွေ့ပြောင်းနေပြီဖြစ်သော်လည်း ၁၉၆၂တွင် အစိုးရမူဝါဒ အပြောင်းအလဲနှင့်အတူ အရင်းရှင်လမ်းကြောင်းပေါ်ရောက်နေသည့် မြန်မာ့စီးပွားရေးကဏ္ဍ တစ်ခန်းရပ်ကာ ဆိုရှယ်လစ်စီးပွားရေးလမ်းကြောင်းကို လျှောက်ခဲ့ရသည်။

မြင်လို့ ပုဂ္ဂလိကပြန်ပေးတာ။ ဒီတော့ လုပ်ငန်းက နဂိုကတည်းက အောင်မြင်နေတဲ့ လုပ်ငန်းဖြစ်တော့ လုပ်ငန်းက မကောင်းတာ မဟုတ်ဘူး။ အသုံးပြုတဲ့သူ ညံ့တာ။

**L.C ။ ။ ဒါဆို Nationalization ဘာလို့လုပ်ပြီး Privatization ဘာလို့ပြန်လုပ်တာလဲဆရာ။**

**Dr.MMS ။** ။ Nationalization တို့၊ Privatization တို့ဆိုတာ တက်လာတဲ့အစိုးရပေါ် မူတည်တယ်။ ဆိုရှယ်လစ်သို့မဟုတ် ကွန်မြူနစ်အစိုးရဆိုရင် Nationalization လုပ်လေ့ရှိတယ်။ လုပ်ဖို့ အာသီသရှိတယ်။ ဒီနေရာမှာပြောဖို့လိုလာတာက ပြည်သူပိုင်သိမ်းတဲ့အစိုးရက သိမ်းပြီး ပုဂ္ဂလိကပိုင်ပြန်လုပ်တဲ့အစိုးရက လုပ်တယ်။ ပြည်သူပိုင်သိမ်းတာလည်း အစိုးရပဲ။ ပုဂ္ဂလိကပိုင်ပြန်လုပ်တာလည်း အစိုးရပဲ။ ဒါပေမဲ့ အစိုးရပုံသဏ္ဌာန်မတူတော့တာပဲရှိတယ်။ နိုင်ငံပိုင်သိမ်းပြီး ပုဂ္ဂလိကပိုင်ပြန်လုပ်တဲ့နေရာမှာ ဘယ်သူ့ကိုပေးမလဲ၊ နဂိုမူလပိုင်ရှင်ကို ပြန်ပေးမှာလား၊ နောက်လူသစ်ကိုပေးမလား။ လေလံသဘောအရ အမြင့်ဆုံးဈေးပေးနိုင်သူကို ပေးမလား၊ ဒါသိပ် အရေးကြီးတယ်။ Privatization လုပ်တဲ့နေရာမှာ အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာ Privatization လုပ်တဲ့သူ၊ ပေးပိုင်ခွင့်ရှိသူပေါ်မှာပဲ မူတည်တယ်။

**L.C ။ ။ Privatization ကူးပြောင်းတဲ့အခါ ဘယ်လိုပုံစံမျိုး ပြောင်းသင့်သလဲ။ နည်းနည်းလောက် ရှင်းပြပါလား ဆရာ။**

**Dr.MMS ။** ။ Privatization ကူးပြောင်းရေးဆိုတဲ့ Process ကို စဉ်းစားရင် အရင်ဆုံး လုပ်ပိုင်ခွင့်ချပေးရမယ်။ ဒီကမှတစ်

www.foreverspace.com.mm

ထို့အပြင် အစိုးရအနေဖြင့် နိုင်ငံပိုင်လုပ်ငန်းများကို ဦးစီးဆောင်ရွက်ရာတွင် လုပ်ငန်းအတွေ့အကြုံမရှိခြင်း၊ ဝန်ထမ်းများ၏ ကိုယ်ကျင့်တရားကောင်းမွန်ရေး ထိန်းချုပ်နိုင်စွမ်း မရှိခြင်း စသည်တို့ကြောင့် စီးပွားရေးယိုယွင်းပြီး ဆိုရှယ်လစ်ပုံစံစီးပွားရေးစနစ်အောက်တွင် မပြည့်စုံမှုများ၊ လိုအပ်ချက်များနှင့်အတူ ပြည်သူနှင့် အုပ်ချုပ်သူအစိုးရအကြား ယုံကြည်မှုပြိုကွဲကာ ၁၉၈၈ ခုနှစ်တွင် နိုင်ငံရေးစနစ်အပြောင်းအလဲဖြစ်ခဲ့ကာ ဒုတိယမျိုးဆက် မြန်မာ့စီးပွားရေးအခန်းကဏ္ဍ ချုပ်ငြိမ်းခဲ့သည်။

၁၉၆၂ ခုနှစ်မှ ၁၉၇၁ ခုနှစ် ကိုးနှစ်တာကာလအတွင်း ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုမရခဲ့သည့် အဓိကအချက်များကို 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' ၏ 'နှစ်တိုနှစ်ရှည် စီးပွားရေးမူဝါဒများ' စာအုပ်တွင်–

၁။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံရေးလမ်းစဉ်တစ်ရပ်ကို အတိအကျချမှတ်နိုင်ခဲ့သော်လည်း စီးပွားရေးလမ်းစဉ်နှင့် နှစ်ရှည်စီးပွားရေးမူဝါဒများကို အတိအကျမချမှတ်နိုင်ခဲ့ခြင်း၊

၂။ အစိုးရဌာနများအနေဖြင့် ကောင်းနိုးရာရာ စီးပွားရေး



**လူတစ်စုသာ ချမ်းသာသည့် ပုဂ္ဂလိကပိုင် အသွင်ကူးပြောင်းရေး မဖြစ်သင့်ဟု ပညာရှင်တစ်ချို့က သုံးသပ်သည်**

ဆင့် Privatization ပေးရမယ်။ တစ်ခါတလေကျရင် Privatization တော့ ပေးထားပေမယ့် လုပ်ပိုင်ခွင့်ကို မပေးတာမျိုးတွေ တွေ့ဖူးတယ်။ ဒါမျိုးဆို Privatization က မအောင်မြင်နိုင်ဘူး။ Privatization မပြောင်းခင် လုပ်ပိုင်ခွင့် စပေးပြီး လုပ်ပိုင်ခွင့်ကို အသားကျအောင် လုပ်ပေးပြီးမှ Privatization ပြောင်းရမယ်။ Mature မဖြစ်သေးဘဲ ပြောင်းလို့မရဘူး။ ပြောင်းလိုက် ရင် အခက်အခဲဖြစ်နိုင်တယ်။ နောက်တစ်ခုက Reprivatization ဆိုတာရှိသေးတယ်။ ဥပမာ– Privatization ကူးပြောင်းရာမှာ A က လုပ်ပိုင်ခွင့် ရတယ်။ ဒါပေမဲ့ သူက မလုပ်တတ်တော့ B ကို အခကြေးငွေ သတ်မှတ်ပြီး ပြန်ရောင်းတယ်။ တစ်နည်းအားဖြင့် Privatization ကို မှောင်ခိုလုပ်တာပေါ့။ ပိုလန်မှာ Privatization လုပ်တော့ ပိုလန်လူဦးရေရဲ့ ၅ ရာခိုင်နှုန်းသာ တကယ့်ကို လူချမ်းသာစာရင်းဝင်သွားပြီး ကျန် ၉၅ ရာခိုင်နှုန်းကတော့ ဆင်းရဲမြဲဆင်းရဲနေသေးတယ်။ ဒါကြောင့် လူတစ်စုသာ ချမ်းသာတဲ့ Privatization မဖြစ်သင့်ဘူး။ Privatization လုပ်ရာမှာလည်း Monoculture ရှိတဲ့လုပ်ငန်းတွေကို တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ကသာ လုပ်သင့်တဲ့လုပ်ငန်းမျိုး။ ဥပမာ– လျှပ်စစ်၊ ရေပေးဝေရေး စသဖြင့် လုပ်ငန်းတွေကိုတော့ Privatization မလုပ်သင့်ဘူး။ ဘာလို့လဲဆိုတော့ Monoculture ရှိတဲ့လုပ်ငန်းတွေက အမြတ်အများကြီးရနိုင်တော့ အကျိုးအမြတ်ရှေးရှုတဲ့လုပ်ငန်းရှင်တွေ လက်ထဲရောက်သွားရင် စားသုံးသူတွေအတွက် ဆိုးကျိုးများနိုင်တယ်။ အဲဒီတော့ ပုဂ္ဂလိကပိုင်လုံးဝကူးပြောင်းရမယ့်လုပ်ငန်းတွေနဲ့ ပုဂ္ဂလိကပိုင်မလုပ်ရမယ့် လုပ်ငန်းတွေကို ကွဲကွဲပြားပြားသိထားဖို့လိုတယ်။ ပုဂ္ဂလိကသီးသန့်ပေးရမယ့်လုပ်ငန်းတွေကိုတော့ အစိုးရက ဝင်မစွက်ဖက်ဘဲ လွတ်လပ်စွာလုပ်ခွင့်ပေးရမယ်။

တစ်နည်းအားဖြင့် Nationalization တုန်းက

www.foreverspace.com.mm

မူဝါဒများကို ချမှတ်လုပ်ကိုင်နေကြရာတွင် ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်း၊ ဌာနများ၏ စီးပွားရေးမူဝါဒများ တစ်ခုနှင့်တစ်ခုညီညွတ်မှုမရှိခြင်း၊

၃။ တိုင်းရင်းသားလူမျိုးများအားလုံး၏ စီးပွားရေးကို စီမံကိန်းဖြင့် ထိရောက်စွာ အကောင်အထည်မဖော်နိုင်ခဲ့ခြင်း၊

၄။ အစိုးရဌာနများနှင့် ပြည်သူပိုင်လုပ်ငန်းများတွင် စီမံခန့်ခွဲသူများသည် စီးပွားရေးလုပ်ငန်းများကို စီးပွားရေးဆန်ဆန် မဆောင်ရွက်ဘဲ အုပ်ချုပ်ရေးဆန်ဆန် တာဝန်ကျေသဘောသာ လုပ်ဆောင်နေကြခြင်း၊

၅။ အစိုးရဌာနများနှင့် ပြည်သူပိုင်လုပ်ငန်းများတွင် စီမံခန့်ခွဲသူများသည် အဆင့်ဆင့်တာဝန်ယူမှု အားနည်းနေခြင်းနှင့် အလုပ်သမားများအား စနစ်တကျ ဦးဆောင်ကွပ်ကဲမှုမပေးနိုင်သည့်အတွက် လုပ်ခွင်စည်းကမ်း လျော့ရဲမှုရှိလာခြင်း၊

၆။ အလုပ်သမားများအပိုင်းကလည်း ရပိုင်ခွင့်များ တိုးတက်ရရှိသလောက် တာဝန်ကျေပွန်မှုအပိုင်းတွင် အားနည်းလာကြခြင်း၊

၇။ ပြည်သူပိုင်ပစ္စည်း ပျက်စီးဆုံးရှုံးလာမှုများနှင့် အလွဲသုံးစားလုပ်မှုများ များပြားလာခြင်း၊ ထိရောက်စွာအရေးယူ အပြစ်ပေးမှုနည်းလာခြင်း၊

၈။ အချို့စက်ရုံ၊ အလုပ်ရုံများတွင် ဘဏ္ဍာရေးကြီးကြပ် ကွပ်ကဲမှုစနစ်သည် အံဝင်ခွင်ကျမရှိသည့်အတွက် ကုန်ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးကို အဟန့်အတားဖြစ်စေခဲ့ခြင်း၊

၉။ စက်ရုံထွက်ပစ္စည်းများကို ကုန်ကျစရိတ်အတိုင်း ကုန်






နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်

Macro အမြင်၊ Privatization ကတော့ Micro အမြင်နဲ့ကြည့်မယ်။ ဒီတော့ Privatization က သူ့အကျိုးအမြတ်ပဲ ရှေးရှုမယ်။ နိုင်ငံတည်ငြိမ်ရေးတို့၊ စားသုံးသူအကျိုးအမြတ်တို့ ဒါကိုမကြည့်နိုင်ဘူး။ ဒီတော့ Macro ရှုထောင့်ကနေလုပ်ရမယ်။ အများအတွက် ဦးတည်ချက်ထားရတဲ့လုပ်ငန်းမျိုးကို Private မပေးသင့်ဘူး။

Market Economy မှာ တိုင်းပြည်ကြီးပွားတိုးတက်ချင်ရင် အစိုးရဝင်စွက်ပေးရတယ်။ မစွက်လို့မရဘူး။ ဒါပေမဲ့ စွက်တဲ့နေရာမှာ ဘယ်လိုစွက်ရမလဲဆိုရင် ဈေးကွက်မှာ လုပ်ငန်းတစ်ခုက အရမ်းကို Strong ဖြစ်လာရင် ဈေးကွက်ရဲ့အနည်းဆုံး ၂၅ ရာခိုင်နှုန်းပိုင်လာပြီဆိုရင် Monopoly သဘောမျိုးလုပ်လာတော့မယ်ဆိုရင် သူကဈေးကွက်ကို လက်ဝါးကြီးများများ အုပ်လာရင် စားသုံးသူ ဝန်ပိလေပဲ။ စားသုံးသူဝန်ပိလေလေ စီးပွားရေးလည်ပတ်မှု နှေးကွေးလေပဲ။ ဒါကိုမဖြစ်ဖို့ အစိုးရအနေနဲ့ကတခြားလုပ်ငန်းတစ်ခုကို ပံ့ပိုးပေးရမယ်။ အဲဒီလုပ်ငန်းတက်လာမှ ဈေးကွက်အပြိုင်ဖြစ်သွားပြီး တစ်ယောက်ကလည်း သူ့လုပ်ငန်းမကျချင်တော့ စားသုံးသူကို အပြိုင်ဆွဲဆောင်ရတယ်။ ဒီတော့ ထုတ်လုပ်သူ လက်ဝါးကြီးအုပ်မခံရတော့ဘူး။

**L.C** ။ ။ **ဒီလိုဆို ပုဂ္ဂလိကပိုင်လုပ်တဲ့နေရာမှာ အများကြီးသတိထားဖို့ လိုတာပေါ့နော်။**

**Dr.MMS** ။ ။ ကျွန်တော့်အတွေ့အကြုံအရ Privatization လုပ် လိုက်လို့ လူတန်းစားကွာဟချက်ပိုကြီးသွားတာမျိုးတွေ ရှိတယ်။ ဒီတော့ လက်တစ်ဆုပ်လောက်ပဲ ချမ်းသာမယ့် Privatization ကို ရှောင်ဖို့လိုအပ်တယ်။ ဒီနေရာမှာ Privatization မအောင်မြင်တာ ဈေးကွက်အပြစ်မဟုတ်ဘူး။

www.foreverspace.com.mm



သွယ်ရေးသို့ လွှဲပြောင်းပေးနေရသည့်စနစ်ကြောင့် ကုန်ထုတ်လုပ်မှု စရိတ်များကြီးမြင့်ခြင်းအပြင် လုပ်ငန်းလုပ်ဆောင်ရည်များလည်း ကျဆင်းလာခြင်း၊

၁၀။ ဘဏ္ဍာရေးအခက်အခဲကြောင့် အချို့ကုန်ပစ္စည်းများ အပေါ်တွင် ရောင်းဈေးတိုးမြှင့်သတ်မှတ်လိုက်ရသဖြင့် ကုန်ဈေးနှုန်း ကြီးမြင့်ကာ လုပ်သားပြည်သူများ စားဝတ်နေရေးကျပ်တည်းလာ ခြင်း၊

၁၁။ စီးပွားရေးလုပ်ငန်းများတွင် ပြည်သူပိုင်ရင်းနှီးမြှုပ်နှံမှု များ တိုးတက်စေကာမူ ဆိုရှယ်လစ်စီးပွားရေးဘောင်ထဲတွင် ပုဂ္ဂလိက ပိုင်အနေဖြင့် ခွင့်ပြုနိုင်သော စီးပွားရေးလုပ်ငန်းများအတွက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို ခွင့်မပြုသည့်အတွက် တိုင်းပြည်၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုကျဆင်းခဲ့ရခြင်း၊

၁၂။ စီးပွားရေးလုပ်ငန်းများတွင် ပုဂ္ဂလိက၏ အခန်းကဏ္ဍ ကိုလည်း ခွင့်မပြု၊ ပြည်သူပိုင်လုပ်ငန်းများကလည်း စွမ်းဆောင်မှု မပေးနိုင်သဖြင့် အလုပ်လက်မဲ့များနှင့် မှောင်ခိုလုပ်ငန်းများ ပေါ်များ လာခြင်း၊

၁၃။ လုပ်သားအင်အားစီမံကိန်းများကို စနစ်တကျ မရေးဆွဲ နိုင်သဖြင့် လက်ရှိပညာရေးစနစ်သည် စီးပွားရေးလုပ်ငန်းများနှင့် အံဝင်ခွင်ကျမဖြစ်ခြင်း၊

၁၄။ လုပ်သားအင်အားနေရာချထားရေးတွင်လည်း အုပ်ချုပ် မှုအပိုင်းကို အဓိကထားပြီး ကုန်ထုတ်လုပ်မှုအပိုင်းကို သာမညထား ကာ လုပ်ဆောင်နေသောကြောင့် အုပ်ချုပ်မှုစရိတ်ကြီးလေးပြီး ကုန် ထုတ်လုပ်မှုအားလျော့လာခြင်း၊

၁၅။ပြည်ပနိုင်ငံများနှင့် စီးပွားရေးဆက်သွယ်မှုအားနည်း



ကျွန်းသစ်ထုတ်လုပ်ခြင်းနှင့် ပြည်ပရောင်းချခြင်းလုပ်ငန်းသည် အစိုးရကသာလုပ်ပိုင်ခွင့်ရှိသည်

ခြင်းတို့ဖြစ်သည်။

အထက်ပါအချက်များသည် ဆိုရှယ်လစ်စီးပွားရေးစနစ် မအောင်မြင်ခဲ့ရခြင်း၏ အဓိကအချက်များဖြစ်ခဲ့ပြီး ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ထိုအားနည်းချက်များကို ပြုပြင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် အမိန့်ကြော်ငြာစာအမှတ် ၁/၈၈ ကို စတင် ထုတ်ပြန်ကာ ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍကို စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ရာမှ တတိယမျိုးဆက် မြန်မာ့စီးပွားရေး စနစ်တစ်ရပ်ပေါ်ပေါက်လာသည်။

၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ပြည်ထောင် စုမြန်မာနိုင်ငံတော်အစိုးရ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ လုပ်ကိုင်ခွင့်ပိတ်ပင်သော ကြေညာချက်များကို

## “အစိုးရက Special Loan နဲ့ ချေးပေးမယ်ဆိုရင် ပိုပြီးဖြစ်နိုင်တာပေါ့”

**ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန အငြိမ်းစားဌာနမှူး ပါမောက္ခဒေါ်လှမြင့်နှင့်တွေ့ဆုံခြင်း**



**L.C ။ ။ ဈေးကွက်စီးပွားရေးစနစ်မှာ ပုဂ္ဂလိက ကဏ္ဍက အရေးကြီးတယ်ဆိုတော့ ပုဂ္ဂလိကကဏ္ဍ ကူး ပြောင်းရေးနဲ့ပတ်သက်ပြီး ဆရာမကြီးရဲ့အမြင်လေး သိပါ ရစေ။**

**Dr.HM** ။ ။ ဆရာမတို့ အငြိမ်းစားမယူခင်က Privatization လုပ်ဖို့ အဖွဲ့ဖွဲ့ပြီးလုပ်ကြတယ်။ ဒီတော့ Privatization လုပ်မယ်ဆိုရင် Privatization လုပ်ကိုလုပ်မယ်ဆိုတဲ့ Commitment လိုတာပေါ့။ နောက် Privatization မှာအရေးကြီးတာ ဈေးနှုန်းပဲ။ မူလဝယ်တဲ့ဈေးနှုန်းနဲ့ ပြန်ရောင်းချလို့တော့မရဘူး။ သင့်လျော်တဲ့ဈေးနှုန်း Reasonable Price ဖြစ်ဖို့လိုတယ်။ နောက်

www.foreverspace.com.mm

ရုပ်သိမ်းသည့် အမိန့်ကြော်ငြာစာ အမှတ် (၁/၈၈) ကို ထုတ်ပြန်ခဲ့သည်။

ထိုအမိန့်ကြော်ငြာစာ အမှတ် ၁/၈၈ တွင်

"ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူပြည်သားများ စားဝတ်နေရေးချောင်လည်စေရန်နှင့် နိုင်ငံတော် စီးပွားရေးဘက်စုံဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံပိုင်အဖွဲ့အစည်းများသာမကဘဲ၊ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍတို့ကပါ ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိကြောင်း" ဖော်ပြထားသည်။

ထို့အပြင် ထိုထုတ်ပြန်ချက်အရ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လုပ်ကိုင်ခွင့်ကို ပိတ်ပင်တားမြစ်ခဲ့သော သတင်းကြေညာချက်များ၊ အမိန့်များ စသည်တို့ကို ရုပ်သိမ်းလိုက်ကြောင်း ဖြင့် ထိုအမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ထိုက်သင့်သောအကျိုးအမြတ်များရရှိခွင့်၊ ရရှိသောအကျိုးအမြတ်များကို နိုင်ငံခြားသို့ပြန်ပို့ခွင့်၊ လုပ်ငန်းပြီးဆုံးသည့်အခါတွင် ပြန်လည်ယူဆောင်ခွင့်၊ အခွန်ကင်းလွတ်ခွင့် အပါအဝင် သက်သာခွင့်များနှင့် လုပ်ငန်းလုပ်ကိုင်နေစဉ် ပြည်သူပိုင်ပြုလုပ်ခြင်းမပြုပါဆိုသည့် အာမခံချက်များကို ခိုင်လုံစွာ ပေးအပ်ထားကြောင်း ယင်းထုတ်ပြန်ချက်အရ တွေ့ရသည်။



သီလဝါရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာဆိပ်ကမ်း

နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေကို ၁၉၈၉ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေ၏ အဓိကအချက်မှာ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့်လုပ်ငန်းများဖြစ်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အစိုးရကသာ လုပ်ကိုင်ခွင့်ရှိသည့် လုပ်ငန်း ၁၂ မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်း

၂။ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်း

ဒီပစ္စည်းက Usable သုံးလို့ရတဲ့ အနေအထားမှာရှိရမယ်။ ပြီးတော့ Privitization လုပ်ရမယ့် Method ကို ဘယ် Method သုံးမှာလဲ။ အပြတ်ရောင်းမှာလား၊ ငှားမှာလားပေါ့။ ငှားမယ်ဆိုရင် ဒီနှစ်တော့ ငှားမယ်၊ နောင်နှစ်တော့ မငှားတော့ဘူး။ ဒါမျိုးတော့ လုပ်လို့မရဘူး။ ငှားတဲ့သူက အချိန်တွေ၊ ငွေတွေ မြှုပ်နှံပြီး ပျိုးထောင်ထားရတာဖြစ်တော့ အချိန် အတိုင်းအတာ တစ်ရပ်အထိ ပေးထားရတယ်။ ဟိုခေတ်တုန်းက စားဖျော်တွေရှိတယ်။ သူက သူ့ထမင်းဆိုင်တွေကို Management ကိုပဲ ရောင်းလိုက်တယ်။ ပြီးတော့ အစိုးရကိုဘယ်လောက်သွင်းပေါ့ စသဖြင့်နည်းတွေရှိတယ်။ ဆိုတော့ဘယ်နည်းနဲ့ Privatization လုပ်မှာလဲပေါ့။ သေချာတာက အကျိုးအမြတ်မရှိရင်တော့ ဘယ်သူမှဝယ်မှာမဟုတ်ဘူး။

**L.C ။ ။ SOE အစိုးရပိုင်လုပ်ငန်းတွေကို Privatization လုပ်တဲ့အတွက် ဘယ်လိုအကျိုးအမြတ်တွေ ရနိုင်မလဲခင်ဗျာ။**

**Dr.HM** ။ ။ Privatization လုပ်ရင်ကောင်း မကောင်းဆိုတာ စဉ်းစားကြည့်ရရင် အရင်တုန်းက အစိုးရတစ်ဦးတည်း လုပ်နေရာက Privitization ပေးလိုက်ရင် အပြိုင်အဆိုင်ဖြစ်လာမယ်။ သူ့ထက်ငါ လုပ်ငန်းအောင်မြင်ဖို့ သူ့ထက်ငါ Efficient ဖြစ်အောင်လုပ်ရတယ်။ ဒီတော့ Efficient ဖြစ်လာမယ်ပေါ့။ ဒါကြောင့် Privitization လုပ်တာ ကောင်းမယ်လို့ သုံးသပ်နိုင်တာပေါ့ ။ နောက်စဉ်းစားဖို့လိုတာက Privatization လုပ်မယ်ဆိုရင် ဘယ်သူတွေက ဝယ်မှာလဲ။ ပြည်သူတွေ ဝယ်မှာလား။ ပြည်သူတွေဝယ်မယ်ဆိုရင် ဘယ်ကရင်းနှီးငွေနဲ့ဝယ်မှာလဲ၊ ဘယ်ကငွေရမလဲပေါ့။ တကယ်လို့များအရင်းအနှီးကိုအတိုးနည်းနည်းနဲ့ချေးယူလို့ရမယ်ဆိုရင်တော့ အဆင်ပြေမှာပေါ့။ ဒီလိုမှမဟုတ်ရင် အတိုးမြင့်နေရင်တော့ မလွယ်ဘူးပေါ့။ ဒီတော့ အစိုးရက Special Loan နဲ့ ချေးပေးမယ်ဆိုရင် ပိုပြီးဖြစ်

www.foreverspace.com.mm





ရုပ်ရှင်ပြသမှုလုပ်ငန်းများသည်လည်း အဆင့်မြင့်ခဲ့ရသည်

လုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း

၃။ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း

၄။ ပုလဲ၊ ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက် ရတနာပစ္စည်းများ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်း

၅။ အစိုးရက သုတေသနပြုလုပ်ရန် သတ်မှတ်ထားသော အင်းများ၌ ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း

၆။ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း

၇။ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့် မီးရထားပို့ဆောင်ရေးလုပ်ငန်း

၈။ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်း

၉။ အသံလွှင့်လုပ်ငန်းနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်း

၁၀။ သတ္တုရှာဖွေခြင်းလုပ်ငန်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်း

၁၁။ ဥပဒေအရ ပုဂ္ဂလိကနှင့် သမဝါယမတို့အား သတ်မှတ်ခွင့်ပြုထားသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှအပ အခြားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

၁၂။ အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်သည်။

ဤဥပဒေအရ အထက်ဖော်ပြပါလုပ်ငန်း ၁၂ မျိုးအနက် တစ်ရပ်ရပ်ကို မြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် အခြား မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) မည်သည့်စီးပွားရေးအဖွဲ့အစည်းမဆို ဖက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး (သို့မဟုတ်) စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတစ်ခုခုက စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ အမိန့်ကြော်ငြာစာထုတ်ပြန်၍ခွင့်ပြုနိုင်သည်ဟူ၍လည်း ပြဋ္ဌာန်းချက်တွင် တွေ့ရသည်။

ယင်းသို့ဖြင့် မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်အမည်ခံ စီးပွားရေးစနစ်တစ်မျိုးဖြစ်သည့် (Command Economy) အောက်

နိုင်တာပေါ့။

**L.C ။ ။ Privatization လုပ်တဲ့နေရာမှာ Privatization အဆင့်မရောက်ဘဲ Institutionalization ဒါမှမဟုတ် Individualizationအဆင့်လောက်ပဲဖြစ်သွားနိုင်တယ်လို့ရော မထင်ဘူး လားခင်ဗျ။**

**Dr.HM** ။ ။ အစိုးရအနေနဲ့ အစိုးရပိုင်လုပ်ငန်းတစ်ခုကို Cooperation လုပ်လိုက်တယ်ပေါ့။ အများပိုင် Company အနေနဲ့ ဖွဲ့ပြီးလုပ်လိုက်တယ်။ နောက်ရှယ်ယာထုတ်ရောင်းမယ်ပေါ့။ ငွေပိုတဲ့လူတွေက ရှယ်ယာဝယ်ယူရင်းနှီးမြုပ်နှံပေါ့။ ဒါကို Institutionalization လုပ်တယ်လို့ ခေါ်တာပေါ့။ နောက်တစ်ခုက အစိုးရနဲ့ ပုဂ္ဂလိက Joint-Venture လုပ်လို့ရတယ်ပေါ့။

**L.C ။ ။ Privatization လုပ်ရာမှာ လူတစ်စုကပဲ ရသွားတာမျိုးရော မဖြစ်နိုင်ဘူးလားခင်ဗျ။**

**Dr.HM** ။ ။ ရောင်းတဲ့အခါမှာ ဝယ်ခွင့်ရတဲ့သူတွေရဲ့ လက်ထဲရောက်သွားတာပေါ့။ ချက်ကိုစလိုဗက်ကီးယား အတွေ့အကြုံက Privatization လုပ်ရာမှာ ဘောက်ချာစနစ်ကို သုံးတယ်။ အရွယ်ရောက်သူတွေကို တိုင်းပြည်အပေါ် အကျိုးပြုမှုပေါ်မူတည်ပြီး ဘောက်ချာတွေပေးတယ်။ ဥပမာ–ကုမ္ပဏီ A ကိုဘောက်ချာ ဘယ်လောက်နဲ့ ဝယ်နိုင်တယ်ပေါ့။ ဒီတော့ လူတွေက ဘောက်ချာတွေသွားပေးရင် ကုမ္ပဏီရှယ်ယာရှင်တွေဖြစ်လာမယ်။

ဒါပေမဲ့ လူအတော်များများက လတ်တလော ငွေလိုနေတော့ ဘောက်ချာတွေကို ငွေနဲ့ရောင်းစားကြတယ်။ နောက်ဆုံးတော့ လုပ်ငန်းတွေအားလုံး ပိုက်ဆံချမ်းသာတဲ့ သူဌေးတွေလက်ထဲ ရောက်သွားတာပဲ။

www.foreverspace.com.mm

တွင် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှ ယနေ့အထိ ဖြတ်သန်းနေသည်ကို တွေ့ရသည်။

## ခေတ်သစ် (သို့) စတုတ္ထလှိုင်း

၂၀၀၈ ခုနှစ်တွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တွင် 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ' ကို ပြဋ္ဌာန်းပေးရာတွင် –

**ပုဒ်မ–၃၅ ၌**

နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်ဟုဆိုထားရုံသာမက

ပုဒ်မ (၃၇၀) တွင် "နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်" ဟူ၍လည်းကောင်း၊

ပုဒ်မ (၃၇၁) တွင် "နိုင်ငံတော်သည် အမျိုးသား စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ရရှိစေရန် ကူညီရမည်" ဟူ၍ လည်းကောင်းပါရှိသည်ဟုဖော်ပြထားသည်။

ဆိုရှယ်လစ်နိုင်ငံများ၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံများသည် ဈေးကွက်ကိုအခြေခံသည့် စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာကြ သည်။

အလားတူ ဗြိတိန်၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား နိုင်ငံများတွင် မူလက ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သော်လည်း စီးပွားရေးလုပ်ငန်းကြီးအချို့ကို နိုင်ငံပိုင် ပြုလုပ်ခဲ့ကြသေးသည်။ သို့သော် မအောင်မြင်သဖြင့် ပုဂ္ဂလိကလက်သို့ပြန်လည်လွှဲပြောင်း လုပ်ကိုင်ခွင့်ပေးခဲ့ရသည်။ ထိုနိုင်ငံများ၏ အတွေ့အကြုံကိုယူပြီး ယခုအခါ ဈေးကွက်စီးပွားရေးကို ဖော်ဆောင်မည်ဆိုလျှင် သတိပြုရမည့်အချက်များကို ပညာရှင်များက ဖော်ထုတ်လာကြသည်။ ယင်းတို့မှာ–

၁။ ဗဟိုကဦးစီးပြီး ထိန်းချုပ်လုပ်ကိုင်မှုကို ပယ်ဖျက်ပေးရုံ၊ စီးပွားရေးလွတ်လပ်ခွင့်ပေးပြီး လုပ်ကိုင်စေရုံမျှဖြင့် ပီပြင်သော ဈေးကွက်စီးပွားရေးစနစ်ကြီး အလိုအလျောက်ဖြစ်ထွန်းလာနိုင်ခြင်းမရှိပါ။

၂။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ထွန်းလာရန်မှာ ထိန်းကျောင်းပေးမှု (Regulation) လိုအပ်ပါသည်။ စီးပွားရေးတွင်



**ပုဂ္ဂလိကဆေးရုံ ဆေးခန်းများကိုလည်း တရားဝင် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုလိုက်ပြီဖြစ်သည်**

ယင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပြောင်းလဲလာမည့်စနစ်သစ် မြန်မာ့စီးပွားရေးကဏ္ဍတွင် ယခင်နှင့်မတူသော လွတ်လပ်မှုရှိသည့် ဗဟိုထိန်းချုပ်မှုနည်းသည့် ပီပြင်သော ဈေးကွက်စီးပွားရေးစနစ်တစ်ရပ်ပေါ်ပေါက်လာဖွယ်ရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးလမ်းကြောင်းသို့ တဖြည်းဖြည်း ဦးတည်ချက်ပြောင်းလာသည်ဟု ဆိုရမည်ဖြစ်သည်။ ကမ္ဘာတွင်လည်း ယခင်က ဆိုရှယ်လစ်၊ ကွန်မြူနစ်နိုင်ငံကြီးများသည် ကွန်မြူနစ်၊ ဆိုရှယ်လစ်စနစ်များကျဆုံးပျက်စီးခဲ့ရသဖြင့် ဈေးကွက်စီးပွားရေးလမ်းကြောင်းသို့ ၁၉၅၀–၁၉၇၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ဦးတည်လာခဲ့ကြောင်းတွေ့ရသည်။ ဥပမာ– ယခင်ဆိုဗီယက် ပြည်ထောင်စုနှင့် အရှေ့ဥရောပ

အစိုးရပါဝင်သော အခန်းကဏ္ဍကို နည်းနိုင်သမျှနည်းအောင် လျှော့ချနိုင်စေကာမူ လုံးဝမပါဝင်ဘဲ မဖြစ်နိုင်ပါ။

၃။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရန် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်သာသော ပတ်ဝန်းကျင် အခြေအနေများ ဖန်တီးထူထောင်ပေးရန် လိုအပ်ပါသည်။ ယင်းကို အစိုးရကသာ ဦးဆောင်ကာ ဖော်ဆောင်ပေးနိုင်ပါလိမ့်မည်။

၄။ ဈေးကွက်စီးပွားရေးစနစ် ပုံဖော်တည်ဆောက်မှုဖြစ်စဉ်နှင့် ကာလအတွင်း နိုင်ငံသားများ လူမှုစီးပွားရေးအရ ထိခိုက်နစ်နာမှုများမဖြစ်စေရန် ကြိုတင်ပြင်ဆင်မှုများ၊ ကာကွယ်မှုများ ပြုလုပ်ထားရန်လိုပါသည်။

၅။ ဈေးကွက်စီးပွားရေးစနစ် တိုးတက်ဖြစ်ထွန်းမှုပုံစံနှင့်

www.foreverspace.com.mm






**ပုဂ္ဂလိကဘဏ်လုပ်ငန်းများမှာ ပီပြင်ရန် လိုအပ်နေသေးသည်**

ဦးတည်လမ်းကြောင်းတို့ကို အမျိုးသားရေးဦးတည်ချက်များမှ သွေဖည်မသွားစေရန် စဉ်ဆက်မပြတ် ကြီးကြပ်လမ်းညွှန်ထိန်းကျောင်းရေး လိုအပ်ပါသည်။

၆။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရန် လုပ်ယူမှု၊ ဆောင်ရွက်ယူမှုရနိုင်ပါသည်။

ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားတော့မည်ဆိုလျှင် ဈေးကွက်စီးပွားရေးနှင့် ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍကို အကောင်အထည်ဖော်နိုင်မှသာ လိုက်လျောညီထွေမှုရှိနိုင်သည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်က ဗဟိုချုပ်ကိုင်မှုဖြစ်နေသဖြင့် မတူညီသောစနစ်နှစ်ရပ်အပေါ်တွင် ကွဲပြားစွာရှုမြင်၍ ကောင်းမွန်သောမူဝါဒများချမှတ်နိုင်ရန် လိုအပ်သည်။

ဈေးကွက်စီးပွားရေးစနစ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည့်ကဏ္ဍသည် ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍသာဖြစ်ပေရာ နိုင်ငံပိုင်ကဏ္ဍကို အတတ်နိုင်ဆုံးလျှော့ချပြီး ပုဂ္ဂလိကအခန်းကဏ္ဍကို မည်မျှအထိ ယုံကြည်စိတ်ချစွာ လွှဲပြောင်းပေးနိုင်သနည်း၊ ပုဂ္ဂလိကအခန်းကဏ္ဍသို့ကူးပြောင်းရာတွင် မည်မျှအထိသိမ်မွေ့စွာ ကူးပြောင်းသွားနိုင်သနည်း ဆိုသည်မှာ အနာဂတ်မြန်မာ့စီးပွားရေး အခန်းကဏ္ဍ၏ စတုတ္ထလှိုင်းပင် ဖြစ်ပေလိမ့်မည်။

## ပုဂ္ဂလိကကဏ္ဍကူးပြောင်းရေး

စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံပိုင်အခန်းကဏ္ဍကိုလျှော့ချပြီး ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးလိုက်ခြင်းဖြင့် အစိုးရကတာဝန်ယူထားသည့် ထောက်ပံ့ငွေများ၊ ထည့်ဝင်ငွေများလျော့ကျသွားနိုင်ပေသည်။ အစိုးရပစ္စည်း ကိုယ့်ပစ္စည်းမဟုတ်ဟူ၍ ယူဆထားသည့် စိတ်ဓာတ်များ မရှိနိုင်တော့သဖြင့် လုပ်ငန်းတွင် အရှုံးပေါ်ခြင်းကို ရှောင်ရှားလာနိုင်မည်ဖြစ်သည်။

နိုင်ငံပိုင်စီးပွားရေးကဏ္ဍကို အဓိကဖော်ဆောင်နေချိန်တွင် ကုန်ထုတ်လုပ်မှုများကျဆင်းသော်လည်း ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်လိုက်ချိန်တွင် ဝန်ထမ်းများ၏စိတ်တွင် ကိုယ်ပိုင်စီးပွားကို လုပ်ကိုင်နေရသည်ဟု ထင်မြင်လာခြင်းကြောင့် ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာလေ့ရှိသည်။

ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍကို ဖော်ဆောင်ပေးခြင်း ဆိုသည်မှာ အစိုးရအနေဖြင့် မိမိတို့ပခုံးပေါ်တွင်ထမ်းထားရသည့် ဝန်ထုပ်ဝန်ပိုးကို လျှော့ချရခြင်းဖြစ်သည့်အပြင် ပိုလျှံဝန်ထမ်းအင်အားကို လျှော့ချရခြင်းလည်းဖြစ်ပေရာ နိုင်ငံပိုင်လုပ်ငန်းများတွင် မလိုအပ်သည့်ဝန်ထမ်းများ၊ အရည်အသွေးနိမ့်သည့်ဝန်ထမ်းများသည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းခွင်များတွင် မိမိတို့စွမ်းဆောင်နိုင်မှုအလိုက် အသိအမှတ်ပြုခြင်းခံရမည်ဖြစ်သကဲ့သို့ မလိုအပ်လျှင်လည်း ဖြတ်တောက်လျှော့ချခံရမည်ဖြစ်သည်။

ဈေးကွက်၏ ရောင်းလိုအားနှင့် ဝယ်လိုအားတို့အပေါ် အမှီပြုလျက် နိုင်ငံပိုင်အခန်းကဏ္ဍ၊ သမဝါယမပိုင်အခန်းကဏ္ဍ၊ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍနှင့် ဖက်စပ်လုပ်ငန်းများတွင် ရင်းနှီးမတည်ငွေများ၊ လုပ်အား၊ သယံဇာတပစ္စည်းများ အစရှိသည့် ကုန်ထုတ်စွမ်းအားစုများကို အသုံးပြုရာတွင် အကျိုးအရှိဆုံး၊ ထိရောက်မှုအရှိဆုံး၊ အလေအလွင့်အနည်းဆုံးနှင့် ထုတ်လုပ်မှုတိုးတက်ရေးကို ဦးတည်ကြိုး



www.foreverspace.com.mm



**ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာများ ထုတ်လုပ်တင်ပို့ရောင်းချခြင်းကို အစိုးရကသာ လုပ်ကိုင်နေဆဲဖြစ်သည်**

ပမ်းကြသည့်အတွက် နိုင်ငံ၏စီးပွားရေးလည်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

နိုင်ငံပိုင်စီးပွားရေးကို ပုဂ္ဂလိကအခန်းကဏ္ဍသို့ လွှဲပြောင်းပေးအပ်ရာတွင် ဆုံးဖြတ်ပိုင်ခွင့်ရှိသူများ၏ အမြော်အမြင်ရှိမှုကလည်း အရေးကြီးသည်။ အဘယ်ကြောင့် ပုဂ္ဂလိကပိုင် စီးပွားရေးစနစ်သို့ ကူးပြောင်းပေးရသည်ဆိုသော ပန်းတိုင်ရှိရန်လည်းလိုသည်။ ထိုပန်းတိုင်သည် နိုင်ငံရေးကြောင့်လည်းဖြစ်နိုင်သလို စီးပွားရေးနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့်လည်း ဖြစ်နိုင်သည်။ ထိုပန်းတိုင်သည် သွားသင့်သွားထိုက်သောကြောင့် သွားရသည်မျိုး ဖြစ်နိုင်သည့်အပြင် မသွား သွားစေရန် ဖိအားပေးလာခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

ယင်းသို့ ပုဂ္ဂလိကကဏ္ဍကူးပြောင်းရာတွင် တည်ငြိမ်သော ပုဂ္ဂလိကကဏ္ဍ တစ်ရပ်ပေါ်ပေါက်လာသည်အထိ ဗဟိုချုပ်ကိုင်မှုကို ဖြည်းဖြည်းချင်းလျှော့ချ၍ သိမ်မွေ့စွာကူးပြောင်းမည်လော သို့မဟုတ် ဈေးကွက်စီးပွားရေးစနစ်သို့ တစ်ဟုန်ထိုးကူးပြောင်းမည်လော ဆိုသည်မှာ ပုဂ္ဂလိကကဏ္ဍကူးပြောင်းရာတွင် အရေးပါသည့်ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်နေသည်။

## ပုဂ္ဂလိကကဏ္ဍ

ပုဂ္ဂလိကပိုင်ပြုခြင်း (Privatization) ဆိုသည်မှာ စီးပွားရေးလုပ်ငန်းကို ပြည်သူပိုင် (အစိုးရပိုင်) အခန်းကဏ္ဍ (Public Sector) မှ ကိုယ်ပိုင် (ပုဂ္ဂလိကပိုင်) အခန်းကဏ္ဍ (Private Sector) သို့ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပိုင်ဆိုင်မှုနှင့် လုပ်ပိုင်ခွင့်ကို လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးခြင်းဖြစ်သည်။ ပို၍တိကျစွာဆိုရလျှင် ပုဂ္ဂလိကအခန်းကဏ္ဍဆိုသည်မှာ အစိုးရလုပ်ပိုင်ခွင့်တာဝန်များကို ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးရာတွင် နိုင်ငံအတွက် အခွန်တော်ငွေကောက်ခံခြင်း၊ ဥပဒေသက်ရောက်စေရန် ဆောင်ရွက်ခြင်းများကအစ ပုဂ္ဂလိကလက်သို့ လွှဲပြောင်းလုပ်ပိုင်ခွင့်ပေးခြင်းမျိုး ဖြစ်သည်။

ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ဆက်စပ်၍ သိထားရန်လိုသည့် အခြားဝေါဟာရတစ်ခုမှာ ဗဟိုဦးစီးချုပ်ကိုင်မှုမှ ကင်းလွတ်ခွင့်ပြုခြင်း (Decentralization) ဖြစ်သည်။

ဗဟိုချုပ်ကိုင်မှုမှ ကင်းလွတ်ခွင့်ပြုခြင်းသည် ပြည်သူ၏ လုပ်ပိုင်ခွင့်နှင့် အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်းပင်ဖြစ်သည်။ ဗဟိုဦးစီးချုပ်ကိုင်မှုမှ ကင်းလွတ်ခွင့်ပြုလိုက်သည်ဆိုတိုင်း ဝမ်းသာစရာမဟုတ်သလို ထိုနည်းကို ‘ကုထုံး’ တစ်ခုအနေဖြင့်လည်း သတ်မှတ်ရန်မဟုတ်ပေ။ သို့သော် နိုင်ငံအများစုတွင် ပုဂ္ဂလိက၏အခန်းကဏ္ဍကို မြှင့်တင်ပေးသည့်အနေဖြင့် ချုပ်ကိုင်မှုများ ကင်းလွတ်ခွင့်ပေးလိုက်သည်နှင့် တိုးတက်မှုများ ရှိသွားသည်ကိုလည်း သတိပြုသင့်လှသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တစ်ခုတွင် အစိုးရ မပါဝင်ရဟုသည့် သတ်မှတ်ချက်မျိုးမရှိပါ။ အစိုးရမပါဝင်သည့် စီးပွားရေးမျိုးလည်း မရှိနိုင်ပါ။ ယခုအခါ စီးပွားရေးတွင် အစိုးရ ပါဝင်ရေး မပါဝင်ရေးထက်

(က)စီးပွားရေးတွင် အစိုးရက မည်သည့်အခန်းကဏ္ဍ မှ မည်သို့ ပါဝင်မည်နည်း၊

(ခ) မည်သည့်အတိုင်းအတာအထိ ပါဝင်ရမည်နည်း၊



**ပီပြင်လာသည့် ပုဂ္ဂလိကကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍ**

www.foreverspace.com.mm



(ဂ) မည်သည့်လုပ်ငန်း၊ နယ်ပယ်ကဏ္ဍများတွင် ပါဝင်ရမည်နည်း ဟူသည့်အချက်များကိုသာ စီးပွားရေးပညာရှင်များက သုံးသပ်ဆုံးဖြတ်လေ့ရှိကြပါသည်။

မြန်မာနိုင်ငံဈေးကွက်စီးပွားရေးတွင်

- နိုင်ငံပိုင်ကဏ္ဍ
- သမဝါယမကဏ္ဍ
- ဖက်စပ်ကဏ္ဍ
- ပုဂ္ဂလိကကဏ္ဍ ဟူ၍ ကွဲပြားနေသည်ကို တွေ့ရသည်။

နိုင်ငံအသီးသီးတွင် ကျင့်သုံးနေကြသည့် စီးပွားရေးစနစ်များကို သုံးသပ်ကြည့်လျှင် အဓိကအားဖြင့် နှစ်မျိုးသာတွေ့ရမည်ဖြစ်သည်။ ယင်းတို့မှာ ဗဟိုကချုပ်ကိုင်သည့် စီးပွားရေးစနစ်နှင့် ဈေးကွက်ကို အခြေခံသော စီးပွားရေးစနစ်တို့ဖြစ်သည်။ ပုဂ္ဂလိကစီးပွားရေး၏ အခန်းကဏ္ဍကို အောင်မြင်စေရန် အကောင်အထည်ဖော်ကြရာတွင် ဈေးကွက်စီးပွားရေးစနစ်က အထူးအရေးကြီးလှပေသည်။

ဈေးကွက်စီးပွားရေးစနစ်မူဝါဒအခြေခံသဘောတရားများတွင် ယေဘုယျအားဖြင့် အောက်ပါအချက်များပါဝင်နေပါသည်။

(က)အပြည့်အဝပြိုင်ဆိုင်မှုရှိသော ဈေးကွက်အပေါ်တွင် အခြေခံခြင်း၊

(ခ) ကုန်ထုတ်အရင်းအနှီးများပိုင်ဆိုင်မှု၊ ကုန်သန်းရောင်းဝယ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်မှု၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ စီးဆင်းလွှဲပြောင်းပေးမှုတို့တွင် လွတ်လပ်မှုရှိစေခြင်း၊

(ဂ) နိုင်ငံ၏စီးပွားရေးတွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပဓာနကျသည်ဟု အသိအမှတ်ပြုခြင်း၊

(ဃ) ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လိုအပ်သောစည်းမျဉ်းစည်းကမ်းဥပဒေများနှင့် ထိန်းကျောင်းသည်မှအပ အစိုးရ၏စွက်ဖက်မှု နည်းနိုင်သမျှနည်းစေပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရန်အားပေးလျက် စီးပွားရေးပိတ်ပင် တားမြစ်ချက်များကို ဖယ်ရှားခြင်း၊



လိုအပ်သောစည်းမျဉ်းစည်းကမ်းဥပဒေများမှအပ အစိုးရ၏စွက်ဖက်မှု နည်းနိုင်သမျှနည်းစေသင့်သည်

(င) ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုများသည် ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံများဖြစ်သော ဝယ်လိုအားနှင့် ရောင်းလိုအားတို့၏ ချိန်ညှိမှုအပေါ်အခြေခံခြင်း၊

(စ) ပြည်တွင်း၌သာမက ပြည်ပ၏ ရင်းနှီးမြှုပ်နှံမှုများကို နှစ်ဖက်အကျိုးတူ ပူးပေါင်းမှုအခြေခံဖြင့် သတ်မှတ်ထားသော စီးပွားရေးနယ်ပယ်အသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခွင့်ပြုခြင်းတို့ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်သည် ဒီမိုကရေစီရေးကို အခြေခံသည့် နိုင်ငံရေးနှင့်လည်း ကိုက်ညီမှုရှိသည့် စီးပွားရေးစနစ်လည်းဖြစ်သည်။ ထို့ပြင် လူတစ်ဦးချင်းလွတ်လပ်မှု၏ အခြေခံသဘောတရားအပေါ် တည်မှီနေသောကြောင့် ထုတ်လုပ်သူ၊ ရောင်းဝယ်သူများအနေဖြင့် ထုတ်လုပ်ရာတွင်ဖြစ်စေ၊ ရောင်းဝယ်ရာတွင်ဖြစ်စေ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်ကြသည်။

စားသုံးသူများအနေဖြင့်လည်း လွတ်လပ်စွာ ဝယ်ယူစားသုံးနိုင်ခြင်း၊ ထုတ်လုပ်သူများအနေဖြင့် အပြိုင်အဆိုင်ထုတ်လုပ် ဖြန့်ဖြူးရောင်းချနိုင်ခြင်းတို့ကြောင့် ဈေးကွက်၏ အခြေခံသဘောတရားအရ ဖြစ်ပေါ်လာမည့် ပကတိရောင်းလိုအားနှင့် ဝယ်လိုအားတို့



ဝန်ထမ်းများ၏စွမ်းဆောင်နိုင်မှုကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်

www.foreverspace.com.mm



ဘဏ်ခွဲအရေအတွက်အများဆုံးဖွင့်လှစ်ထားသော်လည်း
ငွေလဲလုပ်ငန်းကိုသာ အားကိုးနေရသည်

အကြား ညီညွတ်မျှတမှုရှိလာနိုင်ပေသည်။ ယင်းမှတစ်ဆင့် တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလည်းဖြစ်ပေါ်လာမည်ဖြစ်သည်။

## ၄၇၊ ၇၄ နှင့် ၂၀၀၈

မြန်မာ့စီးပွားရေးကဏ္ဍမှာ မြန်မာနိုင်ငံဖြတ်သန်းနေရသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်တွင် မူတည်ကာ ပုံပေါ်လေ့ရှိပေရာ မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံသုံးမျိုးနှင့် ဖွဲ့စည်းပုံများတွင်ပြဋ္ဌာန်းထားသော စီးပွားရေးလုပ်ပိုင်ခွင့်များကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် အသစ်ဖြစ်ပေါ်လာမည့် စတုတ္ထမြောက် မြန်မာ့စီးပွားရေးကဏ္ဍသစ်ကို မှန်းဆနိုင်ဖွယ်ရှိသည်။

**၁၉၄၇ ခုနှစ်**

**ပုဒ်မ–၂၃**

၁။ ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ဘဲ စီးပွားရေးကိစ္စများတွင် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ကိုယ်ပိုင်လုပ်ကိုင်တီထွင်နိုင်ခွင့်တို့ရှိရမည်ဟု နိုင်ငံတော်က အခိုင်အမာ ခံဝန်ပြုသည်။

၂။ ကိုယ်ပိုင်ပစ္စည်းအသုံးချနိုင်သော အခွင့်အရေးကို ပြည်သူ့အကျိုး ပျက်စီးနစ်နာအောင် မည်သူမျှ အသုံးမပြုရ။

၃။ ဈေးနှုန်းများချုပ်ကိုင်ရန်သော်လည်းကောင်း၊ အရောင်းအဝယ်တို့ကို လက်ဝါးကြီးအုပ်ရန်သော်လည်းကောင်း၊ ဖွဲ့စည်းသော သို့တည်းမဟုတ် နိုင်ငံတော်၏စီးပွားရေး ပျက်စီးရာ ပျက်စီးကြောင်းဖြစ်သော ကာတယ်အဖွဲ့များ၊ ဆင်ဒီကိတ်အဖွဲ့များ၊ ထရတ်အဖွဲ့များ အစရှိသော ကိုယ်ပိုင်လက်ဝါးကြီးအုပ်အဖွဲ့များမရှိရ။

၄။ နိုင်ငံတော်သည် ပြည်သူ့အကျိုးအတွက် လိုအပ်ပါက ပိုင်ရှင်အား မည်ကဲ့သို့သောကိစ္စမျိုးတွင် မည်မျှလျော်ကြေးပေးရမည်ဟု ပြဋ္ဌာန်းထားသော တရားဥပဒေနှင့်အညီသာလျှင် ကိုယ်ပိုင်ပစ္စည်းကို ကန့်သတ်ချုပ်ချယ်နိုင်သည်။ သို့တည်းမဟုတ် သိမ်းပိုက်နိုင်သည်။

၅။ တစ်ဆက်တည်းဖြစ်သော အထက်ပုဒ်မခွဲရှိ စည်းကမ်းချက်များနှင့် မဆန့်ကျင်လျှင်၊ ပြည်သူ့အကျိုးအတွက် လိုအပ်ပါက နိုင်ငံ၏စီးပွားရေးနှင့်သက်ဆိုင်သော လုပ်ငန်းအမျိုးမျိုးကိုသော်လည်းကောင်း၊ နိုင်ငံတော်သည် တရားဥပဒေပြဋ္ဌာန်း၍ နိုင်ငံပိုင်ပြုနိုင်သည်။ သို့တည်းမဟုတ် နိုင်ငံတော်အတွက် သိမ်းယူနိုင်သည်။

**၁၉၇၄ ခုနှစ်**

**ပုဒ်မ–၁၈**

နိုင်ငံတော်သည်

(က)မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်၊ လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံးနှင့် မြေယာအားလုံးတို့၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်၊

(ခ) နိုင်ငံသား လုပ်သားပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ သယံဇာတပစ္စည်းများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊




ပြည်ပသို့တင်ပို့နေသည့် ဖိနပ်စက်ရုံတစ်ခုမြင်ကွင်း

www.foreverspace.com.mm





ဖက်စပ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားပေးရမည်ဖြစ်သည်

ထုတ်ဖော်လုပ်ကိုင်သုံးစွဲခြင်း ပြုလုပ်ရမည်။

**ပုဒ်မ–၁၉**

နိုင်ငံတော်သည် နိုင်ငံအတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို ပြည်သူပိုင်ပြုလုပ်ရမည်။ သမဝါယမပိုင်အဖြစ် ဖွဲ့စည်းလုပ်ကိုင်သင့်သည့်လုပ်ငန်းများကို သမဝါယမပိုင် ပြုလုပ်ရမည်။

**ပုဒ်မ–၂၀**

နိုင်ငံတော်သည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မထိခိုက်သော ပုဂ္ဂလိက ပိုင်ဆိုင်လုပ်ကိုင်မှုကို ဥပဒေအရ ခွင့်ပြုနိုင်သည်။

**၂၀၀၈ ခုနှစ်**

**ပုဒ်မ–၃၅**

နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။

**ပုဒ်မ–၃၆**

နိုင်ငံတော်သည်

(က)အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်

(ခ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်

(ဂ) အများပြည်သူတို့၏ နေထိုင်မှု အဆင့်အတန်းမြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မည်

(ဃ) စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်း မပြု

(င) တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု။

**ပုဒ်မ–၃၇**

နိုင်ငံတော်သည်

(က) နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းများအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်

(ခ) နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်

(ဂ) နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုရမည်။

## အကြံပြုချက်

ပုဂ္ဂလိကကဏ္ဍကူးပြောင်းရေးနှင့်ပတ်သက်၍ သတိပြုသင့်သည့်အချက်များကို စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ မောင်မောင်ရီ (ဘောဂ) ရေးသားသော အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဒေသမှသည် အာဆီယံ စီးပွားရေးအသိုက်အဝန်းဆီသို့ ဆိုသည့်စာအုပ်တွင်–



အရင်းအနှီးနှင့်အတတ်ပညာ အားနည်းနေသေးလျှင်
နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရန်လိုသည်

www.foreverspace.com.mm



၁။ ပြည်တွင်းပြည်ပ တင်သွင်း တင်ပို့သည့် ကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး အကောက်ခွန်နှုန်းများကို ပြင်ဆင်သတ်မှတ်ပေးရန်လိုပါသည်။

၂။ နိုင်ငံခြားပို့ကုန်များနှင့်ပတ်သက်ပြီး ယှဉ်ပြိုင်နိုင်မှုစွမ်းရည် (Competitiveness) မြင့်မားစွာဖြင့် တင်ပို့ရောင်းချနိုင်ရန် အစီအစဉ်များချမှတ် ဆောင်ရွက်ရန်လိုပါသည်။

၃။ ပို့ကုန်တိုးတက်ရေးအတွက် ထုတ်လုပ်မှုတိုးချဲ့ရန်နှင့် ပို့ကုန်အလားအလာရှိသော ကုန်ပစ္စည်းများ စတင်ထုတ်လုပ်ရန်အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် အရင်းအနှီးနှင့် အတတ်ပညာများလိုပါသည်။

၄။ နိုင်ငံအတွင်း လိုအပ်သည့် အရင်းအနှီးနှင့် အတတ်ပညာအားနည်းနေသေးလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ပြီး ပူးပေါင်းဆောင်ရွက်ရန်လိုပါသည်။

၅။ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ၏ထုတ်လုပ်မှုလုပ်ငန်းများနှင့် ပြည်ပကုန်သွယ်ရေးတို့တွင် အဓိကအခန်းမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် သက်ဆိုင်ရာ Business Community များအနေဖြင့် ထိထိရောက်ရောက် အသုံးချတတ်ရန်လိုပါသည်ဟု အကြံပြုထားသည်ကို တွေ့ရသည်။

## အဓိကအင်ဂျင်

စင်စစ်အားဖြင့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် အာဏာနိုင်ငံရေးနှင့် လွတ်ကင်းသည့်စီးပွားရေးကဏ္ဍများ၌ နိုင်ငံ၏ ခေဥစ္စာတိုးပွား၍ နိုင်ငံသူနိုင်ငံသားများ၏ စီးပွားရေးရေချိန်မြှင့်တင်ပေးရန် ဥပဒေနှင့်အညီ လုပ်ခွင့်ကိုင်ခွင့်များ တွေ့မြင်နေရသည်။ ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့လွှတ်




ပညာရှင်များ၏ အကြံဉာဏ်ကိုလည်း လက်ခံရမည်ဖြစ်သည်

တော်ကိုယ်စားလှယ်များက တာဝန်ပေးခန့်အပ်မည့် အစိုးရအဖွဲ့က ဥပဒေနှင့်အညီ စည်းကြပ်ထိန်းမတ်မည့် စီးပွားရေးစနစ်တစ်ရပ်အသွင်သစ်ဖြင့် ပေါ်ပေါက်လာမည်ဟု ခန့်မှန်းရသည်။ အခွန်ထမ်းပြည်သူများ မိမိတို့ပေးဆပ်ထားသည့်ပမာဏအတိုင်း အချိုးကျပြန်လည်ခံစား ခွင့်ရရှိရေးသည် Good Governance ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ကျောသားရင်သားမခွဲခြားဘဲ တစ်ပြေးညီ စည်းကြပ်နိုင်ရေးမှာ များစွာအရေးကြီးလှသည်။

Cronyism နှင့် Nepotism အမြစ်တွယ်နေသော လူ့အဖွဲ့အစည်းတို့တွင် နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ အချိုးကျပေးဆပ်၊ ခံစားခွင့်ရရှိရေးမှာ အခြေခံဥပဒေပါအချက်များအတိုင်း ခိုင်ခိုင်မာမာ ရဲရဲရင့်ရင့် ရိုးသားဖြောင့်မတ်စွာ ကျင့်သုံးနိုင်သူများအပေါ်တွင် မူတည်နေပေသည်။ ထိုအချက်သည်သာ မြန်မာ့စီးပွားရေး စတုတ္ထလှိုင်းကို မောင်းနှင်ပေးမည့် အဓိကအင်ဂျင်များဖြစ်သည်။

**တင်ညွန့်၊ ကျော်ဆန်းမင်း**




ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်ရှိ
ပုဂ္ဂလိက သကြားစက်ရုံတစ်ခု

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .

၂၄ တိတ်ဆိတ်သော ပွဲတင်သံတစ်ခု
၃၂ တိုကျိုမြို့မှ စက်ရုပ်ဆန်သောဘဝများ
၄၀ အကျိုးတူစိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍမျှော်လင့်ချက်
၄၆ ပီပြင်ရန်လိုအပ်နေသေးသည့် မြို့ပြ၏သင်္ကေတအချို့
၅၄ တစ်မိနစ် တစ်စက္ကန့်
၆၀ . . . ဆိုလျှင်
၆၆ ရန်ကုန် ကုန်စည်ဈေးကွက်



# တိတ်ဆိတ်သော ပွဲတင်သံတစ်ခု

တင်အောင်ကျော်

၂၀၀၉ ခုနှစ်၏ ဆောင်းရာသီမဆန်သော ဒီဇင်ဘာလ ၁၉ရက် နံနက် ၆ နာရီ။ မြန်မာနိုင်ငံကမ်းရိုးတန်းဒေသ၏ မြို့တော် မြိတ်မြို့၏ တစ်ဖက်အစွန်း ရေပုန်းရပ်ကွက်ရှိ နှစ်ထပ်ဆေးရုံကြီး၏ အဆောင်တစ်ဆောင်၌ ရန်ကုန်မြို့မှ ခွဲစိတ်အထူးကု ဆရာဝန်အချို့သည် လူနာများကို စတင်ခွဲစိတ်လျက်ရှိကြသည်။

www.foreverspace.com.mm



ထိုနေ့သည် အဆိုပါဆရာဝန်အဖွဲ့၏ ခွဲစိတ်မှု တတိယမြောက်နေ့ဖြစ်ပြီး နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာလက်ခံစစ်ဆေးထားသော မြိတ်မြို့အနီးတစ်ဝိုက်မှ လူနာပေါင်း ၅၁၇ ဦးအနက် ခွဲစိတ်ကုသရန်လိုသော ၅၀ ဦးမြောက်လူနာကို ကြိုးစားပမ်းစား ခွဲစိတ်လျက်ရှိသည်။

သူတို့သည် ရန်ကုန်မြို့မှ အငြိမ်းစား ခွဲစိတ်အထူးကုဆရာဝန်များ၊ မေ့ဆေးဆရာဝန်များ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုများပါဝင်ကြပြီး ဝင်ငွေကောင်းသော ၎င်းတို့၏ ကိုယ်ပိုင်ဆေးခန်းထိုင်ချိန်များကိုစွန့်လွှတ်ကာ လာရောက်ခဲ့ကြခြင်းဖြစ်သည်။

ထိုမျှမက အထူးကုဆရာဝန်အဖွဲ့သည် Scope ခေါ် ရောဂါရှာဖွေရေးကိရိယာများ၊ အကြားအာရုံချို့တဲ့နေသူများအတွက် ခေတ်မီနားကြားကိရိယာများကိုပါ လှူဒါန်းရန် ၎င်းတို့နှင့်အတူတူ ယူဆောင်လာခဲ့ကြသည်။

ဒီဇင်ဘာလ ၂၀ ရက်တွင်မူ လူနာပေါင်း ၃၃၃ ဦးကို ထပ်မံ၍စစ်ဆေးကုသခဲ့ပြီး ၎င်းတို့အနက်မှ နား၊ နှာခေါင်း၊ လည်ချောင်းနှင့်ပတ်သက်သော ခွဲစိတ်ကုသရန် လူနာ ၁၀၄ ဦးအထိ ထပ်မံတိုးလာခဲ့ရာ ၎င်းတို့၏ ရန်ကုန်မြို့မှ ခွဲစိတ်ကုသရန်လာရောက်သည့်ခရီးစဉ်သည် ထပ်မံ၍ရက်တိုးရဖွယ် ရှိနေသည်။

ယင်းခွဲစိတ်ခန်း၏ မလှမ်းမကမ်း ဆေးရုံ၏ပထမထပ်ရှိ လူနာများလက်ခံစစ်ဆေးသည့်နေရာတွင် လူရာပေါင်းများစွာ တန်းစီစောင့်ဆိုင်းနေကြပြီး အနီရောင်ဝတ်သူနာပြုဆရာမတစ်ဦးနှင့် ရောဂါရှာဖွေစမ်းသပ်နေသော ဆရာဝန်မကြီးတစ်ဦးတို့သည် လူအုပ်များအလယ်ရှိ စားပွဲခုံတစ်လုံးတွင် များပြားလှသော လူနာမှတ်တမ်းများဖြင့် ခေါင်းမဖော်နိုင်အောင် အလုပ်ရှုပ်နေခဲ့ကြသည်။

မျက်နှာတစ်ခြမ်းရောင်ကိုင်းနေသော လူနာများ၊ လည်ပင်းတွင် တင်းနစ်ဘောလုံးအရွယ်မှသည် ထိုထက်ပမာဏကြီးမားသော အသားစိုင်ခဲအရွယ်အစားမျိုးရှိနေကြသည့် လည်ပင်းကြီးရောဂါဝေဒနာရှင်များက ထိုနေရာတစ်ဝိုက်တွင် တန်းစီစောင့်ဆိုင်းနေသည်ကို တွေ့မြင်ရသည်။



အီကွေတာနှင့် နီးသောကြောင့် ပူအွေးစွတ်စိုသော မြိတ်မြို့၏ ဒီဇင်ဘာဆောင်းနံနက်ခင်းသည် မြိတ်မြို့ဆေးရုံကြီးပြင်ပလူနာဌာန၌လည်း လူနာမှတ်ပုံတင်ရန်စောင့်ဆိုင်းနေသောလူအုပ်ကြီးကြောင့် အပူငွေ့များဖြင့် ပြည့်လျှံလျက်ရှိသည်။

များမကြာမီ ပုလောမြို့နယ်မှ လူနာများ ရာဂဏန်းအပြည့် တင်ဆောင်လာသော အစိမ်းရောင် ဖူဆိုကားကြီးတစ်စီး ဆေးရုံဝသို့ဆိုက်ရောက်လာချိန်၌ မြိတ်မြို့ပြင်ပလူနာဌာနအပြင်၌ ရောင်စုံပလတ်စတစ်ခုံများကို လူအချို့က ခင်းလိုက်ကြသည်။

များပြားလှသော လူနာများကို နံနက် ၆ နာရီမှ ည ၁၁ နာရီခန့်အထိ လွန်ခဲ့သောသုံးရက်မှစတင်၍ နေ့စဉ်ခွဲစိတ်နေသောဆရာဝန်အဖွဲ့သည် ယခုအတိုင်းဆိုပါက ခွဲစိတ်ခန်းဝင်ပြီးချိန်မှ စားသုံးရသည့်



www.foreverspace.com.mm

မြိတ်မြို့ သန်းခေါင်ယံညစာစားပွဲကို မျှော်မှန်းသည်ထက် ထပ်မံရက်ရှည်ရဖွယ်ရှိသည်။

ပါမောက္ခအထူးကုဆရာဝန်ကြီးခုနစ်ဦး၊ မေ့ဆေးဆရာဝန်သုံးဦး၊ အကူသူနာပြုတစ်ဦးပါဝင်သော အဆိုပါ အထူးကုစေတနာရှင်ဆရာဝန်အဖွဲ့သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တစ်ဦး၊ ဒေသအာဏာပိုင်များနှင့်ပူးပေါင်းကာ မြိတ်မြို့ရှိ နား၊ နှာခေါင်း၊ လည်ချောင်း ဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသရန် ရောက်ရှိနေကြခြင်းဖြစ်သည်။

## မမြင်ရသောအနာ

မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်၍ လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေသော ဆရာဝန်အရေအတွက်မှာ နှစ်သောင်းငါးထောင်ကျော်ရှိပြီး လက်ရှိလူဦးရေ ၅၅ သန်းနှင့်တွက်ချက်ပါက လူနှစ်ထောင်ကျော်တွင် ဆရာဝန်တစ်ဦးနှုန်းဖြင့်သာ ကျန်းမာရေးစောင့်ရှောက်မှုရယူနေရသည့်အနေအထားဖြစ်သည်။ ယခုကဲ့သို့ အထူးကုဆရာဝန်များ ဒေသသို့ လာရောက်ခွဲစိတ်မှုမှာ ဤဒေသမှ ဝင်ငွေနည်းတို့အတွက် ဘုရားပေးသော အခွင့်အရေးလည်းဖြစ်သည်။

ကုန်းမြင့်တစ်ခုပေါ်တွင် အရိပ်ရပင်များနှင့် ပန်းဥယျာဉ်တစ်ခုသဖွယ်ဖြစ်နေသော မြိတ်မြို့ဆေးရုံရှေ့လမ်းသည် ထိုနေ့က ဟွန်ဒါဆိုင်ကယ်စက်သံများဖြင့် ဆူညံလျက်ရှိသည်။ အထူးကုဆရာဝန်များ အခမဲ့ကုသပေးနေသည်ဆို၍ ဆေးရုံလာရောက်၍ ကုသလိုသူများကို အချို့က ဆိုင်ကယ်များ၊ ကားများဖြင့် လာရောက်ပို့ဆောင်နေကြသည်။ ရောက်ရှိလာသောလူနာများကို လက်ခံစစ်ဆေးရာ ကောင်တာတွင် လူများအုံခဲနေသလို ဆေးရုံရှေ့ သစ်ပင်ရိပ်များတွင် ရာဂဏန်းရှိသော လူအုပ်ကြီးက အလှည့်ကျဆေးကုသခွင့်ရရန် စောင့်ဆိုင်းနေကြသည်။

ဆေးရုံဝင်းအတွင်း၌မူ ခွဲစိတ်မှုပေါင်း ၁၀၀ ကျော်ကို ရက်ပိုင်းအတွင်း ထပ်မံပြုလုပ်ကြရန်ရှိနေသည်။ ပြင်ပပုဂ္ဂလိကဆေးရုံများ၌ လူနာတစ်ဦးလျှင် ငါးသောင်းခန့်ရသော ခွဲစိတ်ဆရာဝန်၊ လေးသောင်းခန့်ရသော မေ့ဆေးဆရာဝန်တို့ ငွေကြေးတစ်ပြားတစ်ချပ်မျှမရယူဘဲ နံနက် ၆ နာရီမှ ည ၁၁ နာရီခန့်အထိ အားကြိုးမာန်တက်ခွဲစိတ်မှုများပြုလုပ်နေကြပါသည်။ ထိုမြင်ကွင်းသည် လူနာများက ဆရာဝန်များကို ယုံကြည်ကြသလို ဆရာဝန်များက လူနာများအပေါ် ငွေကြေးကိုလျစ်လျူရှု၍ ကရုဏာထားမှု၏ပြယုဂ် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုသည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ပင် လိုအပ်ချက်၊ အားနည်းချက်များရှိနေဆဲဖြစ်သော်လည်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယခုအခါ မျက်နှာစာသစ်အဖြစ် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကပါ ဒေသအာဏာပိုင်များနှင့်ပူးတွဲ၍ လုပ်ကိုင်လာနေကြသည်ဟုလည်းဆိုရမည် ဖြစ်သည်။

## ဂွိုက်တာ

ညပိုင်း ပုံမှန် ၁၁ နာရီကျော်လျှင် ထိုအသံသည် ပေါ်လာတတ်၏။ ပထမတွင် ညည်းသံသည် တဖြည်းဖြည်းတိုးရာမှ ရံဖန်ရံခါတွင် ဗလုံးဗထွေး ပေါ်လာတတ်သည်။ ထိုလူနာသည် Goiter ခေါ် လည်ပင်းကြီးရောဂါမှ ကင်ဆာဆဲလ်များ ဖြစ်ပေါ်ကာ အရိုးနှင့် အခြားနေရာများသို့ ကင်ဆာဆဲလ်များပျံ့နှံ့နေသူ ဖြစ်သည်။

ရောဂါနှစ်ဉ်က လူနာ၏ ညစဉ်တိုးတိုးတိတ်တိတ်ညည်းသံများကို နားမထောင်ရဲ၍ ထိုအော်သံကျယ်လာပါက သူ့နားကို ခေါင်းအုံးများဖြင့်ဖိကပ်ကာ မျက်ရည်များကျရသည်ဟု လူနာ၏အမျိုးသမီးဖြစ်သူက ပြောပြသည်။ ညပေါင်းများစွာကြာသောအခါ သူသည် လူနာ၏ညည်းသံကို နားထောင်ရဲလာသည်။ သို့ဖြင့် လပေါင်းအတန်ကြာတွင် Goiter မှ ပျံ့နှံ့လာသောကင်ဆာဆဲလ်များသည် လူနာ၏ ခါးရိုးနှင့်ပေါင်ရိုးများကို ဖျက်ဆီးလိုက်ကြပြီး လူနာသည် အိပ်ရာပေါ်ပက်လက်အနေအထားဖြင့် ရန်ကုန်မြို့ရှိ အထူးကုဆေးရုံသို့ ရောက်ရှိခဲ့သည်။

လူနာရှင်အမျိုးသမီးသည် ထိုလူနာရောဂါပျောက်ကင်းစေရန်အတွက် ဘုရားတွင် ဆုတောင်းခဲ့၏။ သို့ရာတွင် သူ၏ရောဂါအခြေအနေသည် ဘုရားမကယ်နိုင်သောအခြေအနေဖြစ်သည်။ “နယ်ကအိမ်ကိုရောင်းပြီး အရိုးကိုပျံ့နှံ့နေတဲ့ကင်ဆာဆဲလ်တွေကို Chemo သွင်းပြီး ကုသတယ်။ သူ့ရောဂါက ပျောက်မယ့်ရောဂါမဟုတ်တော့ ညင်ညင်သာသာဖြစ်ပါစေလို့ပဲ ဖြေ



www.foreverspace.com.mm

သိမ့်ပြီး ကုရတာပါ" ဟု လူနာ၏အမျိုးသမီးဖြစ်သူက ရှင်းပြသည်။

မြိတ်ဆေးရုံကြီးတွင် ဒီဇင်ဘာလ ၁၉ ရက်အထိ Goiter ခေါ် လည်ပင်းကြီးရောဂါဖြစ်ပွားခဲ့သူများကို ခွဲစိတ်ကုသမှုများပြုလုပ်ပေးခဲ့သည်ဟု အထူးကုဆရာဝန်အဖွဲ့မှ ဆရာဝန်ကြီး ဦးခင်မောင်တင့်က ရှင်းပြသည်။ လည်ပင်းကြီးရောဂါခွဲစိတ်ကုသမှုအောင်မြင်စွာခံရသူများသည် ဘဝ၏လက်ကျန်အချိန်တွင် ကောင်းမွန်စွာရှင်သန်နေထိုင်နိုင်ကြသည်။

"ကျွန်မအမျိုးသားက Goitter ကို အရွယ်အစား သေးသေးပဲဆိုပြီး မခွဲခဲ့ဘူး၊ အဲဒီတုန်းကလည်း နယ်တွေမှာ ခွဲစိတ်ရတာအန္တရာယ်များတယ်" ဟု လည်ပင်းကြီးရောဂါကင်ဆာဖြစ်ပွားနေသူလူနာရှင်၏အမျိုးသမီးက လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်မှအဖြစ်အပျက်ကို ရှင်းပြသည်။

နိုင်ငံတကာအထိပါ နယ်ပယ်ကျယ်ပြန့်နေသော ယုဇနကုမ္ပဏီသည် ဒီဇင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ မြိတ်ဆေးရုံကြီးသို့ လာရောက်ကုသကြသည့် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဝေဒနာရှင်များကို တာဝန်ယူ အခမဲ့ကုသပေးခဲ့သည်။ ကုန်ကျစရိတ်သည် ရက်သတ္တပတ်တစ်ပတ်ခန့်ကို သိန်း ၂၃၀ ခန့်ကုန်ကျမည်ဟု ကုမ္ပဏီကခန့်မှန်းကြသည်။

နံနက် ၈ နာရီပင် မထိုးသေး။ ဆေးရုံကြီးခွဲစိတ်ခန်းအဝတွင် ခွဲစိတ်ခန်းဝတ်စုံဝတ်ဆင်လျက် လူနာများက တန်းစီလျက်ထိုင်ခုံများတွင် စောင့်ဆိုင်းနေကြသည်။ ဒီဇင်ဘာလ ၂၀ ရက်က ထိပ်ဆုံးမှ ထိုင်စောင့်နေသူ ခွဲစိတ်ဝတ်စုံဝတ်အမျိုးသမီးသည် တစ်နာရီကျော်ခန့်ရှိနေပြီဟု ဆိုသည်။ ခွဲစိတ်ခန်းအတွင်း တစ်စုံတစ်ယောက်လှည်းဖြင့်ထွက်လာပါက စီတန်းနေသောခွဲစိတ်မည့်သူများသည် လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။

"ဒီကုမ္ပဏီသာ စီစဉ်မပေးခဲ့ဘူးဆိုရင် ခွဲစိတ်မှုတွေ အခုလောက်များများလုပ်နိုင်မှာမဟုတ်ဘူး။ ယုဇနကုမ္ပဏီကအကုန်လုံးကုန်ကျခံပြီး လုပ်ပေးတဲ့အတွက် ခွဲစိတ်မှုတွေကို အင်တိုက်အားတိုက်လုပ်နိုင်တာပါ" ဟု လည်ချောင်းအထူးကုဆရာဝန်ကြီး ဦးခင်မောင်တင့်က ဆိုသည်။ ဆေးရုံ၏အဝင်ဝဆိုင်းဘုတ်ရှိ ခေါင်းစီးများဖြစ်သည့်အဖြူရောင်နှင့် အစိမ်းရောင်စကားလုံးများ၊ ယုဇနကုမ္ပဏီ အစရှိသည်တို့ကို ဖယ်ထုတ်လိုက်ပါက မြိတ်မြို့ရှိ လူအချို့သည် နား၊ နှာခေါင်း၊ လည်ချောင်း ဝေဒနာသည်များသည် ကံတရားမျက်နှာသာပေးမှုကို ရရှိခဲ့ကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က ယခုကဲ့သို့ ခေတ်မီတိုးတက်သောခွဲစိတ်ကုသမှုမျိုးကို ယခုကဲ့သို့ မိမိနှင့် လက်တစ်ကမ်းအကွာသို့ရောက်ရှိခဲ့ပါက သူမ၏အမျိုးသားသည် ယခုကဲ့သို့ ညစဉ်ခံစားနေရသော Goiter မှစတင်သည့် Bone Metastic (အရိုးကင်ဆာ) ရောဂါကို ခံစားရမည်မဟုတ်ဟု ဆိုသည်။

## လူထုကျန်းမာရေး၏ စာမျက်နှာသစ်

မြိတ်ဆေးရုံကြီးဆိုသည်မှာ တနင်္သာရီတိုင်းတွင် အလွန်ဟိတ်ဟန်ကြီးသောနေရာဖြစ်ရာ အဆက်အသွယ်မရှိသောကျေးရွာများမှ လာရောက်သူတစ်ယောက်



**လည်ချောင်းအထူးကုဆရာဝန်ကြီး ဦးခင်မောင်တင့်**

အဖို့ ဆရာဝန်ဆေးစစ်ခန်းထဲရောက်ဖို့အရေးမှာ အလွန်ရှည်လျားသည့်ခရီးကြမ်းလည်းဖြစ်ပါသည်။ ဆရာဝန်၏ရှေ့သို့ရောက်သည့်တိုင်လည်း သူဘယ်လိုခံစားနေရသည်ကို ဆရာဝန်နားလည်အောင် မပြောတတ်ပါ။ ဆရာဝန်တို့ပြောသည့် ရန်ကုန်စကားကို သူတို့နားမလည်ကြပါ။ အများအားဖြင့် သူတို့သည် မြိတ်၊ ထားဝယ်၊ ကော့သောင်း၊ ပုလောတစ်ဝိုက် ကျောထောက်နောက်ခံနယ်မှဖြစ်သည့်အလျောက် လေသံများမှာ



www.foreverspace.com.mm

မြန်မာစကားပင်ဖြစ်သော်လည်း သူစိမ်းများအဖို့ နားထောင်မရအောင် ဝဲကြသည်။

ယခုဆေးရုံသို့လာရောက်သည်မှာ ယုဇနကုမ္ပဏီက အခမဲ့ဆေးကုသပေးနေသည်ဆို၍ သူတို့ရောက်လာကြခြင်းဖြစ်သည်။ နေထိုင်ရေးအတွက် လိုက်ပါလာကြသူများကို ဘုန်းကြီးကျောင်းများတွင် စီစဉ်ပေးပြီး စားသောက်ရေးကိုပါ စီစဉ်ပေးကြသည်။ ဆရာဝန်နှင့်ပြသရာတွင်လည်း သူတို့အား ဒေသခံများကလာရောက်ကူညီကြသည်။ သွေးလိုသူများကို လှူဒါန်းကြသည်။ အဆိုပါရက်ပိုင်းခဏသည် အခြားသော အနောက်နိုင်ငံများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် နှိုင်းစာပါက မြိတ်ဆေးရုံကြီးသည် ယင်းဆေးရုံများနှင့် မယှဉ်သာသော်လည်း မည်သည့်ဆေးရုံကမျှ မပေးနိုင်သောအရာကို သူတို့ရနေကြသည်။ ထိုအရာမှာ အခြားမဟုတ် မေတ္တာဖြစ်သည်။

ယင်းကဲ့သို့ မေတ္တာသည် မြိတ်ဆေးရုံတွင်သာမဟုတ်။ မြန်မာနိုင်ငံဆေးရုံများတွင်တွေ့ရလေ့ရှိပြီး စာမျက်နှာပေါ်မရောက်ကြသည့်သတင်းများ ဖြစ်သည်။ ရန်ကုန်ဆေးရုံကြီးပေါ်ရှိ ခွဲစိတ်ရန် သွေးလိုနေသောလူနာကို အခြားလူနာရှင်များက ရှာပေးကြပုံ၊ ချို့တဲ့သူများအချင်းချင်း ကူညီကြပုံ၊ ရန်ကုန်ရှိ ဆေးမင်ကြောင်၊ နားကွင်း၊ ဂျင်းဘောင်းဘီအပြဲများဝတ်ထားသည့် လူငယ်အုပ်စုအချို့က ကလေးဆေးရုံကြီးနှင့် အခြားဝေဒနာရှင်များကို အခမဲ့သွေးလှူကြပုံတို့သည် ယနေ့တိုင် စာနယ်ဇင်းမီးရောင်အောက်သို့ ရောက်မလာကြသေးဘဲရှိသည်။

အမေရိကန်ပြည်ထောင်စုရှိ ပြည်သူ့ကျန်းမာရေးအဖွဲ့အစည်းကြီးက ပြည်သူ့ကျန်းမာရေးဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်း ရောဂါဘယနှင့် ဘေးဒုက္ခဖြစ်ပွားနိုင်သော အန္တရာယ်ရှိသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာပြဿနာများကို ပြည်သူလူထုက စုပေါင်းအားထုတ်ကာကွယ်ဖြေရှင်းသည့် အထူးတာဝန်တစ်ရပ်ဟု ဆိုပါသည်။

ပြည်သူ့ကျန်းမာရေးဘာသာရပ်ကို အမေရိကန်ပြည်ထောင်စုတွင်သွားရောက်လေ့လာခဲ့သည့် မြန်မာနိုင်ငံအထွေထွေရောဂါကု ဆရာဝန်အသင်းမှ ဒေါက်တာမြင့်ဦးကမူ "ပြည်သူ့ကျန်းမာရေး Public Health ဆိုတာ ဆေးကုသတာမဟုတ်ပါဘူး။ ရောဂါကုသဖို့ထက် ရောဂါဖြစ်ရတဲ့အကြောင်းအရင်းကို ရှာဖွေတာ။ ဥပမာ– ခွေးရူးရောဂါဖြစ်ပွားတယ်ဆိုရင် ရောဂါကုသဖို့ထက် ခွေးလေခွေးလွင့် ရပ်ရွာထဲမရှိအောင် ဘယ်လိုလုပ်မလဲ။ အဲဒီလိုကာကွယ်တာကိုခေါ်တာ" ဟု Living Color မဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဖော်ပြခဲ့သည်။

ပြည်သူ့ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူတို့က ပြည်သူ့ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုများတွင်ပြည်သူလူထု၏ ကျန်းမာရေးပြဿနာအားလုံးကို ရောဂါကုသခြင်း၊ ခွဲဖြာစိစစ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ စောင့်ကြည့်ဝေဖန်ခြင်း၊ ပညာပေးခြင်း၊ ကယ်တင်ခြင်းစသည့် ဆောင်ရွက်မှုများ တဖြည်းဖြည်းပါဝင်သည်ဟု ဆိုကြသည်။ မြန်မာနိုင်ငံတွင်ပြည်သူ့ကျန်းမာရေးဌာနဟူ၍ သီးခြား မတည်ရှိသော်လည်း ၁၉၅၂ ခုနှစ်မှစ၍ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးအဖွဲ့အစည်းများသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများတွင် ပါဝင်သောကဏ္ဍများကို တာဝန်ယူဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆောင်ရွက်မှုကဏ္ဍတွင် ၂၀၀၈ ခုနှစ်၌ ပြည်သူ့ဆေးရုံ ၈၃၉ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၆၈ ခု၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုဌာန ၃၄၈ ခု၊ ဒေသန္တရဆေးခန်း ၈၆ ခု၊ ကျောင်းကျန်းမာရေးဌာန ၈၀ ခု၊ ဆရာဝန်ဦးရေ ၂၆,၅၉၁ ဦး၊ သွားဖက်ဆိုင်ရာဆရာဝန် ၂,၃၀၅ ဦး၊ သူနာပြုဆရာမ ၂၁,၇၈၁ ဦး၊ သားဖွားဆရာမ ၂၀,၂၈၇ ဦး ရှိကြောင်း အစိုးရ၏တရားဝင်ထုတ်ပြန်ချက်အရ သိရှိရသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ကျန်းမာရေးဆောင်ရွက်မှုများကို ကျန်းမာရေးဝန်ကြီးဌာန



www.foreverspace.com.mm

နှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့အပါအဝင် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပမှ ကုလသမဂ္ဂနှင့် NGO အဖွဲ့အစည်း ၃၀ ကျော် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

## ရေပုန်းအရပ်မှ ရုပ်ပုံလွှာ

လူနာများကို 'နွေးထွေးမှုအပြည့်ဖြင့် ကြိုဆိုပါ' ဟု မြိတ်ဆေးရုံ၏ အဝင်ဝနေရာများတွင် ကပ်ထားသည်ကိုတွေ့ရသည်။ ယနေ့မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုသည် စရိတ်မျှပေးဆိုသည့် စနစ်ကိုကျင့်သုံးလျက်ရှိရာ အချို့သောလူနာများသည် ငွေကြေးအခက်အခဲကြောင့် ခွဲစိတ်မှုများကို အချိန်မီမကုသနိုင်ခြင်း စသည့်အဖြစ်အပျက်များကို မြန်မာနိုင်ငံအနှံ့တွင် ကြားသိနေရဆဲဖြစ်သည်။

အမေရိကန်ပြည်ထောင်စုကဲ့သို့ ကမ္ဘာ့အင်အားကြီးနိုင်ငံ၌ပင် ကျန်းမာရေးစောင့်ရှောက်မှု အာမခံမထားရှိနိုင်သူများကို အစိုးရက တာဝန်ယူစောင့်ရှောက်မည့်ဥပဒေကို ယခုရက်ပိုင်းတွင်းမှ အတည်ပြုနိုင်ခဲ့သည်။

တောသားကြိုက်ဟုပြောဆိုကြသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ဆင်

**မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်၍ လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေသော ဆရာဝန်အရေအတွက်မှာ နှစ်သောင်းငါးထောင်ကျော်ရှိပြီး လက်ရှိလူဦးရေ ၅၅ သန်းနှင့် တွက်ချက်ပါက လူနှစ်ထောင်ကျော်တွင် ဆရာဝန်တစ်ဦးနှုန်းဖြင့်သာ ကျန်းမာရေးစောင့်ရှောက်မှုရယူနေရသည့်အနေအထားဖြစ်သည်။**



သည် ထိုင်းနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဘတ် ၃၀ (၁၂၀၀ ကျပ်ခန့်) ဖြင့် လိုအပ်သမျှ ကုသနိုင်မည့်စောင့်ရှောက်မှုဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်းမှ ထောက်ခံမဲအများအပြားကို သိမ်းပိုက်နိုင်ခဲ့ပြီး ယနေ့အထိ ထိုင်းနိုင်ငံတွင် ထောက်ခံမှုအများအပြားရရှိနေဆဲ ဖြစ်သည်။

အာရှတွင် သက်တမ်းအရင့်ဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ ဆေးရုံအချို့သည် ယခင်က ပိုးသတ်ဆေးနံ့ထွက်နေသော ဆေးရုံနံ့ရုံများအထိပင် နိုင်ငံရေးပိုစတာများ၊ အသွေးအရောင်မျိုးစုံသော နိုင်ငံရေးအယူအဆများ ဆေးရုံများ၌ လာရောက်စုပေါင်းကာ ရုပ်စုံပဒေသာကပွဲခင်းနေသကဲ့သို့ ရှိနေခဲ့သည်။

နိုင်ငံတကာပြည်သူ့ကျန်းမာရေး စံနှုန်းများအရ ကမ္ဘာပေါ်တွင် ကနေဒါနိုင်ငံသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွင် အအောင်မြင်ဆုံးနိုင်ငံဖြစ်ပြီး အာရှတိုက်၌ ထိုင်းနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးဆောင်ရွက်မှုသည် အအောင်မြင်ဆုံးအနေအထားတွင် ရှိသည်။

မြိတ်ဆေးရုံတွင်လာရောက်၍ အခမဲ့ကုသသည့် အထူးကုဆရာဝန်အုပ်စုကဲ့သို့ ကုသမှုများကို နိုင်ငံအဝန်း ကျန်းမာရေးစောင့်ရှောက်မှု အလုံအလောက်မရရှိသူများကို ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစတင်၍ အငြိမ်းစားအထူးကုစေတနာရှင်များအဖွဲ့က လက်လှမ်းမီသမျှ ကုသပေးလျက်ရှိသည်။

ဆရာဝန်ကြီး ဦးခင်မောင်တင့်ပါဝင်သော စေတနာရှင်ဆရာဝန်များအဖွဲ့သည် အချို့သော ဝေးလံခေါင်ဖျားသော ဒေသများကို သွားရောက်ကုသပေးလျက်ရှိသည်။ သို့ရာတွင် ၅၅ သန်းသော လူဦးရေအတွက် တစ်နှစ်လျှင် တစ်ခေါက်ခန့်သွားသော ဆယ်ဂဏန်းဆရာဝန်အဖွဲ့သည် ဆင်ပါးစပ်နှမ်းပက်သကဲ့သို့သာ ရှိသည်။

"ကျွန်တော်တို့သွားတာ ကိုယ့်စရိတ်နဲ့ ကိုယ်သွားတာပါ။ ကျိုင်းတုံ၊ ဝါးချက်၊ ပြည်၊ သံတွဲ၊ မြစ်ကြီးနား၊ မြိတ် အဲဒီဒေသတွေရောက်ခဲ့ပြီးပါပြီ။ ဒါတွေက ပြည်သူ့အကျိုးပြုလုပ်တာပါ" ဟု ဦးခင်မောင်တင့်က ရှင်းပြသည်။

မြန်မာနိုင်ငံရှိ ပြည်သူအများစုက ဆရာဝန်ဆိုလျှင် ယခုကဲ့သို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်သည့် လူတန်း

www.foreverspace.com.mm

စား၊ ငွေကြေးထက် လူနာအပေါ်စေတနာထားသူဟု ရှေးအစဉ်ဆက်က ကြည်ညိုခဲ့ကြသည်သာ ဖြစ်သည်။

မြိတ်ဆေးရုံသို့လာရောက်ကြသော လူနာများသည် သူတို့ရွာတစ်ရွာလျှင် ဆရာဝန်တစ်ဦးမှမရှိ။ ခွဲစိတ်ကုသမှုကို ကုသရကောင်းမှန်းမသိကြ။ နှစ်စဉ် ကျန်းမာရေးစစ်ဆေးသည်ကို နားမလည်ကြ။ ရောဂါများဖြစ်မှသာ ကုသမှုခံယူကြသူများ ဖြစ်သည်။ မြို့ပြဆေးရုံများနှင့် အလှမ်းဝေးကွာမှုကြောင့် နှစ်စဉ်ကျေးလက်တွင်နေထိုင်သူများ မသေသင့်ဘဲ သေဆုံးလျက်ရှိကြသည်။

## တိတ်ဆိတ်သောပွဲတင်သံနှင့်ပတ်သက်၍

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေတစ်ထောင်ခန့်သည် နာတာရှည်ဝေဒနာများကို ခံစားရလျက်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတင်းထုတ်ပြန်သည်။ မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်းများအရ မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါကြောင့် နှစ်စဉ်သေဆုံးမှုမှာ အများဆုံးဖြစ်နေသည်ဟု သိရှိရသည်။ ယနေ့အခါ ပြောင်းလဲလာသောရာသီဥတု အခြေအနေများကြောင့် ငှက်ဖျားရောဂါသည် တောင်တန်းဒေသများတွင်သာမဟုတ် မြို့တော်ရန်ကုန်တွင်ပါ ဖြစ်ပွားလျက်ရှိသည်။


"ငှက်ဖျားရောဂါဟာ ရောဂါကြောင့် သေဆုံးမှုအများဆုံးဖြစ်သလို ရောဂါဖြစ်ပွားမှုနှုန်း အများဆုံးဖြစ်လာတာကို ကျွန်မတွေ့လာရပါတယ်" ဟု လူထုအခြေပြုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများလုပ်ကိုင်နေသူ စာရေးဆရာမဂျူးက ဇန်နဝါရီလတွင် ဟောပြောပွဲတစ်ခု၌ ပြောကြားခဲ့သည်။

ငှက်ဖျားရောဂါတွင်သာမက မြေပြန့်ဒေသတွင်အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါသည် လားရှိုး၊ တောင်ကြီးကဲ့သို့ တောင်တန်းဒေသများတွင်ပါ ပျံ့နှံ့လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော မြန်မာလူမျိုးတို့၏ ပျမ်းမျှလူ့သက်တမ်းတွင် မြို့ပြနေသူတို့ထက် တောရွာနေထိုင်သူတို့က ငါးနှစ်ခန့်ပို၍ သက်တမ်းတိုတောင်းသည်ကို တွေ့ရှိရသည်။

ကျေးလက်မှာနေထိုင်သူတို့သည် ကျန်းမာရေး အသိပညာချို့တဲ့မှု၊ ဆင်းရဲမွဲတေမှု၊ လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်တို့ကြောင့် မသေသင့်ဘဲ သေဆုံးမှုများကို မလျှော့ချနိုင်ဘဲရှိသည်။ နား၊ နှာခေါင်းနှင့် လည်ပင်းကြီးရောဂါများသည် လတ်တလောတွင် ပြင်းထန်ဆိုးရွားသောရောဂါများမဟုတ်သော်လည်း စနစ်တကျကုသမှုမခံယူခြင်း၊ လိုအပ်သည့်အချိန် ခွဲစိတ်မှုမပြုလုပ်ခြင်းတို့ရှိပါက ပြင်းထန်ဆိုးရွားသောအခြေအနေသို့ ပြောင်းလဲရောက်ရှိသွားနိုင်ကြသည်။

မြိတ်မြို့တွင်ရောက်ရှိနေသော ဆရာဝန်ကြီးများအဖွဲ့သည် ဆရာဝန်များ၏ စစ်မှန်သော စေတနာဖြင့်ကုသမှုကြောင့် ဒေသခံအများအပြားက ယုံကြည်လေးစားစွာ အားကိုးခြင်းကို ခံကြရသည်။

တစ်နိုင်ငံလုံး မှတ်ပုံတင်ထားသည့်



www.foreverspace.com.mm

ဆရာဝန်နှစ်သောင်းငါးထောင်ကျော် အနက် အရေအတွက်အချို့မှာ ငွေကြေးနှင့် ပတ်သက်၍ ပြောဆိုစရာ ဆရာဝန်များ ပါ ကောင်းပါနိုင်မည်ဖြစ်သည်ဟုသူကဆိုသည်။

သို့ရာတွင် ယခုမြိတ်ဒေသ နား၊ နှာ ခေါင်း၊ လည်ချောင်းရောဂါအခမဲ့ကုသပေး သည့်ခရီးစဉ်ကဲ့သို့ နိုင်ငံအနှံ့ကျေးလက် ဒေသများသို့ စေတနာဖြင့်ပြည်သူ့ကျန်းမာ ရေး လိုက်လံကုသပေးနေသော အထူးကု ဆရာဝန်ကြီးများအဖွဲ့ကိုလည်း ယခုနှစ်ပိုင်း သတင်းများတွင် မကြာမကြာ တွေ့မြင်နိုင် ပါသည်။

ဆရာဝန်ဆိုသည်မှာ လူနာတို့၏ အသက်ကိုကယ်တင်ရန် မိသားစုဘဝအ တွက် အချိန်မပေးနိုင်အောင် အလုပ်များ သောအလုပ်ဖြစ်ပြီး မိမိကိုယုံကြည်၍ အ သက်ကိုအပ်ထားသော လူနာအပေါ် မကောင်းသောစိတ်နှင့် ဘယ်သောအခါမှ အမြတ်မထုတ်ဟု ဆရာဝန်ကြီးဦးခင်မောင် တင့်က ဆိုသည်။

ထို့အတူ ဆေးရုံများတွင် ချို့တဲ့သော လူနာများကို ထောက်ပံ့ရန် ဆရာဝန်တို့က ချေးနဲ့စာများမှ ရန်ပုံငွေစုဆောင်း၍ ထောက် ပံ့ကြသည်။ စရိတ်မျှပေးစနစ်အရ ငွေကြေး မတတ်နိုင်သောလူနာများကို စောင့်ရှောက် ကြသည့်အပြင် လေးလတစ်ကြိမ် လူနာ များအတွက် ကိုယ်တိုင်သွေးလှူနေသော

**မြိတ်ဆေးရုံသို့ လာရောက်ကြသောလူနာများသည် သူတို့ရွာတစ်ရွာလျှင် ဆရာဝန်တစ်ဦးမှမရှိ။ ခွဲစိတ်ကုသမှုကို ကုသရကောင်းမှန်းမသိကြ။ နှစ်စဉ်ကျန်းမာရေးစစ်ဆေးသည်ကို နားမလည်ကြ။ ရောဂါများဖြစ်မှသာ ကုသမှုခံယူကြသူများဖြစ်သည်။**



ဆရာဝန်များလည်း ရှိကြသည်။

ဒီဇင်ဘာလ ၂၀ ရက် အီကွေတာနှင့် နီးသောမြိတ်မြို့၏ ဆောင်းတွင်းသည် အနည်းငယ် ပူပူစပ်စပ်ရှိလှသည်။ နံနက် ၆ နာရီတွင်စတင်သည့် မြိတ်ဆေးရုံခွဲစိတ် ခန်းမှခွဲစိတ်မှုများသည် မွန်းလွဲ ၂ နာရီတွင် မှ ရပ်နားကာ ခွဲစိတ်အထူးကုဆရာဝန်ကြီး များက ထမင်းစားကြသည်။ ထမင်းစား နားပြီး ညပိုင်း ၁၀ နာရီအထိ သူတို့လူနာ များကို ထပ်မံခွဲစိတ်ကြသည်။

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှု အား နည်းသောနိုင်ငံ၊ ကျန်းမာရေးစောင့်ရှောက် ခံရမှုအားနည်းသောနိုင်ငံ၊ ခေတ်မီကုသရေး စက်ကိရိယာများရှိနေသော အိမ်နီးချင်း နိုင်ငံများကဲ့သို့ စက်ကိရိယာများ မတပ် ဆင်မဖြည့်တင်းနိုင်သေးသောနိုင်ငံ၊ ငှက် ဖျား၊ တီဘီနှင့် AIDS ရောဂါများဖြစ်ပွား လျက်ရှိသောနိုင်ငံ၊ မြန်မာနိုင်ငံသည် အဆိုး များထဲမှ အကောင်းများရှိနေပါသည်။ ကမ္ဘာ ပေါ်တွင် မည်သည့်နိုင်ငံမှ မရှိနိုင်သည့် ဆရာဝန်နှင့်လူနာများကြား စာနာမှု၊ ရိုင်းပင်းမှုတို့မှာ ယနေ့အချိန်ထိ ဝင်းပစွာ တည်ရှိနေပါသေးသည်။ ယခုနှစ်များတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်အချို့ကပါ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု၏ ကွက်လပ်များကို ဖြည့်၍လုပ်ကိုင်နေကြပြီ ဖြစ်သည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ ပြည်သူ့ ကျန်းမာရေးပြဿနာများကို ဖြေရှင်းရန်မှာ လူထုနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ သာမက အာဏာပိုင်များကပါ ပိုမိုပူး ပေါင်းဖြေရှင်းရန် လိုအပ်နေပြီလည်းဖြစ် ပါသည်။

ခိုင်မာတောင့်တင်းသော နိုင်ငံတော် တစ်ခုဖြစ်ရေးအတွက် ကျန်းမာသန်စွမ်း သော နိုင်ငံသားများဖြင့်ဖွဲ့စည်းတည်ထောင် ရန်လိုအပ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်နေထိုင် သူများဖြစ်၍ ကျေးလက် သို့မဟုတ် ဒေသန္တရကျန်းမာရေးစောင့်ရှောက်မှုသည် အရေးပါသော အခန်းကဏ္ဍတွင်တည်ရှိပြီး လျစ်လျူရှု၍မရနိုင်ပါ။

လူနာက ဆရာဝန်ကိုကြည်ညိုသည့် စိတ်၊ ဆရာဝန်က လူနာကို ကရုဏာထား သောစိတ်များဖြင့် ဆက်ဆံရေးများ အပြန် အလှန်ပြန်လည်ကောင်းမွန်လာစေချင် သည်ဟု စေတနာ့ဝန်ထမ်း ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက ပြောဆိုကြသည်။

“ဆရာဝန်ဆိုတာ ဘယ်သောအခါမှ ကိုယ့်လူနာအပေါ် မကောင်းတဲ့စိတ်မထား ပါဘူး” ဟု ခွဲစိတ်အထူးကုဆရာဝန်ကြီး ဦးခင်မောင်တင့်က ဆိုသည်။

**တင်အောင်ကျော်**

www.foreverspace.com.mm

**ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်တို့၏ နျူကလီးယားဗုံးဒဏ်နှင့် စစ်ပွဲဒဏ်ကြောင့် ပြာပုံအတိဖြစ်ခဲ့သော်လည်း ၁၉၅၀ မှ ၁၉၈၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၃၀ အတွင်း ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးဆုံးဖြစ်လာခဲ့သော၊ မြန်မာအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ရုရှားနှင့်ဥရောပကဲ့သို့သောဖွံ့ဖြိုးပြီးနိုင်ငံများမှ နိုင်ငံခြားသားအလုပ်သမားများ သွားရောက်အလုပ်လုပ်ခွင့်ရရန် စိတ်ကူးအိပ်မက် မက်လေ့ရှိသောနိုင်ငံ၊ မိခင်တိုင်းပြည်တွင်ကျန်ရစ်ခဲ့သော မိသားစုဆွေမျိုးများ၏ လူနေမှုဘဝအခြေအနေကို ပြောင်းလဲစေနိုင်သောနိုင်ငံအဖြစ် ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံခြားသားအလုပ်သမားများအကြား ရေပန်းစားခဲ့သော်လည်း ယခုအခါ ကမ္ဘာ့စီးပွားရေးပျက်ကပ်နှင့် ငွေကြေးဆိုင်ရာအခက်အခဲများကြောင့် နိုင်ငံခြားသားအလုပ်သမားများအတွက် အလုပ်အကိုင်ရရှိမှုအဆင်မပြေဖြစ်လာရာ ဂျပန်ရောက်မြန်မာအလုပ်သမားများလည်း အခက်အခဲမျိုးစုံကို ကြုံတွေ့လာရသည်။**

# တိုကျိုမြို့မှ စက်ရုပ်ဆန်သောဘဝများ

မြနှင်းဒွေး



## မြို့တော်တိုကျို

ဂျပန်နိုင်ငံသည် ကမ္ဘာ့စီးပွားရေး အင်အားကြီး ထိပ်တန်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေသော်လည်း ရေကြည်ရာ မြက်နုရာရှာရင်း ပြောင်းရွှေ့အလုပ် လုပ်ကိုင်ကြသော မြန်မာအလုပ်သမားများ အတွက် အခက်အခဲပေါင်းများစွာ၊ ဒုက္ခပေါင်းများစွာ ကြုံတွေ့စေသည့်နိုင်ငံတစ်ခု ဖြစ်လာချေပြီဟု ဂျပန်နိုင်ငံရောက်မြန်မာ အလုပ်သမားများက ပြောကြားသည်။

ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကြသည့် မြန်မာအလုပ်သမားအများစုသည် တိုကျိုမြို့တွင်သာ နေထိုင်အလုပ်လုပ်ကြခြင်းဖြစ်ပြီး အထူးသဖြင့် တိုကျိုမြို့နှင့် မနီးအဝေးရပ်ကွက်များတွင် စုပေါင်းနေထိုင်ကြရာ မြန်မာဆိုင်အများအပြားဖွင့်လှစ်ထားသော တာကာဒါနိုဘာဘာ (Takadanobaba) ရပ်ကွက်တွင် မြန်မာ

www.foreverspace.com.mm





လူမျိုး ထောင်ပေါင်းများစွာနေ ထိုင်ကြသည်။ ဂျပန်နိုင်ငံတွင် မြန်မာအလုပ်သမားအရေအတွက် တစ်သောင်းနီးပါးခန့်ရှိပြီး မြန်မာအလုပ်သမားများသည် ဂျပန်နိုင်ငံတွင်းသို့ ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်လာကြခြင်းဖြစ်သည်ဟု ဂျပန်ရောက်မြန်မာအလုပ်သမားများထံမှ သိရှိရသည်။

"ဂျပန်နိုင်ငံကို တချို့က ကျောင်းသားဗီဇာနဲ့လာတယ်။ တချို့က အလုပ်ဗီဇာနဲ့လာကြတယ်။ တချို့ကတော့ အလည်အပတ်ဗီဇာနဲ့လာပြီး Overstay နေလိုက်ကြတယ်။ အလည်အပတ်နဲ့လာပြီး Overstay နေတဲ့သူက ပိုအရေအတွက်များတယ်" ဟု တိုကျိုမြို့မှ မြန်မာအလုပ်သမားတစ်ဦးက ရှင်းပြသည်။

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့သွားရောက်အလုပ်လုပ်ရန် ပုံမှန်အားဖြင့် မြန်မာငွေ ကျပ်သိန်း ၁၅၀ နှင့် ၂၅၀ အကြားကုန်ကျလေ့ရှိသည်။

ဂျပန်နိုင်ငံတွင် နိုင်ငံခြားသား အလုပ်သမားများသည် စက်ရုံ၊ အလုပ်ရုံ၊ စားသောက်ဆိုင်၊ ဟိုတယ်သန့်ရှင်းရေး၊ ဆောက်လုပ်ရေးလုပ်ငန်းကဲ့သို့သော အထွေထွေအလုပ်များတွင် ဝင်ရောက်အလုပ်လုပ်ကြပြီး မြန်မာအလုပ်သမားအများစုသည် စားသောက်ဆိုင်များတွင် အလုပ်လုပ်ကြသည်။ မြန်မာအလုပ်သမားများသည် တစ်ရက်လျှင် ၁၂ နာရီ အနည်းဆုံးအလုပ်လုပ်ရပြီး အချို့မြန်မာများသည် ငွေရလိုဇောဖြင့် တစ်ရက်လျှင် ၁၂ နာရီကျော်အောင် အလုပ်လုပ်ကြသည်ဟု တိုကျိုမြို့ရောက် မြန်မာအလုပ်သမားများထံမှ သိရှိရသည်။

"ဒီမှာတော့ အနည်းဆုံး ၁၂ နာရီ လုပ်ရတယ်။ စားသောက်ဆိုင်တွေမှာ တစ်ပိုင်း၊ နှစ်ပိုင်းအလုပ်ဆိုတာရှိတယ်။ အချိန်တို၊ အချိန်ရှည်ပေါ့။ တစ်ပိုင်းဆိုတာက မနက်ပိုင်းတစ်ပိုင်း၊ ညနေပိုင်းတစ်ပိုင်း လုပ်တာကိုပြောတာ။ များသောအားဖြင့် မြန်မာတွေက မနက်တစ်ချိန်၊ ညအချိန်တစ် ချိန် အလုပ်လုပ်ကြတယ်" ဟု တိုကျိုမြို့စားသောက်ဆိုင်တစ်ခုတွင် အလုပ်လုပ်နေသည့် အသက် ၄၀ ကျော်အရွယ် မြန်မာအလုပ်သမားတစ်ဦးက ရှင်းပြသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်သန့်ရှင်းရေးလုပ်သားအဖြစ် ဝင်ရောက်အလုပ်လုပ်သောမြန်မာများလည်းရှိပြီး အမျိုးသမီးရောအမျိုးသားပါ ခွဲခြားခြင်းမရှိဘဲ အလုပ်လုပ်ကိုင်ရပြီး ရရာအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ရခြင်းဖြစ်သည့်အတွက် အလုပ်အကိုင်ရွေးချယ်ရန် အခွင့်အရေးနည်းပါးသည်။

"အလုပ်က လုပ်ပြီဆိုရင် တစ်နေကုန်မတ်တတ်ရပ် မနားတမ်းလုပ်ရတော့ အရမ်းပင်ပန်းတယ်။ စိတ်ဖိစီးမှုများတယ်။ ကိုယ်ကာယပင်ပန်းတယ်။ ဒါကြောင့် ဒီမှာအလုပ်လုပ်တဲ့မြန်မာတိုင်း စိတ်အပန်းဖြေဖို့ တစ်ခုမဟုတ်တစ်ခု မှီဝဲကြတယ်။ အများစုက အရက်သောက်ကြတယ်။ ဒါမှမဟုတ်ရင် လောင်းကစားတစ်မျိုး စိတ်အပန်းဖြေတဲ့ပုံစံမျိုးနဲ့ ကစားကြတယ်။ ဂျပန်မှာက အလုပ်ကို တအားလုပ်ရတော့ လန်းဆန်းအောင် စိတ်ကြွဆေးသောက်ပြီး အလုပ်လုပ်တာတွေလည်း အများကြီးရှိတယ်" ဟု



www.foreverspace.com.mm

တိုကျိုမြို့အခြေစိုက် ဂျပန်အင်တာနေရှင်နယ်ကော်ပိုရေးရှင်းစင်တာ (JICE) တွင် Programme Coordinator အဖြစ် တာဝန်ထမ်းဆောင်နေသည့် ဒေါ်နန်းမြကေခိုင်က ရှင်းပြသည်။

ဂျပန်ရောက် မြန်မာအလုပ်သမားများ၏ အခြေခံလုပ်ခလစာမှာ တစ်နာရီလျှင် ဂျပန်ယန်း ၉၀၀ အနိမ့်ဆုံးရရှိပြီး လုပ်ငန်းကျွမ်းကျင်မှုနှင့် ဂျပန်စကားတတ်မြောက်မှုပေါ်မူတည်ပြီး လုပ်ခလစာတိုးရရှိသည်။

"အခြေခံလစာက အနည်းဆုံး တစ်နာရီကို ယန်း ၉၀၀ ကနေစရတယ်။ ဝါရင့်အလုပ်သမားတွေက တစ်နာရီ ယန်း ၁၀၀၀၊ ၁၁၀၀ ကြား ရတယ်။ ညမိုးချုပ်လာလေ လုပ်ခလစာ ပိုရလေ။ တစ်နေ့ကို အနည်းဆုံး လုပ်ခလစာ ယန်း ၁၃၀၀၀ လောက်ရတယ်" ဟု မြန်မာအလုပ်သမားတစ်ဦးက ဆိုသည်။

ဂျပန်သို့ရောက်ရှိသည့်နေ့မှစပြီး နံနက်မိုးလင်းသည်မှ ညမိုးချုပ်သည် အထိ အလုပ်၊ ငွေကိုသာ အဓိကအာရုံထားလုပ်ကိုင်ရကာ စိတ်ပျော်ရွှင်မှုနည်းပါးပြီး မိသားစုနှင့် အိမ်လွမ်းဆွတ်စိတ်များဖြင့် နေ့စဉ်ဖြတ်သန်းကျော်လွှားအလုပ်လုပ်နေရသည်မှာ ခံစားချက်မဲ့သော စက်ရုပ်ဘဝများဟု ဆိုရပေမည်။

## ဂျပန်စကားနှင့်အချိန်တိကျမှု အရေးကြီး

ဂျပန်နိုင်ငံသို့ သွားရောက်ရာတွင် ဂျပန်ဘာသာစကားတတ်ကျွမ်းမှုသည် အဓိကအကျဆုံးဖြစ်ပြီး ဂျပန်ဘာသာစကားမတတ်ကျွမ်းလျှင် လုပ်ငန်းခွင်တွင် အခက်အခဲဖြစ်ရသည်ဟု မြန်မာအလုပ်သမားများက ဆိုသည်။ ဂျပန်အလုပ်ရှင်များသည် အလုပ်သမားများအပေါ် ဖိနှိပ်ဆက်ဆံခြင်း၊ ရိုင်းပျခြင်းနှင့် မတရားစေခိုင်းမှုများ မရှိကြောင်း၊ သို့ရာတွင် အချိန်ကိုမလေးစားလျှင် မကြိုက်ကြ၍ လုပ်ငန်းခွင်သို့ နောက်ကျစွာရောက်ရှိခြင်းများကို သည်းမခံဘဲ အလုပ်ဖြုတ်လေ့ရှိသည်ဟု မြန်မာလုပ်သားတို့၏အဆိုအရ သိရှိရသည်။

"ဂျပန်တွေက English လို သိပ်မကျွမ်းကျင်ဘူး။ နားမလည်ကြဘူး။ ဂျပန်ကိုလာအလုပ်လုပ်မယ်ဆိုရင် ဂျပန်စကားတတ်ဖို့က အရမ်းအရေးကြီးပါတယ်။ စားသောက်ဆိုင်မှာ ဂျပန်စကားရေရေလည်လည်တတ်ရင် စားပွဲထိုးအလုပ်ကအစ ငွေကိုင်အလုပ်ပါ ရနိုင်တယ်။ စကားမတတ်ရင် အိုးတိုက်ပန်းကန်ဆေးအလုပ် အရင်လုပ်ရတယ်။ အင်္ဂလိပ်စကားပါပြောတတ်ရင်တော့ ပိုကောင်းပါတယ်" ဟု ဂျပန်နိုင်ငံတွင်ကျောင်းတက်ရင်း အလုပ်လုပ်နေသည့် မြန်မာကျောင်းသူတစ်ဦးက ဆိုသည်။

ဂျပန်ဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား နှစ်မျိုးစလုံးတတ်မြောက်ပါက အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်နိုင်သကဲ့သို့ လုပ်ခလစာလည်း ကောင်းမွန်စွာရရှိနိုင်သည်ဟု တိုကျိုမြို့ရောက် မြန်မာများထံမှ သိရှိရသည်။

"ဂျပန်မှာ အနောက်က အဖြူကောင်ကမ္ဘာလှည့်ခရီးသည်တွေ လာလည်ကြတာများတယ်။ အင်္ဂလိပ်လိုရော၊ ဂျပန်လိုရော ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ဆိုတတ်ရင် နေရာပိုရတယ်။ ဂျပန်စာ အဓိက



www.foreverspace.com.mm

ပေမယ့် အင်္ဂလိပ်လိုတတ်ရင် ကိုယ့်အတွက် ပိုကောင်းတာပေါ့" ဟု တာကာဒါ နီဘာဘာရပ်ကွက်တွင်နေထိုင်သည့် မြန်မာကျောင်းသားတစ်ဦးက ရှင်းပြသည်။

ဘာသာစကားတတ်မြောက်မှုက အရေးကြီးသကဲ့သို့ပင် အချိန်တိကျမှုနှင့် လေးစားမှုကလည်း ဂျပန်တွင် အလုပ်လုပ်ကြသည့် နိုင်ငံခြားသားအလုပ်သမားများအတွက် အလွန်အရေးကြီးလှသည်။

"ဂျပန်အလုပ်ရှင်တွေက ကူညီရိုင်းပင်းတတ်တယ်။ ဒါပေမဲ့ အချိန်နောက်ကျရင် စိတ်တအားဆိုးတယ်။ နောက်တစ်ကြိမ်ခွင့်မလွှတ်ဘူးဆိုပြီး ပြောတယ်။ အပြစ်ပေးတာတွေမလုပ်ပေမယ့် နောက်နေ့ နောက်မကျဖို့ ပြင်းပြင်းထန်ထန် သတိပေးတယ်" ဟု ဂျပန်ရိုးရာစားသောက်ဆိုင်တွင် အလုပ်လုပ်သည့် အသက် ၃၈ နှစ်အရွယ် မြန်မာလုပ်သား ကိုဇော်ထွန်းက ပြောသည်။

ဂျပန်နိုင်ငံတွင် တရားမဝင်နှင့် တရားဝင်နိုင်ငံခြားသားအလုပ်သမားများဘက်မှ ကူညီစောင့်ရှောက်သော အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်သည့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများရှိသကဲ့သို့ ရှေ့နေများလည်းရှိသောကြောင့် လုပ်ငန်းခွင်ဖိနှိပ်ခံရခြင်းများကြုံတွေ့ရမည်ကို စိုးရိမ်ပူပန်စရာ မလိုအပ်ပေ။

"နိုင်ငံခြားသားအလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေရယ်လို့ သတ်သတ်မှတ်မှတ်မရှိဘူး။ ဒါပေမဲ့ သူတို့ အလုပ်သမားဥပဒေအရတော့ အလုပ်သမားမှန်ရင် တန်းတူရပိုင်ခွင့်ရှိရမယ်လို့ တရားဝင်ပြဋ္ဌာန်းထားတယ်။ အလုပ်ရှင်တွေကလည်း ဆိုးဆိုးရွားရွားကြီးမဟုတ်ကြဘူး" ဟု ဒေါ်နန်းမြကေခိုင်က ရှင်းပြသည်။

ဂျပန်နိုင်ငံသို့ မြန်မာနိုင်ငံရှိ လူတန်းစားအလွှာအသီးသီးမှ သွားရောက်အလုပ်လုပ်ကိုင်ကြပြီး အချို့မှာ မြန်မာနိုင်ငံတွင် ဆရာဝန်ဘွဲ့၊ မဟာဘွဲ့များ ရရှိထားသူများဖြစ်၍ အဆိုပါ ဘွဲ့ရပညာတတ်များလည်း အခြေခံအလုပ်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ကြသည်။

"ဗမာပြည်မှာ ဆရာဝန်ဘွဲ့ရထားတဲ့သူတွေ၊ မဟာဘွဲ့တွေရထားတဲ့သူတွေလည်း ဒီရောက်တော့ အလုပ်ရှောင်လို့မရဘူး။ အခြားမြန်မာတွေလိုပဲ ပန်းကန်ဆေးအလုပ်တွေ လုပ်ကြရတာပဲ" ဟု တိုကျိုမြို့မှ မြန်မာကျောင်းသူက ဆိုသည်။

ဂျပန်သို့လာရောက်အလုပ်လုပ်သည့် မြန်မာများတွင် လူငယ်အချို့သည် လူချမ်းသာမိသားစုမှဖြစ်ပြီး ဂျပန်သွားချင်သည်ဆိုသောစိတ်ဖြင့် လာရောက်ကြသောကြောင့် ဂျပန်သို့ရောက်ရှိသောအခါ အခြေခံအထွေထွေအလုပ်များ လုပ်ရသည့်အတွက် ပင်ပင်ပန်းပန်းမလုပ်နိုင်ဘဲ စိတ်ပျက်လက်ပျက်ဖြင့် ဘဝပျက်ရသည်များလည်းရှိသည်။

"မြန်မာနိုင်ငံက ဂျပန်ကိုလာပြီး အလုပ်လုပ်တဲ့ မြန်မာတွေမှာ တကယ်ကို အိမ်ပေါင်ပြီး ငွေလာရှာတဲ့သူရှိသလို မိဘက ချမ်းသာလို့ ဂျပန်သွားချင်တယ်ဆိုပြီး ပူဆာရင်း ရောက်လာတဲ့ လူပေါ်ကြော့တွေလည်းရှိတယ်။ သူတို့က ဂျပန်ကို နိဗ္ဗာန်လို့ထင်နေကြတာလေ။ မိဘအိမ်မှာ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေခဲ့ရတာ။ ဒီရောက်တော့ ပန်းကန်ဆေး၊ ဘာဆေးလုပ်ရတော့ 'ဘဝနာပါပြီ' ဆိုပြီး စိတ်ဓာတ်ကျတဲ့မြန်မာတွေလည်း ရှိတယ်" ဟု တာကာဒါနိဘာဘာရပ်ကွက်တွင် မြန်မာစတိုးဖွင့်လုပ်ထားသည့် မွန်တိုင်းရင်းသားလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ဂျပန်အင်တာနေရှင်နယ်ကော်ပိုရေးရှင်းစင်တာမှ ဒေါ်နန်းမြကေခိုင်ကမူ–

"ဂျပန်မှာ လာအလုပ်လုပ်မယ်ဆိုရင် ဂျပန်စကားတတ်ရမယ်။ ကျန်းမာရေးကောင်းရမယ်။ သည်းခံပြီးအလုပ်လုပ်နိုင်အားရှိရမယ်။ အပင်ပန်းခံနိုင်ရမယ်။ မြန်မာနိုင်ငံမှာ ပင်ပန်းရတာနဲ့ ဂျပန်မှာ ပင်ပန်းရတာကတခြားစီပဲ။ ဒီမှာက ပိုက်ဆံ ရသလောက် တန်အောင်လုပ်ရတယ်" ဟု အကြံပြုသည်။

## 'အို' မြန်မာတို့၏ နေထိုင်မှုဘဝ

ဂျပန်နိုင်ငံတွင် အလည်အပတ် ဗီဇာဖြင့် သွားရောက်ပြီး ရက်ကျော်နေထိုင်အလုပ်လုပ်ကြသည့် Overstay မြန်မာများ၊ အကြောင်းအမျိုးမျိုးကြောင့် Over-stay ဘဝရောက်ရှိသွားရသည့် မြန်မာအများအပြားရှိနေရာ 'အို' မြန်မာတို့၏ ဂျပန်နိုင်ငံတွင်နေထိုင်ရသည့်ဘဝများမှာ ခက်ခဲ



www.foreverspace.com.mm

ပင်ပန်းကြမ်းတမ်းလှသည်။

'အို မြန်မာလုပ်သားများ အဓိက ရင်ဆိုင်ရသည့်ပြဿနာမှာ ကျန်းမာရေးအခက်အခဲ ဖြစ်သည်။ ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးသော ကျန်းမာရေးအာမခံရှိသည့်နိုင်ငံဖြစ်ပြီး ပြည်သူ့ကျန်းမာရေးအာမခံကို အလွန်ချိုသာသောဈေးနှုန်းဖြင့် ဝင်ရောက်နိုင်ကြောင်း၊ ထိုသို့ ကျန်းမာရေးအာမခံထားရှိလျှင် အမှန်တကယ်နေထိုင်မကောင်းဖြစ်လာသောအခါ ဂျပန်အစိုးရက ဆေးကုသစရိတ်၏ ၇၀ ရာ ခိုင်နှုန်းကို ထောက်ပံ့ပေးပြီး ကျန် ၃၀ ရာခိုင်နှုန်းကိုသာ လူနာကပေးရကြောင်း၊ အဆိုပါ ကျန်းမာရေးအာမခံထားရှိမှုကို ဂျပန်နိုင်ငံသားများနှင့် ဂျပန်နိုင်ငံတွင် တရားဝင်နေထိုင်သူများသာ ထားရှိနိုင်ပြီး တရားမဝင်နေထိုင်သူများမှာ ကျန်းမာရေးအာမခံထားခွင့်မရှိကြောင်း၊ သို့ဖြစ်သောကြောင့် တရားမဝင်မြန်မာအလုပ်သမားများသည် နေထိုင်မကောင်းဖြစ်လာလျှင် ဆေးကုစရိတ် ကြီးမြင့်သောကြောင့် ဆေးရုံ၊ ဆေးခန်း မသွားနိုင်ကြဘဲ ဆေးမြီးတိုများဖြင့် ကုသပြီး အသက်ဆုံးရှုံးရသည်အထိ တွေ့ကြုံရကြောင်း တာကာဒါနိုဘာဘာရပ်ကွက်မှ မြန်မာဆိုင်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

"ဆေးမကုနိုင်ဘဲ သေသွားတဲ့မြန်မာတွေလည်း အများကြီးရှိတယ်" ဟု ၎င်းက ဆိုသည်။

အူအတက်ပေါက်ခြင်းကဲ့သို့သော ကျန်းမာရေးအခြေအနေ ရုတ်တရက် ကြုံတွေ့ရသည့် တရားမဝင် မြန်မာလုပ်သားများကို ဆေးရုံ၊ ဆေးပေးခန်းများက ကုသမှုပေးသော်လည်း ရောဂါသက်သာကောင်းမွန်ချိန်တွင် ဆေးကုသစရိတ်မပေးဘဲ ထွက်ပြေးမှုများရှိသဖြင့် ဆေးရုံ၊ ဆေးခန်းများက တရားမဝင်အလုပ်သမားဆိုလျှင် ဆေးကုသမှုမပေးလိုကြဘဲ ဂျပန်နိုင်ငံသား (သို့မဟုတ်) တရားဝင်နေထိုင်သည့် နိုင်ငံခြားသားက အာမခံပေးမှသာ ဆေးကုသခွင့်ရနိုင်ကြောင်း၊ ဆေးကုစရိတ်ကိုလည်း အရစ်ကျ ပြန်လည်ပေးဆပ်ရန် လိုအပ်ကြောင်း မြန်မာလုပ်သားများ၏အဆိုအရ သိရှိရသည်။

ဂျပန်နိုင်ငံတွင် သာမန်ဖျားနာ၍ ဆေးခန်းတစ်ခါသွားလျှင် ယန်း တစ်သောင်းနီးပါးကုန်ကျလေ့ရှိပြီး ဆေးရုံတက်ရောက်မည်ဆိုပါက ယန်းသိန်းချီကုန်ကျကြသည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ ဧရိယာ၏တစ်ဝက်ခန့်သာ ကျယ်ဝန်းပြီး လူဦးရေ ၁၂၆ သန်းကျော်နေထိုင်သော နိုင်ငံဖြစ်သည့်အတွက် လူနေထိုင်မှုစနစ်ကျပ်တည်းလှသည်။

ဂျပန်နိုင်ငံသားများပင်လျှင် အခန်းကျဉ်းလေးများတွင် မိသားစုကျပ်ကျပ်တည်းတည်းနေရသည်ဖြစ်ရာ နိုင်ငံခြားသား အလုပ်သမားအများစုသည် တိုက်ခန်းငှားရမ်းပြီး စုပေါင်းနေထိုင်ကြသည်။

"အိမ်ငှားခက မတရားဈေးကြီး



www.foreverspace.com.mm



တယ်။ အခန်းတစ်ခန်းကို တစ်လ ယန်း သိန်းချီရှိတယ်။ နောက်ပြီး တရားဝင်နေထိုင်တဲ့သူပဲ အိမ်ငှားလို့ရတယ်။ တရားမဝင် မြန်မာအလုပ်သမားတွေက တရားဝင်အလုပ်သမားတွေဆီမှာ လခပေးပြီးကပ်နေကြတယ်” ဟု တိုကျိုမြို့ရှိ ဥရောပစားသောက်ဆိုင်တွင်အလုပ်လုပ်သည့် မြန်မာလုပ်သားတစ်ဦးက ဆိုသည်။

“အခန်းကျဉ်းလေးတွေထဲမှာ မြန်မာငါးယောက်၊ လေးယောက် စုပေါင်းငှားနေရတယ်။ တကယ်ကို ကျောချစရာနေရာလေးပဲနေရတာ။ အိမ်သာတစ်ခု၊ မီးဖိုခန်းတစ်ခုတည်းကို စုပေါင်းသုံးရတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လုပ်ငန်းခွင်စိတ်ပင်ပန်းချိန်၊ ကိုယ်ကာယပင်ပန်းချိန် အိမ်သို့ပြန်လည်ရောက်ရှိသောအခါတွင်လည်း အပြည့်အဝအနားယူခွင့်မရသည့်အတွက် စိတ်ဖိစီးမှုပိုမိုများပြားကာ အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲသောက်သုံးရသည့်အခြေအနေသို့ရောက်ရှိစေကြောင်း စကားပြန်အလုပ်လုပ်ကိုင်သော ဂျပန်ရောက် မြန်မာအမျိုးသမီးတစ်ဦးက ပြောကြားသည်။

တိုက်ခန်းများတွင် စုပေါင်းနေထိုင်ရာ မြန်မာအလုပ်သမားတစ်ဦးလျှင် အိမ်ငှားခ ယန်းသုံးသောင်းခွဲကျော် ကုန်ကျသည်။

တရားမဝင်မြန်မာအလုပ်သမားများသည် ကျန်းမာရေးနှင့်နေထိုင်ရေး ခက်ခဲရုံမျှမက နေ့စဉ် ဂျပန်ရဲ၏အဖမ်းအဆီးခံရမည်ကိုတွေးတောကာ ကြီးလန့်စာစားဘဝဖြင့် နေထိုင်အသက်ရှင်သွားလာနေရသည်။

ဂျပန်နိုင်ငံသည် မြေပေါ်၊ မြေအောက် ရထားပို့ဆောင်ရေးစနစ်ကိုသာ အဓိကထား သွားလာကြသောကြောင့် ရဲများသည် ဘူတာရုံများတွင် ပိတ်ဆို့စစ်ဆေးခြင်းဖြင့် တရားမဝင်အလုပ်သမားများကို ဖမ်းဆီးစစ်ဆေးကြသည်။

“၂၀၀၂ ခုနှစ်ကစပြီး တရားမဝင်တွေကို တအားဖမ်းတယ်။ ဘူတာတွေပိတ်ပြီးဖမ်းတယ်။ ဒီလောက်ဖမ်းတာတောင် အိုတွေ အများကြီးကျန်သေးတယ်။ ဒါပေမဲ့ ‘အို’ မြန်မာထောင်ချီလောက်လျော့သွားတယ်” ဟု မြန်မာဆိုင်လုပ်ငန်းရှင်က ရှင်းပြသည်။

ဂျပန်ရဲက ဖမ်းဆီးပြီးနောက် တစ်လခန့်အစစ်ဆေးခံရကြောင်း၊ ယင်းနောက် ဂျပန်လူဝင်မှုကြီးကြပ်ရေးဌာနသို့ အပို့ခံရပြီး တိုကျိုမြို့ရှိ မြန်မာသံရုံးနှင့်ဆက်သွယ်ပေးကြောင်း၊ ယင်းနောက် မိခင်နိုင်ငံသို့ ပြန်လည်ပို့ကြောင်း ဒေါ်နန်းမြကေခိုင်က ပြောကြားသည်။

“ဂျပန်ရဲကဖမ်းပြီး လူဝင်မှုကြီးကြပ်ရေးမှာ အစစ်ခံရတယ်။ စစ်တယ်ဆိုတာက နိုင်ငံကူးလက်မှတ်အတုနဲ့ဝင်လာတာလားစစ်တယ်။ တရားမဝင် ဝင်လာတာသေချာရင် Refugee လျှောက်ခွင့်ပေးတယ်။ လျှောက်ထားတုန်းကာလမှာ ဂျပန်မှာနေလို့ရတယ်။ အဲဒီလိုလျှောက်ထားရင် Refugee ရဖို့ နှစ်အတော်ကြာတယ်။ မရဘူးဆိုရင် နောက်ဆုံးနှစ်ကြိမ်လောက် အသနားခံခွင့်ရှိတယ်။ တရားရေးဝန်ကြီးထိ တင်ခွင့်ရှိတယ်။ ဘယ်လိုမှမရဘူးဆိုရင် မိခင်ဌာနေနိုင်ငံကို ပြန်ရတယ်။ လေယာဉ်ပေါ်တက်တဲ့အချိန်အထိ လက်ထိပ်ဖြုတ်မပေးဘူး။ လေယာဉ်ပေါ်ရောက်မှ လက်ထိပ်ဖြုတ်ပေးတယ်။ အမှုဖြစ်နေတဲ့အချိန်မှာ ရှေ့နေငှားခွင့်ရှိတယ်။ ပိုက်ဆံမတတ်နိုင်ရင် အစိုးရက ရှေ့နေငှားပေးတယ်။ ကြိမ်ဒဏ်တွေ ဘာတွေပေးတာမျိုး လုံးဝမရှိဘူး” ဟု ဒေါ်နန်းမြကေခိုင်က ရှင်းပြသည်။

## Training၊ Scholarship နှင့် လိမ်လည်မှု အရှုပ်တော်ပုံ

ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ရာတွင် မြန်မာအလုပ်သမားအများစုသည် ပုံစံအမျိုးမျိုးဖြင့် သွားရောက်အလုပ်လုပ်ကြရာ အချို့မြန်မာအလုပ်သမားများသည် လိမ်လည်ခံရမှုများ ကြုံတွေ့နေရသည်။

အထူးသဖြင့် ဂျပန်နိုင်ငံသို့ သင်တန်းသားအလုပ်သမား (Trainee) အဖြစ်သွားရောက် အလုပ်လုပ်ကိုင်သူများအနက် အများစုမှာ အဆင်မပြေမှုများကြုံတွေ့ရပြီး လိမ်လည်ခံရကြောင်း၊ သင်တန်းသား အလုပ်သမားများအဖြစ် လာရောက်သူများ ရရှိသည့် လုပ်ခလစာမှာ အလွန်နည်းပြီး အလုပ်ရှင်နှင့် အလုပ်သမားကြားတွင် အေဂျင်စီက ကြားခံအဖြစ်ဆောင်ရွက်မှုရှိကြောင်း၊ အလုပ်သမား၏လစာကို အလုပ်ရှင်က ကြားခံအေဂျင်စီမှတစ်ဆင့်သာပေးအပ်ရပြီး အလုပ်သမားကို တိုက်ရိုက်မပေး



www.foreverspace.com.mm

နိုင်ကြောင်း၊ အလုပ်ရှင်က အလုပ်သမားကို လစာအပြည့်အဝပေးသည့်တိုင် အေဂျင်စီက ဖြတ်တောက်ယူထားကြောင်း၊ ထို့ပြင် သင်တန်းသားအလုပ်သမားဆိုသည်မှာလည်း ဂျပန်တွင်လုပ်မည့်သူနည်းပါးသည့်လုပ်ငန်းများတွင် အလုပ်လုပ်ရန် အလုပ်သမားခေါ်ယူခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ဆိုရသော် အလုပ်ကြမ်းလုပ်ကိုင်မည့် အလုပ်သမားများကိုစာချုပ်ဖြင့် ခေါ်ယူခြင်းသာဖြစ်ကြောင်း ဂျပန်ရောက် မြန်မာအလုပ်သမားများထံမှ သိရှိရသည်။

"သင်တန်းသား အလုပ်သမားအနေနဲ့ လာတဲ့မြန်မာတွေလုပ်ရတဲ့ အလုပ်တွေက လခကနည်းတယ်။ အလုပ်ကလည်း သူများမလုပ်ချင်တဲ့အလုပ်ကို လုပ်ရတယ်။ စာချုပ်နဲ့ခေါ်ပြီး လစာနည်းနည်းပဲပေးပြီး ခိုင်းချင်တဲ့အလုပ်ကိုခိုင်းတာ။ လုပ်အားခသက်သာအောင် နှစ်ပေါက်တစ်ပေါက်ရိုက်ပြီး သင်တန်းသားအလုပ်သမားဆိုပြီး ခေါ်တာ" ဟု ဂျပန်နိုင်ငံတွင် နှစ်ပေါင်း ၂၀ ကြာ အလုပ်လုပ်နေသော မြန်မာအလုပ်သမားတစ်ဦးက ပြောကြားသည်။

ထို့ပြင် ပညာတော်သင်ဆုပေးအပ်မည်ဟုဆိုကာ ဂျပန်နိုင်ငံသို့ လိမ်လည်ခေါ်ယူအလုပ်စေခိုင်းမှုများလည်းရှိကြောင်း၊ ဂျပန်တွင် ပညာသင်လိုသော ကျောင်းသားများသည် ပညာသင်ရန်အတွက် ငွေကြေးပေးရသည့်အပြင် ဂျပန်နိုင်ငံရောက်သောအခါ ပညာသင်ကြားရခြင်းမရှိဘဲ အလုပ်စေခိုင်းခံရကြောင်း၊ ရရှိသော လုပ်ခလစာများကိုလည်း အတင်းအကျပ်ယူဆောင်မှုများလည်းရှိကြောင်း ဂျပန်ရောက် မြန်မာများထံမှ စုံစမ်းသိရှိရသည်။

"Scholarship ဆိုတိုင်း မယုံနဲ့။ ဂျပန်သံရုံးကိုဆက်သွယ်။ အင်တာနက်မှာ ရှာကြည့်ပါ။ အလိမ်တွေတစ်ပုံကြီးပဲ။ ဂျပန်တွေထဲမှာလည်း လိမ်ညာတဲ့သူအများကြီးပဲ" ဟု ဂျပန်နိုင်ငံတွင် အလုပ်လုပ်ရင်း ကျောင်းတက်နေသည့် မြန်မာကျောင်းသားတစ်ဦးက ဆိုသည်။

ဂျပန်နိုင်ငံသို့ သွားရောက်သူများတွင် အလိမ်ခံရမှုများရှိနေသည်ဟု ဂျပန်ရောက်မြန်မာအများစုက တညီတညွတ်တည်းပြောဆိုနေသည့်အတွက် ထိုအချက်မှာလည်း ဂျပန်သွားရောက်လိုသော ပြည်တွင်းမှအလုပ်သမားများ သတိပြုသင့်သော အချက်ဖြစ်ပါသည်။



## စီးပွားပျက်ကပ်နှင့် ဂျပန်

"အရင်က မြန်မာပြည်မှာကျန်ခဲ့တဲ့ မိသားစုကို တစ်လ ငွေသိန်းပေါင်းမြောက်မြားစွာ ပြန်ပို့နိုင်တယ်။ ခုနောက်ပိုင်းတော့ ဂျပန်မှာ အလုပ်တွေရှားသွားတယ်။ ကျွန်တော်တောင် အလုပ်မရှိတာ လေးလ၊ ငါးလလောက်ရှိပြီ" ဆိုသောစကားကို ပြောနေသူမှာ ဂျပန်နိုင်ငံကို ၂၀၀၇ ခုနှစ်အတွင်းက ရောက်ရှိခဲ့ပြီး စီးပွားကျကပ်ကြောင့် အလုပ်အကိုင်ရှားပါးမှုကြုံတွေ့ရသူ အသက် ၃၀ နှစ်အရွယ် ကိုဝင်းထွန်း ဖြစ်သည်။

ကိုဝင်းထွန်းသည် တိုကျိုမြို့ရှိ စားသောက်ဆိုင်တစ်ခုတွင် အလုပ်လုပ်ရင်း စီးပွားရေးမကောင်းမွန်သောကြောင့် အလုပ်သမားလျှော့ချသည့်စာရင်းတွင် ပါဝင်သွားသောကြောင့် အလုပ်ပြုတ်သွားရာမှ အလုပ်အကိုင်ရှာဖွေသော်လည်း လပေါင်းများစွာ အလုပ်မရသည့်အတွက် နောက်ဆုံး မြန်မာအများစုနေထိုင်ရာ တာကာဒါနိဘာဘာ ရပ်ကွက်ရှိ မြန်မာစတိုးဆိုင်တစ်ခုတွင် ဝင်ရောက်အလုပ်လုပ်နေခြင်း ဖြစ်သည်။

၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်း အမေရိကန်ပြည်ထောင်စုမှစတင်ခဲ့သော ကမ္ဘာ့စီးပွားပျက်ကပ်က နိုင်ငံတကာစီးပွားရေးကိုကျဆင်းစေရုံမက ဂျပန်နိုင်ငံ၏စီးပွားရေးကိုလည်း အကြီးအကျယ်ရိုက်ခတ်ခဲ့ရာ စီးပွားရေးဆုတ်ယုတ်မှုများဖြစ်ခဲ့ပြီး အလုပ်အကိုင်ပေါင်းမြောက်မြားစွာ ဆုံးရှုံးမှုဖြစ်ပေါ်စေခဲ့သည်။ ဂျပန်နိုင်ငံသားများပင်လျှင် အလုပ်အကိုင်မသေချာမရေရာရှိချိန်တွင် မြန်မာအပါအဝင် နိုင်ငံခြားသားအလုပ်သမားများ၏ဘဝအခြေအနေမှာလည်း မိခင်ဌာနေနိုင်ငံရှိ မိသားစုထံ ငွေပြန်ပို့ရေးထက် ကမ္ဘာပေါ်တွင် လူနေမှုစရိတ်အမြင့်မားဆုံးသော ဂျပန်နိုင်ငံတွင် ထမင်းမငတ်ရေး ကြိုးစားနေထိုင်အလုပ်လုပ်ကိုင်နေရသည်။

"ကျွန်တော် ဂျပန်မှာ အလုပ်လုပ်တာ ၁၅ နှစ်လောက်ရှိနေပြီ။ ဒီလောက် အလုပ်ရှားတာမျိုး မကြုံဖူးသေးဘူး။ အခု အလုပ်

www.foreverspace.com.mm



အလိုင်မကောင်းဘူး" ဟု ဂျပန်ရောက် မြန်မာအလုပ်သမားတစ်ဦးက ရှင်းပြသည်။

ဂျပန်နိုင်ငံရောက် မြန်မာအလုပ်သမားအချို့ကမူ ယခုအချိန်သည် ဂျပန်နိုင်ငံသို့လာရောက်အလုပ်လုပ်ရန် မသင့်လျော်သေးသောအချိန်ဖြစ်သည်ဟု ဂျပန်ရောက် မြန်မာအလုပ်သမားများက ဆိုသည်။

ဂျပန်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၌ အလုပ်အကိုင် လေးသန်းဖော်ထုတ်ပေးမည် ဖြစ်ကြောင်း ဂျပန်အစိုးရက ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့ပြီး ဂျပန်နိုင်ငံ၏ လက်ရှိ အလုပ်လက်မဲ့နှုန်းမှာ နိုဝင်ဘာလအတွင်းတွင် ၅ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း အင်တာနက်ဝက်ဘ်ဆိုက်များတွင် ဖော်ပြချက်အရ သိရသည်။

## အသိ၊ သတိနှင့် ဆန္ဒ

"ဂျပန်ကို သိန်း ၂၀၀၊ သိန်း ၃၀၀ လောက် အကုန်ခံပြီးလာမယ့်သူတွေကို ပြောချင်တာက ဒီမှာအောက်ခြေအလုပ်တွေ ပဲလုပ်ရမှာပါ။ သိန်း ၂၀၀၊ ၃၀၀ အကုန်ခံပြီး ပန်းကန်ဆေး၊ သန့်ရှင်းရေးမလုပ်နိုင်ရင်တော့ ဂျပန်ကိုမလာပါနဲ့။ လာချင်ရင်တော့ ဂျပန်စကားကို သေချာတတ်အောင် လုပ်ခဲ့ပါ။ ဂျပန်ဆိုတာ ငွေရသလောက်တန်အောင် လုပ်ပေးရတဲ့နေရာဆိုတာ မှာချင်ပါတယ်"ဆိုသောစကားမှာ မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့သွားရောက်ရန် ပြင်ဆင်နေသော မြန်မာအလုပ်သမားများထံသို့ ဂျပန်တွင် နှစ်ပေါင်း ၂၀ နီးပါး နေထိုင်အလုပ်လုပ်နေသူအသက် ၅၀ နီးပါးအရွယ်ရှိ မြန်မာအလုပ်သမားတစ်ဦး၏ အမှာစကားဖြစ်သည်။

"ကိုယ့်နိုင်ငံမှာ သိန်း ၂၀၀၊ ၃၀၀ လောက်နဲ့ ရင်းနှီးစားရင် မချမ်းသာရင်နေမယ်။ မငတ်ပါဘူး။ ဂျပန်ကိုလာပြီး အလုပ်မရှိရင်၊ အလုပ်မလုပ်နိုင်ရင် သေချာပေါက်ငတ်မှာပါ။ ကိုယ့်မြန်မာအချင်းချင်း ဒုက္ခရောက်နေတာကို တွေ့တာတောင် မကူညီနိုင်တဲ့ဘဝမျိုးပါ" ဟု တာကာဒါနိုဘာဘာမှ မြန်မာစတိုးဆိုင်လုပ်ငန်းရှင်က ဆိုသည်။

ဂျပန်နိုင်ငံတွင် ကမ္ဘာ့စီးပွားကျကပ်ကာလမှလွန်မြောက်ရန် ကြိုးပမ်းနေချိန်ဖြစ်၍ ဂျပန်လူမျိုးများပင် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းနည်းပါးနေရာ ယခင်က ဂျပန်နိုင်ငံမှ ပြန်ပို့ငွေဖြင့် မိမိ မိသားစုကို အထက်တန်းကျကျထားနိုင်၊ နေနိုင်ခဲ့သော်လည်း ယခုအခြေအနေတွင်မူ ဂျပန်ရောက် မြန်မာအလုပ်သမားများပင် ဂျပန်နိုင်ငံ၏ လက်ရှိဝန်ကြီးချုပ်သစ် ဟာတိုယာမ၏ ပြုပြင်ပြောင်းလဲမည့် စီးပွားရေးဆိုင်ရာမူဝါဒများကို စောင့်ကြည့်နေလျက်ရှိသောကြောင့် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ထွက်ခွာမည့်သူများအနေဖြင့် အခြေအနေအရပ်ရပ်ကို စောင့်ကြည့်သုံးသပ်နိုင်လျှင် အကောင်းဆုံး ဖြစ်သည်။

လူဆိုသည်ကား လောဘ၊ မောဟများနှင့်ပြည့်နှက်နေသော ပုထုဇဉ်များဖြစ်သည်နှင့်အညီ လိုချင်စိတ်၊ တပ်မက်စိတ်၊ စွဲလမ်းစိတ်၊ မရောင့်ရဲမတင်းတိမ်နိုင်သောစိတ်များက ကြီးစိုးနေသည်ဖြစ်ရာ အဆိုပါစိတ်များကို တားဆီးချုပ်ထိန်းရန်မဖြစ်နိုင်ပေ။ သို့သော်လည်း ဖြစ်ချင်သောဆန္ဒကို ဆင်ခြင်သတိနှင့်တွေးတောကာ ဝေဖန်ပိုင်းခြားတတ်သော အသိတရားများနှင့် ပေါင်းစပ်ပြီး မိမိလိုချင်သောပန်းတိုင်ကို အရောက်လှမ်းခြင်းကသာ အောင်မြင်မှုကို ဧကန်အမှန်ရရှိစေမည် ဖြစ်သည်။

**မြနှင်းအေး**



www.foreverspace.com.mm



**ဓနုဖြူမြို့နယ် ကျုံတနီတိုက်နယ်၏ အထက်တန်းကျောင်းရှေ့ မြေကွက်လပ်တွင် နှစ်ပေါင်းများစွာ နေလောင်ခံထားရသည့် ကြေးနီရောင် အသားအရေနှင့် တောက်ပသစ်လွင်မှုမရှိသည့်အဝတ်အစားများဝတ်ထားသူ လူလေးရာခန့်သည် ဒီဇင်ဘာလနံနက်ခင်း၏ အအေးဒဏ်ကို နေပူဆာလှုံ အန်တုလျက်တစ်စုံတစ်ရာကို မျှော်လင့်တကြီးစောင့်စားနေကြသည်။**

ယင်းလူစုထဲတွင် မိုးသပြုရွာသား ဦးဒီဝင်းတစ်ယောက်လည်းအပါအဝင်ဖြစ်သည်။ ဧရာဝတီတိုင်း ဓနုဖြူမြို့နယ်၏ ဆန်စပါးအထူးပြုဦးဆောင်ကုမ္ပဏီဖြစ်သော ကဥ္စနကျွန်းသာဆန်စပါးအထူးပြုကုမ္ပဏီက နွေစပါး အကျိုးတူစိုက်ပျိုးရန်အတွက် ပံ့ပိုးငွေနှင့် စိုက်ပျိုးရေးဆက်စပ်ပစ္စည်းများ ထုတ်ပေးမည်ဆို၍ စောင့်ဆိုင်းနေကြခြင်းဖြစ်ကြောင်း ဦးဒီဝင်းကပြောကြားသည်။

"နှစ်ကျပ်တိုးနဲ့ တစ်ဧကကို ကျပ်နှစ်သောင်းနဲ့ ပုလဲနှစ်အိတ်ပေးတယ်။ တောင်သူတွေသေတာက ငွေတိုးနဲ့ ပစ္စည်းအရည်အသွေးမမှန်တာ။ အခုပစ္စည်းလည်းမှန်၊ အတိုးလည်းနည်းတယ်" ဟု တောင်သူများ ကြုံတွေ့နေရသော အဓိကအခက်အခဲဖြစ်သည့် အတိုးနှုန်းကြီးမြင့်မှုဒဏ်၊ ဓာတ်မြေဩဇာဝယ်ယူရာတွင်ပါဝင်သည့် ဒြပ်ပေါင်းများ ရာခိုင်နှုန်းမပြည့်ခြင်း၊ အလေးချိန်မမှန်ခြင်းတို့နှင့်ပတ်သက်၍ ဦးဒီဝင်းက ဆက်လက်ပြောကြားသည်။

# အကျိုးတူစိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍမျှော်လင့်ချက်

နိုင်မင်းဝေ



www.foreverspace.com.mm


## အလားအလာကောင်း

မြန်မာနိုင်ငံ၏အဓိကစီးပွားရေးဖြစ်သည့် လယ်စိုက်ပျိုးရေးလုပ်ငန်းတွင် ဆယ်စုနှစ်ချီ၍ ရင်းနှီးမြှုပ်နှံမှုများနည်းပါးခဲ့ပြီး လတ်တလော ရေတိုကာလအတွက် ချေးငွေအများအပြား လိုအပ်လျက်ရှိကြောင်း ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင်ပြုလုပ်ခဲ့သည့် မြန်မာ့လယ်ယာစိုက်ပျိုးရေး ကျေးလက်စီးပွားရေးလေ့လာဆန်းစစ်ချက် သုတေသနစာတမ်းတစ်ခုက ဆိုသည်။

မြန်မာ့ဆန်စပါးကဏ္ဍ၏ ကြီးမားသောထုတ်လုပ်နိုင်စွမ်းကို အငြင်းပွားဖွယ်ရာမရှိကြောင်း၊ သို့ရာတွင် မြန်မာ့လယ်ယာကဏ္ဍစီးပွားရေးသည် ငွေအရင်းအနှီးနည်းပါးစွာဖြင့်လုပ်ကိုင်နေသည့် ဝမ်းစာဖူလုံရေး Subsistance Farming အဆင့်သာဖြစ်ကြောင်း၊ ယင်းစီးပွားရေးကို ပြန်လည်အသက်သွင်း၍ စနစ်တကျထုတ်လုပ်မှုတိုးမြှင့်မည်ဆိုလျှင် တောင်သူများ၊ ကုန်သည်များ၊ ကြိတ်ခွဲသူများ အားလုံးကို တစ်ဟုန်ထိုးချေးငွေတိုးမြှင့်ပေးရန် လိုအပ်ကြောင်း ပညာရှင်များက ထောက်ပြခဲ့ပြီးနောက် ၂၀၀၉ ခုနှစ် မုတ်သုံစပါး စတင်စိုက်ပျိုးချိန်မှစတင်ကာ ဒေသအလိုက် ဆန်စပါးအထူးပြုကုမ္ပဏီများဖွဲ့စည်း၍ လယ်သမားများကို စိုက်ပျိုးစရိတ် ငါးသောင်းမှ တစ်သိန်းအကြား ၂ ရာခိုင်နှုန်းအတိုးဖြင့် ထုတ်ချေးခဲ့ကြသည်။

၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံ၏ ထိပ်တန်းစီးပွားရေးကုမ္ပဏီကြီးများဖြစ်သော ထူးကုမ္ပဏီ၊ ယုဇနကုမ္ပဏီ၊ မက်စ်မြန်မာကုမ္ပဏီ၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ၊ အေသင်ကုမ္ပဏီများသည် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ဆန်စပါးအထူးပြုကုမ္ပဏီများ၊ ပဲအထူးပြုကုမ္ပဏီများဖွဲ့စည်းကာ ၂ ရာခိုင်နှုန်း အတိုးနှင့် စိုက်ပျိုးစရိတ်များထုတ်ချေးခဲ့ကြသည်။

ဖျာပုံမြို့တွင် ယုဇနကုမ္ပဏီသည် ဧရာဝတီဖွံ့ဖြိုးမှုကုမ္ပဏီအမည်ဖြင့်လည်းကောင်း၊ ဘိုကလေးတွင် ထူးကုမ္ပဏီကလည်းကောင်း၊ မော်ကျွန်းတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ပင်လယ်ကိုး



ဦးသိန်း

သွယ်ကုမ္ပဏီကလည်းကောင်း၊ ရေကြည်နှင့်အသုတ်တွင် မက်စ်မြန်မာကုမ္ပဏီကလည်းကောင်း၊ ဓနုဖြူမြို့တွင် အေသင်ကုမ္ပဏီကလည်းကောင်း၊ မအူပင်တွင် ရေဝတီကုမ္ပဏီကလည်းကောင်း၊ ကျိုက်လတ်တွင် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီကလည်းကောင်း၊ မြောင်းမြတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကလည်းကောင်း စိုက်ပျိုးစရိတ်များ ထုတ်ချေးခဲ့ကြပြီး လိုအပ်ချက်၏ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းနီးပါး ထုတ်ချေးနိုင်ခဲ့ကြောင်း၊ ယခုအခါ ထုတ်ချေးသူကုမ္ပဏီ ၂၉ ခုရှိလာပြီး ကျပ်ဘီလီယံ ၅၀ ကျော် ထုတ်ချေးပြီးဖြစ်ကြောင်း အဆိုပါကုမ္ပဏီများထံမှ သိရှိရသည်။

"လယ်ယာနဲ့ ချေးငွေစနစ်ဆိုင်ရာ မျိုးစေ့နဲ့ မြေဩဇာ၊ ကျန်းမာရေးနဲ့ ပညာရေးဆိုင်ရာအသုံးစရိတ်များ တိုးမြှင့်သုံးစွဲရေး၊ ကျေးလက်ဒေသများတွင် လယ်ယာနဲ့ စက်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးနိုင်မယ့် အခြေခံအဆောက်အဦများ တည်ဆောက်ပေးမယ်ဆိုရင် ဝင်ငွေအခွင့်အလမ်း၊ အလုပ်အကိုင်များဖန်တီးပေးခြင်းကို ဆောင်ရွက်သင့်တယ်" ဟု ချေးငွေစနစ်နှင့် မြေယာပြုပြင်ရေးအတွက် အမေရိကန်ပြည်ထောင်စုကိုလံဘီယာတက္ကသိုလ်မှ ကမ္ဘာ့စီးပွားရေးပညာရှင် ပါမောက္ခဂျိုးဇက်စတစ်ဂလစ်က ဒီဇင်ဘာ လ ၁၅ ရက်နေ့က မြန်မာနိုင်ငံတွင်ပြုလုပ်သည့် စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

## ကျေးလက်စီးပွားရေး အခြေခံ

မြန်မာနိုင်ငံတွင် စုစုပေါင်း သီးနှံစိုက်ဧက ဟက်တာ ၂၂ သန်းကျော်ရှိကြောင်း၊ ယင်းပမာဏတွင်ပင် ရိက္ခာသီးနှံအဖြစ် သတ်မှတ်ထားသည့် စပါးစိုက်ဧကစုစုပေါင်း ၈ ဒသမ ၁ သန်းရှိကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများ၌ ဖော်ပြပါရှိသည်။ (အောက်တိုဘာ ၁၇၊ ၂၀၀၉ ကြေးမုံ)

၁၉၉၃ ခုနှစ်တွင် စုစုပေါင်းလူဦးရေသည် ၄၃ ဒသမ ၁ သန်းဖြစ်ပြီး ကျေးလက်နေလူဦးရေသည် ၃၁ ဒသမ ၅ သန်း



www.foreverspace.com.mm

ရှိကြောင်း၊ ကျေးလက်မိသားစုတစ်စုတွင် လူဦးရေ ၅ ဒသမ ၄ ဦးရှိပြီး ကျေးလက်အိမ်ထောင်စုပေါင်း ၅ ဒသမ ၈ သန်းခန့်ရှိကာ ယင်းနှစ် လယ်ယာစိုက်ပျိုးရေးသန်းခေါင်စာရင်းအရ လယ်လုပ်သည့်အကွက် ၂ ဒသမ ၉၂ သန်းရှိခဲ့ကြောင်း၊ လုပ်ကိုင်သူများတွင် ဝ ဒသမ ၂ သန်းသည် လယ်ယာအပိုင်မရှိကြောင်း၊ ပျမ်းမျှလယ်လုပ်ကွက်သည် ၅ ဒသမ ၇၄ ဧကဖြစ်ပြီး ကျေးလက်လူဦးရေသည် ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ၁၈ ရာခိုင်နှုန်းတိုးခဲ့ပြီး လယ်လုပ်ကွက် တို့သည်လည်း ၁၈ ရာခိုင်နှုန်းတိုးကြောင်း၊ လုပ်ကွက်များ၏ ဧရိယာသည် ၂၀၀၃ ခုနှစ်တွင် အနည်းငယ်တိုးလာကာ ၆ ဒသမ ၂ ဧက ရှိကြောင်း စစ်တမ်းတစ်ခု၏အဆိုအရသိရှိရသည်။

“မြန်မာနိုင်ငံလို လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းလောက်က စိုက်ပျိုးရေးကို အမှီပြုနေရတဲ့နိုင်ငံအတွက် အလွန်အရေးကြီးတဲ့အကြောင်းအရာပါ။ စိုက်ပျိုးရေးကိုမှီခိုနေရတဲ့သူတွေရဲ့ဝင်ငွေကို တိုးပွားလာအောင် ကြိုးစားခြင်းဟာ ဆင်းရဲခြင်းကိုတိုက်ဖျက်ရေးလုပ်ငန်းတွေအတွက် အင်မတန်အရေးပါတဲ့အချက်ပါ” ဟု ၂၀၀၁ ခုနှစ် စီးပွားရေး နိုဘယ်လ်ဆုရှင် ပါမောက္ခဂျိုးဇက်စတစ်ဂလစ်က ဆိုသည်။

## ချေးငွေနဲ့ ငွေတိုး

လယ်သမားမိဘများမှ မွေးဖွားပြီး အစဉ်တစိုက် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလာသူ ဦးဒီဝင်းက တောင်သူများအဓိကရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်မှာ ချေးငွေရှားပါးခြင်းဖြစ်ကြောင်း၊ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်၏ တစ်ဧက ၈,၀၀၀ ကျပ်နှုန်းဖြင့် ချေးပေးသောငွေမှအပ မည်သည့်ချေးငွေမျှမရကြောင်း၊ တစ်ဧကစိုက်ပျိုးရန် မိုးစပါးတွင် ကျပ်တစ်သိန်း၊ နွေစပါးတွင် ကျပ်တစ်သိန်းခွဲကျော်ခန့်ရင်းရကြောင်း၊ ပြီးခဲ့သည့်နှစ်များက ၁၀ ကျပ်တိုး၊ ၁၅ ကျပ်တိုးနှင့် ချေးရပြီး ရွှေအပေါင်ရှိသူများပင်လျှင် ၅ ကျပ်တိုးဖြင့် ချေးယူရကြောင်း၊ ငွေချေးရာတွင် အဆက်အသွယ်ကောင်းပြီး ကျောထောက်နောက်ခံရှိမှ ချေးငွေရနိုင်ကြောင်း၊ ချေးငွေမရသဖြင့် ရိတ်သိမ်းချိန် ဈေးကွက်အတွင်း စပါးအလျှံပယ်ရောက်ချိန်၌ တောင်သူများအကြွေးဆပ်ရန် အပြေးအလွှားစပါးရောင်းချရကြောင်း၊ အကျိုးဆက်အနေဖြင့် တလင်းဈေးနိမ့်သွားခြင်းဖြစ်ကြောင်း သုံးသပ်ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က စပါးဈေးမကောင်းသကဲ့သို့ ပဲဈေးလည်းမကောင်းခဲ့ကြောင်း၊ ပွဲပိုးငွေလည်းမရှိကြောင်း၊ စပါးဈေးမှာ ကျပ်နှစ်သိန်းသာရှိပြီး ယခုနှစ်တွင် စပါးဈေး ကျပ်သုံးသိန်းခွဲအထိရကာ ကုမ္ပဏီများ၏ပွဲပိုးငွေလည်း ရရှိလာကြောင်း၊ ပဲဈေးမှာလည်း မျှော်လင့်ချက်ရှိကြောင်း ဦးဒီဝင်းက ဆိုသည်။

“နှစ်ကျပ်တိုးက မဆိုးပါဘူး။ သူတို့ဝန်ထမ်းစရိတ်နဲ့ ဘာနဲ့ဆိုတော့ ရေရှည်မပေးနိုင်မှာ စိုးရိမ်တယ်။ လယ်သမားတွေက ဝိုင်းကြီးချုပ်စနစ်ဆိုတော့ ပြန်ဆပ်နိုင်မှာပါ” ဟု ကုမ္ပဏီထံမှ ချေးငွေရရှိမှုအနေအထားနှင့် ပတ်သက်၍ ၎င်းကသုံးသပ်ပြောကြားသည်။

## လိုသေးသည့် ချေးငွေ

မြန်မာ့လယ်ယာစီးပွားရေးအတွက် အကောင်းဆုံးနည်းလမ်းမှာ ထုတ်လုပ်မှုစရိတ်လျော့နည်းစေပြီး အလုပ်ဖြစ်နိုင်မည့်



www.foreverspace.com.mm



## ရေဝတီတိုင်းအတွင်း ပုံပိုးဆောင်ရွက်မှုများ

| ထောက်ပံ့မှုပမာဏများသောကုမ္ပဏီအချို့(မိုးစပါး) | တောင်သူဦးရေ | ဧက | ထောက်ပံ့ငွေ (ကျပ်သိန်း) |
|---|---|---|---|
| ဧရာပုသိမ်ဆန်စပါးရောင်းဝယ်ရေး | ၁၉၈ | ၃၁၅၇ | ၁၇၁၁.၃၁ |
| ဧရာဒီပါဆန်စပါးရောင်းဝယ်ရေး | ၈၈ | ၁၀၂၄ | ၂၁၇.၃၅ |
| ရွှေကံသာကုမ္ပဏီ | ၁၃၇ | ၂၃၈၁ | ၁၂၀၀ |
| ရွှေကြည်ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီ | ၁၃၉၂ | ၁၁,၀၀၀ | ၄၄၂၈ |
| ဟင်္သာတဆန်စပါးရောင်းဝယ်ရေး | ၅၅၅ | ၄၉၀၃.၆၃ | ၁၀၆၇.၁၅ |
| ဇလွန်လင့်ဆန်စပါးရောင်းဝယ်ရေး | ၆၆၄ | ၁၈၈၆ | ၁၀၆၆.၅၇ |
| မြောင်းမြနဂါးဆန်စပါးရောင်းဝယ်ရေး | ၁၀၂ | ၂၅၀၀ | ၅၀၀ |
| ဝါးခယ်မရောင်းဝယ်ရေး | ၁၄၀၆ | ၉၄၁၀ | ၉၄၁ |
| စိန်ကျွန်းရတနာ | ၁၆၆၄ | ၁၆၂၅၂ | ၃၂၅၀.၄ |
| ရေဝတီကုမ္ပဏီ | ၂၈၆ | ၄၃၆၁ | ၂၅၉၅.၁၃ |
| ကဋ္ဌနကျွန်းသာ | ၄၂၈၃ | ၃၅,၈၆၆ | ၆၄၀၃.၅၇ |
| ဧရာမြစ်ဝကျွန်းပေါ်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု | ၅၆၀ | ၁၀,၀၂၀ | ၃၂၂.၅ |
| ကျိုက်လတ်ဆန်စပါးရောင်းဝယ်ရေး | ၂၀၅ | ၂၀၆၄ | ၁၀၃၂ |
| တိုးဧရာကုမ္ပဏီ | ၃၆၀ | ၁၅၃၄ | ၇၆၇ |
| အဓိပတိလယ်ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး | ၁၂၀၉၂ | ၁၂၀,၀၀၀ | ၆၀၀၀၀ |
| **စုစုပေါင်း** | **၂၄,၈၅၁** | **၂၃၆,၀၆၉.၇** | **၉၁၃၀၇.၈၈** |

| ထောက်ပံ့မှုပမာဏများသောကုမ္ပဏီအချို့(နွေစပါး) | တောင်သူဦးရေ | ဧက | ထောက်ပံ့ငွေ (ကျပ်သိန်း) |
|---|---|---|---|
| ဧရာပုသိမ်ဆန်စပါးရောင်းဝယ်ရေး | ၃၄ | ၃၆၅၀ | ၅၂၉၅.၄၀ |
| ဧရာဒီပါဆန်စပါးရောင်းဝယ်ရေး | ၆၁ | ၂၇၄၉ | ၆၂၈.၉၅ |
| ရွှေကြည်ဆန်စပါးရောင်းဝယ်ရေး | ၆၈၃ | ၅၀၀၀ | ၁၀၀၀ |
| မြစ်ဝကျွန်းပေါ်ဆန်စပါးရောင်းဝယ်ရေး | ၃၅၀ | ၄၇၀၀ | ၁၁၈၆.၇၅ |
| ရေဝတီကုမ္ပဏီ | ၁၉၂ | ၄၄၅၀ | ၁၀၉၆.၆၈ |
| ကဋ္ဌနကျွန်းသာကုမ္ပဏီ | ၁၈၅၉ | ၈၅၆၈ | ၅၄၈၃.၅၂ |
| **စုစုပေါင်း** | **၃၄၈၁** | **၂၉,၁၁၇** | **၁၄,၆၉၁.၃၀** |

**အခြားဒေသတွင် ထောက်ပံ့သောကုမ္ပဏီများ (မိုးစပါး)**

| ကုမ္ပဏီ | တိုင်း/ပြည်နယ် | တောင်သူဦးရေ | ဧက | ထောက်ပံ့ငွေ(ကျပ်သိန်း) |
|---|---|---|---|---|
| ရွှေကဝမြေအထူးပြုကုမ္ပဏီ | ပဲခူး(အရှေ့) | ၃၅၀ | | ၁၄၀၆.၉ |
| စပါးစိုက်တောင်သူများကြီးပွားတိုးတက်ရေးကုမ္ပဏီ | ပဲခူး(အရှေ့) | ၅၉၁ | | ၂၀၁၃.၉၆ |
| ခေတ္တရာဟင်္သာအထူးပြုကုမ္ပဏီ | ပဲခူး(အနောက်) | ၅၀၀ | ၂၀၀၀ | ၁၀၀၀ |
| Green Land Myanmar Co.,Ltd. | ပဲခူး(အနောက်) | ၄၆၁ | ၂၀၀၀ | ၁၀၀၀ |
| ရွှေပြာကုမ္ပဏီ | ပဲခူး(အနောက်) | ၁၄၂၂ | ၇၄၀၄ | ၁၄၄၇.၃ |
| လက်ပံတန်းအထူးပြုကုမ္ပဏီ | ပဲခူး(အနောက်) | ၄၄၁ | ၄၉၂၀ | ၆၃၀၈.၇၀ |
| ဇေယျသိဃ်အထူးပြုကုမ္ပဏီ | စစ်ကိုင်းတိုင်း | ၇၀ | ၃၅၀ | ၁၇၅ |
| ရတနာတောင်ကုတ်ကုမ္ပဏီနှင့် ရခိုင်ဆန်စပါးကုမ္ပဏီ | ရခိုင် | ၁၁၁၈ | ၂၆၁၄ | ၈၃၅ |

**Source: စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

www.foreverspace.com.mm



တန်ဖိုးသို့ စပါးဈေးရောက်စေကာ ပြည်တွင်းထုတ်လုပ်မှုတိုးအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဈေးငွေတိုးမြှင့်ဈေးရန် (လိုအပ်ချက်အရဆိုလျှင် တစ်ဧက ၈,၀၀၀ ကျပ် ရရာမှ ၈၀,၀၀၀ ကျပ်ထိ တိုးမြှင့်ရန်) ဦးစွာလိုအပ်ပြီး ဈေးတိုးချဲ့ခြင်းနှင့် တစ်ပြိုင်နက်တည်း စပါးတစ်တင်းပေါက်ဈေးကို မြှင့်ပေးရန်လိုအပ်ကြောင်း၊ ထို့အပြင် တောင်သူများကို နေ့စားအလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည့်လုပ်အား အသုံးပြုကျေးလက် အဆောက်အအုံများဆောက်လုပ်ရေးပင်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုပညာရှင်တစ်ဦးက အကြံပြုပြောကြားသည်။

နာဂစ်မုန်တိုင်းမဖြစ်ခင်ကတည်းက လယ်သမားများသည် စပါးပေးဖြင့် ငွေယူပြီးစိုက်ပျိုးနေကြောင်း၊ နာဂစ်ဖြစ်ပြီးသည့်အခါ ငွေထုတ်ချေးမှုရှားပါးသွားကြောင်း၊ လယ်သမားများအနေဖြင့် အတိုးနှုန်းကြီးကြီးဖြင့် ငွေချေးလျှင် ပွဲခပေးရကြောင်း ကျုံမငေးမြို့ လေးအိမ်စုရွာမှ လယ်သမားကြီးဦးစိုးသိန်းက ပြောကြားသည်။

"လယ်သမားအကြွေးက ဒီလောက်ရောက်နေတော့ ဘာမှမဝယ်နိုင်ဘူး" ဟုလည်ပင်းရေ့ကို ညာဘက်လက်ဖောင်းဖြင့်ထောက်၍ ဦးသိန်းက ပြောသည်။

## အကျိုးတူ စိုက်ပျိုးရေး

ငွေရင်းနည်းပါးပြီး စပါးစိုက်ပျိုးနည်းပညာအဆင့်မြှင့်တင်ရန်လိုအပ်သောစိုက်ပျိုးသူများကို ကုမ္ပဏီအနေဖြင့် အကျိုးတူပူးပေါင်း၍ ပံ့ပိုးငွေ၊ ဓာတ်မြေဩဇာနှင့် လယ်ယာသုံးကိရိယာများ ပံ့ပိုးပေးရုံသာမက စိုက်ပျိုးရေးပါရဂူဘွဲ့ရရှိသူများခန့်ထား၍ နည်းပညာအကြံပေးမှုများပါ ပြုလုပ်ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် စပါးသီးနှံများပေါ်လာလျှင် ပေါက်ဈေးအတိုင်း ကုမ္ပဏီသို့ပြန်ရောင်းပေးရန်လိုကြောင်း၊ ယင်းစနစ်သည် အကျိုးတူစိုက်ပျိုးသည့်စနစ်ဖြစ်ကြောင်း ကဥ္စနကျွန်းသာကုမ္ပဏီ၏ မန်နေဂျာတစ်ဦးက နွေစပါးအကျိုးတူစိုက်ပျိုးရန် ပံ့ပိုးငွေနှင့် စိုက်ပျိုးရေးဆက်စပ်ပစ္စည်းများပေးအပ်ရာတွင် တောင်သူများကို ပြောကြားသည်။

ကဥ္စနကျွန်းသာကုမ္ပဏီသည် တောင်သူများနှင့်အကျိုးတူစိုက်ပျိုးခြင်းဖြင့် သီးနှံထုတ်လုပ်မှုတိုးတက်လာပြီး သင့်တင့်မျှတသောဈေးနှုန်းရရှိစေရန်၊ အကျိုးအမြတ်တိုးပွားစေရန် ရည်ရွယ်လုပ်ဆောင်နေကြောင်း၊ တောင်သူများကို မျိုး၊ စိုက်ပျိုးရေးနည်းပညာ၊ သွင်းအားစုများ မှန်ကန်စွာအသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးစရိတ်ပံ့ပိုးငွေများ၊ နည်းပညာများ ပံ့ပိုးပေးနေကြောင်း အဆိုပါကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောကြားသည်။

စပါးရောင်းချရာတွင် တောင်သူများအနေဖြင့် ကြားအဆင့်များမရှိတော့ဘဲ ပြည်ပသို့တင်ပို့ရောင်းချရမည့်ကုမ္ပဏီများထံ တိုက်ရိုက်ရောင်းချခွင့်ရရှိသဖြင့် အကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဟု ၎င်းကဆိုသည်။

ကနဦးစိုက်ပျိုးထုတ်လုပ်သူ မြန်မာတောင်သူများသည် ပြည်ပသို့တင်ပို့ရောင်းချသည့် ဆန်ဈေးနှုန်း၏ သုံးပုံတစ်ပုံကိုသာခံစားရကြောင်း၊ ဗီယက်နမ်လယ်သမားများရရှိသည့်အချိုးသည် ၅၀ မှ ၆၀ ရာခိုင်နှုန်းကြားဖြစ်ကြောင်း သုတေသနစစ်တမ်းတစ်ခုက ဆိုသည်။ တောင်သူများအား မျိုး၊ မြေဩဇာ၊ လယ်ယာသုံးကိရိယာများ မတည်ပေးပြီး ၄၀ အချိုး ၆၀ အကျိုးအမြတ်ခွဲဝေသည့် ဧက ၁၀၀ နှင့်အထက် ကန်ထရိုက်လယ်ယာများထက် မြန်မာ့လယ်ယာလုပ်ငန်း၏ထူးခြားချက်အရ သေးငယ်သောလုပ်ကွက် (ဧကအနည်းငယ်မှ တစ်ဒါဇင်) ကပိုမိုလက်တွေ့ကျပြီး အလုပ်ဖြစ်နိုင်ကြောင်း၊ လောလောဆယ်တွင် အလွန်ကြီးမားသည့်လုပ်ကွက်များထက် တစ်ဧကအထွက်နှုန်းပိုမိုကောင်းမွန်နိုင်ပြီး လုပ်ကွက်ကြီးများထက် ကုန်ကျစရိတ် ပိုနည်းပါးကြောင်း၊ တောင်သူများကို လယ်ကွက်ငယ်များတွင် ထိရောက်စွာစိုက်ပျိုးစေခြင်းဖြင့် အထွက်နှုန်းမြှင့်တင်ရန်လိုကြောင်း၊ လယ်မြေမူဝါဒကောင်းဆိုသည်မှာ လယ်ယာမြေကို တွင်တွင်ကျယ်ကျယ်အသုံးပြုမှုကို အားပေးရုံသာမက ယင်း မြေ လယ်ကွက်ဆုံးရှုံးမှုကိုကာကွယ်ပေးနိုင်ရန်လိုကြောင်း၊ အထူးသဖြင့် လယ်သမားများကို လယ်လုပ်ကိုင်လိုစေရန်အဆင်ပြေသည့် စပါးဈေးနှုန်းနှင့် လုံလောက်သောဈေးငွေသာ ပေးသင့်ကြောင်း၊ သို့ဆိုလျှင် အထွက်နှုန်းသေချာပေါက်တိုးလာမည်ဖြစ်ပြီး လွတ်လပ်သည့်ဈေးကွက်ကိုအခြေခံသည့်ပုံစံဖြင့်သာ လျှောက်လှမ်းသင့်ကြောင်း အကျိုးတူစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။



www.foreverspace.com.mm



## အတိုး ၅ ရာခိုင်နှုန်း

သွင်းအားစုဝယ်နိုင်အား၊ လယ်သမားများ၏ အမှန်တကယ်စိုက်ပျိုးစရိတ်သည် နွေစပါးတစ်ဧကလျှင် ၁၈၀,၀၀၀ ကျပ်၊ မိုးစပါးတစ်ဧက လျှင် ၁၃၀,၀၀၀ ကျပ်ခန့် ရင်းနှီးရပြီး ချေးငွေပမာဏတိုးရာတွင် အတိုးနှုန်းလည်း လိုက်လျော်ညီထွေ တိုးမြှင့်ရန်လိုအပ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးဘဏ်မှချေးသည့် ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဆန်စပါးအထူးပြုကုမ္ပဏီများက ချေးသည့် ၂ ရာခိုင်နှုန်းသည် ရေရှည်တွင် ချေးငွေပြန်မဆပ်ခြင်းဒဏ်ကို ခံနိုင်ရန်မလွယ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့်လည်း နှစ်ရှည်လများ ချေးငွေထုတ်ချေးပေးနိုင်ရန် ချေးငွေပမာဏ တိုးမည်ဆိုလျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်းသည် အလုပ်ဖြစ်ပြီး လက်တွေ့ကျနိုင်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် လယ်သမားအနေဖြင့် ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်းအတိုးဖြင့် ငွေချေးနေသည့် အတွေ့အကြုံရှိပြီး ရွှေအပေါင်ရှိလျှင် ၅ ရာခိုင်နှုန်းချေးသည့် အတွေ့အကြုံရှိထားကြောင်း၊ ကုမ္ပဏီများအနေဖြင့် ရွှေပေါင်မရှိသည့်လယ်သမားများကို ဝိုင်းကြီးချုပ်စနစ်နှင့် တောင်သူများလိုအပ်သည့် ပမာဏအတိုင်း လုံလောက်အောင် ပြည့်ပြည့်ဝဝ ၅ ရာခိုင်နှုန်းအတိုးနှင့်ချေးလျှင် ဆန်စပါးထုတ်လုပ်မှုစနစ်ထဲသို့ ချက်ချင်းဆိုသလို သွင်းအားစုဝယ်နိုင်အားဖြစ်စေပြီး ထုတ်လုပ်မှုတိုးတက်စေနိုင်ကြောင်း၊ စပါးဈေးသာကောင်းပြီး ချေးငွေလည်းပြည့် ပြည့်ဝဝရရှိမည်ဆိုလျှင် တစ်အိတ် ၂၅,၀၀၀ ကျပ်ဝန်းကျင်ကုန်ကျသည့် ဓာတ်မြေသြဇာကိုလည်း ထည့်သွင်းနိုင်မည်ဖြစ်၍ တစ်ဧကလျှင် ၁၅ တင်းမှ တင်း ၂၀ ခန့် ပိုမိုထွက်လာပြီး ဝင်ငွေ ၄၀,၀၀၀ မှ ၆၀,၀၀၀ ကျပ်အထိတိုးလာနိုင်ကာ ချေးငွေပြန်ဆပ်နိုင်မည်ဖြစ်ကြောင်း သုတေသနပြုချက်တစ်ခုတွင် အကြံပြုဖော်ပြထားသည်။

## လူမွဲတွေက မနေ့ခေတ်မီ

လတ်တလောချေးငွေရရှိပြီး စပါးဈေးကောင်းလာသည့်တိုင် ရေရှည်တွင် လယ်သမားများအနေဖြင့် ဖြေရှင်းစရာများရှိနေသေးကြောင်း၊ ကျေးရွာများတွင်အသေးစားအခြေခံစီးပွားရေးအဆောက်အဦ စီမံကိန်းများတည်ဆောက်ရန် ငွေထုတ်ပေးခြင်းဖြင့် ကျေးလက်နေ ဝင်ငွေနည်းသူများကို နေ့စားအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ကြောင်း၊ (လမ်း၊ တံတား၊ ဆည်မြောင်းငယ်များ) စသည့်ရည်ရွယ်ချက်မှာ လယ်ယာမဲ့နှင့် ကြွေးမြီတင် လယ်သမားများ အလုပ်မရှိသည့်ကာလတွင်ဝင်ငွေရရှိပြီး လိုအပ်သည့် ကျေးလက်အဆောက်အအုံများလည်း ပေါ်ပေါက်စေနိုင်ကြောင်း၊ လယ် သမားအများစုသည် တစ်နေ့လျှင် ၂,၀၀၀ ကျပ်ခန့်ရနိုင်မည့်အလုပ်မျိုးကို စိတ်ဝင်စားကြကြောင်း အဆိုပါသုတေသနစစ်တမ်းတွင် ဖော်ပြထားသည်။

မည်သို့ပင်ဖြစ်စေ အာရှနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် လူအများစုနေထိုင်သည့် ကျေးလက်ဒေသ၏ ဝယ်လိုအားမှစတင်ခဲ့ကြောင်း၊ အကျိုးအမြတ်ဖြစ်ထွန်းသည့် လယ်ယာကဏ္ဍမရှိဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အာရှနိုင်ငံတစ်နိုင်ငံမျှမရှိကြောင်း၊ ယခုအစိုးရသည် လယ်ယာကဏ္ဍတွင် ပုဂ္ဂလိကကုမ္ပဏီများကို ဝင်ရောက်ရင်းနှီးမြှုပ်နှံစေပြီး စီးပွားရေးကျားကန်ရန်ပုံငွေ (Stimulus Package) တစ်ရပ်လုပ်ဆောင်နေကြောင်း၊ ယခုကဲ့သို့ ရေရှည်လုပ်ကိုင်နိုင်လျှင် ဆင်းရဲမွဲတေမှုလျော့ကျနိုင်စေပြီး ကျေးလက်စီးပွားရေးကိုလည်း အလှည့်အပြောင်းဖြစ်စေနိုင်ကြောင်း ပညာရှင်များက ရှုမြင်ထားကြသည်။

ကျေးလက်တွင်နေထိုင်ပြီး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသူ ဦးဒီဝင်းက "စပါးဈေးကောင်းလို့ လယ်သမားတွေ ဝင်ငွေတိုးလာရင် မြို့ပေါ်ကလူတွေလို TV တို့၊ ရေခဲသေတ္တာတို့ဝယ်ဖို့ မစဉ်းစားဘဲ လယ်ယာလုပ်ငန်းသုံးကိရိယာတွေပြည့်စုံဖို့ စိတ်ဝင်စားတယ်။ အခုနွေစပါးပြီးလို့ ပဲပေါ်လာရင် သမန်းလှေ (ကိုင်းထွန်စက်) တစ်စီးလောက်ဝယ်နိုင်မယ်" ဟု လယ်ယာလုပ်ငန်းနှင့်ပတ်သက်သည့် ၎င်း၏အိပ်မက်ကို ဖွင့်ဟပြောကြားသည်။

**နိုင်မင်းဝေ**

**စာကိုး**

– IDE အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုလုပ်ငန်း၏ 'မြန်မာ့လယ်ယာစိုက်ပျိုး၊ စီးပွားရေးကိုလေ့လာဆန်းစစ်ခြင်း' စာတမ်း၊

– မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းချမှုဆန်းစစ်ချက်နှင့် မူဝါဒဆိုင်ရာ အကြံပြုချက်စာတမ်း၊



www.foreverspace.com.mm



မြန်မာနိုင်ငံ၏လူဦးရေအထူထပ်ဆုံးနှင့် စီးပွားရေး၊ ပညာရေး၊ နိုင်ငံတကာဆက်ဆံရေး စသည့်အခန်းကဏ္ဍများ၌ အချက်အချာမြို့တော်ဖြစ်သော ရန်ကုန်မြို့တော်ကို ခေတ်မီမြို့ပြအဖြစ် တည်ဆောက်ရာတွင် တိုးတက်များပြားလာသော လူဦးရေ၊ မော်တော်ယာဉ်စီးရေများနှင့် လိုက်လျောညီထွေဖြစ်စေမည့် တိုးချဲ့ပြုပြင်မှုများ ပြုလုပ်ရန်လိုအပ်လာပါသည်။ ထိုလိုအပ်ချက်များကို ပီပြင်ပြည့်စုံ၍ မြို့ပြဧကန်စစ်စစ်ဖြစ်မှသာလျှင် မြို့တော်သူမြို့တော်သားများ၏ လူနေမှုဘဝအေးငြိမ်းစွာ နေထိုင်နိုင်ကြမည် ဖြစ်သည်။

# ပီပြင်ရန်လိုအပ်နေသေးသည့် မြို့ပြ၏သင်္ကေတအချို့

ခင်ဌေးကြွယ်



## ပြောင်းလဲနေသောရန်ကုန်

ရန်ကုန်မြို့တော်ကို ၁၇၅၅ ခုနှစ်တွင် အလောင်းမင်းတရားကြီးတည်ခဲ့စဉ်က လူဦးရေမှာ တစ်သောင်းခန့်သာရှိပြီး လမ်းများမှာ မြေသားလမ်းအများဆုံးဖြစ်ခဲ့သည်။ နောက် ၁၇၉၅ ခုနှစ်တွင် အုတ်များဖြင့် စနစ်တကျခင်းနိုင်ခဲ့သည်။

၁၈၅၂ ခုနှစ်တွင်တိုးတက်လာသော လူဦးရေနှင့် လိုက်လျောညီထွေဖြစ်မည့် မြို့ကွက်သစ်ပုံစံအဖြစ် ရေးဆွဲခဲ့သည်။ ထိုအချိန်က ရန်ကုန်မြို့တော်တွင် လူဦးရေသုံးသောင်းကျော် (၃၆၀၀၀) သာ ရှိခဲ့သည်။ ထိုစဉ်က အင်္ဂလိပ်ကိုလိုနီအစိုးရအုပ်ချုပ်စဉ်ကာလ ဖြစ်သည်။

ယင်းအချိန်မှစ၍ အစိုးရအဆင့်ဆင့်ပြောင်းလဲအုပ်ချုပ်လာခဲ့ပြီး တိုးလာသည့်လူဦးရေနှင့် လိုက်ဖက်မည့်မြို့ပြ၏ လိုအပ်ချက်များကိုလည်း အဆင့်ဆင့်ပြုပြင်တည်ဆောက်လာခဲ့ကြသည်။ ဆယ်စုနှစ်ပေါင်းများစွာကို ဖြတ်ကျော်လွန်မြောက်လာခဲ့သည့် ယခုရန်ကုန်မြို့တော်၌ လူဦးရေအားဖြင့် ခြောက်သန်းကျော် (၆ ဒသမ ၈ သန်း) အထိရှိလာရာ လိုအပ်ချက်ပေါင်းများစွာလည်းရှိလာသည်ကိုလည်း တွေ့ရသည်။

လူဦးရေများပြားလာခြင်းကြောင့် မြို့သစ်များ တိုးချဲ့တည်ဆောက်ခြင်း၊

www.foreverspace.com.mm

အဆောက်အအုံအထပ်မြင့်များတိုးချဲ့တည်ဆောက်ခြင်းတို့လည်းရှိလာသည်။ လူဦးရေများလာခြင်းနှင့်အတူ အခြားတိုးပွားလာသောအရာမှာကား မော်တော်ယာဉ်စီးရေများလာခြင်း၊ တိုးလာသောလူဦးရေအချိုးနှင့် လမ်းများ၊ ပလက်ဖောင်းများအချိုးမညီ၍ လမ်းများ၊ ပလက်ဖောင်းများကျဉ်းမြောင်းနေခြင်း၊ ပလက်ဖောင်းပေါ်၌ ဈေးရောင်းချသူများလာခြင်းပင် ဖြစ်သည်။ ယင်းအချက်တို့ကြောင့်ပင် လမ်းပိတ်ဆို့ခြင်း၊ ယာဉ်ကြောရှုပ်ထွေးခြင်း၊ ယာဉ်တိုက်မှုမကြာခဏဖြစ်ပွားခြင်း စသည့်နောက်ဆက်တွဲဆိုးကျိုးများဖြစ်လာသည်ကို တွေ့ရသည်။ ထိုဆိုးကျိုးများ လျော့ကျရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအပါအဝင် သက်ဆိုင်ရာဌာနအသီးသီးက ဆောင်ရွက်နေသော်လည်း ထိရောက်မှုအားနည်းသေးသည်ကို တွေ့ရသည်။

"ပထမဆုံးလုပ်ရမှာက မျဉ်းကျားတွေ စနစ်တကျဖော်ပေးဖို့၊ ပြည်သူတွေရောယာဉ်မောင်းသူတွေပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တိတိကျကျလိုက်နာဖို့အရင်လုပ်ရမှာပါ" ဟု ရန်ကုန်မြို့ခံတစ်ဦးက မှတ်ချက်ပေးသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အားလုံးက လိုက်နာရန်မှာမူ နိုင်ငံပိုင်မီဒီယာများ၊ ပုဂ္ဂလိကစာစောင်များ၊ ရုပ်သံများမှ ပညာပေးအစီအစဉ်ထုတ်လွှင့်မှု၊ ရေးသားဖော်ပြမှုတို့အား လက်ရှိထက် ပိုမိုလုပ်ဆောင်သင့်ပြီး ပြည်သူလူထုထံ တိုက်ရိုက်ကွင်းဆင်းထိတွေ့ဆက်ဆံ၍ ပညာပေးစည်းရုံးမှုလုပ်ရန်လိုအပ်မည်ဖြစ်သည်။

## ကွန်ကရစ်လမ်းများ

၂၀၀၉ ခုနှစ်နှောင်းပိုင်းမှစ၍ မြို့တော်၏ အဓိကလမ်းမကြီးအချို့နှင့် ရပ်ကွက်လမ်းအတော်များများကို ကွန်ကရစ်လမ်းများအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တော်၌ ကွန်ကရစ်လမ်းများရှိခဲ့ပြီးဖြစ်သော်လည်း ကျယ်ကျယ်ပြန့်ပြန့်စတင်စမ်းသပ်ခင်းကျင်းမှုကို ၂၀၀၉ ခုနှစ် စက်တင်ဘာလမှ စတင်၍ လမ်းအချို့၌ ဆောင်ရွက်ခဲ့သည်။ ယခုအခါ တာမွေမြို့နယ်မှ ခြောက်လမ်းသွားအပြည့်ခင်းထားသည့် သမိန်ဗရမ်းလမ်းအပြင် ရေတာရှည်လမ်း၊ မြောက်မြင်းပြိုင်ကွင်းလမ်းတို့နှင့် သမိုင်းလမ်းဆုံအနီးနှင့် ဘုရင့်နောင်လမ်း၏အစိတ်အပိုင်းအချို့တို့ကို ကွန်ကရစ်လမ်းများအဖြစ်ခင်းပြီးသည်ကို တွေ့ရသည်။ ကွန်ကရစ်လမ်းအဖြစ် ပြောင်းလဲပြုပြင်မှုကို ခရိုင်အလိုက်ဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့်လမ်းများအနက် ယခုအခါလမ်းပေါင်းတစ်ရာကျော်အထိ ဆောင်ရွက်ပြီးဖြစ်သည်ဟု တရားဝင်ထုတ်ပြန်ထား





www.foreverspace.com.mm

သောစာရင်းများအရ သိရသည်။ သို့သော်ယင်းအရေအတွက်သည် ရန်ကုန်မြို့တော်အတွင်းရှိလမ်းအရေအတွက်နှင့်ယှဉ်ပါကများစွာ နည်းနေသေးသည်။

“ကွန်ကရစ်လမ်းတွေအဖြစ် ဆောင်ရွက်တာဟာ အရမ်းကောင်းပါတယ်။ ဒါပေမဲ့ ခြောက်လမ်းသွားကို ခြောက်လမ်းသွား၊ လေးလမ်းသွားကို လေးလမ်းသွားအပြည့်ခင်းဖို့ လိုပါလိမ့်မယ်”ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ၌တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားအရာထမ်းတစ်ဦးက ပြောကြားသည်။ ရန်ကုန်မြို့တော်၏ ကွန်ကရစ်လမ်းသမိုင်းအစကို ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့ပြီး ရန်ကုန်မြို့တော်၏နေရာအနှံ့အပြားရှိ လမ်းအားလုံးကို ကွန်ကရစ်လမ်းများအဖြစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကွန်ကရစ်ထုတ်လုပ်နိုင်မည့်စက်ရုံများကို ရန်ကုန်မြို့တော် YCDC နယ်နိမိတ်၌ပင် တည်ဆောက်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ ကွန်ကရစ်လမ်းများနှင့် ရေမြောင်းများ ဆောင်ရွက်ရေးအတွက် ၂၀၀၉–၂၀၁၀ ဘဏ္ဍာနှစ်တွင် ကျပ်ငွေ ၁၂ ဘီလီယံအထိ အကုန်အကျခံပြုပြင်တည်ဆောက်သွားမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြောကြားထားသည်။

ရန်ကုန်မြို့ပြတစ်ခုလုံးကို ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်သွားမည်ဟု ရည်ရွယ်ခဲ့ခြင်းမှာ နိုင်ငံတကာအဆင့်မီမြို့တော်တစ်ခုဖြစ်ရေး၊ လမ်းများရေရှည်တည်တံ့ခိုင်ခံ့ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့တော်ဝန်ကဆိုသည်။ ကွန်ကရစ်လမ်းများသည် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်ကိုက်ညီမှုအရှိဆုံးဟုလည်း မြို့တော်ဝန်ကထပ်လောင်းဆိုသည်။

YCDC သည် ယင်း၏စည်ပင်သာယာရေးနယ်နိမိတ်အပြင် ရန်ကုန်တစ်ဖက်ကမ်း ဆိပ်ကြီးခနောင်တို၊ တွံတေး၊ ဒလမြို့နယ်တို့၌ပါ ကွန်ကရစ်လမ်းအချို့ ခင်းနေသည်ကို တွေ့ရသည်။ YCDC နယ်နိမိတ်အတွင်းနှင့် အထက်ပါမြို့နယ်များအားလုံး၌ လမ်းအရွယ်အစားအလိုက်ထောင်ပေါင်းများစွာရှိနေ၍ ကွန်ကရစ်မြို့တော်ဖြစ်ရေး ဆောင်ရွက်ချက်မှာလည်း ကာလအတိုင်းအတာတစ်ခုအထိ ကြာမြင့်မည်ဖြစ်သည်။

ရန်ကုန်မြို့တော်အတွင်းရှိ မြေပြင်နိမ့်လမ်းများကို မိုးတွင်းကာလရေမဝပ်စေရေးအတွက် ကွန်ကရစ်လမ်းအဖြစ် မြေသားမြှင့်ခြင်း၊ ထပ်ပိုးခင်းပေးခြင်းတို့ ပြုလုပ်ပေးနေခြင်းကြောင့် လူနေအိမ်ရှင်အချို့သည် ၎င်းတို့နေအိမ်များ ရေမြုပ်မည်ကိုစိုးရိမ်နေကြောင်း မြောက်မြင်းပြိုင်ကွင်းလမ်း၌နေထိုင်သူအချို့ထံမှ သိရသည်။



www.foreverspace.com.mm

"ကျွန်တော့်အိမ်ရှေ့နဲ့ မနီးမဝေးမှာ ခြောက်ပေကျော်ထိမြှင့်ထားတယ်လေ။ လမ်းကတော့အရမ်းကောင်းပေမယ့် မိုးတွင်း ရေဝင်မှာစိုးရိမ်တယ်"ဟု ယင်းလမ်းပေါ်တွင်နေထိုင်သူတစ်ဦးက ဆိုသည်။

ထပ်ပိုးလွှာခင်းထားသည့်လမ်းပိုင်းအရေအတွက်သည် ရေဝပ်၊ မြေနိမ့်သည့်နေရာအများအပြားတွင်ရှိနေခြင်းကြောင့် လူနေအိမ်များ၊ မြေညီထပ်ဈေးဆိုင်ရောင်းသူအချို့မှာ မိုးတွင်း၌ အခက်တွေ့နိုင်ကြောင်း တာမွေအပိုင်းအနီးမှ မြေညီထပ်နေသူများက ဆိုသည်။

"ရန်ကုန်မှာ ကွန်ကရစ်လမ်းက အစမှ ခင်းတာမဟုတ်ဘူး။ ဟိုးအရင် အာရှမှာတောင် ကျော်ကြားခဲ့တဲ့ ဦးဝိစာရလမ်းဆိုရင် အရင်က ကွန်ကရစ်လမ်းပဲ။ နောက်ပိုင်းမှ နိုင်လွန်ကတ္တရာထပ်ပိုးခင်းထားတာ။ ထပ်ပိုးခင်းရင်းခင်းရင်းနဲ့ အခုဆို ပလက်ဖောင်းနဲ့လမ်းနဲ့တောင် ပြင်ညီနီးပါးဖြစ်နေပြီ"ဟု ရန်ကုန်မြို့ခံ အသက် ၇၀ ကျော်အရွယ် အငြိမ်းစားအရာထမ်းတစ်ဦးက ဆိုသည်။

ကွန်ကရစ်လမ်းခင်းခြင်းသည် နိုင်ငံခြားမှ ကတ္တရာဝယ်ယူရသည့် နိုင်ငံခြားငွေ သက်သာသွားစေပြီး ဘိလပ်မြေအမှုန်အကန့်သုံးပါက ကောင်းမွန်သောလမ်းများ ဖြစ်လာနိုင်ကြောင်း အဆိုပါအငြိမ်းစားအရာထမ်းကြီးက သုံးသပ်သည်။

## လမ်းပေါ်ရေလျှံမှုနှင့် ရေမြောင်းစနစ်

ရန်ကုန်မြို့တော်၏ လမ်းမများနှင့် မြို့တော်၏အချက်အချာကျသည့်လမ်းဆုံ၊ လမ်းခွအချို့၌ မိုးတွင်းကာလအတွင်း ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေလျှံရေမြုပ်ခြင်းတို့ကို ယခုနှစ်ပိုင်းများအတွင်း သိသိသာသာမြင်တွေ့လာရသည်။ ထိုသို့ရေလျှံရေမြုပ်ခြင်းကို ကာကွယ်သည့်အနေဖြင့် ၂၀၀၉ ခုနှစ်အတွင်း ရေစုပ်စက်ကြီး ၁၄ လုံးကို ရေမြုပ်သည့်နေရာအချို့တွင် တပ်ဆင်၍ ရေစုပ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။ YCDC အနေဖြင့် ရန်ကုန်မြို့ရေကြီးခြင်းကို ရေစုပ်စက်ကြီးများတပ်ဆင်ဆောင်ရွက်ပေးခြင်းအပြင် ကြီးမားသည့်ရေမြောင်းများ တိုးချဲ့ဖောက်လုပ်ခြင်းကို ယုဇနပလာဇာအနီး ရေမြောင်းအပါအဝင် အခြားနေရာအချို့တွင်လည်း ဆောင်ရွက်ပေးခဲ့သည်ကိုလည်း တွေ့ရသည်။

ရန်ကုန်မြို့တော် ရေမြုပ်လာခြင်းသည် ရေမြောင်းများ စနစ်မကျခြင်းနှင့် ရေစီးရေလာမကောင်းခြင်း စသည်တို့ကြောင့် အဓိကမဟုတ်ဘဲ မိုးရေချိန်လက်မများပြားလာခြင်း၊ လူဦးရေထူထပ်လာခြင်းတို့ကြောင့်ဟု လူပုဂ္ဂိုလ်အချို့က ပြောကြားသကဲ့သို့ အချို့ကလည်း မိုးရေချိန်များခြင်းနှင့် မသက်ဆိုင်ဟု ဆိုကြသည်။ မည်သို့ဆိုစေကာမူ ရန်ကုန်မြို့တော်ရေမြုပ်ရေး၊ လမ်းများကောင်းမွန်ရေးသည်သာ အဓိကဖြစ်၍ တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များအပြင် မြို့ခံများ၏ နိုင်ငံကြီးသားပီသစွာ စည်းကမ်းရှိရှိထိန်းသိမ်းနေထိုင်တတ်ရန်လည်း လိုအပ်သည်။

ရန်ကုန်မြို့တော်၏ လမ်းများကောင်းမွန်ရေး၊ ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးကို ဆောင်ရွက်ခဲ့ရာတွင် အထူးစီမံချက်များဖြင့် ရာသီမရွေးဆောင်ရွက်ခဲ့ကြကြောင်း၊ ၁၉၉၀ ကျော်နှစ်များတွင်လည်း ဝံသာနုစစ်ဆင်ရေးဟုအမည်တပ်၍ ဟေမာန်ဦးစီမံချက်၊ ဝသန်ဦးစီမံချက်ဟု သတ်မှတ်ကာ တစ်နှစ်ပတ်လုံးဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုဆောင်ရွက်ချက်ကြောင့် ရေကြီးခြင်း၊ ရေလျှံခြင်းဖြစ်ပေါ်မှုနည်းပါးခဲ့ကြောင်း၊ လက်ရှိတွင် လူဦးရေထူထပ်လာခြင်း၊ မော်တော်ယာဉ်စီးရေများလာခြင်း၊ သတ်မှတ်တန်ထက် သယ်ဆောင်ခြင်းတို့ရှိလာ၍ အထူးစီမံချက်များချမှတ်၍ ပိုမို



www.foreverspace.com.mm

လုပ်ဆောင်ရန်လိုအပ်လာကြောင်း YCDC မှ အရာရှိတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော်၌နေသူအချို့သည် မြို့ပြ၏ အလေ့အထကိုနားလည်မှုမရှိကြောင်း၊ အထူးသဖြင့် စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်ခြင်းကြောင့် ရေမြောင်းပိတ်ခြင်း၊ ရေစီးရေလာမကောင်းခြင်းများဖြစ်ကာ အနံ့အသက်မကောင်းခြင်း၊ ခြင်၊ ယင်ပေါက်ပွားခြင်း စသည့်အကျိုးဆက်များဖြစ်ပေါ်လာသည်ကို တွေ့ရသည်။

"ကျွန်မကတော့ ရေမြောင်းထဲကို အမှိုက်စွန့်ပစ်တာမရှိပါဘူး" ဟု ဆူးလေမှတ်တိုင်တွင် မုန့်ဟင်းခါးရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။ ရေစီးရေလာစနစ် ပီပီပြင်ပြင်ဖြစ်လာစေရန် အားလုံးပူးပေါင်းပါဝင်ရမည် ဖြစ်သည်။

ရန်ကုန်မြို့တော်ရေမြုပ်ခြင်းသည် ရေမြောင်းစနစ်တစ်ခုတည်းကြောင့်မဟုတ်ကြောင်း၊ ရန်ကုန်မြို့နှင့် အနီးစပ်ဆုံးဖြစ်သော ရန်ကုန်မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေစီးမှုမရှိဖြစ်လာခြင်းသည်လည်း အချက်တစ်ခုဟု အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ အင်ဂျင်နီယာတစ်ဦးက ထောက်ပြပြောဆိုသည်။

ရန်ကုန်မြစ်၏ နေရာအများစုမှာ သောင်ထွန်းလာခြင်းကြောင့် ပင်လယ်ရေမြင့်တက်လာနေကြောင်း၊ ပင်လယ်ရေမြင့်နေခြင်းကြောင့် ရန်ကုန်မြို့တွင်းမှ ရေများအလွယ်တကူမစီးဆင်းနိုင်တော့ကြောင်း၊ ထို့ကြောင့် ရန်ကုန်မြစ်၏သောင်ထွန်းခြင်းကိုပါဆောင်ရွက်ရန်လိုအပ်နေကြောင်း အထက်ပါအင်ဂျင်နီယာက ပြောကြားသည်။ ရေစီးရေလာမကောင်းခြင်းကြောင့်ပင် လမ်းများရေမမြုပ်ရေး၊ တာရှည်ခံနိုင်ရေးအတွက် ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ခြင်း၊ အထပ်မြှင့်ပေးခြင်း၊ အချို့နေရာတွင် ပေ ၆၀ ကျော်အထိ ထပ်ပိုးလွှာခင်းပေးခြင်းတို့ပြုလုပ်နေသည်ဟုလည်း ဆိုသည်။

ရေကြီးရေလျှံခြင်းများ ဆက်တိုက်ကြာရှည်နေချိန်တွင် ကတ္တရာလမ်းသည် ရေထဲ၌ ၃၆ နာရီသာ ခံနိုင်ရည်ရှိပြီး ကွန်ကရစ်လမ်းသည် နာရီပေါင်းများစွာ ခံနိုင်ရည်ရှိခြင်းကြောင့် ကွန်ကရစ်ခင်းပြီးလမ်းများမှာ ပျက်စီးမှု၊ ပေါက်ပြဲမှု နည်းပါးလာမည်ဟု တာမွေမြို့နယ် သမိန်ဗရမ်းလမ်း၌ တာဝန်ယူဆောင်ရွက်နေသူတစ်ဦးက ရှင်းပြသည်။

အခြားသောအကျိုးကျေးဇူးများလည်း ရရှိနိုင်ပြီး အနီးအနားရှိနေအိမ်၊ တိုက်ခန်းများအနေဖြင့် တုန်ခါမှုလုံးဝမဖြစ်ပေါ်တော့ကြောင်းလည်း ၎င်းကဆိုသည်။ ကွန်ကရစ်လမ်းအဖြစ် ပြောင်းလဲလိုက်ခြင်းကြောင့် လတ်တလောအခြေအနေတွင် မော်တော်ယာဉ်များ၏ ဘီးများပွန်းစားမှုရှိသော်လည်း ရေရှည်တွင် အဆင်ပြေချောမွေ့သွားမည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

## အခွန်နှင့် ဘတ်ဂျက်

၁၇၅၅ ခုနှစ် အလောင်းမင်းတရားလက်ထက်က မြို့ပြရေးရာအခွန်ကောက်ခံမှုစနစ်အဖြစ် သရက်၊ မရမ်း၊ ကွမ်းသီးပင်၊ ပိန္နဲ စသည့်အသီးအနှံများမှစ၍ 'သီးနှံခွန်' ဟု ကောက်ခံ၍ ရရှိသောအခွန်ငွေများဖြင့်



www.foreverspace.com.mm



မြို့ပြ၏ လိုအပ်ချက်များကို ထိရောက်စွာ ဆောင်ရွက်ခဲ့သည်။

လက်ရှိ ရန်ကုန်မြို့တော်တွင်လည်း လူဦးရေများပြားလာခြင်း၊ အဆောက်အအုံ တိုးပွားလာခြင်း၊ ယာဉ်စီးရေတိုးလာခြင်း၊ စီးပွားရေးလုပ်ငန်းများတိုးလာခြင်း စသည့် တိုးပွားလာသည့်အရာများကပင် အခွန် အခကောက်ခံမှုများလည်း တိုးတက်ရရှိလာပြီ ဖြစ်သည်။ YCDC နယ်နိမိတ်အတွင်းရှိ နယ်ပယ်စုံမှရရှိသော အခွန်ဝင်ငွေများဖြင့်ပင် ရန်ကုန်မြို့၏ မြို့ပြတစ်ခု အတွက် အဓိကလိုအပ်ချက်အချို့ကို စနစ်တကျသုံးစွဲရန် အရေးကြီးပါသည်။ အခွန်ကောက်ခံမှုကိုလည်း တိတိကျကျထိရောက်စွာကောက်ခံသင့်ပြီး လုပ်ငန်း၊ ပစ္စည်း၊ အဆောက်အအုံပေါ်မူတည်၍ အားလုံးတစ်ပြေးညီဖြစ်ရန်လည်း အရေးပါသည်။ အခွန်ထမ်းပြည်သူများအနေဖြင့်လည်း အခွန်ဆိုင်ရာကို နားလည်ရန်လိုပြီး အခွန်တိမ်းရှောင်မှုမပြုဘဲ မှန်မှန်ကန်ကန်ပေးဆောင်ရန်လိုမည်ဖြစ်သည်။

အခွန်စနစ်နှင့်ပတ်သက်၍ အနီးစပ်ဆုံးနမူနာယူမည်ဆိုပါက စင်ကာပူနိုင်ငံသည် အနီးစပ်ဆုံးဖြစ်ပါမည်။ စင်ကာပူနိုင်ငံသည် သေးငယ်သော်လည်း အခွန်စနစ်ပီပြင်ခြင်း၊ ရရှိသည့်အခွန်ငွေများကို စနစ်တကျပြန်လည်အသုံးပြုခြင်းတို့ကြောင့်ပင် အာရှတိုက်၌ အကောင်းဆုံးမြို့ပြတစ်ခုဖြစ်လာသည်ဟု စင်ကာပူအခြေစိုက်မြန်မာ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ မော်တော်ကားလမ်းတစ်လျှောက်ရှိ နေရာအတော်များများ၌ပင် အခွန်ကောက်ခံရေးစနစ်များရှိပြီး အီလက်ထရွန်နစ်စနစ်ကို တွင်ကျယ်စွာသုံးနေသည်ဟု ဆိုသည်။

## စီမံခန့်ခွဲမှု

ရန်ကုန်မြို့တော်တွင် လမ်းမကြီး၊ လမ်းလတ်၊ လမ်းငယ် စသည်ဖြင့် လမ်းကြီးလမ်းငယ်အသွယ်သွယ်အနက် ခြောက်လမ်းသွား၊ လေးလမ်းသွား လမ်းအရေအတွက်မှာမူ ရာဂဏန်းသာရှိသည်။ မြို့နယ်များ၊ ရပ်ကွက်များရှိ လမ်းအရေအတွက်မှာ



မူ ထောင်ချီရုံမက ထောင်ဂဏန်းသုံးခုဝန်းကျင်ရှိကြောင်း လမ်းတံတားဌာနမှ အင်ဂျင်နီယာတစ်ဦး၏ ခန့်မှန်းခြေအဆိုအရ သိရသည်။ လမ်းမကြီးများအား ကွန်ကရစ်ခင်းခြင်း၊ အဆင့်မြှင့်ခြင်း၊ ထပ်ပိုးလွှာခင်းခြင်း စသည်တို့ကို မြန်ဆန်စွာ ဆောင်ရွက်နိုင်သော်လည်း ရပ်ကွက်အသီးသီးရှိ ထောင်ချီသောလမ်းများကို အသေးစိတ်ပြုပြင်ရန်မှာမူ အချိန်တိုအတွင်း လွယ်ကူမည်မဟုတ်ပေ။ သို့သော် လမ်းငယ်ပေါင်းများစွာမှ ရေများစီးဆင်းစုဝေးရာ အဓိကလမ်းမကြီးများကို ပုံမှန်အားဖြင့် စနစ်တကျရှင်းလင်းနေမည်ဆိုပါက ရေမြောင်းပိတ်ဆို့ခြင်း၊ လမ်းပေါ်ရေလျှံခြင်း၊ ပျက်စီးခြင်း၊ ပတ်ဝန်းကျင်ညစ်ပတ်ခြင်းတို့မှ ကင်းဝေးမည်ဖြစ်သည်။ ရန်ကုန်မြို့တော်သည် ဧရိယာအားဖြင့် ကျယ်ပြန့်သကဲ့သို့ လမ်းအရေအတွက်အားဖြင့်လည်းများခြင်းကြောင့် လူပုဂ္ဂိုလ်တစ်ဦး၊ နှစ်ဦးဖြင့် ဆောင်ရွက်ရေးထက် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ယူဆောင်ရွက်ရေးသည် အရေးပါသည်။

"ရန်ကုန်မှာ အဓိကလမ်းမကြီးငါးခုပဲရှိတယ်။ ဒီငါးလမ်းကို တာဝန်ရှိသူတစ်ဦးစီကို အပြည့်အဝတာဝန်ပေး၊ လုပ်ပိုင်ခွင့်တွေပေးလိုက်ရင် အထိရောက်ဆုံးဖြစ်လာမှာပါ" ဟု စီမံခန့်ခွဲမှုကျွမ်းကျင်သည့်စီးပွားရေးပညာရှင်တစ်ဦးက ပြောကြားသည်။



www.foreverspace.com.mm

မည့်သည့်စီမံကိန်း၊ စီမံချက်၊ စီးပွားရေးကို မဆို စီမံခန့်ခွဲတတ်မှု၊ တာဝန်ခွဲဝေပေးတတ်မှု၊ တာဝန်ယူမှုတို့ ကောင်းမွန်မှသာ အောင်မြင်မှုရရှိလေ့ရှိသည်ဟုလည်း ၎င်းကဆက်လက်ပြောကြားသည်။

## နိဂုံး



ရန်ကုန်မြို့တော်အား နိုင်ငံတကာအဆင့်မီမြို့ပြအဖြစ်တည်ဆောက်ရာတွင် လမ်းကွန်ရက်များအား အဆင့်မြှင့်တင်သကဲ့သို့ သာယာလှပသန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ရန်၊ နိုင်ငံတကာခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်မည့် ပန်းဥယျာဉ်၊ စိတ်ဝင်စားစရာနေရာ အများအပြား တည်ဆောက်ပေးရန်လည်း လိုအပ်ပါသည်။ အလားတူ တည်ဆောက်ပြီး အဆောက်အအုံ များ၊ ရှေးဟောင်းအဆောက်အအုံများ၊ ပန်းဥယျာဉ်များကိုလည်း ရာသီမရွေးပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်လိုသည်။ ခေတ်မီမြို့ပြတည်ဆောက်ရေးစီမံချက်များ ရေးဆွဲပြီးပါက စီမံချက်လုပ်ငန်းစဉ်များအား သိမ်းဆည်းမထားဘဲ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်နိုင်မှသာ အခြားနိုင်ငံမြို့ပြများကို အမီလိုက်နိုင်မည်ဖြစ်သည်ဟု စင်ကာပူအခြေစိုက် စီးပွားရေးလုပ်ငန်းရှင်က ဆိုသည်။

မည်သို့ဆိုစေကာမူ အချုပ်အားဖြင့်ဆိုရလျှင် လက်ရှိဆောင်ရွက်ပြုပြင် တည်ဆောက်ပေးနေသည့်အရာများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက ရန်ကုန်မြို့တော်သည် လွန်ခဲ့သည့် ဆယ်စုနှစ်ငါးစု၊ ခြောက်စုကကဲ့သို့ အာရှတိုက်၏ သာယာလှပမှုအရှိဆုံးမြို့တော်အဖြစ် ပြန်လည်ရောက်ရှိလာမည်ဟု မျှော်လင့်ရပါသည်။

**ခင်ဌေးကြွယ်**



www.foreverspace.com.mm



**ကမ္ဘာ** ကြီးတွင် ဘေးဒဏ်အမျိုးမျိုးကြောင့် နေ့စဉ် ထိခိုက်ဒဏ်ရာရရှိ၊ သေဆုံးရသူ ထောင်ပေါင်းများစွာရှိနေသည်။ ယင်းသို့ သေဆုံးရသူများတွင် ယာဉ်တိုက်မှုကြောင့် သေဆုံးရသည့်နှုန်းမှာ အဆင့် ၉ သို့ရောက်ရှိနေပေသည်။ ၂၀၂၀ ပြည့်နှစ်တွင် အဆင့် ၃ သို့ရောက်ရှိလာမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားသည်။

# တစ်မိနစ် တစ်စက္ကန့်

ကျော်ကျော်မင်း ၊ ခင်ဌေးကြွယ်

## ကိုးနှစ်တာမှာ အမြင့်ဆုံး

တစ်စက္ကန့်မျှသောအချိန်လေးက သူ့ဘဝကို ပြောင်းလဲစေနိုင်မည်ဟု ဒေါ်သန်းသန်းဝင်း (အမည်လွှဲထား) တစ်ယောက် ထင်မထားခဲ့ပေ။ တစ်စက္ကန့်လေးအတွင်း ဆုံးဖြတ်ချက်တို့မှားမှန်း သိလိုက်သော်လည်း အသိတို့နောက်ကျသွားခဲ့ရပြီ။

"ဒီလို ခြေထောက်ဖြတ်ရမယ်မှန်း သိရင် အဲဒီနေ့က လမ်းကူးဖို့မပြောနဲ့၊ အိမ်ကတောင် ထွက်မှာမဟုတ်ဘူး" ဟု ယာဉ်တိုက်မှုကြောင့် ညာဘက်ခြေထောက်ဖြတ်ပစ်ခဲ့ရသူ ဒေါ်သန်းသန်းဝင်းက ဆိုသည်။

၂၀၀၈ ခုနှစ် မတ်လဆန်းပိုင်းကဖြစ်သည်။ ကလေးကျောင်းကြိုရန်ရှိသဖြင့် ကမာရွတ်မြို့နယ် အင်းစိန်လမ်းမကြီးအနီးရှိအိမ်မှ အလျင်စလိုထွက်လာမိသည်။ ခပ်ဝေးဝေးမှလာသော ဟိုင်းလပ်ကားကို မြင်သော်လည်း လွတ်လောက်သည်ဟုထင်ကာ လမ်းဖြတ်အကူးတွင် တိုးဝင်လာသော ဟိုင်းလပ်ကား၏ခေါင်းပိုင်းကို မြင်လိုက်ရသည်မှအပ ကျန်အရာအားလုံးကို ဆေးရုံရောက်မှသာ သဲသဲကွဲကွဲ သိရတော့သည်။

ကြေကွဲဖွယ်ရာ သူ့ဖြစ်အင်ကို ပြန်ပြောင်းပြောပြနေသော အသက်သုံးဆယ်



www.foreverspace.com.mm



ကျော်အရွယ် ဒေါ်သန်းသန်းဝင်း၏ မျက်ဝန်းတို့မှာ နီရဲနေသည်။

"ဒီအကြောင်းတွေက ကျွန်မ ပြန်မပြောချင်ဆုံး အကြောင်းအရာတွေပဲ" ဟုလည်း သူက ညည်းတွားလိုက်သေးသည်။

လမ်းကူးရန် အလောတကြီးဆုံးဖြတ်လိုက်သောအချိန်သည် တစ်စက္ကန့်မျှပင်ရှိမည်မထင်ကြောင်း သူကဆိုသည်။

ယာဉ်တိုက်မှုကြောင့် ကိုယ်အင်္ဂါမသန်စွမ်းဖြစ်ခဲ့ရသည်မှာ ဒေါ်သန်းသန်းဝင်းတစ်ဦးတည်းတော့ မဟုတ်ပေ။

၂၀၀၉ ခုနှစ်အတွင်း ယာဉ်တိုက်မှုကြောင့် မသန်စွမ်းဖြစ်ရသူဦးရေမှာ အမြင့်ဆုံးသို့ရောက်ရှိလာပြီး ကိုးနှစ်တာကာလအတွင်း အမြင့်ဆုံးဖြစ်လာကြောင်း မြန်မာနိုင်ငံယာဉ်ထိန်းတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

၂၀၀၈ ခုနှစ်အတွင်း ယာဉ်တိုက်မှုကြောင့် မသန်စွမ်းဖြစ်ခဲ့ရသူ ကိုးဦးသာရှိရာမှ ၂၀၀၉ ခုနှစ်အတွင်း နှစ်မကုန်မီတွင်ပင် ၁၀ ဦးသို့ရောက်ရှိလာခြင်းဖြစ်ကြောင်း ယင်း တပ်ဖွဲ့ထံမှ ဆက်လက်သိရှိရသည်။

## သေသူတွေ ပိုများလာတယ်

၂၀၀၈ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ နံနက် ၆ နာရီအချိန်ခန့်က သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားအရှေ့ဘက်မုခ်တွင် ပုဂံတောင်–သန်လျင်ဈေး ပြေးဆွဲသော ဒေါ့ဂျစ်ခရီးသည်တင်ယာဉ်အမှတ် ၈/၇၇၃ နှင့် ဆိုင်ကယ်တိုက်မိရာမှ ဆိုင်ကယ်နောက်တွင်စီးနင်းလာသော အ.ထ.က (၄) သန်လျင်တွင် ပညာသင်ကြားနေသည့် ဒသမတန်းကျောင်းသူ အသက် ၁၈ နှစ်အရွယ် မစုနန္ဒာကျော် ဦးခေါင်းခွံကွဲပြီး နေရာတွင်ပင် ဆုံးပါးခဲ့ရသည်။

၂၀၀၈ ခုနှစ် ဇွန်လ ၁၂ ရက် ည ၈ နာရီအချိန်တွင် သန်လျင်–သုံးခွကားလမ်းအတိုင်း ယာဉ်မောင်း ဦးညီညီမောင်းနှင်လာသော ဘီအမ်ကြို/ပို့ယာဉ်သည် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု တာဝကျေးရွာအရောက်တွင် အရှိန်လွန်ပြီး ကားလမ်းနံဘေးရှိ ကွမ်းယာဆိုင်ကိုဝင်ရောက်တိုက်မိသဖြင့် အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦးသေဆုံးပြီး ငါးဦးပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။

၂၀၀၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့ နံနက် ၉ နာရီခွဲအချိန်တွင် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းပေါ်ရှိ အုတ်ကျင်းလမ်းထိပ်တွင် ဟီးနိုးအမျိုးအစား ယာဉ်အမှတ် ဆ/၆၅၄၄ ၏ယာဉ်မောင်း ဦးစိုးဝင်းသည် ဘီးပေါက်၍ ဘီးဖြုတ်နေစဉ် ယာဉ်အမှတ် ၄ခ/၈၉၉၀ အမှတ် ၁၈၄ ဘတ်စ်ကားကြီးနောက်မှဝင်တိုက်၍ ဗိုက်ပေါက်သေဆုံးခဲ့သည်။

ရန်ကုန်တိုင်းအတွင်း အထက်ပါဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် ၂၀၀၈ ခုနှစ်အတွင်း၌ပင် ယာဉ်မတော်တဆမှုပေါင်း ၆၆၈ မှုကြောင့် သေဆုံးသူ ၁၅၃ ဦးနှင့် ဒဏ်ရာရရှိသူ ၁၁၈၅ ဦးသာရှိခဲ့ကြောင်း ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

၂၀၀၉ ခုနှစ်တွင်မူ စက်တင်ဘာလကုန်အထိ ယာဉ်တိုက်မှု ၇၄၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၇၄ ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၁၄၂၇ ဦးအထိရှိလာခဲ့ရာ ယခင်နှစ်ထက်ပင် များပြားလာကြောင်း ၎င်းက ဆိုသည်။

## ကမ္ဘာကြီးကအမှတ်ရသော နေ့တစ်နေ့

ကမ္ဘာပေါ်တွင် နေ့စဉ်ထိခိုက်ဒဏ်ရာကြောင့် သေဆုံးသူပေါင်း ၁၆၀၀၀ ရှိပြီး ယင်းပမာဏအနက် ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုမှာ တစ်နေ့လျှင် ၃၀၀၀ ခန့်ရှိနေရာ ယာဉ်တိုက်မှုကြောင့် တစ်မိနစ်လျှင် လူနှစ်ဦးကျော် သေဆုံးနေသည်ဟု ဆိုနိုင်ပေသည်။

ယင်းကြောင့်ပင် နိုဝင်ဘာလ တတိယပတ်၏ တနင်္ဂနွေနေ့ကို ကမ္ဘာကြီးက အမှတ်ရသောနေ့ (World Day of Remembrance for Road Traffic Victim) အဖြစ် ၂၀၀၅ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ပေသည်။

ကမ္ဘာ့မြို့ကြီးများ၌ ယင်းနေ့တွင် ယာဉ်တိုက်မှုများ၏ သားကောင်ဖြစ်ခဲ့ရသူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်။

တစ်ကမ္ဘာလုံးတွင် ယာဉ်မတော်တဆဖြစ်မှုကြောင့် နှစ်စဉ် လူပေါင်း ၁ ဒသမ ၂ သန်းခန့်သေဆုံးရပြီး သန်းပေါင်း ၅၀

www.foreverspace.com.mm

ခန့် ဒဏ်ရာရရှိနေကြောင်း သင်္ကရာဇ် ၂၀၀၀ မှ ၂၀၂၀ ခုနှစ်အတွင်း ယာဉ်မတော်တဆထိခိုက်သေဆုံးမှုသည် ၆၅ ရာခိုင်နှုန်း ပိုမိုကြီးထွားလာပြီး လူဦးရေ တစ်သိန်းတွင် ၁၉ ယောက်နှုန်းယာဉ်ကြောင့် ထိခိုက်သေဆုံးနိုင်သည့် အန္တရာယ်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။

## ယာဉ်တိုက်မှုတွေ ဘာလို့ဖြစ်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း နှစ်စဉ် ယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းအရင်းများကိုလေ့လာရာတွင် မဆင်မခြင် မောင်းနှင်ခြင်း၊ လမ်းကူးသူပေါ့ဆခြင်း၊ အရှိန်ပြင်းပြင်းမောင်းနှင်ခြင်းတို့ကြောင့် အများဆုံးဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း အမှတ် (၁) တပ်ထိန်းတပ်ခွဲ တပ်မှူး ဗိုလ်မှူးဝင်းမြင့်ထွန်းက ပြောကြားသည်။

ခရီးသည်တင် ယာဉ်မောင်းများ၏ မဆင်မခြင် မောင်းနှင်မှု၊ အရှိန်ပြင်းပြင်း မောင်းနှင်မှုများသည် ခရီးသွားပြည်သူများကို ထိခိုက်နစ်နာဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားရသည့် အကြောင်းအရင်းများ နှိုင်းယှဉ်ချက်အရ လမ်းကူးသူပေါ့ဆခြင်းသည် နှစ်စဉ်ဒုတိယအများဆုံးဖြစ်ကြောင်း ၎င်းက ဆိုသည်။

“ဖြည်းဖြည်းစဉ်းစားတော့မှ သူ့အပြစ်ချည်းပဲတော့ မဟုတ်မှန်း သိလာတယ်။ သူ့ကိုယ်သူ ဆင်ခြင်မိရင်တော့ သူလည်း ကိုယ့်ကြောင့် ဒုက္ခရောက်ရမှာ မဟုတ်ဘူး၊ ကိုယ်လည်း ဒီလိုမဖြစ်ဘူးပေါ့” ဟု ဒေါ်သန်းသန်းဝင်းက ဆိုသည်။

ယခုတော့ ပြုလုပ်နေကျ ကလေးကျောင်းကြိုနေသည့် အလုပ်ကိုပင် အလွယ်တကူ မလုပ်နိုင်တော့ကြောင်း၊ အိမ်တွင် လူပိုကြီးတစ်ဦးလိုမဖြစ်ရန် အိမ်ရှိအလုပ်ကိုသာ သိမ်းကျုံးလုပ်နေရကြောင်း ၎င်းက ဆိုသည်။

ဒေါ်သန်းသန်းဝင်းကဲ့သို့ပင် ခရီးသွားပြည်သူအများစုမှာ သတ်မှတ်ထားသည့် လိုက်နာရမည့်စည်းကမ်းများကို လိုက်နာဆောင်ရွက်မှု လွန်စွာအားနည်းနေပြီး ယာဉ်ထိန်းရဲရှိသည့်နေရာများ၌ ယာဉ်မောင်းများက ဆင်ခြင်မောင်းနှင်ကြသော်လည်း ခြေလျင်သွားပြည်သူများက လွယ်လင့်တကူ စည်းကမ်းချိုးဖောက်နေသည်ကို တွေ့ရသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီကလည်း ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပညာပေးခြင်း၊



www.foreverspace.com.mm



သတိပေးခြင်းများဆောင်ရွက်သော်လည်း လိုက်နာမှု၊ နားလည်မှုအားနည်းနေသေးကြောင်း၊ နားလည်သော်လည်း မသိကျိုးကျွံပြုကာ မောင်းနှင်နေကြကြောင်း၊ ခရီးသွားပြည်သူများအနေဖြင့်လည်း လိုက်နာရန်စည်းကမ်းများကို သိသော်လည်း လိုက်နာရန် အားနည်းကြောင်း အမှတ် (၁) တပ်ထိန်းတပ်ခွဲမှ အကြီးတန်းအရာရှိက သုံးသပ်သည်။

မီးပွိုင့်စိမ်းနေချိန်တွင် ယာဉ်ကို ဦးစားမပေးဘဲ အတင်းဖြတ်ကူးခြင်း၊ မျဉ်းကျားမှမကူးဘဲ ကြုံသလိုဖြတ်ကူးခြင်းများကြောင့် ယာဉ်တိုက်ခိုက်မှုများဖြစ်ပွားရကြောင်း ၎င်းက ဆိုသည်။

ယာဉ်ထိန်းရဲများ၏ အားနည်းချက်များကြောင့်လည်း ယာဉ်တိုက်မှုဖြစ်စေနိုင်ကြောင်းကိုလည်း သတိပြုသင့်ကြောင်း၊ မီးပွိုင့်ရှိ မီးစိမ်းနေရာမှ ချက်ချင်းမီးဝါ၊ မီးနီသို့ပြောင်းလိုက်ခြင်းများကြောင့် အလျင်အမြန်ရပ်လိုက်ရသော ရှေ့မှယာဉ်ကို နောက်မှပါလာသည့်ယာဉ်များက အရှိန်မထိန်းနိုင်ဘဲ ယာဉ်ချင်းတိုက်မိလုနီးပါး (သို့မဟုတ်) တိုက်မိခြင်းများကို မကြာခဏ ကြုံတွေ့ရတတ်ကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာန ပါမောက္ခ (ဌာနမှူး) ဒေါ်ဌေးဌေးလွင်က ဆိုသည်။

## ဘာတွေထိန်းသိမ်းပြင်ဆင်ရမလဲ

ခရီးသွားပြည်သူများကို စနစ်တကျလမ်းဖြတ်ကူးစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ လူတိုင်းကိုယ်စီ သိရှိလိုက်နာတတ်စေရန် ပညာပေးခြင်း၊ လက်ကမ်းကြော်ငြာများဝေငှသည့်စနစ်ကို အဓိကထား ဆောင်ရွက်ခြင်း၊ ထိရောက်စွာအရေးယူခြင်းများဖြင့် ပြုပြင်ဆောင်ရွက်ပေးသင့်ကြောင်း ဗိုလ်မှူးဝင်းမြင့်ထွန်းက အကြံပြုသည်။

မဆင်မခြင်မောင်းနှင်ခြင်းအတွက် ဒဏ်ငွေများ ချမှတ်သင့်သော်လည်း ပြစ်ဒဏ်များကို မှတ်သားထားပြီး လိုင်စင်ဝင်မှ အရေးယူခြင်းပြုလုပ်မည့်အစား ချက်ချင်းအရေးယူခြင်းက ပိုမိုထိရောက်မှုရှိနိုင်ကြောင်း ပါမောက္ခ (ဌာနမှူး) ဒေါ်ဌေးဌေးလွင်က ပြောကြားသည်။

အထူးသဖြင့် ယာဉ်ထိန်းရဲနှင့် ယာဉ်မောင်းသူအကြား သံသယမဖြစ်ပွားစေရန် ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်သင့်ကြောင်း၊ ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်ရာတွင်လည်း ဘက်လိုက်မှုကင်းရှင်းစွာ ဆောင်ရွက်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးအတွက် တာဝန်ရှိသူများသည် ယူနီဖောင်းအပြည့်အစုံဖြင့် အမည်၊ ရာထူးနှင့် ရင်ဘတ်တံဆိပ်များ ပြည့်စုံစွာတပ်ဆင်၍ ဝတ်ဆင်သင့်ကြောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအမည်ခံ၍ ငွေတောင်းခံမှုများကိုလည်း ရှောင်တခင် ရှာဖွေစစ်ဆေးအရေးယူပြီး လာဘ်ပေးလာဘ်ယူမှုကိစ္စများ ရှင်းလင်းအောင် ပြစ်ဒဏ်ပေးသည့် နည်းတစ်ခုသာမက အခြားနည်းလမ်းများကိုလည်း စဉ်းစားသင့်ကြောင်း ၎င်းက ဆိုသည်။

ချမှတ်သည့် စည်းကမ်းများကို လူတိုင်းလိုက်နာလာစေရန်အတွက် ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာအရေးယူသင့်ကြောင်း၊ လမ်းကိုအသုံးပြု၍ သွားလာနေသူများနှင့် စည်းကမ်းထိန်းသိမ်းရေးဝန်ထမ်းများအားလုံးကို စည်းကမ်းဖောက်ဖျက်ပါက တိတိကျကျ အရေးယူသင့်ပြီး အရေးယူမှုကို မီဒီယာများမှတစ်ဆင့် ဖော်ပြပေးသင့်ကြောင်း ဒေါ်ဌေးဌေးလွင်က သုံးသပ်ပြောကြားသည်။

ပြည်သူများဘက်တွင်လည်း အားနည်းချက်ရှိနေသည့်အတွက် နှစ်ဖက်စလုံးကို စည်းကမ်းကြပ်မတ်၍ လိုက်နာကြစေရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်သင့်ကြောင်း၊ ယာဉ်စည်းကမ်းများသည် ယာဉ်တိုက်မှုအတွက် မော်တော်ယာဉ်များ၏ ပြစ်ချက်အဖြစ် တစ်ဖက်သတ် သတ်မှတ်ထားသလိုဖြစ်သည့်အတွက် ပြည်သူများ၏ စည်းကမ်းလိုက်နာမှုကို လျော့ပါးစေကြောင်း ယာဉ်မောင်းသူများဘက်မှ ရှုမြင်သူများလည်း ရှိကြသည်။

ရှောင်တခင်အရေးယူဆောင်ရွက်သည့်နေရာများ၌ ဆောင်ရွက်နေသည့်အချိန်အတွင်းသာ စည်းကမ်းတကျ သွားလာကြပြီး အသိပညာပေးလုပ်ငန်းများဖြစ်သည့် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ မီဒီယာများမှ အသိပညာပေးခြင်းအပေါ် ကြည့်ရှုလိုက်နာဆောင်ရွက်မှု အားနည်းနေသည်ကိုလည်း တွေ့ရသည်။

ယာဉ်စီးရေနှင့် ခရီးသည်အရေအတွက်များပြားလာသော်လည်း ယာဉ်ထိန်းရဲအရေအတွက်မှာ လွန်စွာနည်းပါးနေပြီး ဝန်



www.foreverspace.com.mm



နှင့်အားမမျှဖြစ်နေကြောင်း၊ လမ်းပေါ်၌ ယာဉ်မောင်းနှင့် ခရီးသည်များအတွက် ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများ လိုက်နာစေရန် အဓိကဆောင်ရွက်ပေးနိုင်သူမှာ ယာဉ်ထိန်းရဲများသာဖြစ်၍ ယခုထက် ပိုမိုအချိုးအစားကိုက်ညီသည့် အရေအတွက်အတိုင်း တိုးချဲ့တာဝန်ပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း ရန်ကုန်တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လှမြင့်က ပြောကြားသည်။

စည်ပင်သာယာနယ်နိမိတ်ပြင်ပမြို့နယ်များတွင်လည်း အဓိကနေရာများနှင့် လမ်းဆုံလမ်းခွများ၌ သက်ဆိုင်ရာ မြို့နယ်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များက မည်သို့ပင်တာဝန်ယူဆောင်ရွက်စေကာမူ အမှန်တကယ် လမ်းအသုံးပြုသူများ စည်းကမ်းလိုက်နာစေရန် ဆောင်ရွက်နိုင်သည့်ပုဂ္ဂိုလ်မှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသာဖြစ်သဖြင့် စည်ပင်သာယာနယ်နိမိတ်ပြင်ပမြို့နယ်များတွင် အဓိကကျသည့်နေရာများ၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ တာဝန်ချထားပေးရန်လိုအပ်လျက်ရှိကြောင်း ၎င်းကဆိုသည်။

လူစည်ကားချိန်နှင့် ယာဉ်ကြောရှုပ်ထွေးချိန်များတွင် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ယာဉ်ထိန်းရဲနှင့်အတူ ကွင်းဆင်း၍ ကူညီဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသတ်မှတ်ချက်များ အမှန်တကယ် လိုက်နာကျင့်သုံးမှုအလေ့အထရရှိစေရန်အတွက်သုတေသနပြုစစ်တမ်းကောက်ယူရေးအဖွဲ့များဖွဲ့စည်းကာ ဆောင်ရွက်မှုပုံစံနည်းစနစ်သစ်များရှာဖွေ၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ခြေလျင်လျှောက်သူ ပြည်သူများ လမ်းစည်းကမ်းချိုးဖောက်မှုကြောင့် ဒဏ်ငွေများတပ်ရိုက်ခြင်း၊ ပညာပေးဗီဒီယိုကားများပြသခြင်းတို့ကို ရံဖန်ရံခါဆောင်ရွက်မည့်အစား အမြဲတမ်းဆောင်ရွက်ပေးသင့်သည်ဟုရှုမြင်သူများလည်း ရှိနေသည်။

သို့ရာတွင် ပညာပေးဇာတ်လမ်းဟုခေါင်းစဉ်တပ်လိုက်သည်နှင့် အများစုကကျော်ကြည့်နေကြသည့်အတွက် ပညာပေးဇာတ်လမ်းများကိုလည်း အမြဲသစ်လွင်ဆန်းသစ်နေရန် အခါအားလျော်စွာ ပြင်ဆင် ရိုက်ကူးထားရမည်ဖြစ်သည်။

## စည်းကမ်းသည် လူ့တန်ဖိုး

ဤလူ့ဘောင်လောကတွင် စည်းကမ်းသည် လူ၏တန်ဖိုး၊ စည်းကမ်းလိုက်နာ ဘေးကင်းကွာ၊ စည်းကမ်းရှိမှ တိုးတက်မည် စသည့် သတ်မှတ်ထားသည့်



www.foreverspace.com.mm





စည်းကမ်းများ လိုက်နာကျင့်သုံးရန်အတွက် သတိပေးဆောင်ပုဒ်များ ရှိကြပေသည်။

စည်းကမ်းမလိုက်နာမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးသည်အထိ အရေးကြီးလှသည့်စည်းကမ်းမှာ ယာဉ်စည်းကမ်းလမ်းစည်းကမ်းပင် ဖြစ်ပါသည်။

မည်သို့ပင် စည်းကမ်းသတ်မှတ်မတိုက်တွန်းမနှိုးဆော်ရဘဲ မိမိကိုယ်တိုင်လိုက်နာကျင့်သုံးချင်သည့် တာဝန်သိသည့်စိတ်ဓာတ်ရှိဖို့ရာ အရေးကြီးလှပေသည်။

နိုင်ငံကြီးသားပီသသည့် တာဝန်သိပြည်သူတစ်ဦးဖြစ်ဖို့အတွက် စိတ်ဓာတ်ရေးရာပြုပြင်ပြောင်းလဲခြင်း (Spritural innovation) ကို ပြည်သူတစ်ဦးချင်း နားလည်သဘောပေါက် လိုက်နာဆောင်ရွက်ခြင်းသည်သာလျှင် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်းနှင့် ဤအခြေအနေကိုရောက်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ခင်လှမြင့်က ပြောကြားသည်။

သတိလက်လွတ်အပြိုင်အဆိုင်မောင်းနှင်တတ်သူ၊ မိမိယာဉ်ကြံ့ခိုင်ရေး စစ်ဆေးမထားသူ ယာဉ်မောင်းသူများ အပါအဝင် ယာဉ်တိုက်မှုကြောင့် ခြေထောက်ဖြတ်လိုက်ရသူ ဒေါ်သန်းသန်းဝင်းတို့ကဲ့သို့ မဆင်မခြင်လမ်းဖြတ်ကူးသူ ခရီးသွားပြည်သူများသည်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို မိမိပင်ကိုယ်အသိဖြင့် လိုက်နာဆောင်ရွက်မှုရှိမှသာလျှင် ယာဉ်တိုက်မှု၊ စည်းကမ်းချိုးဖောက်မှုများ ပိုမိုလျော့နည်းကျဆင်းလာမည် ဖြစ်သည်။

ပြည်သူများ ပင်ကိုယ်အသိဖြင့် လိုက်နာစေရေး ဦးတည်ချက်ထားပြီး နည်းလမ်းမျိုးစုံဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အမှတ် (၁) တပ်ထိန်းတပ်ခွဲတပ်မှူး ဗိုလ်မှူးဝင်းမြင့်ထွန်းက သုံးသပ်သည်။

ဒေါ်သန်းသန်းဝင်းကဲ့သို့ သားသမီးဇော၊ နေ့စဉ်စားဝတ်နေရေးဇောနှင့် အခြားအခြားသော အလျင်လိုကိစ္စရပ်များစွာကြောင့် မီးပွိုင့်မျဉ်းကျားနှင့် လူကူးမျဉ်းကျားမဟုတ်သည့်နေရာမှ လမ်းဖြတ်ကူးသူများအဖို့ ခြေထောက်ဖြတ်ပြီးမှ နောင်တရသူ ဒေါ်သန်းသန်းဝင်းကဲ့သို့မဖြစ်စေချင်ပါ။

“ကျွန်မအလောတကြီး လမ်းကူးခဲ့တဲ့ တစ်စက္ကန့်၊ တစ်မိနစ်လေးက ကျွန်မဘဝကို ဖျက်သွားခဲ့တာပါပဲ။ အဲဒီတစ်မိနစ်အချိန်လေးကိုသာစောင့်ခဲ့မိရင်” ဟု ဒေါ်သန်းသန်းဝင်းက မချိတင်ကဲ ဆိုနေရှာသည်။

**ကျော်ကျော်မင်း ၊ ခင်ဌေးကြွယ်**

www.foreverspace.com.mm

# . . . ဆိုလျှင်

ဇင်ဇင်သော်

**ကချင်တိုင်းရင်းသူတစ်ဦးဖြစ်သော စုမိုင်၏ ၂၀၀၇ ခုနှစ်မှစ၍ ဘယ်တော့မှ မေ့ပျောက်မရနိုင်ဘဲ အမြင်အာရုံတွင် စွဲထင်နေသောအဖြစ်အပျက်တစ်ခုမှာ အပျော်ခရီးထွက်ရာမှ အပြန်လမ်းတွင် တွေ့မြင်လိုက်ရသည့် မော်တော်ဆိုင်ကယ် မတော်တဆတိုက်မှုတစ်ခုဖြစ်သည်။ ယင်းနေရာတွင် ထိခိုက်မှုများဖြင့် ခွေလဲသေဆုံးသွားသူမှာ သူကဲ့သို့ အသက် နှစ်ဆယ့်သုံးနှစ်ခန့်အရွယ်မိန်းကလေးတစ်ဦး။ ပြီးတော့ ၎င်း၏ဝတ်စားဆင်ယင်မှုမှာ တိုက်တိုက်ဆိုင်ဆိုင် သူမနှင့်တစ်ပုံစံတည်း..။ သူ့အဖို့ ရုတ်တရက်ခံစားသိမြင်လိုက်သောအတွေးမှာ 'ငါသာဆိုလျှင် . . . '။**

"အဲဒီအချိန်ကစပြီး ငါဘယ်လောက် ပိုက်ဆံရှိရှိ ဘယ်လောက်ရှာရှာ ခုနေရာမှာ ငါသာဆိုရင် . . . ငါအကျိုးရှိတဲ့အလုပ်ဘာ လုပ်ပြီးပြီလဲ၊ အကျိုးအရှိဆုံးအလုပ်က ဘာလဲဆိုပြီး စတွေးတော့တာပဲ" ဟု သူ ထိုအချိန်ကရရှိလိုက်သော အသိအမြင်သစ်ကို ပြန်ပြောင်းပြောဆိုသည်။ ဖွံ့ဖြိုးရေးအလုပ်လုပ်ရသည်ကို ကျောင်းတက်စဉ်ကပင် ဝါသနာပါသော သူဘွဲ့ရပြီးချိန်တွင် INGO တစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ရာမှ ထိုမြင်ကွင်းက ပိုမိုစစ်မှန်သော နစ်မြုပ်မှုဖြင့် ပြောင်းလဲလုပ်ကိုင်စေရန် တွန်းအားဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံသည်ဖွံ့ဖြိုးရေးလုပ်ငန်းများ အာရုံစိုက်လုပ်ဆောင်ရန် သင့်လျော်လိုအပ်



www.foreverspace.com.mm

သောနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဖွံ့ဖြိုးရေးသည် ရေရှည်သဘောကို ဆောင်လေရာ တိုးတက်ပြီးနိုင်ငံကြီးများပင်လျှင် ဖွံ့ဖြိုးရေးလုပ်ဆောင်သော အဖွဲ့အစည်းများစွာဖြင့် အလေးထားဆောင်ရွက်နေကြသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး လိုအပ်ချက်များစွာရှိနေသော မြန်မာနိုင်ငံအဖို့ ဆိုဖွယ်ရာမရှိပြီ။ ထိုသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ပြည်ပမှဝင်ရောက်လာသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGO) နှင့် ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်း (LNGO) များမှာ သိသာထင်ရှားသောပြယုဂ်များ ဖြစ်သည်။

NGO များ၏သဘောတရားတွင် ပဋိပက္ခဖြစ်ပွားဒုက္ခရောက်မှုများ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများနှင့် လတ်တလော ရောဂါဆိုးများ ဖြစ်ပွားနေခြင်းဟူသော မတည်ငြိမ်သည့်အခြေအနေများမှ ကယ်ဆယ်ခြင်း (Relief) လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး (Rehabilitation) လုပ်ငန်းများနှင့် တည်ငြိမ်သွားသော ထိုအခြေအနေများကို ဖွံ့ဖြိုးတိုးတက်အောင် ရေရှည်ဆောင်ရွက်မှု (Development) တို့ ပါဝင်သည်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလအထိ စာရင်းအရ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့အစည်းနှစ်ခု အပါအဝင် INGO အဖွဲ့အစည်း ၈၈ ဖွဲ့ လုပ်ကိုင်လျက်ရှိပြီး ရပ်ရွာအခြေပြုအဖွဲ့အစည်းများအပါအဝင် ပြည်တွင်း NGO အဖွဲ့အစည်း ထောင်ဂဏန်းရှိနေသည်ဟု INGO အဖွဲ့အစည်းတစ်ခု၏ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ မြန်မာနိုင်ငံတွင်းသို့ အစောဆုံးဝင်ရောက်လာသော INGO မှာ ၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ကလေးသူငယ်ထောက်ပံ့ရေးအစီအစဉ်ဖြင့် လုပ်ငန်းစတင်ခဲ့သော World Vision Myanmar ဖြစ်သည်။ ၁၉၈၈–၈၉ နောက်ပိုင်းတွင် အခြား INGO အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအား ပိုမိုစိတ်ဝင်စားလာကြပြီး နိုင်ငံတွင်းသို့ ကျန်းမာရေးလုပ်ငန်းများ စတင်လုပ်ကိုင်ခြင်းဖြင့် ကြိုးပမ်းဝင်ရောက်လာခဲ့ကြသည်။

မြန်မာနိုင်ငံတွင်းလုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ ပုံသဏ္ဌာန်အနေအထားနှင့်ပတ်သက်ပြီး Marie Stopes Int'l ၏ Country Director ဖြစ်သူ ဒေါက်တာစစ်နိုင်က “ကျွန်တော်တို့ဆီမှာ Community Development လုပ်နေတဲ့သူတွေ အများကြီးပါပဲ။ နိုင်ငံတော်လည်းပါမယ်၊ တစ်ဖက်က အစိုးရမဟုတ်တဲ့အဖွဲ့အစည်း၊ NGO တစ်ခုတည်းမဟုတ်ဘူး။ လူထုလူတန်းစား အလွှာအသီးသီး အစုအဖွဲ့ပုံစံလည်း ပါကြတာပေါ့။ ဒါပေမဲ့ တစ်ဖက်က ပြန်ကြည့်ရင် ရှိတော့ရှိတယ် ဒီထက်ပိုပြီး တိုးတက်အောင်၊ ပိုပြီးအောင်မြင်အောင် လုပ်လို့ အများကြီးရသေးတယ်။ သူတို့ရဲ့ လုပ်နိုင်စွမ်းရည်ကို အပြည့်အဝ အသုံးမချရသေးဘူးလို့ ပြောလို့ရတယ်” ဟုဆိုသည်။

## အရောက်သွားဖို့

ဖွံ့ဖြိုးမှုလိုအပ်သောနေရာကိုရှာဖွေ၍ ရောက်အောင်သွားမှသာ လိုအပ်သည်များကို ကူညီနိုင်မည်။ မြန်မာနိုင်ငံတွင် INGO အဖွဲ့အစည်းများသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာ (MoU) ရယူပြီး ယင်း၏ သဘောတူခွင့်ပြုချက်အတိုင်း ဆောင်ရွက်ကြရပြီး အခြားသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည်များလည်း ရှိသည်။ INGO အဖွဲ့အစည်းတစ်ခုအနေဖြင့် နိုင်ငံတစ်နိုင်ငံသို့ဝင်ရောက်လုပ်ကိုင်နိုင်ရေးဆိုသည်မှာ ထိုနိုင်ငံ၏အခြေအနေအပေါ်စိတ်ဝင်စားမှု၊ အဖွဲ့၏ ပုဂ္ဂလိကဆုံးဖြတ်ချက်၊ အမှုဆောင်အလှူရှင်၏ ဆုံးဖြတ်ချက်ပေါ်တွင် မူတည်သကဲ့သို့ ဒေသခံနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်လိုစိတ်ဖြင့် ဝင်ရောက်ခွင့်ပြုခြင်းမပြုခြင်းပေါ်တွင်လည်း မူတည်နေသည်။

ကြံစိုက်ပျိုးပြီး ယင်းအတွက် မျိုးပြန်ရသည်။ အဆိုပါရွာသည် ရှာငယ်ပင်ဖြစ်သော်လည်း ရေမီး ၂၄ နာရီ ရသည်။ သို့သော် ယင်းကုန်ကျစရိတ်အတွက် ၎င်းတို့၏လုပ်အားခ မစုဆောင်းမိပါ။ အဆိုးဆုံးမှာ ကြံခင်းကိုထည့်သော ဓာတ်မြေဩဇာကြောင့် သုံးနှစ်ခန့်အကြာတွင် မြေဆီလွှာပျက်သုဉ်းပြီး မြေလည်းမငှားနိုင်တော့ပါ။ ယင်း၏အကျိုးဆက်အဖြစ် မြေသစ်ဖော်ထုတ်ကြရာ တောခုတ်ခြင်းဖြင့် တောင်ကတုံးများ ပေါ်ပေါက်လာလေသည်။

ယင်းအတွက် ‘စားဝတ်နေရေးကို



www.foreverspace.com.mm



ဖြေရှင်းရမှာလား၊ သစ်တောထိန်းသိမ်းရမှာလား’ ဟူသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် မြေဆီလွှာပြုပြင်ခြင်းကို စတင်လုပ်ကိုင်နေပြီဖြစ်သော သူ့ဘာသာ အကျပ်အတည်းတွေ့ခဲ့ရသော မေးခွန်းဖြစ်သည်။ သူဆန္ဒရှိသမျှ သို့မဟုတ် သူ့ကဲ့သို့ ဖွံ့ဖြိုးရေးလုပ်ငန်းနယ်ပယ်တွင်းမှ ဆောင်ရွက်နေသူများ လုပ်ကိုင်ရန်မှာ ယင်းအတွက် လိုအပ်သောငွေကြေးနှင့် အခြားသောအရာများပံ့ပိုးမှု၊ ဒေသ၏အုပ်ချုပ်ရေးအနေအထား၊ လုပ်သာကိုင်သာရှိမှု စသည် စသည်များစွာ . . . ။ လုပ်ကိုင်ခွင့်သည် အရေးကြီးသောအရာဟု လူမှုအဖွဲ့အစည်းဖွံ့ဖြိုးရေးနယ်ပယ်တွင်းမှ မတူညီသောအနေအထားဖြင့် လုပ်ကိုင်နေသူများက တညီတညွတ်တည်း မှတ်ချက်ပြုကြသည်။

ယင်းနှင့်ပတ်သက်ပြီး ဒေါက်တာစစ်နိုင်က“လုပ်ပိုင်ခွင့်ပေါ့ အဓိက,က။ လုပ်ချင်ပေမယ့် လုပ်ခွင့်မရတာမျိုးလေးတွေ ရှိတယ်။ ဒါက ခွင့်ပြုမှုဆိုတဲ့ပတ်ဝန်းကျင်ရဲ့ပံ့ပိုးမှု၊ ခွင့်တော့ပြုပေးရမယ်။ ဒါလေးတော့ လုပ်ကြည့်ပါစေဆိုပြီး . . . ။”

## ဖွံ့ဖြိုးရေးလား ဖက်ရှင်လား

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းနယ်ပယ်အတွင်း စိုးရိမ်မှုရှိသော ကွဲပြားသောအမြင်များရှိနေသည်ကို တွေ့ရပါသည်။ ဖွံ့ဖြိုးရေးလုပ်ကိုင်ပုံနှင့် ပတ်သက်သောအမြင်၊ လုပ်ကိုင်သူများ၏ သဘောထားကွဲပြားမှုများ ဖြစ်သည်။

“ပိုက်ဆံရှိတဲ့သူကလည်း NGO အဖွဲ့အစည်းတွေမှာ တိုးဝင်ချင်တယ်။ အဓိကကတော့ Image တစ်ခု လိုချင်လို့ပဲလေ” ဟု ပြောဆိုသူမှာ ဖွံ့ဖြိုးရေးလုပ်ငန်းနယ်ပယ်ကို စိတ်ဝင်စားပြီး အဆိုပါနယ်ပယ်အတွင်း လုပ်ကိုင်နေသူများနှင့်အတူ ပညာရပ်ဆိုင်ရာလေ့လာနေသူတစ်ဦး ဖြစ်သည်။ မိမိတွင်မရှိဘဲ ပေးရန်မဖြစ်နိုင်ရာ ထိုက်သင့်သောတစ်စုံတစ်ရာမရဘဲ လုပ်ကိုင်ရန်မဖြစ်နိုင်သော်ငြား အခြားသော အရိပ်အယောင်များကိုမူ သတိပြုဖွယ်ရာဖြစ်သည်ဟု ဖွံ့ဖြိုးရေးလုပ်ငန်း စိတ်ဝင်စားသူအချို့က ပြောဆိုကြသည်။



ယခင်ကထက် ပိုမိုကျယ်ပြန့်လာသောအဆိုပါနယ်ပယ်တွင် စိုးရိမ်ဖွယ်ကောင်းသော အပိုင်းများရှိနေသည်ဟု ဒေါက်တာစစ်နိုင်က ဆိုသည်။ “ပြီးခဲ့တဲ့ ၂ နှစ် သုံးနှစ်ထက်စာရင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာတယ်၊ များလာတယ်၊ လုပ်လာကြတယ်၊ အကြောင်းကြောင်းတွေကြောင့် ဒါကို လုပ်စားစရာတစ်ရပ်လို့ မြင်သွားမှာပဲ စိုးရိမ်ရတယ်” ဟု ၎င်းက ပြောကြားသည်။

ထို့ပြင် ဖြစ်တတ်သောအခြေအနေနှင့်ပတ်သက်ပြီး အချို့သောလူကြီးပိုင်း၊ လူလတ်ပိုင်းများတွင် မငြင်းနိုင်သော အပြစ်တင်ဖွယ်ရာကိစ္စအချို့ရှိသော်လည်း တစ်ခါတစ်ရံတွင် အခြေအနေအရ မြန်မြန်ဆန်ဆန်ဆောင်ရွက်ရသော ကိစ္စအချို့အတွက် ဖြစ်တတ်သည့်အမှားများကို လူငယ်များအမြင်မှားမည်ကို စိုးရိမ်ကြောင်း စိုးရိမ်ကဲသည့်လေသံဖြင့် ပြောဆိုသည်။

ဖွံ့ဖြိုးရေးနယ်ပယ်တွင်း ထားရှိသောသဘောထားနှင့်ပတ်သက်ပြီး INGO တစ်ခုတွင်တာဝန်ထမ်းဆောင်နေသူတစ်ဦး

www.foreverspace.com.mm





က အဆိုပါနယ်ပယ်အတွင်း ပုံရိပ်ဖော်ဆောင်လိုမှုနှင့်ပတ်သက်ပြီး "လုပ်ဖော်ကိုင်ဖက် အမျိုးသမီးတစ်ဦးပြောတာ ကြားဖူးတယ်။ သူ့ဘဝရဲ့ နောက်ဆုံးပန်းတိုင်က ကုလသမဂ္ဂမှာ အလုပ်ရရှိရေးဖြစ်ပါတယ်လို့၊ ဩော် ဒါ ဘဝရဲ့နောက်ဆုံးပန်းတိုင်ဖြစ်နေတာကိုး" ဟု ဆိုသည်။

## စွန့်ထွင်ဖို့

လူမှုရေးစွန့်ဦးတီထွင်မှုများသည် ၁၉ ရာစုနှင့် ၂၀ ရာစုများတွင် ပိုမိုထင်ရှားလာခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ စွန့်ထွင်သူများကို စုစည်းထားသော Ashoka, Skoll တို့ကဲ့သို့သောဖောင်ဒေးရှင်းများသည် နိုင်ငံအများအပြားသို့ လက်တံဆန့်လျက်ရှိသည်။ ၁၉၈၀ ပြည့်နှစ်တွင် ထူထောင်ခဲ့သော Ashoka ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ Mrs.Carol Grodzin က ၎င်းတို့အဖွဲ့အစည်း၏ လူမှုနယ်ပယ်တွင် လမ်းသစ်ထွင်ထားမှုသည် အိန္ဒိယအပါအဝင် ကမ္ဘာအနှံ့သို့ သက်ရောက်မှု မြင့်မားလျက်ရှိသည်ဟုဆိုပြီး ၎င်းတို့၏ ငွေကြေးမဟုတ်သော ရင်းနှီးမြှုပ်နှံမှုများ၏ သေချာမှုသည် အဖွဲ့ဝင်များနေရာအနှံ့ အောင်မြင်မှုရခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ထူထောင်ထားသော လူမှုရေးဆိုင်ရာကူညီမှု အဖွဲ့အစည်းအချို့ရှိသော်ငြား ယင်းတို့မှာ စွန့်ဦးတီထွင်အဆင့်သို့မရောက်သေးပါ၊ Charity အဆင့်သာရှိသေးသည်ဟု ဖွံ့ဖြိုးရေးနယ်ပယ်မှပညာရှင်တစ်ဦးက ဆိုသည်။ သို့ရာတွင် စုမိုင်ကဲ့သို့သော ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရန် လမ်းသစ်ရှာဖွေလိုသူအများအပြားရှိနေမည်ဟုတော့ ယုံကြည်ရပါသည်။ ယင်းသို့ ဖွံ့ဖြိုးရေးနယ်ပယ်တွင် အဖွဲ့အစည်းတစ်ခု ကိုယ်တိုင်တည်ထောင်လုပ်ကိုင်ခြင်းနှင့်ပတ်သက်ပြီး ဒေါက်တာစစ်နိုင်က "စိတ်ကူးတွေတော့ ပေါက်တာပေါ့။ ဒါပေမဲ့ တကယ်တမ်းလုပ်ဖြစ်လားဆို မလုပ်ဖြစ်ဘူး။ အခက်အခဲတွေကြောင့်ပဲပေါ့။ နောက်တစ်ခု ပိုဆိုးတာက ဝန်ထမ်းတွေဖြစ်သွားတတ်တဲ့ဟာမျိုး။ အဖွဲ့အစည်းတစ်ခုကုမ္ပဏီပဲဖြစ်ဖြစ် လခစား လုပ်လိုက်မိရင် ကိုယ့်ရဲ့အချိန်အများစုကို အဲဒီအဖွဲ့က ပိုင်သွားတာကိုး။ အဲဒီကကျော်ပြီး လုပ်ဖို့ခဲယဉ်းတယ်" ဟု ဆိုသည်။

## ရည်ရွယ်ချက်နှင့် စည်းဘောင်

ကလေးသူငယ်များကို ပညာရေးဆိုင်ရာ လှူဒါန်းမှုများပြုလုပ်ရင်း တစ်ပိုင်တစ်နိုင် မူလတန်းပညာရေးနှင့် ပတ်သက်ပြီး သင်ကြားပေးနေသူ ဒေါ်လွဲ့လွဲ့က "အမြဲစိတ်ပူတာက Donor မရှိလို့ ရေရှည်အ



www.foreverspace.com.mm



တွက်စိတ်ပူမိတဲ့ အခက်အခဲပဲ”ဟု ဆိုသည်။

“Proposal နဲ့ဆိုရင် အမြတ်ထုတ်ချင်တဲ့သူတွေဝင်လာမှာစိုးတယ်။ ညီတူညီမျှလုပ်ကြမယ်ဆိုရင် Proposal ထက် ပိုကောင်းမယ် ထင်တယ်။ Proposal က ငွေရေးကြေးရေးအရဆိုရင်တော့ ကောင်းတယ်။ နောက်မှာ အရိပ်တွေပါလာမှာကြောက်တယ်”ဟုလည်း ၎င်းက အဖွဲ့အစည်းနှင့်လုပ်ခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသောစိုးရိမ်မှုကို ပြောဆိုသည်။

သူက အလှူရှင်၏ငွေကြေးနှင့် ရပ်ရွာကြားတွင် အမြတ်ထုတ်မှုများရှိသည်ဟု ရှုမြင်ကြောင်းဆိုပြီး “Waste ဖြစ်နေတာတွေလည်း တွေ့ရတယ်။ စိတ်နဲ့လုပ်ဖို့က အဓိကကောင်းတယ်လို့ ထင်တယ်”ဟု ဆိုသည်။

စုမိုင်ကလည်း ၎င်း၏ တစ်ဦးချင်းအနေဖြင့်ရော အဖွဲ့အစည်းဖြင့်ပါ လုပ်ဆောင်ဖူးသော အတွေ့အကြုံပေါ်မူတည်ပြီး သဘောထားမတိုက်ဆိုင်ခြင်းကြောင့် အဖွဲ့က ထွက်ခဲ့ဖူးသည်ဟု ပြောကြားသည်။

မည်သို့ပင်ဆိုစေ စဉ်းစားပုံ လုပ်ကိုင်ပုံများ ကွဲပြားနိုင်သော်ငြား ရည်ရွယ်ရင်းမှာ လိုအပ်သူများထံသို့ ဖြည့်ဆည်းရေးဖြစ်သည်။ အဖွဲ့အစည်းနှင့် ပတ်သက်ပြီး ဒေါက်တာစစ်နိုင်က “အဖွဲ့အစည်းဖြစ်သွားရင် ယဉ်ယဉ်ကျေးကျေးပြောရရင် တိုက်ရိုက်မဟုတ်တဲ့ စရိတ်တွေ စီမံခန့်ခွဲမှုတွေ ကုန်သွားတာရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မတူတဲ့ပုံစံတွေရှိတဲ့အထဲမှာ ချိတ်ဆက်မိဖို့ တအားလိုတယ်။ ကိုယ့်နေရာမှာ ကိုယ်မြင်တာလုပ်နေရင် တခြားသူတွေဆီက အတွေ့ အကြုံမရနိုင်တော့ဘူး။ ဖလှယ်နိုင်ရင် တော်တော်လေး အကျိုးရှိတယ်။ အဓိက, ကတံခါးပိတ်မနေဖို့ပဲ ”ဟု သတိပြုဖွယ် ရာ ပြောကြားသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိနိုင်ငံတွင်း အောင်မြင်စွာဆက်လက်လုပ်ကိုင်သွားနိုင်ရန်မှာ အတွေ့အကြုံပညာရပ်များ လက်ဆင့်ကမ်းသွားနိုင်ရန်လည်း အရေးကြီးလှသည်။

## များစွာရှိသော အရာများ

မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးရေးနှင့်ပတ်သက်သောအရာ များစွာရှိနေပါသည်။ လိုအပ်ချက်ရှိနေသောလူများ၊ ပြုပြင်ပြောင်းလဲပေးရန်နှင့် လိုအပ်မှုများစွာရှိနေသော နေရာဒေသများ၊ ဖြည့်ဆည်းပေးရန် လိုနေသော ရပ်ဝန်း၊ လမ်းညွှန်ပြသရန် လိုအပ်သော နည်းစနစ်နှင့် သဘောထားများ စသည် စသည် များစွာ . . . ။



www.foreverspace.com.mm



"နေရာအတော်များများမှာ လုပ်စရာအများကြီးရှိနေသေးတယ်။ နောက်တစ်ခုက ထုံးစံအတိုင်း ရန်ပုံငွေအထောက်အပံ့ ရှိနေမှုဖြစ်မှာ" ဟု ဒေါက်တာစစ်နိုင်က ဆိုသည်။ နောက်ထပ်များများရှိနေသေးသောအရာမှာလည်း လုပ်ဆောင်မှုနည်းနေသေးခြင်းဖြစ်သည်ဟု ဆိုရမည်ပင်။ ယင်းမှာ ခွင့်ပြုသောပတ်ဝန်းကျင်များစွာ မကျယ်ပြန့်သေးခြင်းနှင့် နည်းပညာပိုင်းများ ကျယ်ကျယ်ပြန့်ပြန့်နေရာအနှံ့ မရောက်နိုင်သေးခြင်းတို့လည်းပါဝင်ပြီး ရန်ပုံငွေနှင့် အခြားသော ရပ်ပိုင်းဆိုင်ရာအရင်းအမြစ်များလိုအပ်ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

## ပူးပေါင်းဆောင်ရွက်

လူထုဖွံ့ဖြိုးရေးလုပ်ငန်းနယ်ပယ်တွင် နိုင်ငံတွင်းဝင်ရောက်လာသော အဖွဲ့အစည်းများသာမက ပြည်တွင်းအဖွဲ့အစည်းများသည် ရရှိထားသော လုပ်ကိုင်ဆောင်ရွက်ခွင့်များကို အသုံးပြုကာ လိုအပ်ချက်များကို အံဝင်ခွင်ကျ ဖြည့်ဆည်းပေးနိုင်ရန် အချင်းချင်းချိတ်ဆက်ကာ တူညီသော လိုလားမှုများဖြင့် ပူးပေါင်းဆောင်ရွက်ကာ ပိုမိုကျယ်ပြန့်စေရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပုံနည်းဗျူဟာများကို အကြမ်းအားဖြင့် သတ်မှတ်ပါက လူထုထဲတွင် ကိုယ်တိုင်ကိုယ်ကျဝန်ဆောင်မှုပေးခြင်း (Service Delivery)၊ လုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့အစည်းများကို ကူညီသင်ကြားပေးခြင်း (Capacity Building)၊ ဒေသခံနှင့် အာဏာပိုင်များ ပူးပေါင်းကူညီဆောင်ရွက်လာအောင် ရှင်းလင်းစည်းရုံးခြင်း (Advocacy) နှင့် ဒေသအလိုက် ပြည်သူလူထု၏လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း (Environment) ဟု သတ်မှတ်နိုင်သည်။

ပြည်သူလူထုအနေဖြင့်ရော ဒေသခံအာဏာပိုင်များအနေဖြင့်ပါ ရေးရိုးစွဲများပျောက်ပြီး လတ်တလော ဆောင်ရွက်ပေးမည့် အကူအညီများကို လက်ခံလာရန်လည်း အရေးကြီးသည်။

ဒေသခံလူငယ်များအနေဖြင့်လည်း ၎င်းတို့ဒေသဖွံ့ဖြိုးမှုအတွက် တစ်သားတည်းကျအောင် နေထိုင်လုပ်ကိုင်နိုင်ပြီး အခြားမှဝင်ရောက်လုပ်ကိုင်သူများ၏ လုပ်နိုင်စွမ်းကို သံသယရှိကြသည်။

"ရပ်ရွာက ကူညီမှ ရမှာ" ဟု ဒေါ်လွဲ့လွဲ့ကလည်း သီအိုရီရော လက်တွေ့ကိုပါ အခြေခံ ပြောကြားသည်။

"အရင်တုန်းကလို နိုင်ငံခြားက ကူညီမှရမယ့်အခြေအနေတော့ မဟုတ်တော့ဘူး။ ပြည်တွင်းမှာ တကယ့်ကိုကျွမ်းကျင်တဲ့ ပညာရပ်တွေ ရှိနေပြီ။ ကျွန်တော်တို့ လောလောဆယ်အဖွဲ့အစည်းတချို့ စဉ်းစားနေတာ လက်ရှိလုပ်နေတဲ့လူတွေကို လက်တွဲခေါ်တဲ့ပုံစံမျိုး။ လူကြီးတစ်ယောက်၊ လူလတ်တစ်ယောက်နဲ့ချိတ်ပေးပြီး သူတို့အချင်းအချင်း ခင်ခင်မင်မင် လက်တွဲလုပ်လို့ရမလား။ အဖွဲ့အစည်းချင်း တူစရာမလိုဘူး" ဟု ပညာရပ်လက်ဆင့်ကမ်းရန် စဉ်းစားထားပုံကို ဒေါက်တာစစ်နိုင်က ပြောကြားသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေသော မြန်မာနိုင်ငံတွင် အရှိန်အဟုန်မြင့်ရန်အတွက် လိုအပ်ချက်များ ရှိနေသည်များကို Stakeholder များအားလုံး အကျယ်အပြန့် ရှုမြင်သုံးသပ်ပြီး အကောင်းဆုံးနည်းလမ်းကို စဉ်းစားနိုင်မည်ဆိုလျှင်၊ ပြုပြင်ရန်ရှိသည်များကို ပြုပြင်နိုင်မည်ဆိုလျှင်၊ စမိုင် အပါအဝင် ဖွံ့ဖြိုးမှုနယ်ပယ်တွင်းမှ လူများအားလုံး ညီမျှသောစိတ်ထားနိုင်မည်ဆိုလျှင် ရေရှည်အတွက် အတိုင်းအဆမရှိသော ဖွံ့ဖြိုးမှုနယ်ပယ်တစ်ရပ်ဖြစ်လာမည်ဟု မျှော်လင့်ရသည်။

"ဒီမှာဆိုတော့ အစုံပဲပေါ့။ ခွင့်ပြုတဲ့ ပတ်ဝန်းကျင် သိပ်မကျယ်သေးတာလည်း ပါတယ်။ နည်းပညာပိုင်းကို ကျယ်ကျယ်ပြန့်ပြန့်နေရာအနှံ့ မရောက်သေးတာလည်း ပါနိုင်တယ်။ နောက်ရန်ပုံငွေနဲ့ တခြားသော ရပ်ပိုင်းဆိုင်ရာ အရင်းအမြစ်တွေ ရှိသင့်သလောက် မရှိသေးတာလည်းပါတယ်" ဟု ဒေါက်တာစစ်နိုင်က မှတ်ချက်ပြုသည်။

စမိုင်ကမူ သူကိုယ်တိုင် တွေ့မြင်နေရသော လိုအပ်ချက်များနှင့် ပတ်သက်၍ "ဘယ်လိုများ လုပ်ရပါ့မလဲ" ဟု ငြီးတွားသံတစ်ဝက်ဖြင့် ဖွင့်ဟပြောသည်။

ဇင်ဇင်သော်

■

www.foreverspace.com.mm



# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

## ဘုရင့်နောင်ကုန်စည်ဈေးကွက်

နှစ်သစ်ကူးကာလပိတ်ရက်များထပ်နေသဖြင့် ဘုရင့်နောင်ပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းတွင် ပုံမှန်အချိန်များကဲ့သို့ စည်ကားမှုမရှိသည်ကို တွေ့ရသည်။

ပြည်ပပို့ကုန်ပဲမျိုးစုံသည် ပဲသစ်ပေါ်ချိန်နီးကပ်လာသဖြင့် ပဲထွက်အားနှင့် ဝယ်နိုင်သည့်ငွေကြေးပမာဏကို ချိန်ဆပြီး ဈေးချဝယ်နေသဖြင့် တစ်တန် ကျပ်ငါးသောင်းခန့် ကျဆင်းလာသည်။

ဆန်ဈေးကွက်တွင်လည်း ဒေသစုံမှ ဆန်အမျိုးအစားစုံလင်စွာပေါ်လာပြီး လက်ရှိပေါက်ဈေးထက် အောက်သို့ရောက်ရန်မရှိသဖြင့် ဆန်ဝယ်ယူသိုလှောင်ချိန်ရောက်လာသည်ဟု ဆန်ပွဲရုံများထံမှ သိရှိရသည်။

စားဖိုဆောင်သီးနှံဈေးကွက်တွင် နာဂစ်ဒေသမှ ဝယ်လက်များ ပုံမှန်ပြန်လည်ဝယ်ယူလာသော်လည်း ဖြန့်အားနည်းသေးကြောင်း၊ ဝယ်လိုအားပြန်တက်လာနိုင်ကြောင်း လက်ကားကုန်သည်ကြီးများက အကောင်းမြင် မျှော်လင့်ချက်ထားနေသည်ဟု ဆိုကြသည်။

## ခေါ်ဈေးသာဖြစ်သည့် ပဲ

ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်သို့

www.foreverspace.com.mm

ပဲသစ်အချို့ဝင်ရောက်လာပြီး ပဲသစ်ပေါ်ချိန်ရောက်လာသဖြင့် ပဲထွက်မည့်ပမာဏနှင့် ဝယ်နိုင်မည့်ငွေရင်းပမာဏကို ချိန်ဆပြီး ဈေးချဝယ်နေ၍ ပြီးခဲ့သည့်လကထက် ပဲတစ်တန်လျှင် ကျပ်ငါးသောင်းမှ တစ်သိန်းကြား ကျဆင်းလာသည်ဟု ဘုရင့်နောင်ပွဲရုံ ကုံကော်လမ်း ကုန်စည်ဒိုင်အခြေစိုက် ပဲလုပ်ငန်းရှင်များက ဆိုသည်။

ပြည်ပသို့ အဓိကတင်ပို့သည့်မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း သုံးမျိုးစလုံး ပိတ်ရက်များဆက်နေသဖြင့် အရောင်းအဝယ်အေးပြီး ခေါ်ဈေးသာဖြစ်ကြောင်း ပဲလုပ်ငန်းရှင်တစ်ဦး၏အဆိုအရ သိရှိရသည်။

ပြီးခဲ့သည့်နှစ်က ပဲမျိုးစုံသည် အိန္ဒိယနိုင်ငံမှ ဝယ်လိုအားကြောင့် စံချိန်တင်ဈေးကောင်းရခဲ့ပြီး ပဲစင်းငုံသည် စံချိန်တင်ဈေးကျပ်တစ်သန်းနှစ်သိန်းကျော်အထိရခဲ့ကြောင်း၊ သင်္ဘောတင်ဈေး ပဲတစ်တန်လျှင် ဒေါ်လာ ၇၀၀၊ ၈၀၀ ခန့်သာရှိရာမှ ၁၂၀၀ အထိမြင့်ခဲ့ကြောင်း၊ ပြည်ပသို့တင်ပို့ရောင်းချနိုင်ခဲ့သူများအနေဖြင့် လက်ရှိပေါက်ဈေးဖြင့် ဝယ်ရန် အလားအလာရှိသော်လည်း ပြည်ပသို့ ရောင်းမထားသူများအနေဖြင့် အပေါ်ဈေးကို မဝယ်ရဲဘဲ ကျဈေးသာ စောင့်ဝယ်နိုင်ကြောင်း၊ အကျိုးဆက်အနေဖြင့် လှောင်သူနည်းနိုင်ပြီး လှောင်လက်နည်းလျှင် ပဲဈေးလည်း ယခုနှစ်တွင် နိမ့်နေနိုင်ကြောင်း သမ္မာရင့်ပဲလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ပဲဈေးနှုန်းကျရိပ်မြင့်လျှင် ဝယ်သူလန့်ပြီး လှောင်သူများ မလှောင်ရဲကြောင်း၊ မတ်ပဲသည် အတက်အကျကြမ်းနိုင်ပြီး ပဲစင်းငုံမှာမူ အိန္ဒိယအထွက်နှုန်းပေါ်မူတည်၍ ဈေးပြောင်းလဲနိုင်ကြောင်း၊ ပဲတီစိမ်းမှာမူ လိုအပ်ချက်ကြီးမားဆဲဖြစ်၍ ပုံမှန်အရောင်းအဝယ်ဖြစ်နိုင်ကြောင်း ၎င်းကဆိုသည်။

ပဲသုံးမျိုးစလုံး ဈေးကျနေကြောင်း၊ ပဲစင်းငုံသည် တစ်တန်ကို ၁၁ သိန်းကျော်မှ ၈ သိန်းခွဲသို့ ရောက်လာကြောင်း၊ မတ်ပဲ RC တစ်တန် ၈၈၅,၀၀၀ ကျပ်ခန့်၊ SQRC တစ်တန် ကျပ်တစ်သန်း၊ ပဲတီစိမ်းတစ်တန် ၈၉၀,၀၀၀ ကျပ်ခန့်၊ FOB မှာ ၁၂၅၀ ခန့်ရှိကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရှိရသည်။

## ဝယ်ချိန်တန်သည့် ဆန်

ယခုနှစ်အတွက် ဆန်သစ်များပေါ်လာပြီးနောက် ယခုလသည် ဒေသစုံမှ ဆန်မျိုးစုံပေါ်နေကြောင်း၊ လက်ရှိဆန်ပေါက်ဈေးသည် ထပ်မံကျဆင်းရန်မရှိတော့သဖြင့် ဆန်ဝယ်ယူစုဆောင်းသိုလှောင်ရန်အချိန်ရောက်ပြီဖြစ်ကြောင်း ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်ကဆိုသည်။

ယခုနှစ်စပါးပေါ်ချိန်တွင် ဆန်စပါးအထူးပြုကုမ္ပဏီများသည် စပါးထွက်ရာဒေသများတွင် စပါးများကို ဈေးကောင်းပေးဝယ်နေကြောင်း၊ နယ်စပါးဈေးကောင်းသဖြင့် ရန်ကုန်ဆန်ဈေးတန်းသည် မနှစ်ကထက် တစ်အိတ်လျှင် ကျပ်ငါးထောင်ခန့် မြင့်နေကြောင်း ပိတောက်လမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ပြည်ပသို့ ဆန်တင်သင်္ဘောပုံမှန်ရှိသည်ဆိုသော်လည်း ပြီးခဲ့သည့်ဆန်ပါမစ်ဟောင်းများ ဆက်လက်တင်ပို့နေခြင်းဖြစ်ကြောင်း၊ ဆန်သစ်ပါမစ်မှာမူ မကျသေးကြောင်း၊ ပြည်ပသို့ ဆန်တင်ပို့မည့်ကုမ္ပဏီအနေဖြင့် ပါမစ်ကျလျှင် ဆန်အဆင်သင့်ရှိအောင် ဝယ်ယူစုဆောင်းနေကြောင်း၊ အကျိုးဆက်အနေဖြင့် ဆန်ကြမ်းဈေးမြင့်ကြောင်း၊ အထူးသဖြင့် မြဝတီနယ်စပ်ကုန်သွယ်ရေးအကြိုက် ဆန်ကြမ်းရှယ်အ



www.foreverspace.com.mm

ဟောင်းမှာ တစ်အိတ် ၂၂၀၀၀ ကျပ်ခန့်အထိဈေးမြင့်နေကြောင်း၊ ဆန်ချောမှာ ဈေးအေးကြောင်း၊ ၂၅ မှတ် တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၃၀ ခန့်၊ ၅ မှတ် တစ်တန် ၄၄၀ ဒေါ်လာခန့်ရှိပြီး ပို့ကုန်ရငွေဈေးနှုန်း တစ်ဒေါ်လာ ၁၀၇၅ ကျပ်ခန့်ရှိသဖြင့် ပြည်ပသို့ဆန်တင်ပို့သူများ တွက်ခြေကိုက်သည်ဟု အသောကလမ်းမှ ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆန်ချော ရွှေဘိုပေါ်ဆန်းဟောင်း တစ်အိတ် ၂၇၅၀၀ မှ ၂၈,၀၀၀ ကျပ်၊ အသစ် ၂၀,၅၀၀ ကျပ်မှ ၂၁,၀၀၀၊ ၂၂,၀၀၀ ကျပ်၊ မြောင်းမြပေါ်ဆန်း အသစ်တစ်အိတ် ၂၁,၀၀၀ ကျပ်၊ ဖျာပုံပေါ်ဆန်း အသစ်တစ်အိတ် ၁၉,၅၀၀ ကျပ်၊ အကြမ်း အဟောင်း တစ်အိတ် ၁၇,၅၀၀ မှ ၂၂,၀၀၀ ကျပ်၊ အကြမ်း မနောသုခအသစ် ၁၆,၅၀၀ ကျပ်၊ နံ့ကား အသစ် ၁၆,၀၀၀ ကျပ်ခန့် ဇန်နဝါရီလပထမပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## စားသုံးဆီ ဈေးမြင့်


ဆီကိုယ်စားလှယ်များ၏ ခွဲတမ်းကို တစ်လ ၁၂ ပီပါထုတ်ပေးရာမှ ၁၁ ပီပါသို့ လျှော့ချလိုက်သဖြင့် ဈေးကွက်အတွင်းသို့ ဆီရောက်ရှိမှုလျော့နည်းပြီး ဆီဈေး တစ်ပိဿာ ၁၇၇၀ ကျပ်မှ ၁၈၃၀ ကျပ်သို့ ပြန်တက်လာခဲ့သည်။

နယ်စပ်ကုန်သွယ်ရေးမှ ပုံးဆီများဝင်နေသော်လည်း စားအုန်းဆီကိုယ်စားလှယ်များခွဲတမ်းကို လျှော့ချခြင်းကြောင့် စားအုန်းဆီဈေးများလည်း မြင့်လာရာ ၁၀ ပိဿာဝင် ပုံးဆီတစ်ပုံး ၁၉၃၀၀ မှ ၂၀၃၀၀ ကျပ်အထိဖြစ်လာကြောင်း ငုဝါလမ်း ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

“ကိုယ်စားလှယ်ကတ်အသစ် ၄၅ ဦးလောက် ထပ်ထုတ်ပေးမယ်လို့ ကြားတယ်လေ။ ကိုတာတော့ လျှော့နိုင်တယ်” ဟု ၎င်းက သုံးသပ်ပြောကြားသည်။

ဆီကြိတ်ကုန်ကြမ်း မြေပဲလုံးဆန်ဈေးတက်မှုကြောင့် မြေပဲဆီလည်း ဈေးတက်လာကြောင်း၊ မြေပဲဆန်တစ်ပိဿာ ၁၂၅၀ ကျပ်မှ ၁၅၀၀ ကျပ်ခန့်ဖြစ်လာသဖြင့် ပဲဆီတစ်ပိဿာ ၃၁၀၀ ကျပ်ခန့်ဖြစ်လာကြောင်း အောင်သပြေလမ်းမှ ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

စားအုန်းဆီကိုယ်စားလှယ်ဘဏ်သွင်းဈေးမှာ တစ်ပိဿာ ၁၄၉၇ ကျပ်ခန့်ရှိသည်ဟု ကုန်စည်ဒိုင်ထံမှ သိရှိရသည်။



## ကြက်သွန်နီတစ်ပိဿာ ၅၀၀ ရောက်နိုင်

စားဖိုဆောင်သီးနှံဈေးကွက်သို့ ဒေသစုံမှ ကြက်သွန်နီများအဝင်များလာပြီး ပြီးခဲ့သည့်လကဈေးနှင့် နှိုင်းယှဉ်လျှင် တစ်ပိဿာ ၅၀၀ ကျပ်ခန့် ကျဆင်းလာကြောင်း၊ နေ့စဉ်ပုံမှန်ကား ၁၄ စီး၊ ၁၅ စီးခန့် ဝင်ရောက်နေပြီး အများဆုံး ၂၅ စီး၊ အနည်းဆုံး ၁၀ စီးဝင်ရောက်ကြောင်း၊ ရိုးရိုးတစ်ပိဿာ ၈၅၀ ကျပ်၊ မြစ်သားကြက်သွန်နီအမြင့်တစ်ပိဿာ ၁၁၂၅ ကျပ်ခန့်ရှိကြောင်း၊ ယခုနှစ် ကြက်သွန်ဈေးကောင်းသဖြင့် စိုက်အားများပြီး ဈေးဆက်တိုက်ကျဆင်းနိုင်ကြောင်း၊ ပုံမှန်အတိုင်းသွားလျှင် တစ်ပိဿာ ၅၀၀၊ ၆၀၀ ကျပ်ခန့်အထိ ပြန်ဖြစ်နိုင်ကြောင်း အောင်သပြေလမ်းမှ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## လက်ကျန်နည်းတဲ့ ကြက်သွန်ဖြူ

ကြက်သွန်ဖြူသည် လက်ကျန်နည်းသဖြင့် သိသိသာသာဈေးမြင့်နေပြီး ယခင်နှစ်ကဈေးနှုန်းထက် ဈေးမြင့်နေကြောင်း၊ ကြက်သွန်ဖြူအသစ်သည် မတ်လရောက်မှ ထွက်နိုင်သဖြင့် အချိန်တစ်လကျော်ကျန်သေးသဖြင့် ဈေးအများကြီးမကျနိုင်ကြောင်း၊ ပျမ်းမျှတစ်ပိဿာ သုံးထောင်အထက်တွင်ရှိနေနိုင်ကြောင်း၊ ဘုရင့်နောင်သို့ တစ်ရက်လျှင် ကြက်သွန်အိတ် ၅၀၀၊ ၆၀၀ ခန့် ပုံမှန်ဝင်ရောက်လျက်ရှိပြီး ရှမ်းကြက်သွန်ဖြူအနိမ့်တစ်ပိဿာ ၂၇၀၀ ကျပ်၊ အမြင့် ၃၅၀၀ ကျပ်၊ ကြူကုတ် တစ်ပိဿာ ၂၅၀၀၊ ၂၅၅၀ ကျပ်ခန့်ရှိကြောင်း ကြက်သွန်ဖြူလက်ကားရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## အိန္ဒိယငရုတ်ဝင်

ပြီးခဲ့သည့်လက ဈေးမြင့်နေသော ငရုတ်သီးခြောက်ဈေးကွက်သို့ ပြည်တွင်းငရုတ်သစ်များဝင်လာသကဲ့သို့ အိန္ဒိယနယ်

www.foreverspace.com.mm



စပ် တမူးမှ ၂၅ ပိသာ၊ ၃၀ ပိသာဝင် ငရုတ်အိတ်ဝင်လာကြောင်း၊ အိန္ဒိယငရုတ်များသည် ထိုင်းနိုင်ငံမှတစ်ဆင့် မြဝတီနယ်စပ်ကိုဖြတ်ပြီး ၁၅ ပိသာဝင်ငရုတ်အိတ်များ ဝင်လာသဖြင့် ငရုတ်သီးဈေးနှုန်း မတက်တော့ကြောင်း၊ ငရုတ်အရှည်တစ်ပိသာ ၃၀၅၀၊ ၃၁၀၀ ကျပ်ခန့်၊ ငရုတ်အပု အဝင်နည်းပြီး (တစ်ရက်လျှင်အိတ် ၁၀၀၊ ၂၀၀ ခန့်သာ) စိမ်းစားဆင်ဖြူကျွန်း တစ်ပိသာ ကျပ် ၃၀၀၀၊ ၄၀၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း၊ ငရုတ်ရှည်မှာ အိတ် ၄၀၀ မှ ၅၀၀ ဝင်ရောက်လျက်ရှိကြောင်း ၎ဝါလမ်းမှ ငရုတ်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## အာလူးဈေး မြင့်

ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်း၊ ဟဲဟိုးမှ အာလူးများ ရာသီသိမ်းပြီး ဆင်ဖြူကျွန်းမှ အာလူးများ မပေါ်သေးသဖြင့် အာလူးတစ်ပိသာ ၁၅၀ ကျပ်သို့ ဈေးမြင့်လာကြောင်း၊ ဆောင်းသီးနှံ ဘူးသီး၊ ခရမ်းသီး၊ ဂေါ်ရခါးသီး (ဆူကာသီး) ပေါ်လျှင် အာလူးဈေး ပုံမှန်သွားနိုင်ကြောင်း၊ နေ့စဉ်အာလူးကားသုံးစီးမှ ငါးစီးကြား ဝင်ရောက်နေပြီး အနီမ့်တစ်ပိသာ ၆၀၀ ကျပ်၊ အမြင့် ၇၅၀ ကျပ်ခန့်ရှိပြီး ယခင်ကကဲ့သို့ အာလူးအလုံးသေးသေးများ ပါမလာတော့ကြောင်း စားဖိုဆောင်သီးနှံဈေးကွက်မှ သိရှိရသည်။

နာဂစ်မုန်တိုင်းဒဏ်ခံရသည့် ဒေသများက ပုံမှန်လာရောက်ဝယ်ယူနေသော်လည်း ယခင်ကလောက် ဖြုန်းအား၊ ဝယ်အားမရှိသေးကြောင်း၊ ဝန်ထမ်းလစာများတိုးလျှင် အရောင်းအဝယ် အနည်းငယ်ပြန်ကောင်းမည်ဖြစ်ကြောင်း လက်ကားလုပ်ငန်းရှင်ကြီးများ သုံးသပ်ထားကြသည်။

## ညောင်ပင်လေးပလာဇာဈေးကွက်

အတန်ကြာအရောင်းအေးနေခဲ့သော ညောင်ပင်လေးပလာဇာဈေးကွက်သည် ဒီဇင်ဘာလနှောင်းပိုင်းရက်များအတွင်း အရောင်းအဝယ်သွက်ခဲ့ကြောင်း ယင်းဈေးကြီးအတွင်း ရောင်းဝယ်သူများထံမှ သိရှိရသည်။ နှစ်သစ်ကူးချိန်နီးကပ်လာခြင်းနှင့် ပွဲလင်းရာသီရောက်ရှိလာခြင်းတို့ကြောင့် အရောင်းအဝယ်ဈေးကွက်ကောင်းနေကြောင်း စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းရောင်းချနေသည့်လုပ်ငန်းရှင်အချို့က ဆိုသည်။

ထိုင်းနိုင်ငံမှ ဝင်ရောက်လာသည့် ပစ္စည်းအချို့မှာ ဒီဇင်ဘာလကုန်ပိုင်းရက်များအတွင်းက နှစ်သစ်ကူးချိန်နီးလာပြီး ပိတ်ရက်များရှိနေခြင်းကြောင့် ကုန်သည်ပိုင်းမှ သွားလာမှုနည်းပါးခဲ့သဖြင့် ဈေးနှုန်းအနည်းငယ်မြင့်တက်သွားခဲ့သော်လည်း ဇန်နဝါရီလ ၆ ရက်တွင် သိရှိရသည့်အနေအထားအရမူ ယင်းပစ္စည်းတို့၏ ဈေးနှုန်းများ မူလဈေးနှုန်းသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ကျပ်ဆယ်ဂဏန်းခန့်အတွင်းသာ ကွာဟမှုရှိနေတော့သည်ဟု ကုန်သည်အချို့ထံမှ သိရှိရသည်။

## အရှိန်နဲ့တက်သွားတဲ့ သကြား

ပြည်တွင်းသကြားဈေးကွက်အတွင်း



www.foreverspace.com.mm



ဒီဇင်ဘာလ ၂၀ ရက်နောက်ပိုင်းမှစ၍ သကြားဈေးများမငြိမ်ဘဲ ရုတ်တရက် ပြောင်းလဲခဲ့ပြီး ဇန်နဝါရီလ ၆ ရက်အထိ သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ခန့် အထိ ပေါက်ဈေးရှိနေကြောင်း ဘုရင့်နောင် သကြားဈေးကွက်အတွင်းမှ သိရှိရသည်။

ယခုရက်ပိုင်းများအတွင်း သကြားဈေးမှာ နေ့စဉ်အပြောင်းအလဲရှိနေပြီး တစ်ခါတစ်ရံတွင် နံနက်ဈေးနှင့် ညဈေးနှုန်းပင် အပြောင်းအလဲရှိတတ်ကြောင်း ညောင်ပင်လေးပလာဇာနှင့် ဘုရင့်နောင် သကြားဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

သကြားဈေးနှုန်းများမှာ ဒီဇင်ဘာလ ၂၃ ရက်အထိ တစ်ပိဿာလျှင် ၈၀၀ မှ ၈၅၀ ကျပ်အထိသာ ရှိနေခဲ့ပြီး နောက်ရက်များတွင် တစ်ပိဿာ ကျပ် ၉၅၀ မှ ၁၂၄၀ ကျပ်အထိသို့ နေ့စဉ်မြင့်တက်သွားခဲ့ခြင်းဖြစ်ကြောင်း သကြားလုပ်ငန်းရှင် အချို့ထံမှ သိရသည်။

ယင်းသို့ သကြားဈေးနှုန်းများ မြင့်တက်ရခြင်းမှာ သကြားကုန်ကြမ်းအထွက် ဆုတ်ခြင်းကြောင့် ကုန်သည်ပိုင်းမှ ရုတ်တရက်အဝယ်လိုက်ခဲ့ကြ၍ဖြစ်ကြောင်း သကြားရောင်းဝယ်သူအချို့က ဆိုသည်။

ပွက်ရည်ဈေးနှုန်းမှာ ၄၅၀ ကျပ်မှ ၇၂၀ ကျပ်အထိသို့ မြင့်တက်သွားခဲ့ခြင်း၊ ဇန်နဝါရီလ ၆ ရက်တွင်မူ ၆၈၀ ကျပ်သို့ ပြန်လည်ရောက်ရှိလာခြင်း၊ သကြားဈေးမြင့်တက်ခြင်းနှင့် ဈေးနှုန်းမတည်ငြိမ်ခြင်းတို့ကြောင့် ရောင်းချရမှုပိုင်းမှာ အေးနေပြီး သုံးစွဲသူများအနေဖြင့်လည်း လျှော့၍သုံးစွဲလာကြောင်း သကြားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

သကြားဈေးနှုန်းများအနေဖြင့် ထိပ်စမှာ တစ်ပိဿာလျှင် ၁၂၀၀ ကျပ်၊ အလတ်စမှာ ၁၁၅၀ ကျပ်နှင့် အောက်စမှာ ၁၀၅၀ ကျပ်မှ ၁၁၀၀ ကျပ်ခန့်အထိ ပေါက်ဈေးရှိနေကြောင်း ဇန်နဝါရီလ ၆ ရက်တွင် ဘုရင့်နောင်ရှိ သကြားဈေးကွက်အတွင်းမှ သိရသည်။

## မူလဈေးပြန်ရောက်တဲ့ ရွှေဝါ

ကာလအတန်ကြာ ဝယ်လက်ပျောက်နေခဲ့ပြီး ဈေးနှုန်းများ ပြုတ်ကျနေခဲ့သော ရွှေဝါဆပ်ပြာတောင့်ဈေးကွက်မှာ ဒီဇင်ဘာလကုန်ရက်များအတွင်း ဈေးကွက်ပြန်သွက်လာခဲ့ပြီး ဈေးနှုန်းမှာလည်း ၁၆,၀၀၀ ကျပ် (အတောင့် ၈၀ ပါတစ်ဖာ) သို့ ပြန်ရောက်လာခဲ့ကြောင်း ညောင်ပင်လေးပလာဇာဈေးကွက်အတွင်း ဇန်နဝါရီလ ၆ ရက် ပေါက်ဈေးနှုန်းများအရ သိရှိရသည်။

လတ်တလောတွင် နယ်အဝယ်မရှိသလောက် ပါးနေခဲ့သော်လည်း မြို့တွင်းအဝယ်မှာ နှစ်သစ်ကူးနီးချိန်နှင့် ဇန်နဝါရီလဆန်းပိုင်းရက်များအထိ အဝယ်လိုက်မှုရှိလာကြောင်း ညောင်ပင်လေးပလာဇာရှိ ဆပ်ပြာလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အဆိုပါဆပ်ပြာဈေးကွက်အတွင်း ရွှေဝါဆပ်ပြာတစ်မျိုးသာ ဈေးနှုန်းအပြောင်းအလဲရှိနေပြီး ကျန်ပုဂ္ဂလိကထုတ်ဆပ်ပြာတို့မှာမူ ဈေးနှုန်းအပြောင်းအလဲမရှိကြောင်းလည်း အဆိုပါဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၀၉ ခုနှစ်အတွင်း ဈေးအကျများခဲ့ပြီး အဝယ်ပါးခဲ့သော ရွှေဝါဆပ်ပြာဈေးကွက်သည် နှစ်ကုန်ခါနီးလက်ကျန်လနှောင်းပိုင်းမှ အဝယ်လိုက်၍ ဈေးမြင့်ခဲ့သော်လည်း လုပ်ငန်းရှင်များထံတွင် လက်ကျန်နည်းနေခဲ့ခြင်းကြောင့် မြတ်စွန်းမှုနည်းပါးကြောင်း ဆပ်ပြာရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆပ်ပြာမှုန့်ဈေးကွက်တွင်လည်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဈေးငြိမ်နေသည်ဟု အဆိုပါဈေးကွက်အတွင်းမှ သိရှိရသည်။ ဆပ်ပြာမှုန့်ဈေးကွက်တွင် အရောင်းသွက် သက်သာအမှတ်တံဆိပ်မှာ ၂၀၀ ဂရမ် အထုပ် ၅၀ ပါ တစ်အိတ်လျှင် ၁၁,၈၀၀ ကျပ်ပေါက်ဈေး ရှိနေသည်။

## သွက်လာတဲ့ အချိုရည်ဈေးကွက်

အချိုရည်ဈေးကွက်မှာ ဒီဇင်ဘာလနှောင်းပိုင်းခန့်အတွင်းမှစ၍ အတန်ကြာငြိမ်သက်နေရာမှ ပြန်သွက်လာခဲ့ကြောင်း ညောင်ပင်လေးပလာဇာပထမထပ်ရှိ စားသောက်ကုန်ရောင်းချသူတို့ထံမှ သိရသည်။ ပြည်ပမှ ဝင်ရောက်သည့်အချိုရည်ဈေးကွက်တွင် နှစ်သစ်ကူးနားနီးချိန်၌ ကုန်ပစ္စည်းအဝင်နည်းသွားခဲ့သည့်အတွက် ဈေးနှုန်းအနည်းငယ်မြင့်သွားခဲ့ပြီး အချိုရည်



www.foreverspace.com.mm



တစ်ကတ်လျှင် ၃၀၀ ကျပ်မှ ၄၀၀ ကျပ်အထိ ကွာဟမှုရှိသွားခဲ့ကြောင်း ပြည်ပအချိုရည်တင်သွင်းရောင်းချသူတို့က ဆိုသည်။ ဇန်နဝါရီလ ၆ ရက်တွင် သိရှိရသည့်ဈေးနှုန်းများအရမူ မူလဈေးသို့ ပြန်ရောက်လာခဲ့ပြီဖြစ်ကြောင်းသိရှိရ၍ လတ်တလောတွင် Sunkit (တစ်ကတ်) ၉၆၀၀ ကျပ်၊ Coke (သံကတ်) ၉၃၀၀ ကျပ်၊ Suprite (သံကတ်) ၉၃၀၀ ကျပ်၊ 100 Plus (တစ်ကတ်) ၁၀၈၀၀ ကျပ်၊ ပိုကာလိမ္မော်၊ လိုင်ချီး (တစ်ကတ်) ၁၅၃၀၀ ကျပ် စသည်ဖြင့် အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

ပြည်တွင်းအချိုရည်ဈေးနှုန်းများမှာမူ အတက်အကျမရှိဘဲ ငြိမ်သက်လျက်ရှိသည်ဟု ဩောင်ပင်လေးပလာဇာဈေးကွက်အတွင်းမှ သိရသည်။

## ကော်ဖီမစ် ဈေးကွက်

ပြည်ပမှဝင်ရောက်ပြီး ပြည်တွင်းဈေးကွက်တွင် အချိန်တိုနှင့် ဝေစုများများ ရယူနိုင်ခဲ့ရာမှ တဖြည်းဖြည်းဝေစုလျော့ကျလာခဲ့သော ပြည်ပထုတ်ကော်ဖီမစ်တို့တွင် ပြည်တွင်းကော်ဖီမစ်ဈေးကွက်၌ ဈေးကွက်အကြီးဆုံးနှင့် အကောင်းဆုံးဈေးကွက်အနေအထားရှိသည်ဟု ဈေးကွက်တွင်းသတ်မှတ်ထားခြင်းခံရသော Birdy အမှတ်တံဆိပ်ကော်ဖီမစ်မှာ ဒီဇင်ဘာလကုန်ပိုင်းအတွင်းက ကျပ် ၃၀၀၀ ဝန်းကျင်အထိ မြင့်တက်သွားမှုရှိခဲ့ကြောင်းနှင့် ဇန်နဝါရီလဆန်းတွင်သိရသည့်ဈေးနှုန်းများအရ ၂၈၅၀ ကျပ်တွင်ရှိနေပြီး ဈေးမငြိမ်သေးကြောင်း၊ Mister Cup အပါအဝင် ကျန် ကော်ဖီမစ်အချို့မှာ ဈေးနှုန်းသာမက ရောင်းအားပါကျဆင်းနေကြောင်း ဆက်လက်သိရှိရသည်။

ပြည်တွင်းကော်ဖီမစ်များတွင်မူ Premier အမှတ်တံဆိပ်မှာ ယခင် ၂၄၅၀ ကျပ်မှ ၂၅၀၀ ကျပ်သို့ ရောက်ရှိလာပြီး Super အမှတ်တံဆိပ်မှာလည်း ယခင် ၃၇၅၀ ကျပ်မှ ၃၉၀၀ ကျပ်သို့ မြင့်တက်သွားမှုရှိခဲ့ပြီး Gold Roast အမှတ်တံဆိပ်မှာမူ ယခင် ၄၁၀၀ ကျပ်မှ ၄၀၀၀ ကျပ်သို့ ကျဆင်းသွားခဲ့ကြောင်း ဇန်နဝါရီလ ၆ ရက်ပေါက်ဈေးများအရ သိရသည်။

အဆိုပါကော်ဖီမစ်ဈေးကွက်တွင် ပြည်တွင်းထုတ်ကော်ဖီမစ်များနှင့် ပြည်ပမှဝင်ရောက်သည့်ကော်ဖီမစ်တို့သည် ဈေးနှုန်းကွာဟမှုနည်းနည်းဖြင့် ယှဉ်ပြိုင်ခဲ့ကြရကြောင်း၊ ပြည်တွင်းထုတ်ကော်ဖီမစ်တို့မှာ အများအားဖြင့် ဈေးနှုန်းအတိုးအဆုတ်နည်းနည်းသာရှိခဲ့ပြီး ဈေးကွက်ဝေစုအားဖြင့် တစိုက်မတ်မတ်ဖြင့် သောက်သုံးသူများ ရှိမနေသေးသော်လည်း မိမိတို့၏ အမှတ်တံဆိပ်ကိုမူ ထိန်းထားနိုင်မှုရှိခဲ့ကြောင်း ကော်ဖီမစ်ရောင်းချသူဈေးကွက်မှ ပြည်တွင်း၊ ပြည်ပထုတ်ကော်ဖီမစ်တို့၏ ဈေးကွက်အနေအထားကို မှတ်ချက်ပြုပြောကြားခဲ့သည်။

## သကြားလျှပ်သော်လည်း နို့ဆီငြိမ်


ပြည်တွင်းဈေးကွက်၌ ယခုရက်ပိုင်းအတွင်း သကြားဈေးနှုန်းတို့ လှုပ်ခတ်မှုများနေသော်လည်း နို့ဆီဈေးနှုန်းများမှာမူ ငြိမ်လျက်ရှိနေကြောင်းနှင့် အဆိုပါနို့ဆီဈေးနှုန်းများမှာ ငွေဈေးနှင့် ဈေးကွက်တွင်းပစ္စည်းဝင်ရောက်မှုအနေအထားတို့ပေါ်တွင် မူတည်၍သာ ဈေးနှုန်းပြောင်းလဲမှုဖြစ်ပေါ်လေ့ရှိတတ်ကြောင်းနို့ဆီဈေးကွက်အတွင်းမှ သိရသည်။

ဇန်နဝါရီလဆန်းရက်များအတွင်း သိရှိရသည့်ဈေးကွက်ပေါက်ဈေးများအရ Dawn (နို့ဆီ) ၆၃၅ ကျပ်၊ Dawn (နို့စိမ်း) ၆၂၀ ကျပ်၊ One Tea ၅၈၅ ကျပ်၊ UK ၅၂၅ ကျပ် အသီးသီး ရှိနေသည်။

## အခွင့်အလမ်းတို့အစ ၂၀၁၀

၂၀၁၀ ပြည့်နှစ်သည် လက်ရှိအစိုးရက တရားဝင်ကြေညာထားသည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပပေးပြီး လူထုကရွေးကောက်တင်မြှောက်သည့် အရပ်သားအစိုးရထံသို့ အာဏာသုံးရပ်စလုံး လွှဲအပ်ပေးမည့်နှစ်သစ်အစ ဖြစ်သည်။

ယခုမူ ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းအတည်ပြုခဲ့သည့်အခြေခံဥပဒေအရ နိုင်ငံသားတိုင်း မိမိတို့ပေးဆပ်ထမ်းဆောင်ထားသည့် အတတ်ပညာ အခွန်ငွေတို့အပေါ်မူတည်ကာ အချိုးကျခံ



www.foreverspace.com.mm



စနစ်နှင့် တစ်ပြေးညီရလာဖွယ်ရှိမည်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံသားတစ်ဦးချင်းစီ၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြီးပွားတိုးတက်ခွင့်ရရှိလာတော့မည်ဖြစ်သည်ဆိုသော်လည်း လွတ်လပ်သောဈေးကွက်တစ်ခုအဖြစ် ချက်ချင်းမျှော်လင့်ရန် မလွယ်သေးပေ။

မကြာသေးခင် လပိုင်း၊ ရက်ပိုင်းအတွင်း လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ လောင်စာဆီသိုလှောင်ဖြန့်ဖြူးခြင်း၊ မော်တော်ယာဉ်တင်သွင်းခွင့် စသည့်နယ်ပယ်များတွင် ပုဂ္ဂလိကများဝင်ရောက်ဖက်စပ်၊ သီးသန့်လုပ်ကိုင်ခွင့်ပြုလာခြင်းမှာ ထင်သာမြင်သာရှိသောအပြောင်းအလဲဖြစ်သည်။ အဆိုပါလုပ်ငန်းများကို လောလောဆယ် နည်းဥပဒေအချို့ဖြင့် ကန့်သတ်မှုအနည်းငယ်ရှိနေနိုင်သော်လည်း နောင်တွင် နိုင်ငံသားတိုင်း ပြဋ္ဌာန်းထားသော အခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေးများကို တရားမျှတသော ဥပဒေနှင့်အညီ ခံစားခွင့်၊ လွတ်လပ်စွာ ယှဉ်ပြိုင်လုပ်ကိုင်ရောင်းဝယ်၊ တင်သွင်းခွင့်ရလာတော့မည် ဖြစ်သည်။

ထို့အတူ ၂၀၁၀ ရွေးကောက်ပွဲအပြီး ဥပဒေနှင့်အညီ အရပ်သားအစိုးရတစ်ရပ်ပေါ်ပေါက်လာပါက ဈေးကွက်မငြိမ်မသက်မှုများ၊ လက်သိပ်ထိုး သတင်းလက်ဦးယူမှုများ၊ လက်ဝါးကြီးအုပ် ဈေးကစားမှုများ ပျောက်ကွယ်သွားတော့မည်ဟု ယုံကြည်ရကြောင်း အစဉ်တစိုက် ဈေးကွက်လေ့လာစောင့်ကြည့်သူတစ်ဦးက ခန့်မှန်းသုံးသပ်သည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**



www.foreverspace.com.mm



# ရက်စွဲမှတ်တမ်း

**၂၁-၁၁-၂၀၀၉**✳ အီတလီသမ္မတနိုင်ငံ ရောမမြို့၌ နိုဝင်ဘာလ ၁၅ ရက်တွင် ကျင်းပခဲ့သည့် ဘက်မလိုက်နိုင်ငံအကြီးအကဲများ၏ဇနီးများ ဒုတိယအကြိမ်ထိပ်သီးအစည်းအဝေး၊ နိုဝင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာထိပ်သီးအစည်းအဝေးနှင့် နိုဝင်ဘာလ ၁၉ ရက်မှ ၂၀ ရက်နေ့အထိကျင်းပခဲ့သည့် ၃၆ ကြိမ်မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ညီလာခံတို့သို့ တက်ရောက်ခဲ့သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၂၇-၁၁-၂၀၀၉**✳ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ကျင်းပသည့် မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းလွန်ကာလ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၁-၁၂-၂၀၀၉**✳ မလေးရှားနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာလုပ်သားများအနေနှင့် မလေးရှားသံရုံးတွင် ဗီဇာလျှောက်ထားရာ၌ လိုအပ်ချက်သုံးချက်ကို မြန်မာနိုင်ငံရှိ မလေးရှားသံရုံး၌ တရားဝင်ထုတ်ပြန်ကြေညာ။

**၂-၁၂-၂၀၀၉**✳ ၂၀၀၉ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့ရှိ ကျယ်ဂေါင်နိုင်ငံတကာ ကုန်စည်ပြပွဲဗဟိုဌာန၌ကျင်းပ။

**၃-၁၂-၂၀၀၉**✳ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်တိုင်းပြည်နယ်ရှိ မန်စီမြို့နှင့်မန္တလေးမြို့တို့ကို တိုက်ရိုက်လေကြောင်းလိုင်းပျံသန်းပြေးဆွဲရန်စီစဉ်လျက်ရှိရာ အဆိုပါလေကြောင်းလိုင်းအတွက် မြန်မာနိုင်ငံ၏ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးတေဇက စွမ်းဆောင်ကူညီပေးမည်ဖြစ်ကြောင်း တယ်ဟုန်တိုင်း ပြည်နယ်အစိုးရ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာလျို့ဂူစန်း ပြောကြား။ (ကိုးကား- ဒီဇင်ဘာလ ၁၇ ရက်နေ့ထုတ် ရန်ကုန်တိုင်းမ်)

**၄-၁၂-၂၀၀၉**✳ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) ကိုးကန့်အဖွဲ့၏ နယ်ခြားစောင့်တပ်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ခရိုင် စီအောဒေသ၌ ဖွဲ့စည်း။

**၇-၁၂-၂၀၀၉**✳ စာရေးဆရာ ဖေသန်းတင် (ခ) ဦးသန်းတင် (အသက် ၇၅ နှစ်) ကွယ်လွန်။

**၈-၁၂-၂၀၀၉**✳ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်တွင် စုစုပေါင်းမြန်မာငွေကျပ် ၉၃ ဘီလီယံကျော် (ကန်ဒေါ်လာ ၉၃ သန်းကျော်) တန်ဖိုးရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြား၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီး။

**၉-၁၂-၂၀၀၉**✳ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ မွန်းလွဲ ၁ နာရီမှ ၁ နာရီ ၅၀ မိနစ်အထိ စိမ်းလဲ့ကန်သာဧည့်ဂေဟာတွင် တွေ့ဆုံ။

**၁၀-၁၂-၂၀၀၉**✳ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပသည့် (၂၅) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ ပြန်လည်ရောက်ရှိ။

✳ ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၈ ခုနှစ်အတွင်းထုတ်ဝေခဲ့သော စာအုပ်များမှစိစစ်ရွေးချယ်သည့် အမျိုးသားစာပေဆုများကို ထုတ်ပြန်ကြေညာ။ ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ကဗျာပေါင်းချုပ်၊ ပြဇာတ်စာပေနှင့် နိုင်ငံရေးစာပေတို့အတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ။ ၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေ (တစ်သက်တာဆု) ကို စာရေးဆရာကြီး ဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်) ကရရှိပြီး အဆိုပါဆုများကို ဒီဇင်ဘာလ ၃၁ ရက်နေ့၌ နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးတွင် ချီးမြှင့်။

**၁၁-၁၂-၂၀၀၉**✳ စာရေးဆရာသူရိန်ဦး (ခ) ဒုတိယဗိုလ်မှူးကြီးမြင့်သူ (ငြိမ်း) အသက် (၇၆) ကွယ်လွန်။

**၁၂-၁၂-၂၀၀၉**✳ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဟနွိုင်းမြို့၌ ဒီဇင်ဘာလ ၁၀ ရက်မှ ၁၁ ရက် အထိကျင်းပသော ၁၅ ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ ၈ ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၇) ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ-ကိုရီးယားပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့်ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

✳ သီချင်းရေးဆရာများဖြစ်ကြသော စိုင်းခမ်းလိတ်၊ ကိုနေဝင်း၊ သုခမိန်လှိုင်၊ မောင်သစ်မင်း၊ ဝင်းမင်းထွေး၊ မင်းချစ်သူ၊ သောဒီဝေ၊ ဆဲ(လ်)၊ အောင်နိုင်စန်း၊ ညီညီသွင်၊ စောခူဆဲ၊ ထူးအိမ်သင်၊ ရွှေဂျော်ဂျော်၊ မြင့်မိုးအောင်၊ ကေအေတီ၊ နိုင်နိုင်း၊ R ခိုင်၊ ဇဝါ၊ အရိုး အပါအဝင်တို့၏ သီချင်း (တေးစာသား (သို့မဟုတ်) တေးစာသားနှင့်သံစဉ်) များအား (ပြည်တွင်း/ပြည်ပ) မည်သည့်နေရာတွင်မဆို စီးပွားရေးအသွင်ဆောင်သော ဖျော်ဖြေတင်ဆက်မှုများပြုလုပ်မည်ဆိုလျှင် တာဝန်ခံစီစဉ်သူ

www.foreverspace.com.mm



များသည် အထက်ပါသီချင်းရေးဆရာများ၏ သဘောတူခွင့်ပြုချက်ကို ဒီဇင်ဘာလ ၁၂ ရက်နေ့မှစ၍ ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မတိုင်မီ (၁) စီစဉ်သူကိုယ်တိုင်သော်လည်းကောင်း၊ (၂) တီးဝိုင်းမန်နေဂျာများမှတစ်ဆင့်သော်လည်းကောင်း၊ (၃) အဆိုတော်များမှတစ်ဆင့်သော်လည်းကောင်း တရားဝင်ရယူထားကြရန် သတိပေးကြေညာချက်တစ်ရပ်ကို ယနေ့ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် တရားဝင်ထုတ်ပြန်ကြေညာ။

**၁၃-၁၂-၂၀၀၉**✳ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင် (ESCAP) တို့ပူးပေါင်းကျင်းပမည့် ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် ဆွေးနွေးပွဲသို့တက်ရောက်ရန် ကုလသမဂ္ဂ Under Secretary General နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) ၏ အမှုဆောင်အတွင်းရေးမှူးချုပ် Dr. Noeleen Heyzer နှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ။

✳ စာရေးဆရာမ မသက်ဆွေ (ခ) ဒေါ်ရီရီဆွေ အသက်(၆၁ နှစ်) ကွယ်လွန်။

**၁၅-၁၂-၂၀၀၉**✳ မြန်မာ့ကမ်းလွန်ဒေသ ရတနာစီမံကိန်း၏ မုတ္တမသဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးကုမ္ပဏီ (Moattama Gas Transportation Company-MGTC) ၏ ထောက်ပံ့မှုဖြင့် အိတ်ချ်အိုင်ဗီရောဂါဝေဒနာရှင်များ ပြုစုစောင့်ရှောက်မှုလုပ်ငန်းတိုးချဲ့ ၅ နှစ်စီမံကိန်းအဖြစ် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွက် ကန်ဒေါ်လာ ၄ ဒသမ ၀ သန်း ထောက်ပံ့ရန်သဘောတူလက်မှတ်ကို နေပြည်တော်ရှိ ရှိုင်ရယ်ကုမုဒြာဟိုတယ်တွင် လက်မှတ်ရေးထိုး။

✳ အာရှပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကော်မရှင် UNESCAP ၏ဖိတ်ကြားစီစဉ်မှုဖြင့် စီးပွားရေးဆိုင်ရာအကြံဉာဏ်များပေးရန် မြန်မာနိုင်ငံသို့လာရောက်ခဲ့သော စီးပွားရေးဆိုင်ရာနိုဘယ်လ်ဆုရရှိထားသူ နာမည်ကျော်စီးပွားရေးပညာရှင် ဂျိုးဇက်စတစ်ဂလစ်သည် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမူဝါဒအပေါ် အာရှပစိဖိတ်ဒေသတွင်းနှင့်ဒေသ ပြင်ပအတွေ့အကြုံများဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲနှင့်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်။

**၁၆-၁၂-၂၀၀၉**✳ ဒေါ်အောင်ဆန်းစုကြည်သည် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူးဦးလွင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလွန်းတင်တို့ကို ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာတွင် နံနက် ၁၁ နာရီမှ ၁၁ နာရီ ၄၅ မိနစ်အထိ တွေ့ဆုံဂါရဝပြုကန်တော့ခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

✳ ကရင်ပြည်နယ် ဖာပွန်မြို့ အမှတ် (၂) ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိကွင်းပြင်၌ ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကျင်းပသည့်ဈေးဆိုင်တန်းတွင် ချိန်ကိုက်မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် အရပ်သားခုနစ်ဦးသေဆုံးပြီး အမျိုးသား ၁၀ ဦး၊ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒီဇင်ဘာလ ၁၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပါရှိ။

**၁၇-၁၂-၂၀၀၉**✳ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၀၉) ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ထုတ်ပြန်ကြေညာ။

**၁၉-၁၂-၂၀၀၉**✳ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ဒီဇင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိကျင်းပသည့် ကုလသမဂ္ဂ ရာသီဉတုပြောင်းလဲခြင်းဆိုင်ရာညီလာခံ အဆင့်မြင့်စုံညီအစည်းအဝေးသို့တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

✳ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် မြန်မာနိုင်ငံသို့ ရောက်ရှိ။ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပြန်လည်ထွက်ခွာ။

✳ နေပြည်တော်၊ ဥတ္တရသီရိမြို့အနီး ဖိုးဇောင်တောင်တန်းပေါ်တွင်တည်ဆောက်ထားသော နိုင်ငံတကာအဆင့်မီ တောင်ပေါ်အပန်းဖြေစခန်း Mount Plesant Hotel ဖွင့်လှစ်။

✳ မြန်မာ–အိန္ဒိယနှစ်နိုင်ငံ စက်မှုကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများဆောင်ရွက်ရန်အတွက် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံသို့ထွက်ခွာ။ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြန်လည်ရောက်ရှိ။

✳ ပျော်ဘွယ်–နတ်မောက်–မကွေး ရထားလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သည့် မကွေး–ကန်ပြား ရထားလမ်းပိုင်းသစ် ဖွင့်လှစ်။

**၂၄-၁၂-၂၀၀၉**✳ အသက်ရှင်လျက်ရှိသူအလှူရှင်ထံမှ အသည်းကိုခွဲစိတ်အသုံးပြုအစားထိုးမည့် ဒုတိယအကြိမ်အသည်းအစားထိုးကုသမှုကို ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ဆောင်ရွက်။

✳ စာရေးဆရာ၊ သတင်းစာဆရာ ကေတုနီလာ (ခ) ဦးစိုးသိန်း

www.foreverspace.com.mm

(တောင်ငူ) (အသက် ၇၃ နှစ်) ကွယ်လွန်။

**၂၅-၁၂-၂၀၀၉** ✱ မြန်မာနိုင်ငံဗဟိုဘဏ်သည် လက်ရှိထုတ်ဝေရောင်းချလျက်ရှိသော ၃ နှစ်နှင့် ၅ နှစ် အစိုးရငွေတိုက်စာချုပ်များအပြင် ၂ နှစ်သက်တမ်းရှိ အစိုးရငွေတိုက်စာချုပ်များကို ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ တိုးချဲ့ထုတ်ဝေရောင်းချမည်ဖြစ်ကြောင်းယနေ့ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် ထုတ်ပြန်ကြေညာ။ အဆိုပါစာချုပ်များကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ လွတ်လပ်စွာဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ စာချုပ်အမျိုးအစားများနှင့် အတိုးနှုန်းများမှာ သက်တမ်း ၂ နှစ်တွင် ငွေကျပ် ၁ သောင်း၊ ၁ သိန်း၊ ၁ သန်း၊ ၁၀ သန်းအတွက် အတိုးနှုန်း ၁ ဒသမ ၀၀ ရာခိုင်နှုန်းနှင့် သက်တမ်း ၅ နှစ်တွင် ငွေကျပ် ၁ သောင်း၊ ၁ သိန်း၊ ၁ သန်း၊ ၁၀ သန်းအတွက် အတိုးနှုန်း ၁၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်များတွင် ဖော်ပြပါရှိ။

**၂၆-၁၂-၂၀၀၉** ✱ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် ဖွင့်လှစ်။

✱ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၈) ရပ်ကွက်၌ တည်ဆောက်ထားသည့် နယ်စပ်နှင့် တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း သာသနာပြုသင်တန်းကျောင်းနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာသုတေသန ဓမ္မသဘင် ဇမ္ဗူသီရိဗိမာန်တော် ဖွင့်လှစ်။

**၂၇-၁၂-၂၀၀၉** ✱ စာရေးဆရာ ဒဂုန်နွယ်ကသစ် (ခ) ဦးချစ်လှစိန် (အသက် ၉၈ နှစ်) ကွယ်လွန်။

**၂၉-၁၂-၂၀၀၉** ✱ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် (၄/ ၂၀၀၉) ဖြင့် နေပြည်တော်စည်ပင်သာယာရေးဥပဒေကိုပြဋ္ဌာန်း။

✱ မြန်မာစံတော်ချိန် ညနေ ၃ နာရီ၊ ၃၄ မိနစ်၊ ၁၂ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေလျင်စခန်းမှ မြောက်အနောက်မြောက်ဘက်မိုင် ၅၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅.၄ (အသင့်အတင့်) ရှိသော ငလျင်တစ်ခုလှုပ်ခတ်သွားကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာ။

✱ ကာတွန်းဆရာကြီး ဦးဗကလေး (အသက် ၉၂ နှစ်) ကွယ်လွန်။

**၃၁-၁၂-၂၀၀၉** ✱ စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် ခတက္ကန်ကျေးရွာ ဖောဓိတထောင် လေးကျွန်းစကြာရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်အနီးတွင်တည်ဆောက်ထားသော ဖောဓိတစ်ထောင်ရေလှောင်တမံ ဖွင့်လှစ်။

✱ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနသည် သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်းပဋိညာဉ်စာချုပ်ကို ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်နှင့်လည်းကောင်း၊ ဘီလူးချောင်း (၃) ရေအားလျှပ်စစ်စီမံကိန်း ပဋိညာဉ်စာချုပ်ကို အနာဂတ်စွမ်းအားကုမ္ပဏီလီမိတက်နှင့်လည်းကောင်း၊ အညာဖျား ရေအားလျှပ်စစ်စီမံကိန်းကို B.O.T စနစ်ဖြင့်ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို Delco ကုမ္ပဏီလီမိတက်နှင့်လည်းကောင်း နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုးချုပ်ဆို။

✱ အမှတ် (၂) စက်မှုဝန်ကြီးဌာန၏ သာဂရနယ်မြေရှိ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံနှင့် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံများ ဖွင့်လှစ်။

**၄-၁-၂၀၁၀** ✱ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဦးခင်မောင်ဝမ်း (အသက် ၆၄ နှစ်) ကွယ်လွန်။

✱ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၁၀ ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ အပ်နှင်းလိုက်ခြင်းကိုလည်းကောင်း၊ ၂/ ၂၀၁၀ ဖြင့် ဂုဏ်ထူးဆောင်တံဆိပ်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းခြင်းကိုလည်းကောင်း၊ ၃/ ၂၀၁၀ ဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းကိုလည်းကောင်း၊ ၄/ ၂၀၁၀ ဖြင့် စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းကိုလည်းကောင်း၊ ၅/ ၂၀၁၀ ဖြင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းကိုလည်းကောင်း၊ ၆/ ၂၀၁၀ ဖြင့် ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းခြင်းကိုလည်းကောင်း၊ ၇/ ၂၀၁၀ ဖြင့် နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းခြင်းကိုလည်းကောင်း၊ ၈/ ၂၀၁၀ ဖြင့် ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

**၅-၁-၂၀၁၀** ✱ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းရုံး (နေပြည်တော်) ဖွင့်လှစ်။

✱ ကံပေါက်သတ္တုတွင်းအား ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် သဘောတူစာချုပ်ကို သတ္တုတွင်းဝန်ကြီးဌာန အမှတ် (၂) သတ္တုတွင်းလုပ်ငန်းနှင့် DELCO ကုမ္ပဏီလီမိတက်တို့ နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုးချုပ်ဆို။

**၉-၁-၂၀၁၀** ✱ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်တွင် တည်ရှိပြီး အရှည် ၅၄၀ ပေရှိသော ရာဇူဒိုင်တံတားအမှတ် (၂) ဖွင့်လှစ်။

**၇-၁-၂၀၁၀** ✱ နမ့်တဘက်၊ နမ့်ပွန်၊ ရွာသစ်နှင့် လေးမြို့ ရေအားလျှပ်စစ်စီမံကိန်းများကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang (Yunnan) United Hydropower Developing Co., Ltd. (DUHD) မှ တာဝန်ရှိသူများ နေပြည်တော်ရှိ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

■

www.foreverspace.com.mm



ဤကဏ္ဍတွင် . . . . .


၇၈ ဈေးကွက်မဟာဗျူဟာနှင့် ဖောက်သည်ဝန်ဆောင်မှု
၈၂ သီးနှံသိုလှောင်မှုအနုပညာနှင့် လူ့စွမ်းအားအရင်းအမြစ်

# ဈေးကွက်မဟာဗျူဟာနှင့် ဖောက်သည်ဝန်ဆောင်မှု

မျိုးခန့်စံ

**စီးပွားရေးလုပ်ငန်းရှင်တို့သည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရာတွင် စီးပွားရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲလုပ်ဆောင်လေ့ရှိပြီး ထိုစီးပွားရေးလုပ်ငန်းစီမံချက်တွင် ဈေးကွက်ရေးရာစီမံချက်သည် အဓိကနေရာမှပါဝင်သည်။ ဈေးကွက်မဟာဗျူဟာ ချမှတ်ဆောင်ရွက်ရာတွင်ဖောက်သည်တို့၏ လိုအင်များ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ ဖောက်သည်တို့စိတ်ကျေနပ်မှုရရှိစေရန် မည်သို့ဆောင်ရွက်မည်ဆိုသည်မှာ အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ မားကတ်တင်းဆိုသည်မှာ ဖောက်သည်တို့လိုအပ်သော၊ ဆန္ဒရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးခြင်းတို့ပါဝင်ရာ၊ ဖောက်သည်တို့သည် လုပ်ငန်းတိုင်း၏အခြေခံရင်းမြစ်များဖြစ်ပေရာ ခေတ်သစ်မားကတ်တင်းယူဆချက်တွင် ဤအချက်ကို အလေးထားလေ့ရှိသည်။ စွန့်စားစီးပွားရှာရာတွင် Marketing Plan ရေးဆွဲခြင်းသည် ကုမ္ပဏီအောင်မြင်မှုအတွက် မပါမဖြစ်သောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ဖောက်သည်ဝန်ဆောင်မှုဗျူဟာကို အလေးအနက်ထား ဆောင်ရွက်ကြလေ့ရှိပါသည်။**

ဖောက်သည်တို့၏လိုအင်နှင့် လိုအပ်ချက်များကို ဈေးကွက်သုတေသန (Market Research) ပြုလုပ်၍သုံးသပ်ဆုံးဖြတ်သည်။ သုတေသနမှရရှိလာသောအဖြေများ၊ ရလဒ်များကို အခြေခံ၍ ပစ်မှတ်ဈေးကွက်ကို ရွေးချယ်သတ်မှတ်သည်။ ဈေးကွက်ယှဉ်ပြိုင်မှုအားသာချက်များကို ဆန်းစစ်သုံးသပ်၍ ဈေးကွက်မဟာဗျူဟာကို ချမှတ်သည်။ ဖောက်သည်တို့လိုအင်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဈေးကွက်အရောအနှော (Marketing Mix) အသုံးပြုကြပြီး ဖောက်သည်တို့ စိတ်ကျေ



www.foreverspace.com.mm

နပ်မှုရှိစေရေး၊ ကုမ္ပဏီလုပ်ငန်းအောင်မြင်ရေးဆောင်ရွက်ကြသည်။

ဈေးကွက်သုတေသန၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ ပစ်မှတ်ဈေးကွက်သတ်မှတ်ရန်ဖြစ်သည်။ လုပ်ငန်းရှင်တို့မှားတတ်သော အမှားတစ်ရပ်မှာ ရှင်းလင်းတိကျသော ပစ်မှတ်ဈေးကွက် သတ်မှတ်လုပ်ဆောင်ရန်ပျက်ကွက်ခြင်း ဖြစ်သည်။ 'သင့်တွင် အကန့်အသတ်ဘောင်အတွင်းမှ အရင်းအမြစ်များနှင့် ဖောက်သည်တို့စိတ်ကျေနပ်မှုကို ရာနှုန်းပြည့် ဖြည့်ဆည်းပေးလိုလျှင် သင်သည် ပစ်မှတ်ဖောက်သည်များကို အသေအချာသတ်မှတ်၍ ဝန်ဆောင်မှုများကို ကောင်းသထက်ကောင်းမွန်ရန်ကြိုးစားရမည်'ဟု၍ ဈေးကွက်ရေးရာအကြံပေးပညာရှင်တစ်ဦးက မိန့်ဆိုဖူးသည်။

ထိရောက်သောဈေးကွက်ရေးရာ စီမံချက်တစ်ခုဖြစ်ရန် ရှင်းလင်းတိကျသော ပစ်မှတ်ဖောက်သည်များ သတ်မှတ်နိုင်ရန်လိုအပ်ပေသည်။ သုတေသနကောင်းတို့သည် ကုန်ကျစရိတ်မြင့်မားမှုရှိသကဲ့သို့ ရှုပ်ထွေးမှုလည်း ကင်းရှင်းသည်။ ဈေးကွက်မဟာဗျူဟာတစ်ရပ်ချမှတ်တော့မည်ဆိုပါလျှင် လုပ်ငန်းရှင်အနေဖြင့် အခြားကုမ္ပဏီများနှင့်မတူ တစ်မူထူးခြားသော၊ သာလွန်ကောင်းမွန်သော ယှဉ်ပြိုင်မှုအားသာချက်များရရှိရန် အထူးကြိုးပမ်းအားထုတ်သင့်ပေသည်။ လုပ်ငန်းရှင်တို့သည် နည်းလမ်းအမျိုးမျိုးဖြင့် ဖောက်သည်တို့ လက်ခံအားပေးမှုရရှိအောင် ကြိုးစားကြသည်။ ယှဉ်ပြိုင်ဘက်များထက် သာလွန်ကောင်းမွန်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးခြင်းဖြင့်လည်းကောင်း၊ အနိမ့်ဆုံးဈေးနှုန်းများဖြင့်လည်းကောင်း ဆွဲဆောင်မှုပြုကြသည်။ သို့ရာတွင် သတိပြုဖွယ်ရာမှာ အနိမ့်ဆုံးဈေးနှုန်းများ သတ်မှတ်၍ဆွဲဆောင်ခြင်းသည် အချို့သောရောင်းကုန်တို့တွင် အန္တရာယ်ရှိသော စံချိန်ညွှန်းမှတ်ကျောက်များဖြစ်လာနိုင်သောအချက်ဖြစ်ပါသည်။

ကုမ္ပဏီငယ်တို့သည် ကုမ္ပဏီကြီးများထက် ဖောက်သည်များနှင့်ရင်းနှီး

**ဈေးကွက်သုတေသန၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ ပစ်မှတ်ဈေးကွက်သတ်မှတ်ရန် ဖြစ်သည်။ လုပ်ငန်းရှင်တို့မှားတတ်သော အမှားတစ်ရပ်မှာ ရှင်းလင်းတိကျသော ပစ်မှတ်ဈေးကွက် သတ်မှတ်လုပ်ဆောင်ရန် ပျက်ကွက်ခြင်း ဖြစ်သည်။**

သောဆက်ဆံရေး ဈေးကွက်ဖော်ဆောင်မှု၌ အားသာထိရောက်လေ့ရှိသည်။ ဖောက်သည်များနှင့် ရင်းနှီးနွေးထွေးသောဆက်ဆံရေးကို အခိုင်အမာတည်ဆောက်၍ ထပ်ခါတလဲလဲဝယ်ယူမှုများကို ဖြစ်ပေါ်စေသည်။ ဖောက်သည်များနှင့်ရင်းနှီးသောဆက်ဆံရေးကို နှစ်ရှည်လများထိန်းထားနိုင်သောအားသာချက်ရှိသည်။ ဖောက်သည်များနှင့် ဆက်ဆံရေးကိုထူထောင်ရာတွင် အဆင့်လေးဆင့်ဖြတ်သန်း၍ ဖော်ဆောင်ရလေ့ရှိသည်။ မန်နေဂျာနှင့် ဝန်ထမ်းအနည်းငယ်သာလျှင် ကုမ္ပဏီ၏ဖောက်သည်များကိုသိရှိကြပြီး အများစုသည် ဖောက်သည်များနှင့် ရင်းနှီးနွေးထွေးသောဆက်ဆံရေး၏ အကျိုးရလဒ်ကို သေချာစွာနားလည်ခြင်းမရှိကြချေ။ ပထမအဆင့်တွင် Customer Awareness ဖြစ်အောင်၊ ရှိအောင်ကြိုးပမ်းအားထုတ်ကြရသည်။ ဖောက်သည်နှင့် ကုမ္ပဏီတို့ကြားတွင် စည်းတစ်ဖက် သို့မဟုတ် နံရံတစ်ခုခြားနေလေ့ရှိသည်။ ဒုတိယအဆင့် (Customer Sensitivity) တွင် ဝန်ထမ်းတို့သည် ဖောက်သည်တို့၏ သဘောသဘာဝကို ပိုမိုနားလည်လာပြီဖြစ်သည်။ သို့ရာတွင် သတင်းအချက်များပေးခြင်း၊ ရယူခြင်းများအားနည်းနေတတ်သည်။ အလားတူပင် ကုမ္ပဏီသည် ဖောက်သည်များကို ပြန်လည်သတင်းပေးရန်၊ ဆွဲဆောင်ရန် အားနည်းနေတတ်သည်။ တတိယအဆင့်ဖြစ်သည့် Customer Alignment Level တွင်မူ ဖောက်သည်တို့သည် ကုမ္ပဏီလုပ်ငန်း၏ အဓိကအခန်းကဏ္ဍတွင်ရှိသည်ကို မန်နေဂျာနှင့် ဝန်ထမ်းများ နားလည်သဘောပေါက်လာကြပြီဖြစ်သည်။ ဖောက်သည်များနှင့် အချိန်ပေး၍စကားဆိုခြင်း၊ မေးမြန်းခြင်း၊ သုတေသနပြုခြင်းများ ပြုလုပ်လာပြီဖြစ်သည်။ စတုတ္ထအဆင့်တွင်မူ (Customer Partnership) ဖောက်သည်များနှင့် ရင်းနှီးနွေးထွေးစွာ ဆက်ဆံလာပြီ၊ မိတ်ဖက်များဖြစ်လာပြီဖြစ်သည်။ ဖောက်သည်တို့သည် ကိစ္စရပ်တိုင်း၏ အရေးပါသောပုဂ္ဂိုလ်များအဖြစ် ရှုမြင်လာတတ်ပြီဖြစ်သည်။ မန်နေဂျာနှင့် ဝန်ထမ်းအသီးသီးသည် ဖောက်သည်ဆက်ဆံရေးကို အာရုံထား၍ ဆောင်ရွက်လာပြီဖြစ်သည်။

ယှဉ်ပြိုင်မှုအားသာချက်ရရှိရေးနှင့် ဖောက်သည်တို့ စိတ်ကျေနပ်မှုအမြင့်ဆုံးရရှိနိုင်ရေးအတွက် နည်းလမ်းခြောက်သွယ်ထားရှိဆောင်ရွက်သင့်ပေသည်။ ၎င်းတို့မှာ (၁) ဖောက်သည်ကိုဗဟိုပြုခြင်း၊ (၂) အရည်အသွေးကို တန်ဖိုးထားမြတ်နိုးခြင်း၊ (၃) အဆင်ပြေချောမွေ့မှုကို အလေးထားခြင်း၊ (၄) ဆန်းသစ်တီထွင်မှုကို အာရုံစူးစိုက်ခြင်း၊ (၅) ဖောက်သည်ဝန်ဆောင်မှုနှင့် ဖောက်သည်စိတ်ကျေနပ်မှုရရှိရေး အလေးထားဆောင်ရွက်ခြင်းနှင့် (၆) လျင်မြန်သွက်လက်မှုကိုဦးစားပေးခြင်းတို့ ဖြစ်သည်။

"ကုန်ပစ္စည်းမည်မျှပင်ကောင်းပါစေ၊ ဈေးကွက်စီမံချက် မည်မျှကောင်းပါစေ၊ စီးပွားရေးလုပ်ငန်းတိုင်းကို သုညဖြစ်စေအောင်လုပ်နိုင်သူမှာ ဖောက်သည်ပင်ဖြစ်သည်" ဟု အကြံပေးပညာရှင်တစ်ဦးက မိန့်ဆိုဖူးသည်။ ပုံမှန်ဝယ်ယူနေရာမှ အဆက်အသွယ်ဖြတ်လိုက်သော ဖောက်သည်တို့၏ ၆၇ ရာခိုင်နှုန်းသည် ဝန်ထမ်းများ၏ ဆက်ဆံရေးကျဲပါးမှုကြောင့် ဖြစ်သည်။ ဝန်ထမ်းများ၏ရိုင်းပျမှုကြောင့် စိတ်ကျေနပ်မှုမရရှိသော ဖောက်သည်တို့၏ ၉၆ ရာခိုင်နှုန်းသည် စောဒကတက်မည်မဟုတ်ချေ။ သို့ရာတွင် ထိုအထဲမှ ၉၁ ရာခိုင်နှုန်းသည် နောက်တစ်ကြိမ် ထပ်မံဝယ်ယူအားပေးတော့မည်မဟုတ်ချေ။ စိတ်ပျော်ရွှင်မှုမရ


www.foreverspace.com.mm

သည့် ဖောက်သည်တို့၏ ၃၀ ရာခိုင်နှုန်းသည် သူတို့၏အတွေ့အကြုံကို အနည်းဆုံး လူ ၂၀ သို့ဖွင့်ဟမည် ဖြစ်သည်။

စိတ်ကျေနပ်မှုမရသူတိုင်း (၁၀၀ ရာခိုင်နှုန်း) သည် ၎င်းတို့၏ ခါးသီးသောအတွေ့အကြုံကို အနည်းဆုံး အခြားလူကိုးဦးသို့ရင်ဖွင့်မည်ဖြစ်သည်။ ကုမ္ပဏီတို့သည် ဖောက်သည်သစ်များ တိုးပွားရရှိအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဖောက်သည်ဟောင်းများကို မဆုံးရှုံးအောင် ရေရှည်ထိန်းထားနိုင်ရန် လိုအပ်ပေသည်။ ဖောက်သည်သစ်များကို ဆွဲဆောင်ရန်ကုန်ကျရသော စရိတ်သည် ဖောက်သည်ဟောင်းများကိုထိန်းထားရသောစရိတ်ထက် ငါးဆခန့်ပိုမိုကုန်ကျလေ့ရှိသည်။ အောင်မြင်သောကုမ္ပဏီတို့သည် ဖောက်သည်များကို ရှေးရှုဆောင်ရွက်ပြီး ကုမ္ပဏီအတွင်းရှိ ဝန်ထမ်းအသီးသီးကို ဖောက်သည်စိတ်ကျေနပ်မှုရရှိရေးအသိစိတ်များ တဖြည်းဖြည်း ပိုမိုသိရှိရန်နားလည်လာစေရန် ဆောင်ရွက်လေ့ရှိသည်။

ယှဉ်ပြိုင်မှု မြင့်မားပြင်းထန်သောယနေ့ဈေးကွက်တွင် ကုန်စည်နှင့်ဝန်ဆောင်မှုတို့၏ အရည်အသွေးမြင့်မားမှသာ ဈေးကွက်တွင်အောင်မြင်မှုရနိုင်ပေသည်။ များစွာသောကုမ္ပဏီတို့သည် ကုန်စည်နှင့် ဝန်ဆောင်မှုအရည်အသွေးထက် ကြော်ငြာကို ပိုမိုအလေးထားလေ့ရှိသည်။ ကုန်ပစ္စည်းအရည်အသွေးနိမ့်ကျပါက ကြော်ငြာအားကောင်းစေကာမူ အောင်မြင်ရန်မလွယ်ကူပါချေ။ နိုင်ငံတကာအဆင့်၊ ကမ္ဘာ့အဆင့်ကုမ္ပဏီတို့သည် အရည်အသွေးကို ကုမ္ပဏီ၏ မဟာဗျူဟာမြောက် ရည်မှန်းချက်အဖြစ်ထားရှိကာ ဆောင်ရွက်လာကြသည်။ ကုန်စည်နှင့် ဝန်ဆောင်မှုအရည်အသွေးမြင့်မားရုံသက်သက်မျှသာမဟုတ်ဘဲ လုပ်ငန်းတစ်ခုလုံး၏ နေရာဌာနအသီးသီး၊ လုပ်ဆောင်ချက်အသီးသီးနှင့် ဖောက်သည်များနှင့် ဆက်ဆံရေးတွင်ပါ အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှု (Total Quality Management, TQM) ကို ကျင့်သုံးဆောင်ရွက်လာကြပြီ ဖြစ်သည်။

ထိပ်တန်းအရည်အသွေးရရှိရန်အတွက် လမ်းညွှန်ချက်ကိုးရပ်ကို လိုက်နာဆောင်ရွက်ကြပါသည်။ ယင်းတို့မှာ (၁) အရည်အသွေးကောင်းရန် စစ်ဆေးမှုတစ်ခုတည်းကို အားမကိုးဘဲ ဖြစ်စဉ် (Process) တစ်ခုလုံးတွင် အရည်အသွေးစနစ်ကို တည်ဆောက်ခြင်း၊ (၂) အသင်းအဖွဲ့စိတ်ဓာတ်ကို တွန်းအားပေးဆောင်ရွက်ခြင်း၊ (၃) ထောက်ပံ့သူ ‘Supplier’ များနှင့် ရေရှည်လက်တွဲဆောင်ရွက်ခြင်း၊ (၄) အရည်အသွေးတိုးမြှင့်ရေးအစီအစဉ်ထားရှိကာ မန်နေဂျာနှင့် ဝန်ထမ်းများကို မွမ်းမံသင်တန်းများပေးခြင်း၊ (၅) ဌာနတိုင်း၊ အလွှာတိုင်းရှိ ဝန်ထမ်းအသီးသီးကို အရည်အသွေးနှင့်ပတ်သက်သောလုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်များအပ်နှင်းခြင်း၊ (၆) အရည်အသွေးနှင့်ပတ်သက်၍ မန်နေဂျာများကို ကတိကဝတ်ထား (အာမခံ) ဆောင်ရွက်စေခြင်း၊ (၇) ကုမ္ပဏီ၏လုပ်ငန်းစဉ် (Process) တစ်ခုလုံးကို ပြန်လည်သုံးသပ်စေခြင်း၊ (၈) အရည်အသွေးနှင့်ချိတ်ဆက်၍ ဝန်ထမ်းများဆုချီးမြှင့်ခြင်းနှင့် (၉) ကုန်စည်နှင့် ဝန်ဆောင်မှုအရည်အသွေးများ စဉ်ဆက်မပြတ်တိုးတက်ရေးအတွက် ကုမ္ပဏီတစ်ခုလုံးနှင့်ဆိုင်သော မဟာဗျူဟာတစ်ရပ်ချမှတ်ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။



ဖောက်သည်များကို ‘ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများနှင့်ဆက်ဆံရာတွင် ဘာကိုလိုချင်ပါသနည်း’ ဆိုသောမေးခွန်းကိုမေးမြန်းရာ တူညီသောအဖြေတစ်ခုမှာ ‘အဆင်ပြေချောမွေ့ခြင်း (Convenience)’ ဖြစ်သည်။ အောင်မြင်သောကုမ္ပဏီတို့သည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အဆင်ပြေချောမွေ့ရေးကို ဦးစားပေးဆောင်ရွက်သည်။ နည်းလမ်းသစ်ရှာကြံသည်။ ဖောက်သည်တို့မြင်သောရှုထောင့်မှနေ၍ စဉ်းစားအဖြေရှာသည်။ ‘မိမိလုပ်ငန်းသည် ဖောက်သည်များနှင့်နီးသောနေရာတွင်ရှိသလား? လွယ်လွယ်ကူကူလာရောက်ဆက်သွယ်ဝယ်ယူနိုင်သလား? ကုမ္ပဏီအလုပ်ချိန်သည် ဖောက်သည်များအတွက် သင့်တော်မှုရှိရဲ့လား? ပစ္စည်းပို့ဆောင်မှု၊ သယ်ယူမှုများ အဆင်ပြေကျေနပ်ဖွယ်ရာရှိရဲ့လား? သင့်ဝန်ထမ်းများသည် လုပ်ငန်းများ မြန်ဆန်ချောမွေ့

www.foreverspace.com.mm



အောင် ဆောင်ရွက်နိုင်ရဲ့လား ? ထိရောက်တွင်ကျယ်မှုရှိရဲ့လား ?' စသည်ဖြင့် စဉ်းစားအဖြေရှာပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလေ့ရှိသည်။

စွန့်ဦးတီထွင်တို့၏ အကြီးမားဆုံးသော အားသာချက်မှာ 'တီထွင်ဆန်းသစ်ခြင်း' ဖြစ်သည်။ တစ်မူထူးခြားသော ချဉ်းကပ်မှုများဖြင့် ကုန်ပစ္စည်းသစ်များ၊ ဆန်းသစ်သောနည်းပညာများကို အာရုံစူးစိုက်ဆောင်ရွက်သည်။ ကုမ္ပဏီငယ်တို့သည် ကုမ္ပဏီကြီးများထက် အခွင့်အလမ်းသစ်များကို လျင်လျင်မြန်မြန်ရရှိအသုံးချတတ်သည်။ အကြောင်းမှု ကုမ္ပဏီငယ်တို့သည် ရိုးရှင်းပြားချပ်သော ဖွဲ့စည်းပုံနှင့် ပြုပြင်ပြောင်းလဲလွယ်သော စီမံခန့်ခွဲမှုကို ကျင့်သုံးသောကြောင့်ဖြစ်သည်။ ဘဏ္ဍာရေးအကန့်အသတ်ရှိသော်လည်း စွန့်ဦးတီထွင်တို့၏ ကုမ္ပဏီတို့သည် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတွင် ဦးဆောင်သူများဖြစ်နေလေ့ရှိသည်။

ပြိုင်ဆိုင်မှုမြင့်မားသောစီးပွားရေးသစ်တွင် ဖောက်သည်တို့သည် အဓိကအခန်းကဏ္ဍတွင်ရောက်ရှိလာပြီး ကုမ္ပဏီတို့သည် ဖောက်သည်ဝန်ဆောင်မှု (Customer Service) သည် မဟာဗျူဟာမြောက် လက်နက်ကောင်းတစ်ခုအဖြစ် မမျှော်လင့်ဘဲ တွေ့ရှိလာကြသည်။ သာလွန်ကောင်းမွန်သော ဖောက်သည်ဝန်ဆောင်မှုသည် ဖောက်သည်များကိုဆွဲဆောင်ရန်၊ ထိန်းထားရန် အထိရောက်ဆုံးသောနည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ ဖောက်သည်ဝန်ဆောင်မှုကောင်းတစ်ခုဖြစ်မြောက်ရန် လိုက်နာသင့်သောအချက်များရှိရာ ၎င်းတို့မှာ (၁) စောင့်စားနေသည့် ဖောက်သည်ကို ချက်ချင်းဝန်ဆောင်မှု၊ ဆောင်ရွက်မှုပေးရမည်ဟူသော အသိရှိခြင်း၊ (၂) ကွန်ပျူတာနှင့် စာရင်းသွင်းထားသောလုပ်ငန်းများ၊ လုပ်ဆောင်ချက်များကို မည်သို့ကိုင်တွယ်ဖြေရှင်းလုပ်ဆောင်ရမည်ကိုသိခြင်း၊ (၃) စင်တွင်ထားရှိသော ကုန်ပစ္စည်း၏ အရွယ်အစား၊ အရောင် စသည်တို့ကို လေ့လာသိရှိမှတ်သားထားခြင်း၊ (၄) ကုန်ပစ္စည်း၏အကြောင်းအရာအသုံးဝင်မှု၊ အသုံးပြုပုံ စသည်တို့ကို သွက်လက်ချက်ချာစွာ ရှင်းပြနိုင်ခြင်း၊ (၅) ဖောက်သည်များကို ယဉ်ကျေးချိုသာစွာ လမ်းညွှန်ပေးနိုင်ခြင်း၊ (၆) ကုန်ပစ္စည်းများ ကြော်ငြာပစ္စည်းများ ကုန်ခါနီးလျှင် မန်နေဂျာကို အသိပေးတင်ပြခြင်း၊ (၇) ကတိပြုထားသည့်အတိုင်း ကုန်ပစ္စည်းများကို လဲလှယ်အစားပေးခြင်း၊ (၈) အလားတူ ကုန်ပစ္စည်းများ၊ ရွေးချယ်စရာများကို ညွှန်နိုင်ခြင်း၊ (၉) အဝင်ဖုန်းများကို နေ့ချင်းအကြောင်းပြန်ကြားခြင်း၊ (၁၀) ကတိနည်းနည်းပေး၍ ပိုပိုသာသာ ဆောင်ရွက်ပေးခြင်း၊ (၁၁) ကုန်ပစ္စည်းချို့ယွင်းမှုများဖြစ်ပေါ်လျှင် ချက်ချင်းဆက်သွယ်ဖြေရှင်းပေးခြင်းနှင့် (၁၂) မဝယ်ဖြစ်သော်မှ ဖောက်သည်တိုင်းကို ကျေးဇူးတင်စကားပြောကြားခြင်းတို့ ဖြစ်သည်။

**ဖောက်သည် စိတ်ကျေနပ်စေရေးအတွက် ကုန်ကျစရိတ်အသက်သာဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းမှာ ဖောက်သည်များနှင့် ရင်းနှီးကျွမ်းဝင်ခြင်း၊ ပုဂ္ဂိုလ်ရေးဝန်ဆောင်မှုများ ပေးခြင်း ဖြစ်သည်။**

ဖောက်သည်ဝန်ဆောင်မှုပေးခြင်းသည် ဖောက်သည်စိတ်ကျေနပ်မှုရရှိရေးပန်းတိုင်၏ အလယ်အလတ်အဆင့်မျှသာ ရှိသေးသည်။ ဖောက်သည်တို့ လိုအပ်သည်များကို 'အရည်အသွေးကောင်းမွန်မှု၊ အဆင်ပြေချောမွေ့မှု၊ ဝန်ဆောင်မှု' စသည်များ ပေါင်းစပ်၍ အာရုံစူးစိုက်ဖြည့်ဆည်းပေးရန် လိုအပ်သည်။ ဖောက်သည်စိတ်ကျေနပ်စေရေးအတွက် ကုန်ကျစရိတ်အသက်သာဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းမှာ ဖောက်သည်များနှင့် ရင်းနှီးကျွမ်းဝင်ခြင်း၊ ပုဂ္ဂိုလ်ရေးဝန်ဆောင်မှုများပေးခြင်း ဖြစ်သည်။

မြန်နှုန်းမြင့်ဆောင်ရွက်ခြင်းဖြင့် အချိန်ကို လျှော့ချနိုင်သည်။ အရှိန်ဖြင့် ဆောင်ရွက်သော အတွေးအခေါ်အယူအဆကို Time Compression Management (TCM) ဟုခေါ်ပြီး ယူဆချက်သုံးရပ်ပါရှိသည်။ (၁) ကုန်စည်သစ်များကို ဈေးကွက်သို့ အမြန်တင်ပို့ခြင်း၊ (၂) ထုတ်လုပ်မှုနှင့် ပို့ဆောင်ရေးတွင် ဖောက်သည်တို့ တုံ့ပြန်ချိန်ကို လျင်မြန်စေခြင်း၊ (၃) အမှာစာများ အတိုင်း ဖြည့်ဆည်းရန် စီမံရေးရာအချိန်များကို လျှော့ချခြင်းဟူသော ယူဆချက်သုံးရပ်ဖြစ်ပါသည်။ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်မှုရှိရန် လိုအပ်သည်။ အလဟဿကုန်ဆုံးမည့်အချိန်များကို လျှော့ချဖယ်ရှားခြင်းဖြင့် ထိရောက်မှု၊ တွင်ကျယ်မှုရှိလာသည်။ ကျွမ်းကျင်မှုရှိရှိ၊ အရှိန်အဟုန်မြင့် ဆောင်ရွက်ခြင်းဖြင့် အချိန်ချွေတာရာရောက်ပြီး လုပ်ငန်းတိုးတက်စေသည်။ ကုန်ကျစရိတ်နည်းသည်။ အရည်အသွေးတိုးတက်သည်။ ဈေးကွက်ဝေစုပိုမိုရရှိစေပါသည်။ အချုပ်အားဖြင့်ဆိုရသော် ပြောင်းလဲတိုးတက်လာသော စီးပွားရေးသစ်၏ တောင်းဆိုချက်အရ ဖောက်သည်တို့သည် အရေးပါသော အဓိကအခန်းကဏ္ဍသို့ရောက်ရှိလာရာ ကုမ္ပဏီတို့သည် ဖောက်သည်ဝန်ဆောင်မှုဗျူဟာတစ်ရပ်ချမှတ်၍ ဈေးကွက်မဟာဗျူဟာကို ခင်းကျင်းဆောင်ရွက်ကြပြီ ဖြစ်ပါသည်။

**မျိုးခန့်စံ**

**Ref:(1) A focus on the customer; Effective small Business Managment (5th Edition) By Narman M. Searborough & Thomas W. Zimmerer.**
**(2) Marketing Insight By Philip Kotler.**

www.foreverspace.com.mm

# သီးနှံသိုလှောင်မှုအနုပညာနှင့် လူ့စွမ်းအားအရင်းအမြစ်

မောင်မောင်အေး (ကုန်သွယ်ရေး)

**ကျွန်တော်တို့နိုင်ငံရဲ့ ၈၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားတွေစိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံအမျိုးမျိုးကို ကုန်ကြမ်းအတိုင်း ဒါမှမဟုတ် ကုန်ချောအဖြစ်ပြုပြင်သိုလှောင်ကြရပါတယ်။ ကုန်ကြမ်းအတိုင်းသိုလှောင်ရတဲ့ပစ္စည်းတွေက ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စပါး၊ ကြက်သွန်နဲ့ မီးဖိုချောင်သုံးသီးနှံတချို့တို့ ဖြစ်ပါတယ်။ ကုန်ချောအဖြစ်ပြုပြင်သိုလှောင်တာက ဂျုံစေ့အဖြစ်ကြိတ်ခွဲသိုလှောင်ခြင်း၊ စပါးမှဆန်အဖြစ်ကြိတ်ခွဲသိုလှောင်ခြင်း၊ ပဲမျိုးစုံမှာလည်း ခွဲခြမ်းအဖြစ်၊ အမှုန့်အဖြစ်ပြုပြင်သိုလှောင်ခြင်းတို့ ဖြစ်ပါတယ်။**

## သီးနှံတွေဘာဖြစ်လို့ သိုလှောင်ကြပါသလဲ

သီးနှံသိုလှောင်ခြင်းမှာ ရည်ရွယ်ချက်ရှိပါတယ်။ သီးနှံတစ်ခုစတင်ထွက်ပေါ်ပြီးတာနဲ့ နောက်နှစ်တစ်ပတ်မလည်ခင် အချိန်မရွေးအလျဉ်မပြတ်စားသုံး၊ ရောင်းချနိုင်ဖို့၊ သဘာဝဘေးအန္တရာယ်တွေများကျရောက်ခဲ့ရင် အရေးပေါ်ထုတ်ယူသုံးစွဲနိုင်ဖို့၊ နောက်လာမယ့်စိုက်ပျိုးရာသီအတွက် မျိုးစေ့၊ မျိုးဆန်အဖြစ် ပြန်လည်စိုက်ပျိုးနိုင်ဖို့နဲ့ သီးနှံကုန်စည်ကူးသန်းရောင်းဝယ်ရာမှာ အထောက်အကူပြုဖို့ဆိုတဲ့ ရည်ရွယ်ချက်များဖြစ်ပါတယ်။



www.foreverspace.com.mm

## ရိတ်သိမ်းချိန်လွန်သီးနှံများ သဘာဝ

ကောက်ပဲသီးနှံမှအစ သစ်သီးဝလံအားလုံးမိခင်အပင်မှာရှိနေစဉ် အပင်မှ အာဟာရဓာတ်များ ရယူကြီးထွားရှင်သန်နေကြပေမယ့် ရိတ်သိမ်းလိုက်သည့်နောက်ပိုင်းဝယ် ယိုယွင်းမှုကဏ္ဍ စတင်ဖွင့်လှစ်သလိုဖြစ်ရပါတယ်။ အဆိုပါစတင်ယိုယွင်းမှုကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် မိမိကိုင်တွယ်မည့်သီးနှံ၏သဘာဝ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အရည်အသွေးသီးနှံတွင် ရေပါဝင်မှု (အစိုဓာတ်)၊ ပတ်ဝန်းကျင်အပူချိန်နဲ့ လေထုအတွင်းရှိ စိုထိုင်းဆတို့နဲ့ သီးနှံအရည်အသွေးကိုပြောင်းလဲစေနိုင်သည့် သီးနှံအဖျက်ပိုး၊ မှိုနဲ့ အဏုဇီဝ စသည်တို့ကို သိရှိနားလည်ထားပါမှ သီးနှံ၏ ရိတ်သိမ်းချိန်လွန်သက်တမ်း၊ အရောင်အဆင်းမပျက်ဘဲ တာရှည်ခံမှာဖြစ်ပါတယ်။

## သိုလှောင်သီးနှံများ မပျက်စီးရန် ဂရုပြုရမည့်အချက်များ

ကောက်ပဲသီးနှံအားလုံးလိုလိုမှာ ရင့်မှည့်ပြီးမှ ရိတ်သိမ်းခြွေလှေ့ကာ သိုလှောင်ရမည့်အခြေအနေသို့ရောက်ရှိရခြင်းဖြစ်ပါတယ်။ သီးနှံရဲ့သဘာဝအရ ရေနဲ့ဖွဲ့စည်းထားတာဖြစ်လို့ ရိတ်သိမ်းပြီးသည်နဲ့ မသိုလှောင်မီ အစိုဓာတ်ကိုလျှော့ချသည့်အနေနဲ့ ခြောက်သွေ့အောင်ပြုပြင်ပေးရပါတယ်။ အကယ်၍ စပါးသိုလှောင်မယ်ဆိုရင် ကာလတိုအတွက် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိသင့်တာဖြစ်ပေမယ့် ကာလရှည်အတွက်ဆိုရင် အစိုဓာတ် ၁၂ ရာခိုင်နှုန်းထိ ခြောက်သွေ့စေသင့်ပါတယ်။ ဒီထက်ပိုလာခဲ့မယ်ဆိုရင် သီးနှံပုံမှာ အစိုဓာတ်ရွေ့လျားခြင်းဖြစ်ပေါ်ပြီး မှိုတက်ခြင်း၊ အပင်များပေါက်ခြင်း စသည်ဖြင့်ပျက်စီးလာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အစိုဓာတ်ကို ဦးစားပေးဂရုပြုရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်က သီးနှံနဲ့အတူပါလာတဲ့ ဖုန်၊ သဲ၊ ခဲ၊ အဖျင်းအမှော်များရဲ့ ပယောဂ ဖြစ်ပါတယ်။ သီးနှံသိုလှောင်မယ်ဆိုရင် သန့်စင်ပြီးမှ သိုလှောင်တာဟာ အန္တရာယ်အကင်းဆုံးပါပဲ။ ပဲတစ်တင်း ၇၂ ပေါင်မှာ အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ တစ်ပေါင် ပါနေမယ်ဆိုရင် ပဲတန် ၁၀၀ လှောင်ထားတဲ့သိုလှောင်ရုံမှာ ဖုန်၊ သဲ၊ ခဲတွေ ၁ ဒသမ ၃၈ တန်ပါထည့်သွင်းသိုလှောင်ထားသလိုဖြစ်နေပါမယ်။ သူတို့ကိုသယ်ယူထမ်းရွက်တဲ့အလုပ်သမားခလည်းပေးရမယ်။ ဝယ်စဉ်ကလည်း ပဲဈေးအတိုင်းပေးဝယ်ရမယ်။ သိုလှောင်ရုံခလည်းပေးထားရမယ်။ သိုလှောင်နေရာလည်း ပုပ်မယ်။ အစိုဓာတ်လည်းကူးလွယ်တယ်။ ပိုးမွှားလည်းကပ်ငြိလွယ်တဲ့အတွက် သီးနှံသိုလှောင်ရာမှာ ဖုန်၊ သဲ၊ ခဲတွေ ကင်းစင်အောင်လုပ်ပြီးမှ ရောင်းဝယ်ဖောက်ကားသိုလှောင်တာအကောင်းဆုံးပါပဲ။

နောက်တစ်မျိုးက ပိုးမွှားတွေပါပဲ။ ပိုးမွှားတွေထဲမှာ မျက်စိနဲ့မမြင်နိုင်တဲ့၊ အခင်းကတည်းကပါလာတဲ့ ပင်ပိုးတွေ၊ ပိုးဥတွေ၊ ကပ်ပါးတွေ၊ အဏုဇီဝပိုးတွေကြောင့်လည်း သိုလှောင်သီးနှံတွေအရည်အသွေး ပျက်စီးစေတာပါပဲ။ ဒါ့အပြင် ပိုးမွှားကူးစက်စေတဲ့ တခြားနည်းတွေကတော့ သယ်ယာဉ်များပေါ်မှ ကူးစက်ခြင်း၊ ထုပ်ပိုးပစ္စည်းများမှ ကူးစက်ခြင်း၊ သိုလှောင်ရုံအကြိုအကြားများမှကူးစက်ခြင်း၊ သိုလှောင်ရုံပတ်ဝန်းကျင်မှကူးစက်ခြင်းလည်း ဖြစ်ပွားတတ်ပါတယ်။

## ဘယ်သီးနှံကို ဘယ်လိုသိုလှောင်ရုံမှာ သိုလှောင်မလဲ

ယခင်ကသီးနှံတွေကို သိုလှောင်ရုံတွေထဲမှာ ဝမ်းပုံစနစ်နဲ့ အိတ်သွတ်စနစ်တွေနဲ့ သိုလှောင်ကြပါတယ်။ နောက်ပိုင်းတော့ စပါးတစ်မျိုးသာ ဝမ်းပုံစနစ်ကျန်ရစ်ပြီး ကျန်သီးနှံတွေအားလုံးလိုလို အိတ်သွတ်ပြီးမှ သိုလှောင်လာကြပါတယ်။

ယခင်ကတော့ စပါးကို ကျီ၊ ပုတ်တွေထဲမှာ သိုလှောင်ကြပါတယ်။ စပါးကျီဆိုတာ တိုင်တွေမှာဆင့်တွေခံပြီး အောက်နဲ့ ဘေးကထုထရံ (ဝဲကွပ်ပေါက်) တွေယက်ပြီး အတွင်းအပြင်မှာ မြေနီ၊ စစ်ဆေးသုတ်ကာ ဝမ်းပုံသိုလှောင်ကြပါတယ်။ ကိုယ့်လယ်ယာထဲက တစ်နိုင်ဆိုရင်တော့ ပမာဏခပ်သေးသေးဆို ကိစ္စသိပ်မရှိဘူး။ တင်းသောင်းချီပြီး ဝင်ဆံ့တဲ့သိုလှောင်ရုံတွေမှာဆိုရင်တော့ အထက်ကပြောခဲ့တဲ့အစိုဓာတ်၊ ဖုန်၊ သဲ၊ ခဲ၊ ပိုးမွှားတွေကင်းစင် ခြောက်သွေ့နေဖို့လိုပါတယ်။ ပြီးရင် သိုလှောင်ရုံရဲ့ကြံ့ခိုင်ရေး၊ ပတ်ဝန်းကျင်အတွင်း၊ အပြင်သန့်ရှင်းရေးတွေကလည်း အရေးပါပါတယ်။ တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါလောက် စပါးပုံအထက်အောက်ကို ဖိနပ်




www.foreverspace.com.mm

ချုပ်ပြီး တက်လျှောက်နေရပါတယ်။ တကယ်လို့ အစိုဓာတ်မညီတဲ့စပါးများ လှောင်မိလို့ အောက်မှာ Hot Spot ဖြစ်နေပြီဆိုရင် ခြေဖဝါးမှာ အပူဓာတ်နွေးနွေးက စရပါတယ်။ အဲဒီစပါးမျက်နှာပြင်တည့်တည့်ကို ဖယ် ကြည့်ရင်အောက်ရောက်လေ မခံနိုင်အောင် ပူလေဆိုတာကိုတွေ့ရပါမယ်။ ဒါ့ကြောင့် စပါးသိုလှောင်ရုံဟာ လေဝင်လေထွက်ကောင်းရမှုဖြစ်သလို အချင်းတစ်တောင်ခန့်ရှိတဲ့ ဝါးပိုင်းယက်ခွေတွေ ဒါမှမဟုတ် ဝါးဘိုးဝါးအဆစ်ဖောက်ထုတ်ပြီး ဘေးမှာ လေဝင်အပူစီးအောက်လွှချောင်းနဲ့တိုက်ပေးထားဖို့လိုပါတယ်။ ဒါမှ စပါးအောက်ဆုံးလွှာမှာရှိတဲ့အပူတွေဟာ လေခေါင်းတိုင်တွေကတစ်ဆင့် အပြင်ကို ထွက်သွားပြီး စပါးပျက်စီးမှုသက်သာမှာ ဖြစ်ပါတယ်။

အိတ်သွတ်သိုလှောင်ရတဲ့ပဲမျိုးစုံ၊ ဆီထွက်သီးနှံနဲ့ဆန်များကို သိုလှောင်မယ်ဆိုရင် Dunnage ခေါ်တဲ့ ခိုင်ခံ့တဲ့သစ်သားတင်ခုံတွေပါရင် ပိုကောင်းပါတယ်။ အလယ်မှာ တိုင်တွေနည်းနိုင်သမျှနည်းပြီး မပါလေကောင်းလေပါပဲ။ အိတ်တွေစီထပ်တဲ့နေရာမှာလည်း သုံးလုံးယှဉ်၊ နှစ်လုံးထိပ်ပိတ်နဲ့ ငါးလုံးခွေစီနည်း၊ လေးလုံးကို လေးကွက်ကြားစီပြီး ထိပ်ကတစ်အိတ်ပိတ်စီနည်းတွေနဲ့တစ်လွှာချင်း ဖင်ပြန်ခေါင်းပြန်စီတင်သွားမှ တစ်လွှာနဲ့ တစ်လွှာချိတ်မိပြီး အပုံပြိုတဲ့ အန္တရာယ်ကကင်းဝေးပါမယ်။ စီထပ်ရင်လည်း အခုခေတ်ပလတ်စတစ်ပီနံအိတ်တွေမို့ ၁၆ လွှာထက်ပိုမိုစီထပ်ခြင်း မပြုသင့်ပါဘူး။ အန္တရာယ်များလို့ပါ။ နံရံနဲ့လည်း လူသွားလမ်းပတ်လည်ချန်ပြီးမှ ပိုင်ပုံကို ပုံသင့်ပါတယ်။ တချို့က ကြွက်သွားလမ်းလို့ ခေါ်ကြပါတယ်။ သာမန်အားဖြင့် နေရာပုပ်တယ်လို့ထင်ရပေမယ့် ပိုးမွှားကာကွယ်ရေးလုပ်ငန်း၊ နမူနာစစ်ဆေးခြင်းနဲ့ သန့်ရှင်းရေးလုပ်တဲ့အခါများမှာ အသုံးဝင်ပါတယ်။ သီးနှံတွေထုတ်တဲ့သွင်းတဲ့အခါ ပထမဝင်၊ ပထမထွက်စနစ်ကျင့်သုံးတာ အကောင်းဆုံးဖြစ်ပြီး နှစ်ဟောင်းသီးနှံတွေနဲ့ ပိုင်ပုံနီးကပ်သိုလှောင်တာ၊ ထုပ်ပိုးပစ္စည်းဟောင်းတွေကို သိုလှောင်ရုံထဲမှာ သိမ်းဆည်းထားတာတွေဟာ သီးနှံသိုလှောင်ရုံတစ်ခုလုံး ပိုးမွှားတွေကူးစက်လွယ်ပါတယ်။

ခုနောက်ပိုင်းမှာတော့ ဒေါင်လိုက် Silo Bin တွေမှာ ဝမ်းပုံသိုလှောင်ကြပြီး ယန္တရားစက်ကိရိယာတွေနဲ့ အထက်အောက်လှန်တာ၊ အပုံပြောင်းတာတွေလုပ်လာကြပါတယ်။ လေစုပ်စနစ်နဲ့သယ်တာ၊ ကွန်ဗေယာသားရေပတ်ကြိုးတွေနဲ့ သယ်တာတွေနဲ့ ခေတ်မီလာကြပါတယ်။

ကုန်စိမ်းသိုလှောင်ရာမှာတော့ ကြက်သွန်သိုလှောင်တာက ပညာအပါဆုံးပါပဲ။ ဆောင်းမှာစိုက်ပြီး နွေမှာပေါ်တဲ့ကြက်သွန်ကနှစ်ပေါက်လှောင်လို့ရပါတယ်။ တပေါင်း၊



www.foreverspace.com.mm





တန်ခူးလမှာပေါ်ပြီး နယုန်လဆိုရင် ရေစစ်ပြီး လှောင်လို့ရပြီလို့ သတ်မှတ်ပါတယ်။ ရေပါတဲ့သီးနှံဆိုတော့ လေလုံလို့မရဘူး၊ အပေါ်ကသိပ်ဖိလို့မရဘူး။ ဒါ့ကြောင့် ကြက်သွန်ဂိုဒေါင်ဆိုရင် ဝါးနင်းကြမ်းနဲ့ အကာက ဝါးကြမ်းအကျဲတွေနဲ့ လေဝင်လေထွက်ကောင်းအောင် ထားရတယ်။ ပုံတော့လည်း နှစ်ပေ၊ သုံးပေထက်မပိုတဲ့ ခေါင်ပုံမြောင်းကလေးတွေနဲ့ ဖြန့်ထားရတယ်။

ဒါ့ကြောင့် ကြက်သွန်ဂိုဒေါင်တွေဟာ ဘေးကိုအကျယ်ယူထားပြီး လူတစ်ရပ်လွတ် ရုံ နှစ်ထပ်၊ သုံးထပ်၊ လေးထပ်အထိ ခိုင်ခံ့အောင်ဆောက်ကြတယ်။ အမိုးကတော့ ကပ်မိုး အသုံးများတယ်။ သွပ်မိုးထားရင် ပူလွန်းလို့အပေါ်ဆုံးအထပ်က တရားလွန်လျော့ပါတယ်။ ကြက်သွန်ဆိုတာ တစ်ခါကိုင်တစ်ခါ အခွံကျွတ်တတ်တာဆိုတော့ တင်ကတည်းက သန့်အောင်ရှင်းပြီးမှ ကားတင်ထုတ်တော့မယ့်အခါ အိတ်သွတ်မှပဲ ကိုင်ကြတော့တယ်။ မတ်၊ ဧပြီက လှောင်တဲ့ကြက်သွန်ဟာ နိုဝင်ဘာဆောင်းအဝင်ဆိုရင် အပင်သစ်တွေထွက်ပြီး သက်တမ်းကုန်ပါတယ်။ ဒီလိုနှစ်ပေါက်လှောင်ထားရင်လည်း ၁၀၀ ပိဿာလှောင်လို့ အချိန် ၆၀ ကျန်ရင် ကံကောင်းပါ။ လူခိုးတယ်ထင်ရအောင် အပူပြင်းတဲ့နှစ်တွေဆိုရင် ပိုလျော့တတ်ပါတယ်။

အထက်မှာ နမူနာသဘောတင်ပြခဲ့တဲ့စပါး၊ ပဲမျိုးစုံသီးနှံနဲ့ ကုန်စိမ်းကြက်သွန်တို့ရဲ့ ရိတ်သိမ်းပြီးနောက် သိုလှောင်တဲ့နေရာမှာ ဆောင်ရန်နဲ့ရှောင်ရန် အနည်းငယ်ပါ။ သမုဒ္ဒရာကရေကို လက်ခုပ်ထဲထည့်ပြတာကမှ များပါဦးမယ်။ ဒီသီးနှံ ရောင်းရေးဝယ်တာလုပ်ငန်းရဲ့အစဖြစ်တဲ့ သိုလှောင်ကိုင်တွယ်ထိန်းသိမ်းနည်းလုပ်ငန်းစဉ် သိမှတ်လိုက်နာစရာများက ပညာလိုက်ယူလို့ မဆုံးပါဘူး။ ဒါ့ကြောင့် သီးနှံသိုလှောင်မှုအနုပညာလို့ တင်စားရတာပါ။

ဟိုအရင်တုန်းက လူဦးရေလည်း သိပ်မများ၊ ရောင်းဝယ်ဖောက်ကားမှု၊ ကုန်စည်စီးဆင်းမှု၊ ငွေပေးငွေယူပမာဏမများခင်က ကုန်သည်ပွဲစားကြီး၊ ပွဲကတော်ကြီးတွေဆိုတာ မြို့မျက်နှာဖုံး၊ နာမည်နဲ့ အတွေ့အကြုံအရ ရထားတဲ့ဂုဏ်ပုဒ်တွေပါ။ နောက်မှ သူ့ဆီမှာ အထမ်းအပိုး၊ ကူလီခေါင်း၊ တာလီချုံး၊ ငွေသိမ်းလုပ်ရင်း၊ တပည့်ခံရင်း ယနေ့ တချို့ကုန်သည်ကြီးတွေဖြစ်လာကြပါတယ်။ တပည့်ခံရတာ ၁၀ နှစ် ၁၀ မိုးမက ကြာပါတယ်။ တစ်နိုင်ငံလုံးနဲ့ခြုံပြောရမယ်ဆိုရင်လည်း ၁၉၆၂ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ အစိုးရကပဲ ဗဟိုဦးစီးချုပ်ကိုင်ခဲ့တာကိုး။ စိတ်ပါလည်းစိုက်၊ မပါလည်းစိုက်၊ ထွက်လည်းရောင်း၊ မထွက်လည်းရောင်း၊ ဒိုင်သွင်းဖို့ အဖျားအနာတွေစုထားပြီးမှသွင်း၊ ကျန်တာ မှောင်ခိုရောင်းနဲ့ ဒီလိုနေလာကြတော့ ကျွန်တော်တို့လူမျိုးမှာ သီးနှံနဲ့ပတ်သက်တဲ့ သိုလှောင်ခြင်း၊ ဝယ်ယူရောင်းချခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း၊ သယ်ယူခြင်း၊ ကြိတ်ခွဲမွမ်းမံပြုပြင်ပြီး ဈေးပိုရအောင်လုပ်နည်းတွေမှာ အသိဉာဏ်ပွင့်လင်းမှုနောက်ကျခဲ့ရတယ်။

www.foreverspace.com.mm




ပိတ်ထားရင် ဘယ်လိုခိုးထွက်ရမလဲနဲ့ တားထားဆီးထားရင်း ဘယ်လိုရှောင်အောင်လုပ်ရမလဲဆိုတာမှာပဲ ဉာဏ်တွေက ကုန်သွားပုံရပါတယ်။

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာရတော့ သီးနှံအားလုံးကို လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်လည်းပြုရော မှန်းတုတ်ရမ်းတုတ်နဲ့ပြီးလာခဲ့ကြတာ ယနေ့အထိပဲ။ ပညာရပ်ကို ဘာ့ကြောင့်ဆိုတဲ့ မေးခွန်းနဲ့မချဉ်းကပ်၊ မလေ့လာခဲ့တဲ့ ဓလေ့ထုံးစံများအရ၊ ရှေ့လူများရဲ့ လုပ်ပုံကိုင်ပုံအရ၊ အများအပြောအရဆိုပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ စိုက်ပျိုး၊ သိုလှောင်၊ ရောင်းချလာခဲ့ကြတယ်။ စနစ်တကျတတ်ကျွမ်းလာကြတာမဟုတ်ဘူး။ တချို့ပိုက်ဆံဝါးလားတွေ သီးနှံပေါ်ချိန်မှာ ဘာပဲဖြစ်နေနေ သိမ်းကျုံးပြီးဝယ်တာပဲ။ ဈေးကြိုက်ရင်ထုတ်ရောင်းတာပဲ။ ငွေကြေးအကျိုးအမြတ်တစ်ခုတည်းပဲကြည့်ပြီးလုပ်သွားတာ။

ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံတကာမှာရှိတဲ့ ဝယ်လိုအားတွေက တောင်းဆိုလာကြတော့ ဈေးကွက်တွေလည်း ကျယ်ပြန့်လာတယ်၊ ဝယ်ချင်လာကြတယ်၊ တောင်းဆိုမှုတွေရှိလာတယ်။ သူတို့ကတော့ INCOTERMS တွေအရ ဘယ်သီးနှံကို အရေအတွက်ဘယ်လောက်ဝယ်လိုပါတယ်၊ ဘယ်ဈေးပေးပါမယ်၊ ဒါပေမဲ့ သီးနှံရဲ့အရွယ်အစား၊ အရည်အသွေးတွေက ဘယ်လိုရှိပါမယ် ဆိုတဲ့ သတ်မှတ်ချက်တွေနဲ့ ဝယ်ပါတယ်။ ဒါကလည်း ထုံးစံပါ။

အဲဒီမှာ ကျွန်တော်တို့အောက်ခြေက စိုက်ပျိုးထွက်ရှိတဲ့ သီးနှံရဲ့ မူလအရည်အသွေး၊ သိုလှောင်ထိန်းသိမ်းထားစဉ်ဖြစ်ပေါ်လာတဲ့ချို့ယွင်းချက်တွေကို စနစ်တကျမှတ်တမ်းတင်တာ၊ ထိန်းသိမ်းတာမရှိရင် တွင်တွင်ကျယ်ကျယ်ရောင်းရမှာမဟုတ်ဘူး။ အရည်အသွေးမပြောနဲ့ ဘယ်သီးနှံ ဘယ်ကာလမှာ ဘယ်လောက်လက်ကျန်ရှိပါတယ်လို့တောင်မပြောနိုင်ဘူး။ ဒီတော့ ရှေ့တန်းမှာရောင်းရမယ့် အစိုးရအဖွဲ့အစည်းကလည်း အာမခံချက်မပေးနိုင်ဘူး။ ဒီလိုနဲ့ သီးနှံတိုင်း ကုန်ကြမ်းဈေးနဲ့ပဲ ရောင်းရပြီး အကိုင်အတွယ်မတတ်လို့ ပိုးကျတာတို့၊ ပိုးသတ်ဆေးအကြွင်းအကျန်များလို့ သူတို့နိုင်ငံထဲ အသွင်းမခံဘူး။ Reject ဆိုရင် ဆုံးရှုံးပြီ။

ဒါကြောင့် သီးနှံစိုက်ပျိုးချိန်၊ ထွက်ရှိချိန်၊ ကိုင်တွယ်သယ်ယူမှု၊ ထိန်းသိမ်းသိုလှောင်တင်ပို့ချိန်များမှာ အလွန်အရေးပါပါတယ်။ မိရိုးဖလာအတိုင်း မနှစ်ကသိမ်းထားတဲ့မျိုးစေ့ ဒီနှစ်မိုးဦးကျမှာစိုက်တဲ့ အစဉ်အလာကိုဖောက်ထွက်ပြီး ဈေးကွက်က ဘာကြိုက်သလဲ၊ ဘယ်လိုပုံစံသီးနှံကို တောင်းဆိုသလဲ၊ မျိုးဘယ်ကရမလဲ ဆိုပြီး တစ်ယောက်တစ်ပေါက်စိုက်နေကြမယ့်အစား တစ်ကွင်းတစ်စပ်တည်း၊ တတ်နိုင်ရင် မြို့နယ်လုံးကျွတ်၊ ခရိုင်လုံးကျွတ်၊ ဈေးကွက်က တောင်းဆိုတဲ့မျိုးကိုပဲဖြန့်၊ ဘယ်နေ့မှာဘယ်လိုဖြစ်အောင်ထွန်၊ ဘာမြေဩဇာခံထား၊ ဘယ်နေ့စစိုက်၊ ဘယ်နေ့မြေဆီပက်၊ ဘယ်နေ့ရိတ်၊ ဘယ်လိုခြွေလှေ့ဆိုပြီး တစ်ဦးတစ်ယောက်ကုမ္ပဏီကများ ရှေ့ကမားမားရပ်ပြီး Timing အော်ပေးနေမယ် ဆိုရင် မြန်မာနိုင်ငံက ဘာသီးနှံကတော့ Special ပဲဆိုပြီး ဈေးကွက်မှာ ဦးဆောင်



www.foreverspace.com.mm



နိုင်ပါမယ်။ ရောင်းသူ့ဈေးကွက်ပဲဖြစ်လာမှာပါ။ ထွက်လာတဲ့သီးနှံကို သိုလှောင်ကိုင်တွယ်ထိန်းသိမ်းရာမှာလည်း အသင်းအဖွဲ့တွေ၊ နားလည်တတ်ကျွမ်းပြီးသားစာတွေ့လက်တွေ့ပညာရှင်များရဲ့ ဆောင်ရန်၊ ရှောင်ရန်တွေလည်း နယ်အနှံ့ပို့ချပေးသင့်ပါတယ်။

## လူငယ်တွေ ပညာပြန့်ပွားဖို့

သိပ်ပြီးများစိတ်ကူးယဉ်ရာကျနေမလားတော့မသိဘူး။ လူငယ်လေးတွေရှစ်တန်းအောင်ရင် စက်မှုအထက်တန်းကျောင်းမှာ စက်မှုပညာနဲ့အထက်တန်းပညာ၊ စိုက်ပျိုးရေးအထက်တန်းကျောင်းမှာ စိုက်ပျိုးရေးပညာနဲ့ အထက်တန်းပညာတွေ သင်ပေးသလို ကုန်သွယ်ရေးလုပ်ငန်းတွေမှာ ခါးဆက်ပြတ်မသွားအောင် ကုန်သွယ်မှုအထက်တန်းကျောင်းဖွင့်ပြီး သီးနှံလှောင်ထိန်းသိမ်းရောင်းဝယ်နည်း၊ ငွေကြေးကဏ္ဍ၊ သီးနှံဆိုင်ရာ ရောဂါဗေဒများ၊ စီမံခန့်ခွဲမှုဆိုင်ရာများ၊ နိုင်ငံတကာအသုံးပြုသီးနှံတို့ရဲ့ အရည်အသွေးစံချိန်စံညွှန်းများ၊ သီးနှံပေါက်ဈေးဖြစ်ပေါ်စေတဲ့ ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းအချက်များ၊ ကိုယ့်နိုင်ငံမှာစိုက်ပျိုးဖြစ်ထွန်းတဲ့ သီးနှံတွေနဲ့ တခြားနိုင်ငံများဝယ်လေ့စားလေ့ရှိတဲ့ သီးနှံပုံစံများ၊ ပိုးမွှား/ကြွက် အန္တရာယ်ကာကွယ်နှိမ်နင်းခြင်းများ၊ နောင်အနာဂတ်မှာကျင့်သုံးမယ့် e-Commerce လုပ်ငန်းစဉ်များကိုအခြေခံကာ ပို့ချပေးမယ်။ ကုန်သွယ်ရေးအထက်တန်းကျောင်းအောင်ပြီးရင် ကုန်သွယ်ရေးကောလိပ်တစ်ခုဖွင့်၊ ၂ နှစ်လောက်သင်ကြားစေပြီး ဒီပလိုမာပေး၊ လုပ်ငန်းခွင်ဝင်ချင်တဲ့လူဝင်၊ ဆက်တက်ချင်ရင် စီးပွားရေးတက္ကသိုလ်တွေမှာ ဆက်တက်၊ ဖြစ်စေချင်တာကတော့ ကုန်သွယ်မှုလုပ်ငန်းကြီးတစ်ခုလုံးမှာ စမ်းတဝါးဝါးနဲ့ မိရိုးဖလာလုပ်ငန်းကနေ ပညာရှင်တွေနဲ့ စနစ်တကျလုပ်စေချင်တာပါပဲ။ သူတို့တွေ လူကြီးဖြစ်လာတဲ့အခါ နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းတွေမှာ စနစ်တကျဝင်ဆံ့နေမှာပဲလို့ ကြိုတင်တွေးထားမိပါတယ်။



ကမ္ဘာ့ရာသီဥတုကြီးကလည်း မသိမသာမှ သိသိသာသာတဖြည်းဖြည်းပြောင်းလဲလာတော့ ရာသီပေါ်စိုက်ပျိုးမှု ထုတ်ကုန်တို့၊ မြေပေါ်မြေအောက်သယံဇာတတို့ဆိုတာ ကုန်ဆုံးမယ့်နေ့ဆိုတာ တစ်နေ့ကြုံလာကြမှာပဲ။ အဲဒီအချိန်မှာ ပညာရွှေအိုး၊ လူမခိုးဆိုသလိုပဲ လူ့စွမ်းအားအရင်းအမြစ်တွေကို ပျိုးထောင်ပေးထားမယ်ဆိုရင်တော့ နိုင်ငံတကာမှာ ဝင့်ထည်နိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ရှိစိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းကို ရိတ်သိမ်းခြွေလှေ့ပြီးနောက် သီးနှံများကိုင်တွယ်သိုလှောင်ထိန်းသိမ်းပြုစုရောင်းဝယ်တဲ့ အနုပညာနဲ့ပတ်သက်လို့ 'ဘာကြောင့်' ဆိုတဲ့ စဉ်းစားတွေးတောချက်မပါဘဲ ရှေးကလူကြီးများလုပ်ခဲ့ကိုင်ခဲ့လို့ အဖေ၊ အဘိုးများရဲ့ အစဉ်အလာအတိုင်း လုပ်ရတာတို့၊ ဆရာမှာတဲ့အတိုင်း လုပ်ရတာတွေကို ကျော်လွန်ပြီး ကမ္ဘာ့ဈေးကွက်အရ သိပ္ပံနည်းကျချဉ်းကပ်ပြီး ပျိုးထောင်ဆောင်ရွက်သင့်နေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**မောင်မောင်အေး**
**(ကုန်သွယ်ရေး)**



www.foreverspace.com.mm



# တွေ့ဆုံဆွေးနွေးမှုများ

## ၇-၁၂-၂၀၀၉

* အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အာရှ-ပစိဖိတ် ဌာနမှ ဒုတိယအကြီးအကဲ 2009 IMF Article IV Consultation Mission အဖွဲ့ခေါင်းဆောင် Ms.Meral Karasulu နှင့် အဖွဲ့သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် တွေ့ဆုံဆွေးနွေး။

## ၉-၁၂-၂၀၀၉

* လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ်သည် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံသမ္မတ Mr.Choummaly Say as one နှင့်လည်းကောင်း၊ ဝန်ကြီးချုပ် Mr.Bouasone Bouphavanh နှင့်လည်းကောင်း ဗီယင်ကျန်းမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၀-၁၂-၂၀၀၉

* (၁၂) ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာကာဆစ်ပီရိုးမြာနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Alongkor Pon Laboot ဦးဆောင်သောအဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၁-၁၂-၂၀၀၉

* မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပသည့် (၁၂) ကြိမ်မြောက် ဘင်းမ်စတက်အဖွဲ့ဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်ရန် မြန်မာနိုင်ငံတွင် ရောက်ရှိနေကြသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး H.E.Mr.S.M. Krishna ဦးဆောင်သောအဖွဲ့သည်လည်းကောင်း၊ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E.Ms. Sujata Koirala သည်လည်းကောင်း တစ်စုတစ်စည်းတည်းအနေဖြင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Dipu Moni၊ ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Lyonpo Ugyen Tshering၊ အိန္ဒိယသမ္မတနိုင်ငံပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး H.E.Mr.S.M. Krishna၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E.Ms. Sujata Koirala၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr. Rohitha Bagollagama၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr.Kasit Piromya၊ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများမှအဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများသည်လည်းကောင်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၄-၁၂-၂၀၀၉

* မြန်မာနိုင်ငံတွင်ရောက်ရှိသော ကုလသမဂ္ဂ Under Secretary General နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) ၏ အမှုဆောင်အတွင်းရေးမှူးချုပ် Dr.Noeleen Heyzer နှင့်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။
* ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Vietnam Airlines မှ Vice President Mr.Duong Tri Thanh ဦးဆောင်သည့်အဖွဲ့သည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၅-၁၂-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ စစ်သံမှူး Colonel Terry Siow Meng Meng သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်

www.foreverspace.com.mm



(ကြည်း) နှင့် တွေ့ဆုံဆွေးနွေး။

## ၁၉-၁၂-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်-သွင်းကုန်ဘဏ် (China Exim Bank) ဥက္ကဋ္ဌ H.E.Mr.Li Ruogu နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) နှင့်လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိန်းနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၂၀-၁၂-၂၀၀၉

* မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှိကျင့်ဖျင်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။
* တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Energy Administration မှ Administrator, H.E.Mr.Zhang Guabao၊ တရုတ်အမျိုးသားရေနံကုမ္ပဏီ (CNPC) ဒုတိယဥက္ကဋ္ဌ Mr.Liao Yong Yuan နှင့် အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိန်းနှင့် တွေ့ဆုံဆွေးနွေး။

## ၂၁-၁၂-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ President Mr. Lu Qi Zhou နှင့် အဖွဲ့သည် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တွေ့ဆုံဆွေးနွေး။

## ၂၂-၁၂-၂၀၀၉

* ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Hiroyuki ISHIGE ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၄-၁၂-၂၀၀၉

* ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် H.E.Mr.Hideo Watanabe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၅-၁၂-၂၀၀၉

* ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် H.E.Mr.Hideo Watanabe နှင့်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

**LIVING COLOR MEDIA**

**သမ္မတဟိုတယ် (Business Suite)**
**အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊**
**ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။**
**ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂**

www.foreverspace.com.mm

# မွတ်ဆလင်ကုသိုလ်ဖြစ်ဆေးရုံနှင့် ဇီဝိတဒါနအသင်း




**ချို့တဲ့နွမ်းပါးသူများကို လူမျိုးဘာသာမရွေး အဆင့်အတန်းမခွဲခြားဘဲ အခမဲ့ကျန်းမာရေးကူညီစောင့်ရှောက်ပေးနေသောလူမှုရေးအဖွဲ့အစည်း ဖြစ်သည်။**

- မွတ်ဆလင်ဘာသာဝင် မစ္စတာစုလေမန်-ဝီမဒါးနှင့် မိတ်ဆွေများစုပေါင်းပြီး လူမျိုးဘာသာမရွေး ဆင်းရဲနွမ်းပါးသူများအတွက် အခမဲ့ကျန်းမာရေး စောင့်ရှောက်ကုသပေးရန် ရည်ရွယ်၍ ၁၉၃၇ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့။
- ဆင်းရဲနွမ်းပါးသူ လူနာများနှင့် နာမကျန်းသူ မည်သူမဆို လူထုလူတန်းစားမရွေး အခမဲ့ကူညီကုသပေးလျက်ရှိရာ လူနာများအတွက် ဆေးဝါးအခမဲ့၊ ကျန်းမာရေးစစ်ဆေးမှုများ အခမဲ့ဆောင်ရွက်ပေးလျက်ရှိပြီး အမှန်တကယ် မရှိနွမ်းပါးပါက စားသောက်ရေးအတွက်ပါ ကူညီဖြေရှင်းပေး။
- ၂၄ နာရီဖွင့်လှစ်ထားသည့်ဆေးရုံဖြစ်ပြီး ခုတင် ၁၂၀ ဆံ့ကာ ဆေးကုသဆောင် (ဖျား/နာဆောင်)၊ မျက်စိကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ သားဖွားမီးယပ်ဆောင်တို့ပါရှိ။
- အထွေထွေရောဂါကုဆရာဝန်၊ ဆရာမများဖြင့် ခွဲစိတ်ကုသပေးလျက်ရှိပြီး ခန္ဓာကိုယ်တွင်း အဓိကခွဲစိတ်မှု (နှလုံး၊ ကျောက်ကပ်၊ အသည်း စသည့်) ကိစ္စရပ်များအတွက် သက်ဆိုင်ရာရောဂါအလိုက် နိုင်ငံပိုင်ဆေးရုံကြီးများသို့လွှဲပြောင်း ကုသစေလျက်ရှိ။
- အထွေထွေရောဂါကုဆရာဝန်များက စေတနာဝန်ထမ်းကုသပေးလျက်ရှိပြီး သူနာပြုဆရာမ ၆၀ ဦးကျော်နှင့် ရုံးဝန်ထမ်း ၂၀ ဦးတို့ဖြင့် ၂၄ နာရီ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိ။
- မည်သည့်အဖွဲ့အစည်းနှင့်မျှ ချိတ်ဆက်ဆောင်ရွက်ခြင်းမရှိဘဲ မွတ်ဆလင်ဘာသာဝင်များ၏ နှစ်စဉ်လှူဒါန်းငွေများနှင့် အခြားဘာသာဝင်များ၏ လှူဒါန်းငွေများဖြင့် ဆေးရုံလည်ပတ်ရပ်တည်လျက်ရှိ။
- နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် မြောင်းမြမြို့တွင် ဒေသခံများကို ဆေးဝါးကုသပေးခြင်းနှင့် ဆေးဝါးလှူဒါန်းခြင်းများ ပြုလုပ်ပေးခဲ့။
- လက်ရှိအကြီးအကဲနှင့် အသင်းဥက္ကဋ္ဌမှာ မစ္စတာမူဆာ-အေ-မဒါဖြစ်ပြီး ဆေးရုံအုပ်ကြီးမှာ ဒေါက်တာရှိုယက်-အမ်-မဒါဖြစ်။
- နေ့စဉ်ပြင်ပလူနာ ၃၀၀ ဦးခန့်ကို အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိ။ တစ်နှစ်လျှင် အတွင်းလူနာ ၃၀၀၀ ဦးကျော်အထိ စောင့်ရှောက်ကုသပေးလျက်ရှိဟုဆို။
- **လိပ်စာ**

မွတ်ဆလင်ကုသိုလ်ဖြစ်ဆေးရုံနှင့် ဇီဝိတဒါနအသင်း
အမှတ်-၁၉၆/၂၀၀၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၇၆၆၄၈၊ ၂၈၂၁၁၂၊ ဖက်စ်-၃၈၁၈၉၃၊ ၃၈၁၈၉၂
E-mail:M-F hospital@yangon.net.mm

www.foreverspace.com.mm



# မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း

**မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းသည် တာဝန်ထမ်းဆောင်ဆဲ၊ အငြိမ်းစားသူနာပြုနှင့် သားဖွားဆရာများဖြင့် ဖွဲ့စည်းထားပြီး အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့အစည်း ဖြစ်သည်။**

- ❑ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းကို ၁၉၄၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့။ ဖွဲ့စည်းစဉ်အချိန်က မြန်မာနိုင်ငံသူနာပြု ဆရာမများနှင့် ဝမ်းဆွဲဆရာမများအသင်းဟုခေါ်တွင်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်မှ စတင်၍ အခြေခံစည်းမျဉ်းရေးဆွဲခဲ့ကာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဟု ပြောင်းလဲခေါ်တွင်ခဲ့။
- ❑ လက်ရှိအသင်းဥက္ကဋ္ဌမှာ ပါမောက္ခဒေါက်တာနန်းထွဏ်းလှ၊ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နွဲ့နွဲ့ခင်၊ ဒုတိယဥက္ကဋ္ဌ (၂) ပါမောက္ခဒေါ်ရင်မြ၊ အတွင်းရေးမှူး ဒေါ်ရီငွေးတို့ဖြစ်ကြပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ပါမောက္ခဒေါက်တာနန်းထွဏ်းလှအပါအဝင် ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဗဟိုအလုပ်အမှုဆောင် ခုနစ်ဦး၊ စုစုပေါင်း ၁၅ ဦး၊ ပြည်နယ်နှင့်တိုင်းအလုပ်အမှုဆောင် ၁၅ ဦး၊ ခရိုင်အဆင့် ၁၁ ဦးနှင့် မြို့နယ်အသင်းအလုပ်အမှုဆောင်ကိုးဦးဖြင့် ဖွဲ့စည်းထား။
- ❑ ပြည်နယ်နှင့်တိုင်းအပါအဝင် ခရိုင်အသင်းခွဲ၊ မြို့နယ်အသင်းခွဲ စုစုပေါင်း ၂၉၀ ခုနှင့် အသင်းဝင်စုစုပေါင်း ၂၀,၀၀၀ ကျော်ရှိ။
- ❑ ၁၉၆၁ ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှစတင်၍ အပြည်ပြည်ဆိုင်ရာ သူနာပြုကောင်စီဝင်ဖြစ်ခဲ့။
- ❑ ၁၉၉၅ ခုနှစ်တွင် အေးရိပ်ငြိမ်အမည်ရှိ အငြိမ်းစားသူနာပြုသက်ကြီးရိပ်သာကို တည်ထောင်ခဲ့။
- ❑ 3D Fund နှင့်ပူးပေါင်း၍ HIV/AIDS ဝေဒနာရှင်များကို တိုင်းနှင့်ပြည်နယ် ၁၅ မြို့နယ်တွင် အိမ်တိုင်ရာရောက်ပြုစုကုသပေးလျက်ရှိ။
- ❑ Save the Children ၊ Care Myanmar ၊ Marie Stopes International နှင့်ပူးပေါင်း၍ တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်များကို ပြည်၊ ပဲခူး၊ သာကေတ၊ ပုသိမ်၊ တမူး၊ ကလေး၊ မုံရွာ၊ သထုံ၊ မုဒုံ၊ မော်လမြိုင်၊ လားရှိုး၊ မူဆယ်၊ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေတို့တွင် ဆောင်ရွက်သွားရန်ရှိ။
- ❑ UNICEF နှင့်ပူးပေါင်း၍ မြို့နယ်ရှစ်ခုတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ မိဘမဲ့ကလေးစောင့်ရှောက်ရေးများ ဆောင်ရွက်လျက်ရှိ။
- ❑ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးကာလ၌ မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းရှိ သူနာပြုနှင့် သားဖွားဆရာမ လစ်လပ်နေရာများကို အစားထိုးခန့်ထားခဲ့။
- ❑ UNICEF နှင့်ပူးပေါင်း၍ HIV/AIDS ဝေဒနာရှင်များ၏နေအိမ် ၆၀ ကျော်ကို ပြုပြင်တည်ဆောက်ပေးခဲ့။
- ❑ တစ်နှစ်လျှင် နှစ်ကြိမ် တိုင်းနှင့်ပြည်နယ်များတွင် ကျန်းမာရေးအသိပညာပေးဟောပြောပို့ချမှုများ ပြုလုပ်လျက်ရှိ။
- ❑ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဗဟိုရုံး

ဦးမောင်မောင်ဝင်း (တွဲဖက်အတွင်းရေးမှူး)

– အမှတ်–(၈၀/၈၄)၊ ပထမထပ်၊ ရွှေဘုံသာလမ်း၊ အမှတ် (၆) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၃၈၈၆၃၁

– အေးရိပ်ငြိမ် (ရုံး)

အမှတ် (၆၄) ရပ်ကွက်၊ စက်မှုဇုန် (၁) လမ်း၊ ကညနရုံးအနီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်။

ဖုန်း–၅၉၁၃၂၈၊ E:mail-mnacentral@mptmail.net.mm

www.foreverspace.com.mm



# မှန်ကင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း

**ဗုဒ္ဓဘာသာသာသနာ တည်တံ့ပြန့်ပွားရေးနှင့် မိဘမဲ့နှင့် ချို့တဲ့နွမ်းပါးသောကလေးများ ပညာသင်ယူခွင့်ရရှိရေးတို့ကို စွမ်းစွမ်းတမံဆောင်ရွက်နေသော ဘုန်းတော်ကြီးကျောင်းဖြစ်သည်။**



- ❑ မှန်ကင်းပရိယတ္တိစာသင်တိုက်ကို ၁၉၈၅ ခုနှစ်တွင် သံဃာတော်အပါး ၅၀ ခန့်ဖြင့် စတင်တည်ထောင်ခဲ့။
- ❑ ဆရာတော်ဦးကဝိန္ဒ ဦးဆောင်၍ ၁၉၉၁ ခုနှစ်တွင် ဆရာသုံးဦး၊ ပလောင်တိုင်းရင်းသား ကျောင်းသား ၃၀ ဦးတို့ဖြင့် ဘုန်းတော်ကြီးသင်မူလတန်းကျောင်းကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့။
- ❑ ၁၉၉၅–၉၆ ပညာသင်နှစ်တွင် အစိုးရ၏အထောက်အပံ့ဖြင့် အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့။
- ❑ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်တွင် အထက်တန်းကျောင်းအဖြစ်တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၉–၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို စတင်လက်ခံသင်ကြားနိုင်ခဲ့။
- ❑ ချို့တဲ့နွမ်းပါးသောကလေးများနှင့် မိဘမဲ့ကလေးများကို ပြုစုစောင့်ရှောက်ကျွေးမွေးခြင်း၊ အခြေခံပညာသင်ကြားပေးခြင်းနှင့် အလုပ်အကိုင်ရရှိရေးအတွက် ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ။
- ❑ တည်ထောင်သူနှင့် နာယကဆရာတော်မှာ မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကဝိန္ဒ၊ လက်ထောက်ကျောင်းအုပ်ဆရာတော်မှာ ဦးကဝိနန္ဒ၊ တိုက်အုပ်ဆရာတော်မှာ ဦးဂန္ဓသာရတို့ ဖြစ်ကြပြီး ကျောင်းထိုင်သံဃာ ၂၃ ပါး၊ ကိုရင် ၁၈၀ ပါးခန့်နှင့် ဆရာ၊ ဆရာမ ၂၆ ဦးရှိ။
- ❑ အခြေခံပညာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသူကျောင်းသားစုစုပေါင်း ၁၃၀၂ ဦး လက်ရှိပညာသင်ယူလျက်ရှိကြပြီး တက္ကသိုလ်ပညာဆည်းပူးနေသူ ခုနစ်ဦး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ၁၃ ဦးရှိ။
- ❑ အသက်တစ်နှစ်အရွယ်မှ ၂၀ နှစ်အထိ ကလေးသူငယ်စုစုပေါင်း ၁၀၀ ဦးကျော်ကို တာဝန်ယူပြုစုစောင့်ရှောက်ကျွေးမွေးပြီး မူလတန်းမှ တက္ကသိုလ်အထိပညာသင်ကြားပေးလျက်ရှိ။
- ❑ ကျောင်းတိုက် အကျယ်အဝန်းမှာ ပေ ၈၀× ပေ ၁၅၀ ရှိပြီး ငါးထပ်ပင်မဆောင်တစ်ဆောင်၊ လေးထပ်စာသင်ဆောင်တစ်ဆောင်နှင့် ငါးထပ်စာသင်ဆောင်တစ်ဆောင်တို့ပါရှိ။
- ❑ ကျောင်းတိုက်၏ အဓိကပံ့ပိုးလှူဒါန်းသူ အလှူရှင်မှာ ထွန်းဖောင်ဒေးရှင်းဘဏ်နှင့် ရှိုင်းဟုတ်ကုမ္ပဏီတို့ဖြစ်။
- ❑ ၂၀၀၇ ခုနှစ်တွင် ဂျပန်နိုင်ငံအစိုးရ၏ ပံ့ပိုးလှူဒါန်းမှုဖြင့် အထပ်လေးထပ်၊ စာသင်ခန်း ၁၂ ခန်းပါရှိသော ခေတ်မီကျောင်းဆောင်သစ်ကို တည်ဆောက်ခဲ့ရာ ၂၀၀၈ ခုနှစ် ဩဂုတ်လတွင် ပြီးစီးခဲ့ပြီး စုစုပေါင်းအမေရိကန်ဒေါ်လာကိုးသောင်းကျော် ကုန်ကျဟုဆို။
- ❑ မှန်ကင်းကုသိုလ်ဖြစ်အခမဲ့ဆေးကုခန်းကို ယင်းကျောင်းတိုက်၌ပင် ၂၀၀၅ ခုနှစ်တွင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး လူနာနှင့် ဝေဒနာရှင်များကို အခမဲ့ကုသပေးလျက်ရှိ။
- ❑ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**


ဆရာတော် ဦးကဝိန္ဒ
မှန်ကင်းပရိယတ္တိစာသင်တိုက်နှင့် အမှတ်(၇) ဘုန်းတော်ကြီးသင်ပညာရေးပရဟိတကျောင်း၊
(၁၀) တောင်၊ (၁၁) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၇၄၀၅

www.foreverspace.com.mm

# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၇၅ ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ

## Google Pack



Google ကပေးထားတဲ့ Software တွေကို တစ်နေရာတည်းကနေ တစ်စုတစ်စည်းထဲ လွယ်လွယ်ကူကူဆွဲချနိုင်မယ့်နေရာကို ဖော်ပြပေးလိုက်ပါတယ်။ ဆွဲချယူရတာလည်းလွယ်၊ ကိုယ်မအားသေးလို့ ဆွဲချ Download လုပ်ထားတာကို နားထားချင်ရင်လည်းရ၊ ပြန်အသက်သွင်းပြီး ပြန်ဆွဲချသုံးချင်လည်းသုံးနိုင်တဲ့ Google ဝန်ဆောင်မှုဖြစ်လို့ ဖော်ပြပေးလိုက်ပါတယ်။

အဲဒီကိုသွားချင်ရင်တော့ http://pack.google.com ထဲကိုသွားရမှာပါ။ အဲဒီမှာ Google ပေးထားတဲ့ထဲကနေ ကိုယ်လိုချင်တာတွေကို ရွေးပြီးဆွဲချလို့ရပါတယ်။

Google ကပေးထားတာတွေကတော့

- Google Chrome - အင်တာနက် ရှာဖွေရေးအင်ဂျင်၊
- Google Application - Google Email တို့ Calender တို့ သုံးဖို့၊
- SpyWare Doctor - Virus တွေကိုကာကွယ်ဖို့၊ with Anti Virus
- Picasa - ဓာတ်ပုံတွေစနစ်တကျ စုစည်း သိမ်းဆည်းထားဖို့၊
- Mozilla Firefox - အင်တာနက်ရှာဖွေရေးအင်ဂျင်
- Skype - Voice နဲ့ Video Call တွေလုပ်ဖို့၊
- Google Earth - ကမ္ဘာကြီးကို အင်တာနက်ကနေ ပိုင်စိုးလှည့်ပတ်ကြည့်ဖို့၊
- Google Toolbar for IE - ရှုပ်ရှုပ်ယှက်ယှက်ကြော်ငြာတွေ ထားဖို့၊
- Google Desktop - ကိုယ့်စက်ကို ကိုယ့်စိတ်ကြိုက် မွှေနှောက်ပြန်ရှာရလွယ်ဖို့၊
- Adobe Reader - PDF File တွေဖတ်ဖို့၊
- Google Talk - အားလုံးသိပြီးသားဖြစ်တဲ့ G-talk၊
- Real player - Media Format file တွေဖွင့်ဖို့တွေ ဖြစ်ပါတယ်။

အဲဒါတွေကို ကိုယ့်စိတ်ကြိုက်ဆွဲချနိုင်ပြီး၊ ဆွဲချတာခဏရပ်နားပြီးလို့ Google Updater Task Bar ကနေပြန်ဖွင့်ကြည့်တဲ့အခါမှာ ကိုယ်ဆွဲချပြီးတာ ဘယ်နှခုရှိပြီ၊ ဘယ် Software ကို တပ်ဆင်ပြီးပြီ၊ ဘယ် Software ကတော့ Download လုပ်နေဆဲ၊ ဘယ်နှရာခိုင်နှုန်းပြီးပြီ စတာတွေကို အသေးစိတ် ပြန်ကြည့်လို့ရပါတယ်။

ဒါကြောင့် စက်အသစ်မှာတပ်ဖို့ပဲဖြစ်ဖြစ်၊ Format ချပြီးတဲ့စက်မှာ ပြန်တပ်ဖို့ပဲဖြစ်ဖြစ်၊ လွယ်ကူအဆင်ပြေတဲ့ Google ရဲ့ Google Pack ကို ဖော်ပြပေးလိုက်တာဖြစ်ပါတယ်။

www.foreverspace.com.mm



## ဒီဇိုင်းဆန်းဆန်း မီးပန်းဆွဲတွေ

မြန်မာနိုင်ငံရဲ့ မြို့တော်သစ် နေပြည်တော်က မြို့နယ်သစ်ငါးမြို့နယ်မှာ အိမ်ရာစီမံကိန်းတွေ ဖော်ထုတ်နေတာမို့ ကိုယ်ပိုင်အိမ်လေးနဲ့နေချင်လို့ နေပြည်တော်မှာ မြေကွက်ဝယ်အိမ်ဆောက်နေသူတွေပဲ ဖြစ်ဖြစ်၊ မိမိအိမ်ကိုနှစ်သစ်မှာ ဒီဇိုင်းအသစ်နဲ့ အိမ်တွင်းအပြင်အဆင်ပြုပြင်လိုသူတွေပဲဖြစ်ဖြစ် မီးပန်းဆွဲလှလှလေးတွေ ရောင်းချပေးနေတဲ့ နေပြည်တော်မှာပါဆိုင်ခွဲဖွင့်လှစ်လိုက်တဲ့ Krislite ကိုလမ်းညွှန်လိုက်ပါတယ်။

ဒီ Krislite ဆိုင်မှာ ရေပန်းအောက် ဒါမှမဟုတ် ရေအောက်မှာထွန်းနိုင်တဲ့ LED Underwater Luminaires And Pool Lighting, Fiber Optic Lighting , Fiber Optic ( Cosmic Effect sets)၊ Decorative Street Light၊ Crystal Pendant Light၊ LEDS Alabaster Lighting စတာတွေ ရောင်းချပေးနေပါတယ်။

လိပ်စာ–

**Krislite**
အမှတ် (၁၇၅)၊
သီရိရတနာရှော့ပင်းမော၊
နေပြည်တော်၊ ၀၆၇–၄၂၀၆၄၄
sales-mm@krislite.com.mm
www.krislite.com

## နေပြည်တော်က ဓမ္မဒါန

အသေမဦးခင် ဉာဏ်ဦးအောင် ဝိပဿနာတရားကြိုးစားအားထုတ်နိုင်အောင် အများအကျိုးအတွက် လှူဒါန်းထားခြင်းဖြစ်တယ်လို့ဆိုတဲ့ နေပြည်တော်က တရားခွေတွေ အခမဲ့လမ်းညွှန်ပေးတဲ့ဓမ္မဒါနလုပ်ငန်းတစ်ခုကို ဒီတစ်လအတွက် လမ်းညွှန်ပေးလိုက်ပါတယ်။ ဒီလုပ်ငန်းမှာ တရားတိပ်ခွေ၊ CD၊ VCD၊ MP3 များနဲ့ တရားစာအုပ်တွေကို အခမဲ့ငှားရမ်းနိုင်တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ အရေးတကြီးမှတ်ထားဖို့လိုတာကတော့ ကိုယ်ငှားရမ်းထားတဲ့ပစ္စည်းကို ရိုရိုသေသေကိုင်တွယ်ဖို့၊ အချိန်မှန်အပ်နှံဖို့နဲ့ ကိုယ်ကျိုးအတွက်အသုံးမပြုမိဖို့လိုကြောင်း ဒီလုပ်ငန်းမှာ တရားဝင်ကြေညာထားလို့ စည်းကမ်းတွေကို လိုက်နာဖို့တော့ လိုအပ်ပါလိမ့်မယ်။

လိပ်စာကတော့–

**ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်းခွဲ (၅၁)**
Merry Mesh, Internet Cafe, Food Center Room (10)
ဇေယျာသီရိကုန်ပဒေသာတိုက်၊ နေပြည်တော်
ဖုန်း–၀၆၇–၄၁၆၆၂၂ (လိုင်းခွဲ–၁၁၁၁)

## နေပြည်တော်မှာအသုံးဝင်မယ့် ဖုန်းနံပါတ်တချို့

မြန်မာနိုင်ငံရဲ့ မြို့တော်သစ်နေပြည်တော်မှာ အိမ်ရာစီမံကိန်းတွေ၊ အပန်းဖြေဥယျာဉ်တွေ၊ ဈေးဝယ်စင်တာတွေ အကောင်အထည်ဖော်ဆောင်ရွက်လာပြီး အစိုးရဝန်ထမ်းတွေကော၊ စီးပွားရေးလုပ်ငန်းလုပ်ဖို့ ပြောင်းရွှေ့လာသူ ပိုမိုများပြားလာတာမို့ ကိုယ့်နေထိုင်ရာနေရာနားမှာ မီးလောင်တာမျိုး၊ ကိုယ်မိသားစုဝင်တစ်ဦးဦး အရေးပေါ်မကျန်းမာဖြစ်တာမျိုး စတာတွေအပြင် အရေးတကြီးအသုံးဝင်နိုင်မယ့် ဖုန်းနံပါတ်တချို့ကို လက်လှမ်းမီသလောက် ဖော်ပြပေးလိုက်ပါတယ်။

| စဉ် | နေရာ | ဖုန်းနံပါတ် (၀၆၇) |
|---|---|---|
| ၁။ | နေပြည်တော်ဆေးရုံ(အရေးပေါ်) | ၄၂၀၀၉၆ |
| ၂။ | နေပြည်တော်ဗဟိုမီးသတ်ဌာနချုပ် | ၄၂၀၀၀၅၊၄၂၀၀၂၅ |
| ၃။ | ရဲစခန်း (၁) | ၄၁၄၂၂၄ |
| ၄။ | မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး | ၄၁၄၂၇၀ |
| ၅။ | လျှပ်စစ်ဓာတ်အားပေးရေးရုံး | ၄၁၄၂၃၅ |
| ၆။ | နေပြည်တော်ပျဉ်းမနားဘူတာရုံ | ၇၇၀၀၀ |
| ၇။ | နေပြည်တော်လေယာဉ်ကွင်း(အေလာ) | ၃၅၁၀၄ |
| ၈။ | Myanmar Airways | ၃၅၁၁၁၊ ၃၅၁၁၀ |
| ၉။ | Air Bagan | ၃၅၁၁၃၊ ၃၅၁၂၀ |

## ဘာသာစကားမျိုးစုံ ပညာဒါန

တစ်နေရာထဲမှာ ဘာသာစကားအတော်များများကို ပညာဒါနအဖြစ် သင်ကြားပေးနေလို့ လမ်းညွှန်လိုပါတယ်။ ဒီသင်တန်းကျောင်းမှာ အင်္ဂလိပ်၊ ဂျပန်၊ ပြင်သစ်၊ တရုတ်၊ ကိုရီးယား၊ ဂျာမန်၊ စပိန်ဘာသာစကားတွေကို သင်ယူနိုင်မှာဖြစ်ပြီး ဆရာအများအပြားရဲ့ ပို့ချမှုတွေကို သင့်လျော်တဲ့အချိန်ရွေးချယ်ပြီး တက်လို့ရပါတယ်။ ဒီနေရာမှာ ဘာသာစကားသင်တန်းတွေအပြင် ကွန်ပျူတာ၊ LCCI၊ အီလက်ထရွန်နစ်၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်း စတာတွေကိုလည်း သင်ကြားပေးနေပါတယ်။ အားလုံးပညာဒါနချည်းပါပဲ။

**လိပ်စာ–** မနောရမ္မပညာဒါနကျောင်း
အရှေ့ဥယျာဉ်တိုက်၊ဗဟိုလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၇၀၂၆၊ ၅၁၈၀၂၄

www.foreverspace.com.mm

# အင်တာနက်ပေါ်က ရုပ်ရှင်ဘဏ်တိုက်

အင်တာနက်တွေချည်း ဖိသုံးနေလို့ တစ်ခါတလေ ရုပ်ရှင်လေးဘာလေးကြည့်ဖို့ စဉ်းစားမိတဲ့အခါ အခက်မတွေ့အောင် သုံးလို့ရမယ့် Website တစ်ခုတွေ့ထားပါတယ်။ အချိန်လေးရလို့ တီဗီရှေ့ထိုင်တဲ့အခါ ကိုယ်လည်းကြားဖူးနားဝမဟုတ်တဲ့ ဇာတ်ကားတစ်ကား၊ သူငယ်ချင်းတွေနဲ့ မိသားစုတွေလည်း သိပ်မပြောသေးတဲ့ဇာတ်ကားတစ်ကား HBO တို့ Star Movies တို့မှာပြမယ်ဆိုတဲ့အကြောင်း ကြော်ငြာနေပြီဆိုပါတော့။ အဲဒီကားကြော်ငြာကလည်းကောင်း၊ သရုပ်ဆောင်တွေ၊ ဒါရိုက်တာတွေကလည်း ရေရေလည်လည်မိုက်တယ်။ ကိုယ်ကလည်း ကြည့်ချင်သွားပြီ။ ဒါပေမဲ့ကိုယ်က ရုပ်ရှင်ကြမ်းပိုးမဟုတ်လို့ ဒီဇာတ်ကားအကြောင်းမသိသေးဘဲ ဒီရုပ်သံလိုင်းတွေကပြတဲ့အထိ ထိုင်ကြည့်နေတာမျိုးများ ဖြစ်နေမလား။ ဒါမှမဟုတ် ကိုယ်တကယ်ပဲ အခုနောက်ဆုံးထွက်နေတဲ့ဇာတ်ကားကြော်ငြာကိုတွေ့မိနေတာလား သိရအောင် အင်တာနက်ပေါ်တက်ကြည့်ပါမယ်။ ဒါဆိုရင်အကောင်းဆုံး Website တစ်ခုက The Internet Movie Database လို့ ပြောချင်ပါတယ်။ www.imdb.com ထဲကို ဝင်ကြည့်ရမှာပါ။

The Internet Movie Database ထဲကိုရောက်ပြီဆိုရင်တော့ ခုနက ကိုယ်တွေ့လိုက်တဲ့ဇာတ်ကားနာမည်ကို Search Box မှာ ရိုက်ထည့်ပြီး ရှာလိုက်ရင် အဲဒီဇာတ်ကားနာမည်ရယ်၊ ဘေးမှာ ဇာတ်ကားထွက်တဲ့ ခုနှစ်ရယ်တွဲပြီးထွက်လာပါမယ်။ အဲဒီဇာတ်ကားနဲ့ နာမည်တူပြီး ဟိုးနှစ်တွေက ရိုက်ထားတဲ့ဇာတ်ကားတွေရှိရင်လည်း ခုနလိုပဲတွဲပြီးပါလာဦးမှာပါ။ အဲဒါကိုယ်ရှာတာဖြစ်နိုင်ခြေရှိတဲ့ကားပေါ်နှိပ်လိုက်ရင် အဲဒီဇာတ်ကားရဲ့ ဒါရိုက်တာနဲ့၊ ဇာတ်ညွှန်းဇာတ်လမ်း၊ ဇာတ်ကားကို စတင်ပြသတဲ့ ရက်အတိအကျပြလို့ ကိုယ်ရှာနေတာ ကားအသစ်လား၊ အဟောင်းလား ချက်ချင်းသိရပြီပေါ့။ ပြီးရင် ဇာတ်လမ်းအကြောင်းကိုလည်း တစ်ပါတည်းတွဲဖတ်နိုင်ဦးမှာပါ။ အဲဒါတွေအကုန်လုံးကို ရှင်းရှင်းလင်းလင်းဖော်ပြထားလို့ ကွက်ကွက်ကွင်းကွင်း မြန်မြန်ဆန်ဆန်သိနိုင်ပါတယ်။

ပြီးရင် အောက်ဆုံးမှာ ဇာတ်ကားမှာပါတဲ့ သရုပ်ဆောင်တွေနဲ့ သူတို့သရုပ်ဆောင်မယ့်ဇာတ်ရုပ်တွေကို ဓာတ်ပုံတွေနဲ့တွဲပြီး တစ်ဦးချင်းဖော်ပြထားလို့ ဘယ်ဇာတ်ရုပ်မှာ ဘယ်သူသရုပ်ဆောင်မယ်ဆိုတာလည်း တစ်ခါတည်း ရှင်းရှင်းလင်းလင်းသိနိုင်လို့ အရမ်းအဆင်ပြေပါတယ်။

ပြီးရင် အခုနောက်ပိုင်းမှာပါ ကျော်ကြားလာလို့ ကိုယ်သိပ်မသိသေးတဲ့ သရုပ်ဆောင်တစ်ယောက်ပါလာရင်လည်း သူ့နာမည်ပေါ်နှိပ်ကြည့်တဲ့အခါ သူ့အကြောင်း Overview ကို မွေးနေ့၊ ဆက်သွယ်ရမည့်လိပ်စာ၊ Mini Biography နဲ့ သူ့ရဲ့အနုပညာနဲ့ ပတ်သက်တဲ့လုပ်ဆောင်မှုတွေအားလုံးကို သိနိုင်မှာပါ။ ဒါ့အပြင် Mini Biography ထဲကိုဝင်လိုက်ရင်တော့ သူ့အကြောင်း အသေးစိတ်တွေနဲ့ ဥပမာ-မျက်လုံးစိမ်းရှိတဲ့သရုပ်ဆောင်ဆိုရင် သူ့ရဲ့ Trade Mark က Green eyes ဆိုတာကအစ ဖော်ပြထားမှာပါ။

အဲဒါတွေအကုန်ကြည့်ပြီးလို့ အခု ကိုယ်ကြည့်မယ့်ဇာတ်



www.foreverspace.com.mm

ကားက ဇာတ်ကားအသစ်ဖြစ်နေလို့ ကောင်းရောကောင်းရဲ့လားဆိုတာ ကြည့်ချင်ရင်တော့ Movies ဆိုတဲ့ Tap ထဲက Top Movies ကိုရွေးလိုက်ရင် ကိုယ်ကြည့်မယ့်ဇာတ်ကား အကောင်းဆုံးဇာတ်ကားဆယ်ကားစာရင်းဝင်မဝင်လည်း သိနိုင်ဦးမှာပါ။

ခုနက ပြောပြသမျှတွေအပြင် ဇာတ်ကားတွေနဲ့သရုပ်ဆောင်တွေရဲ့ သတင်းတွေ၊ ဗီဒီယိုတွေ စတာတွေအများကြီးကိုလည်း ထပ်ဝင်ဖတ်ကြည့်နိုင်သေးတာမို့ စိတ်အပန်းဖြေစရာ Website တစ်ခုအဖြစ် ဖော်ပြပေးလိုက်တာဖြစ်ပါတယ်။

# ပိုးထည်လား လက်ဝတ်ရတနာလား

သိပ်မကြာသေးခင်က ဖွင့်လှစ်သွားတဲ့ ပိုးထည်နဲ့ လက်ဝတ်ရတနာအတူတူရောင်းတဲ့ဆိုင်ကို ပြောပြပါရစေ။ ဆေးရေး၊ လက်ရေးပိုးထည်တွေ၊ အမျိုးသမီးဝတ်၊ အမျိုးသားဝတ်ပိုးသားနဲ့ချုပ်လုပ်ထားတဲ့အင်္ကျီတွေရနိုင်ပါတယ်။ စိန်ထည်လက်ဝတ်ရတနာကြိုက်နှစ်သက်သူတွေအနေနဲ့လည်း မင်္ဂလာလက်စွပ်၊ မင်္ဂလာဆွဲသီး၊ စိန်နာရီစတဲ့ စိန်ထည်လက်ဝတ်ရတနာမျိုးစုံကို ကြည့်ရှုဝယ်ယူနိုင်မှာပါ။

**လိပ်စာ–**

Top Top Jewellery & Royal Top Thai Silk
အမှတ် (၃၃–၅)၊ ဗိုလ်ရာညွန့်လမ်း၊
ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်။

# စားသောက်ဆိုင်သစ်

- **ခိုင်ခိုင်ကျော်မြန်မာထမင်းဆိုင် (ဆိုင်ခွဲသစ်)**
  ကုက္ကိုင်းလမ်းဆုံအနီး၊ တက္ကသိုလ်ရိပ်သာလမ်းနှင့်
  ကမ္ဘာအေးဘုရားလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၅၉၀၈၄၊ ၀၉၈၀၂၁၄၀၁
- **ရွှေပလ္လင်**
  ၉ မိုင်၊ သီရိကွန်ဒို၊ North Point Shopping Center၊
  ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၅၂၉၅၉–၆၃၊ လိုင်းခွဲ–၁၃၅
- **155 New YZT ( YZT ဆိုင်ခွဲသစ်)**
  အမှတ်–၇၀/၇၂၊ ၃၈ လမ်း (အောက်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Perfection Bakery**
  အမှတ်–(A–၁၂)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊
  သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
- **Kanebo အရောင်းကောင်တာ**
  ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **Shanti Indian (ပြန်လည်ဖွင့်လှစ်ခြင်း)**
  အမှတ်–၄၆၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **မောင်ပြည့်ဝ (ပန်းဝေသီ) Photo Studio**
  အခန်း–၂၀၁၊ တိုက်–၄၊ သစ္စာဥယျာဉ်စက်မှုဇုန်လမ်း၊
  တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၆၀၈၃၅



www.foreverspace.com.mm

# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **အင်းဝစာအုပ်တိုက်ခွဲ (ကမာရွတ်)**
  အမှတ်–၁ (ဒီ)၊ သပြေညို (၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်းလမ်းဆုံအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **ပန်းဆိုးတန်းပန်းချီခန်းမနှင့် စာပေလောက (၅) စာအုပ်ဆိုင်**
  ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Sweet Angel**
  **Nail Art & Beauty Training School**
  အခန်း–၄၀၆၊ ပန်းခြံတာဝါ(အနော်ရထာတာယာဆိုင်ရှေ့)၊ ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၀၇၃၄၇၊ ၅၃၈၅၁၀
- **Asia Light Electrical Accessories**
  အခန်းအမှတ်–၁၆/၁၇၊ အောင်ဆန်းအားကစားပြိုင်ဝင်း အရှေ့ဘက်တန်း၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
- **ကိုရီးယားသမ္မတနိုင်ငံ K.T.MARINE CO.,LTD. (မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ရုံး)**
  အခန်းအမှတ်–၂၀၁၊ ဒုတိယထပ်၊ အိုလံပစ်တာဝါ၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **iQ VISION International Quality Eye Care Center**
  အမှတ်–S-၁၅၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၄၀၁၀၊ ၄၄၁၃၃၆၀၊ ၄၄၁၃၃၆၁
- **Mount Pleasent Hotel**
  ဖိုးခေါင်တောင်တန်း၊ ဥတ္တရသီရိမြို့အနီး၊ နေပြည်တော်။
- **Asia General Electric Co., Ltd.**
  အကွက်အမှတ်(၁)၊ ရွှေသံလွင်စက်မှုဇုန်၊ ရန်ကုန်–ပုသိမ်ကားလမ်းမကြီးနှင့်လှိုင်သာယာ–တွံတေးလမ်းထောင့်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
- **Kanebo အရောင်းကောင်တာသစ်**
  United Living Mall (Eco Asia)၊ အမှတ်–၄၈၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **မန္တလာမေ (ရန်ကုန်–မိတ္ထီလာ) အထူးလိုင်းသစ်ဖွင့်ပွဲ**
  ပထမလမ်းမတော်လမ်း၊ ရွှေဘုံသာဘုရားအနီး၊ မိတ္ထီလာမြို့၊ ရန်ကုန်။ ဖုန်း–၆၃၇၃၃၇၊ ၆၃၆၈၀၀၊ ၇၀၄၇၅၉
  မန္တလေး–ဖုန်း–၀၂–၇၈၉၉၁၊ ၀၉–၆၈၀၇၂၇၂၊ ၀၉–၆၈၀၀၇၂၂
  မိတ္ထီလာ–၀၆၄–၂၄၆၄၃၊ ၀၉–၅၀၂၀၁၈၁
- **OK MYANMAR CO., LTD.**
  **BRANDED SHOWROOM@BO AUNG KYAW St.**
  အမှတ်–၉၊ MGW တာဝါ၊ ဗိုလ်အောင်ကျော်လမ်း (အလယ်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၉၂၉၈၆၊ ၃၉၂၉၈၇၊ ၃၉၂၉၉၇၊ ၃၇၇၆၂၇၊ ၂၅၆၅၀၁၊ ၂၅၆၅၀၃၊ ဖက်စ်–၃၉၂၉၉၈
- **ဝင်းယူနတီဟိုတယ် (ပြင်ဦးလွင်)**
  အမှတ်–၈–ခ/၃၊ နန္ဒာလမ်း၊ ပြင်ဦးလွင်ကန်တော်ကြီးဥယျာဉ်အနီး၊ ရပ်ကွက်ကြီး (၆)၊ ပြင်ဦးလွင်။
  ဖုန်း–၀၉–၆၈၁၈၇၅၉၊ ၀၈၅–၂၃၀၇၉၊ ၂၃၀၈၀၊ ၂၂၇၇၅
- **Net Villa**
  အခန်းအမှတ် – ၀၀၄၊ (မြေညီထပ်)၊ တိုက်– C၊ ဒယ်လ်တာပလာဇာ၊ အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **ရွှေနှင့်မြ သက်န်းတိုက်နှင့် မင်္ဂလာခန်းဝင်ပစ္စည်း**
  အမှတ်–၂၂၅ ၊ အေ၊ မြေညီထပ်၊ ဗဟိုလမ်း၊ ရှမ်းလမ်းဈေးအနီး၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၆၈၁၈၂၈၁
- **Jewellery Trade Center Yangon**
  ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၊
  Jewellery Trade Center Hall
  ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၉၂၅၅–၅၉၊ လိုင်းခွဲ–၅၀၀၅၊ ၅၇၁၃
  E-mail - info@kantawgyipalace.com
  www.jewellery tradecenter.com
- **Knowledge Bank**
  **Library & Learning Centre**
  အမှတ်–၂၁၄၊ ၄–ထပ်၊ အနော်ရထာလမ်းနှင့် ၃၂လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၆၆၉၃
  E-mail - welcomeknowledgebank@gmail.com
- **Top Top Jewellery & Royal Top Thai Silk**
  အမှတ်–၃၃–၅၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
- **TRI STAR (II)**
  အမှတ်–(၃၀–A)၊ C–1၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ရန်ကုန်။
- **Pink Rose Beauty Centre**
  အမှတ်–(၁–B)၊ စပယ်ရုံလမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

❑ **Bridal Kiss အနောက်တိုင်းမင်္ဂလာဝတ်စုံ**
အခန်း-၄၊ စုပါဝေါလ်ရတနာခန်းမအပေါ်ထပ်၊
ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၅၄၇၆၅၊ ၀၉-၅၁၅၄၁၄၀

❑ **ထင်းရှူးရိပ် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး**
အမှတ်-(၂၀၁-A)၊ မြေညီထပ်၊ ၃၅ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

❑ **Royal Lynn Photo Studio**
မှော်ဘီဈေးရှေ့၊ မှော်ဘီမြို့နယ်၊ ရန်ကုန်။

❑ **abc Convenicence Mart (ဆိုင်ခွဲသစ်)**
အမှတ်-၉၊ မြေညီထပ်၊ အရှေ့ကုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်။

❑ **Tafa Trading Co., Ltd.**
**ရုံးခန်းနှင့် ကုန်ပစ္စည်းအရောင်းပြခန်း**
အမှတ်-(၂၀၅-A)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်။

❑ **Coreana Esthetic (Aqua Land Co., Ltd.)**
ကုန်သည်ကြီးများဟိုတယ်၊ ပဥ္စမထပ်၊ ဆူးလေဘုရားလမ်းနှင့်
ဗိုလ်ချုပ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

❑ **ဓနထွန်းလင်း ရုပ်ရှင်သရုပ်ဆောင်သင်တန်း**
**ဓနထွန်းလင်း Entertainment Group Media Co., Ltd.**
**(DNHLL Media)**
အမှတ်-၁၀၀/၁၀၂၊ ပထမထပ်၊ ချမ်းသာပလာဇာ၊ အထက်
ပုဇွန်တောင်လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၀၀၀၈၆၊ ၂၀၃၄၀၅၊ ၂၀၃၄၃၆၊ ၂၀၂၂၇၅၊ ၂၀၂၃၇၇
လိုင်းခွဲ-၂၁၀၁၊ ၂၁၁၅၊ ၀၉-၅၁၈၂၉၀၆

❑ **Coreana အလှကုန်ပစ္စည်းအရောင်းကောင်တာသစ်**
ဦးဝိစာရလမ်း၊ Blazon Shopping Centre၊ Cosmetics
Zone၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

# အင်းလျားကန်ဘောင်က ထိုင်းနဲ့ဥရောပစာ

အင်းလျားကန်ဘောင်မှာ လမ်းလျှောက်ပြီး ဆိုင်ကောင်းကောင်းမှာ ထိုင်စားချင်တယ်ဆိုရင် အသစ်ဖွင့်လိုက်တဲ့ ဆိုင်တစ်ဆိုင်ရှိတာကို ညွှန်းလိုပါတယ်။ ထိုင်းအစားအစာနဲ့ ဥရောပအစားအစာနှစ်မျိုးစလုံးရနိုင်ပြီး ဆိုင်နာမည် ချင်းမိုင်ဆိုတဲ့အတိုင်း ထိုင်းနိုင်ငံရဲ့ ချင်းမိုင်မြို့က ဆိုင်အပြင်အဆင်မျိုးနဲ့ ထိုင်းစားဖိုမှူးတွေ လက်ရာရရှိနိုင်တယ်လို့ ဆိုပါတယ်။ ဆိုင်ဖွင့်ချိန်က နေ့စဉ် မနက် ၉ နာရီကနေ ည ၉ နာရီအထိပါ။

**လိပ်စာ-** Chiangmai Village Thai & European Restaurant
Inya Lake Garden (အင်းလျားကန်ဘောင်)၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။

# ဖုန်းနံပါတ်ပြောင်း

❑ **Asia Metal Company Limited**
ဖုန်း-၆၁၈၁၃၅၊ ၆၁၈၁၃၇၊ ၆၁၈၄၂၂၊ ၆၁၈၄၂၃၊
၆၁၈၄၃၂၊ ၆၁၈၄၃၃၊ ၆၁၈၄၃၄၊ ဖက်စ်-၆၁၈၂၂၀

# အပူဒဏ်ခံနိုင်တဲ့ ဦးထုပ်

အပူဒဏ်ကို အဓိကကာကွယ်ပေးနိုင်အောင် အဓိကထားပြီး ထုတ်လုပ်ထားတာဖြစ်တယ်လို့ ဒီပစ္စည်းရောင်းချတဲ့သူတွေဆီက သိရပါတယ်။ UV ကို ကာကွယ်နိုင်အောင်ထုတ်လုပ်ထားတဲ့အပြင် မိုးရေမတင်နိုင်တဲ့ အသားနဲ့လည်းချုပ်ထားတာမို့ နေပူပူ မိုးစက်ကျကျ ကာကွယ်နိုင်မှာပါ။ ထိုင်းနိုင်ငံကထုတ်လုပ်ထားတာဖြစ်ပြီး Leadership အမှတ်တံဆိပ်ပါ။

အမျိုးသမီးနဲ့ ကလေးဆောင်းဒီဇိုင်းမျိုးမျိုးရှိပါတယ်။ ဈေးနှုန်းတွေက ကျပ်လေးထောင်ကနေ ကျပ်ခြောက်ထောင်လောက်အထိ အသီးသီးရှိပါတယ်။

ရန်ကုန်မြို့ ပြည်လမ်းပေါ်က စိန်ဂေဟာဆူပါစင်တာ၊ လှည်းတန်းက စိန်ဂေဟာဆိုင်ခွဲတွေမှာ ဝယ်ယူနိုင်ပါတယ်။

# ချစ်စဖွယ်အပြင်အဆင်နဲ့ ကိုရီးယားပီဇာဆိုင်

ဆိုင်အပြင်အဆင်ချစ်စဖွယ်ကောင်းတဲ့ ဆိုင်မှာမှထိုင်ပြီး ကိုရီးယားအစားအစာ စားသုံးလိုသူတွေအတွက် လမ်းညွှန်ပေးချင်တာက ပီဇာအပြင် တခြားသော ကိုရီးယားအစားအစာတွေရနိုင်တဲ့ ဆိုင်လေးတစ်ဆိုင်ပါ။ ကိုရီးယားပီဇာအမျိုးမျိုးအပြင် ကိုရီးယားဇာတ်ကားတွေထဲမှာ ရင်းရင်းနှီးနှီးကြားသိနေရတဲ့ အစားအစာတချို့ကို စားသုံးနိုင်မှာပါ။ ဒီဆိုင်မှာရနိုင်တဲ့ အစားအစာတွေကတော့ တော့ပိုကီ၊ ကိုရီးယားခေါက်ဆွဲ၊ ကိုရီးယားထမင်းလိပ်၊ စပါဂတီ စတာတွေဖြစ်ပါတယ်။ အစားအစာအမျိုးအမည်တွေ အများကြီးမရပေမယ့် လုပသပ်ရပ်တဲ့။ အခင်းအကျင်း စိတ်ချမ်းသာ ဖွယ်ဝန်ဆောင်မှုနဲ့ ချစ်စဖွယ်စားပွဲနဲ့ ထိုင်ခုံတွေမှာ အေးအေးဆေးဆေး စားသုံးနိုင်မှာပါ။

လိပ်စာ-
**Arirang** Korea Pizza House
အမှတ်-၆၁/၈ ၊ ကမ္ဘာ့အေးဘုရားလမ်း၊ ချော်တွင်းကုန်း
မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၆၆၆၆၀၆
E - mail : Ariang@mptmail.net.mm

www.foreverspace.com.mm

# ဒီဇိုင်းဆန်း ကျောက်မျက်ရတနာများ

ကျောက်မျက်ရတနာတွေကို လက်ဆောင်အဖြစ်လက်ခံရရှိတာဟာ ကံကောင်းစေတဲ့အပြင် လာဘ်လာဘတွေပေါ်များစေတယ်လို့ တချို့ ယုံကြည်ထားကြပါတယ်။ ကိုယ်တန်ဖိုးထားရတဲ့သူကို တစ်သက်လုံးအတွက်အမှတ်တရလက်ဆောင်တစ်ခုခုပေးချင်နေပြီး စဉ်းစားရခက်နေတဲ့သူတွေအတွက်လည်း အထောက်အကူဖြစ်စေဖို့ ကျောက်မျက်ရတနာဒီဇိုင်းဆန်းဆန်းလေးတွေရနိုင်တဲ့ဆိုင်တချို့ကို ဖော်ပြပေးလိုက်ပါတယ်။

- **Manawmaya House of Jewels**
  အမှတ်-၅၂၇၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၄၉၆၁၂၊ ဖက်စ်-၅၄၅၇၇၀
- **Hall mark**
  အမှတ်-၆၂ A၊ ကမ္ဘာအေးဘုရားလမ်း၊ ချော်တွင်းကုန်းလမ်းဆုံအနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၀၅၅၄၈၊ ဖက်စ်-၆၅၀၆၈၉
- **MK Gems**
  – အမှတ်-၅၀၊ ပြည်လမ်း၊ ၆မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၃၈၆၄၃၊ ၅၀၇၃၈၂၊ ဖက်စ်-၅၀၇၀၉၄
  www.mkgems.com.
  – အမှတ်-၁၀၁၊ ၈၃လမ်း၊ ၂၂× ၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး။
  ဖုန်း-၀၂-၆၁၇၄၉၊ ၆၉၅၆၀
- **She Shines**
  အမှတ်-၀၀၃ + ၀၀၄၊ ၀၀၅+၀၀၆၊ တိုက်-ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၄၀၀၈၇၊ ၅၄၃၃၂၄
- **Diamond Palace**
  ၇၃ လမ်းနှင့် ၂၈ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
  ဖုန်း-၀၉-၂၀၂၁၂၃၊ ၀၉-၆၉၇၀၁၀၃၊ ၀၉-၂၀၁၇၀၀၉၊ ၀၉-၆၉၇၁၄၆၀
- **Great Diamond**
  အမှတ်-၂၇၃-အေ၊ လမ်း ၈၀၊ ၃၂× ၃၃ လမ်းကြား၊ မန္တလေး။
  ဖုန်း-၀၂-၇၁၂၂၂၊ ဖက်စ်-၀၂-၃၅၂၃၅
- **တော်ဝင်စိန်တိုက်**
  အမှတ်-၂၄၉၊ ၂၆ ဘီလမ်း၊ ၈၂× ၈၃ လမ်းကြား၊ မန္တလေး။
  ဖုန်း-၀၉-၆၉၇၁၀၈၄၊ ၀၉-၂၀၀၁၁၀၄၊ ၀၂-၆၀၅၉၈၊ ၀၂-၂၄၅၉၈
- **နှစ်သက်စရာ**
  Diamond Condominium Block A၊ အခန်း G 2 ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၀၁၃၇၂
- **Pwint Phyu**
  အမှတ်-၅၁၊ အောင်ဆန်းကွင်းအရှေ့ဘက်တန်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်။ ရန်ကုန်။
  ဖုန်း-၇၂၆၆၁၁၊ ၀၉-၅၁၇၇၀၇၈၊ ၀၉-၅၁၆၉၀၆၃
- **Precious**
  အမှတ်-၂၉၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၄၆၆၄၅၊ ၀၉-၅၀၀၀၃၀၈၃
- **New Star**
  အမှတ်-၁၀၊ ၇၈ လမ်း၊ ၃၁× ၃၂လမ်းကြား၊ ဇေတိကလမ်း၊ မန္တလေး။
  ဖုန်း-၀၂-၃၆၀၀၆၊ ၃၄၅၉၃၊ ၃၀၁၉၈
- **The Thambula**
  အမှတ်-၈၁၊ A-1 ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၄၆၃၁၈
- **Wealthy**
  Great Wall Shopping Centre တတိယထပ်၊ တ-၃၊ ၇၈ လမ်း၊ ၃၃ လမ်းနှင့် ဇေတိကလမ်းထောင့်၊ မန္တလေး။
  ဖုန်း-၀၂-၆၉၆၆၀၊ ၆၉၈၀၅၊ ၆၉၈၀၆၊ ၆၉၄၈၇၊ ၆၆၉၂၁၊ ၆၈၂၃၉၊ ၃၈၂၉၂၊ ၆၉၅၄၄၊ ၆၉၆၄၉၊ (လိုင်းခွဲ ၄၀၁) ၀၉-၂၀၀၄၅၂၈
- **စိန်စပွယ်ဖူး စိန်တိုက်**
  အမှတ်-၁၆၉၊ ၈၄ လမ်း၊ ၃၁× ၃၂ လမ်းကြား၊ မန္တလေး။ ဖုန်း-၀၂-၃၃၄၇၄၊ ၀၉-၂၀၀၁၁၉၃
- **Win & San**
  အမှတ်-၃၆/စီ၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၀၂၉၇၇၊ ၅၀၄၆၇၉၊ ၀၉-၅၀၀၆၆၈၃၊ ၀၉-၅၀၀၆၆၈၅၊ ၀၉-၅၀၆၂၇၇၃၊ ၀၉-၉၉၂၂၁၄၉
- **Shwe Taung Gems**
  အမှတ်-၁၂၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၃၅၃၈၅၊ ၇၂၂၈၂၀၊ ၀၉-၅၁၅၃၈၄၈

www.foreverspace.com.mm

- **The Rich Gems**
  အမှတ်–၃၀၃၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်၊
  ရန်ကုန်။
  ဖုန်း–၅၃၆၂၇၂၊ ၅၀၀၀၆၀
- **Time & Treasure**
  အမှတ်–၁၊ အနောက်မေခလမ်း (၁)၊ မရမ်းကုန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၆၆၁၃၆၂၊ ၆၅၂၆၉၇၊ ၀၉–၈၀၂၅၁၂၁၊
  ဖက်စ်–၆၆၁၃၆၂
- **May & Mark Gems**
  – အမှတ်–၁၂၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၁၆၉၁၊ ဖက်စ်–၅၃၄၂၆၃
  – လမ်း–၃၀၊ ၇၃× ၇၄ လမ်းကြား၊ ဆေးတက္ကသိုလ်ရှေ့၊
  မန္တလေး။ ဖုန်း–၀၂–၆၆၀၃၈၊ ဖက်စ်–၀၂–၃၃၂၂၉
- **SP Gems**
  အမှတ်–၃၀–အေ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊
  ရန်ကုန်။
  ဖုန်း–၆၆၀၃၉၇၊ ဖက်စ်–၆၆၄၅၇၄
- **Jasmine Phyu**
  ချော်တွင်းကုန်းလမ်းဆုံအနီး၊ ကမ္ဘာအေးဘုရားလမ်း၊
  မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## နေပြည်တော်ကို လေယာဉ်နဲ့သွားမလား

နေပြည်တော် ဘူတာရုံက ဝေးနေတာ ဒါမှမဟုတ် ကားနဲ့ကျတော့လည်း ကိုယ်သွားချင်တဲ့အချိန်ကို ချိန်လို့မရတာစတဲ့ အခက်အခဲရှိနေသူတွေအတွက် နေပြည်တော်ကို လေယာဉ်နဲ့သွားလို့ရအောင် လေယာဉ်လက်မှတ်ရောင်းချပေးတဲ့နေရာတွေကို ဖော်ပြပေးလိုက်ပါတယ်။ လေယာဉ်တွေ ဘယ်အချိန်ထွက်လဲ၊ လေယာဉ်လက်မှတ်ဘယ်လောက်ကျမလဲဆိုတာကိုလည်း ဖုန်းဆက်စုံစမ်းဖို့ မမေ့နဲ့နော်။

- **Air Bagan**
  နေပြည်တော်လေယာဉ်ကွင်း၊ နေပြည်တော်။
  ဖုန်း–၀၆၇–၃၅၁၂၀
- **Cosmo**
  အမှတ်–PA/၃၆၊ ဘောဂသီရိကားဝင်း၊
  နေပြည်တော် ပျဉ်းမနားမြို့။
  ဖုန်း–၀၆၇–၃၈၁၀၉
- **Shiseido**
  အမှတ် (J&K)၊ ရန်ကုန်–မန္တလေးလမ်းမ၊
  ဆောက်လုပ်ရေးဝင်း၊ နေပြည်တော် ပျဉ်းမနားမြို့။
  ဖုန်း–၀၆၇–၂၃၂၉၃

## နေပြည်တော်က စာအုပ်ဆိုင်များ

အစိုးရဝန်ကြီးဌာနတွေ ပြောင်းရွှေ့သွားလို့ ရန်ကုန်ကနေ နေပြည်တော်မှာ ပြောင်းလဲတာဝန်ထမ်းဆောင်နေရတဲ့ အစိုးရဝန်ထမ်းတွေ၊ စာအုပ်စာပေကို ချစ်မြတ်နိုးသူတွေအတွက် နေပြည်တော်က စာအုပ်ရောင်းချပေးနေတဲ့ ဆိုင်တချို့ကို လက်လှမ်းမီသလောက် ဖော်ပြပေးလိုက်ပါတယ်။ ဆိုင်အများစုက နေပြည်တော်ပျဉ်းမနားမြို့မှာ ဖွင့်လှစ်ထားတာပါ။

- **မချို**
  အမှတ်–၁၁/၃၄၊ ဘုရားလမ်း၊
  ရန်အောင် (၁) ရပ်ကွက်၊ နေပြည်တော်ပျဉ်းမနားမြို့။
  ဖုန်း–၀၆၇–၂၂၁၁၅
- **စာပေဗိမာန်**
  အမှတ်–(တ–၅၄/၅၅) ၊ သပြေကုန်းဈေး၊ နေပြည်တော်။
  ဖုန်း–၀၆၇–၄၁၄၆၄၉
- **စောဦး**
  အမှတ်–၂/၈၊ ဗိုလ်ချုပ်လမ်း၊ ၈ လမ်းနှင့် ၉ လမ်းကြား၊
  နေပြည်တော် ပျဉ်းမနားမြို့။
  ဖုန်း–၀၆၇–၂၁၂၇၆
- **ဇင်ရော်**
  အမှတ်–၄/၁၈၊ ဗိုလ်တောက်ထိန်လမ်း၊
  ဈေးအရှေ့ဘက်၊ နေပြည်တော်ပျဉ်းမနားမြို့။
  ဖုန်း–၀၆၇–၂၂၇၃၈
- **သရဖူ (၁)**
  အမှတ်–(၂/၂၇)၊ ၈လမ်း၊ မင်္ဂလာရပ်ကွက်၊
  နေပြည်တော် ပျဉ်းမနားမြို့။
  ဖုန်း–၀၆၇–၂၂၁၁၁
- **သရဖူ (၂)**
  အမှတ်– (၃/၁၅)၊ ဗိုလ်ချုပ်လမ်း၊
  မင်္ဂလာရပ်ကွက်၊ နေပြည်တော် ပျဉ်းမနားမြို့။
  ဖုန်း–၀၆၇–၂၂၃၇၃
- **သော်တာစန်း**
  အမှတ်–၂/၂၈၊ ၈ လမ်း၊ မင်္ဂလာရပ်ကွက်၊
  နေပြည်တော်ပျဉ်းမနားမြို့။
  ဖုန်း–၀၆၇–၂၂၇၀၁

LIVING COLOR MEDIA
၂၄၂၄၂၄ ၊ ၃၉၃၁၃၂

www.foreverspace.com.mm



# ပန်းကလေးတွေ လက်ဆောင်ပေးမယ်

မိတ်ဆွေတွေ၊ သူငယ်ချင်းတွေနဲ့ ချစ်ခင်သူတွေကို ကိုယ်ဘယ်လောက်အလေးထားကြောင်း၊ ရင်းနှီးချစ်ခင်ကြောင်းပြသတဲ့အခါတွေမှာ ပန်းလက်ဆောင်လေးပို့ပေးတဲ့စိတ်ကူးကလည်းတစ်ခု အပါအဝင်လို့ပြောနိုင်ပါတယ်။ ဒီစိတ်ကူးလေးကို အကောင်အထည်ဖော်ဖို့စဉ်းစားနေသူတွေအတွက် ပန်းစည်းလေးတွေအိမ်အရောက်ပို့ပေးနေတဲ့ ဝန်ဆောင်မှု လုပ်ငန်းတချို့ကို ဖော်ပြပေးလိုက်ပါတယ်။ ကိုယ်တိုင်ပေးရင်လည်းရတာပဲလို့ဆိုပေမယ့် ဒီလို Floral Service တွေကတစ်ဆင့်ပေးရင်လည်းလက်ခံတဲ့လူအနေနဲ့ ကျေနပ်နှစ်သိမ့်စေနိုင်လို့ပါ။ လက်ခံရတဲ့သူအနေနဲ့လည်း Surprise ဖြစ်သွားတာပေါ့။ တချို့လုပ်ငန်းတွေက အိမ်အရောက်ပို့ဝန်ဆောင်မှုကိုဆောင်ရွက်ပေးတယ်ဆိုပေမယ့်လည်း နေရာဒေသအကန့်အသတ်ရှိနိုင်တာကြောင့် ဖုန်းအရင်ဆက်ပြီးစုံစမ်းသင့်တယ်လို့ အကြံပြုလိုပါတယ်။

❑ **Sandy Floral Service & Gift Centre**
Summit Parkview Hotel. အမှတ် ၃၅၀၊
အလုံလမ်းနှင့် ပြည်လမ်းထောင့် ၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၁၁၈၈၈၊ ၂၁၁၉၆၆ (လိုင်းခွဲ– ၁၇၃)

❑ **Sandy Floral Service**
– အမှတ်–၁၀၂–အေ၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း–၅၀၀၁၄၂၊ ဖက်စ်–၅၃၅၃၇၆
– City Mart ၊ (မြေနီကုန်း)၊ ပြည်လမ်း။

❑ **Juno Floral**
အမှတ်–၂၉၀ အေ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၄၅၉၆

❑ **Blessings**
အမှတ်–၄၅၉–ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊
ဗဟန်းမြို့နယ်၊
ရန်ကုန်။ ဖုန်း–၇၂၄၁၉၈

❑ **Eternal Flowers**
– အမှတ်–၄၄၉၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊
ဗဟန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း–၅၄၁၂၁၇၊ ၅၆၃၇၈၃၊ ၀၉–၅၁၀၀၄၉၆
၀၉–၅၁၃၉၀၃၅
– G– 10 , North Point Shopping Centre ၊ ၉ မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၆၂၉၉၅–၆၂ (လိုင်းခွဲ ၁၀၉)

❑ **ဧဒင်**
အမှတ်–၃၂၇/၃၂၉ အေ/ဖ၊ ၃၄လမ်း(အပေါ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၅၂၂၇

❑ **White Rose**
– အမှတ်–၈၀–စီ၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်။
ဖုန်း–၅၃၉၈၂၁၊ ၀၉–၈၀၃၃၅၄၅
– အမှတ်–၁၆၉၊ ဗားကရာလမ်း၊ ကျွန်းတောလမ်းအနီး၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

❑ **Floral Villa Co., Ltd.**
အမှတ်–၁၃၁၊ အခန်း ၅၊၆၊ သံလွင်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၀၁၃၃၁၊ ၆၈၂၄၄၅၊ ၀၉–၈၀၂၄၅၄၄

❑ **Splendour**
အမှတ်–၂၊ အခန်း–၃၊ လှည်းတန်းလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၀၂၁၁၉၈၊ ၅၂၆၈၅၈၊ ၇၁၀၇၁၆


❑ **Yangon Florist & Gift**
– အမှတ်– ၂၊ ဗဟိုလမ်းနှင့်ခေမာလမ်းထောင့်၊
စမ်းချောင်းမြို့ နယ်၊ ရန်ကုန်။
– အမှတ်–စီ၊ အင်းစိန်လမ်း၊
ဦးထွန်းလင်းရိပ်သာလမ်းထောင့်၊
လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၀၄၀၆၊ ၀၉–၅၀၁၉၉၀၄ ■

## နေရာပြောင်း ၊ လိပ်စာသစ်

❑ **United Pharma (Yangon) Company Limited.**
အမှတ်–၁၂–အေ၊ ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၅၇၀၃၃–၃၈၊ ၆၅၇၀၀၁–၀၂
ဖက်စ်–၆၅၁၁၈၀

❑ **Htoo Dental Care Centre**
အမှတ်–၁၉၈၊ ဗိုလ်မြတ်ထွန်းလမ်း (အလယ်)၊
မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်။
ဖုန်း–၂၉၇၆၂၄၊ ၀၉–၅၀၆၉၉၄၀

www.foreverspace.com.mm





NOVEMBER, 2009

NEWS & FEATURES USA

Indian Prime Minister Honored with State Dinner

By Steve Kaufman
Staff Writer

# အမေရိကန်သံရုံးက ထုတ်ဝေတဲ့မဂ္ဂဇင်း

အမေရိကန်သံရုံးပြည်သူ့ရေးရာဌာနကနေ ဇန်နဝါရီလကစလို့ ထုတ်ဝေမယ့် မဂ္ဂဇင်းတွေဖတ်လိုသူများအတွက် ဆက်သွယ်မှာယူနိုင်မယ့် နှုန်းထား၊ နေရာနဲ့ နောက်ဆုံးစာရင်းပေးသွင်းရက်တွေကို ဖော်ပြပေးပါမယ်။ ဖတ်ရှုနိုင်မယ့်စာအုပ်တွေက လင်းရောင်ခြည် USA, American Mosaic နဲ့ News & Features USA တွေပဲ ဖြစ်ပါတယ်။

လင်းရောင်ခြည်က လေးအုပ်ကို ကျပ် ၈၀၀ နှုန်း၊ American Mosaic က ၁၀ အုပ်ကို ကျပ် ၇၀၀၊ News & Features USA က ၁၂ အုပ်ကို ကျပ် ၆၀၀ နှုန်းပါ။ ဒါပေမဲ့ မဂ္ဂဇင်းသုံးမျိုးစလုံးကို မှာယူမယ်ဆိုရင်တော့ အထူးနှုန်း ကျပ် ၂,၀၀၀ သာ ကျသင့်မှာပါ။

လူကိုယ်တိုင်မှာယူမယ်ဆိုရင် American Center ရှိတဲ့ အမှတ် ၁၄၊ တော်ဝင်လမ်း၊ ဒဂုံမြို့နယ်ကို သွားရောက်စာရင်းသွင်းမှာယူနိုင်မှာဖြစ်ပြီး ငွေပို့လွှာနဲ့မှာမယ်ဆို ဦးကျော်ဝင်း၊ ပြည်သူ့ရေးရာဌာန၊ အမေရိကန်သံရုံး အမှတ်–၁၁၀၊တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့ဆိုပြီး လိပ်စာတပ်လို့ မှာကြားရမှာပါ။ တစ်ခုရှိတာက ငွေပို့လွှာပေါ်မှာ မှာကြားသူရဲ့နာမည်နဲ့ နေရပ်လိပ်စာအပြည့်အစုံကို မြန်မာဘာသာတစ်မျိုးတည်းရေးသားရမှာဖြစ်ပြီး မှာယူလိုတဲ့စာအုပ်အမည်ကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြပေးရမှာပါ။

စာတိုက်ကတစ်ဆင့် အိတ်ထဲမှာငွေသားထည့်ပြီးမှာတာမျိုးကို လုံးဝလက်ခံမှာမဟုတ်ဘူးလို့ဆိုထားတဲ့အပြင် ပျောက်ဆုံးရင်လည်း တာဝန်ယူမှာမဟုတ်ဘူးလို့ အမေရိကန်စင်တာရဲ့တရားဝင် ထုတ်ပြန်ချက်အရ သိရပါတယ်။ မှာကြားရမယ့် နောက်ဆုံးနေ့ရက်ကတော့ ၂၀၁၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့ပါပဲ။ ■

# Melody World မှာ သီချင်းဆိုမလား

အသံအားကောင်းကောင်းနဲ့ တက်သစ်စတေးသံရှင်အသစ်တွေ မွေးထုတ်နေတာ သုံးကြိမ်မြောက်ရှိပြီဖြစ်တဲ့ Melody World သီချင်းဆိုပြိုင်ပွဲမှာ ဝင်ပြိုင်ဖို့ စိတ်အားထက်သန်နေသူတွေအတွက် ၂၀၁၀ မှာကျင်းပမယ့် Melody World မှာ ဝင်ပြိုင်နိုင်အောင် လိပ်စာဖော်ပြပေးလိုက်ပါတယ်။

Zomia Media Co., Ltd. (Melody World)
အမှတ် (၂၁၉)၊ လေးလွှာ၊
ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၅၅၁၅၊ ၃၉၇၁၉၂

www.foreverspace.com.mm

# ၂၀၀၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | လွယ်ကူလေ့လာပုံနှိပ်ပညာ<br>စာမူခွင့်ပြုချက်အမှတ်–၄၆၀၁၁၀၉ | မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း | ၅၀၀ | – | – | ၂၀၁၀၊ ဇန်နဝါရီ (ပကြိမ်) | နည်းပညာ |
| ၂။ | မျိုးပွားကျန်းမာရေးဆိုင်ရာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၁၄၄၁၀၀၇ | ပါမောက္ခ<br>ဒေါက်တာမြင့်မောင်မောင် | – | ၇၀၀၀ | – | ၂၀၀၉၊ ဒီဇင်ဘာ (ပ–ကြိမ်) | ကျန်းမာရေး |
| ၃။ | ဆေးဝါးမိတ်ဆက်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၃၂၉၁၂၀၉ | ဇီဝကမဂ္ဂဇင်း<br>အယ်ဒီတာအဖွဲ့ | ၁၀၀၀ | ၄၆၀၀ | ရတနာသိုက် | ၂၀၁၀၊ ဇန်နဝါရီ (ပ–ကြိမ်) | ကျန်းမာရေး |
| ၄။ | ရွှေဘုံနိဒါန်း<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၁၄၁၃၀၇ | ဖေယသခ်ဃာ | ၅၀၀ | ၃၀၀၀ | ရာပြည့် | ၂၀၀၉၊ ဒီဇင်ဘာ (စတုတ္ထ–ကြိမ်) | ထီးနန်းမှတ်တမ်းကျမ်း |
| ၅။ | ရွှေလရောင်...ထိုးနှင့်နောက်တွေ့ဝတ္ထုတိုသစ်များ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၆၁၃၁၁၀၉ | ပီမိုးနင်း | ၅၀၀ | ၃၁၀၀ | ရာပြည့် | ၂၀၁၀၊ ဇန်နဝါရီ (ပ–ကြိမ်) | ဝတ္ထုတိုစုစည်းမှု |
| ၆။ | ဒီမိုကရေစီဆိုတာ နောက်ဆုံးပန်းတိုင်မဟုတ်ပါ စာမူခွင့်ပြုချက်အမှတ်–၃၁၀၁၂၈၁၂၀၉ | လူထုစိန်ဝင်း | ၁၀၀၀ | ၂၀၀၀ | ပင်ဝါးရုံ (ပ–ကြိမ်) | ၂၀၁၀၊ ဇန်နဝါရီ | နိုင်ငံရေးအတွေးအမြင်ဆောင်းပါးများ |
| ၇။ | စာအုပ်ကမ္ဘာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၅၂၄၁၁၀၉ | ဖေမြင့် | ၁၀၀၀ | ၄၀၀၀ | – | ၂၀၀၉၊ ဒီဇင်ဘာ (ပ–ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၈။ | တရားနှင့်လက်တွေ့<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၂၄၇၁၀၀၉ | ဦးမြင့်လွင်–<br>တရားရုံးချုပ်ရှေ့နေ | ၁၀၀၀ | ၇၀၀၀ | လွင် | ၂၀၀၉၊ ဒီဇင်ဘာ (ပ–ကြိမ်) | ဘာသာရပ်ဆိုင်ရာစာအုပ် |
| ၉။ | သီလငါးပါးဆောင်းပါးများ<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၅၃၁၀၉၀၉ | ရှင်ဝိမလ<br>(တိုက်ကြီးကုန်း) | ၅၀၀ | ၁၅၀၀ | စိတ်ကူးချိုချို | ၂၀၀၉ ၊ ဒီဇင်ဘာ (ပ–ကြိမ်) | ဘာသာရေး |
| ၁၀။ | တေးဖွဲ့ဆိုသီဖူးငုံပွင့်သစ်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၄၄၀၀၅၀၄ | ကြည်အေး | ၅၀၀ | ၂၃၀၀ | စိတ်ကူးချိုချို | ၂၀၀၉၊ ဒီဇင်ဘာ (ပ–ကြိမ်) | ဝတ္ထု |
| ၁၁။ | ကျောက်ဆစ်ရုပ်မလက်တစ်ချောင်းနှင့်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၄၁၇၀၉၀၈ | စာရေးဆရာစုံ | ၅၀၀ | ၂၀၀၀ | ရှုဝံ | ၂၀၀၉၊ ဒီဇင်ဘာ (ပ–ကြိမ်) | ဝတ္ထုတိုစုစည်းမှု |
| ၁၂။ | အနုပညာ.....စာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၇၁၀၆၀၉ | ခင်မောင်ရင် | ၅၀၀ | ၅၀၀၀ | The Key | ၂၀၁၀၊ ဇန်နဝါရီ (ပ–ကြိမ်) | ပန်းချီပညာ |

www.foreverspace.com.mm

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၃။ | ဘုရားသခင်မှမေတ္တာကရုဏာ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၄၈၈၁၀၀၉ | ပါရဂူ | ၁၀၀၀ | ၂၀၀၀ | ခါကာဘို | ၂၀၀၉၊ ဒီဇင်ဘာ<br>(ပ–ကြိမ်) | ဝတ္ထုတိုပေါင်း<br>ချုပ်ဘာသာပြန် |
| ၁၄။ | အထက်တန်းစားဗုဒ္ဓဘာသာဝင်<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၆၉၈၁၀၀၉ | မင်းနန်<br>(မော်ကျွန်း) | ၁၀၀၀ | ၂၅၀၀ | အလင်းသစ် | ၂၀၀၉၊ ဒီဇင်ဘာ<br>(စတုတ္ထ–ကြိမ်) | ဘာသာရေး |
| ၁၅။ | ဇကရီဒေဝိမဟေသီ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၄၇၆၁၀၀၉ | ကောင်းထက် | ၁၀၀၀ | ၃၀၀၀ | စာပေလောက | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ရာဇဝင် |
| ၁၆။ | ခွေးများ၊ လူများနှင့်စာအုပ်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၄၇၉၁၁၀၉ | ကျော်ဝင်း | ၅၀၀ | ၂၀၀၀ | Plastic Rainbow book | ၂၀၀၉၊ ဒီဇင်ဘာ<br>(ပ–ကြိမ်) | ဆောင်းပါး<br>ပေါင်းချုပ် |
| ၁၇။ | အရှေ့လေတိုက်သောအခါ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၁၆၂၀၉၀၉ | မြသန်းတင့် | ၅၀၀ | ၂၀၀၀ | နေရီရီ | ၂၀၀၉၊ ဒီဇင်ဘာ<br>(ဒု–ကြိမ်) | ခရီးသွား<br>ဆောင်းပါး |
| ၁၈။ | နောင်ရိုးမှသည် ယိုးဒယားဆီသို့<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၀၁၇၀၁၀၉ | သန်းနိုင်ဦး | ၁၀၀၀ | ၁၀၀၀ | ပန်းတိုင် | ၂၀၀၉၊ ဒီဇင်ဘာ<br>(ပ–ကြိမ်) | သမိုင်းနောက်ခံ<br>ဝတ္ထု |
| ၁၉။ | မိုးပေါ်ထောင်ပစ်လိုက်တဲ့မြှားတစ်စင်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၄၂၀၆၀၉ | နေဝင်းစံ | ၁၀၀၀ | ၂၀၀၀ | စိန်မြန်မာ | ၂၀၀၉၊ ဒီဇင်ဘာ<br>(ပ–ကြိမ်) | စာပေဆိုင်ရာ<br>ဆောင်းပါးများ |
| ၂၀။ | အုတ်တစ်ချပ်သဲတစ်ပွင့်<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၉၆၀၉၀၉ | တော်ဘုရားလေး<br>(အောင်ဇေ) | ၅၀၀ | ၁၀၀၀ | နန်းဒေဝီ | ၂၀၀၉၊ ဒီဇင်ဘာ<br>(ပ–ကြိမ်) | ဆောင်းပါး |
| ၂၁။ | ရက်တစ်ရာဝတ္ထုရေးနည်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၀၂၉၀၉၀၉ | ကြေးသား<br>(မြန်မာပြန်) | ၅၀၀ | ၉၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ ဇန်နဝါရီ<br>(ပ–ကြိမ်) | ဝတ္ထုရေးနည်း |
| ၂၂။ | စာတိုစာထွာတွေးစရာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၂၀၃၃၉၀၉ | မြတ်ဆွေ | ၅၀၀ | ၁၇၀၀ | စိတ်ကူးချိုချို | ၂၀၀၉၊ ဒီဇင်ဘာ<br>(ပ–ကြိမ်) | ဆောင်းပါး<br>ပေါင်းချုပ် |
| ၂၃။ | ဗျတ်ဝိဗျတ်တ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၂၀၁၀၂၀၉ | ကောင်းထက် | ၅၀၀ | ၁၅၀၀ | အားမာန်သစ် | ၂၀၀၉၊ ဒီဇင်ဘာ<br>(ပ–ကြိမ်) | သမိုင်းနောက်ခံ<br>ဝတ္ထု |
| ၂၄။ | ဘဝအိပ်မက်များလှုပစေသူ<br>မိုဟာမက်ယူနွတ်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၂၂၈၁၀၀၉ | မောင်မောင်မြင့်<br>သိန်း(စက်မှု<br>တက္ကသိုလ်) | ၅၀၀ | ၃၀၀၀ | အခွင့်အလမ်း | ၂၀၀၉၊ နိုဝင်ဘာ<br>(ပ–ကြိမ်) | ဘာသာပြန် |
| ၂၅။ | ခေါင်းဆောင်ကောင်းတစ်ယောက်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၆၀၀၇၀၉ | ညီထက်အောင် | ၅၀၀ | ၁၅၀၀ | HUMANITY Books | ၂၀၀၉၊ နိုဝင်ဘာ<br>(ပ–ကြိမ်) | ဘာသာပြန် |

www.foreverspace.com.mm

# စာအုပ်လမ်းညွှန်

Editor's Choice

## ဦးသန့် လက်ရွေးစင်စာများ

**စီစဉ်သူ ဦးသော်ကောင်းနှင့်**
**မောင်ဇေယျာ**

မြန်မာ့လူရည်ချွန် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့သူ ဦးသန့်ရေးသားခဲ့သော နိုင်ငံပြုစာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝေဖန်ချက်များကို ဦးသော်ကောင်းနှင့် မောင်ဇေယျာတို့က စုစည်းပြီး စာအုပ်အဖြစ်ထုတ်ဝေထားခြင်းဖြစ်သည်။

ဦးသန့်ဟုဆိုလိုက်သည်နှင့် ဉာဏ်ပညာကြီးမား၍ တည်ငြိမ်ခံ့ငြားသောရုပ်သွင်ကို မြင်ယောင်စေပြီး ကမ္ဘာပေါ်တွင် များစွာတာဝန်ကြီးကာ များစွာသောနိုင်ငံများ၊ ခေါင်းဆောင်များက လေးစားအားကိုးရသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ အမြင့်ဆုံး အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကို မြန်မာနိုင်ငံသားတစ်ဦးအနေနှင့် ထမ်းဆောင်ခွင့်ရသူ၊ စစ်အေးခေတ်ကာလ ကမ္ဘာ့တင်းမာမှုများကို ခေါင်းအေးအေး၊ တည်တည်ငြိမ်ငြိမ်ဖြင့် ငြိမ်းချမ်းရေးဆောင်ကြဉ်းပေးနိုင်ခဲ့သူ၊ မြန်မာဆိုသော နိုင်ငံငယ်ကလေးကို ကမ္ဘာပေါ်တွင် ထင်ရှားထွန်းတောက်သွားစေရန် စွမ်းဆောင်ပေးခဲ့သူစသဖြင့် ထင်ရှားကျော်ကြားသည့် အကြောင်းအရာများသာ လူသိများသည်။

မြန်မာနိုင်ငံတွင် ဦးသန့်အကြောင်းရေးသမျှစာအုပ်အနည်းငယ်ထဲတွင် ဦးသန့်ငယ်ဘဝမှစကာ ကွယ်လွန်ချိန်အထိ အကြောင်းအရာများ တစ်ခုတ်တရ ရေးသားထားကြသော်လည်း ဤစာအုပ်တွင်ပါသော ဦးသန့်စာပေလက်ရာများကိုကား သီးသန့်မဖော်ပြနိုင်ခဲ့ကြ။ အပိုင်းအစအချို့သာ ဆစ်ပိုင်းဖော်ပြခဲ့ကြသည်ကများသည်။ ယခုစာအုပ်တွင်မူ နာမည်ကျော်စာကြည့်တိုက်ပညာရှင်နှင့် စာကြည့်တိုက်မှူးနှစ်ဦးတို့ ရှာဖွေစုဆောင်းထားသော ဦးသန့်၏စာများဖြစ်နေသည့်အတွက် မည်မျှတန်ဖိုးကြီးမားလှကြောင်း ပြောဖွယ်မရှိပေ။ ဤအတွက် စိတ်ကူးရ၍ စီစဉ်ထုတ်ဝေသူနှင့် ရှာဖွေစုဆောင်းပေးသူများကို အထူးအသိအမှတ်ပြုစရာကောင်းလှသည်။

ဦးသန့်၏စာများကိုဖတ်ရမှ ဦးသန့်၏ အမြော်အမြင်နှင့် ဉာဏ်ပညာကြီးမားပုံ၊ နိုင်ငံနှင့်နိုင်ငံသားများအတွက် ထားရှိသောစေတနာ၊ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဝေဖန်ချက်များ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးပညာရေးကဏ္ဍအပေါ် ဦးသန့်မျှော်မှန်းသုံးသပ်မှု၊ အခြားနိုင်ငံများ၏ ပညာရေးနှင့် နှိုင်းယှဉ်သုံးသပ်ပြထားပုံတို့မှာ များစွာအထင်ကြီးလေးစားလောက်သည်။ အထူးသဖြင့် ဦးသန့်၏ ပညာရေးအပေါ်ထားရှိသော သဘောထားမှာ ယနေ့ကာလအထိ အတိအကျမှန်ကန်နေသေးသည်။ ဆင့်ပွားချဲ့ထွင်၍လည်းရသည်။



www.foreverspace.com.mm

လက်တွေ့ကျင့်သုံးစရာလည်း ကောင်းလှသည်။ အမျိုးသားကျောင်းဆရာ၊ ကျောင်းအုပ်တာဝန်များဖြင့် ပညာရေးလောကတွင် ကျင်လည်ခဲ့သူဖြစ်နေခြင်းက ဦးသန့်ကို ပညာရေးသည်သာ နိုင်ငံအတွက် ထွက်ရပ်လမ်းအမှန်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိမြင်သွားစေသည်ဟု ဆိုနိုင်သည်။

ထိုခေတ်ထိုအခါ ၁၉၄ဝ ခုနှစ်လွန်မှ ၁၉၆ဝ ပြည့်ကာလက ဦးသန့်သုံးသပ်ရှုမြင်သော မြန်မာနှင့် ကမ္ဘာ့ပညာရေးအခြေအနေ နှိုင်းယှဉ်ချက်များ၊ အားမလိုအားမရစိတ်၊ ကြီးပွားတိုးတက်စေလိုသော စိတ်စေတနာတို့ကို အခန်း (၁) 'လွတ်လပ်သောမြန်မာပြည်အတွက်'၊ 'အမျိုးသားပညာရေး'၊ 'ပြည့်ရေးပြည့်ရာသင်ကြားနည်း'၊ 'စာသင်ကျောင်းနှင့် စာရိတ္တမဏ္ဍိုင်'၊ 'ခေတ်စမ်းကျောင်း'၊ 'ဗမာသစ်နှင့်ပညာသစ်' တို့တွင် တွေ့ရသည်။

၁၉၄၁ ခုနှစ် ဧပြီလထုတ် ကြီးပွားရေးမဂ္ဂဇင်းတွင် ဦးသန့်ရေးသားခဲ့သည့် 'လွတ်လပ်သောမြန်မာပြည်' ဆောင်းပါးတွင် သူတစ်ပါး၏ ဖိနှိပ်အနိုင်ကျင့် အုပ်ချုပ်မှုအောက်တွင်ရှိနေသော နိုင်ငံတော်တစ်ခုလုံး၏ 'လွတ်လပ်ရေး' ဆိုသော ဝေါဟာရကျယ်ဝန်းလေးနက်ပုံ၊ စည်းကမ်းပျက်မြန်မာများ၏ အခြေအနေနှင့် နိုင်ငံတော်၏ ကာယဗလစွမ်းအင်ဟုဆိုရမည့် တပ်မတော်အင်အားနှင့် ဉာဏဗလစွမ်းရည်ဖြစ်သည့် အခြေခံပညာရေးကဏ္ဍများ အရေးကြီးပုံကို ယခုကဲ့သို့ ထောက်ပြအကြံပေးထားသည်။

*လှောင်ချိုင့်တွင်းရှိငှက်အား လွတ်လပ်ရေးကိုပေးပါသော်လည်း အမွေးအတောင်တို့သည် မိမွေးတိုင်းဖမွေးတိုင်း မဟုတ်ဘဲ ကတ်ကြေးဖြင့်ညှပ်ထားသည်ဖြစ်အံ့၊ မပျံနိုင်ပေ။ ပချုပ်တွင်းရှိမြွေအား လွတ်လပ်ရေးကို ပေးပါသော်လည်း အလမ္မာယ်သည် ၎င်း၏အဆိပ်အိပ်ကို နုတ်၍သော်လည်းကောင်း၊ အစွယ်ကိုချိုး၍သော်လည်းကောင်း ဘေးမရှိအောင်ပြုခဲ့လျှင် ထိုမြွေအတွက် တန်ဖိုးမရှိတော့ပေ။ လွတ်လပ်ရေးသည် အကျဉ်းသမားအား လွတ်လပ်ရေးကိုပေးပါသော်လည်း မိမိသည် လွတ်လပ်သော သူတို့၏ အမူအကျင့်တို့ကိုမတတ်လျှင် တစ်ဖန်ပြန်၍ လွတ်လပ်ရေးဆုံးရှုံးရပေဦးမည်။ ထိုနည်းအတူပင် လက်အောက်ခံနိုင်ငံတို့သည် လွတ်လပ်သည့်တစ်နေ့၌ အမွေးအတောင် အဆိပ်အစွယ်တို့ကင်းမဲ့မှု လွတ်လပ်ခြင်းတည်းဟူသော အရသာကို ကောင်းစွာခံစားနိုင်ပေမည်မဟုတ်။ လွတ်လပ်သော တိုင်းကြီးပြည်ကြီးတို့၏အမူအကျင့်ကို မကျင့်နိုင်မှု လွတ်လပ်ရေးသည် တစ်ဖန်ပြန်ဆုံးရှုံးရပေဦးမည်။ (စာ-၁၃)*

*ယခုအခါ ရန်ကုန်မြို့ကြီးမှစ၍ မြို့တိုင်းမြို့တိုင်း၌ပင် တာဝန်ကို အလျဉ်းမသိတတ်ဘဲ စည်းပျက်ကမ်းပျက်ဖြစ်သော မြန်မာလူငယ်လူရွယ်တို့သည် ပြည့်လျက်ရှိ၏။ နှုတ်ကြမ်းသော မော်တော်ကားစပယ်ယာ၊ ရုပ်ရှင်လက်မှတ်ရုံတို့၌ တိုးဝှေ့လုယက်သတ်ပုတ်လျက် လက်မှတ်ဝယ်သော ပရိသတ်၊ ညဥ့်အချိန်မတော်၌ အလင်္ကာတေးသီချင်းများကို ဟစ်အော်သီဆိုသော ကာလသား၊ မင်္ဂလာဆောင်၌ ခဲဖိုးမဆုံ့ရင်ကန်တောင်းသော ကာလသားခေါင်း၊ ဒကာမနှင့်ဘဖြစ်သည့်ညာဖြစ်သည်ဟု အစွပ်စွဲခံရသောဘုန်းကြီး၊ ခြောက်လတစ်ခါ အယုံအကြည်မရှိသောလွှတ်တော် အစရှိသည်တို့သည် စည်းကမ်းပျက်ပြားခြင်း၊ အကျင့်စာရိတ္တချို့တဲ့ခြင်း၏ အမှတ်အသားပင် ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်စားတို့သည် လွတ်လပ်သောမြန်မာပြည်နှင့် လားလားမှမတော်။*

*အကျင့်စာရိတ္တကောင်းမွန်ရေးသည် ပညာရေးပေါ်တွင်တည်သဖြင့် စာသင်ကျောင်းတို့သည် ထိုကိစ္စတွင် များစွာအရေးပါအရာရောက်ပေသည်။ ကျောင်းဆရာတိုင်း၏ အရေးအကြီးဆုံးသော အရည်အချင်းသည် အကျင့်စာရိတ္တကောင်းမွန်ရေးဖြစ်၏။ သို့မှသာ ကျောင်းသူ ကျောင်းသားများသည် အကျင့်စာရိတ္တကောင်းနိုင်ပေမည်။ မည်သည့်အတန်းကိုပင် အောင်မြင်စေကာမူ၊ မည်ကဲ့သို့ပင် အသင်အပြကောင်းစေကာမူ အကျင့်စာရိတ္တမကောင်းသောသူသည် ဆရာအဖြစ်နှင့် မသင့်လျော်။ လွတ်လပ်သော မြန်မာပြည်အတွက် အကျင့်စာရိတ္တကောင်းသော ဆရာ၊ ဆရာမများသည် ပဲ့ကိုင်များဖြစ်ကြပေသည်။ အထက်ပါအချက်များပြည့်စုံလျှင် လွတ်လပ်သောအရသာကို အစွမ်းကုန်ခံစားနိုင်ကြမည်ဖြစ်သတည်း။ (စာ-၁၅)*

*ကျွန်ုပ်တို့နိုင်ငံတွင် ဘဝသစ်ထူထောင်ရေးအတွက် စာရိတ္တမဏ္ဍိုင်တည်ဆောက်ရာတွင် မိဘနှင့် မူလတန်းကျောင်းဆရာ၊ ဆရာမများသည် အရေးအပါဆုံးသောဗိသုကာကြီးများဖြစ်ကြသည်မှာ ထင်ရှားလှ၏။ . . .*

*. . . ဆရာသည် မိမိကိုယ်တိုင် ရိုးသားဖြောင့်မတ်ရုံသာမက မိမိရိုးသားဖြောင့်မတ်ကြောင်းကိုလည်း တပည့်များအား နည်းအမျိုးမျိုးဖြင့် အသိပေးရမည်။ ရိုးသားဖြောင့်မတ်၍ရရှိသော အကျိုးကျေးဇူးများကိုလည်း အခါအခွင့်သင့်တိုင်းပြောပြရမည်။ . . .*

*. . . ဤအချက်အတွက် ဆရာသည် အရေးကြီးဆုံးဖြစ်ပေသည်။ ဘာကိုရည်ရွယ်ပြီး သင်ကြားရမည်ကို မသိသော ဆရာသည် ဘာသာသင်ခန်းစာကို သင်ကြားခြင်းငှာ မထိုက်ပေ။ . . .*

*. . . ရိုးသားခြင်းအတွက် ချီးမြှင့်ခြင်း၊ မရိုးသားသည့်အတွက် ဒဏ်ပေးခြင်းသည်လည်း စာရိတ္တမဏ္ဍိုင်အတွက် နည်းကောင်းတစ်ခုဖြစ်၏။ (စာ-၄၂-၄၃)*

*ဗမာသစ်ဖန်တီးရေး၌ ဆရာသည် အခရာဖြစ်သည်။ မည်သို့ပင် ပညာရေးစနစ်သည် ကောင်းစေကာမူ ဆရာမကောင်းလျှင် မအောင်မြင်နိုင်။ ထို့ကြောင့် စစ်နှောင်းခေတ်ကျောင်းများတွင် ဆရာကောင်း ဆရာသစ်များ ရှိစေရမည်။ (စာ-၇၀)*

ဦးသန့်သည် မြန်မာ့ပညာရေးဖွံ့ဖြိုးစေရေးအတွက် ဆရာကောင်းရရှိရေး အထူးလိုအပ်သည်ကို သိမြင်သည့်နည်းတူ၊ လစာရိက္ခာနည်းပါးသော ဆရာအလုပ်ကို မည်သည့်လခစားအလုပ်မှ မယ်မယ်ရရ

www.foreverspace.com.mm

လုပ်စရာမရှိ၍ နောက်ဆုံး ရရာအလုပ်ဝင်လုပ်မည့်သူများ ဆရာဖြစ်လာကြမည်ကိုလည်း စိုးရိမ်ခဲ့သည်။ ထိုသို့မဖြစ်စေရန် အရည်အချင်းရှိသောဆရာများ ရရှိလာစေရန်မှာ လစာရိက္ခာများ ထိုက်ထိုက်တန်တန်ရှိဖို့လိုကြောင်း ထောင့်စေ့အောင်ပြောသွားခဲ့သည်။

*ကျေးရွာများတွင် ဆရာများသည် ထိုက်သင့်သောဂုဏ် ရှိပါ၏လော။ ကျောင်းဆရာဆိုလျှင် မည်သည့်လခစားလောက်မှ ဂုဏ်မရှိသောခေတ်တွင် လက်ရွေးစဉ်များ လုပ်လိုကြပါမည်လော။*

*ထို့ကြောင့် ဂုဏ်အဆင့်အတန်း၊ လူလိုနေရခြင်း စသည်တို့သည် ရရှိသောလခအပေါ်မှာ တည်၏။ လောက၌ ဂုဏ်သည်ငွေပင်ဖြစ်၏။ မြန်မာကျောင်းဆရာများ၏လခကို စိစစ်ကြစို့။ . . .*

*. . . မြန်မာနိုင်ငံ ကျောင်းဆရာများ၏လစာနှုန်းကို အမြန်ဆုံး ပြင်ရမည်။ ကျွန်ုပ်၏သဘောမှာ မြန်မာဆရာတစ်ယောက်သည် အနည်းဆုံး လခ ၅၀ိ (ထိုခေတ်က ရွှေတစ်ကျပ်သား ၄၅ ကျပ်ခန့်။ အယ်ဒီတာ) ရသင့်သည်။ ထိုထက် လခနည်းလျှင် လူကောင်းများ မက်လုံးရှိမည်မဟုတ်။ ဆရာကောင်းရလိုလျှင် လခကောင်းကောင်းပေးရပေမည်။ ကျောင်းဆရာတိုင်းတွင် အိုစာနာစာရန်ပုံငွေ ရှိရပေမည်။ အခမဲ့ဆေးဝါးကုသမှုရှိရမည်။ သားသမီးများကျောင်းထားလျှင် ကျောင်းလခလွှတ်စေရမည် . . . ။* (စာ-၇၀-၇၂)

အထက်ဖော်ပြပါ အတွေးအခေါ် အယူအဆများကိုကြည့်လျှင် ဦးသန့်၏ စိတ်စေတနာအတိမ်အနက်ကို သိမြင်နိုင်သည်။ နိုင်ငံတစ်ခုကြီးပွားတိုးတက်ရေးတွင် ပညာရေး အရေးကြီးကြောင်း နှုတ်ကတစ်ဖွဖွ ရွတ်၍ ရုပ်ဝတ္ထုများဖန်တီးပေးရုံမျှဖြင့် မလုံလောက်။ အတွင်းပိုင်းတန်ဖိုးများဖြစ်သည့် စာရိတ္တမဏ္ဍိုင်တည်ဆောက်ရေးအတွက် အရည်အချင်းပြည့်မီသော၊ ရိုးသားဖြောင့်မတ်သော၊ ကိုယ်တိုင်အကျင့်စာရိတ္တကောင်းမွန်သောဆရာများလည်း အထူးအရေးကြီးကြောင်း ပေါ်လွင်သည်။ သို့မဟုတ်ပါက ငယ်ငယ်ကပင် အတန်းပိုင်ဆရာ၏ မျက်နှာလိုက်ခွဲခြားဆက်ဆံမှု၊ အတန်းဖော်များ၏ စာရိတ္တချို့တဲ့မှု၊ အကျင့်စာရိတ္တကို ဦးစားမပေးသော၊ အပေါ်ယံ ရုပ်ပိုင်းဆိုင်ရာပစ္စည်းများကိုသာ တုပပြိုင်ဆိုင်ပလွှားတတ်သော ပတ်ဝန်းကျင် (ကျောင်း)၊ ဩဇာ၊ အာဏာ၊ ချမ်းသာကြွယ်ဝသူတို့ကိုသာ ဦးစားပေး၊ အနိုင်ယူနေသောပတ်ဝန်းကျင် အစရှိသော ဖိအားများအောက်တွင် လူလားမြောက် ပညာသင်ကြီးပြင်းရပါက တစ်စုံတစ်ရာအပေါ် အမြဲမကျေနပ်ကာ စိတ်အချဉ်ပေါက်နေမည့်မျိုးဆက်သစ်များကို မွေးထုတ်ပေးသကဲ့သို့ ဖြစ်နေပေမည်။ ထို့အတွက် ငယ်စဉ်အခါ ပညာသင်စဉ် အရွယ်ကပင် ပညာရေးစနစ်ကောင်း၊ မိဘဆရာကောင်း၊ ပတ်ဝန်းကျင်ကောင်းဖြင့် ထိတွေ့ဖို့လိုသည်။

ပတ်ဝန်းကျင်ဟုဆိုရာတွင်လည်း နေထိုင်ရာ မိသားစု၊ မိတ်ဆွေအပေါင်းအသင်း၊ ကျောင်းတို့သာမဟုတ်။ မမြင်ရသော အတွင်းပိုင်းတန်ဖိုးများ အတက်အကျဖြစ်ပေါ်စေသည့် ခေတ်၊ စနစ်တို့ကလည်း အရေးကြီးသည်။ ကြီးနိုင်ငယ်ညှဉ်း၊ အင်အားသုံးအနိုင်ကျင့်၊ ဖိုလ်ကျစိုးမိုးသောပတ်ဝန်းကျင်နှင့် လူသားတစ်ယောက်၏မွေးရာပါအခွင့်အရေးကို လေးစားတန်ဖိုးထားသော၊ အများသဘောဆန္ဒကို အခြေပြုသော၊ ဗြဟ္မစိုရ်တရားထွန်းကားသော၊ မင်္ဂလာတရားတော်နှင့်ညီသော ပတ်ဝန်းကျင်တို့တွင် လူလားမြောက်ရသူ အချင်းချင်း ဘယ်လိုမှမတူနိုင်။ ဤအကြောင်း 'ကျေးညီနောင်' ပုံပြင်က အကောင်းဆုံးသက်သေဖြစ်သည်။ ထိုမျှအရေးကြီးလှသည့်ပတ်ဝန်းကျင်ကို နိုင်ငံချစ်စိတ်၊ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်လိုစိတ်၊ နိုင်ငံသူနိုင်ငံသားများကို မလိမ်မညာစတမ်း ကြီးပွားတိုးတက်လိုစိတ်၊ ပရစိတ် အမှန်ရှိပါလျှင် ဖန်တီးမပေးနိုင်စရာအကြောင်း မရှိပေ။ ဆိုလိုသည်မှာ ပါးစပ်ပြော၊ စက္ကူအဖြူပေါ် မင်အမည်းတင်၍ လူကြားကောင်းအောင်ပြောဆိုရေးသားနေရုံမျှဖြင့်မလုံလောက်၊ လက်တွေ့ကျကျအကောင်အထည်ဖော်ပေးဖို့သာလိုကြောင်းဟု ပြောလိုရင်းဖြစ်သည်။

**မြန်မာလူမျိုးသည် အဘယ်မျှ မိမိတို့အပေါ် ဆိုးသွမ်းခဲ့စေကာမူ၊ စေတနာပါသော၊ လူ၊ နတ်သာဓုခေါ်သော အမှုကိစ္စတစ်ခုသာ အများအကျိုးအလို့ငှာ၊ တိုင်းနိုင်ငံအေးချမ်းဖို့သာ ဆောင်ရွက်လုပ်ကိုင်ပေးလျှင် အရာအားလုံးကို သင်ပုန်းချေပေးနိုင်သောလူမျိုး ဖြစ်သည်။ ဤမျှစိတ်အခံကောင်းလှသော လူမျိုး၏ပျော့ကွက်မှာလည်း ဤအချက်ပင်ဖြစ်သည်။**

မြန်မာလူမျိုးသည် အဘယ်မျှ မိမိတို့အပေါ် ဆိုးသွမ်းခဲ့စေကာမူ၊ စေတနာပါသော၊ လူ၊ နတ်သာဓုခေါ်သော အမှုကိစ္စတစ်ခုသာ အများအကျိုးအလို့ငှာ၊ တိုင်းနိုင်ငံအေးချမ်းဖို့သာ ဆောင်ရွက်လုပ်ကိုင်ပေးလျှင် အရာအားလုံးကို သင်ပုန်းချေပေးနိုင်သောလူမျိုး ဖြစ်သည်။ ဤမျှစိတ်အခံကောင်းလှသော လူမျိုး၏ပျော့ကွက်မှာလည်း ဤအချက်ပင် ဖြစ်သည်။ ထိုအချက်ကို အတ္တအမိုက်မှောင်ဖုံးနေပါလျှင် မြင်ဖို့ခဲယဉ်းသည်။ မိမိအတ္တ ကိုယ်ကျိုးလုံခြုံရေးအတွက်သာ ဦးစားပေးစဉ်းစားနေပါလျှင် သမိုင်းတွင် အမည်မည်းဖြင့် မှတ်တမ်းတင်ခံရမည့်အပြင် သံသရာတွင်လည်း မိမိယူထားသမျှအကြွေး မကျေမချင်း ဆပ်ရပေဦးတော့မည်။

'ပြည်ရေးပြည်ရာသင်ကြားနည်း' ဆောင်းပါးသည် စင်စစ်အားဖြင့် ၁၉၄၂ ခုနှစ် သီတင်းကျွတ်ကျောင်းပိတ်ရက်ခေတ်သစ်ပညာသင်တန်းတက်ရောက်သော

www.foreverspace.com.mm

ကျောင်းဆရာများအား ဦးသန့်က ဟောပြောသော ဟောပြောချက်ကို ‘ပညာစာစောင်’က ပုံနှိပ်ဖော်ပြထားခြင်း ဖြစ်သည်။ ထိုဆောင်းပါးခေါင်းစဉ်ပါ ‘ပြည်ရေးပြည်ရာ’သည် ယနေ့ နိုင်ငံတည်ဆောက်ရေးကဏ္ဍတွင် နိုင်ငံသားတို့၏ အသိပညာရေချိန်ကိုမြှင့်တင်ပေးသည့် Civic Education ခေါ် ပြည်သူ့နီတိများနှင့် နိုင်ငံသားတို့ မဖြစ်မနေသိထားရမည့် နိုင်ငံ့အရေးအရာများဖြစ်သည်။ တစ်နည်းအားဖြင့် ကျင့်ဝတ်စာရိတ္တမြင့်မား၍ ဉာဏစွမ်းရည်မြင့်သော နိုင်ငံသားကောင်း Good Citizen များဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးသည့် အသိပညာများ ဖြစ်သည်။ ဤဆောင်းပါးတွင်ပါဝင်သော ခေါင်းစဉ်ခွဲနှင့် အကြောင်းအရာများသည်ကား ထိုခေတ်ထိုကာလတွင်သာမက မျက်မှောက်နိုင်ငံသားများ၊ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံအတွက် ကျရာနေရာမှ နိုင်ငံအကျိုးသယ်ပိုးကြမည့်၊ ဦးဆောင်ဦးရွက်ပြုကြမည့် မျက်မှောက်ကာလ မျိုးဆက်သစ်လူငယ်များ မဖြစ်မနေသင်ယူသင့်လှသည်။

နှစ်ပေါင်းများစွာ ဖိအားများနှင့် ဗဟိုချုပ်ကိုင်မှုအောက်တွင်နေထိုင်ခဲ့ရသော ပြည်သူလူထုအများစုထံတွင် ဆိုခဲ့ပါ ပြည်ရေးပြည်ရာ အသိအမြင်ဗဟုသုတအားနည်းခဲ့သည့်အတွက် အရာရာကို တောင်းဆိုမှုနှင့် လက်ခံမှုဘက်မှသာ ရှုမြင်ခဲ့ကြသည်။ ထို့ကြောင့် အစိုးရတို့ထမ်းဆောင်ရမည့် တာဝန်နှင့် ဝတ္တရားနှင့် အစိုးရထံမှ မိမိတို့ရရှိမည့် အခွင့်အလမ်းနှင့် ဝန်ဆောင်မှုများကိုသာ တောင်းဆိုခဲ့ကြပြီး မိမိတို့ဘက်က နိုင်ငံသားတို့ ထမ်းဆောင်အပ်သည့် တာဝန်ဝတ္တရားများကိုမူ သတိပြုမိသူနည်းလှ၏။ ထို့ကြောင့် နိုင်ငံသားတို့အဖို့ ပြည်ရေးပြည်ရာဆိုင်ရာ အသိပညာရပ်များထဲမှ ‘နိုင်ငံတော်၏ တာဝန်ဝတ္တရားများ’၊ ‘အုပ်ချုပ်ရေးဥပဒေများ’၊ ‘အစိုးရ’၊ ‘ဒေသန္တရအစိုးရ’ ခေါင်းစဉ်အောက်ပါအချက်များကို သိရမည့်အပြင် ‘ပြည်သူပြည်သားများ၏ တာဝန်ဝတ္တရားများ’ခေါင်းစဉ်အောက်မှ နိုင်ငံအတွက် မိမိတို့တာဝန်ယူရမည့် ဝတ္တရားများကိုလည်း သိရှိဖို့၊ လက်တွေ့လိုက်နာ ထမ်းဆောင်ဖို့လိုသည်။ အထူးသဖြင့် ခေတ်ပြောင်း၊ စနစ်ပြောင်းကာလရောက်လာပြီဆိုပါက ပြောင်းလာမည့် ခေတ်စနစ်နှင့်ထိုက်တန်သော နိုင်ငံသားများဖြစ်ရန် ယခင်က အခြေအနေဆိုးဖြစ်ပေါ်စေခဲ့သောအကြောင်းတရားများအပေါ် ယိုးမယ်ဖွဲ့ အပြစ်တင်မနေဘဲ လက်ရှိမိမိတို့၏ အသိဉာဏ်ပညာရေချိန်ကိုပြောင်းနေသော ကမ္ဘာကြီး၏အရှိန်နှုန်းနှင့်အညီ မြှင့်တင်ထားကြရန်လိုသည်။ ဤအချက်ကို ဦးသန့်ကလည်း အထူးမီးမောင်းထိုးပြခဲ့သည်။ ထို့အပြင် ဦးသန့်သည် ၎င်းသက်ရှိထင်ရှားရှိစဉ် ကုလသမဂ္ဂတွင်တာဝန်မထမ်းခင် မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းနှင့် ကမ္ဘာ့နိုင်ငံအချို့၏ ပညာရေးအဆင့်အတန်းကို နှိုင်းယှဉ်သုံးသပ်ဝေဖန်ပြထားသော စာတမ်းတစ်ခုပြုစုကာ စာအုပ်ငယ်တစ်အုပ်အဖြစ် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် ဦးသန့်၏ ပညာရေးအပေါ်ထားရှိသည့် ကြီးစွာသော မျှော်လင့်ချက်စေတနာကိုသာမက နိုင်ငံသားတို့အသိပညာနိမ့်ကျပါက ကောင်းမွန်သော ဒီမိုကရေစီစနစ်တစ်ရပ်မရရှိနိုင်ကြောင်း သတိပေးချက်နှင့် သူ၏ မျက်မှောက်ကမ္ဘာ့ပညာရေး၊ မြန်မာ့ပညာရေး အံ့ဘနန်းချောက်ချားနှံ့စပ်မှုကိုပါ မြင်ရသည်။ အောက်ပါအတွေးအယူများကိုကြည့်ပါ။

*ဒီမိုကရေစီ အောင်မြင်ရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင် ရှိကြရမည်။ အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်။ ထို့ကြောင့် မဲဆန္ဒရှင်တိုင်းသည် ပညာတတ်ကြရမည်။ ဆင်ခြင်တုံတရားကို သုံးနိုင်ကြရမည်။ ပညာသည် နိုင်ငံရေးအခြေခံကြီးအစစ်ဖြစ်၏။ ....(စာ-၄၉)*

*အချို့ကား ဆင်ခြင်တုံတရားသည် တက်မနှင့်တူပေသည်။ တက်မ မကိုင်ဘဲ မျိုးချစ်စိတ်ဓာတ်ထက်သန်သလောက် လှော်ခပ်သွားပါမူ မြန်မာနိုင်ငံလှေကြီးသည် ရည်ရွယ်သောပန်းတိုင်ကို ရောက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အမျိုးကောင်းသားသမီးတို့သည် မျိုးချစ်စိတ်တစ်ခုတည်းဖြင့် မတင်းတိမ်ကြဘဲ အသိဉာဏ်နှင့် ဆင်ခြင်တုံတရားတို့ကိုလည်း တစ်နေ့ထက်တစ်နေ့ ပွားများနိုင်ကြပါစေကုန်သတည်း။ . . . (စာ-၁၄၆)*

*. . . ပညာရေးအတွက် ငွေကိုသုံးရာ၌လည်း မည်သည့်အခါမှ ဖြုန်းရာမမည်ပါ။ တိုင်းသူပြည်သားများ ကောင်းမွန်လာရန် ငွေပင်ငွေရင်းစိုက်၍ ‘ရင်းခြင်း’ဟု ဆိုနိုင်ပါသည်။ အမြတ်ကို ကျပ်၊ ပဲ၊ ပိုင်နှင့် တွက်၍မရပါ။ လူကောင်းများဖြစ်လာခြင်းသည် အမြတ်ဖြစ်ပါသည်။ ထိုသို့ ရက်ရက်ရောရောသုံးနိုင်ရန် အစိုးရ ငွေးဖို့လိုသည်။ . . . (စာ-၆၁)*

ဦးသန့်သည် ကျောင်းဆရာ၊ ကျောင်းအုပ်ဘဝဖြင့် ပညာရေးတာဝန်ထမ်းခဲ့သည့်အတွက် ပညာရေးသည် နိုင်ငံအတွက် အခြေခံကျကျ အရေးကြီးလှကြောင်း သိမြင်သည်သာမက သတင်းစာများနှင့် သတင်းမီဒီယာသည်လည်း နိုင်ငံသူနိုင်ငံသားတို့ အသိပညာရေချိန်မြင့်မားရန် အထူးအရေးပါကြောင်း သိမြင်ခဲ့သူဖြစ်သည်။ ကိုယ်တိုင်လည်း သတင်းစာဆရာဘဝဖြင့် အသက်မွေးရန်ပြင်ဆင်ခဲ့ပြီးမှ ဝန်ကြီးချုပ်ဦးနု၏ တာဝန်ပေးမှုဖြင့် ဦးနုအစိုးအရအဖွဲ့အတွင်းရောက်ရှိကာ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်၊ ထိုမှတစ်ဆင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တစ်ခဲတနက်ရွေးချယ်တင်မြှောက်ခံခဲ့ရသူဖြစ်သည်။ ထို့ကြောင့် သတင်းစာဆရာများ၊ သတင်းစာလုပ်ငန်းသဘောသဘာဝကို ကောင်းစွာနှံ့စပ်သိမြင်သည်။ သတင်းစာအတတ်ပညာကို စိတ်ဝင်စားရုံတင်မဟုတ်သေး။ မြန်မာစာပေလောကကိုလည်း အထူးနှစ်လိုအားရ စိတ်ဝင်စားသည်။ ကိုယ်တိုင်လည်း ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် စာပေဝေဖန်ရေးဆောင်းပါးများ ရေးသားခဲ့သည်။ မြန်မာစာပေ ဖွံ့ဖြိုး

www.foreverspace.com.mm

တိုးတက်ရေးကို အထူးလိုလားသူတည်း။ သတင်းစာနှင့် စာပေအဆင့်အတန်းသည် နိုင်ငံတစ်ခု၏ လက်ရှိရောက်နေသော အဆင့်အတန်း အခြေအနေကို တိုက်ရိုက်ထင်ဟပ်နေတတ်ရာ ဤအချက်ကို ဦးသန့်၏ဆောင်းပါးများက ညွှန်းဆိုထားပြီးဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံအတွင်း ထုတ်ဝေနေကြသော သတင်းစာ ဂျာနယ်အားလုံးနီးပါးသည် မြန်မာဘာသာဖြင့်သာ ထုတ်ဝေကြသဖြင့် နိုင်ငံသားတို့၏အသံကို ပွဲတင်ထပ်ပေးသော သတင်းစာသည် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေနိုင်မှသာ ကမ္ဘာအနှံ့ကျယ်ပြန့်နိုင်ကြောင်း သုံးသပ်အကြံပြုထားသည်။

*သတင်းစာ ဂျာနယ်တို့သည် တိုင်းပြည်၏အသံဖြစ်ကြ၏။ မြန်မာနိုင်ငံ၌ မြန်မာ့အလင်း၊ သူရိယ စသော သတင်းစာ ဂျာနယ်တို့သည် တိုင်းပြည်၏အသံများဖြစ်ကြ၏။ သို့ရာတွင် ထိုအသံများသည် မြန်မာနိုင်ငံအတွင်း၌သာကြား၍ နိုင်ငံခြားသို့မရောက်ပေ။ နိုင်ငံခြားသို့ပေါက်ရောက်ရန် အောင်နိုင်မည့်အသံမှာ အင်္ဂလိပ်အသံပင်ဖြစ်ပေ၏။ (စာ-၇၄)*

သတင်းစာဆရာနှင့် သတင်းစာတို့သည် ယနေ့မိမိတို့ကိုယ်ကိုယ် ဝါရင့်သတင်းစာဆရာကြီးများဟု အထင်ရောက်နေကြသူပုဂ္ဂိုလ်များ အာဘောင်အာရင်းသန်သန်ပြောဆိုနေကြသည့် နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်နေရာတွင်ရှိသည်။ ထို့ကြောင့် နိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများအကျိုးအလို့ငှာ ရပ်တည်ပြောဆိုရေးသားရသည်။ သတင်းစာပညာအခြေခံသဘောအရ တစ်ဖက်တည်းကအသံကိုသာကွက်၍ ဖော်ပြ၍မရ။ ဖြစ်နိုင်ပါက ဆန့်ကျင်ဘက်အသံများစုံအောင်ထည့်ကာ တတ်နိုင်သရွေ့ မျှမျှတတဖြစ်အောင် ဖော်ပြပေးရသည်။ လူအများအကြိုက် အခါခပ်သိမ်း လိုက်ရန်မလို။ သတင်းစာ၏ဂုဏ်သိက္ခာကိုမူတည်ကာ လူအများမကြိုက်နိုင်သော်လည်း ရဲရဲဝံ့ဝံ့ထောက်ပြရေးသားရသည်။ ထိုအတွက် သတင်းစာဆရာကောင်းတို့၏ ကျင့်ဝတ်အပါအဝင် အကျင့်စာရိတ္တလည်း ကောင်းရသည်။ အသစ်အသစ်ပေါ်ထွန်းနေသော အသိပညာ ဗဟုသုတများကို အချိန်ရှိသရွေ့ ရှာမှီးလေ့လာနေရသည်။ ဤအချက်ကို ဦးသန့်ကဲ့သို့သောပုဂ္ဂိုလ်က ကောင်းစွာသိသည်။ ထိုအချက်ကို သူ၏ အောက်ပါအယူအဆရေးသားချက်များက ထင်ရှားစေသည်။

*သတင်းစာကောင်းတို့၏ရည်ရွယ်ချက်သည် အများ၏အကြိုက်ကို လိုက်လျော၍ ရေးရန်မဟုတ်။ သတင်းစာ၏အကြိုက်ကို အများလိုက်နိုင်ရန် ရည်ရွယ်ရမည်။ သတင်းစာတို့သည် တိုင်းသူပြည်သားတို့၏ နည်းပေးလမ်းပြဆရာကောင်းများ ဖြစ်စေရမည်။ တိုင်းသူပြည်သားတို့၏အကြိုက်ကိုသာ အမြဲတစေရေးသော တပည့်များမဖြစ်စေရ။ ဂိုဏ်းဂဏပါတီ တစ်ခုခုကထုတ်သော သတင်းစာဂျာနယ်တို့မှာ ဆိုင်ရာဂိုဏ်းဂဏပါတီတို့၏ နည်းပေးလမ်းပြဆရာကောင်းများ ဖြစ်စေရမည်။ . . .*

*. . . ဂိုဏ်းဂဏပါတီမရှိသော သတင်းစာဂျာနယ်၊ မဂ္ဂဇင်းတို့သည် ဂိုဏ်းဂဏကိုမထောက်ဘဲ မိမိတို့ကောင်းသည် မှန်သည်ထင်ရာသာ ရေးရာသည်။ . . .*

*. . . ထို့ကြောင့် သတင်းစာတစ်ခု၏ အကောင်းအဆိုးကို ချင့်ချိန်ရာ၌ စောင်ရေအနည်းအများကိုလိုက်၍မဖြစ်နိုင်ပေ။ သို့ရာတွင် လောကီသားများဖြစ်ကြသော သတင်းစာဆရာတို့သည် အမြတ်အစွန်းကို မျှော်လင့်ကြ၏။ အမြတ်အစွန်းရရန် စောင်ရေတိုးတက်တွင်ကျယ်ပါရန် ကြိုးစားကြ၏။ စောင်ရေတိုးတက်ရန်အတွက် အများအကြိုက်ကိုလိုက်၍ ရေးရ၏။ အများအကြိုက်ရရန် ဟုတ်သည်မှန်သည်၊ ကောင်းသည်ဆိုးသည် ပဓာနမထားဘဲ ဆန်းလျှင်ပြီးရောဟူသောသဘောနှင့်သာလျှင် ရေးကြရာပေသည်။ ဤကား မြန်မာသတင်းစာလုပ်ငန်း၏ ဆူးညောင့်ခလုတ်တစ်ခုပင်တည်း။ (စာ-၈၀)*

*. . . ငယ်စဉ်အခါကပင် စာဖတ်ဝါသနာပါခြင်း၊ သတင်းစာဖတ်ဝါသနာပါခြင်း၊ ထိုဝါသနာအရ လေ့လာလိုက်စားခြင်း၊ စဉ်းစားဉာဏ်ရှိခြင်း၊ လျင်မြန်ဖျတ်လတ်ခြင်း၊ စာရေးကောင်းခြင်း၊ အဂတိမလိုက်စားခြင်း စသောဂုဏ်တို့သည် သတင်းစာဆရာကောင်းတို့၏ ဂုဏ်အင်္ဂါတည်း။ (စာ-၈၁)*



သို့သော် ဦးသန့်၏ သတင်းစာပညာရပ်ကို ရန်ကုန်တက္ကသိုလ်တွင် ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားရန် မသင့်တော်သေးဟူသော 'သတင်းစာအတတ်' ဆောင်းပါးပါ သူ့အဆိုကိုမူ ယနေ့သတင်းစာလောကသားများ သိပ်သဘောတွေ့ချင်မှတွေ့ပေမည်။ ထိုခေတ်ထိုအခါက သူ့အကြောင်းပြချက်နှင့်သူ မှန်ကောင်းမှန်နိုင်သော်လည်း ဤစာအုပ်ပါ ဦးသန့်၏ အခြားအယူအဆများလောက် နှစ်နှစ်ကာကာ သဘောမကျမိပေ။

စာပေသဘောတရားရေးရာများ၊ ဆောင်းပါးရေးသူတို့ လေ့လာဆင်ခြင်စရာများ၊ ဘာသာပြန်ဆရာတို့ရှိအပ်သည့် ဘာသာစကားကျွမ်းကျင်မှု၊ မြန်မာအကြောင်း အင်္ဂလိပ်လိုရေးသားခဲ့သော နိုင်ငံခြားသားစာရေးဆရာများ၊ မြန်မာအကြောင်း လေ့လာစရာ မြန်မာလို၊ အင်္ဂလိပ်လိုစာအုပ်များ (တစ်နည်းအားဖြင့် နိုင်ငံခြားသားတို့၏

www.foreverspace.com.mm

မြန်မာနိုင်ငံနှင့် နိုင်ငံသားများအပေါ်ရှုမြင်ပုံ) တို့ကို အခန်း (၂) တွင် စုစည်းဖော်ပြထားသည်။ ထိုအထဲမှ 'ဆောင်းပါး' ခေါင်းစဉ်အောက်တွင် ထိုခေတ် မြန်မာစာနယ်ဇင်းလောကနှင့် သတင်းစာဆောင်းပါးရေးသူတို့အကြောင်းအရေးအသားမှာ ထိမိလှ၏။ အချို့မှ ယနေ့ကာလထိတိုင် ခေတ်မီနေသေး၏။ အချို့ကား ဒုတ်ဒုတ်ထိ မှန်ကန်နေဆဲတည်း။

*ကျွန်ုပ်တို့ ဂျာနယ်မဂ္ဂဇင်းများသည် များတိုင်းမကောင်း။ အရေအတွက်ထက် အဆင့်အတန်းကို ပိုမိုအလိုရှိအပ်ပေသည်။...*

*. . . သတင်းစာဂျာနယ်များက နိုင်ငံရေးယောင်ယောင် ဦးဖြူကို ခဏခဏ 'နက်' ပေးပါက တစ်တိုင်းပြည်လုံးက ဦးဖြူကို နှာခေါင်းရှုံ့ကြသည်။ အော်ဂလီဆန်ကြသည်။ သတင်းစာဂျာနယ်များက စံဖဲလို တောပုန်းတစ်ယောက်ကို မဟာဗန္ဓုလစစ်သူကြီးနီးနီး သတ္တိဗျတ္တိတွေပေးလိုက်လျှင် တစ်တိုင်းပြည်လုံးက စံဖဲကို စကြာမင်းလောက်ထင်ကြ၏။ ထို့မှ မြန်မာပြည်တွင် အင်အားကောင်းသော သတင်းစာဂျာနယ်၊ မဂ္ဂဇင်းများသည် တိုင်းပြည်အား အသိဉာဏ်ပေးကြပါစေသတည်း။ အမိုက်မှောင် မဖြစ်ကြပါစေလင့်။ ထိုစာနယ်ဇင်းထုတ်ဝေသူတို့သည်လည်း လမ်းကောင်းလမ်းမှန်ကို ပြနိုင်ကြပါစေသတည်း။*

*ဆောင်းပါးရေးသူတို့ ပထမ စိစစ်ရမည်မှာ 'ငါရေးသောဆောင်းပါးကို ငါကောင်းကောင်းနားလည်ပါ၏လော' ဒုတိယ စိစစ်ရမည်မှာ 'ငါ၏ဆောင်းပါးသည် တိုင်းပြည်ကဖတ်ရန် သင့်ပါမည်လော' ဟူသော လောလောကို ထုတ်ကြပါကုန်။. . .*

*. . . ယခုအခါ မြန်မာ့နိုင်ငံရေးသည် အနှစ်နှစ်ဆယ်အတွင်း အောက်ဆုံးတန်းသို့ ကျရောက်လျက်ရှိပါသည်။*

*တိုင်းပြည် ဘာဖြစ်ဖြစ် ငါဝလျှင်ပြီးရောဆိုသည့် ကိုယ်ကျိုးရှာသမားများ ယခုအခါကဲ့သို့ မည်သည့်အခါကမှ မများခဲ့ဖူးပါ။ ထိုသို့သောခေတ်ကြီးတွင် တိုင်းသူပြည်သားတို့အား အမှန်ကိုသိစေ၍ အမှားကို ပယ်ရှားနိုင်သော ဆောင်းပါးမျိုးသာလျှင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် မြင်ရပါလို၏။* (စာ-၁၀၇-၁၀၉)

*မစဉ်းစားဘဲ ယုံလွယ်သူပေါ်များသောတိုင်းပြည်သည် အောက်တန်းကျသေးသောတိုင်းပြည်ဖြစ်၏။ အသိဉာဏ်ကို ချင့်ချိန်နိုင်ရန် ၎င်းတို့တိုင်းပြည်၏ သတင်းစာကိုကြည့်၍ အကဲခတ်နိုင်၏။ သတင်းစာများတွင် မြတ်စွာဘုရားဆင်းတုတော်မှ မျက်ရည်ကျခြင်း။ ကိုယ်ဝန်ရှိသော ဥစ္စာစောင့်မ၊ နတ်ပေးသောကလေး စသည်ဖြင့် ခေါင်းစဉ်တပ်ထားသော ဆောင်းပါးများကို အလုအယက်ဖတ်သမျှ ကာလပတ်လုံး မြန်မာလူမျိုးတို့၏အဆင့်အတန်းသည် ခေတ်မီရန် များစွာလိုသေးသည်ဟု ဆိုရပေမည်ဖြစ်ကြောင်း။* . . . (စာ-၁၆၄)

ဘာသာပြန်စာပေသည်လည်း နိုင်ငံသားတို့၏အသိပညာကိုမြှင့်တင်ပေးသော မီဒီယာတစ်ခုဖြစ်သည်။ ထို့ကြောင့် ဘာသာပြန်စာပေနှင့် ဘာသာပြန်ဆရာတို့၏ အရည်အချင်းသည်လည်း အရေးကြီးလှ၏။ ထို အချက်ကို ဦးသန့်က 'ဘာသာပြန်' ဟူသောအမည်ဖြင့် ဆောင်းပါးတိုကလေး ရေးကာ လမ်းညွှန်ခဲ့သည်။ ထိုဆောင်းပါးကလေးမှာ တိုတောင်းသော်လည်း ထိထိမိမိရှိသည်။ ဘာသာပြန်ဆရာများ အင်္ဂလိပ်ဘာသာကိုသာမက မြန်မာဘာသာကို ပိုမိုတတ်ကျွမ်းရန်လိုအပ်ကြောင်း၊ ဘာသာပြန်ရာတွင် လိုက်နာသင့်သော အခြေခံအချက်များကို ရှင်းပြထားသည်မှာ များစွာတာသွားလှသည်။ ယနေ့ဘာသာပြန်ဆရာများ အထူးအလေးထားဖတ်ရှုသင့်သည်။ အထူးသဖြင့် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသောပြဇာတ်တစ်ပုဒ်ကို သူကိုယ်တိုင် ဘာသာပြန်ပြကာ မြန်မာစာပေလောက၏ ပြဇာတ်အရေးအသားလိုအပ်ချက်ရှိပုံနှင့် ဘာသာပြန်ချောမွေ့ဖို့၊ မြန်မာစာဖတ်သူများ၏ နားထဲသို့ ချောချောမွေ့မွေ့ ယဉ်ယဉ်ကျေးကျေးဝင်သွားဖို့ 'ပြဇာတ်အရေးအသားများစွာလိုခြင်း'၊ 'မဟာဆန်ချင်သူနှင့် ပြဇာတ်အရေးအသား' ဆောင်းပါးနှစ်ပုဒ်ဖြင့် ဝေဖန်အကြံပြုထားသည်။

အချုပ်ဆိုရသော် ဦးသန့်၏ လက်ရွေးစင်စာများဟုခေါင်းစဉ်ပေးထားသည့်အတိုင်း ယခုစာအုပ်ပါ 'စာ' အားလုံး တန်ဖိုးကြီးလှသည်။ ဦးသန့်ကဲ့သော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတစ်ဦး၏ တိုင်းချစ်ပြည်ချစ်စိတ်၊ ပညာဉာဏ်အမြော်အမြင်၊ ဝေဖန်ပိုင်းခြားသုံးသပ်နိုင်စွမ်း၊ ပညာရေး၊ စာပေချောက်ချားနှံ့စပ်မှု၊ ရသမြောက်သော ကဗျာအရေးအဖွဲ့နှင့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သူမတူအောင်ကျွမ်းကျင်မှု၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများအပေါ်ထားရှိသည့် ကြီးမားသောမျှော်လင့်ချက်တို့နှင့် ကြီးမားကျယ်ပြောလှသော အသိဉာဏ်ပညာကို ထင်းလင်းစွာသရုပ်ဖော်ပေးနိုင်သောစာအုပ်ဖြစ်သည်။

စာအုပ်အရွယ်အစား စကောစက ဖြစ်နေခြင်း၊ စာအုပ်အောက်ခြေတွင် စာပိုဒ်နှင့် စာအုပ်အနား သိပ်ကပ်လွန်းခြင်း၊ စာအကျအပေါက် မဆိုစလောက်ရှိခြင်းတို့မှအပ ဤမျှအဖိုးတန်လှသော 'စာ'များကို ရှာဖွေစုစည်းပေးသူ 'ဦးသော်ကောင်း' နှင့် 'မောင်ဇေယျာ' တို့ကိုသာမက စာအုပ်ထုတ်ဝေသော 'လောကအလင်း' စာပေကိုလည်း ဤမီဒီယာက အထူးတလည် ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပေသည်။

| | |
|---|---|
| ထုတ်ဝေတိုက် | – လောကအလင်းစာပေ |
| မျက်နှာဖုံးဒီဇိုင်း | – kzo |
| ထုတ်ဝေသည့်လ | – ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ |
| အကြိမ် | – ပထမအကြိမ် |
| အုပ်ရေ | – ၁၀၀၀ |
| တန်ဖိုး | – ၃၀၀၀ ကျပ် |
| စာမူခွင့်ပြုချက်အမှတ် | – ၄၀၀၉၈၁၀၈၀၉ |

■

www.foreverspace.com.mm

# HAPPY WARE မယ်လမင်းပန်းကန်များ

**မြန်မာနိုင်ငံ မီးဖိုချောင်သုံးပစ္စည်းဈေးကွက်အတွင်း အဆင့်မီထုတ်လုပ်ထားသော မယ်လမင်းအမျိုးအစား ပန်းကန်ခွက်ယောက်များဖြစ်သည်။**

☆ HAPPY WARE အမှတ်တံဆိပ် မယ်လမင်းပန်းကန်ခွက်ယောက်များကို ၁၉၉၇ ခုနှစ်တွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ လုပ်ငန်းအကြီးအထဲမှာ ဦးသန်းစိုးဖြစ်ပြီး ဝန်ထမ်းအင်အား ၇၀ ဦးခန့်ရှိ။

☆ HAPPY WARE အမှတ်တံဆိပ် မယ်လမင်းပန်းကန် ခွက်ယောက်များကို ထိုင်းနိုင်ငံမှစက်ပစ္စည်း မိုများနှင့် ထုတ်လုပ်ခြင်းဖြစ်ပြီး ကုန်ကြမ်းပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာနှင့် တရုတ်(တိုင်ပေ) တို့မှတင်သွင်း။

☆ ထိုင်းနည်းပညာကို အသုံးပြု၍ ပြည်တွင်းအတတ်ပညာရှင်များက ဦးဆောင်ထုတ်လုပ်။



☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ဟုဆို။

☆ ပန်းကန်ခွက်ယောက်များ၊ ထမင်းချိုင့်၊ တီးဆက် စသည့်အမျိုးပေါင်း ၅၀ ကျော်ကို ကိုယ်ပိုင်ပန်းဒီဇိုင်းဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိ။

☆ ဈေးကွက်အတွင်း ကိုယ်တိုင်ဖြန့်ချိ။

☆ မယ်လမင်း ပန်းကန်ခွက်ယောက်များထဲသို့ စားစရာထည့်စားသောက်ရာတွင် အန္တရာယ်ဖြစ်စေမှုမရှိနိုင်ကြောင်းကို SGS အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးအတည်ပြုချက် ၂၀၀၈ ခုနှစ် အောက်တိုဘာတွင် ရရှိခဲ့။



☆ HAPPY WARE အမှတ်တံဆိပ် မယ်လမင်းပန်းကန်ခွက်ယောက်များသည် အပူချိန် 120°C and 130°C အထိ ခံနိုင်ရည်ရှိဟုဆို။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ပင်ရင်းဖြန့်ချိရေး – ဦးသန်းစိုး
ဖုန်း–၀၉–၅၀၀၂၈၂၆
Rainbow Industry Co., Ltd.
အရောင်းပြခန်း (ရန်ကုန်)
အမှတ် (၁၈)၊ ၂၄ လမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။

www.foreverspace.com.mm



# Aurora Natural Fruit Wine

**မြန်မာနိုင်ငံတွင် ပြင်သစ်နည်းပညာနှင့် ပြင်ဦးလွင်ဒေသထွက်သစ်သီးများကို အသုံးပြု၍ အဆင့်မီထုတ်လုပ်ထားသော သစ်သီးဝိုင်များဖြစ်သည်။**




☆ Aurora အဆင့်မြင့်ဝိုင်နှင့် သစ်သီးယိုစုံလုပ်ငန်းက ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖြန့်ချိ။

☆ လုပ်ငန်းအကြီးအကဲမှာ ဦးအိုက်ဟော်ဖြစ်ပြီး ဝန်ထမ်းအင်အား စုစုပေါင်း ၂၅ ဦးဝန်းကျင်ရှိ။

☆ ပြင်သစ်နည်းပညာကိုအသုံးပြု၍ ထိုင်းနိုင်ငံ ချင်းမိုင်မှ စက်ပစ္စည်းများရယူ ဟုဆို။

☆ ကုန်ကြမ်းအနေဖြင့် ပြင်ဦးလွင်နှင့် အနီးတစ်ဝိုက်ဒေသထွက် ကုန်ကြမ်းများကို အပြည့်အဝအသုံးပြုထားပြီး ထုပ်ပိုးမှုတွင် လိုအပ်သည့်ကုန်ကြမ်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူတင်သွင်း။

☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ကြောင်းသိရ။

☆ ဝိုင်အမျိုးအစားအနေဖြင့် စတော်ဘယ်ရီ၊ စပျစ်၊ မက်မန်းဝိုင်များထုတ်လုပ်လျက်ရှိပြီး ဆက်လက်၍ ပင်မှည့်ဝိုင်များကို ထုတ်လုပ်သွားရန် အစီအစဉ်ရှိဟုဆို။

☆ ဖြန့်ချိဈေးနှုန်း Special Servies တွင် 750 ml ကျပ် ၅၀၀၀ ဝန်းကျင်၊ 350 ml ကျပ် ၂၀၀၀ ဝန်းကျင်နှင့် အမျိုးသမီးများ သောက်သုံးရန် သင့်လျော်သည့် Sweet Wine 750 ml ကျပ် ၃၅၀၀ ဝန်းကျင်တို့ဖြစ်။

☆ လတ်တလော Aurora ဝိုင်အမျိုးမျိုးအပြင် Aurora အမှတ်တံဆိပ် မက်မန်းပေါင်း၊ ခရမ်းချဉ်သီးပေါင်း၊ သီးစုံတော်ဖီ၊ ဇီးသီးပေါင်းများကိုပါ ထုတ်လုပ်လျက်ရှိ။

☆ လုပ်ငန်းမှ တိုက်ရိုက်ဖြန့်ချိပြီး မြန်မာနိုင်ငံအနှံ့အပြားသို့နယ်ကိုယ်စားလှယ်များပေးထားသည့်အပြင် ရန်ကုန်မြို့တော်ရှိ ဆူပါမားကတ်ကြီးများတွင်လည်း အလွယ်တကူဝယ်ယူနိုင်အောင် စီစဉ်ထားဟုဆို။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဒေါ်ဖြူသီ
– အမှတ်–၃၇၊ မန္တလေး–လားရှိုးလမ်း၊ ရပ်ကွက်ကြီး ၃၊ ပြင်ဦးလွင်။
ဖုန်း–၀၈၅–၂၁၀၉၈၊ ၀၉–၂၀၄၄၉၇၈၊ ၀၉–၂၀၄၅၀၂၉
– အမှတ်–H၊ အခန်း–၆၊ ရွှေပုန်းညက်လမ်း၊
ရွှေပုန်းညက်ရိပ်မွန်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၀၁၉၆၊ ၀၉–၂၀၄၅၀၂၉

www.foreverspace.com.mm



# Which & Why
# ဘယ်ပစ္စည်းဘာ့ကြောင့်

## ကလေးစီးဆိုင်ကယ်



လီဗာနှစ်ဆင့်ပါသော KL 789 မော်ဒယ်လ်အမျိုးအစား ကလေးစီး ဆိုင်ကယ်ဖြစ်။ လက်ကိုင်နှင့် ခြေနင်းတွင်လီဗာပါရှိ။ Rechargeable ဖြစ်။ ဘီးလေးလုံးပါရှိပြီး အလေးချိန် ပေါင် ၁၅၀ ခံနိုင်။ ပလတ်စတစ်ဖြင့်ပြုလုပ် ထားခြင်းဖြစ်။ မော်တာ နှစ်ဖက်ပါရှိ။ တရုတ်နိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၆၅,၀၀၀ ကျပ်ဖြစ်။




## INTEX ကလေး BOXING Stand

INTEX အမှတ်တံဆိပ် ကလေး Boxing Stand ဖြစ်။ ၃၈ လက်မ အလျားရှိ။ လေမှုတ်ပြီးရေထည့်ကာ အသုံးပြုရခြင်းဖြစ်။ ပလတ်စတစ်အပျော့ သားဖြင့် ပြုလုပ်ထားခြင်းဖြစ်။ တရုတ်နိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆,၀၀၀ ကျပ်ဖြစ်။

## ခရီးဆောင်ထိုင်ခုံ



အလေးချိန် ပေါင် ၂၀၀ အထိ ထိုင်နိုင်သော ခရီးဆောင်ခေါက်ထိုင်ခုံဖြစ်။ ထိုင်ခုံထောင့်များကို သံဖြင့်ပြုလုပ်ထားခြင်းဖြစ်ပြီး ထိုင်ရန်နေရာမှာ ချည်သား ဖြင့်ပြုလုပ်ထားခြင်းဖြစ်။ အလွယ်တကူခေါက်၍ သိမ်းထားနိုင်။ တရုတ်နိုင်ငံ ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## AnQi အသားကပ်အဆီချဝတ်စုံ




AnQi အမှတ်တံဆိပ် 5 in 1 အသားကပ် သံလိုက်အဆီချဝတ်စုံဖြစ်။ ခြေထောက်၊ လက်၊ ကိုယ်ခန္ဓာတို့တွင် အမြဲဝတ်ဆင်ထားခြင်းဖြင့် အဆီချပေးနိုင်။ Magnetic Wave ပါရှိ။ ဂျပန်နည်းပညာဖြင့်ပြုလုပ်ထားခြင်းဖြစ်။ ထိုင်းနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၅,၀၀၀ ကျပ်ဖြစ်။



## BOEING အရုပ်လေယာဉ်

BOEING အမှတ်တံဆိပ် 787-400 မော်ဒယ်လ်အမျိုးအစား ကလေးကစားစရာ အရုပ်လေယာဉ်ဖြစ်။ ပလတ်စတစ်ဖြင့်ပြုလုပ်ထားပြီး လေယာဉ်ကို တစ်စစီဖြုတ်သိမ်းနိုင်။ အဖွင့်၊ အပိတ်ခလုတ်ဖြင့် Auto သွားခြင်းဖြစ်။ AA ဓာတ်ခဲသုံးလုံး အသုံးပြုရ။ အလျားနှစ်ပေရှိ။ တရုတ်နိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆,၀၀၀ ကျပ်ဖြစ်။

## Mistral ဖုန်စုပ်စက်




Mistral အမှတ်တံဆိပ် MVC 420 7 မော်ဒယ်လ်အမျိုးအစား ဖုန်စုပ်စက်ဖြစ်။ ဘီးနှစ်ခုပါရှိပြီး လက်တွန်းတံဖြင့် တွန်းရခြင်းဖြစ်။ Fitter နှစ်ခုပါရှိ။ ဖုန်သွန်ရန်အတွက်လည်း လွယ်ကူသည့်စနစ်ပါရှိ။ Watt-1800 ဖြစ်ပြီး AC ဖြင့်တိုက်ရိုက်အသုံးပြုရ။ တစ်နှစ်အာမခံဖြစ်။ မလေးရှားနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆၅,၀၀၀ ကျပ်ဖြစ်။




## SONY Portable DVD Player

SONY အမှတ်တံဆိပ် DVP-720 မော်ဒယ်လ်အမျိုးအစား Portable DVD Player ဖြစ်။ CD, VCD, MP3 စသည်တို့အသုံးပြုနိုင်။ USB ပေါက်ပါရှိ။ အခြားသော TV များဖြင့်လည်း ချိတ်ဆက်အသုံးပြုနိုင်။ AC/ DC အသုံးပြုနိုင်ပြီး ငါးနာရီကြာခံဘက်ထရီပါရှိ။ Screen ခုနစ်လက်မ LCD ဖြစ်။ စင်ကာပူနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၁၀,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm





## Air Pure လေသန့်စက်

Air Pure အမှတ်တံဆိပ် လေသန့်စက်ဖြစ်။ AA ဓာတ်ခဲနှစ်လုံးဖြင့် အသုံးပြုရ။ အမွှေးရနံ့ကိုမှုတ်ထုတ်ပေးခြင်းဖြင့် အိမ်၊ ကား စသည့်အခန်းများတွင် အမြဲမွှေးစေနိုင်။ အမွှေးဘူးတစ်ဘူးပါရှိပြီး ရက်ပေါင်း ၆၀ အသုံးပြုနိုင်။ အဖွင့်အပိတ်ခလုတ်ပါရှိ။ စင်ကာပူနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅,၀၀၀ ကျပ်ဖြစ်။



## Panasonic Cordless Phone

Panasonic အမှတ်တံဆိပ် TG9372B မော်ဒယ်လ်အမျိုးအစား Cordless Phone ဖြစ်။ နာရီ၊ ရက်စွဲပါရှိ။ ဖုန်းနံပါတ်များကို မှတ်ထားပေးနိုင်။ ဖုန်းပြောဆိုသူမရှိပါကလည်း ဖုန်း Message ထားခဲ့နိုင်။ Cordless နှစ်ခုပါရှိ။ တိုင်မှ ပေ ၁၅၀ အထိ ယူဆောင်သွားနိုင်။ AC ဖြင့်သာသုံး၍ရ။ တရုတ်နိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၆၅,၀၀၀ ကျပ်ဖြစ်။



## Ray Ban Polarized နေကာမျက်မှန်

Ray Ban အမှတ်တံဆိပ် RB 4118601/583p မော်ဒယ်လ်အမျိုးအစား Polarized နေကာမျက်မှန်ဖြစ်။ အော်ဂန်နစ်ဖိုက်ဘာကိုင်းဖြစ်။ ကားမီးစူးစူးများကိုလည်းကြည့်နိုင်။ အီတလီနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၁၆,၀၀၀ ကျပ်ဖြစ်။



## ဆွယ်တာလက်ရှည်အနွေးထည်

သိုးမွေးချည်သားဖြင့်ပြုလုပ်ထားသော ဆွယ်တာအစင်းလက်ရှည်အနွေးထည်ဖြစ်။ လည်ပင်းအထောင်ပါပြီး ဇစ်ဆွဲဖြစ်။ အဖြူ၊ အမည်း၊ အဝါဖျော့ အရောင်သုံးမျိုးရှိ။ မြန်မာနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၇,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm





## Catch All ခြင်ဖမ်းစက်

Catch All အမှတ်တံဆိပ် AD မော်ဒယ်လ်အမျိုးအစားခြင်ဖမ်းစက်ဖြစ်။ AC/DC အသုံးပြုနိုင်။ မီးပျက်ပါက ဘက်ထရီဖြင့်နှစ်နာရီကြာအသုံးပြုနိုင်။ မီးရောင်ကို ခြင်လာနားပါက ပန်ကာဖြင့်စုပ်ယူသတ်ပေးသည့်စနစ်ဖြစ်။ 6Watt ဖြစ်။ မြန်မာနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ၁၆,၀၀၀ ကျပ်ဖြစ်။



## DKNA Reader Speaker

DKNA အမှတ်တံဆိပ် DK-121 မော်ဒယ်လ်အမျိုးအစား Reader Speaker ဖြစ်။ Memory Card, Memory Stick, SD MMC Card စသည်တို့ဖြင့် တွဲဖက်အသုံးပြုရ။ AC/ DC အသုံးပြုနိုင်။ 2 Watt ဖြစ်။ ဘက်ထရီဖြင့် ၂ နာရီ အသုံးပြုနိုင်။ အသံအတိုးအကျယ်ချိန်ညှိနိုင်။ ခေါက်သိမ်းထား၍လည်းရ။ တရုတ်နိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၄,၀၀၀ ကျပ်ဖြစ်။



## Mini DV Video Camera

Mini DV အမှတ်တံဆိပ် Video Camera ဖြစ်။ အရုပ်၊ အသံတို့ကို ဖမ်းယူရရှိနိုင်။ လျှပ်စစ်အားသွင်း၍အသုံးပြုရ။ Memory 2 G ဖြစ်ပြီး Micro SD Card ကိုအသုံးပြုရခြင်းဖြစ်။ ရိုက်ကူးထားသောပုံများကို ကွန်ပျူတာဖြင့်ပြန်လည်ကြည့်ရှုနိုင်။ တရုတ်နိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈၂,၀၀၀ ကျပ်ဖြစ်။



## NOKIA Handset

NOKIA အမှတ်တံဆိပ် 6303 မော်ဒယ်လ်အမျိုးအစား Handset ဖြစ်။ တိုက်တေနီယံဖြင့် ပြုလုပ်ထားခြင်းဖြစ်။ 3.2 Megapixel ကင်မရာပါရှိပြီး Flash ပါရှိ။ ဗီဒီယိုကင်မရာပါရှိပြီး အသံဖမ်း၍လည်းရ။ Memory 1G ဖြစ်ပြီး MP3, MP4, FM အသုံးပြုနိုင်။ Bluetooth ပါရှိ။ WCDMA Card ဖြင့်လည်းအသုံးပြုနိုင်။ စင်ကာပူနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၇၈,၀၀၀ ကျပ်ဖြစ်။

**ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ကုန်ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို Ever Fime၊ စိန်ဂေဟာ Super Centre နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm



# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | SKY DIGITAL အဝတ်လျှော်စက် (စင်ကာပူ) | NAWARAT TUN CO., LTD. အမှတ်-၄၂၆၊ သိမ်ဖြူလမ်း၊ သိမ်ဖြူဈေး မှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၉၄၁၂၁၊ ၃၉၄၁၆၁ | ဦးမောင်မောင်ထွန်း (Managing Director) | မရှိ |
| ၂။ | Tip Top ဟိုက်ဒရောလစ်ဆီ (U.A.E) | LUCKY CHOICE CO., LTD. အမှတ်-၃၁(B)၊ နောင်ရိုးလမ်း၊ တက်လမ်းအိမ်ရာ၊ ဘုရင့်နောင်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၈၆၀၆၆၊ ၆၈၆၀၆၄ | ဦးကျော်ထွန်း (Director) | MANDALAY SHOW ROOM အမှတ်-ဆ-၁၆၊ ကွဲဆန်ကန် ၈ လမ်း၊ ချမ်းမြေ့သာယာရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ |
| ၃။ | YINKE ငွေရေစက် တရုတ် (တိုင်ပေ) | MYANMAR KING OCEAN INTERNATIONAL CO., LTD. အမှတ်-၃၀(b)၊ သံလွင်လမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၅၁၅၄၉၀၉ E-mail:kingocean@myanmar.com.mm | ဒေါ်ညိုချော (Managing Director) | မရှိ |
| ၄။ | Rinnai အငွေ့စုပ်စက် (ဂျပန်) | MYANMAR KOWA INTERNATIONAL CO., LTD. အမှတ်-၁၉၉၊ မြေညီထပ်၊ ၃၄ လမ်း (အပေါ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၅၉၂၅၊ ၂၄၆၃၀၄ | ဦးအောင်နန္ဒာထူး (Marketing Manager) | SHOW ROOM AND SERVICE CENTER အမှတ်-၁၃၉၊ မြေညီထပ်၊ လမ်း-၈၀၊ ၂၇× ၂၈ လမ်း ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၉-၆၈၀၃၅၀၅ |
| ၅။ | OSRAM Lighting Products (ဂျာမနီ) | SUPER POWER ELECTRIC INDUSTRY CO., LTD. အမှတ်-G Flr ၊ ရွှေဂုံပလာဇာ၊ ရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာ့အေးဘုရားလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၅၈၄၂၂၊ ၅၅၂၅၉၄ ဖက်စ်-၅၅၈၃၉၇ Email:info@superpower.com.mm | ဦးအောင်အေး (Manager) | SUPER POWER ELECTRIC INDUSTRY CO., LTD. အမှတ်-ပ-၆/၇၊ ဗထူးကွင်း အနောက်ဘက်တန်း၊ ၇၁ လမ်း၊ ၂၉× ၃၀ လမ်း ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၇၂၉၉၅ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm



# ၂၀၀၉-၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနည်းလမ်းညွှန်

## မြန်မာစာ

ဂုဏ်ထူးဦးသိန်းနိုင်

## အင်္ဂလိပ်စာ

ဂုဏ်ထူးဦးအောင်ခိုင်

## သင်္ချာ

သင်္ချာသန်းနိုင်

## ဓာတုဗေဒ

ဒေါက်တာခင်ယုနွယ် (ယု-ဓာတု)

## ရူပဗေဒ

ဦးညီထက်

## ဇီဝဗေဒ၊

ဒေါက်တာဇီဝ(ဒေါက်တာညီညီနိုင်)

## သမိုင်း

သမိုင်းတံခွန် ဦးထွန်းနွယ်

## ပထဝီဝင်

မလိခဦးလှချစ်-ပထဝီဝင် (ပညာပါရမီအဆင့်မြင့်ဘော်ဒါ)

## ဘောဂဗေဒ

ဦးစိုင်းထွန်းအောင်

၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်တန်းဘာသာရပ် ကိုးဘာသာကို သက်ဆိုင်ရာ ကျွမ်းကျင်ဘာသာရပ် ဆရာများနှင့် တွေ့ဆုံမေးမြန်း၍ ဖော်ပြလိုက်ပါသည်။

အယ်ဒီတာ

www.foreverspace.com.mm

# မြန်မာစာဖြေဆိုနည်းလမ်းညွှန်

ဂုဏ်ထူးဦးသိန်းနိုင်

**တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုဖို့က နှစ်လနီးပါးပဲလိုပါတော့တယ်။ မြန်မာစာဘာသာရပ်က ပထမဆုံးဖြေရမှာဖြစ်ပြီး လွယ်တယ်၊ အောင်ဖို့လည်း လွယ်တယ်လို့ အထင်သေးမိတာက အကြီးဆုံးအန္တရာယ်ပါပဲ။ တကယ့်တကယ် စစ်ဆေးလိုက်ကြတော့ မြန်မာစာက ၂၇ ရာခိုင်နှုန်းလောက် နှစ်တိုင်းကျတယ်။ ဒါဘာကိုပြနေလဲဆိုတော့ မြန်မာစာကို အထင်သေးလို့မဖြစ်ဘူးဆိုတဲ့အချက်တစ်ချက်ပါပဲ။**

> မြန်မာစာဘာသာရပ်က ပထမဆုံးဖြေရမှာဖြစ်ပြီး လွယ်တယ်၊ အောင်ဖို့လည်း လွယ်တယ်လို့ အထင်သေးမိတာက အကြီးဆုံးအန္တရာယ်ပါပဲ။ တကယ့်တကယ် စစ်ဆေးလိုက်ကြတော့ မြန်မာစာက ၂၇ ရာခိုင်နှုန်းလောက် နှစ်တိုင်းကျတယ်။


ဒုတိယတစ်ချက်ကတော့ နှစ်လတာကာလလောက်ပဲလိုတော့တဲ့အချိန်မှာ မြန်မာစာဘာသာရပ်ကို ဘာတွေလုပ်မလဲဆိုတော့ ပထမဆုံးလုပ်သင့်တဲ့အလုပ်က ၂၀၀၂ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ မေးထားတဲ့ မေးခွန်းတွေရှိတယ်။ အဲဒီမေးခွန်းတွေကိုပဲ တချို့လည်း အကြမ်းဖျင်း၊ တချို့ကလည်း တော်ရုံသင့်ရုံ၊ တချို့လည်း အသေးစိတ်ဆိုပြီး အပိုင်းသုံးပိုင်းလောက်ခွဲပြီး ကျက်မှတ်ထားမယ်ဆိုရင် အောင်မှတ်အတွက်ကတော့စိတ်ချရပါပြီ။ ဒီရှစ်နှစ်တာမေးခဲ့တဲ့ သဒ္ဒါတွေ၊ ဝေါဟာရ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ ဝါကျဖွဲ့ခိုင်းတာတွေ၊ အလင်္ကာတွေ၊ ကဗျာ၊ စကားပြေ၊ ခမ္မခိဋ္ဌာန်တွေ စတဲ့ ရှစ်နှစ်တာ မေးခွန်းဟောင်းတွေကို ထပ်ခါထပ်ခါ ကျက်မှတ်မယ်ဆိုရင် သာမန်အားဖြင့် အောင်မှတ်က ဘယ်လိုမှပြေးမလွတ်ပါဘူး။

မေးခွန်းဟောင်းတွေကိုပဲ လေးလေးနက်နက် ယုံယုံကြည်ကြည်အားကိုးမယ်ဆိုရင် အမှတ်အများကြီးရနိုင်ပါတယ်။ အမှတ် ၆၀၊ ၇၀ လောက်ရနိုင်တယ်။ ရည်မှန်းချက်ကြီးတဲ့ ကျောင်းသူ၊ ကျောင်းသားတွေအနေနဲ့တော့ ရှစ်နှစ်တာ မေးခွန်းဟောင်းတွေကိုပဲ စာစီစာကုံးတွေဆို ပြန်ရေးကြည့်မယ်။ ကဗျာမေးခွန်းရှည်တွေ၊ စကားပြေမေးခွန်းရှည်တွေ ပြန်ဖြေကြည့်မယ်။ အရေးကြီးတာက ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ်မှာ အမေးနဲ့အဖြေ တည့်တည့်ကြီးဖြစ်ဖို့၊ အံ့ဝင်ခွင်ကျ ဖြေဖို့လိုပါတယ်။

မြန်မာစာမေးခွန်းအမှတ် ၁၀၀ ကို ပိုင်းလိုက်ရင် နှစ်ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းကတော့ ဝိရိယအမှတ်ပါ။ အဲဒီဝိရိယအမှတ်က သေချာပေါက် ၅၂ မှတ် ရနိုင်တဲ့အတွက် နေ့စဉ်မှန်မှန်ကျက်ဖို့လိုပါတယ်။ ဥပမာအားဖြင့် ခက်ဆစ်ဝေါဟာရလေးတွေကို တစ်နေ့ဆယ်လုံးစီ၊ အလင်္ကာလေးတွေကို တစ်နေ့ဆယ်လုံးစီ၊ ဝါကျဖွဲ့တာလေးတွေ တစ်နေ့ဆယ်လုံးစီ၊ ကဗျာ၊ စကားပြေခမ္မခိဋ္ဌာန်လေးတွေကို တစ်နေ့ဆယ်လုံးစီ၊ များတယ်ထင်ရင် တစ်နေ့ငါးလုံးစီကျက်သွားပါ။ ရေသည်ပြဇာတ်ဆိုရင်လည်း စုစုပေါင်း ၃၉ ပိုဒ်ရှိတဲ့အနက်မှ တစ်နေ့တစ်ပိုဒ်နှုန်း သေသေချာချာ ပိုင်ပိုင်နိုင်နိုင် ကျက်မှတ်သွားပါ။

အခုပြောခဲ့တဲ့ သဒ္ဒါ၊ ခက်ဆစ်၊ ဝါကျဖွဲ့ပုံစံ၊ အလင်္ကာ၊ ကဗျာခမ္မခိဋ္ဌာန်၊ စကားပြေခမ္မခိဋ္ဌာန်၊ ရေသည်စကားစပ်၊ ရေသည်စရိုက်(အကြောင်းအရာ) အဲဒါတွေ ပေါင်းလိုက်တော့ ၅၂ မှတ်ပေးပါတယ်။ အဲဒီ ၅၂ မှတ်က အမှတ်ပြည့် (Solid Marks) ရနိုင်တဲ့အတွက် ဂရုစိုက်ပြီး ကျက်မှတ်ထားပါ။ မေးခွန်းနံပါတ်တွေ အနေနဲ့တော့ ၁။(က၊ခ၊ဂ)၊ ၂။(က၊ခ၊ဂ)၊ ၃။(က)၊ ၄။(က)၊ ၅။(က)တွေပါပဲ။

ကျန်တဲ့(Essay Type) လို့ခေါ်တဲ့ ကျယ်ကျယ်ပြန့်ပြန့် စေ့စေ့စပ်စပ်ရေးရတဲ့ ၃။ (ခ) ကဗျာရှည် ၁၀ မှတ်၊ ၄။ (ခ) စကားပြေရှည် ၁၀ မှတ်၊ ၅။(ခ) ရေသည်စရိုက် ၈ မှတ်နဲ့ ၆။ စာစီစာကုံး



www.foreverspace.com.mm





အမှတ် ၂၀၊ စုစုပေါင်း ၄၈ မှတ်ပေးပါတယ်။ အဲဒီ ၄၈ မှတ်ထဲက အမှတ် ၃၀ ရရင် ဂုဏ်ထူးမှတ်ရနိုင်ပါတယ်။ ဒါပေမဲ့ မေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် မဖြေဘဲ ဘာလာလာ ငါဖြေချင်တာဖြေမယ်ဆိုရင်တော့ ဘယ်လိုမှမရနိုင်ပါဘူး။

အရေးကြီးဆုံးက စာစီစာကုံးဖြစ်ပြီး စာစီစာကုံးကို ၂၀၀၂ ခုနှစ်မှစပြီး 'ပုံကြမ်း' နဲ့မေးမြန်းလာတယ်။ ခင်းထားတဲ့ပုံကြမ်းလေးအတိုင်း ပတ်သက်ရာ ပတ်သက်ကြောင်း၊ စပ်စပ်ရာစပ်စပ်ကြောင်းကို ပုံကြမ်းဘောင်အတွင်းမှာပဲ ချဲ့ကား၍ ဖြေဆိုပါ။ အံချော် မသွားပါစေနဲ့။ အကုန်လုံးလည်းပြီးတယ်၊ ပေးတဲ့ ပုံကြမ်းနဲ့လည်း ညီတယ်ဆိုရင် အနည်းဆုံး ရှစ်မှတ်ရနိုင်ပါတယ်။ ပုံကြမ်းနဲ့လည်း ညီတယ်၊ ဝေဝေဆာဆာလေး ရေးထားတယ်ဆိုရင် ဆယ့်သုံးမှတ် ဆယ့်လေးမှတ် ဝန်းကျင်ရနိုင်ပါတယ်။ စာစီစာကုံးနဲ့ ပတ်သက်လို့ အကြံပေးချင်တာကတော့ စာစီစာကုံးကောင်းကောင်းတွေကို ကျက်စရာ မလိုပါဘူး။ ပုံကြမ်းနဲ့ ညီအောင် ဘယ်လိုရေးကြသလဲဆိုတာ လက်တွေ့ လေ့လာဖို့ လိုပါတယ်။ တစ်နေ့ကို တစ်ပုဒ်၊ နှစ်ပုဒ်လောက် ဖတ်ဖြစ်အောင်ဖတ်ပါ။ အဲဒီထဲက အချက်အလက်တွေ၊ စကားလှ၊ စကားချောတွေ၊ ကဗျာတွေ၊ အဆိုအမိန့်တွေ၊ အဖြစ်အပျက်တွေကို မှတ်စု ထုတ်ယူထားပါ။ "တစ်နေ့တစ်ပုဒ်ဖတ်၊ တစ်ပတ်တစ်ပုဒ်ရေး"ပါ။

စာစီစာကုံးဟာဖြေဆိုသူရဲ့ဗဟုသုတ အရည်အချင်း၊ အတွေးအခေါ်၊ ဖတ်အား မှတ်အား၊ အရေးအသားအရည်အချင်းတွေကို ပြသခွင့်ရတဲ့အတွက် စာစီစာကုံးဟာ အားကိုးစရာ အမှတ်ဖြစ်တယ်။

မြန်မာစာဖြေဆိုရာမှာ သတိပေးချင်တာက အချိန်နဲ့တစ်ပြေးညီ ဖြေဆိုဖို့လိုပါတယ်။ စာအကုန်လုံးတော့ရပါရဲ့၊ သုံးနာရီအတွင်း အကုန်လုံးမပြီးလိုက်ဘူးဆိုရင် အမှတ်က မရပြန်ဘူး။ စာစီစာကုံးဖြေနေတယ်။ ၁၂ နာရီထိုးနေပြီ နိဂုံးမချုပ်ရသေးဘဲ အဖြေလွှာသိမ်းသွားတယ်ဆိုရင် အဲဒီစာစီစာကုံးက အင်္ဂါရပ်နဲ့ မညီတော့ဘူးဆိုရင် လေးမှတ်ပဲရမယ်။ တကယ်လို့သာ နိဂုံးကို လေးငါးကြောင်းလောက်နဲ့ နိဂုံးချုပ်လိုက်မယ်ဆိုရင် အင်္ဂါရပ်နဲ့ညီတဲ့အတွက် ရှစ်မှတ်လောက်ရပါမယ်။ အချိန်လေးအနည်းငယ်အတွင်းမှာ လေးမှတ်ဆိုတဲ့ အရာက စာဖြေသူအတွက် အရေးကြီးပါတယ်။ တစ်မှတ်လောက်နဲ့တောင် စိတ်ကြိုက် တက္ကသိုလ်နဲ့ လွဲတတ်တဲ့အတွက် လေးမှတ်ဆိုတာ ပိုအရေးကြီးပါတယ်။

“ စာစီစာကုံးက အင်္ဂါရပ်နဲ့ မညီတော့ဘူးဆိုရင် လေးမှတ်ပဲရမယ်။ တကယ်လို့သာ နိဂုံးကို လေးငါးကြောင်းလောက်နဲ့ နိဂုံးချုပ်လိုက်မယ်ဆိုရင် အင်္ဂါရပ်နဲ့ ညီတဲ့အတွက် ရှစ်မှတ်လောက်ရပါမယ်။ အချိန်လေးအနည်းငယ်အတွင်းမှာ လေးမှတ်ဆိုတဲ့အရာက စာဖြေသူအတွက် အရေးကြီးပါတယ်။ ”

အဲဒါကြောင့် အချိန်ကိုကြည့်ဖို့လိုတယ်။ နောက်တစ်ခုအကြံပေးချင်တာက မြို့နယ်ထူးချွန်စာမေးပွဲမေးခွန်းတွေရှိတယ်။ ဖြေကြည့်ပါ။ ရန်ကုန်မှာ ဧရာမ ကျောင်းကြီး ခြောက်ကျောင်း၊ ခုနစ်ကျောင်းရှိတယ်။ ဒဂုံ(၁)၊ ဒဂုံ(၂)၊ တီတီစီ၊ ကမာရွတ်(၂)၊ စမ်းချောင်း(၂)၊ လသာ(၂)၊ ဗဟန်း(၂)၊ ဗိုလ်တထောင်(၅) ကျောင်းတွေမှာ ပထမ နှစ်ဝက်မေးခွန်းတွေလည်း ထွက်နေပြီ။ ဒုတိယနှစ်ဝက် မေးခွန်းတွေလည်းပြီးပြီ။ အဲဒီ မေးခွန်းတွေကို သူငယ်ချင်းအချင်းချင်း အကူအညီတောင်းပြီး ကျက်မှတ်ကြပါ။ သုံးနာရီ အတွင်း ဖြေကြည့်ပါ။


အခုဆိုရင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုဖို့ ရက်ပေါင်း ၆၀ လောက်ပဲ လိုတော့တဲ့အတွက် အခုကြိုးစားနေတာထက်ပိုပြီး တစ်ရက်ကိုတစ်နာရီလောက်ကြိုးစားပါ။ စာဖြေသူတွေ အနေနဲ့ ပထမဆုံးစတင်ကြုံတွေ့ရတဲ့ အစိုးရစစ်စာမေးပွဲ တစ်ခုဖြစ်တဲ့အတွက် စိတ်လှုပ်ရှားတတ်ပါတယ်။ စာတော်သူများပင် ခြေချော်လက်ချော်ကျတတ်ပါတယ်။ စိတ်လှုပ်ရှားတဲ့အတွက် ကျက်ထားတဲ့စာတွေ မေ့သွားတာတို့၊ ဖြေရင် တစ်ဝက်တစ်ပျက်နဲ့ ဆက်မဖြေနိုင်တာတို့ဖြစ်တတ်ပါတယ်။ အဲဒါကြောင့် ဘုရားရှိခိုး၊ ငါးပါးသီလဆောက်တည်၊ ယုံကြည်မှုရှိအောင်လုပ်၊ ဗုဒ္ဓဘာသာမှမဟုတ်ဘူး၊ ဘယ်ဘာသာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ဆရာသမားတွေကို စိတ်ကနေ ကန်တော့အရိုအသေပေးပြီး တောင်းပန်သွားပါ။

**ဂုဏ်ထူးဦးသိန်းနိုင်**

www.foreverspace.com.mm

# အင်္ဂလိပ်ဘာသာဖြေဆိုနည်းလမ်းညွှန်

ဂုဏ်ထူးဦးအောင်ခိုင်



**တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ဖြေဆိုမယ့် ကျောင်းသူ၊ ကျောင်းသားတွေအတွက် အင်္ဂလိပ်စာဘာသာရပ်ရဲ့ မေးခွန်းပုံစံနဲ့ ပတ်သက်ပြီး အရင်ပြောပါမယ်။ မေးခွန်းမှာ နံပါတ် I ကနေ IX အထိရှိတဲ့အထဲက I ကနေ VII A အထိက ၆၅ မှတ်ပေးပါတယ်။ VII B ကနေ IX အထိက ၃၅ မှတ်ပေးပါတယ်။**

အင်္ဂလိပ်စာဘာသာရပ်ကို အောင်မှတ်ရရင် တော်ပြီဆိုတဲ့ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့တော့ မေးခွန်း II, III, IV နဲ့ VII A တွေကို ဖြေနိုင်မယ်ဆိုရင် အောင်မှတ်ရနေပါပြီ။ I နဲ့ V က Comprehension ဖြစ်တာမို့ မေးခွန်းနဲ့အတူအဖြေပါပြီးသားပါ။ အခုပြောခဲ့တဲ့ မေးခွန်းနံပါတ် I to VII A တွေကို စာတော်တဲ့သူတွေကတော့ အမှတ်ပြည့်ရနိုင်ပါတယ်။ အခုပြောခဲ့တဲ့ ၆၅ မှတ်ရနိုင်တဲ့ မေးခွန်း I to VII A ဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ထဲမှာပါတဲ့ အခန်းတိုင်းကို ကြေညက်အောင်ဖတ်ထားဖို့ လိုအပ်ပါတယ်။

မေးခွန်းနံပါတ် IV ကလည်း ပြဋ္ဌာန်းစာအုပ်ကို အခြေခံပြီးမေးတာဖြစ်တဲ့အတွက် ပြဋ္ဌာန်း စာအုပ်ပိုင်ရင် လွယ်ပါတယ်။ မေးခွန်း VIIA ကတော့ Grammar အပိုင်းပါ။ ကျန်တဲ့ ၃၅ မှတ် ရနိုင်တဲ့ VII B ကနေ IX ထိမှာ မေးခွန်း VII B က Paragraph ကလည်း ပြဋ္ဌာန်းစာအုပ်ကနေ မေးတာ။ အဲဒီမှာ နှစ်ပုဒ်ပေးထားမယ်၊ တစ်ပုဒ်ဖြေရမယ်။ ရွေးရမယ့်နေရာမှာ ခေါင်းစဉ်ကြည့် ပြီးမရွေးဘဲ အောက်ကပေးထားတဲ့ အချက်အလက်ကို ကြည့်ပြီးရွေးဖြေပါ။ တစ်ခါတလေ ခေါင်းစဉ်ကလွယ်ပြီး အောက်ကပေးထားတဲ့အချက်အလက်က ခက်နေတတ်ပါတယ်။ ပေးထားတဲ့ အချက်အလက်ပါအောင်ရေးပြီး လိုအပ်တာဖြည့်ရုံပါပဲ။ အပိုစာသားတွေ မပါပါစေနဲ့။

မေးခွန်းနံပါတ် VIII က Letter ပါ။ သုံးပုဒ်ပေးထားပါမယ်။ Letter ဆို တဲ့အတိုင်း Letter Form ရှိပါတယ်။ ပုံသဏ္ဌာန်မှန်မယ်၊ အချက်အလက်မှန်အောင်ရေးမယ်၊ အမှားကင်းမယ်ဆိုရင် ပေးတဲ့အမှတ် ၁၀ မှတ်ကနေ ၈ မှတ် ရနိုင်ပါတယ်။

မေးခွန်း IX က Essay ဖြေရမှာပါ။ Essay မှာ သုံးပုဒ်မေးထားမှာဖြစ်ပြီး ခေါင်းအေးအေးနဲ့ရွေးပါ။ အဓိက,က Present Tense , Past Tense နဲ့ ပတ်သက်ပြီး အမေးများပါတယ်။ Essay ဖြေတဲ့နေရာမှာ ကျောင်းသားတွေက ကျက်ဖြေကြတယ်။ ကျက်တာလည်း ကျက်ပါ။ စာပိုဒ်သုံးပိုဒ် အနည်းဆုံး ဖြေရမယ်။ ပေးတဲ့အမှတ် ၁၅ မှတ်မှာ ၁၂ မှတ်ရနိုင်တယ်။ အားတက်စရာအမှတ်ပေါ့။ ကျက်ပြီးတော့ ဖြေတာထက် ကိုယ်ပိုင်ဝါကျနဲ့ဖြေရင် ဂုဏ်ထူးထွက်နိုင်ပါတယ်။ ကိုယ်ပိုင်ဝါကျတွေရေးဖို့က Grammar ပိုင်ရမှာဖြစ်တယ်။

အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုရာမှာ စဖြေဆိုကတည်းက စိတ်အေးအေးထားပြီး ဖြည်းဖြည်းမှန်မှန်ဖြေပါ။ မလောပါနဲ့။ မလောရင် အမှားနည်းပြီး အမှတ်များများရပါလိမ့်မယ်။ သုံးနာရီမေးခွန်းဖြစ်တဲ့အတွက် အင်္ဂလိပ်စာဖြေဆိုရာမှာ အချိန်မကုန်ပါဘူး။ နှစ်နာရီခွဲလောက်နဲ့ ပြီးအောင်ဖြေနိုင်ပါတယ်။

ဂုဏ်ထူးဦးအောင်ခိုင်

> ရွေးရမယ့်နေရာမှာ ခေါင်းစဉ်ကြည့်ပြီးမရွေးဘဲ အောက်ကပေးထားတဲ့ အချက်အလက်ကိုကြည့်ပြီးရွေးဖြေပါ။ တစ်ခါတလေ ခေါင်းစဉ်ကလွယ်ပြီး အောက်ကပေးထားတဲ့ အချက်အလက်က ခက်နေတတ်ပါတယ်။ ပေးထားတဲ့ အချက်အလက်ပါအောင်ရေးပြီး လိုအပ်တာဖြည့်ရုံပါပဲ။ အပိုစာသားတွေ မပါပါစေနဲ့။

www.foreverspace.com.mm



# သင်္ချာဖြေဆိုနည်းလမ်းညွှန်

သင်္ချာသန်းနိုင်

**သင်္ချာဘာသာရပ်နဲ့ပတ်သက်လို့ ၁၂ခန်းရှိတယ်။ ၁၂ခန်းရှိရာမှာ Chapter 1 to 6 ပိုင်ရင်အမှတ် (၆၀) ဝန်းကျင်ရနိုင်တယ်။ ပိုတာလျော့လျော့နည်းတာ လျော့လျော့ရှိတတ်တယ်။ ခုနစ်ခန်း ပိုင်ရင်အမှတ် (၇၀)ဝန်းကျင် မေးခွန်းထဲမှာပါမှာပါ။ Chapter တစ်ခုချင်းစီကို စေ့စေ့စပ်စပ်ကြည့်ပါ။ ဟိုတစ်ပုဒ်ကြည့် ဒီတစ်ပုဒ်ကြည့် ဆိုတဲ့ နည်းဗျူဟာက လွဲနေတယ်။ ဆိုလိုသည်မှာ တကယ်ပိုင်မှ အမှတ်ရမယ်ဆိုတာ သိထားပါ။**

အကောင်းဆုံးကတော့
သင်ရိုးညွှန်းတမ်း ၁၂ ခန်းလုံးကို
ကြည့်ထားတာ အကောင်းဆုံးပါပဲ။
စာမေးပွဲဖြေဆိုတဲ့နေရာမှာ
အချိန်နဲ့အမှတ်ကို အံကိုက်ဖြစ်စေဖို့
ဖြေဆိုရန်လည်း လိုအပ်ပါတယ်။
၃မှတ်တန်ဖြေဆိုပါက လေးမိနစ်၊
ငါးမိနစ်ထက်အချိန်ပိုမဖြေသင့်ပါဘူး။
ငါးမှတ်တန်ဖြေဆိုပါက အချိန်ခုနစ်မိနစ်
မှ ၁၀မိနစ်ခန့် အချိန်ပေးပါ။
ဖြေဆိုပြီးသွားတဲ့ပုစ္ဆာများ ပြန်လည်
စစ်ဆေးဖို့ အချိန်နာရီဝက် မိနစ် ၃၀
ခန့်အချိန်ပေးပါ။



စာမေးပွဲဖြေဆိုဖို့ ရက်ပေါင်း (၆၀)လောက်ပဲလိုတော့တဲ့အချိန်မှာ တစ်နှစ်လုံး ဘာမှမလုပ်ခဲ့တဲ့သူက ဘာမှဆက်လုပ်လို့မရပါဘူး။ အေးအေးဆေးဆေးနဲ့ ကိုယ်ပိုင်တဲ့အခန်းကို ကြည့်ရင်တော့ အောင်မှတ်ရမယ်။ အခုပြောခဲ့တာက အချိန်မရတဲ့သူတွေ၊ အလုပ်လုပ်တဲ့သူတွေအတွက်ပြောတာပါ။ တကယ်လို့ နှစ်စကတည်းကလုပ်ခဲ့တဲ့ ကျောင်းသူ၊ ကျောင်းသားတွေအနေနဲ့ အကုန်လုံးကို သေသေချာချာကြည့်ပါ။ သင်္ချာဖြေဆိုမယ့်ကျောင်းသူ၊ ကျောင်းသားတွေအနေနဲ့ (၇)ခန်းပိုင်နေပြီး နောက်ထပ်နှစ်ခန်းပိုင်ရင် ဂုဏ်ထူးမှတ်ရနိုင်ပါတယ်။

Section A မှာ တစ်မှတ်တန်ဓမ္မဓိဋ္ဌာန်ပုစ္ဆာ ၂၅မှတ်ဖိုး၊ Section B (Short Question) ၃ မှတ်တန်ငါးပုဒ်၊ Section C (Long Question) ၅ မှတ်တန် ၉ ပုဒ်မှာ ၆ ပုဒ်ဖြေရမယ်။

သင်္ချာကို အောင်မှတ်ရရင် တော်ပြီဆိုတဲ့ကျောင်းသူ၊ ကျောင်းသားတွေကတော့ Chapter 1 to 6 ခြောက်ခန်းကြည့်ရင် အောင်မှတ်ရနေပါပြီ။ ဒါပေမဲ့ ဟိုတစ်ပုဒ်ဒီတစ်ပုဒ် မကြည့်ဘဲ အကုန်ပိုင်အောင်ကြည့်ရပါမယ်။ ဂုဏ်ထူးမှန်းတဲ့သူတွေကတော့ Vectors, Trigo, Calculus အခန်းတွေကို သေသေချာချာကြည့်ဖို့လိုအပ်ပါတယ်။ လွတ်မယ်ဆိုရင် ၁၆ မှတ်ဝန်းကျင် နစ်နာသွားပါမယ်။ ကျောင်းသူ၊ ကျောင်းသားတွေအနေနဲ့ သင်ရိုးညွှန်းတမ်းတွေအပြင် မေးခွန်းဟောင်းတွေကိုလည်း လေ့လာကြပါ။ အဲဒီမေးခွန်းတွေထဲက ဓမ္မဓိဋ္ဌာန်တွေ၊ ၃ မှတ်တန်တွေကိုလည်း လေ့လာတွက်ချက်ထားပါ။

Chapter 1 to 6 ကြည့်တဲ့သူရဲ့အမှတ်ဟာ ခုနစ်ခန်းကြည့်တဲ့သူရဲ့အမှတ်ကို မီမှာမဟုတ်သလို ခုနစ်ခန်းကြည့်တဲ့သူကလည်း ကိုးခန်းကြည့်တဲ့သူရဲအမှတ်ကို မီမှာမဟုတ်ပါဘူး။ အကောင်းဆုံးကတော့ သင်ရိုးညွှန်းတမ်း ၁၂ ခန်းလုံးကို ကြည့်ထားတာ အကောင်းဆုံးပါပဲ။ စာမေးပွဲဖြေဆိုတဲ့နေရာမှာ အချိန်နဲ့အမှတ်ကို အံကိုက်ဖြစ်စေဖို့ ဖြေဆိုရန်လည်း လိုအပ်ပါတယ်။ ၃မှတ်တန်ဖြေဆိုပါက လေးမိနစ်၊ ငါးမိနစ်ထက်အချိန်ပိုမဖြေသင့်ပါဘူး။ ငါးမှတ်တန်ဖြေဆိုပါက အချိန်ခုနစ်မိနစ်မှ ၁၀မိနစ်ခန့်အချိန်ပေးပါ။ ဖြေဆိုပြီးသွားတဲ့ပုစ္ဆာများ ပြန်လည်စစ်ဆေးဖို့ အချိန်နာရီဝက် မိနစ် ၃၀ ခန့်အချိန်ပေးပါ။ တွက်ချက်ပြီးတဲ့ပုစ္ဆာတွေကို နံပါတ်တပ်မတပ်၊ မှန်မမှန် အပုဒ်ပြန်စစ်ဆေးပါ။

**သင်္ချာသန်းနိုင်**

www.foreverspace.com.mm

# ဓာတုဗေဒလမ်းညွှန်

## ဒေါက်တာခင်ယုနွယ် (ယု-ဓာတု)

ဓာတုဗေဒဘာသာရပ်မှာ Section A နဲ့ B နှစ်ပိုင်းရှိပါတယ်။ Section A မှာက နံပါတ် ၁ ကနေ ၅ အထိပါ။ တစ်မှတ်တန်မေးခွန်းများမေးပြီး ၃၆ မှတ်ဖိုး ရွေးချယ်လို့ မရဘဲ အားလုံးဖြေရပါမယ်။

Section B မှာ နံပါတ် ၆၊၇၊၈ သုံးပုဒ်အတွက် ၆၄ မှတ်ဖိုးဖြေရပါမယ်။ နံပါတ် ၆ မှာ နှစ်မှတ်တန်ခြောက်ပုဒ်မေးပြီး ၁၂ မှတ်ရမယ်။ ရွေးချယ်ခွင့်မရှိပါဘူး။

နံပါတ် ၇ အနေနဲ့ ရှစ်ပုဒ်မေးပြီး ရွေးဖြေရမှာက ငါးပုဒ်ပါ။ တစ်ပုဒ်လေးမှတ်နဲ့ အားလုံး အမှတ် ၂၀ ဖြေရမှာ ဖြစ်ပါတယ်။ နံပါတ် ၈ မှာ ရှစ်ပုဒ်မေးပြီး လေးပုဒ်ရွေးဖြေရမှာပါ။ တစ်ပုဒ် ရှစ်မှတ်နဲ့ လေးပုဒ်အတွက် ၃၂ မှတ်ဖိုးရအောင် ဖြေရမှာဖြစ်တယ်။

၂၀၁၀ ပြည့်နှစ်တက္ကသိုလ်ဝင်တန်းကို ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများအနေနဲ့ Chapter 1 to 7 ကို ပိုင်ပိုင်နိုင်နိုင်ကြည့်ထားရင် (2009 Chemistry Question Format အရ) ရမှတ် ၆၅ မှတ်တိတိရမှာပါ။ ဒါဆိုရင် ဓာတုဗေဒဘာသာရပ်ကို လွယ်ကူစွာဖြေဆိုအောင်မြင်နိုင်ပါပြီ။ အရေးကြီးတာက ကြိုက်နှစ်သက်ရာပုစ္ဆာကို ရွေးမကြည့်ဘဲ အခန်း ၇ ခန်းလုံးကို တိကျပိုင်နိုင်စွာ ကြည့်ထားဖို့ပါ။ Chapter 5 မှာ Equation တွေညှိတဲ့အခါ Oxidation Number Method အပြင် Ion-Electron Method ( Half-Reaction Method) ကိုပါလေ့လာထားပါ။

Chapter 1 to 7 အပြင် 10, 11, 12, 13 နဲ့ 14 ကိုပါ စေ့စပ်သေချာစွာ ကျက်ထားရင်တော့ ဓာတုဗေဒဂုဏ်ထူးရရှိရုံမက အမှတ် ၉၀ ကျော်အထိရနိုင်ပါတယ်။ Manufacturing Process တွေဖြစ်တဲ့ Contact, Haber, Ammonia- Oxidation နဲ့ Solvay Process များကို စေ့စပ်သေချာစွာ ကျက်ထားပါ။ မေးခွန်းနံပါတ် ၈ မှာ ရှစ်ပုဒ်မေးတယ်၊ လေးပုဒ်ပဲရွေးဖြေရမှာမို့ Organic Equation များကို တိကျသေချာစွာ ဖြေတတ်ရင် Laboratory Preparation များကို ရွေးကျက်လို့ရပါတယ်။

ဓာတုဗေဒဘာသာရပ်မှာ 'ရာပြည့်' ရချင်ရင်တော့ Chapter 8, 9 နဲ့ 15 ကို မလွတ်တမ်းကြည့်ထားရပါမယ်။ ဒီအခန်းများကို ရွေးချယ်လို့မရတဲ့ မေးခွန်းနံပါတ် ၁ မှ ၆ အတွင်းမှာ မေးတဲ့အတွက်ကြောင့်ပါ။ ဒါ့အပြင် Symbol Equation များရေးတဲ့အခါ Physical State များထည့်ဖို့ လုံးဝမမေ့ပါနဲ့။ Definition တွေကို တိကျစွာရေးပြီးတဲ့အခါ သက်ဆိုင်ရာ Example များ ဂရုတစိုက်ထည့်ပေးပါ။ Law နဲ့ Theory များဖြေဆိုရာမှာလည်း စာသားအပြင် Mathematical Expression များမှန်ကန်စွာဖြေပေးပါ။ ပုစ္ဆာများ တွက်ပြီးတဲ့အခါတိုင်း အဖြေထိုးဖို့မမေ့ပါနဲ့။ နံပါတ်များကို မှန်ကန်တိကျစွာရေး၍ (ဥပမာ– 8.(a)(i) ) တစ်ပုဒ်ပြီးတိုင်း သေသပ်စွာမျဉ်းတားပါ။ Logarithm ဇယားများကို အကြမ်းမတွက်ဘဲ အဖြေလွှာပေါ်မှာ တိတိကျကျတွက်ပေးပါ။

ဓာတုဗေဒဘာသာရပ်ဖြေဆိုရာမှာ ဖြေဆိုချိန် ၃ နာရီဟာ လုံလောက်ပါတယ်။ ဒါ့ကြောင့်အေးဆေးတည်ငြိမ်စွာပဲ တစ်ပုဒ်ပြီးတစ်ပုဒ် အသေအချာစဉ်းစားပြီးဖြေပါ။ အားလုံး ဖြေဆိုတဲ့အခါ သတ်မှတ်ထားတဲ့ အပုဒ်ရေပြည့် မပြည့်၊ မှန်မမှန် သေချာစွာ စစ်ဆေးပါ။ ဓာတုဗေဒဘာသာရပ်ကိုအသေအချာကျက်မှတ်ပြင်ဆင် ထားတဲ့သူအတွက် မတ်လ ၁၃ ရက် စာမေးပွဲခန်းထဲမှာ တည်ငြိမ်တိကျစွာ ဖြေဆိုနိုင်မှသာ ဓာတုဗေဒဂုဏ်ထူးကို ရာပြည့်ရမှာဖြစ်ပါတယ်။

**ဓာတုရာပြည့်ဂုဏ်ထူးပန်းပန်ဆင်နိုင်ကြပါစေ။**

**ဒေါက်တာခင်ယုနွယ် (ယု–ဓာတု)**



" Chapter 1 to 7 ကို ပိုင်ပိုင်နိုင်နိုင်ကြည့်ထားရင် (၂၀၀၉ Chemistry Question Format အရ) ရမှတ် ၆၅ မှတ်တိတိရမှာပါ။ ဒါဆိုရင် ဓာတုဗေဒဘာသာရပ်ကို လွယ်ကူစွာဖြေဆိုအောင်မြင်နိုင်ပါပြီ။ အရေးကြီးတာက ကြိုက်နှစ်သက်ရာပုစ္ဆာကို ရွေးမကြည့်ဘဲ အခန်း ၇ ခန်းလုံးကို တိကျပိုင်နိုင်စွာ ကြည့်ထားဖို့ပါ။ "

www.foreverspace.com.mm





# Physics ဘာသာအတွက် အောင်မှတ်နဲ့ ဂုဏ်ထူးမှတ် ဘယ်လိုယူမလဲ

ဦးညီထက်

**ရန်ကုန်မှာရှိတဲ့ အထက်တန်းကျောင်းတစ်ကျောင်းမှာ တက္ကသိုလ်ဝင်တန်းဖြေဆိုမယ့် ကျောင်းသားကျောင်းသူတွေကို စုစည်း Assembly လုပ်တဲ့အချိန်မှာ ကျောင်းအုပ်ဆရာကြီးက ဘယ်ဘာသာရပ်ကို အကြောက်ဆုံးလဲလို့မေးတော့ တပည့်ဖြစ်တဲ့ကျောင်းသားကျောင်းသူတွေအားလုံးက တိုင်ပင်မထားဘဲ Physics လို့ သံပြိုင်အော်လိုက်ကြတယ်။**

အဲဒီကျောင်းသားတွေတင်မက မြန်မာတစ်နိုင်ငံလုံးက ကျောင်းသား ကျောင်းသူတွေလည်း Physics ဘာသာရပ်ကိုကြောက်ကြပါတယ်။ ရူပဗေဒဘာသာရပ်ကို သိပ္ပံတွဲယူတဲ့ကျောင်းသားကျောင်းသူတွေ ကြောက်ကြတဲ့အကြောင်း အရင်းက ပြဋ္ဌာန်းချက်ပါတဲ့သင်ခန်းစာတွေအားလုံးကြည့်နိုင်မှ ကောင်းစွာဖြေဆိုနိုင်မယ့် မေးခွန်းပုံစံကြောင့်ပါ။ အခြားသိပ္ပံဘာသာရပ်တွေဖြစ်တဲ့ သင်္ချာ၊ ဓာတု၊ ဇီဝဗေဒဘာသာရပ်တွေလို ဘယ်သင်ခန်းစာကိုအပိုင်ကြည့်ရင် ဘယ်နှမှတ်ဖိုးရမယ်လို့ အတိအကျ Solid တွက်လို့ရပါတယ်။

Physics က သိပ္ပံဘာသာရပ်တွေထဲမှာ အခြေခံအလွန်ကျတဲ့ ဘာသာရပ်ဖြစ်တာကြောင့် တက္ကသိုလ်စတက်တဲ့အခါ သိပ္ပံနဲ့ နည်းပညာကိုလေ့လာရတဲ့ ဘာသာရပ်တွေမှာ ရူပဗေဒဟာ မပါမပြီး ဘာသာရပ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ပြဋ္ဌာန်းချက်သင်ရိုးရဲ့ ဘယ်အပိုင်းကိုမှ ချန်လုပ်မကြည့်သင့်ဘူးလို့ ပညာရေး ပေါ်လစီရေးဆွဲသူတွေက ယူဆပြီး မေးခွန်းကို ပုံသေကားကျမထားဘူးလို့ပဲ ယူဆရပါတယ်။ စင်ကာပူက ပေါ်လီကျောင်းဝင်ခွင့်စာမေးပွဲရဲ့ အမှတ် ၅၀ ဖိုးဖြေရတဲ့ သိပ္ပံဘာသာရပ်မှာ ရူပဗေဒဘာသာရပ်က ၄၃ မှတ်ဖိုးနဲ့ ဓာတုဗေဒက ၇ မှတ်ဖိုးပါတယ် ဆိုတာကြည့်ရင် ရူပဗေဒရဲ့အခြေခံကျမှုကိုတွေ့ရမှာဖြစ်ပါတယ်။

## တက္ကသိုလ်ဝင်တန်းရူပဗေဒမေးခွန်းပုံစံ

ရူပဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံမှာ အပိုင်းနှစ်ပိုင်းပါဝင်ပါတယ်။ SECTION(A) မှာ ၄ မှတ်တန် မေးခွန်း ၉ ပုဒ်ပါဝင်ပါတယ်။ ကိုးပုဒ်လုံးဖြေရမှာ ဖြစ်ပါတယ်။ (၃၆) မှတ်ဖိုးဖြစ်ပါတယ်။ SECTION(B) မှာ (၁၆) မှတ်တန် ခြောက်ပုဒ်ပေးထားပြီး ကြိုက်ရာလေးပုဒ်ရွေးဖြေရမှာ ဖြစ်ပါတယ်။ (၆၄) မှတ်ဖိုးပါ။ SECTION (B) ရဲ့မေးခွန်းတစ်ခုစီမှာ (A) (B) ဆိုပြီး ထပ်ခွဲထားပါတယ်။ (A) က ရှစ်မှတ်၊ (B) က ရှစ်မှတ်ဖြစ်ပါတယ်။ ဒီ (A) (B) မေးခွန်းတွေမှာ ကြိုက်ရာအခန်းက ကြိုက်သလို တွဲမေးတာကြောင့် ပြဋ္ဌာန်းသင်ခန်းစာအခန်း ၁၄ ခုရှိတဲ့အနက် ရှေ့ကအခန်း ခုနစ်ခန်းအပိုင်ကြည့်၊ နောက်က အခန်းခုနစ်ခန်းအပိုင်ကြည့်မယ်ဆိုတဲ့ ပုံစံမျိုးလုပ်လို့မရပါဘူး။ အားလုံးကို ခြုံကြည့်နိုင်ဖို့ လိုလာပါတယ်။ စာများများ မကြည့်နိုင်တဲ့ ကျောင်းသားအများစုအတွက်တော့ ရူပဗေဒမေးခွန်းက ကြောက်စရာကောင်းပါတယ်။

(A) (B) မေးခွန်းတွေမှာ ကြိုက်ရာအခန်းက ကြိုက်သလို တွဲမေးတာကြောင့် ပြဋ္ဌာန်း သင်ခန်းစာအခန်း ၁၄ ခုရှိတဲ့အနက် ရှေ့ကအခန်း ခုနစ်ခန်းအပိုင်ကြည့်၊ နောက်က အခန်းခုနစ်ခန်း အပိုင်ကြည့်မယ်ဆိုတဲ့ ပုံစံမျိုး လုပ်လို့မရပါဘူး။ အားလုံးကို ခြုံကြည့်နိုင်ဖို့ လိုလာပါတယ်။ စာများများ မကြည့်နိုင်တဲ့ ကျောင်းသားအများစုအတွက်တော့ ရူပဗေဒမေးခွန်းက ကြောက်စရာကောင်းပါတယ်။

ကျောင်းသားတွေ Physics ကို ကြောက်ရတဲ့ နောက်ထပ်အကြောင်းအရင်း တစ်ခုရှိပါသေးတယ်။ ဒါကတော့ ခေတ်နဲ့အညီ ကျယ်ပြန့်လာတဲ့ သင်ရိုးပမာဏပါ။ အတိအကျပြောရရင် ပမာဏတွင်မကပါဘူး။ ရူပဗေဒသင်ရိုးကို ၁၉၈၇ ခုနစ်မှာ အင်္ဂလိပ်လိုစရေးခဲ့တဲ့ ဥရောပနဲ့ အမေရိကမှာပညာဆည်းပူးခဲ့တဲ့ ရူပဗေဒပညာရှင်တွေက ပုစ္ဆာ (Problems)

www.foreverspace.com.mm

ဆွေ့ကိုဖြေရှင်းတဲ့နေရာမှာ ပုံသေနည်းတစ်ကြောင်းကို Concept မိနေအောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ တွေးအားကောင်းလာအောင် ရှုထောင့်စုံကနေ ပုစ္ဆာမျိုးစုံတည်ဆောက်ပြခဲ့ပါတယ်။ ဆိုလိုတာက ပုံသေနည်းတစ်ခုကိုသုံးပြီး ပုစ္ဆာလေးငါးပုဒ်လောက်တွက်ရပါတယ်။ တစ်ပုဒ်နဲ့တစ်ပုဒ်ဟာလည်း မတူပါဘူး။ စာသင်တဲ့ဆရာတွေဟာ တပည့်တွေကို ရူပဗေဒဆိုင်ရာဖြစ်ရပ်တစ်ခုကို (ဥပမာ–ဝတ္ထုတစ်ခုဟာ ဘာကြောင့် ရေမှာပေါ်နိုင်တာလဲ) Concept မိအောင် မသင်နိုင်ဘူးဆိုရင် ကျောင်းသားတွေအနေနဲ့ တစ်ပုဒ်လာတစ်ခါ မှတ်ချည်းမှတ်နေရတဲ့အတွက် ပုစ္ဆာတွက်ရတာဟာ ပျော်စရာဖြစ်မလာဘဲ ခေါင်းရှုပ်စရာ ဖြစ်လာပါတော့တယ်။ အဲဒီကျောင်းသားအတွက် ရူပဗေဒပုစ္ဆာတွေကို တစ္ဆေသူရဲတွေအလား ကြောက်လန့်လာပါတယ်။

တက္ကသိုလ်ဝင်တန်းကျောင်းသားတွေအတွက် ရူပဗေဒဘာသာရပ်မှာ ဂုဏ်ထူးရရေးနဲ့အောင်မှတ်ရရေး နည်းလမ်းတွေအကြံပြုတဲ့နေရာမှာ ရူပဗေဒဘာသာရပ်ကို ကျောင်းသားတွေ ကြောက်စိတ်ဖြစ်ရခြင်းအကြောင်းအရင်းကို ထောက်ပြတာဖြစ်ပါတယ်။

"အနာသိ ဆေးရှိ" ဆိုတဲ့အတိုင်း ရူပဗေဒကြောက်စိတ်ဝင်နေတဲ့အကြောင်းအရင်းကိုသိမှ ကြောက်စိတ်ကိုပျောက်စေပြီး ယုံကြည်စိတ်ဝင်လာစေမယ့် လမ်းစကို တွေ့မှာ ဖြစ်ပါတယ်။

စာသင်တဲ့ဆရာတွေဟာ တပည့်တွေကို ရူပဗေဒဆိုင်ရာ ဖြစ်ရပ်တစ်ခုကို (ဥပမာ-ဝတ္ထုတစ်ခုဟာ ဘာကြောင့် ရေမှာပေါ်နိုင်တာလဲ) Concept မိအောင် မသင်နိုင်ဘူးဆိုရင် ကျောင်းသားတွေအနေနဲ့ တစ်ပုဒ်လာ တစ်ခါမှတ်ချည်း မှတ်နေရတဲ့အတွက် ပုစ္ဆာတွက်ရတာဟာ ပျော်စရာဖြစ်မလာဘဲ ခေါင်းရှုပ်စရာ ဖြစ်လာပါတော့တယ်။ အဲဒီကျောင်းသားအတွက် ရူပဗေဒပုစ္ဆာတွေကို တစ္ဆေသူရဲတွေအလား ကြောက်လန့်လာပါတယ်။

## ဂုဏ်ထူးမှတ်ဘယ်လိုယူမလဲ

ရူပဗေဒဘာသာရပ်ဂုဏ်ထူးထွက်ဖို့ကတော့ ပြဋ္ဌာန်းသင်ရိုးကုန် ကျေကျေညက်ညက်လေ့လာထားရပါမယ်။ Definitions တွေ၊ ပုံသေနည်းတွေကို ကျက်မှတ်ရုံတင်မက၊ ပုံတွေ၊ သက်သေပြချက်တွေနဲ့ ပုစ္ဆာတွက်တွေကို လေ့ကျင့် ထားရပါမယ်။ စာရွက်ပေါ်မှာ ရေးချပြီးလေ့ကျင့်ရပါမယ်။ တချို့ကျောင်းသားတွေက ရေးကျက်ရင် အချိန်ကုန်တယ်လို့ထင်တတ်ကြပါတယ်။ ဒါပေမဲ့ ချတွက်၊ ချရေးလိုက်ရင် တော်တော်နဲ့ ပြန်မမေ့တော့ပါဘူး။ အဲဒါအားသာချက်ပါ။ စာရရုံနဲ့ မပြီးသေးပါဘူး။ မေးခွန်းပုံစံနဲ့ပါ အံဝင်အောင် မေးခွန်းဟောင်းတွေကို လေ့ကျင့်ရပါမယ်။ မြန်မာနိုင်ငံ စာစစ်ဌာနကထုတ်တဲ့ မေးခွန်းဟောင်းတွေနဲ့ အဖြေများစာအုပ်တွေက ကျောင်းသားတွေလက်ကိုင်ပြုသင့်တဲ့ စာအုပ်တွေဖြစ်ပါတယ်။ ရည်မှန်းချက်သိပ်ကြီးတဲ့သူတွေအနေနဲ့ ဂုဏ်ထူးထွက်ရုံတင်မက အမှတ် ၉၀ ကျော်မှ၊ ၉၅ မှတ်ကျော်မှ၊ အမှတ်ပြည့်ရမှဆိုရင်တော့ မေးခွန်းတိုတွေ (Questions) (ဥပမာ–Chapter(2) ထဲက နံပါတ် ၁၄ မှာ Explain why the thickness of the dam increased downwards) နဲ့ မှတ်စုတွေပါ ကျေညက်အောင် ဖတ်ထားရပါမယ်။ စာလုံးပေါင်းတွေမှန်ဖို့၊ ယူနစ်တွေမကျန်ဖို့၊ ပုံတွေမှာ Label တွေမှန်ဖို့၊ အလင်းတန်းပုံတွေမှာ မြှားတွေမကျန်ခဲ့ဖို့လိုပါတယ်။ သိပ္ပံရဲ့ သဘောမှာ တိကျမှုလိုအပ်ပါတယ်။ တိကျမှုကောင်းလာရင်လျော့မယ့်အမှတ်တွေသိပ်နည်းလာပြီး အမှတ်ပြည့်ရလာမှာဖြစ်ပါတယ်။ အမှတ် ၈၀ ကျော်၊ မကျော်ဘူးဆိုတာ အများအားဖြင့် မေးခွန်းနားမလည်လို့၊ မတွက်တတ်လို့ ဆိုတာထက် ရတဲ့ဟာကိုတိကျမှန်ကန်အောင် မရေးနိုင်၊ မတွက်နိုင်လို့ဆိုတာကို နားလည်ထားရပါမယ်။



## အောင်မှတ်ရဖို့ဘယ်လိုလုပ်မလဲ

ရူပဗေဒအောင်မှတ်ရဖို့ကြိုးစားနေတဲ့ ကျောင်းသားကျောင်းသူများကို အခြေခံယေဘုယျအကြံပေးချင်တာက သင်ခန်းစာတွေကို ရနိုင်သလောက် လေ့လာကျက်မှတ်ဖို့ပါပဲ။ ရှေ့သင်ခန်းစာ ခုနစ်ခန်း၊ ဒါမှမဟုတ် နောက်သင်ခန်းစာ ခုနစ်ခန်းပဲကျက်မယ်ဆိုတဲ့သူတွေလည်းရှိတယ်ဆိုတာ ရံဖန်ရံခါ ကြားရတတ်ပါတယ်။ အဲဒီလိုကျောင်းသားတွေရှိရင် အဲဒီလမ်းကိုမလိုက်ဖို့ အလေးအနက်တိုက်တွန်းလိုပါတယ်။ အောင်မှတ်ရဖို့ မလွယ်လို့ပြောရတာပါ။ အရင်နှစ်တွေက အဲဒီလိုလုပ်ခဲ့လို့ တက္ကသိုလ်တက်ခွင့်မရခဲ့ဘဲ နောင်တရနေတဲ့ကျောင်းသားတွေကို တွေ့ခဲ့ဖူးပါတယ်။ ရှေ့သင်ခန်းစာ ခုနစ်ခုပဲ မင်းတို့သင်ရင်

www.foreverspace.com.mm





ရပြီဆိုပြီး Chapter 1 to 7 ကိုပဲ ကျော့ကျော့လေးသင်နေတဲ့ ဆရာများရှိရင်လည်း နောက်ပိုင်း သင်ခန်းစာတွေထဲက တတ်နိုင်သလောက်ဖြည့်စွက်သင်ဖို့ လေးစားစွာအကြံပြုလိုပါတယ်။ ကိုယ့်ကြောင့် ကိုယ့်တပည့်တွေနစ်နာသွားတာမျိုး ဘယ်ဆရာမှ မဖြစ်စေချင်ပေမယ့်လို့ Chapter 1 to 7 သင်တဲ့ဓာတ်ကို ဆက်ကနေရင် တစ်ချိန်မှာ အဲဒီကိန်းဆိုက်ဖို့သေချာပါတယ်။

## အောင်မှတ်အတွက် နောက်ဆုံးလက်နက်

ဘဝရဲ့အထွေထွေအခက်အခဲတွေကြောင့် အလုပ်တစ်ဖက်နဲ့ ရတဲ့အချိန်လေး ကျုံ့ရှင်ပြေးတက်ပြီး စာမေးပွဲဖြေဖို့ပြင်ဆင်နေရတဲ့ ကျောင်းသားတွေ၊ အထူးထုတ်စာအုပ်တွေနဲ့ ကျက်မှတ်လေ့ကျင့်နေရရှာတဲ့ ကျောင်းသားတွေလည်းရှိပါတယ်။ အချိန်လည်း သိပ်မပေးနိုင်ဘူးဆိုရင် ဒုတိယအဆင့် တစ်ပွဲတိုးဆန်ဆန် ရွေးကျက်ရပါတော့မယ်။ မလုပ်သင့်ပေမယ့် မလုပ်လို့လည်း မရလောက်အောင် စာမေးပွဲဖြေဖို့ အချိန်က နီးကပ်နေပြီဖြစ်လေတော့ နောက်ဆုံးအရဲစွန့်မှုလုပ်ရပါမယ်။ Chapter 1,3,5,6,8,9,10,11 နဲ့ 14 တွေကို ကြည့်ရပါမယ်။ အဓိပ္ပာယ်သတ်မှတ်ချက်၊ ပုံသေနည်း၊ ယူနစ်၊ ပုစ္ဆာတွက်နဲ့ ပုံတွေကို အဓိကကြည့်ရပါမယ်။ သက်သေပြ ချက်တွေနဲ့ မေးခွန်းတိုတွေကိုတော့ လွှတ်ရပါလိမ့်မယ်။

ကျောင်းသားကျောင်းသူတွေ ရူပဗေဒဘာသာရပ်ကိုကြောက်သလို စာမေးပွဲမှာလည်း ထိခိုက်မှုမြင့်မားတဲ့ဘာသာရပ်ပါပဲ။ အရင်တုန်းက စာမေးပွဲ အချိန်ဇယားရေးဆွဲတဲ့အခါ သိပ္ပံဘာသာရပ်တစ်ခုခုရှေ့မှာ သူ့နှစ်နဲ့သူတစ်လှည့်စီ Rotate ပိတ်လေ့ရှိပါတယ်။ တစ်နှစ်မှာ ဓာတုဗေဒဘာသာရပ် ဖြေမယ့်ရက်ရဲ့ရှေ့မှာ ပိတ်ရက်ထားဆိုရင်၊ နောက်နှစ် ရူပဗေဒ ဖြေဆိုမယ့်ရက်ရှေ့မှာ ပိတ်ရက်ထားပါတယ်။ နောက်တစ်နှစ်မှာတော့ ဇီဝဗေဒဘာသာရပ် ဖြေဆိုမယ့်ရက်ရှေ့ မှာ ပိတ်လေ့ရှိပါတယ်။ ဒါပေမဲ့ အခု ရူပဗေဒဘာသာရပ်ဖြေဆိုရမယ့် ရက်ရှေ့မှာချည်းပဲ တစ်ရက်ပိတ်ပေးတာ လေးနှစ်၊ ငါးနှစ်လောက်ရှိပါပြီ။ စာကြည့်ချိန်၊ ပြင်ဆင်ချိန် တစ်ရက်ပိုရတော့ကောင်းပါတယ်။

ရူပဗေဒမဖြေခင် ပိတ်ပေးတဲ့ရက်မှာ ဘယ်လိုအကျိုးရှိရှိ အသုံးချသင့်သလဲ။ မတ်လ ၁၃ ရက် စနေနေ့ ဓာတုဗေဒဘာသာရပ်ဖြေဆိုပြီးတာနဲ့ အိမ်ပြန်ရောက်လာလို့ စားသောက်ပြီး တစ်ရက်ကြီးတောင်ပိတ်ထားတာ၊ အပြတ်အိပ်ပစ်လိုက်မယ်လို့တော့ မလုပ်လိုက်ပါနဲ့။ အချိန်ရှိခိုက်လုံ့လစိုက်လို့ ဆိုထားတာမဟုတ်လား။ ခဏနားပြီးရင် စာစလုပ်ဖို့ကောင်းပါပြီ။ စနေနေ့ မွန်းလွဲပိုင်းကနေ တနင်္ဂနွေတစ်နေကုန်၊ ညအထိ ကျက်မှတ်သင့်တဲ့ အစီအစဉ် တစ်ခုကို အကြံပြုလိုက်ပါတယ်။

“
ရူပဗေဒမဖြေခင်
ပိတ်ပေးတဲ့ရက်မှာ
ဘယ်လိုအကျိုးရှိရှိ
အသုံးချသင့်သလဲ။
မတ်လ ၁၃ ရက် စနေနေ့
ဓာတုဗေဒဘာသာရပ် ဖြေဆိုပြီးတာနဲ့
အိမ်ပြန်ရောက်လာလို့ စားသောက်ပြီး
တစ်ရက်ကြီးတောင် ပိတ်ထားတာ၊
အပြတ်အိပ်ပစ်လိုက်မယ်လို့တော့
မလုပ်လိုက်ပါနဲ့။
အချိန်ရှိခိုက် လုံ့လစိုက်လို့
ဆိုထားတာမဟုတ်လား။
ခဏနားပြီးရင်
စာစလုပ်ဖို့ကောင်းပါပြီ။
”

Definitions တွေကို တစ်ခန်းပြီး၊ တစ်ခန်းအရင်ဆုံးပြန်ကျက်ပါ။ ပြီးရင် ပုံသေနည်းတွေနဲ့ ပုံသေနည်းပါသင်္ကေတတွေ (Symbols) ရဲ့ ရှင်းလင်းချက်တွေ ပြန်ကျက်ပါ။ ပြီးရင် ယူနစ်တွေကို စာလုံးပေါင်းရအောင်ကျက်ပါ။ အဲဒါတွေပြီးရင် ပုံတွေပြန်ကြည့်ပြီး ခက်တဲ့ပုံ၊ မေ့လွယ်တဲ့ပုံတွေကို လက်နဲ့အကြမ်းချဆွဲပြီး Label တွေကို ကျက်ပါ။ နောက်ဆုံးအနေနဲ့ကတော့ မေးခွန်းဟောင်းတွေထဲမှာ အမေးများတဲ့ ပုစ္ဆာတွက်တချို့ကို အခန်းအလိုက် လေးငါးပုဒ်လောက် (ကိုယ်ရတဲ့အချိန်ကို ကြည့်ပြီး) ပြန်တွက်ပါ။ Chapter 8 ကနေ စတွက်ပါ။ နောက်ပိုင်း Chapter တွေပြီးမှ Chapter 1 ကနေ ပြန်တွက်ပါ။ ပေးချက်ရေး၊ ပုံသေနည်းရေး၊ တန်ဖိုးတွေအစားသွင်း။ ဂဏန်းများတဲ့ Log ကြည့်ရတဲ့အပိုင်းမှာ Log မကြည့်နဲ့တော့။ အချိန်သိပ်မရတော့ဘူးမဟုတ်လား။ ပုစ္ဆာတွေရဲ့ Concept တွေပြန်မိရင် တော်ပြီ။ မတ်လ ၁၅ ရက် ရူပဗေဒဖြေရမယ့်နေ့ဟာ အားလုံးအတွက် မင်္ဂလာရှိတဲ့နေ့တစ်နေ့ ဖြစ်နေပါလိမ့်မယ်။ အားလုံးကျန်းမာ၍ ထူးချွန်စွာ အောင်မြင်နိုင်ပါစေ။

**ဦးညီထက်**

www.foreverspace.com.mm



# ဇီဝဗေဒ ဖြေဆိုနည်းလမ်းညွှန်

ဒေါက်တာဇီဝ(ဒေါက်တာညီညီနိုင်)

**ဇီဝဗေဒဘာသာရပ်နဲ့ပတ်သက်ပြီး ဘယ်လိုပြင်ဆင်သင့်သလဲဆိုတော့ အောင်လက်မှတ်ရဖို့နဲ့ ဂုဏ်ထူးရဖို့ဆိုပြီး နှစ်ချက်ရှိတယ်။ တကယ်ကြိုးစားတဲ့ ကျောင်းသူ၊ ကျောင်းသားတစ်ယောက်အတွက် ဂုဏ်ထူးထွက်ဖို့က လွယ်ကူပါတယ်။ ပိုပြီးအားစိုက်မယ်၊ တကယ်ကြိုးစားမယ်ဆိုရင် အမှတ် ၉၀ ကျော်ရဖို့က လွယ်ကူပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုရင် သူ့ရဲ့ Question Format ပေါ်မူတည်နေတာပေါ့။ အခုချိန်မှာ စာမေးပွဲဖြေခါနီးဖြစ်တဲ့အတွက် ဇီဝဗေဒဘာသာရပ်မှာ ၁၂ ခန်းရှိတယ်။ ၁၂ခန်းလုံးကို ခုချိန်မှာ အကုန်ပြီးထားရင် ကောင်းတယ်။ မေးခွန်းဟောင်းနဲ့ ဖြေဆိုပုံတွေကို သက်ဆိုင်ရာစာစစ်ရုံးကနေပြီး ထွက်တဲ့စာအုပ်တွေရှိတယ်။ ပုဂ္ဂလိကစာအုပ်တွေ၊ ပါမောက္ခဟောင်းကြီးတွေရဲ့ ဖြေဆိုချက်စာအုပ်တွေရှိတယ်။ အဲဒါတွေ ပြန်ကျက်ထားမယ်ဆိုရင် မေးခွန်းလှည့်တဲ့ ဒဏ်တွေခံနိုင်မှာပေါ့။ နောက်တစ်ချက်က မေးခွန်းပုံစံကလည်း ဒီနှစ်မှာမပြောင်းဘူးလို့ သိရပါတယ်။ အဲဒီအတွက် မေးခွန်းဟောင်းတွေ အခေါက်ခေါက်အခါခါ လေ့လာကျက်မှတ်ထားပါ။ လေ့လာပြီး ကိုယ်ကဘယ်အပိုင်းဖြေမယ်။ ဘယ်ဟာလာရင် ဘာဖြေမယ်ဆိုတာ ကိုယ်က Format သိဖို့လိုတယ်။**

ဥပမာ – ကျောင်းသူ၊ ကျောင်းသားတွေအတွက် အကောင်းဆုံး Choice က အခန်း ၅၊ ၇၊ ၉၊ ၁၂ တွေကျင့်မယ်၊ ကျက်မယ်၊ တတ်လည်းတတ်မယ်၊ အမှားအယွင်းကင်းမယ်ဆိုရင် အမှတ် ၆၈ မှတ် ဖိုးရနိုင်ပါတယ်။ ပြီးရင်ကျန်တဲ့ အခန်း ၁၊ ၂၊ ၃၊ ၄၊ ၆၊ ၈၊ ၁၀၊ ၁၁ က ကျက်စရာမလိုတော့ဘူး။ ပုံတွေကျင့်စရာ မလိုဘူး။ အဲအခန်းတွေပဲ နာနာဖတ်၊ အထပ်ထပ်ဖတ်မယ်ဆိုရင် ကွက်လပ်ဖြည့် စာကြောင်းလေးတွေ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်လေးတွေ လိုင်းတားပြီးကြည့်လိုက်ရင် ကွက်လပ်ဖြည့်လေးတွေ ရသွားတာပဲ။ အဲဒီမှာတင် ၂၈မှတ် ထပ်ရမယ်။ စု စုပေါင်း ၉၆ မှတ်ပေါ့။ ကျန်တဲ့ ၄ မှတ် ဘယ်လိုဖြည့်မလဲဆိုတော့ အခန်း ၁၊ ၂၊ ၃၊ ၄ ထဲက နှစ်မှတ်တန်ကို ကျက်စရာ မလိုဘူး။ ဖတ်ထားပြီးတော့ ကိုယ်ပိုင်ဉာဏ်လေးနဲ့ ဖြေမယ်ဆိုရင်ရပါတယ်။ အခန်း ၆ထဲက နှစ်မှတ်တန်တစ်ပုဒ်ကို ဖတ်ထားပြီး ဘယ်လိုလာလာဖြေမယ်ဆိုရင် လေးမှတ်ရနိုင်မယ်။

အခုချိန်မှာတော့ ကျောင်းသူ၊ ကျောင်းသားတွေအနေနဲ့ မေးခွန်းပုံစံကို ပိုင်းပိုင်းဖြတ်ဖြတ် စဉ်းစားပါ။ ဟိုအခန်းကျက်မလိုလို၊ ဒီအခန်းကျက်မလိုလို၊ ၁၂ ခန်းလုံးပဲလုပ်မလိုလိုမလုပ်ဘဲ ကိုယ်ဘယ်အခန်းကို အပိုင်ကျက်မယ်။ ဘယ်အခန်းတွေ ဖတ်မယ်ဆိုတာ ရယ် ဆုံးဖြတ်ပါ။ ပြတ်သားပါ။ အကုန်လုံး လျှောက်ကျက်တဲ့သူတွေဆို ရှေ့က ကျက်နောက်ကမေ့ ဖြစ်တတ်ပါတယ်။ ဇီဝဗေဒဘာသာရပ်မှာ ရေးကျင့်တဲ့ စနစ်နဲ့ ကျက်မှတ်ပါ။ ကျောင်းသူ၊ ကျောင်းသားတွေ ရေးကျက်တာ အားနည်းတာတွေ့ရပါတယ်။

မေးခွန်းဟောင်းတွေ လေ့လာပြီး ကိုယ်တိုင် စာရ၊ မရ ပြန်စစ်ဆေးပါ။ မေးခွန်းပုံစံမပြောင်းပါဘူးလို့ သိရပါတယ်။ မေးခွန်းဟောင်းကြည့်လိုက်တဲ့အခါ မေးခွန်းဘယ်လိုလှည့်တတ်တယ်ဆိုတာ သိမယ်။ တစ်လုံးမကျန် အော်ကျက်ဖို့ မလိုဘူးဆိုတာ သိပါမယ်။ နောက်တစ်ခုက ဘယ်လိုမှ တစ်လုံးမကျန် ကျက်လို့ ပြန်မေ့မယ်ဆိုရင် ခုအချိန်မှာ လုပ်ရင်မီပါတယ်။ မမေ့အောင် ပြန်ပြန်တွေး၊ ပြန်ပြန်ရေးနိုင်ဖို့ အဓိကပါ။

**ဒေါက်တာဇီဝ(ဒေါက်တာညီညီနိုင်)**

> “ တကယ်ကြိုးစားတဲ့ ကျောင်းသူ၊ ကျောင်းသား တစ်ယောက်အတွက် ဂုဏ်ထူးထွက်ဖို့က လွယ်ကူပါတယ်။ ပိုပြီးအားစိုက်မယ်၊ တကယ်ကြိုးစားမယ်ဆိုရင် အမှတ် ၉၀ ကျော်ရဖို့က လွယ်ကူပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုရင် သူ့ရဲ့ Question Format ပေါ် မူတည်နေတာပေါ့။ ”



www.foreverspace.com.mm



# သမိုင်းဘာသာဖြေဆိုနည်းလမ်းညွှန်

## သမိုင်းတံခွန် ဦးထွန်းနွယ်



**သမိုင်းဘာသာရပ်နဲ့ပတ်သက်ပြီး မေးခွန်းပုံစံကိုအရင်ပြောပါမယ်။ မေးခွန်းပုံစံကတော့ အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) မှတ်စုတို၊ အပိုင်း(ဂ) မြန်မာ့သမိုင်းမေးခွန်းရှည်၊ အပိုင်း(ဃ) ကမ္ဘာ့သမိုင်းမေးခွန်းရှည်ဆိုပြီး အပိုင်းလေးပိုင်းရှိပါတယ်။**

အပိုင်း(က) ဓမ္မဓိဋ္ဌာန်အတွက် အမှတ် ၂၀ ပေးပြီး မြန်မာ ၁၀ ခု၊ ကမ္ဘာ ၁၀ခု ဖြေရမယ်။ တစ်ခုတစ်မှတ်နဲ့ အမှတ် ၂၀ ပေးပါတယ်။

အပိုင်း(ခ) မှတ်စုတိုလေးပုဒ်ဖြေရမယ်။ မေးခွန်းမှာ မြန်မာလေးပုဒ်၊ ကမ္ဘာလေးပုဒ် ပေးထားမှာဖြစ်ပြီး အဲဒီရှစ်ပုဒ်ထဲက ကြိုက်ရာ လေးပုဒ်ရွေးဖြေရမယ်။ တစ်ပုဒ် ၅ မှတ်ပေးပါတယ်။

အပိုင်း(ဂ) မြန်မာ့သမိုင်းမေးခွန်းရှည် ငါးပုဒ်ပေးထားတဲ့အထဲက နှစ်ပုဒ်ရွေးဖြေရမယ်။ တစ်ပုဒ် ၁၅ မှတ်ပေးပါတယ်။ မေးခွန်းရဲ့ဆိုလိုရင်းကို သေချာဖတ်ပြီးဖြေပါ။

အပိုင်း(ဃ) ကမ္ဘာ့သမိုင်းမေးခွန်းရှည်ကလည်း ငါးပုဒ်ပေးထားမယ်။ နှစ်ပုဒ်ရွေးဖြေရပါမယ်။ မေးခွန်းအဓိပ္ပာယ်ကို သေသေချာချာဖတ်ပြီး စဉ်းစားဖြေပါ။

စာမေးပွဲခန်းထဲစရောက်ပြီဆိုရင် ခုံနံပါတ်တပ်မယ်။ ဘောပင်မျဉ်းတွေ အဖြေလွှာတစ်အုပ်လုံးတားမယ်။ အပိုင်း(က) ဓမ္မဓိဋ္ဌာန်ဖြေဆိုတဲ့နေရာမှာ မေးခွန်းနံပါတ် (၁) ကို ဘောမျဉ်းအပြင်မှာရေးပါ။ ဘောမျဉ်းအတွင်းမှာ 'အပိုင်း(က)' လို့ခေါင်းစဉ်တပ်ပြီး အောက်ကနေလိုင်းတားပါ။ အဖြေကို ခေါင်းစဉ်တပ်ထားတဲ့အောက်မှာ အဖြေရေးဖို့နံပါတ်စဉ်တွေတပ်ပါ။ အဖြေတစ်ခုကို တစ်ကြောင်းနှုန်းနဲ့နံပါတ် (၁) ကနေ (၂၀) ထိဖြေပါ။ ဓမ္မဓိဋ္ဌာန်အဖြေတွေကိုပဲ တစ်ခုနဲ့တစ်ခုဆက်တိုက် မရေးမိဖို့လိုပါတယ်။

အပိုင်း(ခ)မှတ်စုတိုလေးပုဒ်ဖြေဖို့ပါ။ မှတ်စုတိုဟာ မဖြေတတ်ရင် အလွန်အန္တရာယ်ကြီးပါတယ်။ မှတ်စုတိုကို များများကျက်ထားပါ။ မှတ်စုတိုအဖြစ်ကျက်ထားတာကို စာမေးပွဲမှာ မေးခွန်းရှည်အဖြစ်မေးလာရင် ဖြေလို့ရပါတယ်။ ဒါပေမဲ့ မေးခွန်းရှည်ကျက်ထားတယ်၊ မှတ်စုတိုအဖြစ်မေးလာခဲ့ရင် အဖြေကို ချုံ့ရေးရတော့မယ်။ ချုံ့ရေးဖို့ဆိုတာ အင်မတန်ခက်တာပါ။ ချုံ့ရေးဖို့ကြိုးစားကြရင်း မေးခွန်းရှည်ကြီးတွေ ဖြေကြပါတယ်။ အချိန်တွေပိုကုန်သွားပြီး အပုဒ်စေ့အောင် မဖြေနိုင်တော့ပါဘူး။ ဒါ့ကြောင့် ကျက်ထားတဲ့မှတ်စုတိုမှသာ ချက်ချင်းဖြေပါ။ ချုံ့ရေးရမယ်၊ စဉ်းစားရမယ်ဆိုရင် ဖြေစရာတွေကုန်တော့မှ ပြန်ဖြေပါ။ ကမ္ဘာ့မှတ်စုတိုတွေကို များများကျက်ထားပါ။ ကမ္ဘာကမြန်မာထက်တိုတယ်၊ လွယ်တယ်။ အပိုင်း (ဂ) မြန်မာ့သမိုင်းမေးခွန်းရှည်နဲ့ အပိုင်း(ဃ) ကမ္ဘာ့သမိုင်းမေးခွန်းရှည်ကို ပေါင်းပြီး ပြောပါမယ်။ ကမ္ဘာကို အရင်ဖြေပါ။ မြန်မာမေးခွန်းရှည်က ရှည်ပါတယ်။ ကမ္ဘာက စာနည်းတယ်။ တိုတယ်၊ ကမ္ဘာ့သမိုင်းမေးခွန်းမှာတောင် နှစ်ပုဒ်ဖြေရမယ့် အထဲက အပိုင်ဆုံး အပုဒ်ကို အရင်ဖြေပါ။

ဓမ္မဓိဋ္ဌာန်ဖြေပြီးရင် ကမ္ဘာမေးခွန်းရှည်ဖြေ၊ ပြီးရင် ကမ္ဘာမေးခွန်းတိုဖြေပါ။ ဒါက ပိုကောင်းပါတယ်။ အဲဒါတွေပြီးမှ မြန်မာမေးခွန်းရှည်ဖြေပါ။ နောက်ဆုံးမှ မြန်မာမေးခွန်းတွေကို ဖြေသင့်ပါတယ်။ ခြွင်းချက်အနေနဲ့ မြန်မာမှတ်စုတိုက ကျက်လည်းကျက်ထားပြီး တိုလည်းတိုတဲ့ အပုဒ်ဆိုရင်တော့ မှတ်စုတိုအရင်ဖြေပါ။

မြန်မာ့သမိုင်းအတွက် ကိုလိုနီခေတ်ကို အထူးဦးစားပေးကြည့်ရမှာဖြစ်တယ်။ လွတ်လပ်ပြီးခေတ် (၁၉၄၈–၁၉၆၂) ထဲကအရေးကြီးတယ်။ ဓမ္မဓိဋ္ဌာန်ကတော့ ပြဋ္ဌာန်းချက်

❝
ဓမ္မဓိဋ္ဌာန်ဖြေပြီးရင်
ကမ္ဘာမေးခွန်းရှည်ဖြေ၊
ပြီးရင် ကမ္ဘာမေးခွန်းတိုဖြေပါ။
ဒါက ပိုကောင်းပါတယ်။
အဲဒါတွေပြီးမှ မြန်မာမေးခွန်းရှည်ဖြေပါ။
နောက်ဆုံးမှ မြန်မာမေးခွန်းတွေကို
ဖြေသင့်ပါတယ်။
ခြွင်းချက်အနေနဲ့ မြန်မာမှတ်စုတိုက
ကျက်လည်း ကျက်ထားပြီး
တိုလည်းတိုတဲ့
အပုဒ်ဆိုရင်တော့
မှတ်စုတိုအရင်ဖြေပါ။
❞

www.foreverspace.com.mm

အကုန်လုံးထဲက ဖြန့်မေးတာပါ။

ကမ္ဘာ့သမိုင်းအတွက် ပထမကမ္ဘာစစ်မတိုင်မီခေတ်ကနေ ဒုတိယကမ္ဘာစစ်အထိက အထူးဦးစားပေးကြည့်ပါ။ ဒုတိယကမ္ဘာစစ်ပြီးခေတ် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတွေလည်း အရေးကြီးပါတယ်။ ဂုဏ်ထူးထွက်ဖို့က ပြဋ္ဌာန်းချက်အားလုံးကျက်ရပါမယ်။

ပြဋ္ဌာန်းချက်စာအုပ်ထဲက သင်ခန်းစာတွေအတိုင်းဖြေရင် အချိန်မလောက်၊ အပုဒ်မစေ့ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အမှတ်ပေးစည်းမျဉ်းနဲ့အညီ စနစ်တကျရေးထားတဲ့ မှတ်စုစာအုပ်ကောင်းကောင်းရှာပြီး ကျက်မှတ်ပါ။

**သမိုင်းတံခွန် ဦးထွန်းနွယ်**



# ပထဝီဝင်ဘာသာ ဖြေဆိုနည်းလမ်းညွှန်

## မလိခဦးလှချစ်-ပထဝီဝင်
## (ပညာပါရမီအဆင့်မြင့်ဘော်ဒါ)

**ပထဝီဝင် ဘာသာရပ်မှာ မေးခွန်းပုံစံအရ အပိုင်း ခြောက်ပိုင်းရှိပါတယ်။ အပိုင်း (က) ဓမ္မဓိဋ္ဌာန်၊ (ခ) သဘာဝပထဝီဝင် (ဂ) စီးပွားရေးပထဝီဝင် (ဃ) မြန်မာနိုင်ငံပထဝီဝင် (င) ကမ္ဘာ့ ပထဝီဝင်နဲ့ (စ) လက်တွေ့ပထဝီဝင်ဆိုပြီး ခြောက်မျိုးရှိတယ်။**

### အပိုင်း(က) ဓမ္မဓိဋ္ဌာန်

ဓမ္မဓိဋ္ဌာန်မှာ အားလုံးဖြေဆိုရပါမယ်။ မေးခွန်းငါးခုအတွက် ၅မှတ်ပေးတယ်။ အလွန်လွယ်ကူတဲ့အတွက် မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့လိုပါတယ်။ ၁/ (ခ) ကွက်လပ်ပေးထားပြီး ဖြည့်စွက်ရမှာဖြစ်ပါတယ်။ မေးခွန်းငါးခုအတွက် ၅မှတ်ပေးပါတယ်။ နည်းနည်းခက်ခဲတဲ့အတွက် ရတဲ့ကွက်လပ်ကို အရင်ဖြေ၊ ကျန်တာ နောက်မှစဉ်းစားပြီးဖြေပါ။ ၁/(ဂ) အဖြေကို ပေးတဲ့အတွက် အဖြေမှန်ကို ဖြေဆိုရမယ်။ အမှားနှစ်ခုနဲ့ အမှန်တစ်ခုကို ရောထားပါတယ်။ မေးခွန်းငါးခုအတွက် ၅ မှတ်ပေးပါတယ်။ စာကြောင်းကို ဖတ်ပြီး အမှန်ကို ရွေးရတာဖြစ်တဲ့အတွက် လွယ်ကူပါတယ်။ အထူးသတိပြုရမှာပါ ဓမ္မဓိဋ္ဌာန်ဖြေဆိုနိုင်ဖို့အတွက် သီးသန့်အလွတ်ကျက်စရာမလိုပါဘူး။ ပြဋ္ဌာန်းစာအုပ်ထဲကသာ မေးတာဖြစ်တဲ့အတွက် အကြိမ်များများဖတ်ပါ။ မေးခွန်းဟောင်းတွေကို လေ့လာပါ။

> စာကြောင်းကို ဖတ်ပြီး အမှန်ကို ရွေးရတာဖြစ်တဲ့အတွက် လွယ်ကူပါတယ်။ အထူးသတိပြုရမှာပါ ဓမ္မဓိဋ္ဌာန်ဖြေဆိုနိုင်ဖို့ အတွက် သီးသန့်အလွတ်ကျက်စရာ မလိုပါဘူး။ ပြဋ္ဌာန်းစာအုပ်ထဲကသာ မေးတာဖြစ်တဲ့အတွက် အကြိမ်များများဖတ်ပါ။ မေးခွန်းဟောင်းတွေကို လေ့လာပါ။

### အပိုင်း(ခ) သဘာဝပထဝီဝင်

သဘာဝပထဝီဝင်မေးခွန်းမှာ မေးခွန်းရှည်သုံးပုဒ်မေးထားပြီး တစ်ပုဒ်သာ ဖြေဆိုရမှာပါ။ မေးခွန်းရှည်နှစ်ပုဒ်နဲ့ မှတ်စုတို တစ်ပုဒ်မေးပါတယ်။ ရွေးချယ်စရာရှိတဲ့အတွက် ကြိုက်တဲ့တစ်ပုဒ်သာ ဖြေဆိုရမှာပါ။ အရှည်ရရင် အရှည်၊ အတိုရရင် မှတ်စုတို အပုဒ်ငယ်သုံးပုဒ်မေးတဲ့အထဲက အပိုင်ဆုံးနှစ်ပုဒ်ကို ရွေးဖြေပါ။ မေးခွန်းတစ်ပုဒ်ကို ၁၅ မှတ်ပေးထားပါတယ်။ သရုပ်ပြပုံကို ပုံကြမ်းဆွဲပေးရပါမယ်။

### အပိုင်း (ဂ)၊ (ဃ)၊ (င)

အပိုင်း (ဂ) စီးပွားရေးပထဝီဝင်၊ (ဃ) မြန်မာနိုင်ငံပထဝီဝင်၊ (င) ကမ္ဘာ့ ပထဝီဝင်တွေ

www.foreverspace.com.mm



မှာလည်း မေးခွန်းပုံစံနဲ့ အမှတ်ပေးပုံစံက အပိုင်း (ခ)လိုပါပဲ။ တစ်ပိုင်း ၁၅ မှတ်စီနဲ့ မေးခွန်းလေးမျိုးအတွက် အမှတ် ၆၀ပေးပါမယ်။ ကမ္ဘာ့ ပထဝီဝင်က နိုင်ငံတွေမေးတဲ့အခါ တစ်နိုင်ငံလုံးကို မမေးဘဲ သဘာဝပထဝီဝင်၊ ရူပပထဝီဝင်၊ စီးပွားရေး၊ ပထဝီဝင်၊ လူမှုရေးပထဝီဝင်ဆိုပြီး မေးတတ်သလို ခေါင်းစဉ်ခွဲပြီးလည်း မေးတတ်ပါတယ်။ အရေးကြီးတာက မေးတာကိုသာဖြေပါ။

> ပထဝီဝင်ဘာသာရပ်မှာ လိုအပ်တဲ့နေရာမှာ မြေပုံကြမ်းနဲ့ သရုပ်ပြပုံများ ရေးဆွဲရပါမယ်။ သတိပြုရမှာက မြေပုံဆွဲတဲ့အခါမှာ လှပဖို့ မလိုပါဘူး။ အချိုးအစားကျတဲ့ ပုံကြမ်းကိုသာ ဆွဲဖို့လိုပါတယ်။

## အပိုင်း(ခ) လက်တွေ့ပထဝီဝင်

မေးခွန်းနှစ်ပုဒ်မေးပါတယ်။ (က) မေးခွန်းက စကေးစိတ်၊ စကေးကျဲနဲ့ ကောင်းကင်ဓာတ်ပုံမေးခွန်းထဲက တစ်မျိုးကို မေးပါတယ်။ တစ်ပုဒ်အတွက် ၁၀ မှတ်ပေးပါတယ်။ မေးချင်သလို မေးတာ ဖြစ်တဲ့အတွက် လက်တွေ့ကို အကုန် ကြည့်ရပါမယ်။

(ခ) မေးခွန်းက ကွန်တိုမြေပုံကို ပေးထားပြီး ဖြတ်ပိုင်းပုံ ဆွဲခိုင်းပါတယ်။ စာအပိုင်းမှာတော့ သဘာဝပထဝီဝင်၊ ရူပပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ လူမှုရေးပထဝီဝင်ထဲက မေးချင်တဲ့အပိုင်းကို ကွက်ပြီးမေးတာပါ။ ကွန်တိုမြေပုံကို ကြည့်ပြီး ခန့်မှန်းရတာဖြစ်လို့ အကုန် ကြည့်ထားပါ။ ဖြတ်ပိုင်းပုံနဲ့ စာကိုဖြေပါ။

သဘာဝပထဝီဝင်လို့မေးရင် မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ မြေဆီလွှာကိုဖြေပါ။ လူမှုရေးပထဝီဝင်လို့မေးရင် လူဦးရေနှင့် လူမျိုး၊ လူနေအစိတ်အကျဲ၊ ကိုးကွယ်သည့်ဘာသာ၊ မြို့ရွာများတည်ရှိပုံ၊ လမ်းပန်းဆက်သွယ်ရေး၊ ရွာ၏ပုံသဏ္ဍာန်တို့ ဖြေပါ။ စီးပွားရေးပထဝီဝင်မေးရင် စိုက်ပျိုးမွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးတို့ကိုဖြေပါ။

ဖြတ်ပိုင်းပုံဆွဲရင် သတိပြုရမှာက ဒေါင်လိုက်စကေးကို ရှာပေးရပါတယ်။ ဖြတ်ပိုင်းပုံရဲ့အပေါ်မှာ (–)မြို့နှင့် ပတ်ဝန်းကျင်ဒေသရဲ့ ဖြတ်ပိုင်းပုံကို ခေါင်းစဉ်တပ်ပေးရပါမယ်။ ပုံရဲ့အောက်မှာ အလျားလိုက်စကေးနဲ့ ဒေါင်လိုက်စကေးကို ရေးပေးပါ။ ပုံရဲ့ဘေးမှာ အမြင့်ပေကို သုညကစပြီး ရေးရပါမယ်။ ဖြတ်ပိုင်း ပုံရဲ့အတွင်းမှာ ကမှ ခ ဖြတ်သွားတဲ့ မျဉ်းတစ်လျှောက်မှာရှိတဲ့ တောင်၊ မြစ်၊ ချောင်း၊ ပင်လယ်၊ ရထားလမ်း၊ ကားလမ်း၊ အမြဲတမ်း လမ်းတွေထဲက ပုံထဲမှာပါတာကို ထည့်ပေးရပါမယ်။ စဆွဲတဲ့ တောင်ရဲ့အစမှာ 'က'၊ အဆုံးမှာ 'ခ' ကို ရေးပေးပါ။ မြစ်ဆိုရင် (U) ပုံသဏ္ဍာန်၊ ချောင်းဆိုရင် (V)ပုံသဏ္ဍာန် ချိုင့်ပေးပါ။ မြှားပြပြီး ပါဝင်တဲ့အချက်တွေကို စာရေးပေးပါ။ အရောင်ခြယ်ဖို့က ကုန်းမြေကို ခဲတံ(သို့မဟုတ်) အညိုရောင်ခြယ်ပေးပါ။




ကောင်းကင်ဓာတ်ပုံ၊ စကေးစိတ်၊ စကေးကျဲ အတွက်ကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ ပုံစံနဲ့ ပုံသေနည်းတွေကို သေသေချာချာ အထပ်ထပ်ကျွမ်းကျင်အောင်လုပ်ပါ။ ပြီးမှ လေ့ကျင့်ခန်းတွေကို ဖြေကြည့်ပါ။ ဒါဆိုရင်လက်တွေ့အတွက် လုံလောက်ပါပြီ။

ပထဝီဝင်ဘာသာရပ်မှာ လိုအပ် တဲ့နေရာမှာ မြေပုံကြမ်းနဲ့ သရုပ်ပြပုံများ ရေးဆွဲရပါမယ်။ သတိပြုရမှာက မြေပုံဆွဲတဲ့အခါမှာ လှပဖို့ မလိုပါဘူး။ အချိုးအစားကျတဲ့ ပုံကြမ်းကိုသာ ဆွဲဖို့လိုပါတယ်။

ခွင့်ပြုချိန်သုံးနာရီအတွင်းအပြီး ဖြေဆိုရမှာဖြစ်တဲ့အတွက် အပိုင်းဆုံး မေးခွန်းတွေကို အရင်ဖြေပါ။ ပုံဆွဲဖို့ လိုအပ်ပါက နေရာချန်ထားပါ။ ဓမ္မဓိဋ္ဌာန်၊ လက်တွေ့နဲ့ ကျန်တဲ့စာတွေ ဖြေပြီးမှ ပုံကိုပုံကြမ်းဆွဲပါ။ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ပထဝီဝင်တို့က တစ်ပုဒ်ဖြေရင် စာအတွက် ၁၂ မှတ်၊ ပုံက ၃ မှတ်စီဆိုတော့ စာတွေကို အချိန်မလောက်လို့ ကျန်မှာစိုးတဲ့အတွက် ပုံကိုနောက်မှဆွဲပါ။ မေးခွန်းကို သေသေချာချာဖတ်ပါ။ ကိုယ့်အတွက် ခက်သည်ဖြစ်စေ၊ လွယ်သည်ဖြစ်စေ အစွမ်းကုန် ကြိုးစားဖြေပါ။


**မလိခဦးလှချစ် (ပထဝီဝင်)**

www.foreverspace.com.mm



# ဘောဂဗေဒဘာသာရပ်ဖြေဆိုနည်းလမ်းညွှန်

ဦးစိုင်းထွန်းအောင်



၁။ ဘောဂဗေဒဘာသာရပ်မှာ အောင်မှတ်ရဖို့ လွယ်ပါတယ်။

– အခန်း (၁) မှ (၄) အထိ အဓိပ္ပာယ်သတ်မှတ်ချက်များနဲ့ အခန်း (၁)၊ (၃) နှင့် (၅)တို့မှ အကြောင်းအရာများကို ကျက်မှတ်ရုံနဲ့ အမှတ် ၆၀ ကျော်ရမှာ သေချာတယ်။

၂။ ဂုဏ်ထူးမှတ်ရချင်ရင်တော့

– အခန်း (၁)မှ (၄) အထိ အဓိပ္ပာယ် သတ်မှတ်ချက်များအပြင် အခန်း (၁)၊ (၃)၊ (၄) နဲ့ (၅) တို့မှ အကြောင်းအရာများကို ကျက်မှတ်ရမယ်။

–အတွက်ပုစ္ဆာများအတွက်ကတော့ အခန်း(၁) ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရေးဆွဲပြီး အခွင့်အလမ်းစရိတ်များတွက်ချက်ခြင်း၊

အခန်း(၂) ဝယ်လိုအားနဲ့ ရောင်းလိုအားမျဉ်းကွေးများကိုရေးဆွဲပြီး အားမျှခြေ အမှတ်၊ အားမျှဈေးနှုန်း၊ အားမျှခြေအရေအတွက် ဖော်ပြခြင်းအပြင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၊ ဝင်ငွေအလျော့အတင်း၊ အပြန်အလှန်အလျော့အတင်း တွက်ချက်ခြင်းကို လေ့ကျင့်ထားရမယ်။

အခန်း (၃) တိုင်းပြည်ဝင်ငွေ တွက်ချက်ခြင်းကို လေ့ကျင့်ပါ။ ဝင်ငွေနည်း၊ အသုံးစရိတ်နည်းနဲ့ ကုန်ထွက်နည်းသုံးမျိုးစလုံးပေါ့။ အထူးသဖြင့် ကုန်ထွက်နည်းမှာ အစအဆုံးမမေးဘဲ စုစုပေါင်းပြည်တွင်းထုတ်ကုန် (ထုတ်လုပ်သူများ၏ဈေးနှုန်း)က အစပြုတဲ့အပိုင်းကို မေးတတ်တယ်။ တိုင်းပြည်ဝင်ငွေတွက်တဲ့ ပုံစံကို လေ့ကျင့်ကျက်မှတ်ထားပါ။

အခန်း (၆) ကုန်ဖလှယ်မှုအချိုး တွက်ချက်ခြင်းကို လေ့ကျင့်ပါ။ အထူး သဖြင့် ၂၀၀၉ ခုနှစ်က မေးခွန်းဟောင်းကိုပေါ့။

အထူးပြုအကြံပေးချင်တာက (၁) မှား/မှန်အဖြေရေးတဲ့အခါ အားလုံးကို အမှား သို့မဟုတ် အားလုံးကို အမှန်ရေးလို့မရပါ။

(၂) ကွက်လပ်ဖြည့်မေးခွန်းကိုဖြေရင် ကွက်လပ်ဖြည့်ရမယ့် စကားစုကို အဖြေလွှာမှာ မရေးခင် မေးခွန်းထဲထည့်ဖတ်ကြည့်ပါ။ လုံးပိုလုံးထပ်ရှိခဲ့ရင် ဖယ်ပြီးမှ အဖြေလွှာမှာ ရေးချပါ။

(၃) ရွေးချယ်မှုမေးခွန်းဖြေတဲ့အခါ မေးခွန်းမှာပါတဲ့ (က)၊ (ခ)၊ (ဂ) ဆိုတဲ့ အက္ခရာအပြင် ရွေးချယ်လိုက်တဲ့ စကားစုကိုပါ ထည့်ဖြေရမယ်။

ဥပမာ–(က) လုပ်အားဈေးကွက်

(၄) ဝယ်လိုအားအလျော့အတင်းများကို တွက်တဲ့အခါ သင်္ကေတ ညီမျှခြင်းကို ထည့်မရေးတော့ဘဲ အကြောင်းအရာ ညီမျှခြင်းမှာပဲ ဂဏန်းထည့်တွက်ပါ။

(၅) စာမေးပွဲဖြေခါနီး တစ်လအလိုလောက်မှာ ဘာသာရပ်အသီးသီးက ပါမောက္ခ (ဌာနမှူး)များ၏ ပို့ချချက်များကို ရုပ်မြင်သံကြားကရော၊ သတင်းစာများကပါ ဟောပြောပို့ချလေ့ရှိတယ်။ အထူးဂရုပြုလိုက်နာဆောင်ရွက်ရင် ဂုဏ်ထူးမှတ်ကျော်လွန်ပြီး အမှတ်ပြည့်နီးပါး အမှတ်ကိုရမှာဖြစ်တယ်။

ထူးထူးချွန်ချွန် အောင်မြင်ကြပါစေ။ **ဦးစိုင်းထွန်းအောင်**

ဥပမာ–ဝယ်လိုအား၏ဝင်ငွေ အလျော့အတင်း = ဝယ်ယူမည့်အရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်း / ဝင်ငွေပြောင်းလဲမှုရာခိုင်နှုန်း

$$= \frac{\frac{၅၆-၄၈}{၄၈} \times ၁၀၀}{\frac{၂၄၀၀-၂၀၀၀}{၂၀၀၀} \times ၁၀၀}$$

> စာမေးပွဲဖြေခါနီး တစ်လအလိုလောက်မှာ ဘာသာရပ်အသီးသီးက ပါမောက္ခ(ဌာနမှူး)များ၏ ပို့ချချက်များကို ရုပ်မြင်သံကြားကရော၊ သတင်းစာများကပါ ဟောပြော ပို့ချလေ့ရှိတယ်။ အထူးဂရုပြုလိုက်နာ ဆောင်ရွက်ရင် ဂုဏ်ထူးမှတ်ကျော်လွန်ပြီး အမှတ်ပြည့်နီးပါး အမှတ်ကို ရမှာဖြစ်တယ်။

# တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်သူများအတွက် အကြံပြုချက်

## ဆရာဂျက်ဖရီတင်အုန်း (ရန်ကုန်စက်မှုတက္ကသိုလ်)

(၁) ခုံအမှတ်၊ စာစစ်ဌာနတို့ကိုအဖြေလွှာစာရွက်၏ထိပ်ဆုံးသတ်မှတ်ထားသောအကွက်၌သာ ရေးရမည်။ အခြားမည်သည့်နေရာတွင်မျှ မရေးရပါ။

(၂) ပထမဆုံးအကြိမ်ပေးသော အဖြေလွှာစာအုပ်ငယ် (Answer Booklet) ကုန်ပြီး ဒုတိယအကြိမ်အဖြေလွှာစာအုပ် (သို့မဟုတ်) စာရွက်တောင်းခံသောအခါ ထိုအဖြေလွှာစာရွက်ပေါ်၌ (၁) လက်ထောက်ကြီးကြပ်လက်မှတ်၊ (၂) ကြီးကြပ်လက်မှတ်ပါ၊ မပါသေချာစွာစစ်ဆေးပါ။ ခုံအမှတ်၊ စာစစ်ဌာနတို့ကို ဒုတိယ အကြိမ်ရေးသားပါ။ ပြီးမှ မေးခွန်းများကို ဆက်လက်ဖြေဆိုပါ။ (၃) ဖြေဆိုသူသည် အဖြေလွှာစာရွက်ပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ ဖြေဆိုသူမည်သူ၊ မည်ဝါဖြစ်ကြောင်း သိစေနိုင်သည့်အမှတ်အသား၊ သင်္ကေတ၊ ပုံများရေးသားခြင်း၊ ဖော်ပြခြင်းတို့ကို လုံးဝ (လုံးဝ)မပြုလုပ်ရပါ။ ပြုလုပ်လျှင် အဖြေလွှာပယ်ဖျက်ခံရမည်ဖြစ်သည်။ (၄) မှား၍ဖြေဆိုခဲ့သော စာလုံး၊ စာကြောင်းတို့ကို မင်ဖျက်ဆေး (Correction Pen)သုံး၍ဖျက်ခွင့်မပြုပါ။ မှားခဲ့သော အကြောင်းအရာ(စာကြောင်း၊ စာပိုဒ်၊ ပုံ) ပေါ်တွင် (/)မျဉ်းစောင်းတစ်ခုခုသုံးပြီး အဖြေလွှာပေါ်တွင်ရေးပါ။ ပြီးမှ အဖြေမှန်ကိုဆက်ဖြေပါ။ (၅) မိမိအပိုင်ဆုံးဖြေဆိုသည့် မေးခွန်းနံပါတ်ကို မှန်အောင်တပ်ပါ။ မေးခွန်းနံပါတ်စဉ်မှားတပ်မိလျှင်၊ မေးခွန်းနံပါတ် မတပ်လျှင် အမှတ်လုံးဝမရပါ။ (၆) မေးခွန်းနံပါတ်မှား၍ဖြေဆိုမိခြင်း၊ သတ်မှတ်ထားသောပုစ္ဆာအရေအတွက်ထက် ပို၍ဖြေဆိုမိခြင်းသည် ကြီးမားသောဆုံးရှုံးမှုဖြစ်၍ အထူးဂရုစိုက်ရန်လိုသည်။

## ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း

| ရက်စွဲ | အချိန် | ဘာသာရပ်များ |
|---|---|---|
| ၁၀-၃-၂၀၁၀ ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီအထိ | မြန်မာစာ |
| ၁၁-၃-၂၀၁၀ ကြာသပတေးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီအထိ | အင်္ဂလိပ်စာ |
| ၁၂-၃-၂၀၁၀ သောကြာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီအထိ | သင်္ချာ |
| ၁၃-၃-၂၀၁၀ စနေနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီအထိ | ဓာတုဗေဒ |
| ၁၅-၃-၂၀၁၀ တနင်္လာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီအထိ | ရူပဗေဒ |
| ၁၆-၃-၂၀၁၀ အင်္ဂါနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီအထိ | ဇီဝဗေဒ၊ သမိုင်း |
| ၁၇-၃-၂၀၁၀ ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီအထိ | ပထဝီဝင် |
| ၁၈-၃-၂၀၁၀ ကြာသပတေးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီအထိ | ဘောဂဗေဒ |
| ၁၉-၃-၂၀၁၀ သောကြာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီအထိ | စိတ်ကြိုက်မြန်မာစာ |

စာမေးပွဲနီးလေလေ စိုးရိမ်စိတ် လွန်ကဲလေလေဖြစ်ပြီး အအိပ်ပျက် အစားပျက်ဖြစ်တတ်လေရာ အိပ်ချိန်ကို အထူးဂရုစိုက်ပါ။ အိပ်ဆေးပျက်လုံးဝမခံပါနှင့်။ အာဟာရရှိသော အစားအစာကိုသာ စားသုံးပါ။ ကျောင်းသား၊ ကျောင်းသူတစ်ဦး နေ့စဉ်အသုံးပြုရသော စဉ်းစားဉာဏ်၊ မှတ်ဉာဏ်တို့သည် အိပ်ရေးဝခြင်းနှင့် လုံးဝပတ်သက်နေသည်ကို အထူးသတိပြုပါ။

(၈) စာမေးပွဲဖြေဆိုနေစဉ်တွင် ဖြေဆိုသည့်မေးခွန်းလွယ်ကူနေလျှင် ဖြေဆိုသူ၏ပျော်ရွှင်စိတ်ကြောင့် ပေါ့ဆအမှား(Careless Mistake)ဖြစ်တတ်သည်။ ခက်သောမေးခွန်းကိုဖြေနေရလျှင် စိုးရိမ်စိတ်လွန်ကဲပြီး (too much anxiety)မှားတတ်လေရာ စိတ်ကိုအတတ်နိုင်ဆုံး တည်တည်ငြိမ်ငြိမ်အေးအေး ဆေးဆေးထားပြီး ဖြေဆိုသင့်ပါသည်။

(၉) သက်ဆိုင်ရာ ဘာသာရပ်တစ်ခုခုကို ဖြေဆိုပြီး ပြန်အလာလမ်းခုလပ်တွင်လည်းကောင်း၊ အိမ်တွင်လည်းကောင်း စာဖြေသူတစ်ဦးနှင့် တစ်ဦး အဖြေတိုက်ခြင်း၊ အဖြေညှိခြင်းသည် မလိုလားအပ်သော ပျော်ရွှင်မှု၊ ဝမ်းနည်းမှု အစုစုတို့ကိုဖြစ်စေ၍ အထူးရှောင်ရှားသင့်ပေသည်။

(၁၀) စာမေးပွဲကာလအတွင်း အလွယ်လမ်းလိုက်ကာ အနီးကပ်မေးခွန်းများ၊ တစ်ပွဲတိုးမေးခွန်းများ (Hot Spots)ကိုသာ လေ့လာပြီး စာမေးပွဲဖြေဆိုမည်ဆိုပါက တစ်နှစ်ပတ်လုံး ရင်းနှီးမြှုပ်နှံခဲ့သောအချိန်၊ ငွေ၊ အစရှိသည်တို့မှာ သဲထဲရေသွန်သကဲ့သို့ ဖြစ်နိုင်ရာ အထူးဆင်ခြင်သင့်ပေသည်။ မေးခွန်းထုတ်သူတိုင်းသည် ပုံမှန်လေ့လာထားသော စာဖြေသူတိုင်းအား 'အောင်မှတ်' အလွယ်တကူပေးထားရာ ဉာဏ်ကိုလွှာသုံး၍ ဖြေဆိုသင့်ပေသည်။

စာဖြေသူ၊ ကြိုးစားသူအားလုံး အောင်မြင် ထူးချွန်ကြပါစေ။

**ဆရာဂျက်ဖရီတင်အုန်း**
**(ရန်ကုန်စက်မှုတက္ကသိုလ်)**



www.foreverspace.com.mm

www.foreverspace.com.mm



# ကုန်ဈေးနှုန်း

၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သောကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၆-၁-၂၀၁၀)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (ဂဂ) | ၄၀ |
| Dagon Jeep | | (ဂဂ) | ၇၅ |
| Toyota Publica | 84 | (၁က) | ၉၀ |
| Sunny Pickup | 81 | (ခ) | ၇၀ |
| Nissan Sunny Supersaloon | 86 | (၃က) | ၂၁၀ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၂၅၀ |
| Suzuki Wagon $R^+$ | | ၁ဂ | ၂၆၀ |
| Suzuki Wagon $R^-$ | | ၉ခ | ၁၃၀ |
| Tow Ace (ပုစဉ်းခေါင်း) 2000 | | (ဂင) | ၁၈၀ |
| Light Truck(ဒီဇယ်) | | (၃က) | ၁၂၀ |
| Toyota Corolla | CE 96 | (၃က) | ၂၄၀ |
| Corolla 1.8 Van | 96 | (၉က) | ၃၂၀ |
| Toyota MarkII | 92 | (၄ခ) | ၅၀၀ |
| Toyota MarkII | 94 | (၉ခ) | ၇၅၀ |
| Mitsubishi Pajero V46(ဦးပိုင်) | 96 | (၄ခ) | ၉၀၀ |
| Toyota Hilux Surf S/W(ဦးပိုင်) | 97 | (၆ခ) | ၁၁၅၀ |
| Land Crusier | 97 | (၉ခ) | ၂၁၀၀ |
| Parado | 97 | (၁ဂ) | ၁၃၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။

* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။

* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။



www.foreverspace.com.mm



## တီဗီရောင်စုံ

(၂၇-၁-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SONY | KLV-205400A | 20" | ၃၉၉,၀၀၀ |
| SONY | KLV-40W550 | 40" | ၁,၆၉၀,၀၀၀ |
| SONY | KLV-32W550A | 32" | ၉၉၀,၀၀၀ |
| Panasonic(LCD) | L32X10X | 32" | ၆၀၅,၀၀၀ |
| Panasonic(LCD) | L32C10 | 32" | ၅၆၀,၀၀၀ |
| SAMSUNG (LCD) | LA40A750 | 40" | ၁,၈၃၅,၉၀၀ |
| SAMSUNG (LCD) | LA32B350 | 32" | ၅၀၁,၁၀၀ |
| SAMSUNG (LCD) | LA40B530 | 40" | ၁,၃၆၈,၄၀၀ |
| STAR | T-29068 | 29" | ၂၅၅,၀၀၀ |
| STAR | 21-T50 | 21" | ၁၂၆,၀၀၀ |
| STAR | 21-T21A | 21" | ၁၄၀,၀၀၀ |
| T-HOME | SA2127 | 21" | ၂၀၅,၀၀၀ |
| T-HOME | SA2900 | 21" | ၁၈၅,၀၀၀ |
| FUJI | T2125 | 21" | ၁၁၃,၀၀၀ |
| FUJI | T2107AIE | 21" | ၁၁၀,၅၀၀ |
| FUJI | N1407AIE | 14" | ၆၃,၀၀၀ |

## ရေခဲသေတ္တာ

(၂၇-၁-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| STAR | RL-100 | ၂၂၅,၀၀၀ |
| STAR | RL-135 | ၂၂၆,၀၀၀ |
| LG | GC-151SNS | ၂၅၉,၀၀၀ |
| LG | GC-191SN | ၂၈၀,၀၀၀ |
| SAMSUNG (Two door) | RT-25SCPP/BP | ၃၁၂,၀၀၀ |
| SAMSUNG (Two door) | RT-22SCPP/BP | ၂၃၄,၀၀၀ |
| SAMSUNG (One door) | RA-19FASS | ၁၉၅,၀၀၀ |
| SAMSUNG (One door) | RA-19FAPP | ၂၄၉,၀၀၀ |
| SAMSUNG (One door) | RT-19FASS | ၁၂၅,၀၀၀ |

## DVD ပြစက်

(၂၇-၁-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | 3413 | ၅၈,၀၀၀ |
| LG | 381 | ၆၅,၀၀၀ |
| STAR | B-3317 | ၄၉,၀၀၀ |
| STAR | B-096(MP4+DC) | ၃၉,၀၀၀ |
| STAR | B036 | ၃၇,၀၀၀ |
| FUJI (EVD) | F510 | ၃၃,၀၀၀ |
| FUJI (EVD) | EVD 3399 | ၃၂,၀၀၀ |
| DAEWOO | DV1400S | ၃၉,၀၀၀ |
| DAEWOO | B129 | ၃၅,၀၀၀ |

## လေအေးစက်

(၂၇-၁-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AS-09 FLN | ၃၁၀,၀၀၀ |
| SAMSUNG | AS-12 FLN | ၃၇၅,၀၀၀ |
| STAR | T-09G | ၂၇၀,၅၀၀ |
| STAR | T-12G | ၃၁၅,၀၀၀ |
| LG | 0962TA3 | ၂၆၉,၀၀၀ |
| LG | 12645A4 | ၃၈၅,၀၀၀ |

## အဝတ်လျှော်စက်

(၂၇-၁-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | WA-85U3 | ၂၃၅,၀၀၀ |
| SAMSUNG | WA-95U3 | ၂၆၀,၀၀၀ |
| STAR | WA-95U7 | ၂၈၀,၀၀၀ |
| STAR | WT-75H2 | ၁၂၃,၅၀၀ |
| STAR | WT-105H2 | ၃၂၄,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၆-၁-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၅၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၉၀၀ |
| Junior Horlick (400g) | ၃,၄၆၀ |
| Milo (400g) ခဲထုပ် | ၃,၁၀၀ |
| Milo (400g) (ပုလင်း) | ၃,၈၂၀ |
| Maltova (450g) (နီ) | ၃,၂၀၀ |
| Ovaltine (400g) နီ | ၃,၆၀၀ |
| Ovaltine (200g) နီ | ၁,၉၅၀ |
| Ovaltine 400g (ဖြူ) | ၃,၆၅၀ |
| Ovaltine 200g (ဖြူ) | ၂,၂၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၃၀၀ |

## နိုင်ငံခြားအရက်

(၂၆-၁-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၁,၆၀၀ |
| VAT 69 (75Cl) | ၁၀,၅၀၀ |
| Jonnie Walker (Red)(75Cl) | ၁၁,၅၅၀ |
| Jonnie Walker (Red)(1Liter) | ၁၆,၀၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၃,၀၀၀ |
| Jonnie Walker (Black)(75Cl) | ၂၃,၆၀၀ |
| Jonnie Walker(Black)(1Liter) | ၃၁,၅၀၀ |
| Black & White (1Liter) | ၁၄,၀၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Black & White (75Cl) | ၁၁,၅၀၀ |
| Grand Royal (အပြား)ရွှေပတ်ကြီး/သေး | ၂,၉၅၀/၁,၈၅၀ |
| SPY(CLASSIC)(Red) (Wine) | ၅,၈၀၀ |
| Mekhong (75CL) | ၂,၃၀၀ |
| Mekhong (37.5CL) | ၇,၄၀၀ |

## မုန့်ပုံးသံဘူး

(၂၆-၁-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၂၀၀ |
| Cream Crackers(Hup Seng) | ၅,၉၅၀ |
| (KHIAN GUAN) Top Choice | ၅,၅၀၀ |
| (HWA TA) Choice | ၅,၅၀၀ |
| (Munchys) Funmix | ၅,၄၀၀ |
| Lee Daily Delight | ၇,၂၀၀ |
| Every Time | ၅,၄၅၀ |
| (Julie's) Biscuit Assorties | ၄,၉၅၀ |
| (Julie's) Love letters | ၄,၉၅၀ |

## ခေါက်ဆွဲခြောက်

(၂၆-၁-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၅၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၅၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၅၀ |
| Shin Shin (ကြာဆံ) | ၂၀၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၂၅၀ |
| Yum Yum ကြက်သားချဉ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၀၀ |

## သွားတိုက်ဆေး

(၂၆-၁-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/၈၅၀ |
| Best-T (125g) White | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၈၀ |
| Colgate (160g) Double Cool Stripe | ၁,၈၅၀ |
| Close-Up (New)(18 g) | ၃၉၀ |
| Close-Up (160g) ပြာ | ၁,၈၀၀ |
| Colgate Fresh Cool Mint 200g | ၁,၆၅၀ |
| Colgate Great Regular 200 g | ၁,၇၀၀ |
| Colgate Whitening 160g | ၂,၆၅၀ |
| Colgate gel (စိမ်း) 160g | ၁,၉၀၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၆-၁-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၃၀၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၃၀၀ |
| Miss | ၃၀၀ |
| Kanebo | ၂,၄၀၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၆၀၀ |
| CAMAY | ၅၀၀ |
| Spa | ၃၅၀ |
| E-Lan | ၄၀၀ |
| LUX 100g | ၄၅၀ |
| KAO | ၄၀၀ |
| Parrot | ၄၀၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၂၈၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၀၀ |

## ခေါင်းလျှော်ရည်

(၂၆-၁-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၄,၆၀၀ |
| Head and Shoulder 200g | ၂,၅၀၀ |
| Head and Shoulder 100g | ၉၅၀ |
| Pantene 400g | ၄,၃၀၀ |
| Pantene 200g | ၂,၂၅၀ |
| Pantene 100g | ၇၅၀ |
| Clinic Clear 350g | ၃,၈၀၀ |
| Clinic Clear 90g | ၁,၆၀၀ |
| Palmolive 100 g | ၁,၃၀၀ |
| Palmolive 200 g | ၂,၈၀၀ |
| Rejoice 100 g | ၇၀၀ |
| Rejoice 200 g | ၁,၆၅၀ |

## ခြင်ဆေးခွေ

(၂၆-၁-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၃၀၀ |
| Fuji | ၃၀၀ |

## ကုန်ဈေးနှုန်း

| | |
|---|---|
| ATAK | ၄၀၀ |
| FIGHTER | ၃၈၀ |
| GO! | ၂၅၀ |
| ပါရမီ | ၃၅၀ |
| MOSFLY | ၂၅၀ |
| ဂေါ်ဇီလာ | ၃၀၀ |
| Spider | ၂၅၀ |
| Golden Lion | ၂၅၀ |
| Special | ၃၀၀ |




( ၂၄-၁-၂၀၁၀)

### ❑ Lucky Bird P4 Home & Office PC 775

- Intel Pentium 4-775 Dual Core 2.2 GHz
- Memory 1 GB DDR2 667
- MSI MB
- 250 GB HDD SATA
- AOPEN PS2 Keyboard & Optical Mouse & PAD
- P4 ATX Tower Casing
- Free Speaker

Price 227 US$

### ❑ Lenovo 3000 B 450L Notebook

- Intel Dual Core Processor T4300 (2.1 GHz 800 MHz FSB, 1MB L2 Cache
- 1 G DDR 2 RAM
- 14.1" WXGA LED Back Light Display
- 160 GB HDD SATA
- Dual Layer Multiburner Drive (DVD-RW)
- nVIDIA GeForce 9300M GS 256MB graphic
- Graphic x 4500
- 14.1" WXGA LED Back Light Display
- Lenovo Wireless b/g . LAN
- Bluetooth, 1.3 M Pixel Web Cam
- Standard Speakers, 4 in 1 Card Reader
- Veriface (Face Recognition Technology)
- One Key Rescue System . 6 Cells Battery. Free DOS
- One Year Warranty

Price 479 US$

### ❑ KMD Classic Model

- Intel Pentium Dual Core 2.93 GHz E 7500 C 3MB L2 Cache, 800 MHz)
- Intel G 31 Express Chipset Pentium 4 Motherboard (775/ DDR2/ 1333) with PCIE + Sound + LAN
- 250 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 17" LCD Color Digital Monitor (Prolink, Wide View)
- Prolink Keyboard and Mouse (Myanmarser) Optical Mouse Pad
- P4 Casing (Medium Light)

Price 426,000 Ks

### ❑ TOSHIBA Satellite L510 (PSLF8L-00C001) Notebook

- Intel Dual CoreT4300 2.1 GHz Processor
- 14.1" WXHBCSV Super Shine View screen
- 1GB DDR2 SDRAM
- 250GB HDD [SATA]
- DVD-RW Super Multi Double Layer Drive
- Wireless LAN 802.11 b/g, Bluetooth,
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Intel Graphic Media Accelerator 4500M
- Web Cam, Card Reader, Speaker Mouse

Price 579US$

### ❑ Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core 2 Quard 2.33 GHz (775 CPU)
- ASUS P5KPLAM/1600
- 2GB DDR 2 RAM
- 320 GB HDD SATA
- 256 MB PCI Express
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad



www.foreverspace.com.mm

www.foreverspace.com.mm

- P4 ATX Tower Casing
- Free Speaker

Price 367 US$

### ❑ KMD Premium Model

- Intel Core 2 Quad 2.66 GHz Q8400(6MB, L2 Cache, 1333 FSB)
- Intel G 41 Express Chipset Motherboard (With PCIE+Sound+LAN)
- 2 GB DDR2 RAM (PC 800 MHz) Kingston
- 320 GB HDD (Seagate, 7200 RPM) SATA with HDD Fan
- 18.5" LCD Color Monitor (Lenovo)
- DVD-RW Multi-Layer Drive (SATA)
- Lenovo Combo Set Keyboard
- Optical Mouse Pad
- P4 Casing (Handle High)
- Silease Chassis with 280 Watt Power Supply

Price 671,000 Ks

### ❑ KMD Innovator Model

- Intel Pentium Core2 Duo 2.8 GHz E 7400 (3 MB L2 Cache/1066 FSB)
- Intel G41 Express Chipset Motherboard (775/ DDR2/ 1333) (with PICE, Sound + LAN)
- 1GB DDR2 RAM (PC 800 MHz) Kingston
- DVD-RW Multi-Layer Drive (SATA)
- Modem, 16 in 1 Card Reader
- 320 GB HDD SATA
- 18.5" LCD Color Monitor (Prolink) (Wide View)
- Combo Set Keyboard & Mouse (Lenovo)
- Optical Mouse Pad
- P4 Casing (Light High)

Price 509,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၂၄ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| 22 x DVD Writer (LG) SATA Light Scribe with Box | 33,000 KS |
| 24 x DVD Writer (Sony) SATA | 32,000 Ks |
| 24 x DVD Writer (ASUS) SATA | 35,000 Ks |
| 24 x DVD Writer (Samsung) SATA External | 64,000 Ks |
| Microlab M 223 Speakers with sub woofer | 25,000 Ks |
| Microlab M 900 Speakers with sub woofer | 37,000 Ks |
| Microlab M 666 Speakers with sub woofer | 31,000 Ks |
| Microlab M-200 Speakers with sub woofer | 28,000 Ks |

### ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 28,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 48,000 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 51,000 Ks |
| 2GB (DDR 3 RAM) 800 MHz (Kingston) | 52,000 Ks |
| Notebook RAM | |

### ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 45,000 Ks |
| 320 GB (Seagate) SATA | 50,000 Ks |
| 500 GB (Seagate) SATA | 60,000 Ks |
| 750 GB (Seagate) SATA | 78,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 47,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 51,000 Ks |
| 320 GB (Hitachi/Seagate) Notebook SATA | 61,000 Ks |

### ❑ Monitor

| | |
|---|---|
| 17" SVGA Color Monitor (Dyna) | 58,000 Ks |
| 19" SVGA Color Monitor (Philips) | 88,000 Ks |
| 15" LCD Color Monitor (NEC) | 107,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1932 wm | 160,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1940 w with DVI | 164 US$ |
| 18.5" LCD Color Monitor (Prolink)Wide View With DVI and HDMI | 127,000 Ks |
| 18.5" LCD Color Monitor (View Sonic) Wide View | 127 US$ |
| 21.5" LCD Color Monitor (Acer) Wide View With DVI and HDMI | 160,000 Ks |
| Dell 20" LCD Monitor | 143 US$ |

### ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 43 US$ |
| Canon iP6320 Printer (USB) | 50,000 Ks |
| Canon Laserjet 3050 Printer (USB) | 115,000 Ks |
| HP Laserjet 1215 Printer (USB) | 370,000 Ks |
| HP Desk 2410 Printer | 69,000 Ks |
| HP Laserjet 1522 N A 10 Printer (USB) | 395,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 207,000 Ks |
| EPSON T11 Inkjet Printer | 51,000 Ks |
| EPSON Stylus Photo T 60 Printer with Cable(USB) | 194,000 Ks |
| EPSON Stylus TX 550 Printer with Cable | 195,000 Ks |
| Star Receipt Printer | 240,000 Ks |
| HP Laserjet 205SD Printer with cable | 350,000 Ks |
| Fuji Xerox Colour Laser DPC 1110 Network Ready | 605US$ |
| Fuji Xerox Colour Laser DPC 1110B | 480US$ |
| Fuji Xerox Colour Laser Multifunction 2090Fs | 1350US$ |
| Fuji Xerox Multifunction WC PE 220 | 500US$ |

### ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 61,000 Ks |
| HP 1010/ 1320/ 1300 Toner | 70,000 Ks |
| HP 2015/ 1522 Toner | 76,500 Ks |
| Canon 2900 Toner/Canon 3050 Toner | 56,500 Ks |
| Canon 1120 Toner | 56,500 Ks |
| HP 2055 Toner | 83,000 Ks |

### ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| HP Flatbed Scanner 2410 (USB) | 90,000 Ks |
| Canon Scanner Lide 100 | 57,000 Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 41,000 Ks |
| 1250 VA (Power Tree) | 72,000 Ks |
| IPS 1000 Long Time Inverter UPS (Prolink) | 82,000 Ks |
| IPS 2000 Long Time Inverter UPS (Prolink) | 100,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd.၊ Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .


၁၂၄ ဦးသိန်းဖေမြင့်၊ ဗိုလ်ရဲထွဋ် (ရဲဘော်သုံးကျိပ်)နှင့် ဆီဒိုးနားဟိုတယ်

၁၃၀ လူနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု

၁၃၈ UNGA၊ G 20 အရှေ့သွား အနောက်ရောက် (၄)

၁၄၆ အဖေ့ရွာသို့ ကျန်းမာရေးအလှူ

၁၅၂ အတွင်းသံ

၁၅၈ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ (၇)

၁၆၂ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၂၉)


ယခင်လမှအဆက်

# ဦးသိန်းဖေမြင့်၊ ဗိုလ်ရဲထွဋ် (ရဲဘော်သုံးကျိပ်) နှင့် ဆီဒိုးနားဟိုတယ်

သခင်တင်မြ

## ဗိုလ်ရဲထွဋ် နှင့် ဗိုလ်ဇေယျ

နံနက် ၅ နာရီလောက်တွင် အိမ်ရှေ့တံခါးကို တဒုန်းဒုန်းထု၍နိုးနေသော အသံများကိုကြားရသည်။ သခင်ဖေဌေး၏ ရဲဘော်တစ်ယောက်က တံခါးကိုသွားဖွင့်ပေးလိုက်သည်။ ကျွန်တော်နှင့် ကိုကျော်ဝင်းသည် အိပ်မှုန်စုံမွှားဖြင့် ဘာအရေးလဲဟု ထကြည့်ကြသည်။ တံခါးဝမှောင်မည်းမည်းတွင် ဘီအိုင်အေ (ဗမာ့လွတ်လပ်ရေးတပ်မတော်) ဗိုလ်သုံးယောက်ကို တွေ့ရသည်။ သူတို့နောက်မှလည်း ရိုင်ဖယ်သေနတ်ကိုင်တပ်သားသုံးလေးယောက် ပါသည်။ ဘီအိုင်အေသုံးဦးထဲမှ တစ်ဦးမှာ ဂျပန်စစ်ဝတ်စုံအပြည့် ဝတ်ဆင်ထားပြီး ဖော့ဦးထုပ်ဆောင်း၍ သားရေဖိနပ်လည်ရှည်စီးထားသည်။ အင်္ကျီရင်ဘတ်တွင် ရာထူးတံဆိပ်များပါရှိပြီး ညာလက်မောင်းတွင်လည်း ကဒေါင်းရုပ်ပါသည့် ဘီအိုင်အေအမှတ်အသားကို ပတ်ထားသည်။ စစ်အင်္ကျီလည်ပင်းကျယ်သီးအောက်တွင် 'ကဒေါင်း' အမှတ်ပါသော တံဆိပ်တစ်ခု တပ်ဆင်ထားသည်ကို သတိပြုမိသည်။ ထိုဘီအိုင်အေဗိုလ်မှာ ကျွန်တော့်အသက်အရွယ်ခန့်ပင် ရှိလေသည်။

ထိုဘီအိုင်အေဗိုလ်က မိမိမှာ ဂျပန်ပြန်ဗိုလ်ရဲထွဋ်ဖြစ်ကြောင်း ၁၉၄၃ ခုနှစ်နိုဝင်ဘာလတွင် စာရေးဆရာမြဒေါင်းညိုက 'ရဲဘော်သုံးကျိပ်' စာအုပ်ရေးကာမှ ဂျပန်ပြန်စစ်ဗိုလ်များကို 'ရဲဘော်သုံးကျိပ်' ဟု သုံးခဲ့ကြခြင်းဖြစ်သည်။ 'သခင်တင်မြ ဤမြို့အုပ်ချုပ်ရေးခေါင်းဆောင်ကို တွေ့လိုကြောင်း' ပြောလေသည်။ ကျွန်တော်က အုပ်ချုပ်ရေးခေါင်းဆောင်မှာ သခင်ဖေဌေးဖြစ်ကြောင်းပြောနေစဉ် သခင်ဖေဌေး သူ့အခန်းထဲမှ လက်စွဲတော်တုတ်ကောက်ကို တဒေါက်ဒေါက်ထောက်၍ စောင်းငန်းတွန့်လိမ်ကာ ကျွန်တော်တို့အနီး ရောက်လာသည်။

ဗိုလ်ရဲထွဋ်ကဆက်၍ 'ဂျပန်ပြန်ဗိုလ်မှူးကြီးဇေယျဦးစီးသော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး သဘော်များဖြင့် ဒီမြို့ကိုရောက်လာမည်ဖြစ်ကြောင်း၊ မိမိမှာ ရှေ့ပြေးတပ်နှင့် ပါလာခြင်းဖြစ်ကြောင်း၊ လူပေါင်း ၁၀၀၀ အတွက် နံနက်စာစီစဉ်ပေးစေလိုကြောင်း၊ နေ့လယ်ပိုင်းတွင်တပ်မတော်သားများ ခေတ္တတည်းခိုရန် နေရာများစီစဉ်ပေးစေလိုကြောင်း' တံခါးပေါက်ဝတွင်မတ်တတ်ရပ်ရင်း ပြောလေသည်။ သခင်ဖေဌေးက ကုလားထိုင်တွင်ထိုင်ကာ ဤကိစ္စများကို ဆွေးနွေးဖို့ဖိတ်ခေါ်သည်။ ဗိုလ်ရဲထွဋ်တို့က ကုလားထိုင်များတွင် ဝင်ထိုင်ကြသည်။ သခင်ဖေဌေးက ဖုန်းလှမ်းဆက်နေသည်။ အလယ်စားပွဲတွင် ဖယောင်းတိုင်များသာ ထွန်းထားသဖြင့် လင်းလင်းကျင်းကျင်း မရှိလှ။

ဗိုလ်ရဲထွဋ်သည် မျက်ခုံးတန်းတန်း

www.foreverspace.com.mm

နှုတ်ခမ်းပါးကို တင်းတင်းစေ့ထားသည်။ အသားမဖြူမညိုနှင့် ငယ်ရွယ်နုပျိုသော မျက်နှာတည်တည်နှင့် မျက်မှောင်ချီထားခြင်းက ဖျက်နေသည်။ ယင်းအသွင်ကို အလင်းရောင်မှုန်မွှားမွှားတွင် မထင်မရှားမြင်ရသည်။ ဂျပန်ဓားရှည်လက်ကိုင်ရိုးကို လက်နှစ်ဖက်ဖြင့်အုပ်ကိုင်၍ စကားမပြောဘဲ ခပ်မတ်မတ်ထိုင်နေပုံမှာ စစ်သားဟန်ပေါ်နေပါသည်။ ကုလားထိုင်တွင်ထိုင်နေသောကျွန်တော့်ဘက်စောင်းငဲ့ကာ "ခင်ဗျားဘယ်သူလဲ" ဟု မေးလိုက်သည်။

"ကျွန်တော်လား။ သခင်တင်မြပါ။ ဗဟိုမြေအောက်အာဏာပိုင်အဖွဲ့ရဲ့စည်းရုံးရေးမှူးတစ်ယောက်ပါ။ ဆရာချစ်နဲ့ ဗိုလ်မှူးကြီးနေဝင်းတို့က တာဝန်တစ်ခုနဲ့လွှတ်လိုက်လို့ ဒီမြို့ရောက်နေတာ" ဟုဖြေလိုက်ပါသည်။ ဗိုလ်ရဲထွဋ်သည် ထပ်မမေးတော့ဘဲ ငြိမ်နေပါသည်။ သူ့နောက်ကပါလာသော ဗိုလ်နှစ်ယောက်ကလည်း စကားမပြောကြပါ။ သခင်ဖေငွေး ဖုန်းဆက်ပြီးသဖြင့် ဗိုလ်ရဲထွဋ်ဘေးမှ ကုလားထိုင်တွင်လာထိုင်ပါသည်။

ဗိုလ်ရဲထွဋ်က သခင်ဖေငွေးကိုကြည့်ပြီး "ကျုပ်ပြောတဲ့ မနက်စာနဲ့တည်းခိုဖို့ကိစ္စ ဘယ်လိုလဲဗျ။ စစ်ရေးကြောင့် ကျုပ်တို့သိပ်မစောင့်နိုင်ဘူး" ဟု မကျေမနပ်ဖြင့်ပြောလိုက်သည်။

သခင်ဖေငွေးက "ခင်ဗျားတို့အတွက် မနက်စာထမင်းထုပ်နဲ့တည်းခိုဖို့နေရာစီစဉ်ပေးမယ့်သူတွေ ကျုပ်ခေါ်ထားတယ်။ ခုရောက်လာမှာပါ။ ခဏစောင့်ပါဦး"



မကြာမီ ညောင်တုန်းမြို့နယ် ကာကွယ်ရေးတာဝန်ခံ ဗိုလ်ကြည်ကြီးနှင့် ဌာနအုပ်တစ်ယောက်ရောက်လာပါသည်။ သူတို့နှစ်ယောက်ကို သခင်ဖေငွေးက မကြာမီရောက်လာမယ့် ဗိုလ်မှူးကြီးဇေယျအုပ်ချုပ်တဲ့ ဘီအိုင်အေတပ်မတော်တပ်မှူး၊ တပ်သား ၁၀၀၀ ကျော်အတွက် နံနက်စာမြို့ပေါ်မှ ထမင်းထုပ် ကောက်ခံပေးရန်၊ ထမင်းထုပ်မလောက်က ထမင်းဆိုင်များမှ လိုသလောက်ဝယ်ယူ ကျွေးမွေးရန်၊ တည်းခိုဖို့အတွက် မြို့လယ်က စာသင်ကျောင်းများကိုအသုံးပြုရန် ပြောဆိုညွှန်ကြားလေသည်။ ဤသို့ပြောပြီးသည်နှင့် သခင်ဖေငွေးသည် နောက်ဖေးခန်းသို့ တုတ်ကောက်တဒေါက်ဒေါက်ထောက်၍ ဝင်သွားပါတော့သည်။

## ဗိုလ်မှူးရဲထွဋ် နှင့် ခင်မင်ရင်းနှီးလာပြီ

၁၉၄၄ ခုနှစ် ဧပြီလတွင် ဗိုလ်မှူးရဲထွဋ် ရန်ကုန်စစ်ဦးစီးဌာနချုပ်သို့ ရောက်လာပါသည်။ ဗိုလ်မှူးရဲထွဋ်၏ ရုံးမှာ ဘောင်ဒရီလမ်း (ယခုဓမ္မစေတီလမ်း) နှင့် ဦးဝိစာရလမ်းထောင့်ကုန်းမြင့်ပေါ်ရှိ နှစ်ထပ်တိုက်တွင် ဖြစ်သည်။ ဗိုလ်မှူးရဲထွဋ်နေသည်က ကန်တော်ကြီးပတ်စ်၊ ယခုနတ်မောက်လမ်းနှင့် ဦးထွန်းမြတ်လမ်းထောင့်ရှိ ဗိုလ်ချုပ်အောင်ဆန်း၏အိမ်မှာ ဖြစ်သည်။ စစ်ဦးစီးဌာနချုပ် လေ့ကျင့်ရေးမှူးသည် တစ်ထပ်တိုက်ကလေး ယခု ဦးဝိစာရလမ်း ဘလေဇွန်ကုန်တိုက်နှင့် မျက်နှာချင်းဆိုင်တွင် ဗိုလ်မှူးရဲထွဋ်၊ ဗိုလ်မှူးရန်အောင်တို့ကို ကျွန်တော် မကြာခဏတွေ့ရသည်။ ဗိုလ်ရဲထွဋ်ကို တစ်ခါတစ်ရံ ဘောင်ဒရီလမ်းနှင့် လင့်လမ်းဆုံတွင်ဖွင့်ထားသော ကရုပီကိုင်း–ဖျော်ရည်ဆိုင်တွင် ကျွန်တော်နှင့်တွေ့ရသည်။ ဤဆိုင်ကို မခင်ကြည်၏မတ် ဦးလူကလေးဖွင့်ထားသောဆိုင် ဖြစ်သည်။ ပါတီကေဒါတစ်ဦးဖြစ်သူ ကိုစိန်လှိုင်ခေါ် ရဲဘော်ငွေးမြိုင်သည် မခင်ကြည်၏ မောင်အရင်းဖြစ်သည်။ ဤသို့ ဗိုလ်မှူးရဲထွဋ်နှင့် ကျွန်တော် မကြာခဏတွေ့ရသဖြင့် ခင်မင်ရင်းနှီးလာသည်။ ထိုစဉ်က

www.foreverspace.com.mm

ပင် ‘ဗိုလ်မှူး’ ဟု အခေါ်နှုတ်ကျိုးခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။


ဗိုလ်မှူးရဲထွန်းက သူ့၏ငယ်ဘဝ ဖြစ်စဉ်ကို ပြောပြလေ့ရှိသည်။

“ကျွန်တော့်အမည်ရင်းက အောင်သိန်း။ ဇာတိက ရန်ကုန် တာမွေလေးရပ်ကွက်ဗျ။ တာမွေလေးမှာ တရုတ်ဘဲခြံတွေရှိတယ်။ မိုးတွင်းဆိုရင် ဘဲမတွေက ရေကူးရင်း ရေထဲမှာ ဥချခဲ့တယ်။ ဘဲဥက ရေမပေါ်တော့ အရှာရခက်တယ်။ ရေထဲက ဘဲဥနှစ်လုံးရှာနိုင်ရင် တစ်လုံးရတယ်။ ကျောင်းပိတ်ရက်တွေမှာ ကျွန်တော်တို့မူလတန်းကျောင်းသားတွေ ရေထဲကဘဲဥ လိုက်ရှာကြပြီး ရတဲ့ဘဲဥကို ပိုင်ရှင်တရုတ်ကို ပြန်အပ်ရင် ဘဲဥတစ်လုံး တစ်ပဲရတယ်။ အဲဒီပိုက်ဆံဟာ စာအုပ်ဖိုးနဲ့ မုန့်ဖိုးပဲ”

## ဂျပန်ကို စစ်ပညာသင်ဖို့

၁၉၄၁ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် ကိုအောင်သိန်း (ဆရာဖြစ်သင် နော်မန်ကျောင်း) အောင်လက်မှတ်ယူရန် တောင်ငူမြို့ရောက်နေသည်။ ထိုစဉ် ရန်ကုန်ရှိ ဆရာလှမောင် (သရုပ်ဆောင်ဒွေး၏အဘိုး) က ‘အောင်သိန်း အရေးကြီးသည်အမြန်လာ’ ဟု သံကြိုးရိုက်လိုက်သည်။ ကိုအောင်သိန်း ဧပြီလ ၁၁ ရက်နေ့တွင် ရန်ကုန်ပြန်ရောက်လာသည်။ ဆရာလှမောင်က “မင်း ဂျပန်ကို စစ်ပညာသင်ဖို့သွားချင်လား၊ သွားမယ်မဟုတ်လား” ဟုမေးရာ ကိုအောင်သိန်းက “ကျွန်တော်သွားမယ်ဆရာ” ဖြေလိုက်ရာ ၁၉၄၁ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် ကိုအောင်သိန်း ဂျပန်ပြည်သို့ လွတ်လပ်ရေးအတွက်စစ်ပညာသင်ရန် တတိယအသုတ်အဖြစ် သင်္ဘောဖြင့် လိုက်ပါသွားခဲ့သည်။

၁၉၄၂ ခုနှစ် ဒီဇင်ဘာလတွင် ယိုးဒယား (ယခုထိုင်း) နိုင်ငံ ဘန်ကောက်မြို့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့ရာ၌ ဗိုလ်အမည်ခံယူရာတွင် ဗိုလ်ရဲထွန်းအမည်ယူခဲ့သည်။ မြန်မာနိုင်ငံအတွင်းသို့ချီတက်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းတို့၏ စစ်ဌာနချုပ်နှင့် အတူချီတက်ခဲ့ရသည်။ ဗိုလ်ရဲထွန်းသည် လှိုင်းဘွဲ့မြို့သိမ်းယူခဲ့သည်။ ပဲခူး–



မန္တလေးလမ်းပေါ်ရှိ ဘုရားကြီးတာဆုံတိုက်ပွဲတွင် ဗိုလ်ဗလ (ရဲဘော်သုံးကျိပ်) နှင့်အတူ အင်္ဂလိပ်သံချပ်ကာတပ်ကို အနိုင်တိုက်ခဲ့သည်။ ပဲခူးမှ ဝါးချောင်းဖောင်ကြီးကိုဖြတ်၍တိုက်ကြီးမြို့သို့ချီတက်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူပါခဲ့သည်။ ဖူးကြီးတိုက်ပွဲတွင် အင်္ဂလိပ်စစ်တပ်၊ တပ်စုတစ်စုကိုတိုက်ရာ၌ ဗိုလ်မိုး (ရဲဘော်သုံးကျိပ်) နှင့်အတူတိုက်ခဲ့သည်။ ဗိုလ်မိုး ကျဆုံးသော်လည်းဗိုလ်ရဲထွန်း မကျခဲ့။ ဗိုလ်မိုးကွယ်လွန်သဖြင့် ဗိုလ်ရဲထွန်းဒေါပွပြီး ဖမ်းမိထားသည့်အင်္ဂလိပ်စစ်သားသုံးယောက်ကို ဓားဖြင့်ခုတ်သတ်ခဲ့သည်။ ဗိုလ်ရဲထွန်းသည် ဗိုလ်ချုပ်အောင်ဆန်းစစ်ဌာနချုပ်နှင့်ခွဲပြီး အင်္ဂလိပ်တပ်သားများထွက်အပြေးကို လိုက်တိုက်ရာ ရန်ကုန်မြို့သို့ ထန်းတပင်မြို့မှ တစ်ဆင့် ဆိုက်ရောက်ခဲ့သည်။

ဖူးကြီးတွင် အင်္ဂလိပ်စစ်သားသုံးယောက်သတ်မှုကို ၁၉၄၅ ခုနှစ် မေလတွင် အင်္ဂလိပ်စစ်တပ်၊ စစ်မြေပြင်လုံခြုံရေးအဖွဲ့ (Field Security Service-F.S.S) က ဗိုလ်မှူးသန်းအောင်က ဗိုလ်ရဲထွန်းကို လာစစ်ဆေးသည်။ ဗိုလ်ရဲထွန်းက “ဒီမှာ ဗိုလ်မှူး၊ ဗမာ့လွတ်လပ်ရေးအတွက် ကျွန်တော် လုပ်သင့်တာကို လုပ်ခဲ့တာပဲ။ ဖြစ်လာတဲ့ ဘေးဒုက္ခကိုခံဖို့အသင့်ပဲ” ဟု ပြောလိုက်သည်။ ထိုအချိန်က ဗ.က.ပ ဌာနချုပ်မှာ ပျဉ်းမနားမြို့အနောက် တောင်ညိုရွာအနီးမှ တောတွင်းရွှေဝါစခန်းတွင်း ဗိုလ်မှူးရဲထွန်းကို ၁၉၄၆ ခုနှစ် မတ်လ ပါတီကွဲကတည်းက မတွေ့ခဲ့သည်မှ ပြန်တွေ့ရခြင်းဖြစ်ပါသည်။ ရွှေဝါစခန်းတွင် ဗိုလ်မှူးရဲထွန်းနှင့် မခင်ကြည်တို့မောင်နှံမှ ပထမသားဦး ငယ်အမည် ဟိန္ဒက၊ ကြီးအမည် ကျော်ကျော်ကို မွေးဖွားခဲ့ခြင်းဖြစ်ပါသည်။

၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလတွင် အထက်ဗမာပြည် မသုံးလုံးဒေသ (မန္တလေး–မြင်းခြံ–မိတ္ထီလာ) နွားထိုးကြီး မြို့နယ်အနီး သစ်တော်များရွာတွင် ကျင်းပသော တပ်ပေါင်းစုကွန်ဖရင့်သို့ ဗိုလ်မှူးရဲထွန်းနှင့်အတူ ကျွန်တော်တက်ခဲ့ရသည်။ မတ်လတွင် သခင်သန်းမြင့်ခေါင်းဆောင်သည့်အဖွဲ့တွင် ဗိုလ်မှူးရဲထွန်းနှင့်ကျွန်တော် ပါဝင်ပြီး ပြည်သူ့ရဲတော်အဖွဲ့ဌာနချုပ်ရှိရာ မုံရွာခရိုင် ပုလဲမြို့နယ်သစ်ကြီးကိုင်းရွာသို့သွားပြီး စစ်ရပ်စဲရေးနှင့် သုံးပါတီညီညွတ်ရေးအစည်းအဝေးကျင်းပရန် ဆွေးနွေးရာတွင် ပါဝင်

www.foreverspace.com.mm



ခဲ့သည်။

## သုံးပါတီညီညွတ်ရေး ဆွေးနွေးပွဲ

၁၉၅၂ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအထိ မုံရွာခရိုင် ပုလဲမြို့နယ် ခင်သာရွာတောတွင်းစခန်းတွင် ပြည်သူ့ရဲဘော် (အဖြူ) အလံနီ ကွန်မြူနစ်ပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့ သုံးပါတီညီညွတ်ရေးဆွေးနွေးပြီး ဆပ်ကော်မတီများဖွဲ့ရာတွင် စစ်ရေးဆပ်ကော်မတီတွင် ဗိုလ်မှူးရဲထွဋ်ပါဝင်ခဲ့သည်။ ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ပါတီဗဟိုကော်မတီအစည်းအဝေးတွင် အရန်ဗဟိုကော်မတီဝင်မှ တင်းပြည့်ဗဟိုကော်မတီသို့ ကျွန်တော်နှင့်အတူ ဗိုလ်မှူးရဲထွဋ် တိုးမြှင့်ခံခဲ့ရသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာအတွင်း ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ရပ်ဆိုင်ရွာ တောတွင်းစခန်းတွင် ဗိုလ်မှူးရဲထွဋ်၊ ကိုစိုးသန်းနှင့် ကျွန်တော် ဗဟိုကော်မတီအစည်းအဝေးတက်ရန်ရောက်နေစဉ် အစိုးရ ထိုးစစ်နှင့်ကြုံတွေ့ရသဖြင့် ဗဟိုကော်မတီအစည်းအဝေးမတက်နိုင်ဘဲ ပြန်ကြရန်စီစဉ်ပြီး ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းကို အရည်အချင်းမရှိသဖြင့် ဥက္ကဋ္ဌတာဝန်ဆင်းပေးရန်တောင်းဆိုသည့်စာကို ဗိုလ်မှူးရဲထွဋ်၊ ကိုစိုးသန်းနှင့် ကျွန်တော် လက်မှတ်ထိုးပြီး အနောက်တိုင်းပါတီခေါင်းဆောင် ရဲဘော်ထွန်းမောင်ခေါ် ဒေါက်တာနက်ခ်ထံ အပ်ခဲ့သည်။ ဗိုလ်မှူးသန်းအောင်က "ကျွန်တော် အင်္ဂလိပ်–ဗမာကပြားပေမယ့် မျိုးချစ်စိတ်ရှိပါတယ်။ ထုံးစံအရ စစ်ဆေးရတာပါ။ ဗိုလ်ကြီးမစိုးရိမ်ပါနှင့်" ဟုပြောကာ အလေးပြုပြီး ထွက်သွားခဲ့ပါသည်။ 'နောက်ထပ်လည်း ဗိုလ်မှူးသန်းအောင် ရောက်မလာတော့' ဟု ဗိုလ်မှူးရဲထွဋ်က ပြန်ပြောပြပါသည်။

## ဗမာ့ကာကွယ်ရေးတပ်မတော်တပ်ရင်း (၁)

ဗိုလ်မှူးရဲထွဋ်သည် ၁၉၄၃ ခုနှစ် ဗမာ့ကာကွယ်ရေးတပ်မတော် ရခိုင်တိုင်း တောင်ဂုတ်မြို့နယ် လမူးချောင်းဖျားတွင် တပ်ရင်း (၁) တပ်စွဲထားစဉ် တပ်ရင်းမှူးတာဝန်ယူခဲ့ရသည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် တိုင်း ၆ တပ်မှူးအဖြစ် ပျဉ်းမနားနယ်တွင် တာဝန်ကျခဲ့သည်။ ပျဉ်းမနားမြို့မြောက်ဘက် သစ်ဝံတိုင်းရွာတိုက်ပွဲတွင် ဂျပန် ၁၀၀၀ ကျော်တပ်ကို သေကျေရှုံးနိမ့်သွားအောင် ဗိုလ်မှူးရဲထွဋ်ဦးဆောင်၍ တပ်မှူးတပ်သား ၂၀၀ ခန့်ဖြင့် တိုက်နိုင်ခဲ့သည်။ ထိုစဉ်က မခင်ကြည်သည် အမျိုးသမီးတပ်ဖွဲ့ဝင်အဖြစ် စစ်ဌာနချုပ်တွင်ရှိခဲ့သည်။

## တပ်ရင်း (၃) နှင့်အတူ တောခိုခြင်း

၁၉၄၈ ခုနှစ် ဩဂုတ်လတွင် ဗိုလ်ချုပ်နေဝင်းဦးဆောင်သည့်လက်ဝဲညီညွတ်ရေးကောင်စီတွင် တပ်ရင်း (၃) တပ်ရင်းမှူးဒုဗိုလ်မှူးကြီးရဲထွဋ်လည်း အဖွဲ့ဝင်အဖြစ်ပါခဲ့သည်။ ပြည်တွင်းစစ်ရပ်စဲရန် ကြိုးပမ်းရာတွင် မအောင်မြင်သဖြင့် တပ်ရင်း (၃) ကို ဦးစီးပြီး ဗိုလ်မှူးရဲထွဋ် တောခိုသူပုန်ထခဲ့သည်။ ၁၉၄၉ ခုနှစ် ဧပြီလတွင် အမှုထမ်းပေါင်းစုသပိတ်မှောက်ပြီး စာရေးစာချီများနှင့်အတူ ပြည်မြို့သို့ မခင်ကြည် တောခိုသွားခဲ့သည်။ ပြည်မြို့တွင် ဗိုလ်မှူးရဲထွဋ်နှင့် မခင်ကြည်တို့ လက်ထပ်ခဲ့ကြသည်ဟု သိခဲ့ရသည်။ ဗမာပြည်ကွန်မြူနစ်ပါတီပြည်သူ့ရဲဘော် (အဖြူ) နှင့် ဗိုလ်မှူးရဲထွဋ်၊ ဗိုလ်မှူးဇေယျနှင့် ဗိုလ်စိန်တင်တို့ ဦးဆောင်တော်လှန်သည့် ဗမာတပ်မတော်တို့ သုံးဖွဲ့ပူးပေါင်းပြီး ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုဖွဲ့ရာတွင် ဗိုလ်မှူးရဲထွဋ် ပါဝင်ခဲ့သည်။

သခင်သန်းထွန်းသည် ထိုစာအရ ကျွန်တော်တို့သုံးယောက်ကို အခဲမကျေအမျက်သိုကာ မကြာခဏ ပါတီဒု–ဥက္ကဋ္ဌ သခင်ဇင်နှင့် ပါတီအတွင်းရေးမှူးသခင်ချစ် ဒီကောင်သုံးကောင်ကို သတ်ပစ်သင့်သည် ဟုပြောခဲ့သည်ဟု အလင်းဝင်သူများထံမှ နောက်ပိုင်းတွင် ကြားခဲ့ရသည်။

ပါတီဥက္ကဋ္ဌသခင်သန်းထွန်း ပဲခူးရိုးမ မြရာပင်ကျောတွင် ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် သူ့ကိုယ်ရံတော်မြကြီးက ရိုင်ဖယ်သေနတ်ဖြင့် ပစ်သတ်သောကြောင့် သေဆုံးခဲ့သည်။ သခင်သန်းထွန်းသေဆုံးသဖြင့် ပါတီဒု–ဥက္ကဋ္ဌ သခင်ဇင် ပါတီဥက္ကဋ္ဌဖြစ်လာပါသည်။ သခင်ဇင်နှင့်သခင်ချစ်တို့သည် ၁၉၇၅ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းနှင့် ပဲခူးရိုးမအရှေ့ဘက် ဖွတ်ကျားချောင်းဖျား၊ ဖုန်းဆိုးတောတွင် တိုက်ပွဲဖြစ်ပြီး ကျဆုံးခဲ့သည်။ သခင်ဇင်နှင့် သခင်ချစ်တို့မသေမီတွင် သခင်သန်းထွန်းမှာခဲ့သည့်အတိုင်း မြစ်ဝကျွန်းပေါ် တိုင်းပါတီဥက္ကဋ္ဌ ကိုစိုးသန်းကို ကွပ်မျက်ခဲ့သည်။ ဤသို့ ကိုစိုးသန်း အသတ်ခံရသည်မှာ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ တတိယပတ်က သခင်သန်းထွန်းကို 'အရည်အချင်းမရှိ၊ ပါတီဥက္ကဋ္ဌတာဝန်မှ ဆင်းပေးပါ' ဟု တောင်းဆိုချက်မှ မြစ်ဖျားခံခဲ့ခြင်း ဖြစ်ပေသည်။ ဗိုလ်မှူးရဲထွဋ်နှင့် ကျွန်တော်လည်း တောတွင်းရှိနေပါက ဗ.က.ပ၏ ဖြုတ်ထုတ်သတ်ပေါ်လစီအရ အသတ်ခံရမှာ သေချာပါသည်။

ဗိုလ်မှူးရဲထွဋ်သည် သခင်သန်းထွန်း၏ ဖြုတ်ထုတ်သတ်လမ်းစဉ်ကို မယုံကြည်တော့သဖြင့် ၁၉၆၃ ခုနှစ် မေလ ၂၁ ရက်နေ့တွင် အလင်းဝင်ခဲ့သည်။

တောတွင်းမှာရှိစဉ်ကပင် ချောင်းဆိုးသွေးပါအဆုတ်နာရောဂါစွဲကပ်ခဲ့သဖြင့် ဗိုလ်မှူးရဲထွဋ်ကို ဗိုလ်ချုပ်ကြီးနေဝင်းက မင်္ဂလာဒုံစစ်ဆေးရုံသို့ တင်ပို့ကုသခဲ့သည်။ ဗိုလ်မှူးရဲထွဋ်၏ရောဂါအခြေအနေကို ဗိုလ်ချုပ်ကြီးနေဝင်းက တစ်ရက်ခြားသွားရောက်ကြည့်ရှုခဲ့သည်။ ရောဂါသက်သာလာသည့်တစ်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်းဆေးရုံရောက်လာပြီး "ရဲထွဋ် မင်းရောဂါသက်သာလာပြီဆိုတော့ မင်းဆီက အကြံဉာဏ်တစ်ခုတောင်းချင်တယ်။ ဒို့ဆိုရှယ်လစ်စနစ်တည်ဆောက်ချင်တာဟာ စေတနာအမှန်နဲ့ပဲ။ ပြည်တွင်းစစ်ကိုမရပ်နိုင်ရင် ဆိုရှယ်လစ်စနစ်ထူထောင်ရာမှာ ခက်ခဲမယ်။ ဒါကြောင့် ပြည်တွင်းစစ်ကို ရပ်ပစ်မှဖြစ်မယ်။ ပြည်တွင်းစစ်ရပ်ဖို့ မင်းဆီက အကြံဉာဏ်လိုချင်တယ်" ဟု မေးခဲ့သည်။

ဗိုလ်မှူးရဲထွဋ်က "အစ်ကိုကြီး ပြည်

www.foreverspace.com.mm

တွင်းစစ်ကို ရပ်ပစ်ဖို့ဆိုရင် အရင် ဖ.ဆ.ပ.လ အစိုးရတုန်းက တောတွင်းကသူပုန်တွေနဲ့ တွေ့ဆုံဆွေးနွေးရေးကို ငြင်းခဲ့လို့ မအောင်မြင်တာ ဖြစ်ပါတယ်။ အစ်ကိုကြီးတို့တော်လှန်ရေးကောင်စီက ပြည်တွင်းရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးမယ်လို့ ကြေညာလိုက်ရင် ပြည်တွင်းစစ်ရပ်စဲရေး အကောင်အထည်ပေါ်လာမှာပါ" ဟု အကြံပေးခဲ့ပါသည်။

## ပြည်တွင်းစစ်ရပ်စဲရေးအတွက်

၁၉၆၃ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် တော်လှန်ရေးကောင်စီက 'ကြိုတင်စည်းကမ်းမသတ်မှတ်ဘဲ ပြည်တွင်းစစ်ရပ်စဲရေးအတွက် တောတွင်းလက်နက်ကိုင်အင်အားစုများနှင့် တွေ့ဆုံဆွေးနွေးမည်' ဟု ကြေညာလိုက်လေသည်။ ဤသို့ တော်လှန်ရေးကောင်စီက ဗိုလ်မှူးရဲထွဋ်၏ အကြံပေးချက်ကို အခြေပြု၍ ပြည်တွင်းစစ်ရပ်စဲရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်ပေသည်။

၁၉၆၄ ခုနှစ် ဇွန်လတွင် ဗိုလ်မှူးရဲထွဋ်သည် ကျွန်တော်နှင့်အတူ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုစည်းရုံးရေးကော်မတီ (C.O.E) ၏ အကြံပေးအဖွဲ့ဝင် ဖြစ်ခဲ့သည်။

၁၉၇၂ ခုနှစ် လမ်းစဉ်ကေဒါပါတီမှ ပြည်သူ့ပါတီသို့ ကူးပြောင်းဖွဲ့စည်းသောအခါ ဗိုလ်မှူးရဲထွဋ်သည် လမ်းစဉ်ပါတီဌာနချုပ် သမဝါယမ၊ စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောရေးရာကော်မတီအတွင်းရေးမှူး ဖြစ်ခဲ့သည်။

၁၉၇၇ ခုနှစ်တွင် ပါတီညီလာခံအပြီးတွင် ထိန်ချန်မှုဖြင့် ကျွန်တော့်ကို လမ်းစဉ်ပါတီမှ ထုတ်ပစ်ခဲ့သည်။ ဗိုလ်မှူးရဲထွဋ်သည် ၁၉၇၉ ခုနှစ် ပါတီညီလာခံတွင် ဗဟိုကော်မတီဝင်အဖြစ် အရွေးမခံရပါ။ ပါတီဌာနချုပ်တွင် မည်သည့်တာဝန်မှလည်း မပေးသဖြင့် ပါတီလစာငွေမရတော့ပါ။ ထို့ကြောင့် မြေနီကုန်းကားဂိတ်မှ နေအိမ်တွင်း လက်ဖက်ရည်ဆိုင်ဖွင့်ကာ ဝင်ငွေရှာခဲ့ရသည်။

၁၉၈၈ ခုနှစ် ဧပြီလတွင် အရေးအခင်းဖြစ်လာသောအခါ မြေနီကုန်းရပ်ကွက်မှ ဝေလေလေကုလားကလေးများက "အန်ကယ်ရဲ့ လမ်းစဉ်ပါတီဝင်ကတ်ကို ကျွန်တော်တို့သိမ်းရမယ်။ အပ်ပါ" ဟု ပြောလာရာ ဗိုလ်မှူးရဲထွဋ်က "ဟေ့ လမ်းစဉ်ပါတီဝင်တုန်းက ငါဆန္ဒနဲ့ပဲ။ ထွက်ရင်လည်း ငါ့ဆန္ဒအရပဲ။ မင်းတို့နဲ့ ဘာမှမဆိုင်ဘူး ထွက်သွားကြ" ဟု ပြောလွှတ်ခဲ့သည်။

မင်္ဂလာစင်မြင့်မှ တီးခတ်လိုက်သည့် ဆိုင်းသံက ကျွန်တော့်နောက်ကြောင်းပြန်အတွေးကို တန့်ရပ်စေပြီး မျက်မှောက်ကာလကို ပြန်ရောက်ခဲ့ပါသည်။

## မင်္ဂလာခန်းမ

မင်္ဂလာခန်းမနှင့်မနီးမဝေးတွင် ကျွန်တော်တို့ စားပွဲဝိုင်းရှိသည်။ မင်္ဂလာ အမျိုးသမီး ဟေမန်ကျော်ကျော်၏ အဘိုး ဗိုလ်မှူးရဲထွဋ်သည် ကျွန်တော်တို့ဇနီးမောင်နှံနှင့် တစ်ဝိုင်းတည်း ဖြစ်သည်။ ဆီးချိုရောဂါနှိပ်စက်ထားသဖြင့် မြေးမမင်္ဂလာပွဲသို့ ခန်းမအဝင်မှ လက်တွန်းလှည်းဖြင့် လာရသည်။ သူ့ဘေးနားတွင် လက်တွန်းလှည်းက ရှိနေသည်။

သခင်လှကွန်းက တုန်တုန်ချည့်ချည့်ဖြင့် သူ့သမီးအကြီး ဒေါ်လီကွန်းက တွဲခေါ်လာရသည်။ သခင်လှကွန်းက ဗိုလ်မှူးရဲထွဋ်နှင့်ကပ်လျက် ထိုင်လိုက်သည်။ ဗိုလ်မှူးရဲထွဋ်နှင့်ကျွန်တော့်အကြား လူနှစ်ယောက်က ရှိနေသည်။ မင်္ဂလာစင်မြင့်ကို ကျွန်တော်တို့ဇနီးမောင်နှံရော ဗိုလ်မှူးရဲထွဋ်ပါ ကျောခိုင်းထိုင်လျက်ရှိသည်။

ကျွန်တော်နှင့်အတန်ဝေးသည့် ခန်းမနံရံတွင် အလျား ၁၂ ပေ၊ အနံ ရှစ်ပေခန့်ရှိ ပိတ်ကားချပ်ကို ချိတ်ဆွဲထားသည်။ ကျွန်တော်တို့နောက်ကျောရှိ မင်္ဂလာခန်းမစားပွဲကုလားထိုင်များနှင့် ဘယ်ဘက်ရှိ စကားပြောစင်နှင့် တီးဝိုင်းတို့မှ ပိတ်ကားကို ကွန်ပျူတာနှင့်ဆက်သွယ်ထားသဖြင့် စင်မြင့်ပေါ်မှ လှုပ်ရှားသမျှ ပိတ်ကားပေါ်တွင် ပေါ်နေသည်။

ဘိသိက်ဆရာက မောင်သိန်းလှမော်ဖြစ်ပြီး တီးဝိုင်းအမည်တော့ မကြားလိုက်ပါ။ မောင်သိန်းလှမော်က စတင်ပြီး "မင်္ဂလာအခါတော်ရောက်ပါပြီ" ကြေညာလေသည်။ တီးဝိုင်းနှင့် အဆိုတော်ချိုပြုံးက စတင်သီဆိုသည်။ ပြီးသည်နှင့် မောင်သိန်းလှမော်က 'ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်စကားဝါလမ်း၊ ခြံအမှတ် (၂၈) နေ ဦးမြင့်စိုး၊ ဒါရိုက်တာ၊ အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက်နှင့် ဒေါ်ဂင်အေးတို့၏ သားကြီး မောင်လင်းထက် (ဟိုစပီတယ်လီတီမန်နိပ်ချ်မင့် ဒီပလိုမာ၊ ဩစတြေးလျားနိုင်ငံ ပဲ့သ်မြို့ ဆွမ်တတ်ဖ်) နှင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း ၇ မိုင်ခွဲ၊ သီရိမာလာလမ်းသွယ်၊ ခြံအမှတ်–၅၆ (G) နေ ဦးကျော်ကျော်နှင့် ဒေါ်သန္တာကျော်တို့၏ သမီးထွေး၊ မဟေမာန်ကျော်ကျော် (လောဂျစ်စတစ်နှင့် ဆပ္ပလိုင်းချိန်းမန်နိပ်ချ်မင့် ဘီအေ (နော့သ် ကိုလံဗီယာတက္ကသိုလ် ယူကေ)၊ လောဂျစ်စတစ်နှင့် အော်ပရေးရှင်းမန်နိပ်ချ်မင့် (တီမာဆက်ပိုလီတတ်ခ်နစ်–စင်ကာပူ) တို့ကို နှစ်ဖက်သောမိဘတို့ ဝတ္တရားရှိသည့်အတိုင်း ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးဖြစ်ပါသဖြင့် ယနေ့အခါတော်မြတ်တွင် ဂုဏ်သရေရှိလူကြီးမင်းများကို ဖိတ်ကြား၍ မင်္ဂလာအခါတော်ကို ကျင်းပခြင်းဖြစ်ပါကြောင်း' ဖြင့် ကြေညာသွားလေသည်။

တီးဝိုင်းက ဆူညံစွာ စတင်တီးခတ်သည်။ သခင်လှကွန်းက နားညည်းသည်ဟု အမူအရာဖြင့်ပြသည်။ သခင်လှကွန်းနှင့်ကျွန်တော် နားလေးကြသည်။ တီးဝိုင်းမှ ဆူညံသံတို့ အောင့်အီးနေရသည်။

ထိုစဉ် ဇနီးလက်ဆွဲအိတ်ထဲရှိ ဖုန်းသံကမြည်လာသည်။ ဇနီးက ပထမနားထောင်လိုက်သည်။ "အဖေကြီး ဦးမော်လင်းရဲ့ဖုန်း" ဟုပြောပြီး ဖုန်းကိုပေးသည်။ နားကြပ်တပ်ပြီးနားထောင်သော်လည်း တီးဝိုင်းမှ ဆူသံများကြောင့် သဲကွဲစွာမကြားရပါ။ ခန်းမအပြင် ပေါ်တီကိုထွက်၍ နားထောင်သော်လည်း အနားမှလူသံများကြောင့် မကြားရသဖြင့် ပေါ်တီးကိုအပြင်ထွက်မှ သဲကွဲစွာကြားရသည်။ မော်လင်းက "အန်ကယ် ခုရေးနေတဲ့ သခင်စိုးဆောင်းပါးမှန်သမျှ ကျွန်တော်ရချင်တယ်" ဟု

www.foreverspace.com.mm

ပြောလာသည်။ "စိတ်ချ၊ ရစေမယ်" ဟု ပြန်ပြောလိုက်သည်။ ခန်းမရှိနေရာသို့ ပြန်ဝင်လာရင်း ဗိုလ်မှူးရဲထွဋ်၏ယောက်မ အငယ် အကျားကို တွေ့သည်။ သူ့အစ်ကိုကြီးကိုဌေးမြင့်မှာ လွန်ခဲ့သော ၁၂ နှစ်ခန့်က ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ဗိုလ်မှူးရဲထွဋ်မှာ ဆီးချိုရောဂါနှိပ်စက်သဖြင့် ၂၀၀၈ ခုနှစ်ဇန်နဝါရီလက သတိမေ့သွားသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ခဲ့ရသည်။ ရောဂါသက်သာလာရန် ဆေးရုံတွင် ရက် ၂၀ ကြာခဲ့သည်။ လေးလအတွင်း အလေးချိန်ပေါင် ၃၀ ကျသွားသဖြင့် အရိုးပေါ်အရေတင် ဖြစ်ခဲ့သည်။ ကုလားထိုင်တွင် ကြာကြာမထိုင်နိုင်ပါ။ တစ်နာရီလောက်ထိုင်ရန်ပင် ဖင်အောက်တွင် အဝတ်ပွပွ ခုထားရသည်။ ခြေနှစ်ဖက်လုံးမြှောက် မရသဖြင့် လှေကားထစ်များကို မတက်နိုင်တော့ပါ။ မြေညီတွင်မှု ဖြည်းလေးစွာသွားဖို့ပင် အတော်ကြိုးပမ်းရလေသည်။ အသက်က ၈၈ နှစ်၊ ဆီးချိုရောဂါပါ ဖိစီးလာသောအခါ ဤသို့ပိန်ချုံးချည့်နဲ့နေခြင်း ဖြစ်ပေသည်။

ထိုင်ခုံသို့ ပြန်ရောက်သည်နှင့် မောင်သိန်းလှမော်က "မင်္ဂလာအခါတော်ရောက်ပြီမို့ သတို့သားနှင့်သတို့သမီးတို့ကြွလာပါပြီခင်ဗျား" ဟု ကြေညာလိုက်ရာ အဆိုတော် ရီရီသန့်က စောင်းတီးပြီး "ကောင်းချီးသဓ္ဓါ" သီချင်းခန့်ကို သီဆိုလေသည်။ ရှေ့ကပန်းကြဲသည့်မိန်းကလေးနှင့် မင်္ဂလာလက်စွပ်ကိုင်သည့်မိန်းကလေး။ နောက်မှ သတို့သားနှင့် သတို့သမီးနောက်မှ သတို့သားဖခင်နှင့်မိခင် (ယှဉ်တွဲလျက်)။ ထို့နောက် သတို့သမီးဖခင် ကျော်ကျော်နှင့် မိခင်သန္တာကျော်တို့စုံတွဲ။ အတွေးက နောက်ကြောင်းပြန်လေပြီ။

## ကျော်ကျော်နှင့် သန္တာကျော်

ကျော်ကျော်က ဗိုလ်မှူးရဲထွဋ်နှင့် ဒေါ်ခင်ကြည်တို့၏သားကြီး။ သားငယ်က အောင်အောင်။ ဒေါ်ခင်ကြည်ကို ကျွန်တော့်ထက် အသက်ကိုးနှစ်ကြီးသဖြင့် ကျွန်တော်က "မမကြည်" ဟု ခေါ်ခဲ့သည်။

သန္တာကျော်က ဦးလှကျော် ဒေါ်ရီကြိန်တို့သမီး ဖြစ်သည်။ ဦးလှကျော်ရော၊ ဒေါ်ရီကြိန်ပါ ကွယ်လွန်ကြပြီ။ ဒေါ်ရီကြိန်နှင့်သူ့အကြောင်း ဗိုလ်မှူးရဲထွဋ်က ပြန်ပြောဖူးသည်။ ဂျပန်ခေတ် ၁၉၄၃ ခုနှစ်တစ်နေ့တွင် သူအာရှလူငယ်ဌာနချုပ်သို့ ဂျစ်ကားဖြင့် ရောက်သွားသည်။ အပြန်တွင် ဒေါ်ရီကြိန်၊ ဒေါ်အုန်း စသည့်လူငယ်ခေါင်းဆောင်အမျိုးသမီးငါးယောက်ဂျစ်ကားပေါ်ပါလာသည်။ ဒေါ်ရီကြိန်က သူ့ဘေးကထိုင်သည်။ ဂျစ်ကားက အမိုးဖွင့်။ ကားကိုင်စရာက ရှေ့မှန်ကားဘောင်သာရှိသည်။ "မြဲမြဲကိုင်ထားနော်" ဟု ပြောပြီး ဝင်းတံခါးမှ ကွေ့အထွက် ကားပေါ်မှ ဒေါ်ရီကြိန် လမ်းဘေး ဖုတ်ခနဲ စင်ကျသွားလေသည်။ ထမီတွင်ပေနေသည့် အမှိုက်နှင့်ဖုန်များကို မခါအား။ နာလွန်းသဖြင့် ရှုံ့မဲ့ပြီး တင်ပါးကို ပွတ်နေသည်။ ဤသို့ဖြစ်ခဲ့သည်ဟု အာရှလူငယ်ဌာနချုပ် (ယခုဗဟန်း ရဲခဲမှတ်တိုင်) ရှေ့ရောက်တိုင်း အမှတ်တရ ကျွန်တော့်ကို ပြောလေ့ရှိသည်။

## ကျော်ကျော်နှင့် သန္တာကျော်တို့မင်္ဂလာပွဲ

ခုနှစ်ကိုတော့ မမှတ်မိတော့ပါ။ ကျော်ကျော်နှင့် သန္တာကျော်တို့မင်္ဂလာဆောင်ကို ကန်တော်ကြီးကရဝိက်ခန်းမတွင် ကျင်းပခဲ့သည်။ ဖိတ်စာများကမ်းဝေပြီးမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဝင်းက ကရဝိက်ဟိုတယ်မန်နေဂျာထံ နိုင်ငံခြားမှဝန်ကြီးကိုဧည့်ခံရန် ကျော်ကျော်တို့ မင်္ဂလာဆောင်မည့်ရက်ကို ပယ်ဖျက်ပေးရန် ဖုန်းဆက်အကြောင်းကြားခဲ့သည်။

မန်နေဂျာက ဗိုလ်မှူးရဲထွဋ်ထံ ထိုအကြောင်းဖုန်းဆက်ပြောရာ ဗိုလ်မှူးရဲထွဋ်က ဗိုလ်မှူးကြီးဝင်းထံ "ခင်ဗျားက ကျုပ်လမ်းစဉ်ပါတီက ဗဟိုကော်မတီမဟုတ်တော့လို့ ဒီလိုလုပ်တာလား" ဟု ဖုန်းဆက်လိုက်ရာ "ဗိုလ်မှူး ဒီလိုမထင်ပါနဲ့။ ကျွန်တော်တို့ အစီအစဉ်ပြောင်းလိုက်ပါ့မယ်" ဟု ပြန်ပြောပြီး ညပိုင်းသို့ပြောင်းလိုက်ကြောင်း ကျွန်တော်သိခဲ့ရသည်။

## ဗိုလ်မှူးရဲထွဋ်၏တူမ မနှင်း

ဗိုလ်မှူးရဲထွဋ်တွင် အစ်ကိုကြီးဦးဘအုန်း၊ အစ်မအမည် မမှတ်မိ၊ အစ်ကိုငယ် ဦးအုန်းဖေတို့ရှိခဲ့သည်။ ဦးဘအုန်း၏သမီး မနှင်း၊ ယခု အသက် ၇၀ နီးပါးရှိပြီး ခေါင်းဆံပင်များဖြူနေသဖြင့် ဒေါ်နှင်းဟု ခေါ်ကြသည်။ ဒေါ်နှင်းသည် အပျိုကြီးဖြစ်သည်။ မိမိကိုလာနှုတ်ဆက်သည်။ ဒေါ်နှင်းနောက်ကကပ်ပါလာသည့် ကိုညွန့်ဝေ၏ သမီးကို တွေ့ရသည်။ "သမီးအဖေနှင့် အမေနေကောင်းလား" ဟု မေးရာ "အဖေနဲ့အမေနေမကောင်းတာကြောင့် သမီးလာရတာ" ဟု ဖြေပါသည်။ ကလေးမအမည်ကို နောက်မှ သခင်လှကွန်းကိုမေးကြည့်ရာ နီနီ ဟု သိရသည်။

"ဗိုလ်မှူး ကမာရွတ် စပယ်ခြံ ကိုလှကို မှတ်မိလား။ သိန်းလှမော်က ကိုလှရဲ့သမက် ခြံပုံ (ငယ်အမည်)ရဲ့ ခင်ပွန်းပေ့ါ" ဟု ပြောရသည်။ ဗိုလ်မှူးရဲထွဋ်က "ကိုလှရော သူ့သမီးခြံပုံရော မှတ်မိတယ်။ ခြံပုံက ညာလက်မမှာ လက်ပွားကလေးပါတယ်" ဟု ဖြေလေသည်။ မောင်အောင်သန်း၏ဇနီး၊ ညီမများနှင့်သမီးတို့က ဗိုလ်မှူးရဲထွဋ်နောက်ကရပ်ပြီး မီးတဖျပ်ဖျပ်ဖြင့် ဓာတ်ပုံရိုက်ကြသည်။ ပရိသတ်အတော်များများ ပြန်ကြလေပြီ။ ဗိုလ်မှူးကိုနှုတ်ဆက်ပြီး သခင်လှကွန်းတို့နှင့်အတူ ခန်းမအပြင်သို့ ထွက်ခဲ့သည်။ လမ်းတွင် ဗိုလ်မှူးရဲထွဋ်၏သားငယ် အောင်အောင်၏ယောက်ဖ မောင်ကြည်ဝင်း၊ ကိုဌေးမြင့်ရဲ့ညီငယ် အကျား၊ အကျားရဲ့တူ မောင်သစ်လွင်တို့က နှုတ်ဆက်သည်။

သခင်လှကွန်း၏သမီးကြီး ဒေါ်လီကွန်းက ဖုန်းဆက်ပြီး "အေးအေး မြို့ပြင်ရောက်နေသည်" ဟုပြောသဖြင့် မိမိတို့စီးလာသည့်ကားဖြင့် သခင်လှကွန်းတို့ သားအမိကို မြေနီကုန်း ရန်ကင်းလမ်းမှနေအိမ်သို့ လိုက်ပို့ခဲ့သည်။ ပို့ပြီး အိမ်ကို တက္ကစီကားဖြင့် လင်မယားနှစ်ယောက်ပြန်ခဲ့ရာ အိမ်ပြန်ရောက်သည့်အချိန်မှာ နေ့လယ် ၁ နာရီခွဲရှိလေပြီ။

**သခင်တင်မြ**

www.foreverspace.com.mm

# လူနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု

**ကိုဝမ်း**

**၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် လူသားတို့၏ သဘာဝပတ်ဝန်းကျင်နှင့်စပ်လျဉ်းသော သတင်းတစ်ပုဒ်ပါရှိခဲ့သည်။ ယင်းသတင်းမှာ အောက်ပါအတိုင်းဖြစ်သည်။**

"ယခုနှစ် စက်တင်ဘာလတွင် တောင်ဝင်ရိုးစွန်းဒေသ အန္တာတိကတိုက်အထက်ရှိ အိုဇုန်းလွှာအပေါက်မှာ စတုရန်းမိုင် ၁၀ ဒသမ ၅ သန်းအထိ ကျယ်ပြန့်ခဲ့ကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအဖွဲ့ (နာဆာ) က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

နာဆာအဖွဲ့သည် အိုဇုန်းလွှာပေါက်မှုအခြေအနေကို နှစ်စဉ်တိုင်းတာမှတ်သားမှုမှာ နှစ်ပေါင်း ၃၀ ရှိခဲ့ပြီဖြစ်သည်။ လွန်ခဲ့သည့်နှစ်က အိုဇုန်းလွှာအပေါက်၏ အနေအထားမှာ စတုရန်းမိုင် ၉ ဒသမ ၇ သန်းရှိခဲ့ရာ ယင်းမှာ မြောက်အမေရိကတိုက်၏ အကျယ်အဝန်းတမျှရှိသည်။

လူတို့ဖန်တီးသော ဓာတုဗေဒဓာတ်ငွေ့များကြောင့် နှစ်စဉ်သြဂုတ်လရောက်တိုင်း အိုဇုန်းလွှာအပေါက် စတင်ဖြစ်ပေါ်တတ်ပြီး စက်တင်ဘာလ သို့မဟုတ် အောက်တိုဘာလတွင် အဆိုးရွားဆုံးအခြေအနေအထိရောက်ရှိတတ်သည်။

အိုဇုန်းလွှာသည် မြေမျက်နှာပြင်အထက် ကီလိုမီတာ ၂၀ မှ ၄၀ အမြင့်ရှိ လေထုအတွင်း တည်ရှိသည်။

လူတို့ထုတ်လုပ်သော ဓာတုဗေဒပစ္စည်းများကြောင့် အိုဇုန်းလွှာပျက်စီးနိုင်သည်။ အိုဇုန်းလွှာသည် နေရောင်ခြည်မှ ထွက်ပေါ်လာသော ခရမ်းလွန်ရောင်ခြည်ကို စုပ်ယူနိုင်သည်။

လူ့ပယောဂကြောင့်သာမက သဘာဝပတ်ဝန်းကျင်အခြေအနေများကြောင့်လည်း အိုဇုန်းလွှာပျက်စီးနိုင်သည်။ ကမ္ဘာ့အိုဇုန်းလွှာသည် ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအထိ ပျက်စီးခဲ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ အိုဇုန်းလွှာ ၁ ရာခိုင်နှုန်းပျက်စီးတိုင်း ခရမ်းလွန်ရောင်ခြည် ၂ ရာခိုင်နှုန်း တိုးလာသည်။

ခရမ်းလွန်ရောင်ခြည်သင့်ရောက်သူများမှာ မျက်စိတိမ်ရောဂါဖြစ်ပေါ်လာနိုင်သည်။ ၎င်းအပြင် သစ်ပင်၏အရွက်များကြုံလှီခြင်း၊ သစ်ပင်များ နေရောင်ခြည်မှ စွမ်းအင်ရရှိမှုနည်းပါးလာခြင်း၊ သီးနှံအထွက်နှုန်း ကျဆင်းခြင်း၊ ရေသတ္တဝါနှင့် ပင်လယ်ရေညှိရေမှော်ပင်များထိခိုက်ခြင်း၊ အမြဲအေးခဲနေသော ရေခဲပြင်ကြီးများ အရည်ပျော်ခြင်း၊ စားကျက်မြေများပျက်စီးခြင်းနှင့် ရှားပါးတိရစ္ဆာန်များ မျိုးတုံးခြင်းတို့ ဖြစ်ပေါ်နိုင်သည်ဟု သိရှိရသည်။"

**(ကြေးမုံ-နိုဝင်ဘာ ၇ စာ-၅)**



အထက်ဖော်ပြပါ သိပ္ပံသတင်းအရ ယခုနှစ်အိုဇုန်းလွှာပျက်စီးမှုပမာဏ စတုရန်းမိုင် ၁၀ ဒသမ ၇ သန်းဆိုသည်မှာ မြန်မာပြည်အပါအဝင် အာရှတိုက်၏ ဧရိ

www.foreverspace.com.mm



ယာစတုရန်းမိုင်၏ သုံးပုံနှစ်ပုံနီးပါး ရှိသည်။ အာရှတိုက်၏အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၇ သန်းဖြစ်သည်။ မနှစ်က အိုဇုန်းလွှာပျက်စီးမှုပမာဏ စတုရန်းမိုင် ၉ ဒသမ ၇ သန်းရှိခဲ့ပြီး ယခုနှစ်တွင် ၁၀ ဒသမ ၅ သန်းထိရှိလာခဲ့ရာ တစ်နှစ်အတွင်း အိုဇုန်းလွှာပျက်စီးမှုနှုန်းမှာ ၁၈ ရာခိုင်နှုန်းကျော် တိုးမြင့်လာခဲ့သည်။

လူသားတို့၏ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် လူသားတို့၏ အသက်ရှင်နေထိုင်ရပ်တည်မှုကို များစွာထိခိုက်သည်။ ရေခဲပြင်ကြီးများ ပိုမိုအရည်ပျော်လာခဲ့၍ မြစ်ရေလျှံသည်။ မြစ်ရေလျှံ၍ အသက်အိုးအိမ်များစွာပျက်စီးသည်။ စီးပွားရေးလုပ်ငန်းများစွာ ပျက်စီးခြင်းများဖြစ်ပေါ်သည်။ မုန်တိုင်းများအကြိမ်များစွာဖြစ်ပေါ်ခြင်းနှင့် အတူ ပိုမိုအားကောင်းသောမုန်တိုင်းများဖြစ်လာသည်။ ယင်းမုန်တိုင်းများကြောင့် အသက်အိုးအိမ်စည်းစိမ် လယ်ယာလုပ်ငန်းများပျက်စီးခြင်း၊ ရောဂါဘယထူပြောခြင်း၊ မုန်တိုင်းဒဏ်ခံနိုင်ငံများ၏ စီးပွားရေးစီမံချက်များပျက်စီးရခြင်းများဖြစ်ပေါ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးချိန်မှစ၍ ကမ္ဘာ့စက်မှုနိုင်ငံကြီးများနှင့် တတိယကမ္ဘာနိုင်ငံအချို့တွင် စက်ရုံအများအပြားတည်ဆောက်ကာ စက်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုအား မတွက်ဆဘဲ အလွန်အကျွံထုတ်လုပ်ခဲ့ကြသည်။ ယင်းစက်ရုံများလည်ပတ်စဉ်က အသုံးပြုသော လောင်စာ၏ အပူစွမ်းအင်နှင့် စက်ရုံလည်ပတ်စဉ် ထွက်ရှိသော မီးခိုးနှင့်အခြားဓာတ်ငွေ့များ၊ စက်ရုံမှ ပစ္စည်းထုတ်လုပ်အပြီး ထွက်ရှိသော ရေဆိုး (မသန့်သောရေ) နှင့် အခြားအညစ်အကြေးများ၊ အမှိုက်များ၊ ထုတ်လုပ်လိုက်သောပစ္စည်းများအား စားသုံးသူက သုံးစွဲစဉ်ထွက်ရှိသော အပူဓာတ်နှင့် ယင်းပစ္စည်းများတွင်အသုံးပြုသော ဓာတ်ငွေ့များကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခဲ့ရသည်။ နှစ်စဉ်တောပြုန်း၍ သဘာဝပတ်ဝန်းကျင် ပျက်စီးရသည်။ တောပြုန်းခြင်းအတွက် အချို့က မီးသွေးဖုတ်ရန်ထင်းခုတ်ခြင်းနှင့် လောင်စာထင်းအတွက် ထင်းခုတ်ခြင်းကို အပြစ်ဖို့သည်။ ထင်းခုတ်သောအပင်သည် သက်တမ်းနုပြီး ပင်စည်လုံးပတ်သေးသည်။

ခုတ်လိုက်သော ထင်းပင်၏နေရာတွင် အချိုးညီအစားထိုးစိုက်ပျိုးသော် လေးနှစ်၊ ငါးနှစ်ဆိုလျှင် မူလခုတ်သောအပင်အနေအထားကို ပြန်လည်ရရှိနိုင်သည်။ အချိန်နှင့် အချိုးညီအစားထိုးပြန်လည်စိုက်ပျိုးရန် အသိပညာပေးမှုနှင့် မျိုးပင်စီမံပေးရန်သာ လိုအပ်သည်။

တောခုတ်ခြင်းက ထင်းခုတ်ခြင်းနှင့် လုံးဝခြားနားသည်။ လူတစ်ဖက်၊ နှစ်ဖက်ခန့်ရှိ အပင်ကြီးများဖြစ်လာရန် နှစ်သုံးလေးဆယ် အချိန်လိုသည်။ မြန်မာနိုင်ငံသစ်တောဌာနက ကျွန်းပင်ခုတ်ခြင်းနှင့် စိုက်ပျိုးခြင်းကို အချိန်နှင့် အချိုးညီပြုလုပ်သကဲ့သို့ ကမ္ဘာပေါ်တွင် မည်သည့်သစ်တောမဆိုပြုလုပ်ရန် လိုအပ်သည်။ ဤကဲ့သို့ အပင်ကြီးများကို စည်းမဲ့ကမ်းမဲ့ခုတ်ခြင်းသည် အင်မတန်မှ အမြော်အမြင်ကင်းမဲ့သောလုပ်ရပ်ဖြစ်သည်။ တရားဝင်သည်ဖြစ်စေ၊ ခွင့်ပြုချက်အရဖြစ်စေ၊ တရားမဝင်သစ်ခိုးထုတ်လုပ်ခြင်းဖြစ်စေ လုံးဝမပြုလုပ်သင့်ပေ။ အရှေ့တောင်အာရှတွင် အရှေ့မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများ၊ တရုတ်ပြည်၏နယ်စပ်နှင့် နီးစပ်သောဒေသများတွင် အမြော်အမြင်ကင်းမဲ့စွာ သစ်ခုတ်ခြင်းများရှိသည်။ တရုတ်ပြည်က သစ်ကို အထူးလိုအပ်သည်။

ကျွန်တော် မလေးရှားသစ်စက်တွင် အလုပ်လုပ်နေခဲ့စဉ်က ညနေတိုင်း စက်ရုံတွင်းသို့ သစ်တင်ကားများဝင်လာသည်ကို တွေ့ရသည်။ သစ်တင်ကားတစ်စီးတွင် သစ်လုံးကြီးဆိုက ခုနစ်လုံးမှ ကိုးလုံး၊ ဆယ်လုံးခန့် (နှစ်သုံးဆယ်၊ လေးဆယ်သက်တမ်း)၊ သစ်လုံးသေးပါက ဆယ့်သုံးလုံး ဆယ့်ငါးလုံးခန့် (ဆယ့်ငါးနှစ်သက်တမ်းခန့်) တင်ဆောင်နိုင်သည်။ 'အီပို့ချ်' ခေါ် အနောက်မလေးရှားရှိ မြို့တစ်မြို့မှ ကွာလာလမ်ပူဆင်ခြေဖုံးရှိ သစ်စက်တစ်စက်သို့ သစ်လုံးဝင်သောပမာဏဖြစ်သည်။ တစ်နေ့ကို သစ်တင်ကားပေါင်း ခြောက်စီးခန့်ဝင်သော် တစ်လ သို့မဟုတ် တစ်နှစ်တာအတွင်း ယင်းသစ်စက်သို့ဝင်သော သစ်လုံးပမာဏကို တွက်ကြည့်ပါ။ ထို့အပြင် ကွာလာလမ်ပူ တစ်နေရာတည်း၌ ယင်းသစ်စက်မျိုး (နိုင်ငံခြားပိုင်) ၁၀ စက်ခန့် ရှိသည်။ အနောက်မလေးရှား၏ အခြားဒေသများ မပါသေးသလို အရှေ့မလေးရှားတွင် သစ်ခိုးထုတ်ခြင်းမပါသေးပါ။ အင်ဒိုနီးရှားမှ တရားဝင်၊ တရားမဝင်သစ်ခုတ်မှု မပါဝင်သေးပါ။

ဤနေရာတွင် စပ်လျဉ်း၍ သစ်ခိုးထုတ်သူများ၏ သစ်လုံးခွဲပုံကို ဗဟုသုတဖြစ်စေရန်တင်ပြလိုပါသည်။ မြန်မာပြည်တွင်းတစ်နေရာ သစ်ခိုးသမားတွေက သစ်အလုံးလိုက်ခိုးထုတ်ဖို့မလွယ်၍ တောတွင်းသစ်ဦးစခန်းတွေမှာ လွှစင်ဆောက်ပြီးခဲ့သလို လွှစင်မပါဘဲခဲ့သည်လည်းရှိသည်။ လုံးပတ်လေးငါးပေခန့်ရှိသော သစ်လုံး၏ လေးဖက်လေးတန်တွင် သစ်လုံးအရှည်အတိုင်း ဆောက်ဖြင့်အရာပေးထားသည်။ ပြီးတော့ သစ်လုံး၏တစ်ဖက်ထိပ်တွင် ဆောက်သေးဖြင့် သုံးလက်မအရှည်အပေါက်ငယ်ဖြစ်အောင်ထွင်းသည်။ ယင်းအပေါက်တွင် ဒသမ ၃၀၃ ရိုင်ဖယ်ကျည်ဆန်ကို သွင်းသည်။ ထို့နောက် ကျည်ဆန်ဖင်ကို ငါးပေါင်တူဖြင့် အားပါးတရရိုက်သွင်းလိုက်ရာ သစ်လုံးသည် လေးစိတ်ကွဲသွားတော့သည်ဟု ဆိုလေသည်။ မဂ္ဂဇင်းတစ်စောင်တွင်ဖတ်ခဲ့ဖူးသည်ကို ပြန်လည်ပြောပြခြင်းသာဖြစ်ပါသည်။

နောက်တစ်မျိုးက ဝါးတောပြုန်းခြင်းဖြစ်သည်။ ဝါးကို စက္ကူထုတ်လုပ်ရာ၌ သုံးသည်။ ဝါးကိုကြိတ်၍ ပျော့ဖတ်ဖြစ်အောင်ပြုပြီး စက္ကူထုတ်ရသည်။ ရှေးယခင်က စက္ကူကို ကျောင်းသုံးစာအုပ်၊ ရုံးသုံးစက္ကူ၊ အခြားစာအုပ်ထုတ်လုပ်မှုများအတွက်သာသုံးသည်။ ရေအိမ်သုံးစက္ကူ (Tissue Paper) ကို အနောက်နိုင်ငံများ၏ ရေအိမ်မှာသုံးပြီး အေးသောရာသီရှိသော

www.foreverspace.com.mm

အရပ်မို့ အပူပိုင်းဇုန်နိုင်ငံများအလား ရေကို သန့်ရှင်းရာ၌ မသုံးနိုင်ပါ။ ယခုအခါ ကျန်းမာရေးနှင့်အညီ ယင်လုံရေလောင်းအိမ်သာ အများအပြားကို ကမ္ဘာ့နိုင်ငံအသီးသီးက အသုံးပြုလာသည်။ ထို့ပြင် အိမ်သာသုံးစက္ကူကိုပါ သုံးလာခဲ့ကြရာ စက္ကူအသုံးပြုမှုများလာခဲ့သည်။ (ကျွန်တော်တို့ငယ်စဉ်က တက္ကသိုလ်သမဝါယမအသင်းဆိုင်တွင် ရောင်းသောတစ်ရှူးစက္ကူက နှစ်လွှာသုံးလွှာဆိုပြီး နှစ်မျိုးရှိ၏။ အင်မတန်မှ ပါးလွှာပြီး နူးညံ့၏။ အပြာရောင်၊ ပန်းရောင်၊ အစိမ်း၊ အဝါဟူ၍ လှပ၏။ ယင်းသို့ နူးညံ့ပါးလွှာသော တစ်ရှူးစက္ကူအဖြူကို လက်ဖက်ရည်ဆိုင်တွေက နွားနို့အိုးအပေါ်တွင် အချပ်လိုက်တင်ကာ မလိုင်အတုလုပ်ကာ ရောင်းလေသည်။)

တစ်ရှူးစက္ကူအသုံးသည် အိမ်သာထဲမှသည် စားသောက်ဆိုင်စားပွဲပေါ်သို့ ၁၉၈၀ ပြည့်လွန်နောက်ပိုင်းမှစကာရောက်လာခဲ့သည်။ ယခင်က စားသောက်ဆိုင်က လက်သုတ်ပဝါသုံးသည်။ လက်သုတ်ပဝါ၏ဈေးနှုန်း၊ လျှော်ဖွပ်ရသောအလုပ်၊ လျှော်ဖွပ်ပြီးလှမ်းရသည့်နေရာ၊ လျှော်ဖွပ်ရာ၌ သုံးသောဆပ်ပြာစရိတ် စသည်တို့နှင့်စာသော် တစ်ရှူးစက္ကူလိပ်တစ်လိပ်ကို စားပွဲပေါ်မှာချထားပေးခြင်းက အလုပ်ရှုပ်သက်သာသည်။ စရိတ်သက်သာသည်။ သို့နှင့် စားသောက်ဆိုင်အများအပြားက အပေါစားတစ်ရှူးစက္ကူများ သုံးလာခဲ့သည်။ ထို့နောက်တွင် ချွေးသုတ်ရန် တစ်ရှူးပေပါ။ နိုင်ငံတကာလေကြောင်းသွားလေယာဉ်တွေပေါ်က စခဲ့သည်။ ငြီးစီစီဖြစ်နေခိုက် ရေမွှေးနံ့နှင့် အေးမြသောတစ်ရှူးစက္ကူလေးနှင့်သုတ်လိုက်ရလျှင် လူက လန်းဆန်း၍သွားတော့သည်။ ယင်းကို နမူနာယူကာ ယခုအခါ နိုင်ငံအများအပြားတွင် ချွေးသုတ်စက္ကူပဝါပုံစံအမျိုးမျိုး၊ အမျိုးအစားအမျိုးမျိုးကို ထုတ်လုပ်လာခဲ့ကြသည်။ ရလဒ်က ဝါးတောပြုန်းသည်။

ဝါးပင်ပဲ ပြန်စိုက်လျှင် သက်တမ်းတိုတိုအတွင်း ပြန်ပေါက်နိုင်သည်ဟု စာဒကတက်၍ရပါသည်။ သို့သော် လိုအပ်ချက်နှင့်အညီ ဝါးခုတ်သောနှုန်းနှင့် ပြန်ပေါက်သောနှုန်းတို့က အချိုးမညီပါ။ ဝါးခုတ်သောပမာဏက ကြီးမား၍ ပြန်မပေါက်မီ သို့မဟုတ် ဝါးပင်အရွယ်မရောက်မီမှာ သဘာဝပတ်ဝန်းကျင်သို့ ထိခိုက်မှုရှိသည်။ ယခုအခါ စက္ကူအမျိုးမျိုးကို ပြန်လည်ကြိုချက်အသုံးပြုခြင်း (Recycle) ရှိပါသည်။ သို့သော် လိုအပ်ချက်နှင့် ယင်းပြန်လည်ကြိုချက်အသုံးပြုမှုပမာဏက ကွာဟလို့နေလေသည်။

နောက်တစ်ခုမှာ လူသုံးမော်တော်ယာဉ်များ အရေအတွက် အဆမတန်များပြားစွာထုတ်လုပ်လာမှုဖြစ်သည်။ အနောက်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၏ ယာဉ်ထုတ်လုပ်မှုက ထိပ်တန်းမှာရှိသည်။ လုပ်ငန်းသုံးယာဉ်များသာမက ဇိမ်ခံကားထုတ်လုပ်မှုများ ပိုမိုများပြားလာခဲ့သည်။ ယင်းသို့ မော်တော်ကားအရေအတွက်များပြားလာမှုကြောင့် အချို့နိုင်ငံများတွင် စုံဂဏန်းကားနေ့၊ မဂဏန်းကားနေ့ဟူ၍ပင် သတ်မှတ်ရသည်။ ကမ္ဘာ့အိုလံပစ်ပွဲတော်အား တရုတ်ပြည် ဘေဂျင်းတွင် ၂၀၀၈ ခုနှစ် ဩဂုတ်လ၌ ကျင်းပစဉ်ကလည်း လေထုညစ်ညမ်းမှု သက်သာရာရစေရန် မော်တော်ကားများအား ဖော်ပြပါအတိုင်း သတ်မှတ်ခဲ့ရသည်။ ကမ္ဘာ့မြို့ကြီးအချို့တွင် ကားလမ်းပေါ်၌ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားရသည်မှာ ယင်းသို့မော်တော်ယာဉ်များပြားလာ၍ဖြစ်သည်။ မော်တော်ယာဉ်သွားလာနေစဉ် စက်မောင်းထား၍ အပူရှိန်ထွက်သည်။ ထို့နောက် အိတ်ဇောက မီးခိုးက ပတ်ဝန်းကျင်ကို လေထုညစ်ညမ်းမှု ဖြစ်စေသည်။ ဆောင်းတွင်းနံနက်၌ မော်တော်ကားအသွားအလာများသည့်နေရာတွင် နှင်းမြူများမတွေ့ရဘဲ မြို့ပြင်၌သာ နှင်းမြူတွေ့ရသည်မှာ ယင်းမော်တော်ယာဉ်များ၏ အပူရှိန်ကြောင့်ဖြစ်သည်။

နောက်ယာဉ်တစ်မျိုးမှာ လေထဲတွင် ပျံသန်းသောလေယာဉ်များဖြစ်သည်။ ခရီးသည်တင် ကုန်တင်စစ်ဘက် အရပ်ဘက် လေယာဉ်များသည်လည်း မော်တော်ယာဉ်နည်းတူဖြစ်သည်။ ဂျက်လေယာဉ်တစ်စီးကထုတ်လွှတ်သည့် မီးခိုးပမာဏနှင့် အပူရှိန်ကို တွက်ဆကြည့်ပါ။ ထို့နောက် မီးရထားများ၊ သင်္ဘောများက ထုတ်လွှတ်သည့် အပူနှင့် မီးခိုးများ၊ အာကာသစူးစမ်းရေးအတွက်လွှတ်တင်သော ဒုံးပျံများတက်သွားသည့်အခါ ထုတ်လွှတ်သော မီးခိုးနှင့် အပူများစွာတို့၏ အကျိုးဆက်များလည်း ပါလေသည်။

ဒုတိယကမ္ဘာစစ်ပြီးနောက် စစ်စရိတ်ကာမိစေရန် စက်မှုထိပ်တန်းနိုင်ငံများက စက်ရုံများ အများအပြားတည်ဆောက်၍ လည်ပတ်ခဲ့ကြသည်။ စက်ရုံ၏ သယ်ယူပို့ဆောင်ရေးလွယ်ကူစေရန် မြစ်နား၊ ချောင်းနားမှာ စက်ရုံကိုတည်ဆောက်သည်။ စက်ရုံကစွန့်ပစ်ပစ္စည်းနှင့် ရေဆိုး (မသန့်သောရေ–Waste Water) ကို အလွယ်တကူပဲ မြစ်ထဲ၊ ချောင်းထဲ စွန့်ပစ်သည်။ ထိုအခါ မသန့်ရှင်းသော မြစ်ရေ၊ ချောင်းရေဖြစ်လာသည်။ တရုတ်ပြည် ယန်စီမြစ်ရေမှာ စက်ရုံ

**စက်မှုနိုင်ငံများက လေအေးပေးစက်များ၊ ရေခဲသေတ္တာများ၊ အဝတ်လျှော်စက်များ၊ ဖိအားသုံးရေမွှေးပုလင်းများ၊ အနံ့အသက်ပျောက်ဖိအားပေးဆေးဘူးများသည် အိုဇုန်းလွှာပေါက်ပြဲမှုကြီး၏ အကြောင်းတစ်ချက်ဖြစ်သည်။ လေအေးပေးစက်၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာများတွင်သုံးသော စီအက်ဖ်စီ-၁၁ (CFC-11) သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်အဆများစွာပို၍ ပျက်စီးစေသည်။**

www.foreverspace.com.mm

စွန့်ပစ်ပစ္စည်းများကြောင့် အသုံးပြုရန် မသင့်တော်၍ မြစ်ရေသုံးမြို့များသို့ အစိုးရက သောက်သုံးရေထောက်ပံ့ခဲ့ရသည်။ ဂျပန်နိုင်ငံ တိုကျိုမြို့အနီး အဏုမြူဓာတ်အားပေးစက်ရုံမှာ လျှင်လှုပ်၍ စက်ရုံ၏ အဏုမြူစွန့်ပစ်စည်းများ ပင်လယ်တွင်းသို့ကျကာ ပေါက်ပြဲပြီး အဏုမြူယိုစိမ့်မှုဖြစ်ပေါ်ခဲ့သည်။


ဖော်ပြပါ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ လေထုညစ်ညမ်းမှု၊ အိုဇုန်းလွှာ ပိုမိုပေါက်ပြဲလာမှု စသည်တို့ကြောင့် မိုးလေဝသဖောက်ပြန်မှုများ ဖြစ်ပေါ်သည်၊ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးသည်၊ ရောဂါဘယထူပြောသည်။ အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ရာမှပေါ်လာသည့်မီးခိုးများကြောင့် မလေးရှားနှင့် စင်ကာပူတွင် မီးခိုးများပျံ့နှံ့၍ ဒေသခံများ ကျန်းမာရေး ထိခိုက်ခဲ့ရသည်။ တောမီးသည် လူတို့၏ မဆင်မခြင်လုပ်ရပ်ကြောင့် ဖြစ်သလို ကမ္ဘာ့အပူရှိန်ပိုမြင့်မားလာသဖြင့်လည်း ယခင်ကထက်ပို၍ တောမီးလောင်ရန် လွယ်ကူသည်။

ဤကဲ့သို့ သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုဖောက်ပြန်မှုတို့သည် ယခုလုပ်၊ ယခုဖြစ်သည်မဟုတ်ချေ။ ရေရှည်ကျမှ သိသိသာသာဖြစ်လာသောကိစ္စတွေဖြစ်သည်။ Law of Evolution to Revolution ဟူ၍ ရှိသည်။ တရွေ့ရွေ့ ပြောင်းလဲမှုဖြစ်စဉ်မှ တစ်ဟုန်ထိုးပြောင်းလဲမှုဖြစ်စဉ်ဟုခေါ်၏။ ပထမတော့ မသိမသာပြောင်းလဲမှု စတင်ဖြစ်ပွားသည်။ တဖြည်းဖြည်းနှင့် လိုအပ်သောအကြောင်းအချက်များပေါင်းဆုံမိသောအခါ ဝုန်းဆို တစ်ဟုန်ထိုးပြောင်းလဲမှုဖြစ်ပေါ်လာတော့သည်။ ဆည်တစ်ခုတွင် ရေယိုနေသောအပေါက်လေးက သေးသေးလေး ဖြစ်သည်။ အပေါက်သေးသေးလေးပါဟု ဂရုမစိုက်ပစ်ထားသည်။ ရေက တဖြည်းဖြည်းယိုစီးကာ အပေါက်က ကျယ်သထက်ကျယ်လာသည်။ ထို့နောက် အတွင်းရေဖိအားကို မခံနိုင်တော့သောအခါ ဆည်မှာ ဝုန်းခနဲ ကျိုးပေါက်၍သွားတော့သည်။ ဤသည်မှာ တရွေ့ရွေ့ပြောင်းလဲမှုဖြစ်စဉ်မှ တစ်ဟုန်ထိုးပြောင်းလဲမှုဖြစ်စဉ်၏ သိသာသောသာဓက ဖြစ်သည်။ (Revolution ဆို၍ တော်လှန်ရေးဟု အဓိပ္ပာယ်မကောက်စေလိုပါ)။ အိုဇုန်းလွှာပေါက်ပြဲမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ကမ္ဘာ့အပူချိန်မြင့်မားလာမှု၊ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်နှုန်း မြင့်မားလာမှု၊ ကမ္ဘာ့ရေခဲပြင်ကြီးများ အရည်ပျော်နှုန်း မြင့်မားလာမှုတို့သည် ယင်း တရွေ့ရွေ့ပြောင်းလဲမှုဖြစ်စဉ်မှ တစ်ဟုန်ထိုးပြောင်းလဲမှုဖြစ်စဉ်အရဖြစ်ပေါ်ခြင်းဖြစ်လေသည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀၊ ၆၀ ခန့်အတွင်း မဟာလူသားတို့၏ မဆင်မခြင် အမြော်အမြင်ကင်းမဲ့စွာစက်ရုံများမှ ပစ္စည်းထုတ်လုပ်မှု၊ ယာဉ်ရထားများသုံးစွဲမှု၊ သစ်တောများခုတ်ထွင်ခဲ့မှုများ၏ ရလဒ်များဖြစ်သည်။ ယခုတော့ ကမ္ဘာကြီးပူနွေးလာပြီဟု အော်နေရသည့်အဖြစ်သို့ ရောက်ခဲ့ပြီ။

စက်မှုနိုင်ငံများက လေအေးပေးစက်များ၊ ရေခဲသေတ္တာများ၊ အဝတ်လျှော်စက်များ၊ ဖိအားသုံးရေမွှေးပုလင်းများ၊ အနံ့အသက်ပျောက်ဖိအားပေးဆေးဘူးများသည် အိုဇုန်းလွှာပေါက်ပြဲမှုကြီး၏ အကြောင်းတစ်ချက်ဖြစ်သည်။ လေအေးပေးစက်၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာများတွင် သုံးသော စီအက်ဖ်စီ-၁၁ (CFC-11) သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် အဆများစွာပို၍ပျက်စီးစေသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ကြောင့် ကမ္ဘာကြီးပူနွေးမှု 'ခ' ဟု ဆိုပါက စီအက်စီ-၁၁ ကြောင့် အဆ ၄၆၀၀ ပို၍ပူနွေးသည်။ ယခုအခါ ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ပါဝင်မှုသည် (650 Parts Permillion) နှုန်းကိုပင် ကျော်လွန်ကာနီးနေပြီဟု သိပ္ပံပညာရှင်များက ဆိုသည်။

ပစိဖိတ်သမုဒ္ဒရာရေပြင်တွင် ရေပူစီးကြောင်းများ ဖြစ်ပေါ်သည်။ ယင်းကို တောင်အမေရိကတိုက်သုံး စပိန်ဘာသာဖြင့် အယ်လ်နီနို Cel Nino ၊ အယ်နီနာ Cel Nina ဟူ၍ မတူညီသောရေစီးကြောင်းကို မှတည်၍ အမည်ကွဲပြားသည်။ ဤကဲ့သို့ ကမ္ဘာကြီးသည် လေးဒီဂရီစင်တီဂရိတ်မြင့်မားလာခြင်းအား ဘူမိအင်ဂျင်နီယာပညာရပ်ဖြင့်သာကယ်တင်နိုင်မည်ဟု သိပ္ပံပညာရှင်အချို့က ဆိုသည်။ သူတို့အဆိုအရ ပင်လယ်သမုဒ္ဒရာအတွင်းသို့ သံတုံးသံခဲအများအပြားပစ်ချခြင်းဖြင့် ပင်လယ်ပြင်ကြီး အပူချိန်လျော့ပါးစေနိုင်မည်ဟု ဆိုသည်။ အချို့ကလည်း ယင်းအဆိုပြုချက်ကို

(ပုံ-၁)



www.foreverspace.com.mm

သဘောမတူခဲ့ပါ။ ကန့်ကွက်သူတို့၏အဆိုအရ ပင်လယ်ရေပြင်ထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ပျော်ဝင်နေပြီး ပင်လယ်ပြင်အချဉ်ပေါက်မှုကြောင့် ဖြစ်ပေါ်သည့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ကာကွယ်နိုင်မည်မဟုတ်ပါဟု အကြောင်းပြပြောဆိုသည်။

ဤကဲ့သို့ ကမ္ဘာကြီးပူနွေးလာကာ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် အသက်အိုးအိမ်များစွာကို ထိခိုက်ခဲ့သည်။ ၂၀၀၆ ခုနှစ်တစ်ခုတည်း ရာသီဥတုဖောက်ပြန်မှုကြောင့် ရေလျှံကာ လူသန်း ၇၀ မှ သန်း ၃၀၀ အတွင်းကို ထိခိုက်စေခဲ့သည်။ တောင်အာဖရိကနှင့် မြေထဲပင်လယ်ဒေသတွင် ရေရရှိမှု ၃၀ ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်။ အာဖရိကတွင် စိုက်ပျိုးသီးနှံထုတ်လုပ်မှု ၁၅ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းပြီး တိရစ္ဆာန်နှင့် သစ်ပင်သီးနှံများ ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ကွယ်ပျောက်နိုင်သည်ဟု ဗြိတိန်အစိုးရ 'စတန်း' အစီရင်ခံစာက ဆိုလေသည်။

၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ်အစီရင်ခံစာအရမှု အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် ရေသန့်ရရှိမှုအခွင့်အလမ်းနည်းပါးလာခဲ့သည်။ ရေလျှံမှုနှင့် ရေပြတ်လပ်မှုကြောင့် ဖျားနာသူ၊ သေဆုံးသူ ရာခိုင်နှုန်းများပြားလာခဲ့သည်။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းနှင့် ရေပြင်အပူချိန်မြင့်မားလာခဲ့၍ ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းပတ်ဝန်းကျင်စနစ်များ ပျက်စီးလာခဲ့သည်။ ပင်လယ်ရေပြင်မြင့်တက်လာခဲ့မှုကြောင့် လူဦးရေသန်းပေါင်းများစွာတို့ နေရာအတည်တကျမဖြစ်တော့ဘဲ မတည်မငြိမ်ဖြစ်ခဲ့ရသည်။ ပင်လယ်ရေစိမ့်ဝင်ခဲ့ခြင်းကြောင့် ယင်းနှင့်ဆက်စပ်ရာစက်မှုလုပ်ငန်းများ ပျက်စီးခဲ့ရသည်။ စိုစွတ်မြေနှင့် သန္တာကျောက်တန်းများ၏ သဘာဝပတ်ဝန်းကျင်တည်ငြိမ်မှုကို ထိခိုက်ပျက်စီးစေသည်။ **(ပုံ-၁)**

တောင်အာရှဒေသတွင် မုန်တိုင်းဆိုင်ကလုန်းတိုက်ခတ်မှု၊ ရေကြီးမှု၊ ရေခန်းခြောက်မှုများသည် ပိုမိုပြင်းထန်ခြင်းနှင့် အရေအတွက်ပိုမိုလာမှုများဖြစ်လာခဲ့သည်။ ရေလွှမ်းမိုးဒေသများ၊ မိုးခေါင်ရေရှားဒေသများ၊ စိုက်ပျိုးဧရိယာများတွင် ထိခိုက်လာခဲ့သည်။ ဟိမဝန္တာနိုင်ငံများ၌ မြစ်ရေခန်းလာခြင်း၊ ရေသန့်ထောက်ပံ့မှုမရနိုင်တော့ခြင်း စသည်များဖြစ်လာကာ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား နယ်မြေခွဲဝေပိုင်းခြားမှုလုပ်ရန် လိုအပ်လာခဲ့သည်။ ပင်လယ်ရေပြင်မြင့်တက်လာခဲ့ရာမှ ရေလျှံကာ ကမ်းရိုးတန်းဘက်ရှိ သတ္တဝါများအား ထိခိုက်စေခြင်း၊ မြေကြီးအတွင်းက သဘာဝရေစီးကြောင်းတို့ကို ထိခိုက်စေခြင်း၊ စွတ်စိုမြေဆုံးရှုံးမှုဖြစ်စေခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းများ ဖြစ်စေခဲ့သည်။

ကမ္ဘာကြီးပူနွေးလာမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကာကွယ်ရေးအတွက် လှုပ်ရှားမှုများကို ယခုမှပြုလုပ်ခဲ့သည်မဟုတ်ပါ။ 'အစိမ်းရောင်ငြိမ်းချမ်းရေး' (Green Peace)အဖွဲ့သည် ကမ္ဘာကျော်အဖွဲ့ဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင်စတင်ထူထောင်ခဲ့ပြီး အမေရိကန်တို့က အလာစကာတွင် အဏုမြူဗုံးစမ်းသပ်ဖောက်ခွဲမှု၊ ဗြိတိသျှတို့၏ အဆိပ်နှင့် ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများ စသည်တို့ကို ကန့်ကွက်ခဲ့သည်။ သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ပဋိပက္ခဖြစ်ခဲ့ရသည်။ ၁၉၈၅ ခုနှစ်တွင် ဂရင်းပိစ်အဖွဲ့ပိုင် ရိန်းဘိုးဝါရီယာ (Rainbow Warrior) သင်္ဘောကို နယူးဇီလန်တွင် ပြင်သစ်ထောက်လှမ်းရေးများက ဖောက်ခွဲဖျက်ဆီးသည်ကို ခံခဲ့ရသည်။

၁၉၆၀ ပြည့်လွန်နှစ်များကစ၍ နိုင်ငံများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နိုင်ငံရေးပါတီများ ပေါ်လာခဲ့သည်။ ၁၉၇၀ ပြည့်နှစ်များတွင် ယင်းနိုင်ငံရေးပါတီများ ပိုမိုကြီးထွားလာခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပြင်သစ်က Les Verts ပါတီ၊ ၁၉၇၅ ခုနှစ်တွင် အင်္ဂလန်၌ Ecology Party၊ ၁၉၇၇ ခုနှစ် ရေနံအရေးအခင်းအပြီးဝယ် လေထုနှင့်ရေထုသန့်ရှင်းရေး၊ အများသုံးခရီးသည်ပို့ဆောင်ရေးတိုးတက်ရေး၊ စွန့်ပစ်ပစ္စည်းများအား ပြန်လည်ကျိုချက်ရေးများအတွက် ပို၍လှုပ်ရှားခဲ့ကြသည်။ ၁၉၇၈ ခုနှစ်တွင် ဆွစ်ဇာလန်၊ ၁၉၈၀ တွင် အီတလီ၊ ၁၉၈၁ တွင် အိုင်ယာလန်၊ ၁၉၈၂ တွင် ဩစတီးယားနှင့် ၁၉၉၀ ပြည့်ကျော်တွင် ဩစတြေးလျနိုင်ငံများ၌ ဂရင်းပါတီ (Green Party) များထူထောင်၍ နိုင်ငံရေးအသွင်ဖြင့် လှုပ်ရှားလာခဲ့ကြသည်။


၁၉၆၀ ပြည့်လွန်နှစ်များနောက်ပိုင်းနှင့် ၁၉၇၀ ပြည့်လွန်နှစ်စပိုင်းများကစကာ ရေနံထွက်ပစ္စည်း ပလတ်စတစ်ကို လူသုံးကုန်ပစ္စည်းများအဖြစ် စတင်အသုံးပြုခဲ့ကြသည်။ ပစ္စည်းထည့်သည့် ပလတ်စတစ်ကြွပ်ကြွပ်အိတ်မှသည် မော်တော်ယာဉ်အစိတ်အပိုင်း၊ ကွန်ပျူတာပစ္စည်းများအထိ ပလတ်စတစ်ကိုအသုံးပြုခဲ့ကြသည်။ ယင်းတို့အနက် ပလတ်စတစ်ကြွပ်ကြွပ်အိတ်မှာ တွင်တွင်ကျယ်ကျယ်အသုံးပြုခဲ့ကြပြီး ယင်းကိုစွန့်ပစ်ရာတွင် အခက်အခဲရှိခဲ့သည်။ မြေမြှုပ်သည်ဖြစ်စေ၊ မြေပေါ်တွင်စွန့်ပစ်သည်ဖြစ်စေ ယင်းမှာ အလွယ်တကူပျက်စီး၍ မသွားချေ။ ယင်းကို မီးရှို့ဖျက်ဆီးက အလွယ်တကူပျက်စီး၏။ သို့သော် ယင်းအငွေ့ကိုရှူရှိုက်မိပါက ကင်ဆာရောဂါဖြစ်စေနိုင်သည်ဟု ဆိုသည်။ ပလတ်စတစ်သည် ဘေးထွက်ဆိုးကျိုးကို ဖြစ်စေသည်။ ကိုယ်အပူရှိန်အနည်းငယ်ရှိသော ကလေးပေါက်စတစ်ဦးကို ပလတ်စတစ်အခင်းပေါ်တွင်သိပ်ထားပါက ကိုယ်အပူရှိန်တက်လာပြီး ပလတ်စတစ်အခင်းအား ဖယ်လိုက်လျှင် ယင်းကလေးငယ်၏ကိုယ်အပူရှိန် ကျသွားသည်ကို လက်တွေ့စမ်းသပ်ကြည့်နိုင်သည်။ ပလတ်စတစ်ပေတံတစ်ချောင်းကို ခေါင်းမှဆံပင်ဖြင့် သုံးလေးချက်ပွတ်တိုက်လိုက်ပြီး ယင်းပေတံကို ပါးလွှာသော စာရွက်တစ်ရွက်ပေါ်၌ ကပ်ကြည့်လိုက်ပါ။ အောက်ကစာရွက်သည် ပေတံဆီသို့ပြေးကပ်လာသည်ကို တွေ့ရပါမည်။

ဤကဲ့သို့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို သတိပြုမိကာ ၁၉၇၄ ခုနှစ်ခန့်မှစ၍ ပြုပြင်ထိန်းသိမ်းရေးနှိုးဆော်မှုများ ပြုလာခဲ့သည်။ သို့သော် ၂၀၀၀ ပြည့်နှစ် လွန်သောအခါတွင်မှ ထိထိရောက်ရောက်

www.foreverspace.com.mm



(ပုံ-၂)




**ဘဝစက်ဝိုင်းသုံးသပ်မှု (Life Circle Assessmeut)**

ဆောင်ရွက်လာနိုင်ခဲ့သည်။ စက်မှုလုပ်ငန်းများမှ လူသုံးကုန်ပစ္စည်းအများအပြားထုတ်လုပ်မှုသည်လည်းကောင်း၊ ယင်းပစ္စည်းများကိုသုံးစွဲခြင်းဖြင့်လည်းကောင်း ရာသီဥတုပြောင်းလဲမှုနှင့် အိုဇုန်းလွှာပျက်စီးမှုကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုးကျိုးများဖြစ်စေကြောင်း သိသာထင်ရှားလာခဲ့သည်။ မကြာသေးခင်ကပင် များစွာသောကုမ္ပဏီများသည် သူတို့ထုတ်ကုန်ပစ္စည်းများကပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အရေးကြီးကြောင်း အသိအမှတ်ပြုလာကြသည်။ ထို့အတူ ယင်းပစ္စည်း၏ ဒီဇိုင်းနှင့်ထုတ်လုပ်မှုကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေရအောင်လည်း ပူးပေါင်းဆောင်ရွက်လာခဲ့ကြသည်။ ကုန်ပစ္စည်းထုတ်လုပ်ရာ၌ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် စဉ်းစားရာတွင် ပစ္စည်းထုတ်လုပ်မှုဘဝစက်ဝိုင်းတစ်ခုလုံးကို သုံးသပ်ရသည်။ ယင်း ဘဝစက်ဝိုင်းသုံးသပ်မှု (Life Circle Assessment) တွင် သတ္တုရိုင်းထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ ထုတ်လုပ်မှု၊ ထုတ်လုပ်ပြီးပစ္စည်းကိုဖြန့်ချိမှု၊ ဖြန့်ချိထားသောပစ္စည်းကိုသုံးစွဲမှု၊ သုံးစွဲပြီးသောပစ္စည်းများ၏နိဂုံးချုပ်သွားမှု စသည့်အားလုံးသောဖြစ်စဉ်ကို ထည့်သွင်းစဉ်းစားရသည်။ လူဆိုလျှင် ပုခက်တွင်းမှသည် အုတ်ဂူတွင်းရောက်သည်အထိ (From Cradle to grave ) စဉ်းစားပုံနည်းလမ်းမျိုးဖြစ်သည်။ **(ပုံ-၂)**

ဤကဲ့သို့ သဘာဝပတ်ဝန်းကျင်မထိခိုက်စေနိုင်မည့်ပစ္စည်းထုတ်လုပ်မှုသည်လွယ်ကူသောကိစ္စမဟုတ်ပါ။ ဒီဇိုင်းတစ်ခုလုံးကို ပြောင်းလဲထုတ်လုပ်ရသည်ဖြစ်၍ စက်မှုလုပ်ငန်းရှင်များအတွက် လွယ်ကူသော ကိစ္စမဟုတ်ပါ။ အချိန်ယူရသည်။ ငွေကုန်ကြေးကျများသည်။ ပစ္စည်းတစ်ခုကိုပြောင်းလဲထုတ်လုပ်သည်နှင့် ဈေးကွက်ကိုဦးစွာစဉ်းစားရသည်။ အသစ်ထုတ်လုပ်သော eco-Product ပစ္စည်းသည် ကုမ္ပဏီ၏ အစုရှယ်ယာဈေးမြင့်မားလာရေးနှင့် ပစ္စည်းထုတ်လုပ်ရာ၌ ကုန်ကျစရိတ်သက်သာမှုကို မျှော်မှန်းတွက်ဆရသည်။ အဆိုပါ eco- Product ပစ္စည်းများထုတ်လုပ်ရာတွင် အိုင်အက်စ်အို-၁၄၀၀၀ (International Standard organization-ISO 14000) မှစ၍သတ်မှတ်သည်။ ဥပမာ-ဥရောပဈေးကွက်တွင် ထိုင်းနိုင်ငံလုပ်ပစ္စည်းများအား eco-Product (ISO-14000) မဟုတ်က လက်မခံတော့ချေ။ ထိုအခါ အချို့ကုန်ပစ္စည်းထုတ်လုပ်သောနိုင်ငံများက eco-Product ပစ္စည်းတစ်မျိုး၊ ရိုးရိုးပစ္စည်းတစ်မျိုးနှစ်မျိုးနှစ်စား ထုတ်လုပ်ကာ ပစ္စည်းနှင့်ဈေးကွက်ကို ညှိနှိုင်းတင်ပို့ကြပြန်လေသည်။ ဤသို့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ချက်မှာ သူတစ်မျိုးငါတစ်ဖုံနှင့် အပြည့်အဝအောင် မြင်မှုမရတော့ပေ။

ဤကဲ့သို့ပစ္စည်းများကိုအလွန်အကျွံထုတ်လုပ်သုံးစွဲပြီးသားပစ္စည်းများကတောင်ပုံယာပုံနေဆိုသည့်အဖြစ်များကချမ်းသာသည့်နိုင်ငံများ၌ အစဉ်တွေ့ရပြီးဂျပန်တွင် တယ်လီဗီးရှင်းအဟောင်း၊ ဗီစီဒီ၊ ဒီဗီဒီစက်အဟောင်းများကို အမှိုက်ပုံ၌ စွန့်ပစ်။ အသစ်မဝယ်နိုင်သော ရွှေ့ပြောင်းအလုပ်သမားများက သုံး၍ရသည်ကို ရွေး၍ပြုပြင်သုံးစွဲကြသည်။ ဟောင်ကောင်၊ မကာအိုသည် ဂျပန်လောက်မချမ်းသာ၍ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအဟောင်းများအစုလိုက်အပြုံလိုက် အမှိုက်ပုံ၌မတွေ့ရနိုင်စေကာမူ အခြားပစ္စည်းအများအပြားကိုတွေ့ရလေသည်။ တရုတ်နှစ်သစ်ကူးနီးသော် အိမ်ရှိမွေ့ရာ၊ ခုတင်၊ ဆိုဖာဆက်တီများ အသစ်လဲကြသည်။ တရုတ်နှစ်သစ်ကူးရာသီတွင် သုံးစွဲ၍ရသေးသော ယင်းပစ္စည်းမျိုးအများအပြားကို အမှိုက်ပုံ၌ တွေ့ရလေသည်။ မည်သည့်ပစ္စည်းပင်ဖြစ်စေ ထုတ်လုပ်သည်မှ လုံးဝသုံးမရတော့သည်အထိ သုံးစွဲခြင်းက သဘာဝသယံဇာတအား မလိုအပ်ဘဲ ထုတ်လုပ်မှုမဖြစ်စေခြင်း၊ ထုတ်လုပ်စဉ်နှင့် သုံးစွဲစဉ်၌ ပတ်ဝန်းကျင်ပျက်စီးမှုလျော့ပါးစေနိုင်ခြင်း အကျိုးဆက်များရရှိသည်။ ထို့ကြောင့်လည်း စက်မှုထုတ်ပစ္စည်းများ အပါအဝင် အခြားလူသုံးပစ္စည်းများအတွက် 'အာရ်များ' (Rs) မူဝါဒတစ်ရပ်ကို အဆိုပြုလာခဲ့သည်။ ယင်းမူဝါဒတွင် ၃-၄-၅-၇ အာရ်များ (၃-၄-၅-၇RS) ဟူ၍ ရှိသည်။ သုံးစွဲသောပစ္စည်းအ

www.foreverspace.com.mm

| 3 R | 4 R | 5 R | 7 R |
|---|---|---|---|
| - Reduce | - Reduce | - Refuse | - Refuse |
| - Reuse | - Reuse | - Reduce | - Reduce |
| - Recycle | - Repair | - Reuse | - Re use |
| | - Recycle | - Repair | - Repair |
| | | - Recycle | - Refurbish |
| | | | - Recycle |
| | | | - Replenish |

ပေါ်မူတည်၍ ကွဲပြားသည်။ **(ဇယား)**

၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့ထုတ် The Voice Weekly တွင် ပတ်ဝန်းကျင်ဗေဒခေါင်းစဉ်ဖြင့် ကျွန်တော်ရေးသားခဲ့စဉ်က (Refuse -ငြင်းပယ်ခြင်း၊ Reduce - လျော့၍သုံးစွဲခြင်း၊ Reuse - ပြန်လည်အသုံးပြုခြင်း၊ Repair - ပြင်ဆင်အသုံးပြုခြင်းနှင့် Recycle- ပြန်လည်ကြိုချက်သုံးခြင်း) ဟူ၍ "5Rs" တွင် Refurbish -ပြန်လည်အရောင်တင်ခြင်းနှင့် Replenish ထပ်ဖြည့်ခြင်းဟူ၍ အချက်နှစ်ချက် တိုးလာပါသည်။

မြန်မာနိုင်ငံတွင်မူ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင်အချို့က လုပ်ဆောင်နေသော်လည်း လူသိကအတော်ပင်နည်းလှသောကိစ္စ ဖြစ်နေခဲ့သည်။ **(ပုံ-၃)**


၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၇ ရက်နေ့ထုတ် The Voice Weekly တွင် မြန်မာစာနယ်ဇင်းများ၌ မတွေ့ဖူးသောကြော်ငြာတစ်ခုကို တွေ့ရသည်။ တို့ကမ္ဘာမြေကျန်းမာဖို့ ဝိုင်းဝန်းကူညီစောင့်ရှောက်စို့ (Helping Our earth Stay Healthy) ဟူသောခေါင်းစဉ်ဖြင့် ရန်ကုန်မြို့တွင် Chain Super Market တွေဖွင့်ထားသောဈေးဆိုင်ကကြော်ငြာ ဖြစ်သည်။ ယင်းဈေးဆိုင်သည် Living Colour မဂ္ဂဇင်း၏ 'သူတို့ဆီကဈေးရောင်းပုံ' ဆောင်းပါး၌ ဈေးဝယ်၏လွယ်ထားသောအိတ်ကို ကြွပ်ကြွပ်အိတ်ကြီးဖြင့်စွပ်ကာ တိပ်ဖြင့်ပိတ်၍ ပြန်ပေးလိုက်သောဈေးဆိုင်ဖြစ်သည်။ ယခုယင်းဆိုင်ကပင် လျှော်ပြီး ပြန်သုံးနိုင်သောပစ္စည်းထည့်သည့်အိတ်ကို တစ်လုံး ၇၀၀ ကျပ်နှင့် လိုသလောက် ရောင်းပေးမည်။ ယင်းငွေ၏ ၅၀ ရာခိုင်နှုန်း ၃၅၀ ကျပ်ကို မြန်မာ့နိုင်ငံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအဖွဲ့ မင်္ဂလာမြန်မာသို့ လှူဒါန်းမည်။ ပစ္စည်းထည့်ရန် ကြွပ်ကြွပ်အိတ်မသုံးဘဲ ယင်းအိတ်များကိုသာသုံးပါက ဝယ်ထားသည့်ပမာဏအလိုက် ပွိုင့်တွေစုပြီး ပွိုင့် ၄၀ ရပါက စွမ်းအင်ချွေတာရေးမီးလုံးတစ်လုံး ရမည်ဟု ကြော်ငြာ၍နေပြန်ပါပြီ။

ကောင်းပါသည်။ ဘာမှမလုပ်တာနဲ့စာရင်တော့ တစ်ခုခုလုပ်တာကပို၍ကောင်းပါသည်။ သို့သော် ဤကမ္ဘာမြေ ပူနွေးလာခြင်းနှင့် အိုဇုန်းလွှာပျက်စီးခြင်းက ကြွပ်ကြွပ်အိတ်တစ်ခုတည်း ပြဿနာမဟုတ်ပေ။ စက်ရုံထုတ်ပစ္စည်းများက ပတ်ဝန်းကျင်ပျက်စီးစေခြင်း၊ ယာဉ်များ တိုးတက်သုံးစွဲလာမှုကြောင့် အပူရှိန်မြင့်လာခြင်း စသည့် အခြားအကြောင်းများ ရှိပါသေးသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀၊ ၆၀ က ဤအကျိုးဆက်တွေကို ထည့်သွင်းမစဉ်းစားဘဲ ပစ္စည်းတွေကို ထင်သလိုထုတ်၊ ထင်သလိုသုံးစွဲခဲ့၍ ယခုဤသို့ဖြစ်ရသည်။ စက်ရုံထုတ်ပစ္စည်း ထုတ်လုပ်မှုနှင့် သုံးစွဲမှုသည် သဘာဝကိုမထိခိုက်စေခြင်း၊ အများစီးယာဉ်ရထားများကိုတိုး၍သုံးစွဲခြင်း၊ သစ်ပင်ခုတ်မှု၊ တောပြုန်းမှုကို မဖြစ်စေခြင်း စသော အားထုတ်မှုများကို တစ်ကမ္ဘာလုံး ဟန်ချက်ညီညီဆောင်ရွက်နိုင်ပါမှ တစ်နည်းအားဖြင့် ယခုကတည်းက ဒူးလောက်တင်ထားပါမှ နောင်နှစ် ၅၀ တွင် ရင်လောက်ကျမည့် ပတ်ဝန်းကျင်ကြွခိုင်မှုကို ရနိုင်မည် ဖြစ်ပါသည်။

**ကိုဝမ်း**

**(ပုံ-၃)**

Normalization




**Ref:**

**(၁) The Training Programme on Industry and Environmental Protection for ASEAN with Special focus on life Circle Assessment (LCA) Spet 18-22, 2008, Bangkok, Thailand. မှ လက်ကမ်းစာစောင်များ**

**(၂) Sunday Nation, Sep 21, 2008 (Thailand)**

**(၃) Dictionary of Tweutweth Century History (1914-1990), Oxford University Press, 1992**

**(၄) ကြေးမုံသတင်းစာ နိုဝင်ဘာလ (၇) ရက် ၂၀၀၈**

www.foreverspace.com.mm

ယခင်လမှအဆက်



# UNGA ၊ G 20

# အရှေ့သွား အနောက်ရောက် (၄)

ရဲမင်းဦး

**စာရေးသူတို့ရောက်နေသည့် ကုလသမဂ္ဂအထွေထွေညီလာခံခန်းမကြီးအတွင်း အထင်အရှားဖော်ပြထားသည့် စာတန်းမှာ Summit on Climate Change ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်လာမှုကို နိုင်ငံတကာလူ့အဖွဲ့အစည်းက ဝိုင်းဝန်းထိန်းချုပ်ဟန့်တားရေးဦးတည်ဆွေးနွေးသည့်ပွဲ။ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အသီးသီးက ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးအတွက် ရှုထောင့်မျိုးစုံအခြေခံဆွေးနွေးထားမှုများကိုအတည်ပြုသည့်အစီအစဉ်နှင့် စာရေးသူတို့ကြုံကြိုက်သွားခြင်းဖြစ်သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ခန်းမကြီးတစ်ခုလုံး ဆိတ်ငြိမ်သွားသည်နှင့် ဂါနာနိုင်ငံသမ္မတကို ဖိတ်ခေါ်လိုက်သည်။**

ဂါနာသမ္မတ ဂျွန်အီဗန်းစ် အက်တာမီလစ်က ရာသီဥတုပြောင်းလဲဖောက်ပြန်နေမှု၏ အန္တရာယ်ကြီးမားနေပြီဖြစ်ကြောင်း၊ ထိန်းချုပ်ဟန့်တားရေးလုပ်ငန်းများကို လူ့အဖွဲ့အစည်းအားလုံးပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်မှရတော့မည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများအတွက် ကမ္ဘာ့ရန်ပုံငွေတစ်ရပ်လိုအပ်ကြောင်း၊ ကမ္ဘာ့ဂေဟစနစ်ဆက်လက်ပျက်စီးနေစေမည်ဆိုလျှင် ဝမ်းနည်း

www.foreverspace.com.mm



ကြေကွဲဖွယ်ရာဆိုးကျိုးများ ခံစားကြရတော့မည်ဖြစ်ကြောင်း၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များအတွက် အချိန်ဇယားလိုအပ်ကြောင်း၊ ယင်းလုပ်ငန်းများဆောင်ရွက်သည့်အခါ နိုင်ငံတိုင်းက ကျင့်ဝတ်မဖောက်ဖျက်ရန်လိုကြောင်း၊ ရေရှည်လုပ်ငန်းစဉ်ဖြစ်ရမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၌ ကမ္ဘာ့ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏကို လက်ရှိပမာဏထက် ၄၅ ရာခိုင်နှုန်းလျော့ကျသွားစေရန်လိုအပ်ကြောင်း ဂါနာဘာသာစကားဖြင့် ပြောသည်။ စာရေးသူတို့က ထိုင်ခုံဘေးဘက်တွင် အသင့်တပ်ထားသည့် နားကြပ်ကိုဖြုတ်ယူနားဆင်ကြရသည်။ ဘာသာပြန်သူကလည်း ဂါနာဘာသာစကားမှ အင်္ဂလိပ်ဘာသာစကားသို့ တိတိကျကျပြန်ဆိုပေးသည်။ ဂါနာဝန်ကြီးချုပ်က ခံစားချက်ဖြင့် စိတ်ပါလက်ပါ ပြောသွားခြင်းဖြစ်၏။

ထို့နောက် အာဖရိကမှ နိုင်ငံခြားရေးဝန်ကြီးတစ်ဦးက ရာသီဥတုပြောင်းလဲဖောက်ပြန်မှုထိန်းချုပ်ရေးဆိုင်ရာ ၎င်း၏ယူဆချက်များကို ပြောပြန်သည်။ ယင်းပုဂ္ဂိုလ်၏ပြောစကားများအဓိပ္ပာယ်မှာ ဂါနာဝန်ကြီးချုပ်ပြောသွားသကဲ့သို့ သံတူကြောင်းကွဲအဓိပ္ပာယ်။ ထို့နောက် ဒိန်းမတ်နိုင်ငံဝန်ကြီးချုပ် ရက်စ်မူဆန်က မိန့်ခွန်းပြောပြန်သည်။ ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကုလသမဂ္ဂထိပ်သီးညီလာခံ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းညီလာခံတွင် နိုင်ငံ့ခေါင်းဆောင်အားလုံး ပါဝင်တက်ရောက်ဆွေးနွေးကြစေလိုကြောင်း၊ နိုင်ငံများအကြား အပြန်အလှန်ယုံကြည်မှု (Trust)၊ ထင်သာမြင်သာရှိမှု (Transparency) နှင့် ဆောင်ရွက်အကောင်အထည်ဖော်လိုစိတ် (Political Will) ရှိရန်လိုအပ်ကြောင်း၊ အသွင်ပြောင်းဆောင်ရွက်မှု (Transform) ရှိလာမှသာ ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးရည်မှန်းချက်များ အောင်မြင်လိမ့်မည်ဖြစ်ကြောင်း ဒိန်းမတ်ဝန်ကြီးချုပ်က ဆို၏။

မစ္စတာဘန်ကီမွန်းက နိဂုံးချုပ်စကားဆိုသည်။ ပြောပုံညင်သာသည်။ လိုတိုရှင်းအဓိပ္ပာယ်သက်ရောက်မှုရှိစေသည်။ သူ၏ဆိုစကားမှာ 'ဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ဖြစ်ရမည်၊ ကန့်သတ်ချက်များ ဆီလျော်ရမည်၊ နိုင်ငံတကာသဘောတူညီချက်ရအောင်ကြိုးစားကြရမည်၊ ကမ္ဘာသားအားလုံးကို ရာသီဥတုပြောင်းလဲနေမှု၏ သက်ရောက်လာနိုင်မှုများ အသိပေးရမည်၊ မြေ၊ ရေ၊ စွမ်းအင် အသုံးချပုံသဏ္ဌာန်များ ပြောင်းလဲကြရမည်၊ ဖန်လုံအိမ်အာနိသင်ယိုယွင်းစေမှုများထိန်းချုပ်ရေးအတွက် နိုင်ငံတိုင်း၊ အထူးသဖြင့် စီးပွားရေးအင်အားကြီးနိုင်ငံတိုင်းတွင် တာဝန်ရှိသည်၊ ဦးစားပေးလုပ်ငန်းစဉ်များချမှတ်ရမည်၊ ညီလာခံတက်ရောက်လာသည့် ကိုယ်စားလှယ်တိုင်းတွင် သက်ဆိုင်ရာခေါင်းဆောင်များထံ အခြေခံညှိနှိုင်းသဘောတူထားမှုများ မခွင်းမချန်ပြန်လည်သတင်းပို့ရန် တာဝန်ရှိ



www.foreverspace.com.mm

သည်၊ စကားတွေပြောပြီးကြပြီ။ အလုပ်တွေစလုပ်ရန်သာ ကျန်တော့၏' အစရှိသဖြင့် ...။ (သဘောတူထားသည့်အတိုင်း ကျင်းပခဲ့သော ဒိန်းမတ် ထိပ်သီးညီလာခံကြီးတွင်မူ နိုင်ငံတကာသဘောတူညီချက် အခိုင်အမာပေါ်ထွက်လာခြင်း မရှိခဲ့။ လုပ်ရမည်ကိုမသိ၍မဟုတ်။ လုပ်သင့်သည်ကို နားလည်ကြသည့်တိုင် အမျိုးသားကိုယ်ကျိုးစီးပွားငွေ့ကွက်ရမှုများ ကိုယ်စီရှိနေခဲ့၍ ဖြစ်သည်။)

ညီလာခံစဲသော် စာရေးသူတို့မှာ ချက်ချင်းနေရာရွှေ့ပြောင်းမှုလုပ်ကြရသည်။ မစ္စတာဘန်ကီမွန်းနှင့် ဒိန်းမတ်ဝန်ကြီးချုပ်တို့က သတင်းစာရှင်းလင်းပွဲခန်းမတစ်ခုသို့ ထွက်ခွာသွား၍ဖြစ်၏။ ယင်းခန်းမသို့ ဟိုမေးဒီစမ်းဖြင့် စာရေးသူတို့ရောက်သွားချိန်တွင် သတင်းထောက်တစ်ဦး၏မေးခွန်းကို ဒိန်းမတ်ဝန်ကြီးချုပ်က ဖြေနေပေပြီ။ အဖြေဆုံးသည်နှင့် အခြားသတင်းထောက်တစ်ဦးက မေးပြန်သည်။ အတွင်းရေးမှူးချုပ်က ဖြေပြန်၏။ စာရေးသူတို့မှာ ခန်းမနောက်ဘက်ပိုင်းတွင်ရောက်နေ၍ အမေးအဖြေများကို ကောင်းစွာမကြားရ။ ခန်းမအတွင်း ဟိုလျှောက်သည်လျှောက်လုပ်သည်နှင့် လုံခြုံရေးဝန်ထမ်းများ၏ လိုက်ကြည့်မှုကိုခံရသည်။ နီးစပ်ရာခုံတစ်ခုံတွင်နေရာယူလိုက်ရပြီး အမေးအဖြေများကို ကြားရသရွေ့သာ နားစွင့်နေလိုက်ရကာ ကုလသမဂ္ဂသတင်းစာရှင်းလင်းပွဲတစ်ရပ်ကိုသာ အကဲခတ်ခွင့်ရလိုက်သည်။

သတင်းစာရှင်းလင်းပွဲပြီးသွားသဖြင့် အခြားအစီအစဉ်များလည်းမရှိတော့။ ကုလသမဂ္ဂဌာနချုပ်အဆောက်အအုံပြင်ပရောက်တော့ နယူးယောက်၌ အမှောင်ဖုံးစပြုနေပေပြီ။ စာရေးသူတို့၏ သတင်းခရီးအစီအစဉ်အရ နောက်တစ်ရက် (စက်တင်ဘာလ ၂၃ ရက်နေ့) တွင် နယူးယောက်မှ ဝါရှင်တန်၊ ဝါရှင်တန်မှာ G 20 ထိပ်သီးဆွေးနွေးပွဲကျင်းပမည့် ပစ္စဘတ်မြို့သို့သွားကြရမည်ဖြစ်သည်။ ကုလသမဂ္ဂအဆောက်အအုံရှိရာ အမှတ် ၁ ရိပ်သာလမ်းမကြီးမှ မန်ဟက်တန်ကျွန်းအလယ်ခေါင်အရပ်တွင်ရှိသော ကမ္ဘာကျော် Times Square ရပ်ကွက်သို့ လမ်းလျှောက်ရောက်သွားကြ၏။ ညစာစားမည်၊ လေ့လာကြည့်ရှုကြမည်၊ အမှတ်တရဓာတ်ပုံရိုက်မည်၊ ပြီးလျှင်တည်းခိုရာ Ravel ဟိုတယ်သို့ပြန်၍ နားမည်ဟု စိတ်ကူးကြသည်။ စိတ်ကူးသည့်အတိုင်း လုပ်ဆောင်လိုက်ကြသည်။ Times Square အရပ်တွင်အရောင်အသွေးစုံလူများ ကြက်ပျံမကျဥဒဟိုသွားလာလျက်ရှိ၏။

ညစာကို ယင်းရပ်ကွက်အတွင်းရှိ Black အများစုရှိသော စားသောက်ဆိုင်တစ်ဆိုင်၌ နားနားနေနေသုံးဆောင်လိုက်သည်။ ထုံးစံအတိုင်း ခွဲခွဲခြားခြားဖြစ်မှုမရှိသည်ကိုကြုံရပြန်၏။ (No Discrimination)။ Times Square မှ Ravel သို့ ကားငှားပြန်လာခဲ့ရာလမ်းတွင် ယာဉ်မောင်းကြီးက စာရေးသူကိုကြည့်၍ "နယူးယောက်ကဘယ်နှယ့်လဲ" ဟု မေးသည်။ "ကြားဖူးထားတဲ့အတိုင်းပါပဲ။ ခင်ဗျားတို့ရော ဘယ်နှယ့်လဲ"ဟု စာရေးသူက ဖြေမေးလုပ်လိုက်သည်။ "အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုရှိနေတယ်" ဟု အဆိုပါပုဂ္ဂိုလ်က ဖြေသည်။ စကားစပြတ်သွားသည်။ စာရေးသူ၏အတွေးကမပြတ်။ အကြမ်းဖက်မည့် ခြိမ်းခြောက်မှုများကို ၉/၁၁ ဖြစ်ရပ်ရင်ဆိုင်ခဲ့ရသူများ မည်သို့ခံစားနေရမည်နည်းဟု တွေးနေမိ၏။

ဝါရှင်တန်ကို ခရီးဆက်နိုင်ရေးအတွက် စက်တင်ဘာလ ၂၃ ရက် နံနက် ၄ နာရီတွင် စာရေးသူတို့ ဟိုတယ်မှ ဂျွန်အက်ဖ်ကနေဒီလေဆိပ်သို့ ထွက်ခဲ့ကြသည်။ United Airline ၏ ခရီးစဉ်အမှတ် UA 7180 Q ဖြင့် ဂျွန်အက်ဖ်ကနေဒီလေဆိပ်မှ စာရေးသူတို့ စတင်ထွက်ခွာချိန်တွင် နယူးယောက်၌ မိုးမလင်းသေး။ နယူးယောက်မှ ဝါရှင်တန် ဒါးလက်စ်နိုင်ငံတကာလေဆိပ်သို့ ပျံသန်းချိန် ၁ နာရီ ၂၄ မိနစ်ကြာသည်။ ဒါးလက်စ်လေဆိပ်ရောက်တော့ နံနက် ၇ နာရီခွဲခန့်ရှိသွားပြီဖြစ်သည်။ ဝါရှင်တန်မှ ပစ္စဘတ်သို့ မထွက်ခွာခင် ဒါးလက်စ်လေဆိပ်တွင်း၌ ခြောက်နာရီကြာစောင့်ကြရမည်ဖြစ်၍ ဝါရှင်တန်ဒီစီသို့သွားလည်မည်ဆိုလျှင် ဖြစ်နိုင်သော်ငြား ဝါရှင်တန်ဒီစီ၌ ရုံးတက်ချိန်ယာဉ်ကြောပိတ်ဆို့မှုနှင့်ကြုံတွေ့ကာ နှောင့်နှေးမှုများဖြစ်လာပါက မူလအစီအစဉ်များထိခိုက်နိုင်သဖြင့် ဝါရှင်တန်မြို့တွင်းလေ့လာရေးစိတ်ကူးကို ပယ်ဖျက်လိုက်ကြသည်။ ပိုတိုမက်မြစ်ကို သီအိုဒိုရစဗဲ့ တံတားကြီးမှ ဖြတ်ကျော်ကာ အမေရိကန်ပြည်ထောင်စု ပါလီမန်အဆောက်အအုံနှင့် သမ္မတအိမ်ဖြူတော်တို့ကို မလှမ်းမကမ်းမှ ကြည့်ခွင့်ရလျှင်ကောင်းလေစွ၊ ဝါရှင်တန်ဒီစီရှိ ကမ္ဘာကျော်ပြတိုက်ကြီးများနှင့် Washington Post သတင်းစာတိုက်တို့ကို လေ့လာခွင့်ရလျှင်ကောင်းလေစွ။ နယူးယောက်မြို့နှင့် လေ



www.foreverspace.com.mm

ဆိုပါတည်ဆောက်ထားပုံမှအစ အသွင်ကွဲပြားသော ဝါရှင်တန်မြို့နှင့် ဝါရှင်တန်ဒေသခံများကို နီးနီးကပ်ကပ် လေ့လာခွင့်ကြုံလျှင်ကောင်းလေစွ စသည့် ကောင်းလေစွများကို အခြေအနေအချိန်အခါကြောင့် မေ့ထားလိုက်ရသော်လည်း စာရေးသူတို့ အကျိုးမယုတ်ပါ။ ဒါးလက်စ်လေဆိပ်နှင့် နီးသော Smithsonian အမျိုးသားလေကြောင်းပြတိုက်သို့ ဒါးလက်စ်–Smithsonian လွန်းပျံကြိုပို့ကားကို တစ်ဦးလျှင် ဆင့် ၅၀ စီပေးကာ ရောက်သွားကြ၍ဖြစ်သည်။

ယင်းပြတိုက်သို့သွားရောက်မလေ့လာခင် ဒါးလက်စ်လေဆိပ်တွင်း၌ စာရေးသူကြုံခဲ့ရသည့် ဖြစ်ရပ်တစ်ခုကို ပြန်ပြောင်းသတိရမိ၏။ အခြားမဟုတ်။ လေဆိပ်အတွင်းရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်မှ ဆိုင်ရှင် ဘင်္ဂလားဒေ့ရှ်ဇာတိဖွား ပုဂ္ဂိုလ်တစ်ဦးနှင့်ဆုံရခြင်းပင်။ စာရေးသူက အဆိုပါဆိုင်တွင် တရုတ်နိုင်ငံလုပ် ဝါရှင်တန်အမှတ်တရ ကြွေကိုင်းကော်ဖီခွက်များ ဝယ်သည်။ ထို့နောက် ပေါက်ဂဏန်းနှင့် တည့်တည့်တိုးလျှင် အမေရိကန်ဒေါ်လာ ၇၅ သန်းရနိုင်သည့် Mega Millions ကံစမ်းမဲကို ယင်းဆိုင်၌ ဝယ်လိုက်သည်။ ဇာဂျိုးနီးယားအောင်ဘာလေသန်းဆုကို ကံစမ်းခြင်းဖြစ်သည်။ မည်သို့ထီထိုးရမည်၊ မည်သို့သောဂဏန်းများက ပေါက်ဂဏန်းဖြစ်စေနိုင်သည်တို့ကို ဆိုင်အတွင်းရောက်နေသည့် အသက် ၆၀ နှစ်ဝန်းကျင်အရွယ် အမေရိကန်အမျိုးသမီးတစ်ဦးကို အရင်ဆုံးမေးမြန်းကြည့်မိသည်။ အဆိုပါအမျိုးသမီးကြီးက စိတ်ရှည်လက်ရှည်ရှင်းပြသည်။ ထီဖွင့်မည့်ရက်က စက်တင်ဘာ ၂၅။ မိမိ အမေရိက၌ပင်ရှိနေဦးမည့်ရက်။ ထီလက်မှတ်ကြေးက တစ်စောင် ငါးဒေါ်လာ။ ကံစမ်းထီထိုးနေစဉ်မှာပင် 'ပေါက်များပေါက်လိုက်ရင်တော့လားကွာ' ဆိုသည့်အတွေးဖြင့် ရန်စုန်နေမိ၏။ စာရေးသူတို့အဖွဲ့ထဲမှ တစ်ဦးကလည်း ကံစမ်းသည်။ "ပေါက်ရင် ပြီးပြီ အစ်ကိုရေ" ဟု အဆိုပါအယ်ဒီတာမင်းက စာရေးသူကို လှမ်းပြောသည်။ ပစ္စည်းဝယ်၊ ထီထိုးအပြီးမှာပင် ဆိုင်ရှင်ပုဂ္ဂိုလ်က စာရေးသူတို့ကို မေးခွန်းထုတ်သည်။




"ဘယ်ကလာကြတာလဲ"

"မြန်မာနိုင်ငံက"

"ကိုယ်က ဘင်္ဂလားဒေ့ရှ်ကလာတာ။ ဟိုမှာ အစိုးရဆန့်ကျင်ရေးတွေလုပ်ပြီး ထွက်လာတာ။ နှစ် ၂၀ ရှိပြီ။ မောင်ရင်တို့က ဘယ်သူတွေလဲ"

"သတင်းစာဆရာတွေပါ"

"အစိုးရဆန့်ကျင်ရေးလုပ်ကြပေါ့။ ဒီမှာနေရထိုင်ရတာကောင်းတယ်"

"ခင်ဗျား ဘင်္ဂလားဒေ့ရှ်ကို မပြန်ဘူးလား"

"ကိုယ်က ဟိုမှာ သတ္တိတွေပြခဲ့တာလေ။ ပြန်ရင် ဘာအကျိုးထူးမှာမို့လဲ"

စာရေးသူတို့ အဆိုပါပုဂ္ဂိုလ်ကို စကားဆက်မပြောဖြစ်တော့ပါ။ အနုတ်လက္ခဏာဆောင်းပေးသူနှင့် စာရေးသူ စကားကြောရှည်လေ့မရှိ။ Self-building သမားတစ်ဦးဖြစ်နေသူက စာရေးသူတို့ကို အပေါ်သံဖြင့် ပြောဆိုနေသဖြင့် အားနာရန်အကြောင်းမရှိဘဲ ကျောခိုင်းလိုက်ခြင်းဖြစ်သည်။ ဆက်ပါမည်။ စာရေးသူတို့ရောက်သွားသည့်ပြတိုက်၏ အမည်အပြည့်အစုံမှာ Smithsonian National Air and space Museum ။ ဝင်ကြေးက တစ်ဦးလျှင် ၇ ဒေါ်လာ။ ပြတိုက်တွင်းသို့ စာရေးသူရောက်သွားပြီး မကြာခင်မှာပင် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့လည်း ရောက်လာသည်။ ပြတိုက်တွင်းလာရောက် လေ့လာသူများကို လက်ခံနှုတ်ဆက်ရှင်းပြသူများမှာ သက်ကြီးရွယ်အိုအမျိုးသားကြီးများဖြစ်သည်။ သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ထားသော ကျန်းမာရေးကောင်းသည့် အမေရိကန်စစ်မှုထမ်းဟောင်းကြီးများ။ ဧည့်သည်အမျိုးသားများကို Sir ခေါ်နှုတ်

www.foreverspace.com.mm

ဆောင်သည်။ အမျိုးသမီးများကို Madam ဟုခေါ်ဝေါ်ဆီးကြိုသည်။ ပြတိုက်ကြီး အတွင်း၌ပြသထားသည့် လေယာဉ်များမှာ အမျိုးအစားစုံလှသည်။ ၁၉၂၀ ပြည့်နှစ်မတိုင် ခင်ကပင်တီထွင်အသုံးပြုခဲ့သော လေယာဉ် များလည်း ရှိသည်။ အထွေထွေသုံး၊ စီးပွား ရေးလုပ်ငန်းသုံး၊ ပို့ဆောင်ရေးလုပ်ငန်းသုံး၊ စစ်ဘက်သုံးလေယာဉ်မျိုးစုံအပြင် ဒုံးကျည်၊ ဒုံးပျံ၊ ဂြိုဟ်တုများသာမက Enterprise အာကာသလွန်းပျံယာဉ်ကြီးကိုပါ ခင်းကျင်း ပြသထားသည်။

လေကြောင်းနှင့် အာကာသနည်း ပညာတွင် အမေရိကန်ပြည်ထောင်စုက ဦးဆောင်နေခဲ့သည်မှာ နှစ်ပေါင်းများစွာကပင် ဖြစ်ပါသည်ဟု ပြောစရာမလိုအပ်တော့ သည့် အခင်းအကျင်းများရှိနေသည်။ လေ ယာဉ်ကြီးပေါင်း ၁၅၄ စင်း၊ လေယာဉ်ငယ် ပေါင်း ၁၆၃ စင်းကျော် ပြထားသည်။ စာရေးသူမှာ အသံထက်မြန်သည့် ကွန်းကော့ဒ် လေယာဉ်၊ နာမည်ကျော် Blackbird တိုက် လေယာဉ်၊ Enterprise လွန်းပျံယာဉ်တို့ကို ပကတိအတိုင်းတွေ့ရှိရ၍ကျေနပ်ပြီး တို့နိုင်ငံ မှာလည်း လေယာဉ်မျိုးစုံများများစားစား ရှိနေပြီး တို့လေဆိပ်တွေကလည်း သုဝဏ္ဏ ဘူမိ၊ နာရီတာ၊ အယ်လ်ဂေ၊ ဂျွန်အက်ဖ်က နေဒီ ၊ ဒါးလက်စ်လေဆိပ်တွေလို စည်ကား နေရင်သိပ်ကောင်းမှာပဲဟု တွေးမိသည်။ အချိန်ငှဲ့ရ၍ ယင်းပြတိုက်မှ ဒါးလက်စ်လေ ဆိပ်သို့ပြန်လာရာတွင်လည်း ကြိုပို့ကား မောင်းသူကိုတွေ့ရ၍ အတွေးပွားမိပြန် သည်။ ကြိုပို့ကားမောင်းသူမှာ အသက် ၈၀ နှစ်ဝန်းကျင်ရှိပြီဟုယူဆရသည့် အမျိုးသမီး တစ်ဦးဖြစ်နေခြင်းကြောင့်ပင်။ မလေးရှား၌ မြို့တွင်းသွားဘတ်စ်ကားကြီးများကို မလေးအမျိုးသမီးကြီးများမောင်းနှင်နေ သည်ကိုတွေ့မြင်ဖူး၍ စာရေးသူမအံ့သြမိ။ သို့သော် ယခုတွေ့ရသူမှာ လက်များပင် အနည်းငယ်တုန်နေသည့် သက်ကြီးအမျိုး သမီးတစ်ဦးဖြစ်နေ၍ ဆိုင်ရာထုံးထမ်းစဉ်လာ များ၏ အကောင်းအဆိုးကို ချိန်ဆမိခြင်း ဖြစ်၏။ မြန်မာနိုင်ငံ၌ ဤသို့သော အနေ အထားမျိုးရှိမလားဟု မပြောနိုင်သေး။ စာရေး သူကတော့ ယာဉ်မောင်းအဘွားအို၏ 'မာန်' ကို သဘောကျသွားသည်။

ဒါးလက်စ်လေဆိပ်မှာ လေယာဉ် ဆိုက်/ထွက် Terminal များနှင့် လေဆိပ် ပင်မခရီးသည် ဝင်ထွက်နေရာကို တိုက်ရိုက် ချိတ်ဆက်ထားခြင်းမရှိ။ ဝင်ထွက်ခန်းမနှင့် သွားရမည့် Terminal များအကြား Shuttle Bus ခေါ် တံခါးနှစ်ဖက်ဖွင့်ကားကြီး များဖြင့် သွားရသည်။ လေဆိပ်တွင် Terminal များစွာရှိရာ Shuttle Bus များစွာ မောင်းနှင်နေသည်ကို တွေ့ရ၏။ ဝါရှင်တန် အစိုးရရုံးစိုက်ရာမြို့ဖြစ်၍ လုံခြုံရေးရှု ထောင့်ဖြင့် ဒါးလက်စ်လေဆိပ်ကို တည် ဆောက်လည်ပတ်နေခြင်း ဖြစ်မည်။ ဒါး လက်စ်မှ ပစ္စဘတ်သို့ ပျံသန်းချိန် ၅၇



www.foreverspace.com.mm




မိနစ်။ နယူးယောက်မြို့မှာ နယူးယောက်ပြည်နယ်တွင်း၌ ရှိသည်။ ဝါရှင်တန်က ဗာဂျီးနီးယားပြည်နယ်၌ရှိ၏။ ပစ္စဘတ်မြို့မှာ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တွင်း၌ တည်ရှိသည်။ ခရီးစဉ်အမှတ် UA 7255 Q လေယာဉ်ငယ်ဖြင့် ပစ္စဘတ်သို့လာရာတွင် စာရေးသူတို့စီးသည့် လေယာဉ်ပေါ်၌ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် တွေ့ခဲ့ရသော သတင်းစာဆရာအချို့၊ မီဒီယာဝန်ထမ်းအချို့လည်း လိုက်ပါလာသည်။

ပစ္စဘတ်မြို့မှာ မြို့ငယ်ဖြစ်သော်လည်း လေဆိပ်ကမူ နိုင်ငံတကာလေဆိပ်။ လေဆိပ်တွင်း၌ ဒိုင်နိုဆောအရိုးစုကြီးတစ်ခု ရှိသည်။ ခရီးသည်အဝင်အထွက်များသည်။ ခရီးသည်များကို မြေအောက်ရထားတစ်စင်းဖြင့် အဝင်အထွက်လွန်းပျံပို့ဆောင်ပေးသည်။ လေဆိပ်နှင့် မြို့က အတန်ငယ်ဝေးသည်။ တတိယအကြိမ်မြောက် G20 ထိပ်သီးဆွေးနွေးပွဲကျင်းပမည်ဖြစ်၍ နေရာတိုင်း၌ လုံခြုံရေးအစီအမံများထားရှိသည်။ လေဆိပ်မှ တည်းခိုမည့် Microtel Inn သို့ အငှားကားဖြင့် ထွက်ခွာလာရာ တောင်ကုန်းမြင့်များ၊ တောတန်းများ၊ ကျယ်ဝန်းကောင်းမွန်လှသည့် အဝေးပြေးကားလမ်းကြီးများကြောင့် ရှုခင်းကလှပနေသည်။ တည်းခိုမည့်နေရာရောက်၍ ပစ္စည်းများနေရာချထားပြီးသည်နှင့် စာရေးသူတို့ ပစ္စဘတ်မြို့တွင်းသို့သွားရောက်ရန် စိုင်းပြင်းကြတော့သည်။ G 20 ဆွေးနွေးပွဲမီဒီယာသတင်းယူခွင့်ကတ်များ ထုတ်ယူရရှိနိုင်ရန်နှင့် စီစဉ်ထားသည့်အတိုင်း အမေရိကန်ပြည်ထောင်စု၏ သက်တမ်းအရင့်ဆုံးသတင်းစာတစ်စောင်ဖြစ်သည့် Pittsburgh Post - Gazette သတင်းစာတိုက်သို့ ဝင်ရောက်လေ့လာကြရန် ဖြစ်သည်။ အိပ်ရေးမဝ၊ လူပင်ပန်းနေသော်လည်း စာရေးသူတို့ တက်တက်ကြွကြွ။

တည်းခိုရာမှ ပစ္စဘတ်မြို့တွင်းသို့ သွားရောက်ရာလမ်းတစ်လျှောက်တွင် လူနေအိမ်ခြေမပြတ်။ ယာဉ်အသွားအလာမပြတ်။ မြန်နှုန်းမြင့်ဖြင့် မောင်းနှင်သည့်တိုင်



မြစ်ကူးတံတားပေါင်း ၁၅၄ စင်းရှိသော ပစ္စဘတ်မြို့တွင်းသို့ ၂၅ မိနစ်ခန့် ကားစီးလိုက်ရသည်။ မြို့အဝင်တံတားတစ်စင်းထိပ်အနီးရှိ Pittsburgh Post-Gazette သတင်းစာတိုက်သို့ ဝင်လေ့လာကြသည်။ ၁၇၈၆ ခုနှစ်ကပင် စတင်ထူထောင်ထုတ်ဝေခဲ့သော အဆိုပါသတင်းစာမှာ ပင်ဆယ်ဗေးနီးယားတောင်ပိုင်းဒေသတွင်း၌ ဈေးကွက်ဝေစုအများအပြားရထားသည့် သတင်းစာ။ သတင်းစာပုံနှိပ်စက်များမှအစ အယ်ဒီတာအဖွဲ့၊ သတင်းအဖွဲ့၊ ဓာတ်ပုံအဖွဲ့ရုံးခန်းတိုင်းကို ဝင်ရောက်လေ့လာခွင့်ရသည်။ အင်ဂျင်နီယာဘွဲ့ရထားသော်လည်း သတင်းစာဆရာဖြစ်နေရခြင်းကိုသာ ဂုဏ်ယူသည်ဟုပြောကြားသူ ဝါရင့်အယ်ဒီတာကြီးတစ်ဦးက စာရေးသူတို့ကို သြဝါဒပေးခြင်းမဟုတ်သော လုပ်ငန်းစကားများပြောပြ၊ ရှင်းပြ၏။ စာရေးသူတို့ကို တစ်ခန်းဝင်တစ်ခန်းထွက် ဦးဆောင်ခေါ်သွားသူ အမျိုးသမီးအယ်ဒီတာက အမေရိက၏ လက်ရှိစီးပွားရေးအနေအထားကြောင့် သတင်းစာလုပ်ငန်းများ စီးပွားရေးအခြေအနေမကောင်းပါဟုဆိုသည်။ ယင်းသတင်းစာတိုက်၌ သတင်းစာပညာဆိုင်ရာအလုပ်သင်တစ်ဦးအဖြစ် ရောက်နေသော ပြုံးမှုလှသည့် ဗီယက်နမ်အမျိုးသမီးငယ်တစ်ဦးကလည်း



www.foreverspace.com.mm




စာရေးသူတို့ကို နှုတ်ဆက်၏။ စာရေးသူတို့အဖွဲ့က မိမိတို့သည် တစ်ပတ်တစ်ကြိမ်ထုတ်သတင်းစာစောင်များမှဖြစ်ကြောင်း၊ ချစ်ကြည်ရင်းနှီးသောလုပ်ငန်းတူပြိုင်ဘက်များဖြစ်ကြောင်း၊ ပုဂ္ဂလိကနေ့စဉ်ထုတ်သတင်းစာလုပ်ငန်းလုပ်ကိုင်ခွင့်ပေါ်ထွက်လာတော့မည့်အချိန်ကို ပြင်ဆင်စောင့်ဆိုင်းလျက်ရှိကြောင်း၊ သိက္ခာရှိရှိရပ်တည်နေနိုင်သည့်နေ့စဉ်ထုတ်သတင်းစာများကို အားကျနေမိကြောင်း ကျေးဇူးတင်စကားဆိုခွန်းတုံ့ပြန်ခဲ့ကြသည်။

ထို့နောက် G20 ထိပ်သီးဆွေးနွေးပွဲကျင်းပမည့် David L. Lawrence Convention Center အဆောက်အအုံဆီသို့ ချီတက်ကြသည်။ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၃၇ ခုရှိသော ပစ္စဘတ်မြို့တွင်းလမ်းတိုင်း၌ ယာဉ်အသွားအလာများ ကန့်သတ်ထားသည်ကိုတွေ့၏။ လုံခြုံရေးဝန်ထမ်းများ အချိန်ပြည့်အရန်သင့်အနေအထားယူ၍ တာဝန်ထမ်းဆောင်နေသည်ကိုမြင်၏။ Undercover ခေါ် အရပ်ဝတ်စုံထောက်မင်းများကိုလည်း နေရာအနှံ့၌တွေ့ရ၏။ အဆိုပါစင်တာသို့ ရောက်သွားသောအခါတွင်ကား မီဒီယာဝင်ခွင့်ကတ်ထုတ်ရန်စောင့်ဆိုင်းနေသော နိုင်ငံစုံမှ သတင်းသမားများ၊ ကတ်ရပြီးဖြစ်၍ စက်တင်ဘာလ ၂၄ ရက်တွင် စတင်တော့မည့် G20 ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုမျိုးစုံလုပ်နေသည့်သတင်းသမားများကို မြင်တွေ့ရသည်။ သတင်းလိုက်ပွဲ၊ သတင်းလုပွဲကြီးတစ်ခုအတွက် ဟန်ပြင်မာန်တင်းနေပုံများမှာ စိတ်ဝင်စားဖွယ်ကောင်းလှ၏။ စာရေးသူတို့အဖွဲ့ ဝင်ခွင့်ကတ်များထုတ်ယူပြီးနောက် ပစ္စဘတ်မြို့တွင်း 'ထမင်းရှာ' ထွက်ကြသည်။ ဟိုလျှောက်သည်လျှောက်ဖြင့်နောက်ဆုံးတွင် တရုတ်နိုင်ငံ စီချွန်ပြည်နယ်ဇာတိ ဇနီးမောင်နှံနှစ်ဦးဖွင့်လှစ်ထားသည့်ထမင်းဆိုင်ကိုတွေ့ရှိကာ ဝမ်းသာအားရဖြင့် ဝမ်းမီးငြိမ်းလိုက်ကြ၏။

အရှေ့ကို ဦးတည်သွားရာ အနောက်ကို ရောက်သွား၏။ အနောက်၌ အရှေ့တိုင်းသားများစွာကို မကြာခဏတွေ့ရ၏။ အရှေ့၌ အနောက်တိုင်းသားများစွာရှိနေသည်။ ပစ္စဘတ်ကား မြို့ကြီးမဟုတ်သော်လည်း နိုင်ငံတကာအဆင့်မီအခြေခံအဆောက်အအုံများရှိသကဲ့သို့ မြန်မာများအပါအဝင် အရှေ့တိုင်းသားမျိုးစုံလည်းရှိနေသည်။ စာရေးသူတို့ တရုတ်ထမင်းဆိုင်တွင်းမှထွက်လာသည်ကို လုံချည်ဝတ်အိန္ဒိယနွယ်ဖွားအမျိုးသမီးငယ်တစ်ဦးက လှမ်းကြည့်သည်။ ထိုအခိုက်ရှေ့မှ ဂျပန်သုံးဦးလမ်းဖြတ်ကူးသွား၏။ စာရေးသူတို့၏နောက်မှ တရုတ်နှစ်ဦး စကားပြောရင်းလျှောက်လာကြသည်။ ဘတ်စ်ကားများသွားခွင့်ကန့်သတ်ထားသဖြင့် မည်သည့်နေရာသို့သွားပြီး ကားငှားစီးရန် အမေရိကန်လူငယ်တစ်ဦးက ညွှန်ပြသည်။ အီတလီစုံတွဲတစ်တွဲ စာရေးသူတို့ရှေ့ကဖြတ်လျှောက်သွားပြီးနောက် ကားတစ်စင်းကို တားလိုက်ရာ လူမည်းအမျိုးသားကြီးတစ်ဦးခေါင်းပြူထွက်လာ၏။ ကမ္ဘာကားကျယ်၏။ ကျဉ်းသည်ဟုလည်း ဆိုနိုင်သည်။ တည်းခိုရာနေရာသို့ ပြန်ရောက်သွားသောအခါ . . .။



(ဆက်လက်ဖော်ပြပါမည်။)

**ရဲမင်းဦး**

www.foreverspace.com.mm

# အဖေ့ရွာသို့ ကျန်းမာရေးအလှူ

မောင်မောင်တင်

**ကျွန်တော်နိုးတော့ နံနက် ၄ နာရီထိုးပါပြီ။ ၅ နာရီတွင် ကားစထွက်မည်ဖြစ်၍ ကျွန်တော်ကြိုတင်ပြင်ဆင်မှုများလုပ်နေပါသည်။ အတူသွားကြမည့် ဒေါက်တာဦးမြင့်ဦးနှင့် ဦးကျော်အေးတို့ ၅ နာရီမတိုင်မီရောက်ကြမည်။ သူတို့ရောက်လျှင် ကားစထွက်နိုင်အောင် ကြိုတင်ပြင်ဆင်ထားရမည်။ ၄ နာရီခွဲကျော်သည်နှင့် ဒေါက်တာဦးမြင့်ဦးနှင့် ဦးကျော်အေးတို့ရောက်လာကြသည်။ အိမ်မှကားထွက်ပြီး လမ်းတွင် ဒေါက်တာဦးဝင်းလှိုင်ကိုဝင်ခေါ်ရမည်။ ၅ နာရီ အိမ်ကကားထွက်ဖြစ်မှ ကြို့ပင်ကောက်မြို့ကို ၈ နာရီကျော်သည်နှင့် ရောက်ရှိသွားမည်။ အစီအစဉ်ကိုသေချာအောင် ဒရိုင်ဘာကို အထပ်ထပ်ပြော၍ စီစဉ်ထားရသည်။**

ဇူလိုင်လ ၂ ရက် နံနက် ၅ နာရီထိုးပါပြီ။ ဒရိုင်ဘာရောက်မလာသေးပါ။ ကျွန်တော်နာရီတကြည့်ကြည့်လုပ်နေမိသည်။ သူငယ်ချင်းများက "လာမှာပါ။ ခဏစောင့်ကြည့်ပါဦး" ဟု ပြောပါသည်။ ကျွန်တော်က "သေသေချာချာမှာထားတာ။ ဒီကောင်ဒီလိုပဲလုပ်တတ်တယ်။ ခု ကားကိုလည်း ငါပဲ ထုတ်၊ ဆီ၊ ရေ၊ လေကို ငါပဲအကုန်လုပ်ပြီးပြီ။ သူလာရင်မောင်းရုံပဲ"။ ကျွန်တော်ပြောပြီးသည်နှင့် ၅ နာရီ ၁၅ မိနစ်ဖြစ်နေပါပြီ။ "ကဲကဲ သူငယ်ချင်းတို့ ကားပေါ်တက်၊ သွားကြစို့" ပြောလည်းပြော ကားကို



www.foreverspace.com.mm



မောင်း၍ ခရီးစထွက်ခဲ့ပါသည်။ ပုလဲမြို့သစ်တွင် ဒေါက်တာဝင်းလှိုင်ကို ဝင်ခေါ်ပြီး ကြို့ပင်ကောက်မြို့ပေါ်သို့ ထွက်ခွာခဲ့ပါသည်။ ကျွန်တော်တို့အဖွဲ့တွင် ဒေါက်တာဦးမြင့်ဦး၊ ဒေါက်တာဦးဝင်းလှိုင်၊ ဦးကျော်အေးနှင့် ကျွန်တော်တို့လေးယောက်ဖြစ်ပြီး ကြို့ပင်ကောက်မြို့တွင် ပြည်မြို့မှလာ၍ ပူးပေါင်းမည့် ဒေါက်တာဦးဝင်းကိုက စောင့်နေမည် ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့သည် အဖေ့ရွာကြခတ်တန်းကြီးသို့သွား၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်ရန် စီစဉ်ထားခြင်းဖြစ်ပါသည်။ ဤအစီအစဉ်ကို တစ်လခန့်ကြိုတင်၍ ကျွန်တော်တို့ ဆွေးနွေးတိုင်ပင်ပြီး ဆေးများ စုဆောင်းထားကြပါသည်။ ဆေးများပြည့်စုံ၍ တကယ်သွားတော့မည်ဟု ညှိနှိုင်းကြသောအခါ မလွှဲမရှောင်သာသော ကိုယ်ရေးကိုယ်တာကိစ္စများ ပေါ်သူကပေါ်လာ၍ ပြည်မြို့ရှိ ဒေါက်တာဝင်းကို၊ ပုလဲမြို့သစ်မှ ဒေါက်တာဝင်းလှိုင်၊ ရန်ကုန်မြို့တွင်းမှ ဒေါက်တာမြင့်ဦးတို့ကိုစုစည်း၍ သွားကြခြင်းဖြစ်ပါသည်။ ထိုအဖွဲ့တွင် ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်း ဦးကျော်အေးက အကူအညီပေးရန်ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့ ကြို့ပင်ကောက်မြို့သို့ နံနက် ၈ နာရီခွဲတွင် ရောက်ပါသည်။ ပြည်မြို့မှ ဒေါက်တာဝင်းကိုက ၈ နာရီမထိုးမီရောက်နေပြီး ကျွန်တော်တို့အဖွဲ့ကို စောင့်နေပါသည်။ ကြို့ပင်ကောက်ရောက်သည်နှင့် ကြိုတင်စီစဉ်ထားသော နံနက်စာ မုန့်ကျွတ်ခေါက်ဆွဲစား၊ လက်ဖက်ရည်သောက်ပြီး အဖေ့ရွာသို့ မော်တော်ဆိုင်ကယ်များဖြင့်သွားကြပါသည်။ အဖေ့ရွာသို့ ၁၀ နာရီမထိုးမီရောက်ပြီး ခေတ္တရေနွေးကြမ်းသောက်၍ လူနာများကို စတင်ကုသမှုပေးပါသည်။ မွန်းတည့် ၁၂ နာရီတွင် ခေတ္တနား၍ နံနက်စာစားကြပါသည်။ နံနက်စာစား၊ ရေနွေးကြမ်းသောက်ပြီးသည်နှင့် အဖေ့ခြံအတွင်း လှည့်လည်ကြည့်ရှုပြီး ကျေးရွာဆေးပေးခန်းရှိရာ သွားကြသည်။ ဆေးပေးခန်း၏အနေအထား၊ ဆေးပေးခန်းတွင်ရှိရမည့် သားဖွားမှုတွင်အသုံးပြုသောကိရိယာများ ရှိ၊ မရှိ မေးမြန်းစုံစမ်းပါသည်။ ကျွန်တော်တို့အဖွဲ့သည် အစိုးရကတာဝန်ပေးထားသူများမဟုတ်သော်လည်း ကျွန်တော့်မွေးရပ်ရွာဖြစ်၍ လိုအပ်သည်များဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။ ဆေးပေးခန်းဆရာမ၏ပြောပြချက်အရ ဆေးပေးခန်းကိုအားကိုးသော မွေးလူနာနှင့် အခြားလူနာများအလွန်နည်းကြောင်း ပြောပြပါသည်။

ကျွန်တော့်ရွာသည် လူဦးရေ ၁၀၀၀ ခန့်သာရှိပြီး ကလေးမွေးဖွားသူများသည် ကျေးရွာရှိလက်သည်များနှင့်သာ မွေးဖွားနေရာ ယခုမှတတ်ကျွမ်းနားလည်သည့် ဆရာမနှင့် မွေးဖွားရန်ပညာပေးရပါသည်။ ကျွန်တော့်သူငယ်ချင်းဆရာဝန်များသည် လက်ရှိကျေးရွာသူ၊ ကျေးရွာသားများ၏ ကျန်းမာရေးဗဟုသုတကို အားမရဖြစ်နေပါသည်။ သို့ဖြစ်၍ နောက်တစ်ကြိမ်သွားရောက်နိုင်ပါက ကျန်းမာရေးပညာပေး ဆွေးနွေးပွဲများပါ လုပ်သွားနိုင်အောင် စီစဉ်မည်ဟုပြောပါသည်။ နောက်တစ်ကြိမ် ဆေးကုသရေးသွားပါက ကျွန်တော်တို့ ကျေးရွာ အုပ်စု (လေးရွာ) မှ စိတ်ပါဝင်စားသူအားလုံးနှင့် မကျန်းမာသူအားလုံးကို ကျန်းမာရေးဗဟုသုတပေးပြီး ဆေးကုသ



www.foreverspace.com.mm

ပေးနိုင်အောင် စီစဉ်သွားမည်ဖြစ်ပါသည်။ ကျွန်တော်တို့လူနာများကြည့်ရန် ပြန်စလိုက်ပါသည်။ မွန်းလွဲပိုင်းရောက်သော် လူနာများကိုကြည့်၍ လိုအပ်သောဆေးများ၊ အကြံပေးချက်များ ဆရာဝန်များက ပေးကြပါသည်။ ကျွန်တော့်သူငယ်ချင်းဆရာဝန်များ မရပ်မနားလူနာများကြည့်ပေးရာ ညနေ ၄ နာရီတွင် ရပ်နားပြီး ကြို့ပင်ကောက်မြို့သို့ ပြန်ရန်စီစဉ်ကြပါသည်။ အဖေ့ရွာတွင် လူနာပေါင်း ၁၃၈ ဦးကို ဆေးကုသပေးနိုင်ပြီး ဖြန့်ဝေလှူဒါန်းခဲ့သော ဆေးဝါးတန်ဖိုးမှာ ကျပ်သုံးသိန်းကျော်ခန့် ရှိပါသည်။ ရွာသူရွာသားများ ဝမ်းသာနေကြပြီး နောင်ကိုလည်း လာရောက်ကုသပေးရန် မေတ္တာရပ်ခံကြပါသည်။

ကျွန်တော်တို့ဆေးကုသရေးသို့ လာရောက်သည့်ရွာသားများတွင် သွားရောဂါရှိသူများ၊ အရေပြားရောဂါရှိသူများ၊ တီဘီရောဂါရှိသူများ တွေ့ရှိရကြောင်း သူငယ်ချင်းဆရာဝန်များက ပြောပြပါသည်။ အခြားရောဂါများမှာ ပန်းနာရင်ကျပ်၊ အဆစ်အမြစ်ကိုက်ခဲရောဂါနှင့် အာဟာရချို့တဲ့သောရောဂါများကိုလည်းတွေ့ရကြောင်း သူငယ်ချင်းများက ပြောပြပါသည်။ သူငယ်ချင်းဒေါက်တာဝင်းကို (သားဖွားမီးယပ်အထူးကုဆရာဝန်) က အချို့ကိုယ်ဝန်ဆောင်လူနာများတွင် အာဟာရချို့တဲ့မှုရှိသည့်အတွက် သံဓာတ်ပါသော ဗီတာမင်အားဆေးများ အသုံးများခဲ့ကြောင်း ပြောပြပါသည်။ “အထူးသဖြင့် ခံတွင်းသန့်ရှင်းရေးက သွားရောဂါကို သက်သာစေပြီး တစ်ကိုယ်ရေသန့်ရှင်းရေးက ယားနာများကို ကင်းဝေးစေပါတယ်။ ဒါကြောင့် ဆပ်ပြာနဲ့ သန့်ရှင်းအောင် ရေချိုးပါ။ သွားမှန်မှန်တိုက်ပါ။ အစာစားပြီးရင် ခံတွင်းမှာ စားကြွင်းစားကျန်မရှိအောင် ပလုတ်ကျင်းပါ။ ပြီးတော့ ဒီရွာက ကျန်းမာရေးဆရာမနဲ့ တိုင်ပင်ဆွေးနွေးပါ” ဟု ပြောခဲ့ပါသည်။ သူငယ်ချင်းဆရာဝန်များက ကျန်းမာရေးဆရာမကိုခေါ်ပြီး ဒီနေ့ဆေးကုရာမှာ တွေ့ကြုံရတဲ့ရောဂါများအကြောင်းနှင့် ရွာသူရွာသားများ ကျန်းမာရေးပညာပေးမှုများပြုလုပ်ရန်လိုကြောင်းလည်း ပြောကြားသည်ကို တွေ့ရပါသည်။

ညနေ ၄ နာရီထိုးပါပြီ။ ကျွန်တော်တို့မြို့ကို ပြန်ရန်ဆိုင်ကယ်များပြင်ဆင်နေစဉ် အဖေ့ညီ (ကျွန်တော့်ဘထွေး) က “မောင်မောင်တင်၊ မင်းတို့လာတာတော့ ကောင်းပါတယ်။ ဒါပေမဲ့ အချိန်က ခဏလေးဆိုတော့ ကျန်တဲ့ရွာတွေက လူနာတွေပြလို့မရဘူးကွ။ ကျန်တဲ့ရွာက လူနာတွေကို



www.foreverspace.com.mm



ပါ ဆေးကုပေးနိုင်အောင် စီစဉ်ပါဦး” ဟု ပြောပါသည်။ ကျွန်တော့်ရင်တွင်းမှာတော့ “ကုပေးချင်တာပေါ့ဘထွေးရယ်။ အလှူရှင်က ကျွန်တော်တစ်ယောက်တည်း။ ဘဲအုပ်က တစ်ရာ၊ နှစ်ရာ၊ မဗေဒါက တစ်ပင်ထဲပါ ဘထွေးရယ်” ဟု ပြောချင်ပါသည်။ ဒါပေမဲ့ ကျွန်တော့်ရင်ထဲကမထွက်ပါ။ ကျွန်တော်တို့ စကားပြောနေစဉ် ကျွန်တော့်မမကြီးက ခေတ္တသာလာပြီး ဆေးကု၊ ထမင်းစား၊ ပြန်သွား၍ မကျေနပ်ပါ။ “မောင်လေးရယ် စကားတောင် ကောင်းကောင်းမပြောရဘူး။ မောင်လေးရဲ့သူငယ်ချင်းဆရာဝန်တွေကလည်း အိမ်ပေါက်စေ့အောင်မလည်ရဘူး။ နောက်လာရင် တစ်ည၊ နှစ်ညအိပ်နိုင်အောင် စီစဉ်ခဲ့ပေါ့” တဲ့။ ကျွန်တော်တို့ ဆိုင်ကယ်ပေါ်တက်နေစဉ် မမကြီး ကျွန်တော့်အနားလာရပ်ပြီး “မောင်လေးရေ အဖေသာရှိရင် မင်း သူငယ်ချင်းတွေနဲ့ဆေးလာကုတာတွေ့ရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ” ဟု ပြောလိုက်တော့မှ ကျွန်တော့်ရင်တွင်း ဝမ်းနည်းခြင်း၊ သတိရခြင်းတို့နှင့် ဆို့နင့်သွားပါသည်။

ကျွန်တော်နှင့် သူငယ်ချင်းဆရာဝန်များ ကြို့ပင်ကောက်မြို့ပေါ်သို့ ၄ နာရီခွဲတွင် ရောက်လာပါသည်။ ကျွန်တော်တို့အဖွဲ့ ပြည်မြို့မှ ဒေါက်တာဝင်းကို မွေးနေ့သို့ ဆက်သွားရန် ပြင်ဆင်ကြပါသည်။ ညနေ ၅ နာရီတွင် ပြည်မြို့သို့ထွက်ခွာကြပါသည်။ ငယ်သူငယ်ချင်းများနှင့် ခရီးသွားရ၍ ပျော်နေကြပါသည်။ ယခင်က ခရီးဝေးသွားလျှင် ဒရိုင်ဘာနှင့် သွားနေရာမှ ယခုခရီးတွင် ဒရိုင်ဘာအချိန်မီမရောက်၍ ကိုယ်တိုင်မောင်းခဲ့ရာ သူငယ်ချင်းများက စိုးရိမ်ပြီး မကြာခဏသတိပေးနေပါသည်။ ကြို့ပင်ကောက်မှ ပြည်ကားလမ်းသည် ကောင်းလှပါသည်။ လမ်းရှင်းသည်နှင့် မှန်မှန်မောင်းသွားရာ ၆ နာရီကျော်တွင် ပြည်မြို့သို့ရောက်ပါသည်။ ပြည်မြို့က ကမ်းနားလမ်းရှိ Lucky Dragon Hotel တွင် အခန်းမှာယူပြီး ခေတ္တနားနေ၊ ရေချိုးပြီးသည်နှင့် ဒေါက်တာဝင်းကိုက ညစာစားရန်လာခေါ်

**သနပ်ခါးတုံးရောင်းသော မိန်းမငယ်က “ဦးလေးတို့ ဝယ်ပါ။ စစ်ပါတယ်။ ဒီမှာသွေးပြမယ်၊ လိမ်းပြမယ်၊ ပြီးတော့ နမ်းကြည့်ပေါ့” ဟု ပြောသောအခါ ကျွန်တော့်သူငယ်ချင်း ဒေါက်တာဦးမြင့်ဦးက “စစ်ရင် ဝယ်ပါ့မယ်။ နမ်းတော့မကြည့်တော့ပါဘူး” ဟုပြောရာ ဝိုင်း၍ရယ်ကြပါသည်။ သနပ်ခါးသည်လေးက “ဒီမှာ သွေးထားတဲ့သနပ်ခါးကိုပြောတာ ဦးရဲ့” ပြောပြီး ရယ်ကြပြန်သည်။**

ပါသည်။

ကျွန်တော်တို့အဖွဲ့ ဟိုတယ်မှထွက်၍ စားသောက်ဆိုင်ရောက်သည်နှင့် နေရာယူပြီး ဒေါက်တာဝင်းကိုအား မွေးနေ့လက်ဆောင်များပေး၍ Happy Birthday ဆိုပြီး လက်ဆွဲနှုတ်ဆက်၍ အသက် ၁၀၀ ကျော်ရှည်စေကြောင်း ဆုတောင်းဂုဏ်ပြုကြပါသည်။ ပြည်မြို့မှ စားသောက်ဆိုင်သည် အကောင်းကြီးဟုမပြောသာသော်လည်း ကျွန်တော်တို့အဖွဲ့အတွက် ခံတွင်းတွေ့သောဆိုင် ဖြစ်ပါသည်။ ဒေါက်တာဝင်းကိုက လိုတာမှာစားရန်ပြောသော်လည်း သူကြိုတင်မှာယူထားသော စားသောက်ဖွယ်ဟင်းများပင် စား၍မကုန်ဖြစ်နေပါသည်။ ည ၈ နာရီကျော်ကျော်တွင် ဟိုတယ်သို့ ပြန်လာ၍ နောက်နေ့နံနက် ခရီးစဉ်ကို စဉ်းစားကြပါသည်။ နံနက်စောစောစာ စားမည်။ ပြည်မြို့ဈေးကြီးကို လှည့်လည်ကြည့်ရှုမည်။ ဝယ်လိုရာဝယ်မည်။ ဈေးဝယ်ပြီးလျှင် ပြည်မြို့တစ်ဖက်ကမ်း ရွှေဘုံသာမုနိဘုရားကြီးသို့သွား၍ ဘုရားဖူးရင်း ဒေသန္တရဗဟုသုတ ရယူမည်။ ပြန်လာသောအခါ ဟိုတယ်တွင် ရေချိုးအဝတ်အစားလဲ၍ ရန်ကုန်သို့ပြန်ထွက်မည် စသည်ဖြင့် နောက်နေ့နံနက်ပိုင်းခရီးစဉ်အချိန်ကို ဆွေးနွေးဆုံးဖြတ်ကြပါသည်။

ဇူလိုင်လ ၃ ရက်နေ့ နံနက်စောစောနိုးနေ၍ ၅ နာရီတွင် လမ်းလျှောက်ထွက်ကြသည်။ တစ်နာရီကျော်လမ်းလျှောက်ထွက်ကြပြီး ဟိုတယ်ပြန်ရောက်သောအခါ ရေချိုးနံနက်စာစား၍ ယမန်နေ့က စီစဉ်ထားသောခရီးစဉ်ကို စကြပါသည်။ ဟိုတယ်က မထွက်ခင် အလှူဒါနတစ်ခုပြုလုပ်ရန် ဒေါက်တာဝင်းကိုက အကြံပေးပါသည်။ ကျွန်တော်တို့တွင် ပိုနေသောဆေးများအနက်မှ အချို့ကို ပြည်မြို့ရှိ စေတနာဆေးကုခန်းတွင်လှူရန် ဖြစ်ပါသည်။ သို့ဖြစ်၍ လှူရန်ဆေးဝါးများကိုယူပြီး ရွှေဆံတော်ဘုရားကြီးအနီး ပြည်မြို့ရှိ သာရေး၊ နာရေးကိစ္စဆောင်ရွက်ပေးသောအသင်းမှ ထူထောင်ထားသော ‘ပီတိ’ စေတနာဆေးကုခန်းကို သွားရောက်လှူဒါန်းလိုက်ပါသည်။ ဆေးလှူဒါန်းပြီးသောအခါ ပြည်မြို့ဈေးကြီးကိုသွား၍ ဝယ်လိုရာဝယ်ကြပါသည်။ ပြည်မြို့တွင် အထူးပေါသော ယိုမျိုးစုံ၊ မလိုင်ခဲ၊ ပဲခြမ်းကြော်များ ဝယ်ယူပြီးနောက် သနပ်ခါးတုံးများ အများအပြားစုပုံရောင်းချနေသည်ကိုမြင်၍ သွားကြည့်ပြီး ဈေးမေး၍ ဝယ်ရန် ပြင်ကြပါသည်။


သနပ်ခါးတုံးအကြောင်း နားမလည်သော ကျွန်တော်တို့အဖွဲ့ ဟိုကိုင်၊ ဒီကိုင်နှင့် လုပ်နေရာ ဈေးသည်မိန်းကလေးငယ်က သနပ်ခါးတုံးကောင်းကြောင်း၊ မွှေးကြောင်း ညွှန်းပါသည်။ ကျွန်တော်တို့ကလည်း ဝယ်သွားပြီး အတုဖြစ်နေပါက မျက်နှာမရဘဲ အပြစ်တင်ခံရမည်ကိုကြောက်၍ ချီတုံချတုံလုပ်နေရာ သနပ်ခါးတုံးရောင်းသော မိန်းမငယ်က “ဦးလေးတို့ဝယ်ပါ။ စစ်ပါတယ်။ ဒီမှာသွေးပြမယ်၊ လိမ်းပြမယ်၊ ပြီးတော့ နမ်းကြည့်ပေါ့” ဟုပြောသောအခါ ကျွန်တော့်သူငယ်ချင်း ဒေါက်တာဦးမြင့်ဦးက “စစ်ရင် ဝယ်ပါ့မယ်။ နမ်းတော့မကြည့်တော့ပါဘူး” ဟုပြောရာ ဝိုင်း၍ရယ်ကြပါ

www.foreverspace.com.mm

သည်။ သနပ်ခါးသည်လေးက "ဒီမှာ သွေးထားတဲ့သနပ်ခါးကိုပြောတာ ဦးရဲ့" ပြောပြီး ရယ်ကြပြန်သည်။ ကျွန်တော်တို့အဖွဲ့ သနပ်ခါးသည်များနှင့် မိတ်ဆွေဖြစ်သွားပြီး သနပ်ခါးတုံးများ ကျပ်တစ်သောင်းကျော်ဖိုး ဝယ်လိုက်ကြပါသည်။ ထို့နောက် ခရီးဆက်ကြပြန်ပါသည်။

ပြည်မြို့တစ်ဖက်ကမ်းရှိ ရွှေဘုံသာမုနိဘုရားကြီးသို့ နံနက် ၉ နာရီခန့်တွင် ရောက်ရှိပါသည်။ ရွှေဘုံသာမုနိဘုရားကြီးမှာ ယခင်က တောထဲတွင်ရှိပြီး ယိုယွင်းပျက်စီးနေသောဘုရားကြီးဟု ပြောပါသည်။ ယခုအခါ ပြန်လည်ပြုပြင်မွမ်းမံထားရာ ရွှေရောင်တဝင်းဝင်းနှင့် အထူးသပ္ပာယ်လှပါသည်။ ကျွန်တော်တို့အဖွဲ့ ဘုရားဝတ်ပြုပြီး ဘုရားကြီးတစ်ပတ်လှည့်လည်ကြည့်ရှု၍ ဓာတ်ပုံများရိုက်ကြပါသည်။ ဤသို့ ဓာတ်ပုံများရိုက်နေစဉ် ဘုရားကြီးကို ဦးစီးဦးဆောင်လုပ်သွားသည်ဆိုသော လူကြီးတစ်ဦး၏ ကမ္ပည်းကျောက်စာကို တွေ့ရှိရပါသည်။ ယိုယွင်းပျက်စီးနေသည်ကို ယခုလိုသပ္ပာယ်၍ ရွှေရောင်တဝင်းဝင်းဖြစ်အောင် ဦးစီးဦးဆောင်လုပ်သွားသောပုဂ္ဂိုလ်အား ကျေးဇူးတင်မိပါသည်။

ရွှေဘုံသာမုနိဘုရားကြီးမှအပြန် ဟိုတယ်သို့ဝင်၍ ရန်ကုန်ပြန်ရန် ပြင်ဆင်ကြပါသည်။ နံနက် ၁၀ နာရီခွဲကျော်သွားပြီဖြစ်၍ ဒေါက်တာဝင်းကိုအိမ်သို့ သွားရောက်နှုတ်ဆက်ပြီး ပြည်မြို့မှ ထွက်ခွာခဲ့ပါသည်။ ကားပေါ်တွင် ဒေါက်တာဝင်းကိုမပါတော့၍ ရန်ကုန်မှပါလာသူ လေးဦးသာရှိပါသည်။ ရွှေတောင်မြို့အနီးရောက်သည့်အခါ နေ့လယ်စာစားရေးကို စဉ်းစားကြပါသည်။ ကျွန်တော်က ရွှေတောင်မြို့အလွန် ရေပြာစခန်းတွင် ရွှေကုက္ကိုလ်ထမင်းဆိုင်အကြောင်း ပြောပြပါသည်။ ထမင်းဆိုင်၏ထူးခြားချက်မှာ စားပွဲပေါ်တွင် ဟင်းခွက်မျိုးစုံ ၃၀ ခန့်ဖြင့် စားသောက်စေကြောင်း၊ မိမိတို့၏ နှစ်သက်ရာဟင်းကိုစား၍ ဟင်းကုန်လျှင် ထပ်မံဖြည့်ပေးကြောင်းပြောပြရာ ပါလာသော သူငယ်ချင်းဆရာဝန်များ စိတ်ဝင်စားကြ၍ ရေပြာစခန်းရှိ ရွှေကုက္ကိုလ်ထမင်းဆိုင်သို့ မောင်းကြပါသည်။ ရွှေကုက္ကိုလ်ထမင်းဆိုင်တွင်ရပ်နားပြီး ထမင်းစားပွဲတွင် ထိုင်လိုက်သည်နှင့် ကြက်၊ ဝက်၊ ဘဲ၊ ငါး၊ ဂျီ စသည့်အသားမျိုးစုံကို အမျိုးမျိုးချက်ထားသောစားဖွယ်ရာများ ရောက်လာပါသည်။ ထို့အပြင် ဟင်းသီးဟင်းရွက်ကြော်၊ တို့စရာ၊ ငါးပိရည်၊ ငါးပိထောင်း၊ ငါးပိကြော် စသည်ဖြင့် ဟင်းပွဲစုံရေတွက်ပါက ပွဲပေါင်း ၃၀ ခန့်ရှိသည်ကို တွေ့ရပါသည်။ ကျွန်တော့်သူငယ်ချင်းက "ဟိတ်ကောင် မောင်မောင်တင် ဒါတွေအကုန်စားရင် ဈေးကနည်းမှာမဟုတ်ဘူးနော်" ဟုပြောပါသည်။ ကျွန်တော်က "မင်းစားချင်သလောက်စား ကုန်တဲ့ဟင်း ထပ်ထည့်ပေးသေးတယ်။ အဲဒါ အဝစားရင် ၂,၀၀၀ ကျပ်ပဲတောင်းတယ်" ဟုပြောရာ ယုံကြည်မှုမရပါ။ ဆိုင်မှစားပွဲထိုးလေးကိုခေါ်၍မေးရာ စားပွဲထိုးကလေးက "ဦးတို့ အဝစားပါ။



www.foreverspace.com.mm

**ကျွန်တော့်သူငယ်ချင်းက "ဟိတ်ကောင် မောင်မောင်တင် ဒါတွေ အကုန်စားရင် ဈေးကနည်းမှာမဟုတ်ဘူးနော်" ဟု ပြောပါသည်။ ကျွန်တော်က "မင်း စားချင်သလောက်စား ကုန်တဲ့ဟင်း ထပ်ထည့်ပေးသေးတယ်။ အဲဒါ အဝစားရင် ၂,၀၀၀ ကျပ်ပဲတောင်းတယ်" ဟုပြောရာ ယုံကြည်မှုမရပါ။ ဆိုင်မှစားပွဲထိုးလေးကိုခေါ်၍မေးရာ စားပွဲထိုးကလေးက "ဦးတို့ အဝစားပါ။ တစ်ယောက် ၂,၀၀၀ ကျပ်ပဲယူပါတယ်" ဟုပြောမှ ယုံကြည်သွားတော့သည်။**

တစ်ယောက် ၂,၀၀၀ ကျပ်ပဲယူပါတယ်" ဟုပြောမှ ယုံကြည်သွားတော့သည်။ ကျွန်တော်တို့အဖွဲ့ တောဆိုင်တောချက်ကို မြိန်မြိန်စားပြီး ရွှေကုက္ကိုလ်မှ ထွက်ခဲ့ပါသည်။

အပြန်လမ်းတွင် စကားတပြောပြောနှင့် မောင်းလာရာ ကြို့ပင်ကောက်မြို့သို့ ၁၂ နာရီတွင် ရောက်ရှိပါသည်။ ကြို့ပင်ကောက်မြို့ရောက်သည်နှင့် အလယ်တန်းတုန်းက စာသင်ပေးသော ဆရာဦးခင်မောင်ကို သတိရသွားပါသည်။ ကျွန်တော်နှင့် ဒေါက်တာမြင့်ဦးတို့ဆရာ ဖြစ်ပါသည်။ ဆရာ့အိမ်ဝင်း ဝင်လိုက်သည်နှင့် "ဟေ့ တပည့်တို့ လာကြကွ။ ငါလည်း မင်းတို့ကို တွေ့ချင်နေတာ။ မြင့်ဦးလည်း ပါတယ်နော်။ ဟိုတစ်ပတ် မောင်မောင်တင်လာတုန်းက မင်းကို မေးတယ်။ ဒီတစ်ခါလာရင် ခေါ်လာခဲ့မယ် ပြောသွားတာ ခုတော့မင်းပါလာပြီ" ဆိုပြီး တပည့်များကိုဖက်၍ ဆရာဝမ်းသာနေပါသည်။ ကျွန်တော်တို့နှစ်ယောက် ဆရာ့ကို ဦးချကန်တော့၍ ပါလာသည့် လှူဖွယ်များကို ပေးအပ်လိုက်ပါသည်။ ဆရာသည် အသက် ၈၀ ရှိနေသော်လည်း လှုပ်လှုပ်ရှားရှား သွားနိုင်လာနိုင်ရှိပြီး အသံမှာလည်း စာသင်တုန်းကအသံအတိုင်း ပြတ်ပြတ်သားသား ကျယ်ကျယ်လောင်လောင်ပြောနိုင်လျက် ရှိပါသည်။ ကျွန်တော်တို့နှစ်ယောက် ဆရာ့ရင်ခွင်မှ ခွဲခွာခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ခဲ့သော်လည်း ဆရာ့ကို မမေ့နိုင်ပါ။ ဆရာကလည်း တပည့်များကို သိပ်ချစ်၊ သိပ်သတိရနေကြောင်း သိရပါသည်။ ဆရာ့ကိုနှုတ်ဆက်၍ ဆရာ့အိမ်မှ ထွက်ခွာခဲ့ပါသည်။

ကျွန်တော်တို့အဖွဲ့ ရန်ကုန်မြို့သို့ ပြန်ခဲ့ရာ မင်းလှမြို့တွင်ရှိသော ဒေါက်တာဦးဝင်းလှိုင်၏ သူငယ်ချင်းဆရာဝန်ထံဝင်၍ နှုတ်ဆက်စကားပြောပြီး ဆက်၍ထွက်ခွာခဲ့ပါသည်။ မင်းလှမြို့မှထွက်ခွာလာပြီး လက်ပံတန်းမြို့အရောက် လမ်းမပေါ်မှ တား၍ ရပ်ပေးလိုက်ရာ မြို့ဝင်ကြေး ကျပ် ၁၀၀ တောင်းပါသည်။ ကျွန်တော်က "မင်းတို့မြို့မဝင်ပါဘူး။ မင်းတို့မြို့ပြင်က ဒီလမ်းကြီးကသွားတာ။ မြို့ထဲဝင်ရင်တောင်းပေါ့။ မြို့ထဲမှ မဝင်တာပဲ။ ဘာဖြစ်လို့ တောင်းရတာလဲ" ဟုမေးရာ "လူကြီးတွေက တောင်းခိုင်းလို့ပါ" တဲ့။ ဘယ်လူကြီးက တောင်းခိုင်းတာလဲ မသိပါ။ ရန်ကုန်–ပြည်လမ်းတစ်လျှောက်တွင် သာယာဝတီ၊ ဥက္ကံ၊ တိုက်ကြီး၊ မှော်ဘီ၊ ထောက်ကြန့်မြို့များတွင် လမ်းကြေး၊ မြို့ဝင်ကြေးများ ပေးခဲ့ရပါသေးသည်။ အမြန်လမ်းကြီးဖြစ်၍ ခရီးဖင့်သည်၊ ငွေကုန်သည်။ ကားသမားတိုင်း မပေးချင်ကြပါ။ ပြုပြင်ပေးသင့်သည်ဟု ထင်ပါသည်။ ကျွန်တော်တို့အဖွဲ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့သို့ ကောင်းမွန်စွာပြန်ရောက်ကြပါသည်။

ဤခရီးစဉ်ဆောင်းပါးသည် သာမန်ရိုးစင်းသောခရီးစဉ်တစ်ခုဖြစ်ပါသည်။ သို့သော်လည်း တစ်ခါတစ်ရံမှ အခမဲ့ဆေးကုသခွင့်မရခဲ့သည့် အဖေ့ရွာ၊ အဖေ့ဆွေမျိုးများအတွက် ဝမ်းသာပီတိဖြစ်ရပါသည်။ အဖေ့ရွာတွင် ဆေးပေးခန်းတစ်ခုဖြစ်အောင် ကြိုးစားထူထောင်ပေးထားသော်လည်း ဆရာမသာရှိ၍ ပေးစရာဆေးမရှိပါ။ ဆေးခန်းတွင်အသုံးပြုရန် ဆေးပစ္စည်းကိရိယာမရှိ၍ ကျွန်တော်က ကိရိယာ ၂၇ မျိုးဝယ်၍ လှူဒါန်းပေးခဲ့ရပါသည်။ ဆေးပေးခန်းရှိထားပြီဖြစ်၍ ဆေးဝါးများအထိုက်အလျောက်ပြည့်စုံအောင် သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးသင့်ပါသည်။

ကျွန်တော်တို့အဖွဲ့သွားရောက်သောအခါ ရွာသူရွာသားများ ဝမ်းသာ၍ ဝိုင်းအုံလာကြပါသည်။ လာပြသော လူနာများအား သင့်လျော်သောဆေးဝါးများပေးနိုင်၍ လူနာများကျေနပ်ကြပါသည်။ ဘထွေးတစ်ဦးကတော့ "ဒီလိုဆေးမျိုးတွေ ဒီမှာတစ်ခါမှ မရဘူးကွ" ဟု ပြောပါသည်။ ရွာသူ၊ ရွာသားအများစုသည် ကျန်းမာရေးဗဟုသုတအလွန်နည်းသည်ကို တွေ့ရပါသည်။ ကျန်းမာရေးပညာပေးရန်လည်း မည်သူမှဆောင်ရွက်မပေးနိုင်ပါ။ ကျန်းမာရေး ဗဟုသုတနည်းပါး၍ ဖြစ်ရသောရောဂါများတွင် သွားနှင့်ခံတွင်းရောဂါ၊ တစ်ကိုယ်ရေသန့်ရှင်းအောင်မနေကြ၍ အရေပြားယားယံသည့်ရောဂါ၊ အာဟာရချို့ယွင်းသည့်ရောဂါများတွေ့ရှိရာ ထိုရောဂါများမှာ ကျန်းမာရေးဗဟုသုတပညာပေးနိုင်ခြင်းဖြင့် လျော့နည်းသွားနိုင်သောရောဂါများ ဖြစ်ပါသည်။ ကျွန်တော် စိတ်ကူးမိပါသည်။ ဆေးပေးခန်းကို ထိထိမိမိဖြစ်အောင် တိုးချဲ့ဆောင်ရွက်၊ ကျန်းမာရေးဌာနကို အသိပေး အကူအညီတောင်း၊ မိမိကိုယ်တိုင်လည်း ကိုယ့်ရွာ၊ ကိုယ့်ဆွေမျိုးများအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးခြင်းဖြင့် တိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ကျေးရွာသူ၊ ကျေးရွာသားများ ကျန်းမာရေးအသိပညာတိုးတက်၍ ကျန်းမာချမ်းသာကြပါစေ။


**မောင်မောင်တင်**
**(၂၀–၁၁–၂၀၀၉)**

www.foreverspace.com.mm

**လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကျော် ၁၉၆၉ ခုနှစ် သင်္ကြန်မကျခင်တစ်ရက်စောပြီး ဖေဖေ၊ မေမေတို့နဲ့အတူ အိန္ဒိယခရီး စတင်ခဲ့ရပါတယ်။ အဲဒီအချိန်က ရန်ကုန်–ကာလကတ္တား (အခုအခေါ် ကိုလ်ကတ္တားမြို့) UBA လေယာဉ်ခရီးစဉ်ရှိနေတာကြောင့် ပထမခရီးထောက်အဖြစ် ကိုလ်ကတ္တားမြို့မှာ သုံးရက်လောက်နားပြီး မိတ်ဟောင်းဆွေဟောင်းတွေနဲ့ တွေ့ဆုံခဲ့ကြပါတယ်။**

# အတွင်းသံ

မြသန်းသန်းနု



ကိုလ်ကတ္တားကနေ ဘုံဘေမြို့ (အခုအခေါ် မွန်ဘိုင်း)ကို ဒုတိယခရီးထောက်အဖြစ် လေယာဉ်နဲ့ ခရီးဆက်ကြပါတယ်။ ကိုလ်ကတ္တားမှာ အိန္ဒိယအစိုးရက ဂရင်းဟိုတယ် (The Grand Hotal) မှာ တည်းခိုဖို့စီစဉ်ပေးပေမယ့် ဘုံဘေမှာ ကိုယ်တိုင်ကိုယ်ကျ ဧည့်ခံလိုသူရှိနေတာကြောင့် ဟိုတယ်မဟုတ်ဘဲ နေအိမ်မှာ တည်းခိုခဲ့ရပါတယ်။ အိမ်ရှင်အဖြစ်တာဝန်ယူတဲ့ ဖေဖေ့မိတ်ဆွေဟာ တစ်ချိန်က ရန်ကုန်မှာ တာဝန်ကျခဲ့ဖူးတဲ့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ဟောင်း မစ္စတာလားဂျီးမေရိုထရာ (Lalji Mehrotra) ပဲ ဖြစ်ပါတယ်။

မစ္စတာမေရိုထရာရဲ့ တိုက်ခန်းကြီးဟာ ဘုံဘေမြို့ရဲ့ နာမည်ကျော် ဝေါ်လီပင်လယ်ကမ်းခြေလမ်းမကြီး (Worli Sea Face) မှာ ရှိပါတယ်။ မနီးမဝေးမှာ နောက်ထပ်နာမည်ကျော်တဲ့ မာလာဘာတောင်ကုန်း (Malabar Hills) အရပ် ရှိပါတယ်။ အဲဒီရပ်ကွက်မှာ လူကုံထံတွေ၊ သူဌေးကြီးတွေ၊ VIP တွေနဲ့ အိန္ဒိယရုပ်ရှင်လောကရဲ့ အကျော်အမော်တွေ နေထိုင်ကြပါတယ်။ 'Bollywood' အဖြစ် ကမ္ဘာမကျော်ခင်ကာလထဲက မာလာဘာတောင်ကုန်းရပ်ကွက်မှာ အိန္ဒိယရုပ်ရှင်သရုပ်ဆောင်အတော်များများ အခြေစိုက်ခဲ့ကြပါတယ်။ ကျွန်မတို့အိမ်ရှင် မစ္စတာမေရိုထရာရဲ့ တိုက်ခန်းဟာ ကျွန်မတို့အတွက် ခမ်းနားလွန်းတယ်ဆိုရင် မာလာဘာတောင်ကုန်းအရပ်က တိုက်ခန်းတွေဟာ ဇာတ်တော်တွေထဲက နတ်ဘုံနတ်နန်းတမျှလို့တင်စားရမှာဖြစ်ပါတယ်။ ဘုံဘေမြို့က ချမ်းသာတဲ့ မိသားစုတစ်စုဟာ ဧရာမတိုက်ကြီးမှာ တစ်လွှာပိုင်ဆိုင်တယ်လို့ပြောရင် ကလေးကလားဆန်နေပါလိမ့်မယ်။ မိသားစုတစ်စုဟာ လေးငါးလွှာပိုင်ပြီး အနည်းဆုံးတစ်လွှာမှာ လူနေအလွှာမဟုတ်ဘဲ ပန်းဥယျာဉ်အဖြစ် အသွင်ဆန်းဆန်းဖန်တီးထားတတ်ကြပါတယ်။

ကျွန်မတို့အိမ်ရှင်က အခိုင်းအစေတွေနဲ့ တိုက်ခန်းကျယ်ကြီးမှာ တစ်ဦးတည်းနေ

www.foreverspace.com.mm

ပါတယ်။ အငြိမ်းစားယူပြီးကတည်းက ဇာတိမြေဖြစ်တဲ့ အူတာပရာဒက်ရှ်ပြည်နယ် (Uttar Pradesh State) လတ်ခနောင်းမြို့ (Lucknow) မှာ အခြေချခဲ့ပေမယ့် မစ္စတာမေရိထရာက မကြာခဏ နိုင်ငံတကာခရီးလှည့်ရသူပီပီ ဘုံဘေမြို့မှာ အနေများသူဖြစ်ပါတယ်။ ဇနီးသည်က လတ်ခနောင်းမြို့မှာနေပြီး သားနဲ့သမီးက ဘုံဘေမြို့မှာ သီးခြားတိုက်ခန်းကြီးတွေနဲ့ ကိုယ့်မိသားစုနဲ့ကိုယ်သတ်သတ်စီနေကြပါတယ်။ မနက်စောစောဖြစ်ဖြစ်၊ ညနေစောင်းဖြစ်ဖြစ် ဝေါလီပင်လယ်ကမ်းခြေလမ်းမကြီးမှာ လေညှင်းခံရင်း လမ်းလျှောက်ရတဲ့စိတ်ကြည်နူးမှုဟာ ထူးခြားနေပါတယ်။ အာရေဗျပင်လယ်ကြီးဟာ လက်တစ်ကမ်းမှာရှိပေမယ့် ရှုမျှော်မဆုံး ကျယ်ပြောလှတဲ့ထိတွေ့ခံစားမှုကလည်း ထူးခြားပါတယ်။

ဘုံဘေမြို့ဟာ တစ်ချိန်က ဘုံဘေပြည်နယ်ရဲ့ မြို့တော်ဖြစ်ပေမယ့် ၁၉၆၀ ပြည့်နှစ်မှာ ဘုံဘေပြည်နယ်ကို ဂုဂျရတ်ပြည်နယ် (Gujarat State) နဲ့ မဟာရာဇ်ရှ်ထရာပြည်နယ် (Maharashtra State) ဆိုပြီး ခွဲလိုက်ပါတယ်။ အဲဒီလို နှစ်ပြည်နယ်ခွဲပြီးတဲ့နောက် မဟာရတ်ရှ်ထရာပြည်နယ်ရဲ့မြို့တော် ဘုံဘေဖြစ်လာပါတယ်။ တကယ်တော့ ဘုံဘေမြို့ဟာ အိန္ဒိယအနောက်ဘက်ကမ်းခြေနဲ့ကပ်လျက်ရှိတဲ့ ကျွန်းတစ်ကျွန်းပေါ်မှာ တည်ရှိပါတယ်။ ဘုံဘေမြို့ စပြီးထူထောင်ခဲ့တဲ့ ၁၃ ရာစုက ဟိန္ဒူဘာသာဝင်တွေကြီးစိုးခဲ့ပေမယ့် ၁၆ ရာစုမှာ မွတ်ဆလင် စူလတန်ဘုရင်တွေ ဝင်ရောက်သိမ်းပိုက်ခဲ့ပါတယ်။ စူလတန်ဘုရင်တစ်ပါးက ၁၅၃၄ ခုနှစ်မှာ ဘုံဘေမြို့ကို ပေါ်တူဂီနိုင်ငံလက်ထဲလွှဲပြောင်းပေးခဲ့ပါတယ်။ အဲဒီအချိန်က ဘုံဘေမြို့မှာ ပေါ်တူဂီတွေက ကုန်သွယ်ရေးကိုလိုနီထူထောင်ပြီး ကောင်းစားနေချိန် ဖြစ်ပါတယ်။ ပေါ်တူဂီနိုင်ငံ ဘရာဂန်ဇာနယ်က မင်းသမီး ကက်သရင်း (Catherine of Braganza)နဲ့ အင်္ဂလန်ပြည့်ရှင် ဒုတိယမြောက်ချားလ်စ်ဘုရင် ၁၆၆၁ ခုနှစ်မှာ စုလျားရစ်ပတ်တဲ့အခါ ပေါ်တူဂီ

**ကျွန်မတို့အိမ်ရှင် မစ္စတာမေရိထရာရဲ့တိုက်ခန်းဟာ ကျွန်မတို့အတွက် ခမ်းနားလွန်းတယ်ဆိုရင် မာလာဘာတောင်ကုန်းအရပ်ကတိုက်ခန်းတွေဟာ ဇာတ်တော်တွေထဲက နတ်ဘုံနတ်နန်းတမျှလို့တင်စားရမှာဖြစ်ပါတယ်။ ဘုံဘေမြို့ကချမ်းသာတဲ့မိသားစုတစ်စုဟာ ရေမတိုက်ကြီးမှာ တစ်လွှာပိုင်ဆိုင်တယ်လို့ပြောရင် ကလေးကလားဆန်နေပါလိမ့်မယ်။ မိသားစုတစ်စုဟာ လေးငါးလွှာပိုင်ပြီး အနည်းဆုံးတစ်လွှာမှာ လူနေအလွှာမဟုတ်ဘဲ ပန်းဥယျာဉ်အဖြစ် အသွင်ဆန်းဆန်း ဖန်တီးထားတတ်ကြပါတယ်။**

နိုင်ငံဘက်က ဘုံဘေမြို့ကို မင်္ဂလာလက်ဖွဲ့အဖြစ် ပေးလိုက်ပါတယ်။ အိန္ဒိယအလေ့အကျင့်အတိုင်း သတို့သမီးက သတို့သားကို မင်္ဂလာကြေး (Dowry) ပေးတဲ့သဘောသက်ရောက်နိုင်ပါတယ်။ အဲဒီအချိန်ကတည်းက အင်္ဂလိပ်လက်ထဲရောက်နေခဲ့တဲ့ ဘုံဘေမြို့ဟာ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက် အိန္ဒိယနိုင်ငံလွတ်လပ်ရေးရမှပဲ အိန္ဒိယနိုင်ငံလက်ထဲ ပြန်ရောက်ပါတော့တယ်။

ဘုံဘေမြို့ဟာ ပင်လယ်ကမ်းခြေမြို့ဖြစ်ပေမယ့် မြို့အနောက်ပိုင်းမှာ ပေ ၂၀၀ လောက်မြင့်တဲ့ တောင်ကုန်းတွေ၊ ကျောက်ကမ်းပါးမြင့်မြင့်ကြီးတွေရှိပါတယ်။ ဘုံဘေမြို့ဟာ ရှေးရှေးကတည်းက ပင်လယ်ရေကြောင်း ကုန်သွယ်ရေးမှာ အရေးပါခဲ့ပေမယ့် ၁၈၆၉ ခုနှစ် စူးအက်တူးမြောင်း (Suez Canal) ဖောက်ပြီးတဲ့အခါ ကူးသန်းရောင်းဝယ်ရေးအတွက် အိန္ဒိယနိုင်ငံရဲ့ အချက်အချာမြို့ကြီး ဖြစ်လာပါတယ်။ ဒါ့ကြောင့် ဘုံဘေမြို့ကို စီးပွားရေးမုခ်ဦးကြီးအဖြစ် 'Gateway of India' လို့ ကင်ပွန်းတပ်ခဲ့ကြပါတယ်။ ၁၉၁၁ ခုနှစ်က ဗြိတိန်ပြည့်ရှင် ပဉ္စမမြောက် ဂျော့ဂျ်ဘုရင်နဲ့ မေရီမိဖုရားကြီးတို့ ဘုံဘေမြို့ကို ဆိုက်ရောက်လာတဲ့အထိမ်းအမှတ်အဖြစ် ဘုံဘေပင်လယ်ကမ်းတစ်နေရာမှာ'India Gate' လို့ အမည်တွင်တဲ့ မုခ်ဝတံခါးကြီးတစ်ခုလည်း တည်ဆောက်ထားပါတယ်။ ဘုံဘေမြို့ဟာ စီးပွားရေးနယ်ပယ်နဲ့ ရုပ်ရှင်လောကအပါအဝင် အနုပညာနယ်ပယ်မှာခြေချလိုသူတွေအတွက် စိန်ခေါ်နေတဲ့မြို့လည်း ဖြစ်ပါတယ်။

ကျွန်မတို့မိသားစု မစ္စတာမေရိထရာအိမ်မှာတည်းခိုနေခိုက် မိတ်ဟောင်းဆွေဟောင်းတွေရော၊ မိတ်ဆွေသစ်တွေနဲ့ပါ ဆုံခဲ့ရပါတယ်။ ဘုံဘေရောက်ပြီး မကြာမီ တစ်ရက်မှာ ဖေဖေ၊ မေမေတို့ကိုတွေ့ဖို့ အသက် ၄၀ ဝန်းကျင် အမျိုးသားနှစ်ဦးနဲ့ အသက် ၃၀ ကျော်လောက်ရှိမယ့် အမျိုးသမီးတစ်ဦး ရောက်လာကြပါတယ်။ သူတို့ဝင်လာကတည်းက မြင်ဖူးသလိုလိုရှိပေမယ့် သေသေချာချာ မမှတ်မိတော့ပါ။ MRA အဖွဲ့ဝင်တွေဆိုတာကိုတော့ မစ္စတာမေရိထရာကတစ်ဆင့် ရက်ချိန်းယူကတည်းက ပြောကြဆိုကြမို့ သိရှိထားနှင့်ပြီးဖြစ်ပါတယ်။ MRA ဆိုတာ MORAL RE-ARMAMENT လူမှုပြုပြင်ပြောင်းလဲရေးအတွက် စိတ်ဓာတ်ပြန်လည်မြှင့်တင်ပေးရေးအဖွဲ့ ဖြစ်ပါတယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းမှုတွေမှာ တတ်အားသရွေ့ပါဝင်ကူညီပေးသူတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း လွတ်လပ်ရေးရပြီးနောက်ပိုင်း ရုံးဖွင့်ခဲ့ပါသေးတယ်။ ၁၉၆၂ ခုနှစ်အထိ ဖြစ်ပါတယ်။ ဘုံဘေမြို့တည်းခိုအိမ်မှာလာတွေ့သူတွေကတော့ ရာဂျ်မိုဟန်ဂန္ဒီ (မဟာတ္တမဂန္ဒီကြီးမြေးဖြစ်သူ Raj Mohan Gandhi)၊ အာရ့်ဒီမသူး (R.D. Mathur) နဲ့ ဇနီး ပတ်ဒမာ (Padma) တို့


www.foreverspace.com.mm



ဖြစ်ကြပါတယ်။ မစ္စတာမသူးနဲ့ ဇနီး ပတ်ဒမာတို့ဟာ ရန်ကုန်ရုံးခွဲတာဝန်ခံတွေဖြစ်ခဲ့ကြပါတယ်။ ရာဂျ်မိုဟန်ဂန္ဒီကတော့ အိန္ဒိယရုံးခွဲရဲ့ နာယက ဖြစ်ပါတယ်။

MRA ကို စတင်ထူထောင်သူဟာ အောက်စ်ဖို့ဒ် (Oxford) တက္ကသိုလ်ဘွဲ့ရ အမေရိကန်လူမျိုး ဖရင့်ခ်ဘွတ်ခ်မင် (Frank Buchman) ဆိုသူ ဖြစ်ပါတယ်။ Buchman ဟာ သူ့သူငယ်ချင်းဟောင်းတွေနဲ့အတူ 'Oxford Group' ဆိုတဲ့နာမည်နဲ့ အုပ်စုလေးတစ်ခုဖွဲ့စည်းခဲ့ပြီး ၁၉၂၅ ခုနှစ်ကတည်းက သြစတြေးလျနိုင်ငံကို အကြိမ်ကြိမ်သွားရင်း လူမှုရေးပြဿနာတွေ ဖြေရှင်းပေးခဲ့ပါတယ်။ ၁၉၃၈ ခုနှစ်က ဥရောပနိုင်ငံတွေမှာ စီးပွားရေးအခက်အခဲတွေနဲ့ ကြုံတွေ့လာတဲ့အခါမှာလည်း Buchman နဲ့ သူ့ရဲ့ Oxford အုပ်စုဝင်တွေရှေ့ကထွက်ခဲ့ကြပါတယ်။ "စီးပွားရေးအကျပ်အတည်းရဲ့အခြေခံဟာ စိတ်ဓာတ်ရေးရာပဲဖြစ်တယ်။ ဒါ့ကြောင့် နိုင်ငံတွေအနေနဲ့ စိတ်ဓာတ်ရေးရာပြန်ပြီးမြှင့်တင်ကြရမယ်။ စိတ်ဓာတ်ရေးရာပြန်လည်တက်ကြွမှုဟာ စီးပွားရေးပြန်လည်နာလန်ထူလာဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ ရှေ့ပြေးလုပ်ရပ်သာဖြစ်တယ်" လို့ Buchman က ပြောပါတယ်။

MRA အဖွဲ့ဝင်တွေဟာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းကလည်း စစ်ဒဏ်ခံခဲ့ရသူတွေကိုကူညီရင်း စိတ်ဓာတ်မြှင့်တင်ရေးနဲ့ အခက်အခဲပြဿနာများဖြေရှင်းရေးလုပ်ငန်းတွေမှာ ပါဝင်ခဲ့ပါတယ်။ "ပဋိပက္ခဖြစ်ရခြင်းဟာ သံသယဝင်မှု၊ ပြိုင်ဆိုင်မှု၊ ရန်လိုမှု၊ လောဘရမ္မက်ကြီးမှုတို့အပေါ် များသောအားဖြင့် မူတည်ပါတယ်။ စစ်ကြီးအတွင်း ဥရောပနိုင်ငံတွေမှာ ပြဿနာမျိုးစုံကြုံတွေ့နေရချိန် တခြားလူတွေဘေးထွက်ပြီး တစ်ယောက်ကိုတစ်ယောက် ဝေဖန်အပြစ်တင်နေပေမယ့် MRA အဖွဲ့ဝင်တွေကတော့ 'ဘယ်သူမှန်သလဲ' ဆိုတဲ့ 'WHO' ပရင်စီပယ်လ်ပေါ်မှာ အခြေမခံဘဲ 'ဘယ်အရာမှန်သလဲ' ဆိုတဲ့ 'WHAT' ပရင်စီပယ်လ် (Principle) ပေါ်မှာ အခြေခံပြီး ပါဝင်ဖြေရှင်းပေးခဲ့တဲ့အတွက် စုပေါင်းလက်တွဲဆောင်ရွက်မှု (Teamwork) အလေ့အကျင့်တွေရရှိလာပါတယ်။ ထူးခြားတဲ့အောင်မြင်မှုတွေလည်း ရရှိလာပါတယ်" လို့နောက်ပိုင်းအမေရိကန်သမ္မတဖြစ်လာတဲ့ ဆီနိတ်



www.foreverspace.com.mm



တာ ဟယ်ရီထရူးမင်း (Harry Truman) က ၁၉၄၃ ခုနှစ်မှာ ဝါရှင်တန်သတင်းစာ ရှင်းလင်းပွဲအတောအတွင်း ချီးကျူးပြောကြားရတဲ့အထိ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာလည်း ငြိမ်းချမ်းရေးရှေးရှုတဲ့လုပ်ငန်းတွေမှာ ပါဝင်ခဲ့ပါတယ်။

ကျွန်မတို့တည်းခိုနေတဲ့ ဘုံဘေ တိုက်ခန်းကို ရာဂျ်မိုဟန်နဲ့ မသူးတို့ ရောက်လာတာဟာ ဖေဖေ၊ မေမေတို့ကို နှုတ်ဆက်ပြီး အိန္ဒိယနိုင်ငံက သူတို့ရဲ့ဌာနချုပ်ရှိတဲ့နေရာကို အလည်အပတ်လာကြဖို့ ဖိတ်ကြားလိုတာကြောင့်ဖြစ်ပါတယ်။ သူတို့ရဲ့ဌာနချုပ်က ပန့်ချ်ဂနီ (Panchgani) မှာလို့ပြောပါတယ်။ အဲဒီအချိန်က ကျွန်မတစ်ခါမှ မကြားဖူးသေးတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ Panchgani ဟာ ဘုံဘေမြို့ကနေ ၂၈၅ ကီလိုမီတာ ကွာဝေးပါတယ်။ ဘုံဘေကနေ Panchgani ကို တိုက်ရိုက်မော်တော်ကားနဲ့ သွားနိုင်သလို ဘုံဘေကနေ ၁၈၅ ကီလိုမီတာဝေးတဲ့ ပူးနား (အခုအခေါ် ပူနေး) ကို မီးရထားစီးပြီး ပူနေးကနေ မော်တော်ကားနဲ့ခရီးဆက်နိုင်တဲ့ တောင်စခန်းမြို့လေးဖြစ်ပါတယ်။ Panchgani မရောက်ခင် ၁၈ ကီလိုမီတာလောက်ဝေးတဲ့ တောင်စခန်းမြို့လေးတစ်မြို့ ရှိပါသေးတယ်။ အဲဒီမြို့လေးကတော့ ပျားရည်အထွက်နာမည်ကျော်တဲ့ မဟာဗလက်ရှဝါမြို့လေး (Mahabaleshwar) ပဲ ဖြစ်ပါတယ်။

Panchgani မြို့လေးရဲ့အမည်ဟာ ဆာယာဒရီ (Sahyadri) တောင်တန်းကြီးတွေမှာပါဝင်တဲ့ တောင်ကုန်းငါးခု ဝိုင်းရံထားတာကို အကြောင်းပြုပြီးမှည့်ခေါ်ထားတာဖြစ်ပါတယ်။ အဲဒီတောင်ကုန်းတွေနားမှာ အာရှတိုက်ရဲ့အမြင့်ဆုံး ကုန်းပြင်မြင့်ကြီးရှိပါတယ်။ အဲဒီ အာရှကုန်းပြင်မြင့်ကြီး (Asia Plateau) ဟာ မီးတောင်ကုန်းပြင်မြင့်ကြီးဖြစ်ပါတယ်။ လေကောင်းလေသန့်ရပြီး ရာသီဥတုကောင်းမွန်တာကြောင့် အင်္ဂလိပ်ခေတ်က အင်္ဂလိပ် VVIP တွေရဲ့ နွေရာသီအပန်းဖြေတောင်စခန်းမြို့အဖြစ် စပြီးသတ်မှတ်ခဲ့တာပါ။ အခုတော့ ဘုံဘေမြို့က လူချမ်းသာတွေသာမကဘဲ အိန္ဒိယအနယ်နယ်အရပ်ရပ်က နယ်လှည့်ခရီးသည်တွေနဲ့ ကမ္ဘာလှည့်ခရီးသည်တွေရဲ့ နွေရာသီအပန်းဖြေစခန်းတစ်ခုအဖြစ် စည်ကားလှပါတယ်။

**စတော်ဘယ်ရီသီးခိုးဖို့ ဦးဆောင်သူတွေဟာ ဂန္ဒီကြီးမြစ်နဲ့ ဦးနုမြေးဖြစ်နေလို့ သဘောကျနေပုံရပါတယ်။ ကျွန်မကတော့ ကျွန်မသားငယ် မလိမ်မညာဘဲ မှန်တဲ့အတိုင်းဝန်ခံလို့ ဂုဏ်ယူမိပါတယ်။ ကျွန်မသားငယ်နဲ့ Supriya တို့က "ဝမ်းနည်းပါတယ်။ နောက်မလုပ်တော့ပါဘူး" လို့ လူကြီးတွေကို တောင်းပန်ကြပါတယ်။**

ရာဂျ်မိုဟန်တို့အဖွဲ့နဲ့အတူ ကျွန်မတို့ ဘုံဘေကနေ မီးရထားနဲ့ ထွက်ခွာခဲ့ပါတယ်။ ပူးနားမြို့မှာ နေ့လယ်စာစားရင်း ခဏနားခဲ့ကြပါတယ်။ ပူးနားကနေ Panchgani ကို မော်တော်ကားနဲ့ ဆက်တက်ကြပါတယ်။ ကျွန်မတို့ဆီက မန္တလေး–မေမြို့ (ပြင်ဦးလွင်) မော်တော်ကားလမ်းကို သတိရမိပါတယ်။ Panchgani မြို့လေးကိုဝင်တဲ့အခါ ညနေစောင်း မှောင်စပျိုးနေပါပြီ။

မြို့လေးကသေးတာကြောင့် မြို့အဝင်ဝကနေ ကားဆက်မောင်းလို့မကြာပါဘူး MRA ဌာနချုပ်ရောက်ပြီလို့ ယာဉ်မောင်းကြီးကပြောပြပါတယ်။ ဌာနချုပ်ဝင်းမော်တော်ကားလမ်းတစ်ဖက်တစ်ချက်ဆီမှာ ဖယောင်းတိုင်လေးတွေကိုင်ပြီး ဖေဖေ၊ မေမေတို့ကို ကြိုဆိုနေကြသူတွေကိုတွေ့လိုက်ရပါတယ်။ ဖယောင်းတိုင်မီးရောင်အောက်မှာ အပြုံးတွေဆင်ထား တဲ့မျက်နှာလေးတွေ တွေ့ရပါတယ်။ လူကြီးလူငယ်၊ ကလေး အသက်အပိုင်းအခြားအမျိုးမျိုးပါ။ ကြိုဆိုသူတွေကို တအံ့တသြကြည့်နေမိလို့ ရာသီဥတုအတော်လေးအပြောင်းအလဲဖြစ်သွားတာ သတိမထားလိုက်မိပါ။ ဖယောင်းတိုင်မီးရောင်အဆုံးမှာ လျှပ်စစ်မီးတွေထိန်ပြီး နေ့လား၊ ညလား မေးယူရလောက်မတတ် အမှောင်ထုပျောက်ကွယ်နေတဲ့ပတ်ဝန်းကျင်မှာ အဆောက်အအုံတွေ စနစ်တကျဆောက်လုပ်ထားတာတွေ့ရပါတယ်။ အဖွဲ့ဝင်တွေက အဆိုအကတွေနဲ့ အားတက်သရော ကြိုဆိုခဲ့ကြပါတယ်။ အဲဒီအချိန်က ဌာနချုပ်မှာရှိတဲ့အဖွဲ့ဝင် တစ်ရာကျော်လောက်နဲ့အတူ အဲဒီညက ညစာတပျော်တပါးကြီးစားသောက်ခဲ့ကြပါတယ်။ တပျော်တပါးဆိုပေမယ့် ကျွန်မ မပျော်ပါ။ ဖေဖေ၊ မေမေတို့ခရီးသွားတဲ့အခါ တစ်နိုင်ငံ၊ နှစ်နိုင်ငံလိုက်ဖူးပေမယ့် အခုလိုတစ်ချိန်တည်းမှာ နိုင်ငံပေါင်းစုံက လူကြီးတွေရော၊ လူရွယ်လူလတ်၊ လူငယ်၊ ကလေးတွေပါ ဆက်ဆံရတာမျိုး မကြုံဖူးပါ။

ကျွန်မ ငယ်ငယ်က စကားနည်းသူဖြစ်ပါတယ်။ ငယ်ငယ်ကဆိုတာထက် ၁၉၆၉ ခုနှစ် အိန္ဒိယနိုင်ငံရောက်ရှိချိန် အသက် ၂၂ နှစ်အရွယ်ထိ ဖြစ်ပါတယ်။ သူတို့အားလုံး ကျွန်မကို ရင်းရင်းနှီးနှီးဖော်ဖော်ရွေရွေဆက်ဆံကြပေမယ့် ကျွန်မမှာ ပြန်ပြီးရွှန်းရွှန်းဝေစရာစကားမရှိသလို ဖြစ်ခဲ့ရပါတယ်။ ကျွန်မတို့က ကျောင်းတွေမှာ သင်သမျှနားထောင်၊ မေးတာကိုသင်ထားတဲ့ဘောင်အတွင်းက ပြန်ဖြေပြီး ဆရာကို အကျိုးကြောင်းဆင်ခြင် မေးခွန်းမေးတတ်တာမျိုးမရှိသလို ကျောင်းသားအချင်းချင်း အချေအတင်ပြောဆိုတာတွေလည်းမရှိတဲ့ 'ကိုယ်တိုင်ကိုယ်ကျ တက်ကြွစွာပါဝင်မှုမရှိသော Passive Learning' ပညာရေးစနစ်နဲ့ ကြီးပြင်းလာကြလို့ ထင်ပါတယ်။

ကျွန်မဘုံဘေမြို့မှာရှိနေတုန်း 'ဦးရှား' (USHA) နဲ့ကျွန်မ မိတ်ဆွေဖြစ်ခဲ့ပါတယ်။ USHA ဟာ အဲဒီအချိန်က ဘုံဘေမြို့ MRA ရုံးခွဲမှာ တာဝန်ယူရသူ ဖြစ်ပါတယ်။ သူက ကျွန်မကိုနေ့တိုင်းလာခေါ်ပြီး ဓာတ်ရထားနဲ့ ဘုံဘေအနှံ့လျှောက်လည်

www.foreverspace.com.mm

**ဂန္ဒီကြီးရဲ့စကားတစ်ခု ရှိပါတယ်။ "လူတွေဟာ အချိန်နဲ့အမျှပြောင်းလဲနေကြပါတယ်။ လူတစ်ဦးချင်း မကောင်းမှုတွေပယ်ပြီး ကောင်းမှုဘက် ပြောင်းလဲကျင့်ကြံကြမယ်ဆိုရင် တစ်ကမ္ဘာလုံး အကောင်းဘက် ပြောင်းလဲသွားနိုင်ပါတယ်"**

ကြပါတယ်။ အဲဒီအချိန်က အိန္ဒိယမြို့ကြီး အတော်များများမှာ ဓာတ်ရထားအသုံးပြုခဲ့ပါသေးတယ်။ ကျွန်မ အဲဒီအချိန်က Panchgani ရောက်ခဲ့ပြီး နောက်ထပ်မရောက်ဖြစ်တော့ပါ။ USHA နဲ့တော့ အဆက်အသွယ်ရှိပါတယ်။ ၁၉၇၄ ခုနှစ် အိန္ဒိယအလယ်ပိုင်းက Bhopal မြို့မှာ ကျွန်မမိဘတွေနဲ့ အခြေချခဲ့ချိန်မှာ USHA နဲ့ ပြန်ဆုံခဲ့ရပါတယ်။ USHA နဲ့ Raj Mohan Gandhi တို့လည်း လက်ထပ်ခဲ့ကြပါတယ်။

၁၉၈၀ ပြည့်နှစ်မှာ ဖေဖေ၊ မေမေတို့ မြန်မာနိုင်ငံပြန်ကြပြီး ကျွန်မတို့မိသားစုလည်း ဒေလီမြို့ကို ပြောင်းရွှေ့ခဲ့ကြပါတယ်။ USHA တို့ မိသားစုနဲ့ ပိုပြီးဆုံမိကြပါတယ်။ USHA တို့မှာ သမီးကြီး ဆုပရီယာ (Supriya) နဲ့ သားငယ်ဒေဗူ (Devu) တို့ ရှိပါတယ်။ Supriya က ကျွန်မသားငယ်နဲ့ တစ်နှစ်တည်းပါ။ ကျွန်မတို့သားကြီးက ကျောင်းအိပ်ကျောင်းစားနေတာကြောင့် USHA ကလေးတွေနဲ့ မရင်းနှီးပေမယ့် သားငယ်နဲ့တော့ ခင်မင်ကြပါတယ်။ သားငယ် အသက်ခုနစ်နှစ်က Panchgani မှာကျင်းပတဲ့ နိုင်ငံတကာညီလာခံတက်ဖို့ရှိတာကြောင့် သားငယ်ကိုပါခေါ်သွားခဲ့ပါတယ်။ လူပေါင်း ၁၅၀ လောက်စားဖို့အတွက် ကျွန်မကြပ်မတ်ပြီး အုန်းနို့ခေါက်ဆွဲ ချက်ပေးပါတယ်။ ကျွန်မက အဖွဲ့ဝင်မဟုတ်ပေမယ့် သူတို့နည်းတူ ကျွန်မလည်း တက်တက်ကြွကြွပါဝင်လှုပ်ရှားတတ်နေပါပြီ။

သူတို့ဌာနချုပ်တည်ရှိတဲ့ ပတ်ဝန်းကျင်ရွာလေးတွေက ရွာသူရွာသားတွေလည်း သူတို့နဲ့အတူ မိသားစုတွေလိုဖြစ်နေပါပြီ။ တစ်မိသားစုတည်းက မိသားစုဝင်တွေလို တက်ညီလက်ညီစုပေါင်းဆောင်ရွက်နေတဲ့ Teamwork ကို နေ့စဉ်ကဏ္ဍတိုင်းမှာ တွေ့မြင်နေရပါတယ်။ ပတ်ဝန်းကျင်ကျေးရွာတွေမှာ နွားမွေးမြူပြီး နွားနို့ရရှိပါတယ်။ သစ်သီး၊ ဟင်းသီးဟင်းရွက်က အစ ရွာသားတွေရော အဖွဲ့ဝင်တွေပါ အလှည့်ကျစိုက်ပျိုးထိန်းသိမ်းပေးရပါတယ်။ ထမင်းချက်တဲ့နေရာ၊ သန့်ရှင်းရေးလုပ်တဲ့နေရာကအစ အားလုံး စနစ်ကျနမှုရှိလှပါတယ်။ ကျွန်မလည်း အလုပ်ရုံဆွေးနွေးပွဲတွေမှာ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ညီလာခံတက်တဲ့ ကိုယ်စားလှယ်တွေအားလုံး အလှည့်ကျတာဝန်အမျိုးမျိုးခွဲပြီး ယူကြရပါတယ်။

တစ်ညနေ လက်ဖက်ရည်သောက်ချိန်လောက်မှာ သစ်သီးခင်းတွေစိုက်ထားတဲ့ရွာဘက်က အမျိုးသမီးတစ်ယောက်ဦးဆောင်ပြီး ကလေး ၁၀ ယောက်လောက်ကို လူကြီးတွေရှေ့ ခေါ်လာပါတယ်။ စတော်ဘယ်ရီစိုက်ခင်းထဲက အသီးတွေကို တိတ်တိတ်ဝင်ခိုးပြီးစားနေကြလို့ ခေါ်လာပါတယ်လို့ တိုင်ရင်းပြောပြပါတယ်။ ကလေးတွေထဲမှာ ကျွန်မသားငယ်နဲ့ USHA သမီး Supriya လည်း ပါပါတယ်။ USHA က "စားချင်ရင် ခွင့်တောင်းရတယ်။ ဒီလိုလူကြီးတွေမသိအောင်ခူးစားတယ်ဆိုတော့ ခိုးတယ်လို့လည်းအပြောခံရပြီ။ ဘယ်သူဦးဆောင်ပြီးသွားတာလဲ" လို့ ဆုံးမရင်းမေးလိုက်တဲ့အခါ ကျွန်မသားငယ်နဲ့ Supriya တို့ ပြိုင်တူလက်မြှောက်လိုက်ကြပါတယ်။ အနားမှာရှိတဲ့လူတွေအားလုံးဓာတ်တိုက်ထားသလို "ဖြစ်မှဖြစ်ရပလေ" လို့ ပြောပြီး ရယ်လိုက်ကြပါတယ်။

စတော်ဘယ်ရီသီးခိုးဖို့ ဦးဆောင်သူတွေဟာ ဂန္ဒီကြီးမြစ်နဲ့ ဦးနုမြေးဖြစ်နေလို့ သဘောကျနေပုံရပါတယ်။ ကျွန်မကတော့ ကျွန်မသားငယ် မလိမ်မညာဘဲ မှန်တဲ့အတိုင်းဝန်ခံလို့ ဂုဏ်ယူမိပါတယ်။ ကျွန်မသားငယ်နဲ့ Supriya တို့က "ဝမ်းနည်းပါတယ်။ နောက်မလုပ်တော့ပါဘူး" လို့ လူကြီးတွေကို တောင်းပန်ကြပါတယ်။

RAJ Mohan နဲ့ USHA တို့ ပြောလေ့ပြောထရှိတဲ့ ဂန္ဒီကြီးရဲ့စကားတစ်ခုရှိပါတယ်။ "လူတွေဟာ အချိန်နဲ့အမျှ ပြောင်းလဲနေကြပါတယ်။ လူတစ်ဦးချင်း မကောင်းမှုတွေပယ်ပြီး ကောင်းမှုဘက်ပြောင်းလဲကျင့်ကြံကြမယ်ဆိုရင် တစ်ကမ္ဘာလုံး အကောင်းဘက်ပြောင်းလဲသွားနိုင်ပါတယ်။ မိမိအနေနဲ့ အကောင်းဘက်ပြောင်းလဲဦးတည်မှုရှိ၊ မရှိသိချင်ရင် မိမိရဲ့အတွင်းသံ (Inner Voice) ကို မိမိဘာသာနားထောင်ပါလို့ ဂန္ဒီကြီးက အကြံပြုပါတယ်"

ကျွန်မတို့ ၂၀၀၃ ခုနှစ် ဒေလီကနေ ရန်ကုန်ပြန်မလာမီ RAJ Mohan, USHA, Mr.Mathur နဲ့ Padma တို့က နေ့လယ်စာကျွေးပြီးနှုတ်ဆက်ပါတယ်။ RAJ Mohan က "ခင်ဗျားတို့ပြန်သွားပြီးလည်း အမြဲသတိရနေမှာပါ။ ကျွန်တော်တို့ ၁၉၆၉ ခုနှစ် စတွေ့ချိန်နဲ့ အခုယှဉ်ရင် ခင်ဗျားသိသိသာသာပြောင်းလဲသွားပြီ။ ဝမ်းသာပါတယ်" လို့ ပြောပါတယ်။ "ကျွန်မရဲ့အပြောင်းအလဲကို အသိအမှတ်ပြုပေးလို့ ကျေးဇူးတင်ပါတယ်။ ကျွန်မ ပြောင်းလဲမှုရှိအောင် အလင်းရောင်ပြပေးသူ ရှိပါတယ်" လို့ ကျွန်မကပြောတဲ့အခါ RAJ Mohan က "ဘယ်သူလဲ၊ သိခွင့်ရှိမလား" လို့ မေးပါတယ်။

ကျွန်မက "အရုဏ်ဦး (Dawn) ဆိုတဲ့မိန်းကလေးပဲ။ အရုဏ်ဦးမှာ အလင်းပျိုးစမြဲမဟုတ်လား" လို့ဖြေလိုက်တဲ့အခါ RAJ Mohan က USHA ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ပါတယ်။ သူတို့နှစ်ယောက်ရော၊ မစ္စတာမသူးတို့ဇနီးမောင်နှံနဲ့ ကျွန်မတို့ဇနီးမောင်နှံပါ ရယ်လိုက်ကြပါတယ်။ 'USHA' ကို မြန်မာဘာသာနဲ့ 'အရုဏ်ဦး' ဦးလို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။

**မြသန်းသန်းနု**

■

ပြန်လမှအဆက်

www.foreverspace.com.mm

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

## (ဆူဟာတိုပြောသည့် သူ့သမိုင်း)

အခန်း (၇)

## ကျွန်တော့်ဘဝအဖော်မွန်

တင်ညွန့်

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အင်ဒိုနီးရှားပြဿနာကို အချေအတင် ဆွေးနွေးကြပြီး အင်ဒိုနီးရှားနှင့် ဒတ်ချ်အစိုးရတို့ ကြားတွင် ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြံဆောင်ခဲ့သည်။ ရန်းဗီးလ်သဘောတူစာချုပ်အတွက် ပြောဆိုဆွေးနွေးပြီးသည့်ညနေခင်းတွင် စေ့စပ်ဆွေးနွေးညှိနှိုင်းရေးတစ်ခု အခြားတစ်နေရာတွင် ကျင်းပပြုလုပ်ရန် အကြောင်းဖန်



www.foreverspace.com.mm

လာသည်။ ထိုစေ့စပ်ဆွေးနွေးမှုသည် နိုင်ငံရေးကိစ္စမဟုတ်ပါ။ ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စသာ ဖြစ်သည်။

ပဲ့ခ်ပရာဝီရိဝိဟာဂျို၏မိသားစုသည် ဂူရန်တိုရိုမှရောက်လာကြသည်။ ကျွန်တော်တပ်စခန်းချနေသည့်နေရာနှင့် မဝေးသဖြင့် သူတို့ကိုတွေ့ရန်သွားခဲ့သည်။ တွေ့ဆုံစကားပြောကြသည့်အကြောင်းအရာတွေက အထွေအထူးမဟုတ်ပေ။ သို့သော် စကားဝိုင်းတွင် မမျှော်လင့်ထားသည့် မေးခွန်းတစ်ခု ပေါ်ထွက်လာသည်။ အဘူပရာဝီရိက ကျွန်တော့်နောင်ရေးကို ကောက်ကာငင်ကာမေးပြီး ကျွန်တော့်ကို အသက် ၂၆ နှစ်ရှိပြီဖြစ်ကြောင်း သတိပေးလိုက်သည်။ အဘွားက ကျွန်တော့်ကို အတော်လေး စိတ်ပျက်ပုံပေါ်နေသည်။ ကျွန်တော်တို့ တောသူတောင်သားဓလေ့အရ ထိုအရွယ်သည် လက်ထပ်ရမည့်အရွယ် ဖြစ်သည်။

ပထမတော့ ထိုစိတ်ကူးကို ကျွန်တော် အလေးအနက်မထားမိသည်က အမှန်ဖြစ်သည်။ ကျွန်တော်က တပ်ကိစ္စများနှင့် အလုပ်ရှုပ်နေကြောင်း သူတို့ကို ပြောပြရသည်။ ဒတ်ချ်တို့နှင့်တိုက်ပွဲက မပြီးဆုံးသေး၊ အခြေအနေက ဖရိုဖရဲဖြစ်နေသေးသည်။ ဒတ်ချ်တွေက တပ်များကို ရုပ်သိမ်းခြင်းမပြုသေးပေ။ သို့သော် အဘူပရာဝီရိက နိုင်ငံရေးအခြေအနေတင်းမာမှုကြောင့် လက်ထပ်ရေး ရပ်ဆိုင်းရမည်လား၊ မိသားစုအရေးက ပိုပြီးအရေးမကြီးဘူးလားဟု ခုခံပြောဆိုတော့သည်။

ကျွန်တော်က "ကျွန်တော့်လိုကောင်ကို ဘယ်မိန်းကလေးက လက်ထပ်မှာလဲ" ဟုမေးလိုက်သည်။ ကျွန်တော့်စိတ်ကူးထဲတွင်လည်း တစ်ဦးမှမရှိတာကတော့ အမှန်ဖြစ်သည်။

"အဲဒါ နင့်ကိစ္စမဟုတ်ဘူး။ ငါတို့ကိစ္စသာထားလိုက်" ဟု အဘူပရာဝီရိက ဆက်ပြောသည်။ ပြီးတော့ "မင်း စီတီဟာတီနာကို မှတ်မိသေးလား။ ဝူနိုဂီရိက မင်းညီ ဆူလာဒီရဲ့ အတန်းဖော်လေ" ဟု မေးလိုက်သည်။

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

ကျွန်တော် မှတ်မိပါသည်။ "မဖြစ်နိုင်" ဟု ကျွန်တော်က တွေးလိုက်သည်။ "သူမ သဘောတူပါ့မလား"၊ "မိဘတွေကရော သဘောတူပါ့မလား" ကျွန်တော်က ဆက်မေးသည်။ "သူတို့က အထက်တန်းလွှာတွေလေ။ သူမအဖေက မျိုးနွယ်စုခေါင်းဆောင် ဝီဒါနာတစ်ယောက်၊ ပြီးတော့ မန်ကူနီဂရရဲ့အကြီးအကဲ"

အဘူပရာဝီရိကို ကြည့်ရသည်က ကျွန်တော်ပြောလိုက်သည့်အကြောင်းအရာများသည် ပြဿနာမဟုတ်သလို ဖြစ်နေသည်။ ခေတ်တွေကပြောင်းလာပြီကို သိနေပုံပေါ်သည်။

အဘွားက "သူတို့နဲ့နီးစပ်တဲ့ ဆွေမျိုးတစ်ယောက်ကို ငါသိတယ်။ ငါနဲ့တွေ့ရင် သူ့ကိုအကူအညီတောင်းရမှာပေါ့။ ဘာလုပ်ရမယ်ဆိုတာ ငါသိပါတယ်။ ဒါမျိုးတွေ ငါလုပ်တတ်ပါတယ်" ဟုပြန်ပြောလိုက်သည်။

ကျွန်တော် အဘူပရာဝီရိကို စိတ်မပျက်မိ။ အဘွားပြောတာတွေ ဖြစ်လာနိုင်ကောင်းမှန်း ကျွန်တော် သိနေသည်။ အနေးနှင့်အမြန် ဆိုသလို မိသားစုဘဝကို



www.foreverspace.com.mm

တည်ဆောက်ရမည်သာဖြစ်သည်။ ကျွန်တော်တို့ ဘာသာရေးကလည်း မိသားစုကို ဆက်လက်တည်တံ့စေရန် ထိန်းသိမ်းသွားရေးကို တိုက်တွန်းသည်။ ထိုအရေးအတွက် လက်ထပ်ရန်မှတစ်ပါး အခြားမရှိပေ။ မျိုးဆက်ဆိုသည်မှာ လက်ဆင့်ကမ်းရမည့် အမွေဖြစ်သည်မဟုတ်ပါလား။

ပါ့ခ်ဆူမိုဟာဂျိုမိုနှင့် အဘူဟာက်မန်တီတို့က ကျွန်တော်တို့ကို တွေ့ဆုံပေးနိုင်ရန် ပြင်ဆင်ကြသည်။ အဘူပရာဝီရိုက ကျွန်တော်တို့နှစ်ယောက်ကြားတွင် အောင်သွယ်ကို စကားပြောခိုင်းသည်။

နိုတိုနီဟုခေါ်သည့် အခမ်းအနားကို ချက်ချင်းစီစဉ်ကြသည်။ ထိုအစီအစဉ်မှာ လူငယ်တစ်ဦးက မိန်းမပျိုတစ်ဦးကို လက်ထပ်ရန်ကမ်းလှမ်းသည့်ပွဲဖြစ်သည်။ ကျွန်တော့်စိတ်ထဲတွင် အတော်လေး မသက်မသာဖြစ်နေရသည်။ ဟာတီနာကို မတွေ့ရသည်ကလည်းကြာပြီ။ ကျွန်တော့်ကို နှစ်သက်ရဲ့လားဆိုတာကလည်း မသေချာ။

ယခုလိုချက်ချင်းကြီး ကျွန်တော်တို့ချင်းတွေ့ဆုံခွင့်ရရန် စီစဉ်လိုက်ခြင်းနှင့် လက်ခံလိုက်ခြင်းက မီးစိမ်းပြလိုက်သည့်သဘောဟု ကျွန်တော်ကယူဆသည်။ တွေ့




ဆုံပွဲလေးက အတော်လေး စိတ်ကျေနပ်စရာကောင်းလှသည်။ လက်ထပ်မည့်နေ့ကိုပင် ဆွေးနွေးနိုင်ခဲ့ကြသည်။

ကျွန်တော့်စိတ်ထဲတွင် "ဒါမှ ငါ့အိမ်ထောင်ဖက်" ဆိုသည့်အသိကလည်း ဖြတ်ခနဲဝင်လာသည်။ ကျွန်တော်တို့ ဘိုးဘွားတွေက ပြောဖူးသည်။ "ကိုယ့်ဘဝကြင်ဖော်အမှန်ကိုတွေ့ဖို့ဆိုတာ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းလိုပဲ။ ကံတရားနဲ့လည်းဆိုင်တယ်" ဟူ၍ဖြစ်သည်။ နောက်ပိုင်း ကျွန်တော်သိရသည်မှာ သူတို့မိသားစုနှင့်သွားတွေ့ပြီး ဟာတီနာ တစ်လလောက်ဖျားသွားကြောင်းဖြစ်သည်။

ကျွန်တော်တို့လက်ထပ်ပွဲကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ဆိုလို၌ ကျင်းပခဲ့သည်။ ထိုစဉ်က ကျွန်တော့်အသက်မှာ ၂၆ နှစ်၊ ကျွန်တော့်ကြင်ယာဟာ တီနာကတော့ ကျွန်တော့်ထက် ၂ နှစ်ငယ်သည်။

လက်ထပ်သည့်နေ့တွင် ကျွန်တော်က တာဝန်ထမ်းရာ ယိုဂျာမှ ဆိုလိုသို့ ရုံးကားဟောင်းလေးတစ်စီးဖြင့် လာရသည်။ လက်ထပ်ပွဲအတွက် ဝတ်စုံကိုဝတ်ထားသည့်ဆိုသော်လည်း ရှားပါးသည့် ထိုအချိန်ကာလတွင် အကောင်းဆုံးကို ရှာဖွေဝတ်လာရခြင်းဖြစ်သည်။ ရိုးရာ Kris ဓားမြှောင်ကို ခါးပတ်ဖြင့် နောက်ကျောတွင် ထိုးလာခဲ့ရသဖြင့် ကားစီးလာရာတွင် အတော်လေး သတိထားရသည်။ ဆူလာဒီက ကျွန်တော့်ကို တစ်လမ်းလုံးနောက်ပြောင်လာသည်။

ကျွန်တော်တို့လက်ထပ်ပွဲကို ဟာတီနာ၏မိသားစုများနှင့် မိတ်ဆွေများရှေ့မှောက်တွင် အသိသက်သေပြုကာ နေ့ခင်းပိုင်းတွင် ကျင်းပခဲ့ကြသည်။ ဟာတီနာ၏ ဖခင်ဖြစ်သူ ပါ့ခ်ဆူမိုဟာဂျိုမိုသည် ဤမြို့တွင် လူသိများပြီး ထင်ရှားသူတစ်ဦးဖြစ်သဖြင့် လူအတော်လေးများသည့် လက်ထပ်ပွဲလည်းဖြစ်သည်။ ကျွန်တော့်ဘေးတွင်တော့ ဆူလာဒီနှင့် သူ့ညီသာရှိသည်။

ကျွန်တော့်ဘဝအတွက် အမှတ်ရစရာ ထိုနေ့မျိုးတွင် ဓာတ်ပုံတစ်ပုံမျှ မရှိခဲ့

www.foreverspace.com.mm





သောကြောင့် အတော်လေး စိတ်ထိခိုက်ဝမ်းနည်းခဲ့ရသည်။ ထိုကာလသည် အရေးပေါ်ကာလဖြစ်နေသည်မဟုတ်ပါလား။ ညပိုင်းတွင် ဖယောင်းတိုင်မီးတွေထွန်းကာ ပါတီပွဲကျင်းပကြသည်။ ဆိုလိုမြို့ကို ဒတ်ချ်တို့က လေကြောင်းမှ ပြန်တိုက်ခိုက်ရန် ပြင်ဆင်နေသဖြင့် နေဝင်မီးငြိမ်းအမိန့် ထုတ်ထားရသည်။

လက်ထပ်ပြီးသုံးရက်ကြာမှ ကျွန်တော့်သတို့သမီးကို ယိုဂျာသို့ ပြန်ခေါ်လာနိုင်သည်။ ကျွန်တော်က စစ်ရေးတာဝန်များကို ပြန်လည်ထမ်းဆောင်ရပြီး ဟာတီနာမှာ တပ်ရင်းမှူးကတော်တာဝန်ကို စတင်ထမ်းဆောင်ရတော့သည်။ သူမအတွက် လောကသစ်ဖြစ်နေသော်လည်း ကြက်ခြေနီတပ်ဖွဲ့တွင် ပါဝင်လှုပ်ရှားခဲ့ဖူးသဖြင့် စစ်တပ်နှင့်တော့ သိပ်မစိမ်းဟု ဆိုရမည်။

အခြေအနေကြောင့် ကျွန်တော်တို့လက်ထပ်ပွဲသည် ယနေ့ခေတ်လူငယ်များခံစားနေသည့် လွမ်းမောဖွယ်ရာအနေအထားသို့မရောက်ခဲ့ပေ။ ဂျာဗားကျွန်းသားတွေပြောလေ့ရှိသည့် စကားတစ်ခွန်းမှာ "အချစ်သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်ခြင်း" သာ ဖြစ်သည်။

ကျွန်တော်သည် အိမ်ထောင်ကို ဦးစီးဦးဆောင်ရမည့် အိမ်ဦးနတ်ဖြစ်လာပြီ။ ကျွန်တော်တို့ ကလေးတွေမွေးမည်။ အိမ်ထောင်မှုပြုခြင်းသည် ဘဝနှစ်ခုဖြင့် ငြိမ်းချမ်းစွာတည်ဆောက်လို၍ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှုတည်ဆောက်ကြရန်သာလိုသည်။ တစ်ဦးအပေါ်တစ်ဦး နားလည်မှုမတည်ဆောက်နိုင်လျှင် အိမ်ထောင်ရေးသာယာနိုင်တော့မည်မဟုတ်။ အိမ်ထောင်ရေးသုခဆိုသည်မှာ လင်နှင့်မယား နှစ်ဦးသား ခံစားရန်သက်သက်မဟုတ်။ ကလေးတွေကိုပါ မျှဝေပေးနိုင်ရန် ဖြစ်သည်။ ကလေးရ မရဆိုသည်ကတော့ အရှင်၏အလိုတော်အတိုင်းသာဖြစ်သည်။

လင်နှင့်မယားလျှာနှင့်သွား ဆိုသည့်စကားလည်းရှိသည်။ ရန်ဖြစ်ခြင်းသည် လင်နှင့်မယားကြားတွင် မထူးဆန်းဟုဆိုစေ အိမ်ထောင်ရေးပြိုကွဲရန်တော့ မဖြစ်သင့်ပေ။ ပြဿနာဖြစ်လာလျှင် အမှားကိုမြင် အမှန်ပြင်ကြခြင်းဖြင့်သာ အိမ်ထောင်ကိုမပြိုကွဲအောင်ထိန်းသိမ်းနိုင်ပေလိမ့်မည်။

ကျွန်တော်တို့ အိမ်ထောင်ရေးဘဝတစ်လျှောက်လုံး ထိုမူကိုလက်ကိုင်ထားပြီးနေကြသည်။ ကံကောင်းထောက်မစွာဖြင့် သားသမီး ခြောက်ဦးထွန်းကားခဲ့သည်။ ယောကျာ်းလေး သုံးယောက်၊ မိန်းကလေး သုံးယောက်ဖြစ်သည်။

**တင်ညွန့်**

Ref : Soeharto, My Thoughts, Words and Deeds (An Autobiography)

www.foreverspace.com.mm

ယခင်လမှအဆက်



Dhirajlal Ambani

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက်

## ၂၉

ဦးလှဝင်း (လေသူရဲတစ်ဦး)

အဲဒီလို နှစ်တိုတိုအချိန်လေးအတွင်းမှာ ဒီရပ်ဟေး သူဌေးကြီးဖြစ်ခဲ့တာ လွယ်လွယ်နဲ့တော့ ဖြစ်ခဲ့တာမဟုတ်ဘူးခင်ဗျာ။

သူ့ကို စီးပွားရေးနဲ့ပတ်သက်ပြီး တိုက်တာ၊ ထိုးတာ၊ ပါးပါးလှီးတာတွေကို အမျိုးမျိုးကြုံကြုံခံပြီး နောက်ဆုံး သူဌေးကြီးဘဝကိုရောက်အောင် သူလုပ်နိုင်ခဲ့တာခင်ဗျာ။

သာဓကတစ်ခုကို တင်ပြပါမယ်။

၁၉၈၂ ခုနှစ်အတွင်းမှာ ဒီရပ်ဟေးက သူ့ကုမ္ပဏီရဲ့ အစုဝင်လက်မှတ် အဲ . . debentures တွေနဲ့ ပတ်သက်ပြီးတော့ အပြောင်းအလဲလေးတစ်ခု လုပ်လိုက်ပါတယ်။ သူ့ရဲ့ ရည်ရွယ်ချက်ကတော့ သူ့ကုမ္ပဏီကြီးရဲ့ ရှယ်ယာတွေ အိန္ဒိယစတော့ဈေးကွက်မှာ ပိုပြီးတော့ တည်ငြိမ်မှုရှိအောင် လုပ်လိုက်တာပါ။

ရောင်းခွင့်၊ ဝယ်ခွင့်နဲ့ပတ်သက်ပြီး ပိုပြီးတော့ ချောမွေ့အောင် လုပ်တာပါ။ အင်္ဂလိပ်ဘာသာနဲ့တော့ Partly Convertable debentures တွေဖြစ်အောင် လုပ်တာပါ။

ဒီလိုလုပ်တာနဲ့ပတ်သက်ပြီး အိန္ဒိယစတော့ဈေးကွက်မှာ ကောလာဟလသတင်းတွေ အမျိုးမျိုးထွက်လာတယ်။

ဒီရပ်ဟေးရဲ့ Reliance Industries ကြီးမှာ လူမသိတဲ့ပြဿနာတွေ ဘာတွေရှိနေလဲ။ ဒီရပ်ဟေးရဲ့ ကုမ္ပဏီရှယ်ယာတွေ ဈေးပြိုကျတော့မှာလား။ စတော့ဈေးကွက်ကုန်သည်တွေကြားမှာ အမျိုးမျိုးစဉ်းစားချင်စရာမေးခွန်းတွေ တစ်ခုပြီးတစ်ခု ပေါ်လာတယ်။

အဲဒီအချိန်မျိုးက ဒီရပ်ဟေးကို ပြိုင်ချင်နေကြတဲ့ စီးပွားပြိုင်တွေအတွက်ကတော့ အခွင့်အရေးပေါ့ခင်ဗျာ။

ကိုလ်ကတ္တား (Calcutta) မြို့ကို အခြေစိုက်ပြီး တည်ထောင်ထားတဲ့ Bear Cartel ဆိုတဲ့ စတော့ပွဲစား stock brokers အုပ်စုကစပြီး ဒီရပ်ဟေးကုမ္ပဏီရဲ့ ရှယ်ယာတွေကို ပေါက်ဈေးအောက်မှာ စထုတ်ရောင်းတယ်။

ဈေးက မလှုပ်ဘူး။

ဒီရပ်ဟေးရဲ့ကုမ္ပဏီကို ကျောထောက်နောက်ခံပြုတဲ့ စတော့ပွဲစားအုပ်စုက ထုတ်ရောင်းသမျှ စတော့တွေကို အကုန်ပြန်ဝယ်တယ်။ Bear Cartel ပွဲစားအုပ်စုက ငွေလုံးငွေရင်းအများကြီးသုံးပြီး ဒီရပ်ဟေးရဲ့ရှယ်ယာတွေကို ဆက်ပြီး ထုတ်ရောင်းတယ်။

သူတို့ရဲ့စိတ်ထဲမှာ ငွေပမာဏအများကြီးသုံးပြီး စတော့တွေ၊ ရှယ်ယာတွေကို ဈေးချပြီးရောင်းရင် ဘယ်စတော့ဈေးမှ မခံ

www.foreverspace.com.mm





Reliance Industries of india

နိုင်ဘူး။ ပြုတ်ကိုပြုတ်ကျရမယ်လို့ ယုံကြည်တယ်။

ဒါပေမဲ့ ပြဿနာက သူတို့ထုတ်ရောင်းရသမျှကို ပေါက်ဈေးနဲ့ ပြန်ဝယ်မယ့် ပွဲစားအုပ်စုက ရှိနေတယ်။

အဲဒီပွဲစားတွေက ဘယ်သူလဲ။

ဒီရပ်ဟေးကျောထောက်နောက်ခံပေးထားတဲ့လူတွေပေါ့ခင်ဗျာ။

ဒီလိုအားပြိုင်ပွဲမျိုးက ကမ္ဘာ့စတော့ဈေးကွက်တွေမှာ မကြာခဏရှိတတ်ပါတယ်။

လောင်းကစားမှုတစ်မျိုးပါပဲ။

ငွေမလိုက်နိုင်တဲ့ဘက်က လူတွေက အရှုံးပေါ့။

ဒီရပ်ဟေးက ဘယ်သူမှ မမျှော်မှန်းထားတဲ့ငွေပမာဏနဲ့ သူ့စတော့ပွဲစားအုပ်စုကို ငွေထုတ်ပေးတယ်။

ချရောင်းသမျှကိုအကုန်ဝယ်ပစ်တယ်။ နောက်ဆုံး အိန္ဒိယနိုင်ငံရဲ့ ဗဟိုစီးပွားရေးမြို့တော် ဘုံဘေမြို့ စတော့ဈေးကွက်ကို ရောက်သွားတယ်။

ဘုံဘေမြို့ စတော့ဈေးကွက် (Bombay Stock Exchange) မှာ ဒီလိုပြဿနာမျိုးဖြစ်လာရင် နောက်ဆုံးဖြေရှင်းကြတဲ့ နည်းစနစ်က 'Badla' Trading System လို့ခေါ်တယ်။

ကုလားစတော့ဈေးကွက်မှာ ကျင့်သုံးကြတဲ့စနစ်ပါ။

စတော့ဈေးကွက်ထဲမှာ ရက်တစ်ခုကို သတ်မှတ်ပြီး ငွေမလိုက်နိုင်တဲ့ဘက်က အရှုံးပေးရတဲ့စနစ်ပေါ့။

နောက်ဆုံးသတ်မှတ်တဲ့နေ့ ... အဲ... on the day of settlement မှာ ဒီရပ်ဟေးစတော့ပွဲစားအုပ်စု ပြန်ဝယ်နေတဲ့ဈေးက ရှယ်ယာတစ်ခုကို ကုလားငွေ အဲ... ရူပီးငွေ ၁၅၂ ရှိတယ်။

အရှုံးပေးရတဲ့ဘက်က ဒဏ်ဆောင်ငွေအဖြစ် လျော်ရတယ်။ ကုလားတွေက အဲဒီလိုလျော်ရတဲ့ငွေကို Unbadla လို့ခေါ်တယ်။ ရိုးရိုးအင်္ဂလိပ်စကားနဲ့တော့ a panalty sum ပေါ့။

ဒီရပ်ဟေးရဲ့ စတော့ပွဲစားအုပ်စုက အဲဒီဒဏ်ငွေကို တစ်ရှယ်ယာအပေါ်မှာ ၃၅ ရူပီး တောင်းတယ်ခင်ဗျာ။

ဒီရပ်ဟေးရဲ့ စတော့နဲ့ ရှယ်ယာဈေးကို ပျက်အောင်ကစားကြတဲ့ ပွဲစားသူဌေးကြီးတွေ အကြီးအကျယ်ခံလိုက်ကြရတာပေါ့။

ဒီရပ်ဟေးရဲ့ စတော့ဈေးကတော့ ရှယ်ယာတစ်ခုရဲ့တန်ဖိုးက ၁၅၂ ရူပီးကနေ ၁၈၀ ရူပီးကို ခုန်တက်သွားတယ်တဲ့ခင်ဗျာ။

ဒီစတော့ဈေးကွက်အားပြိုင်ပွဲက အိန္ဒိယစတော့ဈေးကွက်သမိုင်းမှာ မကြုံမတွေ့ဖူးခဲ့ကြတဲ့ အားပြိုင်မှုခင်ဗျာ။

ဒီရပ်ဟေးဘက်ကသာ ငွေမချပေးရင်၊ ငွေမထုတ်ပေးနိုင်ရင် သူ အကြီးအကျယ် ခံရလိမ့်မယ်ခင်ဗျာ။

သူ အဲဒီလို အားပြိုင်ဖို့ ငွေတွေ အမြောက်အမြားကို ဘယ်ကရခဲ့တာလဲ။

ဘုံဘေစတော့ဈေးကွက်တစ်ခုလုံးက သူဌေးတွေ သူ့ကို လန့်ကုန်ကြပြီ။

စတော့တို့၊ ရှယ်ယာတို့အရောင်းအဝယ်လုပ်ကြတယ်ဆိုတာက မြန်မာနိုင်ငံ ရွှေဘုံသာလမ်းမှာ ရွှေကို ပတ်ကားရိုက်ကြသလိုပါပဲ။

ရွှေမပေးချင်လည်းရတယ်။ သတ်မှတ်ထားတဲ့နေ့မှာ ကွာခြားသွားတဲ့ဈေး အဲ ... တက်ရင် ဘယ်လောက်တက်သွားတဲ့အတွက် ဘယ်လောက်အမြတ်ယူ၊ အဲ... ဈေးကျသွားရင်တော့ ဘယ်လောက်ဈေးပြုတ်ကျသွားတဲ့အတွက် ရှုံးငွေဘယ်လောက်ပေး။

အဲ . . . ရွှေအပ်ပါဆိုရင်တော့ ဝယ်သူကလည်း ပတ်ကားရိုက်ထားတဲ့နေ့က သတ်မှတ်ဈေးနဲ့ ရွှေဖိုးချေ၊ ရောင်းမယ်ဆိုတဲ့လူကလည်း အဲဒီနေ့ဈေးနဲ့ ရွှေလာဝယ်ပြီး ရွှေအပ်ပေါ့။

ဒီရပ်ဟေးကုမ္ပဏီရဲ့ ရှယ်ယာတွေကို စတော့ပွဲစားတွေ ရောင်းခဲ့ကြတာလည်း ဒီအတိုင်းပါပဲ။ ပါးစပ်နဲ့ဝယ်၊ ပါးစပ်နဲ့ ရောင်းခဲ့ကြတာ။ အဲ . . . ပစ္စည်းအပ်ရမယ့်နေ့ The Day of Settlement ကျတော့ တကယ့်ရှယ်ယာတွေကို ဝယ်သူကို ရောင်းသူပွဲစားက အပ်ရပြီခင်ဗျာ။

ဘုံဘေစတော့ဈေးကွက်ကို သုံးရက်ပိတ်လိုက်ရတယ်။

ဈေးကစားတဲ့ပွဲစားတွေက အဲဒီသုံးရက်အတွင်းမှာ သူတို့ပါးစပ်နဲ့ ရောင်းထား

www.foreverspace.com.mm

တဲ့ ရှယ်ယာတွေကို ဈေးကွက်မှာ လိုက်ရှာဝယ်ပေးရတယ်။ သူတို့လိုက်ဝယ်ရတဲ့ ရှယ်ယာဈေးက ရှယ်ယာတစ်ခုကို အဲဒီနေ့ပေါက်ဈေးထက် နှစ်ရူပီးပိုပေးပြီး ဝယ်ကြရတယ်။

ရှယ်ယာတွေ အများကြီး သုံးရက်အတွင်း ဘယ်လိုဝယ်လို့ရနိုင်မှာလဲ။

ရတယ်ခင်ဗျာ။

အဓိကထုတ်ရောင်းပေးခဲ့တာကတော့ သူဌေးကြီး ဒီရပ်ဟေးပါပဲ။ သူက ပိုချမ်းသာပြီးရင်း ချမ်းသာသွားခဲ့တာပေါ့ခင်ဗျာ။

တကယ်တော့ စတော့ပွဲစားတွေ စတော့ဈေးကစားကြတယ်ဆိုတာ အုပ်စုလိုက် ကစားကြတာပါ။ တစ်ဦးတည်း မကစားရဲပါဘူး။ အဲ ... အုပ်စုလိုက်ကစားကြတဲ့ဆီမှာတောင် မိတ်ဖက်အုပ်စုတွေရှိကြရသေးတယ်။ ကိုယ့်အုပ်စုတစ်ခုတည်း မနိုင်တော့ဘူးဆိုရင် မိတ်ဖက်အုပ်စုတွေကို အကူခေါ်ပြီး ဆက်ကစားကြရတာ။ ဒီရပ်ဟေးရဲ့ စတော့တွေကို ဈေးကစားခဲ့ကြတဲ့ ပွဲစားအုပ်စုက ကိုလ်ကတ္တားမြို့က အင်္ဂလိပ်ဘာသာနဲ့ Bear Cartel လို့ခေါ်တဲ့ အုပ်စုခင်ဗျား။

အလွန်ငွေအားကောင်းတဲ့အုပ်စု။

ဒီအုပ်စုကို ဒီရပ်ဟေး ကြံ့ကြံ့မခံနိုင်ဘူးဆိုတာ အိန္ဒိယစီးပွားရေးလောကတစ်ခုလုံးသိတယ်။

ဒါပေမဲ့ လက်တွေ့စစ်ပွဲဆင်နွှဲတဲ့အခါ ဒီရပ်ဟေးမှာ ဘယ်သူမှ မထင်မှတ်ထားတဲ့ အရန်ငွေတွေ အများကြီးရှိနေတယ်ခင်ဗျာ။ သူ့ရဲ့ဘဏ်ငွေစာရင်းထဲကို အိန္ဒိယနိုင်ငံအနှံ့က လိုနေသမျှငွေတွေ ရေစီးသလိုတိုးတိုးဝင်လာတယ်။ ပြည်ပကဝင်လာတဲ့ငွေတွေဖြစ်ရမယ်ဆိုတာလည်း စီးပွားရေးသမားတိုင်း ခန့်မှန်းလို့ရကြပါတယ်။

ဒါပေမဲ့ ငွေလွှဲငွေပို့နည်းစနစ်တွေအကုန်လုံးက အိန္ဒိယငွေကြေးဥပဒေနဲ့ ဆန့်ကျင်နေတာတွေ တစ်ခုမှမရှိတော့ ဘယ်လိုမှတားဆီးလို့လည်း မရနိုင်ခဲ့ကြဘူး။

မှန်တယ်ခင်ဗျာ။

သူဌေးကြီးဒီရပ်ဟေးမှာ သူပြဿနာပေါ်ရင် အားထားလို့၊ အားကိုးလို့ရတဲ့ မိတ်ဆွေသူဌေးကြီးတွေရှိတယ်။

ပြည်တွင်းမှာလည်းရှိတယ်။

ပြည်ပမှာလည်းရှိတယ်။

Reserve Bank of India



www.foreverspace.com.mm



အဲဒီလိုအားထားရတဲ့မိတ်ကောင်းဆွေကောင်းတွေရှိတာဟာလည်း ဒီရပ်ဟေး ချမ်းသာခဲ့ရတဲ့လျှို့ဝှက်ချက်တစ်ခုပဲခင်ဗျာ။

အိန္ဒိယသတင်းစာကြီးတွေရဲ့ ခန့်မှန်းချက်အရ ပြည်ပမှာနေကြတဲ့ ကုလားသူဌေးအုပ်စုက ၁၉၈၂ ခုနှစ်နဲ့ ၁၉၈၃ ခုနှစ်အတွင်း ဒီရပ်ဟေးကုမ္ပဏီမှာ အစုငွေဝင်ကြတာ ရူပီးငွေ ၂၂ ကုဋေရှိတယ်လို့ ဆိုပါတယ်။ တချို့ကလည်း အဲဒီအုပ်စုက ကုလားတွေမဟုတ်နိုင်ဘူး။ အရှေ့အလယ်ပိုင်းက အာရပ်ရေနံသူဌေးတွေ ဖြစ်နိုင်တယ်လို့ ပြောကြပါတယ်။ ဖြစ်တော့လည်း ဖြစ်နိုင်တယ်။ ဒီရပ်ဟေးက အရှေ့အလယ်ပိုင်းဒေသမှာ ဓာတ်ဆီဆိုင်မန်နေဂျာ သွားလုပ်ဖူးတယ်မဟုတ်လား။

အမှန်ကိုတော့ ဘယ်သူမှ မသိပါဘူး။

ဒီရပ်ဟေးက လျှို့ဝှက်ရမယ့်ကိစ္စကို ဘယ်သူမှမသိအောင် လျှို့ဝှက်နိုင်စွမ်းရှိပါတယ်။

အလွန်နှုတ်လုံပါတယ်။

ဒါကြောင့်လည်း နိုင်ငံရေးသမား သူ့မိတ်ဆွေတွေကလည်း သူ့ကိုကူရဲကြတာပေါ့။

ဒါပေမဲ့ ဒီရပ်ဟေး အိန္ဒိယစတော့ဈေးကွက်မှာ အနိုင်ရလိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ပေါ်လာတဲ့ပြဿနာတွေက အိန္ဒိယလွှတ်တော်အစည်းအဝေးကို ရောက်သွားတဲ့အထိပါပဲ။

လွှတ်တော်က အိန္ဒိယပင်မဘဏ် (Reserve Bank of India) ကို ဒီရပ်ဟေးကို အထောက်အကူပေးခဲ့တဲ့ ငွေရှင်တွေရဲ့ ဘဏ်ငွေစာရင်းတွေကို စစ်ဆေးခိုင်းတယ်။

ငွေအများစုက Crocodile ကုမ္ပဏီ၊ နောက် Lota၊ နောက် Fiaso ကုမ္ပဏီကြီးတွေရဲ့ ငွေစာရင်းကိုဖြတ်ပြီး ဝင်လာတဲ့ငွေတွေ။ ဒီကုမ္ပဏီကြီးတွေက Isle of Man မှာ မှတ်ပုံတင် အဲ... Registered လုပ်ထားတဲ့ ကုမ္ပဏီကြီးတွေ။ သူတို့ရဲ့ ဘဏ်ဝင်ငွေ၊ ထွက်ငွေစာရင်းတွေမှာ ဘာအမှားမှ ရှာမတွေ့ခဲ့ဘူး။

**တကယ်တော့ စတော့ပွဲစားတွေ စတော့ဈေးကစားကြတယ်ဆိုတာ အုပ်စုလိုက် ကစားကြတာပါ။ တစ်ဦးတည်း မကစားရဲပါဘူး။ အဲ... အုပ်စုလိုက် ကစားကြတဲ့ဆီမှာတောင် မိတ်ဖက်အုပ်စုတွေ ရှိကြရသေးတယ်။ ကိုယ့်အုပ်စု တစ်ခုတည်း မနိုင်တော့ဘူးဆိုရင် မိတ်ဖက်အုပ်စုတွေကို အကူခေါ်ပြီး ဆက်ကစားကြရတာ။**

အံ့သြစရာဖြစ်နေတာက ဒီကုမ္ပဏီကြီးတွေအားလုံးနီးပါးရဲ့ပိုင်ရှင်တွေ အဓိကအစုရှယ်ယာဝင်ကြီးတွေရဲ့ မျိုးရိုးအမည် (Surname) တွေက ဆင်တူဖြစ်နေတယ်။ Shah အမည် ဖြစ်နေတယ်။

အာရပ်သူဌေးကြီး မိသားစုတစ်ခုတည်းက ဒီရပ်ဟေးကို ကျောထောက်နောက်ခံပေးခဲ့တာလား။


စဉ်းစားစရာတွေပေါ့ခင်ဗျာ။

ဒီပြဿနာတွေက လွယ်လွယ်နဲ့ ပြီးသွားခဲ့တာတွေ မဟုတ်ပါဘူး။ အဲဒီအချိန်က အိန္ဒိယအစိုးရရဲ့ ဘဏ္ဍာရေးဝန်ကြီး Pranab Mukherjee ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းခဲ့ရပါတယ်။

သူဌေးကြီး ဒီရပ်ဟေးကလည်း အလွန်ပါးနပ်တဲ့လူခင်ဗျာ။

သူ့ Reliance ကုမ္ပဏီကြီးရဲ့ ငွေရင်းငွေနှီးတွေကို သူနာမည်ကြီးတဲ့ အထည်လုပ်ငန်း (Textiles) တစ်ခုတည်းမှာ မြှုပ်ထားတာ မဟုတ်ဘူး။

ရေနံနဲ့ရေနံထွက်ပစ္စည်း (Petro-chemicals)၊ တယ်လီဖုန်းနဲ့ဆက်သွယ် ရေး (Telecommunications)၊ စွမ်းအင်နဲ့ ဓာတ်



အား (Energy and Power)၊ လမ်းတံတားနဲ့မိလ္လာ စတဲ့နိုင်ငံရဲ့ အခြေခံအဆောက်အအုံလုပ်ငန်း (Infrastructure Services) တွေ၊ နောက် ငွေရင်းဈေးကွက် (Capital Market)၊ နောက် (Logistices) လို့ခေါ်တဲ့ ထောက်ပံ့ရေးနှင့်ဝန်ဆောင်မှုလုပ်ငန်းတွေမှာခွဲပြီး ဖြန့်ပြီးမြှုပ်နှံထားပါတယ်။

တစ်နည်းအားဖြင့်တော့ သူ့ကုမ္ပဏီကို လုပ်ငန်းတစ်ခုပျက်စီးသွားလည်း ကျန်လုပ်ငန်းတွေနဲ့ဆက်ပြီး ရပ်တည်နိုင်အောင် ပါးနပ်စွာစီမံထားတယ်လို့ ဆိုပါတော့။

ကမ္ဘာကျော် ဘီဘီစီ(BBC) သတင်းဌာနကြီးရဲ့အဆိုအရ ကုလားသူဌေးကြီး ဒီရပ်ဟေးကုမ္ပဏီရဲ့ ငွေလည်ပတ်မှုဟာ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိ ရှိပါတယ်။

သူ့ကုမ္ပဏီရဲ့ အဓိကအလုပ်သမားဦးရေ (Strong Workforce) ၈၅,၀၀၀ ကျော်ရှိပါတယ်။

အဲဒီလောက်တောင်ချမ်းသာနေ၊ အားကောင်းနေတော့လည်း အိန္ဒိယစီးပွားရေးလောကမှာ သူ့ကိုပြိုင်ချင်သူ၊ မနာလိုသူတွေ အလွန်များပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း (လေသူရဲတစ်ဦး)**